ပုဂံစာအုပ်

# ငွေပန်းတစ်ထောင်

[ပထမတွဲ]

ဆင်ဖြူကျွန်းအောင်သိန်း



ပုဂံစာအုပ် အမှတ် ၂၇၂

# နေမင်းတစ်တောင်

(ပထမတွဲ)

ဆင်ဖြူကျွန်းအောင်သိန်း

ပုဂံစာအုပ်တိုက်

နေပင်းတစ်ထောင် (ပထမတွဲ)

စာမူခွင့်ပြုချက်အမှတ်

၅၀၀၀၆၃၀၅၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၁၂၀၀၅၀၂

◆

ပုံနှိပ်ခြင်း

ပထမအကြိမ် (မတ်၊ ၂၀၀၅)

◆

အုပ်ရေ

၁၀၀၀

◆

မျက်နှာဖုံးပန်းချီ

ဝသုန်

◆

အတွင်းဖလင်ခွဲ

ဦးထွန်းဆိုင်

◆


အဖုံးဖလင်ခွဲ

Sunn Scangraphics

◆

ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေ ရောင်စုံပုံနှိပ်တိုက်၊ အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး ဒေါ်ခိုင်ခိုင်ဦး (ယာယီ ၈၇၉)၊ ပုဂံစာအုပ်တိုက်၊ အမှတ် ၈၀၉ (A)၊ ဓမ္မာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ (ဖုန်း- ၇၂၁၁၂၄) မှ ထုတ်ဝေ ဖြန့်ချိသည်။

# စာရေးသူ



စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းကို မကွေးတိုင်း၊ ဆင်ဖြူကျွန်း မြို့နယ်၊ ယမ်းဖိုကုန်းရွာတွင် အဖ ယာသမားကြီး ဦးရွှေစံနှင့် အမိဒေါ်ငွေစင် တို့မှ ၁၉၂၈ နိုဝင်ဘာ ၁၀ တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းလေးယောက်တွင် စတုတ္ထဖြစ်ပြီး အမည်ရင်းမှာ ဦးကြည်အေး ဖြစ်သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီက ဆင်ဖြူကျွန်း ဒိစတြိတ်ကောင်စီ အထောက်ပံ့ခံ မူလတန်းကျောင်းနှင့် ဆင်ဖြူကျွန်းဦးဖိုးသိန်း အလယ်တန်း ကျောင်းတို့တွင် မူလတန်းနှင့် အလယ်တန်းပညာများ သင်ခဲ့၏။ ဒုတိယ ကမ္ဘာစစ်အတွင်းက ဆင်ဖြူကျွန်းဆရာနွယ် အထက်တန်းကျောင်းတွင် အထက်တန်းပညာသင်ခဲ့သည်။ ၁၉၅၅တွင် ဝွတ္တလစ်ကျောင်းသားဂုဏ်ရည် အလွတ်ပညာသင်ကျောင်း၌ ဆက်လက်ပညာသင်ယူခဲ့ရာ ၁၉၅၇ တွင်

ပုဂံစာအုပ်တိုက်

တက္ကသိုလ်ဝင် စာမေးပွဲအောင်ခဲ့သည်။

၁၉၅ဝ–၅၁ တွင် မြေပြင်ပစ် အမြောက်ကြီးတပ် တပ်ရင်း ၁ ၌ တပ်သားအဖြစ် ၁၉၅၃ အထိ အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၅၇–၅၈ တွင် 'ရုပ်ရှင်ပဒေသာ' မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ၊ ၁၉၅၈–၅၉တွင် 'ရုပ်ရှင်လောက'၊ 'ယနေ့ရုပ်ရှင်'နှင့် 'နတ်သျှင်နောင်' စာစောင်တို့တွင် ဘာဝန်ခံ အယ်ဒီတာ၊ ၁၉၆၃ တွင် 'တံခွန်ဂျာနယ်' အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၆၄–၆၅ တွင် 'ကာနယ်ဇင်း' ၌ တာဝန်ခံအယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ စာရေးဆရာ စာပေကလပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ စာပေဝါသနာရှင်အဖွဲ့၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၊ စာပေလုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၅၉ မှ ၁၉၆၁ အထိ ရုပ်ရှင်ဇာတ်လမ်း မှတ်တမ်းတင်သူ၊ တွဲဖက် ဒါရိုက်တာ စသည်ဖြင့် လုပ်ကိုင်ခဲ့သည်။

၁၉၅၁တွင် 'ရွှေဇင်' ကလောင်အမည်ဖြင့် 'တိုင်းသစ်ဂျာနယ်'တွင် ကဗျာများ စတင်ရေးခဲ့သည်။ ၁၉၅၃တွင် 'ဆင်ဖြူကျွန်းအောင်သိန်း' ကလောင်အမည်ဖြင့် ကဗျာများ စရေးသည်။ ၁၉၅၃ သွေးသောက်မဂ္ဂဇင်းပါ 'စွပ်ကြယ်'သည် ဆင်ဖြူကျွန်း အောင်သိန်း၏ ပထမဆုံး ဝတ္ထုတိုဖြစ်သည်။ 'လွမ်းယမုံဦး' ၁၉၅၇ သည် သူ၏ ပထမဆုံး လုံးချင်းဝတ္ထု ဖြစ်သည်။ 'ကိုဆေးရိုး' အဓိက ဇာတ်ဆောင်ပြု ဝတ္ထုများသည် သူ၏ ထင်ရှားသော ဝတ္ထုတိုများဖြစ်၏။ ထိုဝတ္ထုတိုများကို ပေါင်း၍ 'ကိုဆေးရိုး' အတွဲ ရှစ်တွဲ ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

ဆင်ဖြူကျွန်းအောင်သိန်း ကလောင်နာမည်အပြင် အမည်ရင်း ဦးကြည်အေးဖြင့်လည်း စာအုပ်များ ရေးသားခဲ့သည်။ ဦးအောင်သိမ်းမြတ်၊

ဦးသိန်းဖေ၊ ဇင်အောင်၊ မင်္ဂလာစျင်အောင်၊ ဆီညော်ဈင်အောင်၊ စိုင်းဈင်အောင် စသည်ဖြင့် ကလောင်အမည်ခွဲ ၂၀ ကျော်ဖြင့်လည်း ဝတ္ထုတို၊ ဆောင်းပါး များ ရေးသားခဲ့သည်။

၁၉၉၀ တွင် ကိုဆေးရိုး (၄) ဖြင့် အမျိုးသားစာပေ (ဝတ္ထုတို ပေါင်းချုပ်) ဆု၊ ၁၉၉၆ တွင် ကိုဆေးရိုး (၆)ဖြင့် အမျိုးသားစာပေ (ဝတ္ထုတို ပေါင်းချုပ်)ဆုတို့ကို ရရှိခဲ့သည်။ ၁၉၉၈ တွင် အရှေ့တောင်အာရှ စာပေဆု ချီးမြှင့်ခြင်းခံရသည်။

ဆရာဆင်ဖြူကျွန်းအောင်သိန်းသည် ယခုအခါ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အရှေ့ ၇ ရပ်ကွက်တွင် နေထိုင်ရင်း စာပေများ ဆက်လက်ရေးသားလျက် ရှိသည်။

# စာရေးသူ၏ အမှာ

လွန်ခဲ့သော ၁၁ နှစ်။

၁၉၉၃ ခုနှစ် ဧပြီလအတွင်းကဖြစ်သည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အမှုဆောင်အစည်းအဝေးသို့ အမှုဆောင်မဟုတ်သော လူတစ်ယောက် ရောညပ်လျက်ပါလာသည်။ သို့သော် ထိုအစည်းအဝေးက အဖွဲ့လုပ်ငန်းဆောင်တာများကို မဆွေးနွေးဘဲ ပင်ကိုယ်ရေး မြန်မာဝတ္ထုရှည်ကြီးများအကြောင်းကို ဆွေးနွေးကြသည်။

အစည်းအဝေးသဘာပတိမှာ ကဗျာဆရာကြီး ထိလာစစ်သူ ဖြစ်သည်။

သူသည် ကမ္ဘာအရပ်ရပ်မှ ပေးအပ်သော ဘွဲ့ထူးဂုဏ်ထူးနှင့် တံဆိပ်များကို ကဗျာဆရာအဖြစ် ရရှိထားသူဖြစ်ငြား၊ ဝတ္ထုကို စိတ်ဝင်စား၏။ အထူးသဖြင့် ဝတ္ထုရှည်ကြီးများ ဖြစ်ပေသည်။

ထိုအစည်းအဝေးတွင် သူက သမိုင်းဝင်မြန်မာဝတ္ထုရှည်ကြီးများ ပေါ်ပေါက်သင့်ကြောင်း၊ ရေးသားထုတ်ဝေသင့်ကြောင်း မိန့်ကြားသည်။ မိမိမှာ ဝတ္ထုရှည်ကို စိတ်နာနေသူဖြစ်၏။ စိတ်နာပုံမှာ ဤသို့ဖြစ်၏။

ကွယ်လွန်သူ စာရေးဆရာမင်းကျော်၏ညီ မောင်ချော (မောင်ရွှေ) သည် ပုဂံစာအုပ်တိုက်ကို ၁၉၆၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ စာအုပ်တိုက်၏သက်တမ်း တစ်နှစ်ပြည့်အခမ်းအနားကျင်းပတိုင်း ဝတ္ထုရှည်ကြီး တစ်ပုဒ် ထုတ်ဝေလေ့ရှိသည်။ မင်းကျော်၏မဟာ၊ မောင်နေဝင်း၏ ရေရိုင်း မြေရိုင်းတို့မှာ ပုဂံစာအုပ်တိုက် နှစ်ပတ်လည်အထိမ်းအမှတ်ထုတ် ဝတ္ထုများ ဖြစ်သည်။

တစ်ခုသောနှစ်တွင် ပုဂံနှစ်ပတ်လည်အတွက် ဆင်ဖြူကျွန်း အောင်

သိန်း၏အလှည့်သို့ ရောက်လာသည်။ ဆင်ဖြူကျွန်းအောင်သိန်းက သူရေးမည့်ဝတ္ထုကို အမည်ပေး၏။ 'လူနှင့် သူ၏သမိုင်း' ဖြစ်၏။

ဆင်ဖြူကျွန်းအောင်သိန်းသည် ထိုအချိန်က ဗလာစာအုပ်ဖြင့် စာရေးသည်။ နေ့ ၁၀ မျက်နှာ၊ ည ၅ မျက်နှာနှုန်းဖြင့် အရက် ၂၀ ခန့် ရေးသည်။ ၂၁ ရက်မြောက်နေ့တွင် သာကေတနေအိမ်မှ ရန်ကုန်မြို့ထဲသို့ သွားနေစဉ်တွင် ရေးလက်စစာမူကြီး ပျောက်သွားလေ၏။ မှတ်ထားသော ဇာတ်လမ်းဇာတ်ကွက်များနှင့် ဇာတ်ကောင်များမှာ မပြည့်စုံ။ အသစ်ပြန်ရေးရန်ထက် စိတ်ညစ်ခြင်းကသာ ကြီးစိုးနေလေ၏။

ပျောက်သွားသောစာမူကိုတည်း ပြန်လည်ရေးရမည်လော၊အသစ်တည်း ရေးမည်လော။ ဝေခွဲ၍မရသဖြင့် ပုဂံစာအုပ်တိုက်သို့မရောက်။ ခေါင်းကို မီးတောက်နေသော မောင်ချောလိုက်လာချိန်ဝယ် ပုဂံနစ်ပတ်လည်·ကျင်းပရန် ရက်ပေါင်း ၃၀သာ လိုတော့သည်။ သူက ပြီးသလောက်ကို စာစီထားနှင့်ရန် စာမူပေးပါဟုတောင်းသည်။

ထိုအခါကျမှ ဖြစ်ကြောင်းကုန်စင်ကိုပြောပြသောအခါ မောင်ချော မျက်နှာမပျက်ပါ။ ကွယ်လွန်သူကျော်အောင်၏ 'အရေးကြီးပြီး သွေးစည်းကြစို့'မှာ ရက်ပေါင်း ၂၀ ဖြင့် ထွက်လာသော စာအုပ်ဖြစ်သည်။ ထိုစဉ်ကတည်းက ဂန္ထဝင်ဝတ္ထုရှည်ကို စိတ်နာနေခဲ့သော ဆင်ဖြူကျွန်းအောင်သိန်းသည် စိတ်မကျေပွဲနွဲလို၏။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ အလိုရှိသော မြန်မာ ဂန္ထဝင်ဝတ္ထုရှည်ကို ထုတ်ဝေမည့်သူ ရှိပါမည်လော။

ရှိပါသည်။ မပူပါနှင့်။

စာမျက်နှာ မည်မျှရေးခွင့်ရှိသနည်း။

ကြိုက်သလောက်ရေးပါ။

ဤသို့ဖြင့် ဆင်ဖြူကျွန်းအောင်သိန်းသည် 'နေမင်းတစ်ထောင်'ကို

ရေးဖြစ်၏။

စာရေးနေဆဲတွင် သုံးစွဲရန်ငွေကြေးကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က လစဉ်လတိုင်း တစ်လစာ ကြိုတင်ထုတ်ပေးသည်။ ဆင်ဖြူကျွန်းအောင်သိန်းက လကုန်တိုင်း စာမူ ၁၅ဖောင်စာပေးအပ်ရသည်။

ငွေရေးကြေးရေးအတွက် မကြောင့်ကြရ၊ စာအုပ်ဖြစ်မြောက်ရေးအတွက် မပူပန်ရ။ စာမျက်နှာ အကန့်အသတ်မရှိဟု ဆိုသောအခါ ကုန်းဘောင်မင်းဆက် ဆင္ဃမမင်း (ပုဂံမင်း) လက်ထက်မှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ရပ်စဲချိန်အထိ သမိုင်းဝင်ဝတ္ထုရှည်ကြီးကို စတင်ရေးတော့သည်။

ရှည်လျားသော သမိုင်းကြောင်းဝတ္ထုကို ရေးရာတွင် ဇာတ်ကောင်များကို တေးမှတ်ထားရုံဖြင့် မပြီးပါ။ ငုပ်နေသော ဇာတ်ကောင်တစ်ကောင် ပြန်လည်ပေါ်ပေါက်လာတိုင်း၊ သူ့အကြောင်းကို ပြန်လည်ဖတ်ရှုရသည်။ စင်စစ်မူ သည်မျှကြီးမားသော ဝတ္ထုတစ်ပုဒ် ရေးဖွဲ့ရာတွင် လက်ထောက်သုံးဦးခန့်ရှိရန်လိုအပ်၏။ ဆင်ဖြူကျွန်းအောင်သိန်းမှာသော်ကား တစ်ကိုယ်တော်သာ လုပ်ကိုင်ရရာ ဤဝတ္ထုကိုဖတ်ရှု၍ အဆင်ပြေလျှင် ကံကောင်းသောကြောင့်ဟု ကံကိုသာ ရိုးမယ်ဖွဲ့ရပေမည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ရောက်ရှိလာသော စာမူကို အလျင်အမြန်လက်နှိပ်စက်ရိုက်ပြီး စာပေစိစစ်ရေးသို့ တင်ရန်ကြိုးစားသည်။ နောက်ပိုင်းတွင်ကား ထုတ်ဝေမည့်သူ မရေမရာရှိလာသည်။ လက်နှိပ်စက်ရိုက်ရေးမှာလည်း ထထကြွကြွ မရှိတော့ချေ။

သို့တစေ ဆင်ဖြူကျွန်းအောင်သိန်းအား တော်ပါတော့ ပြောသူမရှိပါ။ မရှိသော်ငြား ဆင်ဖြူကျွန်းအောင်သိန်းက အလိုက်သိစွာဖြင့် နိဂုံးချုပ်ရန်ကြိုးစားသည်။ နိုင်ငံရေးအခြေအနေ လျင်မြန်စွာပြောင်းလဲသောအခါ နိဂုံးချုပ်ရန် တာစူနေသော ဝတ္ထုမှာ အပြောင်းအလဲများ ဖြစ်ပေါ်လာ

ရတော့သည်။

အလွန်ရက်စက်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏လှုပ်ရှားမှုကို ပြင်ဆင်ရသည်။ စိတ်ပျက်ဖွယ်ကောင်းသော ပါတီအဖွဲ့အစည်းများ အကြောင်းကိုလည်း လျှော့ပေါ့ရတော့သည်။ ဤသို့ဖြင့် ဗလာစာရွက်ဖြင့် စာမျက်နှာပေါင်း သုံးထောင်ကျော်မည်ဟု ခန့်မှန်းထားသော နေမင်းတစ်ထောင်သည် စာမျက်နှာ '၂၄၁၄' ရေးအပြီး ၂၄၊ ၅၊ ၉၄တွင် ပြီးစီးသွားပါတော့သည်။ တစ်နှစ်ကျော်ကြာညောင်းသော်ငြား ချွတ်ယွင်းချက်တွေတစ်သီကြီးထွက်မလာလျှင် ဝမ်းသာရပြီ။

ဤဝတ္ထုသည် သက်တမ်းအားဖြင့် နှစ်ပေါင်းရာကျော်သည်။ ပဒေသရာဇ် မင်းငါးဆက်ခေတ်၊ ကျွန်ခေတ်၊ စစ်အတွင်း ဖက်ဆစ်ခေတ်၊ လွတ်လပ်ရေးခေတ်၊ ပြည်တွင်းစစ်ခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တို့ကို ဖြတ်သန်းသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ထုံးဓလေ့များကို ဖော်ပြရန် ကြိုးစားသော်ငြား အောင်မြင်သည်မထင်ပေ။

အဆိုးဆုံးမှာ ပြည်တွင်းစစ်ကာလ၏ ရက်စက်မှုများကို အရှိအတိုင်း အားပါးတရ မဖော်ပြနိုင်ပေ။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအကြောင်းကို ရေးလိုက်မည်ကွဟု မောင်းတင်ထားသော်ငြား လဲနေသူကိုဖိထောင်းသူမှာ လူစွမ်းကောင်းမဟုတ်ကြောင်း အသိဝင်လာသဖြင့် မဖော်ပြရတော့ပေ။

သို့သော် အမျိုးသားစိတ် အမျိုးသားအားမာန်ကိုမူ ပေါ်အောင်ဖော်နိုင်သည်ထင်၏။ အဖေမှသား၊ သားမှမြေး၊ မြေးမှမြစ်၊ မြစ်မှတီသို့ အမျိုးသားအားမာန်ကို လက်ဆင့်ကမ်းပုံမှာ စာဖတ်သူ နားလည်ခံစားနိုင်အောင် ပေါ်သည်ထင်၏။ ထုတ်ဝေသူက တစ်ဆယ့်တစ်တွဲရှိမည်ဆိုထားရာ အတွဲပေါင်းမည်မျှအထိ အောင်မြင်မည်ကိုလည်း ကြိုတင်မခန့်မှန်းနိုင်ပေ။

ပုဂံစာအုပ်တိုက်

ရေးသားပြီးစီးခဲ့သည်မှာ ဆယ်နှစ်ကျော်ကြာပြီဖြစ်သဖြင့် မမှတ်မိတော့ပါ။ ရေးသားစဉ်က အသုံးပြုခဲ့သော မှတ်စုကို ယခုပြန်ကြည့်ငြားမမှတ်မိပါ။ သီလဝါ ကင်းခံတပ်မှ သုံးခွဲ ပုံနှင်းကြီး။ တောင်တွင်းကြီးမြို့ဝန်ရဲမင်းခေါင်ကျော်အစ ရဲဘော်ဖြူဆက်သား စံထွန်း၊ ကြာဖဲ၊ တပ်နီလက်နက်တာဝန်ခံ ရွှေသောင်းအလယ်၊ စာရေးဆရာ ရေချမ်းနီ၊ သာဂရ၊ ချမ်းသာအောင်နှင့် သွေးသောက်စုရွာမှ လှထွန်း၊ ကြင်မေတို့၏သမီး ရီရီစံစသည်ဖြင့် ဇာတ်ကောင်တစ်ရာကျော်၏ အမည်များကိုတွေ့ရသဖြင့် မှတ်မိရန် မကြိုးစားတော့ပါ။

သို့အတွက် ဤနေမင်းတစ်ထောင်သည် ဆရာမကြီး (ဒေါ်)ဒဂုန်ခင်ခင်လေး၏ ‘စာဆိုတော်’ ဝတ္ထုပြီးလျှင် အရှည်ဆုံးသော မြန်မာဝတ္ထုဟူ၍သတ်မှတ်သော် ရကောင်းရနိုင်၏။ ကဗျာဆရာကြီး ထီလာစစ်သူလိုလားသောမြန်မာဂန္ထဝင်ဝတ္ထုဖြစ်လာခြင်း ရှိမရှိကိုမူ စာဖတ်သူများကသာ အဆုံးအဖြတ် ပေးနိုင်ပါလိမ့်မည်။ ။

ဆင်ဖြူကျွန်းအောင်သိန်း

# နေမင်းထက်ထောင်

ဆင်ဖြူကျွန်းအောင်သိန်း

(ပထမတွဲ)

# အပိုင်း ၁

"အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း၊ အောင်ကြပါစေ သပြေပန်းနဲ့ ရေချမ်းကို လောင်း"

ဓားလွယ်ခုတ် အရှေ့ဘက် သုံးအိမ်ကျော်ရှိ ဖိုးလူအေးအိမ်မှ ဓာတ်စက်တေးချင်းသံဖြစ်သည်။ ဟွန်းတယောသံ လက်ဆွဲဘာဂျာသံနှင့် အောင်သပြေသည် ဘရွှေကျိုင်းအား ပြုံးမှန်းမသိ ပြုံးအောင် သွေးဆောင် လျက် ရှိသည်။

ဘရွှေကျိုင်းသည် တေးချင်းကို သဘောကျ၏။ သဘောကျသော်ငြား၊ အာရုံကိုမူ လက်ထဲရှိ တစ်စေ့အိမ် ထန်းသီးစေ့ကလေးထံမှ အလွတ် မခံနိုင်။ ရတောင့်ရခဲ ထန်းစေ့လုံးကို ဥနဲ့ရွက်ဖြင့် ပွတ်ကာ ချောသပ်နေ၏။

တေးချင်းသံသည် တစ်ကြော့ပြန်လာ၏။

"အောင်ပါစေ သပြေပန်းနဲ့ ရေချမ်းကိုလောင်း၊ အောင်ကြပါစေ

သပြေပန်းနဲ့ ရေချမ်းကိုလောင်း"

ဘရွှေကျိုင်း၏ အပြုံးပန်းသည် ပို၍ လန်းစွင့်သည်။ သူ့အာရုံထဲတွင် မြန်မာ့အသင်းချုပ် သမ္မတကြီးဦးချစ်လှိုင်အား စည်တော်ယွမ်းပြီး ကြိုဆိုသော မြင်ကွင်းပေါ်လာသည်။ ရှိခိုးဦးချသော ကုမ္ပာရီများ၊ ရိုသေကိုင်းညွတ်သော မျက်နှာများ၊ ထူထပ်သိပ်ခဲသော ပရိသတ်များ။

"ထီး.... ထီး။ ဖဲထီး ပြင်တယ် ထီးထီး"

"အမေရေ ကြောက်သယ်ဗျာ့။ ကုလားကြီး ကြောက်သယ်"

ဘရွှေကျိုင်း၏လက်ထဲမှ ထန်းသီးစေ့နှင့် ဥနဲ့ရွက်သည် အလုပ်များနေရာက ငြိမ်ကျ၏။ ဘရွှေကျိုင်း၏ ရွှင်ပျမျက်နှာလည်း မှုန်၏။ ညို့၏။

ရွာစဉ်လည်သော ထီးပြင်ကုလား၏အော်သံကို ဘရွှေကျိုင်း သည် ရက်ခြား ကြားနေကျဖြစ်၏။ သို့ပါလျက်နှင့် မျက်နှာသုန်မှုန်သွားရခြင်းကား၊ သူ့တူမ၏သားဖြစ်သော သူ့မြေး ဖိုးသူတော်၏ အော်သံကြောင့် ဖြစ်၏။

ဖိုးသူတော်သည် ငါးနှစ်ရွယ် ခေါင်းတုံးပြောင်ကလေးလေး ဖြစ်၏။ သူသည် ဖုန်မှုန့်များကိုရေဆွတ်ကာ အိမ်ဆောက်တမ်းကစားနေခဲ့၏။ ဖဲထီးကုလား အော်သံကြားသောအခါ ထပြေးရန်ဖင်ကြွ၏။ "မကြောက်နဲ့"ဟူသည့် အမေ့စကားကို ကြားယောင်သဖြင့် မထဖြစ်။ သို့သော် မကြည့်ဘဲ မနေနိုင်။

"ထီး ထီး၊ ဖဲထီးပြင်တယ် ထီး ထီး"

ဖိုးသူတော် လှမ်းကြည့်မိ၏။ ကြည့်မိသည့်ခဏတွင် အလဲလဲအကွဲကွဲဖြင့် အိမ်ပေါ်သို့ အော်ဟစ်လျက် ပြေးတက်၏။

"အမေရေ၊ ကြောက်သဗျာ ကုလားကြီး"

ဘရွှေကျိုင်းသည် လမ်းပေါ်သို့ ဒေါသတကြီးမျှော်ကြည့်၏။ ပိန်

ညှောင်ညှောင် ခေါ်တောကုလားတစ်ယောက်။ ဝါးထီးရိုးများကို ထမ်းထားသည်။ သည်အထမ်းပေါ်တွင် ဖဲထီးစုတ် အထုပ်တစ်ထုပ်ပါသည်။ ထိုအထုပ်ထဲ၌ ဖဲထီးစများနှင့် ကပ်ကြေး၊ အပ်ချည်နှင့်အပ်၊ တူ ပလာယာ .ထီးဝင်ရိုး စသည်ဖြင့် တိုလီမိုလီများပါဝင်သည်။

ထီးပြင်ကုလားသည် ဖုန်မှုန်ဖြင့်ကစားနေသော ကလေးငယ်အား ပြုံးပြပြီး ပြသလော၊ မပြချေ။ အသံဖြင့်တည်း ခြိမ်းခြောက်ငေါက်ငမ်း စသည်များပြုသလော။ ဤသို့လည်း မပြုချေ။ အော်ရိုးအော်စဉ် အော်ကာ၊ လျှောက်ရိုးလျှောက်စဉ် လျှောက်သွားခြင်းသာဖြစ်သည်။

သို့ဖြစ်လျှင် ကလေးငယ် ဖိုးသူတော်သည် သည်အသံပျက် အသံအက် ကုလားအား အဘယ်ကြောင့် ကြောက်ရွံ့ရသနည်း။

'ဟုတ်ပြီ။ ဆိတ်ရဲ့ မျက်လုံးနဲ့တူတဲ့ ဝါကျင်ကျင်ကြောင်တောင်တောင် မျက်စိကို ကြောက်တာပဲဖြစ်ရမယ်'

အကြောင်းရင်းကို ရှာဖွေ၍တွေ့ငြား၊ ဘရွှေကျိုင်း မကျေချမ်း။ 'ဒါနဲ့ပဲ ကြောက်ရရှော့သလား။ ဒါ ကြောက်စရာလား။ ငါတို့ အမျိုးထဲမှာ သူရဲဘောကြောင်တဲ့ သွေးနက်သွေးမည်း ဘာကြောင့်ရောနေရသတုန်း' ဟူသည့် ပို၍ကြီးမားသော မကျေချမ်းမှုကြောင့်၊ ဘရွှေကျိုင်း၏ မျက်နှာကြီးမှာ မှုန်ညို့ရာမှ မျက်မှောင်ကုတ်သွားလေ၏။

"ကုလားကြီး၊ ကြောက်သယ် အမေ"

"ဘာကြောက်စရာရှိသတုန်းလူလေးရဲ့။ သည်မှာ ဓား၊ ဗမာ့ဓား။ လိုက်ခုတ်ချေ"

မဖဲလှသည် ချက်ရေးပြုတ်ရေး လျှော်ဖွပ်ရေးဖြင့် အလုပ်ရှုပ်နေရာက ဓားတစ်ချောင်းကို ပစ်ပေးသည်။ ဝါးကြမ်းပေါ်သို့ ဓားကျသံကို ဘရွှေကျိုင်း ကျယ်လောင်စွာကြား၏။ လျော့ရဲရဲ ပြုံး၏။

"အမေတို့အမျိုးဟာ မကြောက်တဲ့အမျိုးကွယ့် လူလေးရဲ့။ အမေတို့

အမျိုးက ကုလားမှန်သမျှကို ဓားစာကျွေးတဲ့အမျိုး၊ ကြောက်ဖို့ဆိုတာ ဝေလာဝေး"

ထပ်ဆင့်စကားကိုကြားရချိန်တွင် ဘရွှေကျိုင်းသည် ထန်းသီးစေ့ကို ပြန်လည်ကောက်ယူ၏။ ဥနဲ့ရွက် ကြမ်းကြမ်းတစ်ရွက်ကို ထပ်ခြွေ၏။ သွားမရှိတော့သော ပါးစပ်ကြီးသည် သွားဖုံးတွေပေါ်လာသည်အထိ အားရပါးရ ပြုံး၏။

'ဟုတ်တယ်။ သည်စကားဟာ အဖေပြောနေကျစကား။ ဘာတဲ့၊ ကုလားဖြူ၊ ကုလားနက်ဟာ ကြောက်စရာမဟုတ်၊ ငါတို့ဓားကစားဖို့ ရေခြား မြေခြားက တကူးတက ရောက်လာကြတာတဲ့။ အဲဒါ အဖေ့စကား၊

ထိုခဏဝယ် ဘရွှေကျိုင်း၏ပါးပေါ်မှ အတွန့်များသည် ပြေကျ၏။ မှိန်သီ မျက်လုံးများ ကြယ်နှယ်တောက်၏။

"ဟုတ်တယ်။ ကုလားဖြူ၊ ကုလားနက်ဆိုတာ ငါတို့ ဓားကစားစရာကပဲ"

★

# ၁

လုံ့စွပ်တပ် သေနတ်ကိုင် ကုလားမည်းကို တွေ့ရသောအခါ ငမိုးကောင်း မင်တက်မိသွား၏။

ကုလားဖြူနှင့် သူ၏ နောက်လိုက်ခွေး ကုလားမည်းများကို မုချ တိုက်ရတော့မည်။ ကုလားဖြူသည် အကြောင်းမဲ့ ရန်စစော်ကားနေပြီ။ သို့ဖြစ်၍ မလွဲမသွေ တိုက်ရတော့မည်။

တပ်ချီလာကတည်းက စစ်ကဲနှင့် သွေးသောက်များ အကြပ်များ ပြောသံကို ငမိုးကောင်းကြားသည်။ မိုးကောင်းမမွေးမီ ခြောက်နှစ်ခန့်ကလည်း၊ သည်ကုလားဖြူပင် အာသံ၊ မဏိပူရဘက်၌ ရန်စပြီး စစ်ပြုခဲ့ပြီးပြီ။ မြန်မာ့မြေများ တစ်စိတ်တစ်ဒေသကို လုယူသွားပြီ။

ယခုကား ယခင်ထက်ဆိုးသည်။ တမင်သက်သက် ကလေကချေ ပါးစပ်ဖြင့် ပေါက်ပန်းစေးတွေပြောလျက် ရန်စစော်ကားလာပြန်ပြီ။

သို့ကြောင့် ချီတက်လာခဲ့ရာ လမ်းတစ်လျှောက် အံ အမြဲကြိတ်နေခဲ့သည်။ တစ်အိုးစားတည်းများဖြစ်သော ငွှေင်ရန်ညွှန့်နှင့် ပေါက်ကျိုင်း၊ ငမှင်တို့အား သွေးထိုး စကားပြောလာခဲ့သော ငမိုးကောင်း။

မနေ့တုန်းကလည်း ရန်ကုန်တစ်မြို့လုံး မီးခိုးတွေဖုံးလျက် အမြောက်သံများ ညံနေစဉ်တွင် "ကုလားသွေးတော့ သောက်ရတော့မဟေ့" ဟု ဝမ်းသာအားရပြောခဲ့သော ငမိုးကောင်း။

ယခု သူအလွန်တွေ့ချင်နေသော အမဲလိုက်ခွေးကို တွေ့သောအခါ အံ့အားကြီး သင့်နေသည်။

အထောက်အလှမ်း ကင်းသမား သည်ပုံ ငိုင်နေ၍ ရရိုးလော။

ကုလားနှင့် ငမိုးကောင်း ပြိုင်တူလှုပ်ရှားကြသည်။ ကုလား၏ လုံ့စွပ်ဦးသည် ငမိုးကောင်းထံ ပြေးဝင်သည်။ ငမိုးကောင်းလည်း ကုလားထံ ပြေးဝင်သည်။ ပွင့်သောရင်မှ ကုလားသွေးများ ငမိုးကောင်း ကိုယ်ပေါ်သို့ ပန်းထွက်၏။

သေနတ်ကိုဆွဲယူပြီး၊ ချုံထဲသို့ ငမိုးကောင်းပြေးဝင်စဉ် ကျောဘက်၌ သေနတ်ကျည်များ ဖောက်ဖောက် ရောက်လာ၏။ ချုံစပ်သို့ ရောက်လာသည့် ငွှေင်တို့ထံမှ သေနတ်သံများဖြင့် တုံ့ပြန်သည်။

မြန်မာတို့၏သေနတ်များသည် တစ်ချက်ပစ်ပြီးနောက် နောက် ထပ်တစ်ဆက်တည်း မပစ်နိုင်ကြောင်း ကုလားသိသည်။ သိသော်ငြား တောအုပ်ဘက်သို့ ကုလားတွေလိုက်မလာရဲ။ ခားရဲသော မြန်မာ့အစွမ်းကို ပန်းဝါစစ်မျက်နှာမှ ပြန်လာသော ကုလားမည်း ဒက္ခိတများက စီကာပတ်ကုံး ပြောထားပြီးဖြစ်သည်။

ငမိုးကောင်းသည် ကုလားသေနတ်ကို ကျောတွင်လွယ် သူ့သေနတ်ကို လက်တွင်ကိုင်လျက် လျှိုထဲသို့ခုန်ချသည်။ ငမှင်သည် ကျွန်းပင်ကြီးဘေး၌ သေနတ်ယမ်းထိုးပြီး အဆင့်ဖြစ်နေပြီ။ ထိုအခါတွင်မှ ကျောဘက်သို့

ငမိုးကောင်း ပြန်ကြည့်အား၏။ ရန်သူကို မတွေ့ရ။

"အမြောက်နှစ်လက်နဲ့ ကုလားသုံးရာကွ"

"နောက်ထပ် လာချင်လာဦးမှာပါ့။ သေချာအောင် စောင့်ကြည့်ဦးမလား"

"ရန်သူ သည်ဘက်က လာနေတာကို ငါတို့ခံတပ်က ကြိုပြီး စောစောသိလေ ကောင်းလေ ဖြစ်မှာပေါ့"

ငမိုးကောင်းတို့၏ ခံတပ်ကား သိမ်ဖြူခံတပ်ဖြစ်သည်။

ခံတပ်ခြေရင်းမှာ ချောင်းညီနောင်သည် အရှေ့အရပ်ရှိ ပုစွန်တောင်ဘက်သို့ စီးဆင်းနေသည်။ ယခုနှယ် တန်ခူးလမှပင် ရေမခန်းတတ်သေး။ စမ်းရေစပ်စပ် ရှိနေချေသေးသည်။ ခံတပ်အောက်ခြေဝန်းကျင်တွင် တောအုပ်များ စမ်းချောင်းလျှိုရိုးများ ဝန်းရံနေသည်။

ရန်သူသည် မင်းလမ်းထိပ်ရှိ ဘုရင်မင်းမြတ်၏ ဆိပ်ခံတံတားခံတပ်ကို ဖျက်ဆီးသော်လည်း သိမ်ကြီးသိမ်ဘုရား ခံတပ်ဘက်သို့ မတက်ပေ။ မြန်မာတို့ကမျှော်လင့်နေသည်မှာ ရန်သူသည် ဤလမ်းအတိုင်း တက်လာလိမ့်မည်။ ရွှေတိဂုံဘုရားကြီးကို ဦးတည်လျက် မြို့သစ်စစ်တန်းလျားများကို တိုက်ခိုက်လိမ့်မည် မျှော်လင့်ထား၏။ ယခုပင်လျှင် မြစ်ထဲမှလှမ်းပြီး စေတီတော်ကြီးဘက်သို့ အမြောက်ဖြင့် ပစ်ခတ်နေဆဲ ရှိသေးသည်။

ငမိုးကောင်းသည် အကြပ်ထံ အစီရင်ခံပြီးလျှင်ပြီးချင်း သူ့အိုးစားများထံ ပြေးလာ၏။

"ရောင်းရင်းတို့၊ ထမင်းချက်လို့မဖြစ်ပြီ။ ငါတို့ဘက်က ဖျက်ထားတဲ့နေရာတွေကို ကုလားတွေ တံတားထိုးပြီး၊ အမြောက်လေးလက်နဲ့ လာနေသည်တဲ့။ မသိုးထမင်းပဲ စားကြစို့"

မသိုးထမင်းမှာ ချင်းထည့်ပြီး ဝါးကျည်တောက်တွင် သိပ်ထားသောထမင်းလော်များဖြစ်သည်။ အဆာခံရုံမက အနည်းငယ်စားရုံဖြင့် အာသာ

ပြေသည်။

ခံတပ်ထဲမှ အမြောက်သံများပေါ်လာသည်။

သေနတ်သံများလည်း ခံတပ်ထဲမှသာမက ခံတပ်အပြင် တောအုပ်တောတန်းများထဲမှာပါ လွင့်ပျံ့လာသည်။ သည်သေနတ်သံများမှာ ခံတပ်ကို ကုလားဖြူ ကုလားမည်းတို့ပစ်ခတ်သော သေနတ်သံမဟုတ်။ တောအုပ်များထဲတွင် အစုကြီးအစုငယ်ခွဲလျက် ရောက်နေနှင့်သော မြန်မာတပ်များ၏ ပစ်ခတ်သံဖြစ်သည်။

သို့အတွက် ကုလားများမှာ ခံတပ်ဘက်သို့ ဖြောင့်ဖြောင့်မသွားနိုင်။ ကျားခနဲ၊ အားခနဲ ညာသံပေးလျက် ရုတ်တရက်ပေါ်လာသော မြန်မာရဲမက်များ၏ အတိုက်ခံရသည်။ ဝင်တိုက်ပြီး တောအုပ်ထဲပြန်ဝင်သွားသော မြန်မာရဲမက်များနောက်သို့ မလိုက်နိုင်။ ပြန်ပြီး ပစ်ရုံသာ ပစ်နိုင်သည်။

ကုလားများသည် တဖွဲဖွဲသေ၊ တဖွဲဖွဲအနာတရဖြစ်ပါလျက်က သိမ်ဖြူခံတပ်နှင့် ကိုက် ၇၀၀ ခန့်အကွာတွင် အမြောက်နှစ်လက်ကို ချရပ်ကာ အသေအချာပစ်ခတ်ပြီ။ ခံတပ်အဆောက်အအုံထက် သစ်တပ်ကို မဲပြီး ပစ်သည်။ လူ့ကိုယ်လုံးခန့်တုတ်သော တိုင်ကြီးတွေပြိုလဲအောင် ပစ်ရသည်မှာ လက်ဝင်လှ၏။

ငမိုးကောင်းတို့၏သွေးသောက်ကြီးသည် သစ်တပ်နံရံကို တွယ်တက်သည်။ “ရဲမက်တွေ၊ သည်ခံတပ်ကို အသက်ပေးကာကွယ်ကြ” အော်သည်။ အကြပ်ငဖားဥသည် ခတ်မောင်းကို အဆက်မပြတ်တီးလျက် ပြေးလွှား အော်ဟစ်နေသည်။

“တက်ကြ တက်ကြ၊ တက်လဟ”

သွေးသောက်ကြီးတက်ရပ်နေသော သစ်လုံးကို အမြောက်မှန်သည်။ ‘ဖျပ်’ဖြင့် ပစ်ထုတ်ခံရသော ကျောက်ခဲအလား စင်ထွက်သည်။သွေးသောက်ကြီးကိုယ်မှ သွေးများဖြာထွက်လာသော်လည်း လှုပ်မှု မလှုပ်တော့ပြီ။

ပုဂံစာအုပ်တိုက်

ရန်သူသည် သစ်လုံးခံတပ်ကို လှေကားထောင်ပြီး တက်သည်။ ထိုသူများကို မြန်မာရဲမက်များမတွန်းလှန်နိုင်စေရန် သေနတ်ဖြင့် လှမ်းပစ်ပေးကြသည်။ အမြောက်ကျည်များကလည်း ခံတပ်ခြေနှင့် ခံတပ်တွင်း၌ မကြာခဏ ကျရောက်ပေါက်ကွဲ၏။

"ပျော်စရာကြီးပါကလား ကရို့"

ငမိုးကောင်းသည် လှေကားထောင်ပြီးတက်လာသော ကုလားနက်တစ်ယောက်ကို လှေကားတစ်ဝက်ရောက်မှ လှံဖြင့်ထိုးချလိုက်သည်။ ချက်ချင်းပင် သူ့နေရာသို့ ကျည်ဆန်တွေ စုပြုံကျရောက်လာ၏။

"တက်လာပြီ ငမှင်ရေ"

သစ်တပ်ထိပ်ပေါ်သို့ မားခနဲရောက်လာသော ရန်သူသည် နီးရာလူကို လှံစွပ်ဖြင့် ထိုးသည်။ ငမှင်၏ဓားကို ရန်သူက သေနတ်ပြောင်းဖြင့် ပက်ထုတ်သည်။ သို့စဉ်တွင် ငမိုးကောင်း လှမ်းပစ်လိုက်ရသည်။

ကုလားဖြူ ကုလားမည်းများသည် သစ်တပ်အကျိုးအပေါက်များမှ ဝင်လာကြပြီ၊ မြန်မာရဲမက်များသည် အစတွင်သေနတ်ဖြင့် ပစ်ခတ်ခုခံကြား၊ အတွင်းသို့ ရန်သူ ရောက်လာချိန်တွင်မူ လုံးထွေးတိုက်ခိုက်ရတော့သည်။

ငမိုးကောင်းနှင့် ငမှင်တို့ရောက်နေသောနေရာတွင် ခံတပ်ကို မီးလောင်နေပြီ။ သစ်လုံးပေါ်မှ ငမိုးကောင်း ခုန်ချသည်။ မြေပြင်တွင်လည်း ဒဏ်ရာရသူများ၊ ကျဆုံးသူများနှင့် မီးတောက်များ အင်္ဂတေအစိုင်အခဲများ တွင်းကြီးများ အကျိုးအပဲ့များ ပြည့်နှက်နေသည်။

"ဆုတ်ကြလဟဲ့၊ ရဲမက်တွေ ဆုတ်ကြ"

မြန်မာရဲမက်များသည် ဆုတ်မိန့်မပေးလျှင် အသေခံလေ့ရှိကြ၏။ ရန်သူက အင်အားကြီးဖြင့်တက်လာပြီ၊ နီးကပ်လာပြီ၊ အမိန့်ပေးသူ ကျသွားပြီ။ ထိုရဲမက်လည်း လက်ရချုပ်ဖမ်း မခံရမချင်း၊ မသေမချင်း ဒဏ်ရာမရ

မချင်း တိုက်ခိုက်တော့၏။ သို့အတွက် အကြပ်တစ်ယောက်သည် ပြေးလွှား အော်ဟစ်နေခြင်း ဖြစ်၏။

ငမိုးကောင်းကိုယ်မှာ သွေးစေးအခြောက်တွေ ဖုံးနေသည်။ သည်ပေါ်တွင် ဖုန်များ၊ ယမ်းခိုးများ၊ ချွေးများ ထပ်မံဖုံးသောအခါ လူတစ်ယောက်နှင့် မတူတော့ပေ။ ရဲမက်အများစုမှာ ငမိုးကောင်းနှင့်နှင့် သရဲသဘက်ရုပ်ပေါက်နေကြပြီ။

ကုန်းတော်ခြေသို့ ငမိုးကောင်း ဆုတ်ခွာလာသည်။ လှေကားထစ်အနီး ချုံပုတ်ဘေးတွင် ဖုံးပျံကျသဖြင့် ပေါက်ကွဲထွက်ပေါ်လာသော တွင်းတစ်တွင်း၊ ပြန့်ကြဲနေသော အလောင်းများ။ ငမိုးကောင်း အပြေးအသော့ ကျော်လွှားသည်။ သွေးအိုင်ထဲတွင် ချော်လဲရာ အလောင်းတစ်လောင်းကို လက်ထောက်မိ၏။

"ရေ.... ရေ"

ငမိုးကောင်း လက်ထောက်တော့မှ အလောင်းကြီးလှုပ်လာသည်။

"ဟော့ကောင် ငမှင်။ အားတင်းထားဟ"

ငမိုးကောင်း၌ ရေဘူးမပါ။ သို့သော် လိမ့်လဲပြန့်ကျဲနေသော ဘူးခါးခြောက် ရေဘူးတွေရှိသည်။

ခံတပ်ပေါ်မှ အမြောက်သံများ အဆက်မပြတ်ပေါ်လာသည်။ ငမိုးကောင်းသည် ငမှင်ကို ရေတိုက်သည်။ ခြေထောက်ကို အဝတ်စည်းပေးပြီး၊ ပခုံးပေါ်တင်သည်။ ရန်သူ့အမြောက်ကျည်သည် သေမင်းအော်သံဖြင့် ကျရောက်ပေါက်ကွဲသည်။ ငမိုးကောင်းရော ငမှင်ပါ ပုံလဲသည်။

ရန်သူသည် သိမ်ဖြူခံတပ်အထက်ပိုင်းကို အဆက်မပြတ် ပစ်ခတ်နေသည်။ ခံတပ်ပေါ်မှ အမြောက်သံမှု တစ်ချက်တလေသာ ထွက်ပေါ်နိုင်တော့သည်။

ငမိုးကောင်း လူးလဲထသည်။ ဘယ်ဘက်လက် လှုပ်၍မရ။ ခါး

တစ်ဖက်လည်း သိနေပြီ။ ငမှင်ကို သူ မသယ်နိုင်ပြီ။ ခံတပ်ကုန်းပေါ်သို့ လေးဖက်ထောက်ပြီးတက်သည်။ သူ့ကိုယ်တွင် ထမင်းလှော်ကျည်တောက်နှင့် ဆန်စလွယ်၊ ဆောင်ဓားသာ ရှိတော့သည်။ ယမ်းဘူးသေနတ် ရေဘူးတို့ မရှိပြီ။

လှေကားပေါ်မှ မြေစိုင်မြေခဲများ ပြိုကျသည်။ ငမိုးကောင်းသည် မျက်စိမှိတ်လျက် အတင်းကုတ်ကတ်တက်သည်။ အပေါ်ပိုင်းကိုလည်း ရန်သူ သည် လှေကားထောင်၍ တက်နေပြီ။

"ရန်သူရောက်လာပြီဟေ့၊ ဆီးဆို့ကြ"

သေနတ်သံများနှင့် ရဲမက်တော်များ၏ ဟစ်ညာသံများမှာ နားကွဲမတတ်ပင်။ ငမိုးကောင်းသည် သေနတ်တစ်လက်တွေ့သဖြင့် ကောက်ယူကာ ယမ်းထိုးသည်။ ကာဘတ်သိပ်နေစဉ် လျှောခနဲ ဝင်လာသောကုလား။

နောက်သို့ ညာတစ်ကွက်ဆုတ်ရင်း ဓားကိုဆွဲထုတ်သည်။ ညာတစ်ကွက်ပြန်တက်ရင်း ကုလားလည်ကိုပိုင်းသည်။ ကုလား သေနတ်ဖြင့် ခံသည်။ သို့ကြောင့် စင်ရော်သုတ် ထိုးချလိုက်သည်။

"ငရွှင်၊ ငမိုးကောင်း၊ ရန်သူ"

အကြပ်မှာ အော်သံမဆုံးမီ ပုံကျသွား၏။

ရန်သူသည် ခံတပ်ပေါ်သို့ သူ့လူရောက်နေသဖြင့် အမြောက်မသုံးပြီ။ သို့ရာတွင် မြန်မာအမြောက်တစ်လက်သည် လူသေများ၊ သွေးဗွက်များ၊ မြေစိုင်မြေခဲများကြား ဖွဲကောင်းစွာ ဆက်လက်ပစ်ခတ်နေသည်။ တက်လာသော ကုလားများကို တည့်တည့်ကြီး ပစ်ချနေသည်။

သို့အတွက် ကုလားဆယ်ယောက်သည် အမြောက်ပစ်သူထံ အာရုံစိုက်သည်။ ထိုကုလားအုပ်ထဲသို့ ငမိုးကောင်း၊ ငရွှင်နှင့် ရဲမက်များ ပြေးဝင်သည်။ ငှက်ပျော်ပင်ကို ဓားထက်ထက်ဖြင့်ပိုင်းဘိသို့ တဗိုင်းဗိုင်းပစ်လဲကျဆုံးသည်။ ကုလားထံသို့ သုံးယောက်သာရောက်သည်။

ငမိုးကောင်းနှင့် ငရွှင်အပြင် အမည်မသိ အကြပ်။ စုစုပေါင်း သုံးယောက်။

သို့သော် လူတွေမဟုတ် သေမင်းတွေဖြစ်သည်။

"ကျား ဘသား ကျား"

ငမိုးကောင်း၏ ဝဲဓား ယာဓားများသည် ကုလားခေါင်းကိုလည်း ဖြတ်၏။ ကုလားသေနတ်ကိုလည်း အဖျားတိပစ်၏။

"ကျားဘသား ကျား ကျား"

ငရွှင်၏ကျောပြင်ပေါ်သို့ ဦးတည်သောလုံစွပ်သည် လမ်းတွင် ရပ်၏။ ငမိုးကောင်းသည် ထိုကုလား၏ ကျောထဲမှဓားကိုဆွဲနှုတ်ရာက ချဉ်းကပ်လာသော သေနတ်များကို ညာဓားဖြင့်ခတ်ထုတ်၏။ တစ်ပြိုင်နက် ပင် ကျောထဲမှလာသောဓားသည် ရင်ညွန့်ထဲ ပြေးဝင်၏။

"နောက်မှာ"

အသံနက်ကြီးဖြင့်အော်ရင်း ငရွှင် ခုန်ပြီးရှောင်သည်။ ကုလား သုံးယောက် အလယ်သို့ရောက်သွားသဖြင့် အလောတော်ကျ၏။ သူ့ဓား နှစ်လက် ဝှေ့ယမ်းအသုံးတော်ခံ၏။

ငမိုးကောင်းသည် ဒူးထောက်ပြီးငုံ့ရှောင်ရင်း ညာဓားဖြင့် လက်ပြန် တွက်သည်။ အကြပ်ထံသို့ပြေးဝင်သော ကုလား၏ခြေထောက်ကို ဘယ်ဓား ဖြင့် ခုတ်ချသည်။

ကုလားနက်၊ ကုလားဖြူတို့၏အသံနက်ကြီးဖြင့် ငရဲတံခါးဖွင့်သံ များ၊ မြန်မာတို့၏ ဟစ်ညာသံများသည် သိမ်တော်ခံတပ်တွင်း၌ ညံဟိန်း နေသည်။

"ဟဲ့ ဆုတ်ပါတော့လား"

ကုလားများအလယ်တွင် ငရွှင်နှင့် ငမိုးကောင်းသာကျန်သည်။ အသံလာရာသို့ ငမိုးကောင်း တစ်ချက်လှမ်းကြည့်သည်။ အုတ်တံတိုင်းဘေး

သို့ခုန်ဝင်ကာ တစ်ဖက် ချောက်ထဲသို့ခုန်ချလိုက်လေ၏။ ကြီးမားသော မီးတောက်သည် သိမ်ဖြူခံတပ်ကို ဝါးမျိုသွားလေပြီ။ ငမိုးကောင်း လှည့်မကြည့်ပါ။ လှည့်ကြည့်မိလျှင် သူ့စိတ်ကို သူထိန်းနိုင်မည်မထင်။

သူသည် စစ်ကဲကြီး သီရိနေဝ်ရထာက သွေးသောက်အချို့ကို ရှင်းပြနေသံကြားခဲ့ရသဖြင့်၊ အင်္ဂလိပ်တို့နှင့် တိုက်ခိုက်ရသော သည်စစ်ပွဲ၏ အောက်တန်းကျပုံ၊ ယုတ်မာပုံကို သိပြီးဖြစ်၏။ ဖြစ်သည့်အတွက် ရန်သူကို *မှန်းမှန်းတီးတီး တိုက်ခိုက်သည်။ ခါးခါးသီးသီး အမုန်းစိတ်ဖြင့် တိုက်ခိုက်သည်။*

ကျဆုံးသွားသော သိမ်ဖြူခံတပ်ကို ပြန်ကြည့်မိလျှင် ခံတပ်ထဲရောက်အောင် ပြန်သွားကောင်းသွားမိမည်။ သို့မဟုတ် ရန်သူကို ကုန်စင်အောင် မခုတ်ကောင်းလားဟု ကိုယ့်ကိုယ်ကို သေဒဏ်ပေးမိလိမ့်မည်။

★

## ၂

မြန်မာနှင့် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီတို့ ယခုအကြိမ်ဖြစ်ပွားရသော ဒုတိယစစ်သည် လွန်စွာအောက်တန်းကျ၍ စက်ဆုတ်ဖွယ်ကောင်းပေသည်။

မြန်မာနှစ် ၁၂၀၈ ခုနှစ် တပေါင်းလဆန်း ၁၃ ရက် စနေနေ့တွင် ပုဂံမင်းနန်းတက်တော်မူသည်။ ထိုမင်း၏ နေပြည်တော်ဖြစ်သော ရွှေမြို့တော်ဝန်နှင့် မြို့ဝန်၏ မြို့စာရေးသည် တိုင်းကားပြည်သူ လူအများနှင့် ဆန့်ကျင်၏။ မြို့ဝန်မှာ ကုလားပိပိ သူ့မယားကိုလုယက်ခြင်း၊ သူ့ သားသမီးကို ဖျက်ဆီးခြင်း၌ ရက်ရော၏။

ဘုရင်သည် ခါတိုက် ကြက်တိုက် ချိုးတည်ကြက်ထောင်ခြင်းကို ပြည်ရေးရွာမှု စီရင်ခြင်းထက် မြိန်ယှက်သည်။ ထိုအခါ ပြည်ထဲအရေးကို စားထက်သော ကျောက်ပန်းတောင်းမင်းကြီးက ခြယ်လှယ်သည်။ ထိုမင်းကြီး၏ လက်ရင်းတပည့်မြို့ဝန် ဘိုင်ဆတ်၊ မြို့စာရေး မောင်ပိန်တို့

လည်း မိုးကောင်းသည်။

ထိုသူတို့၏မတရားမှုသည် နေပြည်တော်တွင် မတန့်ရပ်၊ တိုင်းနိုင်ငံအတွင်း ပြန့်နှံ့သည်။ ခေါင်က မိုးမလုံလျှင် တံစက်မြိတ်ရွှဲ၏။ တရားဥပဒေထိန်းသိမ်းရသူများက တရားကိုမစောင့်သောအခါ ပြည်သူ ပြည်သားလည်း တရားပျက်သည်။ ခိုးဆိုး လုယက်တိုက်ခိုက်မှုများ ထူပြောသည်။

နေပြည်တော်တွင် ဖရိုဖရဲဖြစ်နေကြောင်းကို ဧည၀တီကမ်းမြောင်ဒေသနှင့် တနင်္သာရီကမ်းမြောင်ဒေသ၌ အခြေချထားသော ရန်သူက ကောင်းစွာသိသည်။ သည်ကဲ့သို့သော မင်းက ရန္တပိုစာချုပ်ကို အသိအမှတ်မပြုဘဲ ထားရာသလောဟု ခံပြင်းသည်။ မည်သို့ ရန်စပါမည်နည်းဟု ယုတ်မာစွာ ချောင်းနေသည်။

ဤသို့ဖြင့် ပုဂံမင်းနန်းတက်ပြီး ၅ နှစ်အကြာ ၁၂၁၃ ခုနှစ် ဝါဆိုလ၏ တစ်ခုသောရက်တွင် အမှုထားဖွယ်ရာမဟုတ်သော မှုခင်းတစ်ခုဖြစ်ပွား၏။ ဖြစ်ပွားပုံမှာ မော်လမြိုင်မှထွက်ခွာလာပြီး ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် သင်္ဘောတစ်စင်းမှ ကပ္ပတိန်သည် ရေကြောင်းပြကုလားအား မြန်မာ့ရေပိုင်နက်အတွင်း၌ ပင်လယ်ထဲသို့ ပစ်ချသတ်ဖြတ်ခဲ့ကြောင်း သေသူ၏ညီက တိုင်တန်းခြင်းဖြစ်၏။

သင်္ဘော၏အမည်မှာ မိုနာ့ချ်။ တရားခံကပ္ပတိန်မှာ ရှက်ပတ်။ အသတ် ခံရသော ရေကြောင်းပြမှာ စစ်တကောင်းကုလား အီစွပ်။ တရားလိုမှာ ဟာရှင်။

တရားလို ဟာရှင်သည် ဆိပ်ကမ်းသို့ သင်္ဘောဆိုက်မိပြီး နှစ်ရက်အကြာတွင် ဟံသာ၀တီ ရန်ကုန်မြို့ဝန် 'မဟာမင်းလှမင်းခေါင်ကျော်' ဦးအုပ်ရုံးသို့ တိုင်ကြားတော့၏။

ရန်ကုန်မြို့သည် တိုင်းတစ်ပါးနှင့် ဆက်ဆံရသော တံခါးပေါက်ဖြစ်သဖြင့် လိမ္မာတတ်သိသူကိုသာ မြို့ဝန်အဖြစ်ထားသည်။ မြို့ဝန်မင်း

လည်း အမှုဖြစ်ပွားရာ အရပ်သည် မြန်မာ့ရေပိုင်နက် ဟုတ်မဟုတ် စစ်ဆေးသည်။ မြန်မာ့ရေပိုင်နက်အတွင်း၌ ဖြစ်ပွားကြောင်း သေချာတော့မှ သက်သေ သင်္ဘောသားများကို ခေါ်ယူစစ်ဆေး၏။

တရားခံ ကပ္ပတိန်ရောဘတ်ရှက်ပတ် လူသတ်မှုကျူးလွန် ကြောင်း ထင်ရှား၏။ တရားခံ မငြင်းကွယ်နိုင်။ သို့သော် ထိုခေတ်က သင်္ဘောတို့၏ စည်းကမ်းများကို ထောက်ထား၍ 'တရားခံသည် သေသူ၏ ညီတရားလိုသို့ ဒဏ်ငွေ ၄၆ ပေါင် ပေးဆောင်စေ' ဒဏ်ရိုက်လိုက်လေ၏။ ရှက်ပတ်သည် ထိုအမှုကိုမကျေနပ်လျှင် နေပြည်တော်ရှိ မြန်မာဘုရင်မင်းမြတ်ထံ တက်ရောက် အယူခံရန်သာရှိ၏။ ယခုသော်ကား ဒဏ်ငွေကို ပေးဆောင်ခဲ့ပြီးမှ မြန်မာမင်း၏ သစ္စာတော်ခံမဟုတ်သော အင်္ဂလိပ်ပိုင် တနင်္သာရီတိုင်းမင်းကြီးထံ မကျေနပ်ကြောင်း တိုင်ကြားသည်။

နောက်တစ်မှု ရှိသေးသည်။

ထိုနှစ် တော်သလင်းလထဲတွင် ကပ္ပတိန် ဟာရီးလူးဝစ်၏ ချန်ပီယံ သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်လာသည်။ သင်္ဘောတွင် ပါသော ကုလားကူလီများနှင့် လူမျိုးစုံသင်္ဘောသားများက ရန်ကုန်မြို့တော်ဝန်၏ ရုံးတော်သို့ တရားလာရောက် စွဲဆိုကြ၏။ အမှုမှာ လူသတ်မှု။

မြို့ဝန်မင်းသည် အခင်းဖြစ်ပွားရာ အရပ်ဒေသနှင့် သက်သေများကို စစ်ဆေးသည်။ အမှုထင်ရှားသောကြောင့် ဒဏ်ငွေခုနစ်ပေါင် တပ်ရိုက်သည်။ သည်အမှုမှာလည်း သေစားသေစေ စီရင်ရန်သာရှိပါလျက် ခြွင်းချက် အကြောင်းများကြောင့် ဒဏ်ငွေတပ်ရိုက်ခြင်းဖြစ်သည်။ သို့ရာတွင် ထို လူသတ်သမားကလည်း မြန်မာမြို့ဝန်က မတရားလုပ်ပါသည်ဟု အိန္ဒိယရှိ ကုလားဖြူဘုရင်ခံထံ တိုင်ကြားသည်။

မြန်မာမြို့ဝန်မင်းသည် အလွန်လျှော့ပေါ့လိုက်ကြောင်း ကုလားဖြူဘုရင်ခံသိပါသည်။ သိသော်ငြား အပေါက်အစပ်ရှာနေသူပီပီ သေးသည့်

အမှု ကို ကြီးကျယ်အောင် သာမန်အမှုကို ကိုယ်ကျိုးနည်းအောင် လုပ်ပါလေ တော့သည်။

လုပ်ပုံမှာ ထိုကပ္ပတိန်နှစ်ယောက် နစ်နာသည့်အတွက် လျော်ကြေး ပေးရမည်။ ရန်ကုန်မြို့ဝန်ကို ပြောင်းရွှေ့ပေးရမည် တောင်းဆိုခြင်း ဖြစ်သည်။ အရေးကိစ္စမှာ စေ့စပ်ဆွေးနွေးရမည့် သံခင်းတမန်ခင်းဖြစ်ငြား၊ အုပ်ချုပ်ရေးပိုင်းမှ လူကိုမလွှတ်။ အရှေ့အိန္ဒိယ ကုမ္ပဏီပိုင် ရေတပ်၏ လက်ထောက် ဗိုလ်ချုပ်လင်းဘတ်ကို စစ်သင်္ဘောသုံးစင်းဖြင့် စေလွှတ် သည်။

နှင်းမှုန်များကြားတွင် ရောက်ရှိလာသော သင်္ဘောသုံးစင်းကို မြင်လျှင် တိုင်းတပါးသားများ ဝမ်းသာသည်။ မြန်မာ့မြေပေါ်နေပြီး မြန်မာ့ ရေကိုသောက်နေသော ရန်ကုန်ရှိ ကုန်သည်များသည် အရိပ်ကိုခိုပြီး အခက်ကျိုးစေလိုသူများ၊ သားရေပေါ်အိပ်ပြီး သားရေနားကို ကိုက်ဖဲ့နေသူ များဖြစ်ရာ စစ်ဖြစ်ပြီဟု ကခုန်ကြ၏။ သတင်းကို ဝမ်းသာအားရ စုံစမ်း သည်။ ဟာခနဲ ဖြစ်ကြသည်။ အရေးဆိုရန် ရောက်လာခြင်း ဖြစ်သည် ဟူ၏။

သို့အတွက် မဟုတ်မဟတ် လုပ်ကြံတိုင်ကြားစာများ ပေးပို့ကြ သည်။ မည်သို့ဖြစ်စေ၊ လက်နက်ချင်းမမျှ၍ စစ်ရှုံးပြီးသည်မှာ ၂၅ နှစ် ကြာခဲ့ပြီဖြစ်ငြား၊ စစ်ရှုံးစဉ်က ကျောက်မီးသေနတ်ထက် တစ်ဆံခြည်မျှ မတိုးတက်သော မြန်မာအစိုးရသည် ကိုယ့်လူမမှားမှန်း သိပါလျက် 'မဟာမင်းလှ မင်းခေါင်ကျော်'ကို နေပြည်တော်သို့ ပြန်လည်ခေါ်သည်။ ပြည်ရွှေတော် မြို့ဝန် 'သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်' ဦးမှန်ကို ဖြာသိုလတွင် ရန်ကုန်သို့ စေလွှတ်ပေးသည်။

မြို့ဝန်အသစ် ခန့်ထားပေးသော်လည်း လင်းဘတ်သည် မပြန်ချေ။

ရှက်ပတ်နှင့် လူးဝစ်အမှုကို စစ်ဆေးပေးမည် စာပြန်သော်လည်း

မပြန်ချေ။ သောက်စားမူးရူးနေသူလေးဦးကို မြို့ဝန်မင်းထံ စာပေးရန် လွှတ်သည်။ ထိုသူများသည် မြန်မာ့မြေပေါ်တွင် မြန်မာ့စည်းကမ်းကို မလိုက်နာလိုကြ။ မြို့ဝန်မင်း၏ အိမ်တော်ဝင်းအတွင်းသို့ မြင်းစီးမဝင်ရ တားပါလျက်က ဇွတ်ဝင်သည်။ အိမ်တော်သားအမှုထမ်းများက လူရမ်းကား၊ အရက်သမားများကို မြင်းပေါ်မှဆွဲချပြီး ပါးနားရိုက်သည်။ တံတောင်ဖြင့်ထောင်းသည်။

သင်္ဘောပေါ်သို့ နေ့စဉ်လာရောက်ပြီး "ဘာလုပ်နေတာတုန်း၊ တိုက်ပါတော့လား" ဟု ထမင်းဆာဘိသို့၊ ရေငတ်ဘိသို့ တိုက်တွန်းနေကြသည့် ရန်ကုန်ရောက် တိုင်းတစ်ပါးသား ကုန်သည်တို့၏ စကားသံများအောက်၌ နစ်မွန်းနေသော လင်းဘတ်။ သူ့အတွက် ထပ်မံအချက်ရသွားပြန်သည်။ ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော မြန်မာပိုင် 'ရတနာယာဉ်မွန်' မီးသင်္ဘောတော်ကို စစ်သင်္ဘောများဖြင့် ညှပ်လျက် ဆွဲခေါ်လုယူသွားလေ၏။ ထိုမျှသာမက ပုသိမ်မြစ်ဝနှင့် ရန်ကုန်မြစ်ဝ ရေကြောင်းများကိုလည်း ပိတ်ဆို့ထားလိုက်တော့၏။

မြန်မာတို့၏ အခြေအနေမှာ ထိုစဉ်ကတည်းက သေသော်မှတည့် ဩော်ကောင်း၏ အခြေအနေတွင် ရောက်နေပြီ။ သို့မဟုတ် မိမိတိုင်းပြည်၏ ဂုဏ်သိက္ခာ၊ မိမိလူမျိုး၏ဂုဏ်သိက္ခာကို ရှိသေသောအားဖြင့် စစ်တိုက်ရန်သာ ရှိတော့၏။

စစ်သင်္ဘောဖြင့် ရောက်လာသူကသာ မခန့်မညားပြုသည် မဟုတ်၊ ရန်ကုန်မြို့ဝန်၏ အာဏာစက်အောက်၌ နေထိုင်သော တိုင်းတစ်ပါးသားများကလည်း သခင်အားကိုးဖြင့် မထီမဲ့မြင်ပြုကြပြီ။

လုပ်ပုံကိုကြည့်။

ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကုန်သည်များ သူတို့၏ အိမ်ဝင်းအတွင်း၌ အင်္ဂလိပ်အလံကို လွှင့်ထူထားကြခြင်းဖြစ်သည်။ ဗီးရီးဆိုသူကမူ အလံတိုင်

အနီးတွင် နှစ်ပေါင်ဒါ အမြောက်ကိုပင် ချထားလိုက်သေးသည်။

မြို့ဝန်မင်း သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော် ဦးမှုန်သည် သည်ကဲ့သို့ လူမလေး ခွေးမခန့် အပြုအမူကို လျစ်လျူမရှုချေ။ ဤကဲ့သို့ အင်္ဂလိပ်အလံ မထူရန်နှင့် အမြောက်မထားရန် ဆင့်ဆိုသည်။

အင်္ဂလိပ်ကုန်သည်သည် လင်းဘတ်ထံမှ မည်ကဲ့သို့သော မြှောက်ထိုးပင့်ကော် စကားများကိုရထားသနည်း။ မည်မျှ မခန့်လေးစားစိတ်တွေ ဝင်နေသနည်း။ သူ၏ဆင့်ခြေက သက်သေခံ၏။

သူက "သည်ကဲ့သို့ အလံလွှင့်ထူရခြင်းမှာ အင်္ဂလိပ်စစ်သင်္ဘောမှ ကွန်မန်ဒိုလင်းဘတ်၏အမိန့်အရ လွှင့်ထူထားခြင်းဖြစ်သည်။ လင်းဘတ်ထံမှ အမိန့်မရရှိဘဲနှင့် အလံကိုပြန်မချနိုင်ပါ"ဟု ဆင်ခြေတက်၏။ သာမန်အချိန်တွင် 'တန်း'ထဲသို့ ကားခနဲရောက်မည့် အပြုအမူဖြစ်သည်။

မြန်မာမြို့ဝန်မင်းက အင်္ဂလိပ်ကုန်သည်ထက် ပါးနပ်သည်။ သို့အတွက် နိုင်ငံခြားသားများ လိုက်နာရန် အမိန့်ကို ချက်ချင်းထုတ်ပြန်၏။

အမိန့်မှာ "မိမိထံမှ အမိန့်တစ်စုံတစ်ရာ မရရှိဘဲလျက်၊ မည်သည့် နိုင်ငံခြားသား တစ်စုံတစ်ယောက်မျှ အင်္ဂလိပ်စစ်သင်္ဘောများသို့ သွားလာခြင်း၊ ဝင်ထွက်ခြင်း မပြုရ" ဟူ၍ ဖြစ်သည်။

မြို့ဝန်မင်းရောက်လာခြင်းမှာ စစ်သင်္ဘောနှင့် ပြေပြစ်စွာဆက်ဆံနိုင်ရန် ရောက်လာခြင်းဖြစ်သည်။ မိမိအာဏာစက်အောက်ရှိ တိုင်းတစ်ပါးသားတို့၏ စော်ကားမော်ကားပြုသည်ကို သည်းခံနေရန် မဟုတ်ချေ။ သို့အတွက် လက်မြန်ခြေမြန် တုံ့ပြန်သည့်နည်းတူ၊ ရဲမက်တစ်သောင်းခန့်ကိုလည်း ရန်ကုန်မြို့တွင်းအနှံ့ ချထားလိုက်လေတော့၏။

ဤသို့ ဆောင်ရွက်ခြင်းသည် လင်းဘတ်အား မည်သို့မျှ မထိခိုက်ချေ။ မထိခိုက်ပါဘဲလျက် အကြောင်းမရှိ အကြောင်းရှာကာ ရန်စသည်။ သင်္ဘောကို လုသည်။ မြစ်ကြောင်းကို ပိတ်ဆို့သည်။

ထိုအပြုအမူကို မြန်မာတို့ မည်သို့တုံ့ပြန်မည်နည်း။ နိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ စစ်တိုက်ရလိမ့်မည်။ စစ်တိုက်ရန်အတွက် စစ်ပြင်ရတော့မည်။ အစုအဝန်း အသီးသီးမှလူများ ဓားသွေးကြ၊ ယမ်းထောင်းကြ၊ ကျည်စေ့လုပ်ကြပြီ။

သို့သော် ရန်ကုန်မြို့ဝန်မင်းသည် ဆက်လက်စေ့စပ်၊ ဆက်လက်ဆွေးနွေးရန်အတွက် ဒလမြို့ဝန်ကို လင်းဘတ်ထံစေလွှတ်သည်။သင်္ဘောကို ပြန်ပေးရန် ဖြစ်သည်။ သင်္ဘောကို ပြန်မရပါ။

မြို့ဝန်မင်းကား စိတ်ရှည်စွာ သည်းခံမြဲ ဆက်လက်သည်းခံပြီး၊ စာတစ်စောင်ကို ရေဝန်ကို အပို့ခိုင်း၏။

စာပါအကြောင်းမှာ၊

"အင်္ဂလိပ်တို့၏မူလတောင်းဆိုချက်အတိုင်း ရန်ကုန်မြို့ဝန်ဟောင်းကို ရာထူးမှနုတ်ပြီး၊ ထိုနေရာသို့ ငါ့အား ခန့်ထားကြောင်း။ အင်္ဂလိပ်ကုန်သည်တို့အပေါ်တွင် မြို့ဝန်ဟောင်း မတရားပြုမူသည်ဟူသော စွဲချက်များနှင့် ပတ်သက်၍လည်း တရားသဖြင့်ဖြစ်စေရန် စစ်ဆေးဆောင်ရွက်မှုပြုပေးမည်ဖြစ်ကြောင်းများကို အင်္ဂလိပ်အစိုးရမင်းတို့ထံ မြန်မာဘုရင်မင်းမြတ် အစိုးရက စာသီးခြားပေးပို့ပြီးဖြစ်၏။ ထိုအမိန့်စာအရ တရားသဖြင့်ဆောင်ရွက်ပေးရန် ရန်ကုန်မြို့သို့ ငါရောက်ရှိလာခဲ့၏။

"စကားပြန် အက်ဒဝပ်လာရောက်ပြီးလျှင် ကွန်မန်ဒိုလင်းဘတ်ထံမှ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်၍ တွေ့လိုကြောင်း လာရောက်ပြောကြားစဉ်က အခြားလူများကိုတွေ့ခွင့်မပြုနိုင်။ စာဖြင့်လာခဲ့လျှင်လည်း အက်ဒဝပ်တစ်ဦးတည်းသာလာခဲ့ဟု ငါမှာကြားထားကြောင်း။ သို့မှာကြားထားပါလျက်နှင့် အက်ဒဝပ်နှင့်တကွ အရာရှိငယ်လေးဦးတို့သည် ငါတို့၏ ဓလေ့ထုံးစံနှင့် ဆန့်ကျင်စွာ အရက်များမူးယစ်လာရုံမျှမက အိမ်ဝင်းအတွင်းသို့ပင် မြင်းစီး၍ ဝင်ရောက်လာကြကြောင်း။ ထိုအချိန်တွင် ငါအိပ်ပျော်နေရာ၊

လက်ထောက်မြို့ဝန်က ဖွတ်အတင်းလာနှိုးမှ အိပ်ရာမှ နိုးကြားကြောင်း။ ထိုသို့ရှိစဉ် စကားပြန်အက်ဒဝပ်နှင့် ထိုအရာရှိငယ်များသည် စကားမပြော မဆို ပြန်သွားကြကြောင်း။ ထို့နောက် လင်းဘတ်နှင့် အပေါင်းပါလူစုသည် မြန်မာမင်း၏ သင်္ဘောတော်ကို ဖွတ်အတင်းခိုးယူ၍ သွားကြကြောင်း။

"အိန္ဒိယ ဘုရင်ခံချုပ်ထံမှ စာပေးလာသူများသာဖြစ်သော ထိုလူစု၏ ပြုမူပုံမှာ မတရားသော အပြုအမူဟု သိရှိသော်လည်း နှစ်တိုင်းနှစ်ပြည် မိတ်သဟာယအဖြစ် ချုပ်ဆိုထားသော စာချုပ်ကိုထောက်ထား၍ မြန်မာ သင်္ဘောတော်ကို ငါ ဖွတ်အတင်း ပြန်သိမ်းယူခြင်းမျိုးကို မပြုကြောင်း။ ယခုအခါ ထိုလူစု၏သင်္ဘောစုသည် ဒလမြို့အနီးတွင်ရှိကြောင်း။ ငါသည် ထိုသို့ ဂုဏ်သိက္ခာ ကင်းမဲ့သူများကိုပင် ဂုဏ်သိက္ခာထား၍ ဆက်ဆံခဲ့ ကြောင်း။ တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် ငြိမ်းချမ်းစွာရှိစေရန်ဟု စေ လွှတ်ခြင်းခံရသည့် လင်းဘတ်၏သံတမန်တစ်ဦးနှင့် မသင့်လျော် မထိုက် တန်သော ပြုမူချက်များကို အင်္ဂလိပ်အစိုးရမင်းတို့သိသာရန် တင်ပြလိုက်ပါ ကြောင်း။"

ရန်ကုန်မြို့ဝန်မင်း၏စာတွင် အကျိုးအကြောင်း ဆီလျော်သင့်မြတ် သော အသုံးအနှုန်းများပါငြား၊ လင်းဘတ်သည် သင်္ဘောကို ပြန်မပေးပေ။ မြန်မာ့ပိုင်နက် အတွင်းမှလည်း ထွက်ခွာမသွားပေ။ ပို၍ခက်ခဲသော ကိစ္စ တစ်ရပ်ကို ထပ်မံဖန်တီးခြင်းဖြင့် မိမိ၏ ကျူးကျော်မှု၊ ခိုးမှုတို့ကို သေးသိမ် အောင်လုပ်၏။

လင်းဘတ် ထပ်မံဖန်တီးသော အခက်အခဲမှာ မြို့တော်ဝန်မင်းက သူ့ထံသို့ ညနေ ၆ နာရီအတွင်း လာရောက်တောင်းပန်ရမည်ဟူသော တောင်းဆိုချက်ပင်ဖြစ်၏။ အကြောင်းပြချက်မှာ လင်းဘတ်ထံမှ စာလာပို့ သူ ကပ္ပတိန်ဖစ်ဘာနီကို မြို့တော်ဝန်မင်းက လက်ခံတွေ့ဆုံမှု မပြုသည့် အတွက် အရှက်ရသောကြောင့် ဖြစ်သည်။

ပုဂံစာအုပ်တိုက်

မြန်မာဘုရင်မင်းမြတ်က ယုံမှတ်တော်မူသဖြင့် အခွင့်အာဏာကုန် လွှဲအပ်ထားခြင်းခံရသော ရွှေမြို့တော်ဝန်မင်းက သူ့ထံလာရောက် တောင်းပန်ရမည်ဟူသည့် အသုံးအနှုန်းက တမင်သက်သက် စော်ကားခြင်း ဖြစ်၏။ အကြောင်းအရာ တစ်ခုလုံးမှာလည်း ပြေငြိမ်းစေရန်အတွက် မပြေအေးရေးသို့ရောက်အောင် အတင်းဆွဲခေါ်နေကြောင်း သိသာလွန်းသည်။

ရန်ကုန်မြို့ဝန်မင်းသည် မရတော့မှန်း သိသော်လည်း ဆောင်ရွက်ဖွယ်များကို တွင်ကုန်အောင် ဆောင်ရွက်သောအားဖြင့် လင်းဘတ်ထံ သတိပေးစာ ရေးသားပေးပို့သည်။

"မြန်မာဘုရင်မင်းမြတ်၏ သင်္ဘောတော်ကို ရန်ကုန်မြစ်အတွင်းမှ ပင်လယ်ဘက်သို့ ဆက်လက်တွဲယူသွားခဲ့ပါက မိမိတို့က ထုံးစံအတိုင်း ပစ်ခတ်တားဆီးရလိမ့်မည်ဖြစ်ကြောင်း သတိပေးသည်။"

လင်းဘတ်၏ ပြန်ကြားချက်မှာ မောက်မာရိုင်းစိုင်း၏။

"ဟော့၊ တို့ကို ပစ်ခတ်တားဆီးတယ်ဆိုရင် တို့ကလည်းပြန်ပြီး ပစ်လိမ့်မယ်ဆိုတာလည်း နားလည်စမ်းပါ"

ဤသို့ဖြင့် လင်းဘတ်သည် စစ်ပြုတော့မည့်အကြောင်းကို အတိအလင်း အသိပေးသောအားဖြင့် နောက်တစ်နေ့တွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသား ကုန်သည်အချို့ကို သင်္ဘောဖြင့်တင်ကာ မော်လမြိုင်သို့ ပို့ပေးလိုက်လေ၏။

ဖြစ်နိုင်သည်ကို တတ်နိုင်သမျှ လိုက်လျောသောအခါ မဖြစ်နိုင်သည်ကို ထပ်မံတောင်းဆို၏။ ထို့နောက် စော်ကား၏။ တစ်ခုဖြင့် စော်ကား၍ အားမရသဖြင့် နောက်တစ်မျိုးတိုးပြီး စော်ကားပြန်၏။ ရွှေမြို့တော်ဝန်မင်း မည်သို့ဆောင်ရွက်မည်နည်း။ မြန်မာတွေ သည်အတိုင်း လည်စင်းပေးမည်လော။

မြန်မာတွေ ခံစစ်ပြင်ရန်သာ ရှိတော့သည်။ ပထမစစ်အတွင်းက

အင်္ဂလိပ်တွေ တက်သည့်လမ်းကို ပြန်လည်သုံးသပ်ပြီး၊ ယခုပြင်ဆင်သည်။ အမြောက်တွေ ချထားသည်။ ခံကတုတ်တွေ သစ်တပ်တွေကို ပိုပြီး တောင့်တင်းခိုင်မာအောင် ပြင်ဆင်သည်။

နိုင်ငံခြားသား ကုန်သည်အချို့ကို မော်လမြိုင်သို့ သွားရောက်ပို့ပေးသော သင်္ဘော ပြန်ရောက်လာပြီ။ မြန်မာတပ်တွေ သည်းမခံနိုင်အောင် ဆွပေးသောသဘောဖြင့် ဓနုတ်ကွင်းခံတပ်ရှေ့တွင် စစ်သင်္ဘောတွေ လာရောက် ကျောက်ချသည်။ ရတနာ့ယာဉ်မွန် သင်္ဘောတော်ကို ဆွဲသည့် သင်္ဘောက ဆွဲလာသည်။

ဓနုတ်ကွင်းခံတပ်ရှိ အမြောက်အားလုံးကျည်ထိုးပြီး အသင့်ရှိသည်။ မြန်မာ အမြောက်တပ်သားတွေ ရေတပ်သားတွေ အတိုင်းသား မြင်နေရသည်။ လှိုင်မြို့သူကြီးသည် နှုတ်ခမ်းကိုက်ထားသည်။ သို့သော် သူ့အသား ဆတ်ဆတ်တုန်လာသည်။ မချုပ်တီးနိုင်ပြီ။

ပြင်းထန်သော ပေါက်ကွဲသံများ မြစ်ပြင်ကိုမိုး၏။ ယမ်းငွေ့အခဲအသိပ်ကြီးသည် မြေပြင်ရော ရေပြင်ကိုပါ လွှမ်း၏။

မြန်မာအမြောက်ကျည်များသည် ရန်သူ့သင်္ဘော ကုန်းပတ်ပေါ် ကျ၏။ ရန်သူ့သင်္ဘောနံဘေးကို ထိ၏။ သို့သော် ဗုံးမဟုတ်သဖြင့် အထိမနာ။ ရန်သူ့အမြောက်ကျည်ကား ပေါက်ကွဲသည်။ ယမ်းအိုးတွေ မီးစွဲလောင်သည်။ ပေါက်ကွဲသည်။

မည်သို့ဖြစ်စေ၊ ရေတပ်ရေယာဉ်များကလည်း ချဉ်းကပ်လာသော ရန်သူကို စုပြုံတိုက်ခိုက်သည်။ မြန်မာအမြောက်တပ်သား ရေတပ်သားများသည် အင်အားချင်း ဆင်နှင့်ဆိတ်ပမာ ကွာခြားသော ရန်သူ့စစ်သင်္ဘောများ ထဲတွင် လက်နက်မချပါ၊ ထွက်မပြေးပါ။ ဂုဏ်သရေရှိစွာ အသေခံ တိုက်ခိုက်သွားကြသည်။

ဓနုတ်ကွင်းခံတပ် ပစ်ခတ်ဖျက်ဆီးခံရသောအခါ သီလဝါခံတပ်က

လည်း ပစ်ခတ်တိုက်ခိုက်သည်။ ရန်သူ စစ်သင်္ဘောများသည် ပြန်လှန် ပစ်ခတ်ပြီးနောက် သီလဝါခံတပ်အလွန် ရန်ကုန်မြစ်ထဲတွင် ကျောက်ချ တပ်စွဲနေလေသည်။ အလွန်ခံပြင်းစရာ၊ နာကျည်းစရာဖြစ်သော်လည်း မြန်မာတို့ မတတ်နိုင်ချေ။

ဤမှ နှစ်သီတင်းကျော် သုံးသီတင်းမျှ အကြာတွင် ရန်ကုန်မြို့တော် ဝန်ထံသို့ အိန္ဒိယဘုရင်ခံချုပ်ထံမှ စာတစ်စောင်ရောက်လာ၏။ ချစ်ကြည် ရေးစာ မဟုတ်ပါ။ ပို၍ ပို၍ မတရားသော၊ ပို၍ ပို၍ ရိုင်းပျသော အပြုအမူ ကို ပြသသောစာသာ ဖြစ်၏။

ထိုစာကို ယူဆောင်လာသော သင်္ဘောသည် စည်းမျဉ်းစည်းကမ်း အရ ဆက်သွယ်ရေးအလံ လွှင့်ထူမထားပါ။ သို့အတွက် စည်းကမ်းနှင့် မညီသော ထိုသင်္ဘောကို သီလဝါခံတပ်မှ အမြောက်ဖြင့် ပစ်ခတ်တားဆီး သည်။ သူတို့က ပြန်လှန်ပစ်ခတ်ရင်း ရန်ကုန်အရောက် ဆန်တက်လာ သည်။ သို့သော် သင်္ဘောမှ ကမ်းသို့လှေဖြင့်လာချိန်တွင်ကား ဆက်သွယ် ရေး အလံမထိုးဘဲ မနေနိုင်တော့ပါ။ ကိုယ်ထိလက်ရောက် အဆုံးမ ခံရတော့ မည် သိသဖြင့် အလံထူပြီး တက်လာသည်။

စာတွင် အချက်သုံးချက်ပါသည်။

ဖစ်ဘာနီနှင့် အရာရှိများကို အရှက်ရအောင် ပြုမိခြင်းအတွက် ဝမ်း နည်းတောင်းပန်ကြောင်း စာတစ်စောင်ကို မြို့ဝန်ကိုယ်တိုင်ရေးသား၍ ဝန်ချ တောင်းပန်ရမည်။

ဒုတိယအချက်အဖြစ် လူးဝစ်နှင့် ရှက်ပတ်တို့အား နစ်နာအောင် ပြုမိသည့်အတွက် လျော်ကြေးငွေ ၉၉၄၈ ကျပ်ပေးရန် တောင်းဆို၏။ တတိယအချက်မှာသော် ရန္တပိုစာချုပ် သတ္တမအချက်ကို ရည်ညွှန်းလျက် ရန်ကုန်မြို့တွင် အင်္ဂလိပ်ကိုယ်စားလှယ်အား အသိအမှတ်ပြု လက်ခံရန် ဟူ၍ ဖြစ်ပေသည်။

ဖစ်ဘာနီဆိုသူအား ရွှေမြို့တော်ဝန်မင်းက အရုက်ခွဲခြင်းမရှိ။ သို့ပါ၍ တောင်းပန်ရန် အကြောင်းမရှိ။ သို့လျှင် မရှိသောအကြောင်းကို ထိပ်တွင် တင်လာကတည်းက စေ့စပ်ပြေလည်ရေးကို မလိုလားကြောင်း ထင်ရှားသည်။

ဒုတိယအချက်မှာလည်း အနည်းငယ်မျှသော ဒဏ်ငွေလျော်ငွေကို တပ်ရိုက်ပါလျက်၊ နစ်နာသည်ဆိုခြင်းမှာလည်း ရန်ကုန်ရွှေမြို့တော်ဝန်မင်း၏ ပိုင်ခွင့်အာဏာကို သရော်မောကားပြုခြင်းမှလွဲ၍ အခြားအဓိပ္ပာယ်မထွက်။

ရန္တပိုစာချုပ်ကို အသိအမှတ်မပြုသော ဘုရင်မင်းမြတ်အား ထိုစာချုပ်ပါ သတ္တမအချက်အရ ဆောင်ရွက်ခွင့် တောင်းခံခြင်းမှာလည်း မပြေလည်ရေးကို တမင်ဦးတည်ခြင်းသာဖြစ်သည်။

အိန္ဒိယဘုရင်ခံချုပ်သည် ထိုသို့ မတော်မတည့်တွေ တောင်းခံပြီးမှ ဤသို့ လျှာရှည်သေး၏။

"အထက်ပါ တောင်းဆိုချက်များကို ခွင့်ပြုလိုက်လျောခဲ့ပါက အင်္ဂလိပ်အစိုးရသည် အောက်ပါအချက်များကို ဆောင်ရွက်ပေးရန် သဘောတူမည်။

"၁။ အထက်ပါ တောင်းဆိုချက်များကို လိုက်လျောလျှင် အဆိုပါကိစ္စများကို ဆောင်ရွက်ရန်အတွက် အင်္ဂလိပ်အစိုးရတို့က အရာရှိတစ်ဦးကို စေလွှတ်ပေးမည့်ပြင် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေး ဆောင်ရွက်သွားမည်။

"၂။ လျော်ကြေးငွေများ ပေးအပ်ပြီးသောအခါ ကွန်မန်ဒို လင်းဘတ် သိမ်းယူထားသော သင်္ဘောတော်ကို မြန်မာတို့လက်သို့ ပြန်၍ ပေးအပ်မည်။

"၃။ မြစ်ကမ်းပိတ်ဆို့မှုများကိုလည်း ဖယ်ရှားပေးမည့်အပြင်၊ မိတ်သဟာယမပျက် ညီညွတ်စွာ ပြန်၍ ဆက်သွယ်မည်။"

စော်ကားသမျှ ခေါင်းငုံ့ခံရမည်။ ခိုင်းသမျှ လုပ်ရမည်။ သို့ဆိုလျှင်

ဆွေးနွေးမည်။ မိမိတို့ ခိုးယူသွားသော သင်္ဘောတော်ကို ပြန်ပေးမည်ဟူ၍ အဓိပ္ပာယ်ရ၏။ ပင်လယ်ဓားပြ ပီသပါပေသည်။

ရန္တပိုစာချုပ် သတ္တမအချက်ကို ရွှေမြို့တော်ဝန်မင်း မဆောင်ရွက်နိုင်ပေ။ ကြံခင်းမြို့သူကြီး ဦးမြတ်သာထွန်းအောင်အား အချက်သုံးချက်ပါ တောင်းဆိုချက် ဆက်သရန် ရွှေဖဝါးတော်မြတ်အောက်သို့ လွှတ်သည်။ ထို့နောက် အင်္ဂလိပ်တို့ထံ စာပြန်ကြားသည်။

စာထဲတွင်

၁။ ခိုးသွားသောသင်္ဘောပြန်ပေးရန်

၂။ လူးဝစ်နှင့် ရှက်ပတ်တို့အတွက် တောင်းဆိုသော လျော်ကြေးငွေ ၉၉၄၈ ကျပ်ကို တာဝန်ခံ အရာရှိရောက်လာလျှင် ပေးမည်။

၃။ လင်းဘတ်ထံမှ စာလာပေးသူများကို တောင်းပန်ရန် အကြောင်းမရှိ။ မူးယစ်နေသူများဖြစ်သည်။ အမှုထမ်းတို့ကို ပမာမခန့်ပြုသူများဖြစ်သည်။

မြန်မာတို့ကား ရိုးဖြောင့်စွာပင် ရှက်ပတ်နှင့် လူးဝစ်တို့၏အမှုဖြစ်သော အချက်အလက်ကိုသာ မကွေ့မလိမ် ကိုင်စွဲထားသည်။ လိုက်လျော၍ ရသောကြောင့် အလျှော့ပေး လိုက်လျောထားသည်။

အင်္ဂလိပ်တို့ကဲ့သို့သော ရန်လိုသောစိတ်ရှိပါမူ "သင်္ဘောသူခိုးများကို မြန်မာတို့လက်သို့ အပ်နှံရမည်။ သို့မဟုတ် အပြစ်ပေးရမည်" ဟု တောင်း ဆိုလိမ့်မည်။ သို့ရာတွင် ငြိမ်းချမ်းရေး မပျက်လိုသောကြောင့် သင်္ဘောကိုသာ ပြန်တောင်းသည်။

မြန်မာတို့သည် အင်္ဂလိပ်တို့နည်းတူ ရန်စွယ်ငေါငေါထွက်နေပါက "မြို့ဝန်မင်းအိမ်ထဲသို့ မြင်းစီးဝင်သူများသည် ရွှေမြို့တော်ဝန်မင်းအား မထီမဲ့မြင်ပြုရာရောက်သောကြောင့် စာအပေးခိုင်းသူ လင်းဘတ်ကိုယ်တိုင် လာရောက်တောင်းပန်ရမည်" ဟူ၍ အရေးဆိုလိမ့်မည်။ သို့ရာတွင် နှစ်ပြည့်

တစ်ပြည် မိတ်မပျက်ရေးကိုသာ လိုလားသောကြောင့် သည်းခံသည်၊ မျို သိပ်သည်။

မြန်မာတို့က မည်မျှပင် မိတ်သဟာယ မပျက်ရေးကို ရှေးရှုငြား၊ အင်္ဂလိပ်တို့ကား မြန်မာနိုင်ငံကို စစ်တိုက်ရန်အတွက် မော်လမြိုင်သို့ စစ်သင်္ဘောများ စစ်သားများကို ပို့လွှတ်နေပြီ။ ထိုနည်းတူပင် ပုသိမ်ဘက် သို့လည်း ပို့ထားပြီ။

အိန္ဒိယဘုရင်ခံချုပ်နှင့် သူ၏တပည့်လင်းဘတ်တို့ကား၊ ရှေ့ စကား နောက်စကား မညီ၊ အခုတစ်မျိုး အတန်ကြာတစ်မျိုးပြောရာတွင် တည့်ငြ သည်။ အိန္ဒိယဘုရင်ခံချုပ်သည်လည်း မြန်မာတို့ ပြေပြစ်စွာ အတက်နိုင်ဆုံး လိုက်လျောဆက်ဆံနေပါလျက်ကား တပေါင်းလထဲတွင် ဆွေးနွေးရန် လမ်းပိတ်သော မတရားတောင်းဆိုမှုဖြင့် မြန်မာအင်္ဂလိပ် ဒုတိယစစ်ပွဲကို အတိအလင်း စတင်တော့သည်။

သူ၏ တောင်းဆိုချက်မှာ ယခင်တောင်းဆိုချက်များကို မြန်မာ နိုင်ငံက လိုက်လျောရမည်။ ထို့ပြင် အင်္ဂလိပ်တို့မှာ လွတ်လပ်သော မြန်မာ နိုင်ငံအား စစ်တိုက်ရန်အတွက် စစ်ပြင်ရသဖြင့် ကုန်ကျသည့် စစ်စရိတ် ငွေဒင်္ဂါး တစ်သန်းပေးရမည်ဟူ၍ ဖြစ်ပေ၏။

မြန်မာတို့ မရယ်မောမိငြား၊ ရယ်စရာအစစ်ဖြစ်ပေ၏။

မြန်မာတို့ကသာ လျော်ကြေးတောင်းစရာ အကြောင်းအချက်တွေ များစွာရှိ၏။ ထိုသို့ တောင်းခွင့်ရှိသူက မတောင်းဘဲ တောင်းရန် အကြောင်း မရှိသူက တောင်းခံခြင်းမှာ တော်ရုံသဖြင့် မျက်နှာပြောင်ရုံဖြင့် မဖြစ်ပေ။ တော်ရုံတန်ရုံ အရှက်နည်းလျှင်လည်း မတော်မတရား စစ်စရိတ်ကို တောင်း ရဲမည်မဟုတ်ပေ။

ကျိုးကြောင်းဆီလျော်ခြင်း၊ ယုတ္တိတန်ခြင်း၊ သမာသမတ်ကျခြင်း စသည်တို့ကို လုံးဝကြားဖူးခြင်းမရှိသော အရူးအနှမ်းများသာ၊ ကျိုးကြောင်း

ဆိလျော်မှုမရှိသော စစ်စရိတ်ကို တောင်းဝံ့ကြသည်။ ကမ္ဘာတွင်သာ အရှက်ကင်းမဲ့သည့် တောင်းဆိုချက်ဖြစ်ပေသည်။

ကွန်မန်ဒိုလင်းဘတ်က အဆီအငေါ်မတည့်သော သူရူးသူပျက်စကား ဆယ်ခွန်းပြောလျှင် ဘုရင်ခံချုပ် လော့ဒါလဟိုဇီက သူရူးသူပျက်စကား တစ်ခွန်းပြောသည်။ သူတို့ ထိုသို့ပြောရဲခြင်းမှာ မြန်မာတွေကို အရေးမလုပ် လူမထင်သောကြောင့် ပြောခြင်းဖြစ်သည်။ သူတို့ပြောချင်ရာ ပြောသည့်အတိုင်း ဖြစ်ရမည်။ မဖြစ်လျှင် စစ်တိုက်မည်။ စစ်တိုက်လျှင် သူတို့က အသာကလေးနိုင်မည်သိသောအခါ တစ်ဖက်စီးနင်း ပြောချင်ရာပြောတော့သည်။

သည်ကဲ့သို့ မြန်မာတစ်မျိုးသားလုံး အစော်ကားခံနေရသည့်သတင်းကို မင်းတုန်းမြို့စားမင်းသားနှင့် ကနောင်မြို့စားမင်းသားတို့ မသိကြပေ။ မကြားကြပေ။ မကောင်းကြံသူများ၏ အလစ်ဝင်တိုက်မှု၊ အလစ်ဝင်ဖမ်းမှု မခံရစေရန် သတိထားနေကြရသည်။

အမရပူရ ဘုရင်မင်းမြတ်၏ ထံပါးတွင် ဝန်းရံသူတို့သည်လည်း တိုင်းတစ်ပါးရန်သူ၏ စော်ကားမော်ကားအပြုခံရသည်ကို စည်းလုံးညီညွတ်သောအားဖြင့် စုပေါင်းခုခံကြရန် စိတ်ကူးမိကြပုံမပေါ်။ မင်းတုန်းမင်းသားညီနောင်၏ လုပ်ရည်ကိုင်ရည်ကို ရယူအသုံးချရန် အကြံမပေါ်ကြပေ။

တစ်နေ့သော် အင်္ဂလိပ်တို့နှင့် ပြေလည်နိုး၊ တစ်လသော် လင်းဘတ်ဦးစီးသော သင်္ဘောများပြန်သွားနိုး မျှော်လင့်ရင်း လိုက်လျောသည်။ လိုက်လျောရင်း စစ်ပြင်သည်။ နောက်ဆုံး စစ်စရိတ်တစ်သန်းကို အရှက်ကင်းမဲ့စွာ တောင်းခံချိန်တွင်ကား မျှော်လင့်ချက် ကုန်ဆုံးခဲ့ပြီ။

အင်္ဂလိပ်တို့သည် ထိုနှစ် တန်ခူးလထဲတွင် စစ်မကြေညာဘဲ စစ်သင်္ဘောကြီး ၁၉ စင်း၊ အဝေးပစ်အမြောက်ကြီးပေါင်း ၁၅၉ လက်၊ လူအင်အား ရှစ်ထောင့်တစ်ရာ၊ သယ်ယူပို့ဆောင်ရေး သင်္ဘော ၁၅ စင်း ပါဝင်

သော အင်အားဖြင့် အလစ်ဝင်ရောက် တိုက်ခိုက်လေတော့၏။

မြန်မာတပ်များမှာလည်း ခုခံပိုင်ခွင့် တိုက်ခိုက်မောင်းထုတ်နိုင်ခွင့်ရှိရာ ရန်သူ ကုလားဖြူ ကုလားမည်းများကို စွမ်းစွမ်းတမံ ပြန်လည်ခုခံတိုက်ခိုက်ကြလေ၏။ ထိုအချိန်ဝယ် မြန်မာတပ်များသည် နေပြည်တော်အမရပူရမှ ချီတက်လာကြရာ အချို့ စစ်မြေပြင်သို့ ရောက်လာပြီ။ အချို့ဆိုက်ရောက်လုလုရှိသည်။

မြန်မာတို့သည် ဧရာဝတီစစ်ကြောင်းနှင့် ဟံသာဝတီစစ်ကြောင်း၊ ပုသိမ်စစ်ကြောင်း၊ မုတ္တမစစ်ကြောင်းဟူ၍ စစ်ကြောင်းလေးကြောင်းဖြင့် စုန်ဆင်းချီတက်လာ၏။

ဧရာဝတီစစ်ကြောင်းကို လက်ဝဲဝင်းမှူး 'သတိုးမင်းကြီး မင်းလှမဟာမင်းခေါင်' က တပ်မှူးအဖြစ် အုပ်ချုပ်၍ စုစုပေါင်းတပ်သား ငါးထောင်ဖြင့် ချီတက်တပ်စွဲ၏။

မုတ္တမစစ်ကြောင်းချီတပ်ကို တောင်တွင်းကြီးမြို့ဝန် 'မင်းရဲ မင်းခေါင်ကျော်' တပ်မှူးပြု၍ စုစုပေါင်းအင်အား ၈၉၃၀ နှင့် ချီတက် တပ်စွဲ၏။

ပုသိမ်ကြောင်း ချီတပ်ကိုကား ပုသိမ်မြို့ဝန်မင်း 'သတိုးမင်းကြီး မဟာမင်းခေါင်'က ဗိုလ်မှူးအဖြစ် အုပ်စီးလျက် နတ်ရှင်ရွေးဗိုလ် 'မဟာမင်းလှ' တိမ်ကြားမင်းခေါင် ပါဝင်သော စုစုပေါင်းလူအင်အား ၅၄၇၀ နှင့် ချရပ်တပ်စွဲ၏။

ဟံသာဝတီကြောင်းချီ တပ်တွင်ကား သောင်းရှစ်ထောင်အင်အားရှိသောတပ်မကြီးကို ဟံသာဝတီမြို့ဝန် 'သတိုးမင်းကြီး မဟာမင်းလှ မင်းခေါင်ကျော်' က တပ်မှူးဗိုလ်ချုပ်အဖြစ် ကွပ်ကဲ၏။

ထိုတပ်တွင် ယခင်ရှိနှင့်ပြီး တပ်သား သောင်းနှစ်ထောင်ကိုးရာသုံးဆယ် (၁၂၉၃၀)၊ ထပ်မံဖြည့်တင်းအင်အားအဖြစ် ရွေးလက်ယာဗိုလ် 'မဟာမင်းထင်ရဲလှရဲခေါင်' နှင့် တပ်သားတစ်ထောင်၊ လက်ဝဲကြောင်းဗိုလ်

'မဟာမင်းလှမင်းထင်သမန္တကျော်' နှင့် တပ်သား ငါးရာ့တစ်ဆယ်၊ လက်ယာကြောင်းဗိုလ် 'မဟာမင်းလှမင်းထင်တန်ဆောင်' နှင့် တပ်သား ရှစ်ရာ့ခုနစ်ဆယ်၊ တစ်လုတ်မြို့ဗိုလ် 'မဟာမင်းခေါင်သခ်ယာ' နှင့် တပ်သား ငါးရာ၊ စဉ့်ကူးမြို့ ကျောက်မြောင်းမြို့များမှ လေးရာ့ငါးဆယ်ကျော်၊ အထက်ချီတက်သွားနှင့်ပြီး တပ်တစ်တပ်မှ အင်အား ထောင့်ငါးရာတို့ ပါဝင်ကြပေသည်။

★

## ၃

လောက၏အလှကို ရေခြားမြေခြားအရပ်မှမသမာသူများ လာရောက်ဖျက်ဆီးနေပါတကားဟု ဥဩငှက် မသိ။ တောင်ပိန္နဲပင်ကြီးပေါ်မှ ဥဩတွန်ကျူးသံ သာသာလွင်လွင်သည် ကန်တော်ကြီးဘက် အိမ်တော်ရာဘုရားဘက်အထိ လွင့်ပျံ့၏။ ငမိုးကောင်းသည် ပင်ခြေကို မြက်ပင်များဖုံးနေသည့် ကျွန်းပင်တစ်ပင်အခြေတွင် ဝင်ထိုင်ရာက အသံလာရာသို့ မော့ကြည့်၏။

မြရွက်နုများ ဝေစည်နေပြီ။ သေးမှုန်သော ငှက်နက်ကြောကို ရှာမရပြား၊ အသံချိုမြကမူ လွင့်မြဲလွင့်ဝဲ၏။ ရွှေတိဂုံကုန်းတော်ဆီမှ အမြောက်သံများ ထွက်ပျံလာ၏။ ငမိုးကောင်း လည်ပင်းရှည်ကြည့်၏။ အစိမ်းရောင်ကိုသာ မြင်ရ၏။

'ဘာလိုလိုနဲ့ သကြၤန်တောင် ကျပါပြီကော'

မေှင်ကို မေိုးကောင်း မမြင်ရ။ မြက်ပင်များကြားမှ လွမ်းလွမ်းဆွေးဆွေး တမ်းတသံကိုသာ ကြားရ၏။

ရွှေင်ရန်ညွန့်နှင့် ပေါက်ကျိုင်းတို့သည် သူ့ဘေးမြက်တောထဲတွင် ထမင်းစားနေကြခြင်းဖြစ်သည်။

မေိုးကောင်းသည် ကန်တော်ကြီးဘက်သို့ မျှော်ကြည့်သည်။ အစိမ်းရောင်ကြား၌ ဝါရွှေနုကို မြင်ရသည်။ ဖွားဖက်ရွှေလော၊ ပိတောက်လော၊ ငုလော။ ရွှေရည်ယိုအိ၍ တစ်တောလုံးထိန်သည်။ အနားမှ ဖြတ်သန်းဝဲပျံသော ငှက်ကလေးတွေသော်မှ ရွှေငှက်ဖြစ်သွားသည်။

မေှင်သည် ဒဏ်ရာရသောကြောင့် အပြုအစုအယုအယကို တောင့်တဟန်ရှိသည်။ ရွှေင်ခွဲ့ပေးသော ထမင်းကို ပါးစပ်ဟမပေးသေးဘဲ "မိအိုးတော့ မျှော်ရှာတော့မှာပဲ" မြည်တမ်းသည်။

"သူငယ်ချင်း လောလောဆယ်မှာ ကိုယ်ကျန်းမာဖို့က အရေးကြီးသကွာ။ ဟလိုက်ပါဦး"

ရွှေင်သည် ထမင်းလုတ်ကြီးတစ်လုတ်ခွဲ့ပေးပြီးမှ ထမင်းသုံးလေးလုတ်ကို အပြေးအလွှားလွေးသည်။

မေှင်၏ မြည်တမ်းသံသည် မေိုးကောင်းအား ငိုချင်လျက်လူကို လက်ဖြင့်တို့ခြင်းဖြစ်သည်။ ရွှေရောင်လွှမ်းသော မြရိပ်ညိုထဲ၌ ရှင်ဒန်းလှ၏ မျက်နှာသည် ပေါ်လာ၏။

တာအိုးကလေးများတွင်ရေထည့်လျက် ဖွားဖက်ပွင့်များကို ထိုးစိုက်ကာ သံဃာတော်များအား သွားရောက်ကန်တော့သည့် စိတ်ကူးမြင်ကွင်း၌ မေိုးကောင်းနစ်မွန်း၏။ သည်လူအုပ်ထဲ၌ ရှင်ဒန်းလှပါဝင်၏။ သို့သော် သူ့ထံတွင် အပြုံးမရှိ။ မေိုးကောင်းအား မရယ်မပြုံး၊ စိမ်းကားသည်မဆိုသာ၊ ကြည်လင်သည်လည်း ပြော၍မရသော မျက်လုံးများဖြင့် ကြည့်နေသည်။

"သူများတွေမှာ စစ်သံကြားရင် နာဖျားဥပါယ် ဆင်ကြသယ်။

အကျွန်ုပ်ရို့ ကိုရင်မှာတော့ ဓားကိုပိုက်ပြီး အိုးစားဖက်ကို တစ်အိမ်တက်ဆင်း လိုက်ရှာသယ်။ အဲ့ပေါ့ကောတော်ရို့ ”

တပ်တော်တွင် ငမိုးကောင်း ဝင်ရောက်အမှုထမ်းသည်ကို ရှင်ဒန်းလှ မနှစ်မြို့။ မကျေနပ်စကားပြောခြင်းဖြင့် ရင်တွင်းအမှုအရာကို ဖော်ပြခဲ့သည်။

“ငါရို့တပ်တော်ကြီးမှာ အမှုတော်ထမ်းချင်တိုင်း ထမ်းလို့ရသယ် ထင်ရော့လားအမိ။ ဘုရင်မင်းမြတ်နဲ့ သစ္စာတော်ခံ အနွယ်အဆက်ကိုမှ လယ်တာလုပ်ကိုင်စားသောက်ဖွယ်ရာ ချပေးသပါ့။ သည်လို လူများမှသာ အမှုတော်ထမ်းခွင့်ရသာပါ့ ”

ဂုဏ်ယူတတ်အောင် သွန်သင်ကြား၊ ရှင်ဒန်းလှ နားမဝင်။ သည် ငယ်ကျွမ်းနှင့် ရှေ့ဆက်ရမည့် ခရီးတာသည် ဖြောင့်ဖြူးပါမည်လော။

ငမိုးကောင်း ရင်မောရသည်။

ကုလားဖြူ အမြောက်ကျည်တစ်တောင့် ဟိုဘက်သစ်ပင်ဘေးသို့ ကျရောက်ပေါက်ကွဲသည်။ ငမိုးကောင်း အသက်အောင့်ထားစဉ် ယမ်းငွေ့ကြားမှ အကြပ်ငဖားဥ အသံကိုကြားရ၏။

“ငမိုးကောင်းနဲ့ အပေါင်းပါလေးယောက်၊ ထမင်းစားပြီးရင် အသင့် ပြင်ကြပေ့။ လမ်းမြောင်ထိပ်က အမြောက်ကို ကာကွယ်ရမယ်”

အော်သံအဆုံးတွင် ငဖားဥပေါ်လာသည်။ သူ့ခေါင်းကို အဝတ် စည်းထားသည့်နည်းတူ လက်ကိုလည်း ကျပ်စည်းထားသည်။

ငမိုးကောင်းသည် သူ့လူများကို စောင်းငဲ့ကြည့်ရင်း ထရပ်သည်။ မရေးမနှောင်းပင် သူ့လူများသည် ထရပ်ကာ ထမင်းကို လက်စသတ် သည်။ ထမင်းကို လက်ဖြင့်စားသော်လည်း လက်သုတ်ရန် အဝတ်မလိုပါ။ သစ်ပင်က သစ်ခေါက်များ၊ သစ်ရွက်များ မြက်ခြောက်များရှိသည် မဟုတ် လော။

အနောက်မြောက်ဘက်သို့ သွားသောလမ်းတွင် ကုန်းကလေး တစ်ခု

ရှိသည်။ သည့်ပေါ်၌ အမြောက်တစ်လက်ရှိသည်။ သိမ်ဖြူခံတပ်ကို သိမ်းပိုက်ပြီးနောက် ကုလားတပ်သည် ရွှေတိဂုံဘုရားဘက်သို့ ဦးတည်ပြီ။

ငမိုးကောင်းတို့ တောအုပ်ထဲသို့ဝင်ခဲ့သည်။ ငမှင်သည် ဒဏ်ရာရနေငြား၊ ချန်မနေခဲ့။ သူတတ်စွမ်းသမျှ ထမင်းအိုးနှင့် ဆန်ခါးပတ်များ ဆီစိမ်ပုဆိုးများကို သယ်ပိုးသည်။

မြန်မာရဲမက်များသည် တောအုပ်တွင်း၌ အစုလိုက် ချီတက်လျက်ရှိသည်။ ရန်သူတွင် လက်နက်ကောင်းသည်ကို ရဲမက်များ မသိပါ။ ရန်သူက လက်နက်သာလွန်သည်ကိုလည်း ရဲမက်များ နားမလည်ပါ။ သူတို့ နားလည်သည်မှာ အမိမြေကို အသက်ပေးပြီးကာကွယ်ရန်။

အမြောက်တွင် အမြောက်တပ်သားများ အလုံအလောက်ရှိသည်။ ယမ်းအိုးများကို တောင်ပူစာခြေရင်း၌ သစ်ခက်ဖုံးထားသည်။ အမြောက်ဆန် အချို့ကို ကမူပေါ်၌ ပုံထားသည်။

"ငမှင်က လွတ်ရာမှာနေဟေ့။ ငါတို့လေးယောက်က နှစ်နေရာစီ ခွဲပြီး စောင့်ကြရအောင်"

သေနတ်သံများသည် တောအုပ်အတွင်းသို့ ရောက်လာသည်။ ကုလားများနှင့် မြန်မာရဲမက်တော်တို့ တောတွင်းနေရာအနှံ့ တိုက်ခိုက်ကြပြီ။ သေနတ်သံများသည် တစ်နေရာတည်းမှမဟုတ်၊ နေရာအနှံ့ဖြစ်သည်။ ရန်သူသည် နေရာဖြန့်ပြီးတက်လာရာတွင် ရဲမက်တော်များကလည်း နေရာအနှံ့မှ ဆီးဆို့တိုက်ခိုက်ကြခြင်း ဖြစ်ဟန်ရှိလေသည်။

ငမိုးကောင်းတို့ ယမ်းထိုးပြီးစောင့်နေစဉ် ကုလားမည်းတစ်အုပ်တက်လာသည်။ ဘေးမှ မြန်မာရဲမက်များ ရုတ်တရက်ပေါ်လာသည်။ အထွေးထွေး အယှက်ယှက် တိုက်ခိုက်သည်။ မကြာမီ ကုလားတွေချည်း ကျန်ခဲ့ကာ နောက်သို့ပြန်ပြေးသည်။ သို့ရာတွင် သူတို့မပြေးနိုင်။ နောက်ထပ်တစ်အုပ် တက်လာသဖြင့် အလောင်းတောနှင့် သွေးအိုင်ကို ပြန်နင်းရ

သည်။ ထိုအခိုက်တွင် ငမိုးကောင်းတို့ ကျောဘက်ရှိ၊ ကမူပေါ်မှ မြေတုန်ဟီး မတတ် အမြောက်သံကြီးပေါ်လာသည်။ ကုလားအုပ်ကြီး ကစဥ့်ကလျား ဖြစ်သွားသည်။

ကုလားအုပ်အတွက် တက်စရာ သည်တစ်လမ်းသာရှိသည်။ သို့ အတွက် ချက်ချင်း ပြန်လည်စုစည်းသည်။ သေနတ်ကျည်မိုး ဖြိုင်ဖြိုင်ရွာ လျက် ထပ်မံတက်သည်။ ငမိုးကောင်းမှာ အမြောက်တပ်သားများ အချိန်မီ ပစ်နိုင်ပါမည်လား တထင့်ထင့်ရှိ၏။ စိုင်ပေါင်ကို လက်ညှိုးတင်ရင်း၊ ကုလားများ သေနတ်တစ်ကမ်းအရောက်ကို စောင့်၏။

"ကျားဘသား ကျား"

တော်လည်းသံနယ်ကျယ်လောင်သောအသံကြီး။ ရတ်တရက်ချုံထဲမှ ပေါ်လာသော မြန်မာရဲမက်များ။ တောထဲမှ ပြေးထွက်လာသော မြန်မာ ရဲမက်များ။

ကုလားများမှာ သေနတ်ဖြင့်မပစ်နိုင်၊ လှံစွပ်ဖြင့်သာ ကြောက်လန့် တကြား ခုခံနိုင်သည်။ သို့သော် တိုက်ပွဲမှာ မကြာမြင့်။ မြန်မာရဲမက်များ သည် ကုလားခေါင်းပြတ်များကို ကျောခိုင်းလျက် ချက်ချင်းပျောက်ကွယ် သွားကြသည်။

မြန်မာရဲမက်များ ပျောက်ကွယ်သွားချိန်၌ ငမိုးကောင်းတို့၏ အမြောက်မှ အမြောက်ဆန်ကြီး ပြေးထွက်သွား၏။ မြင်းစီးကုလား တစ်ယောက် အပိုင်းပိုင်းပြတ်ကာ လွင့်ထွက်၏။ ကုလားများ အထိတ် တလန့် ထွက်ပြေးလေ၏။

သို့သော် ထိုအခြေအနေကောင်းသည် ကွမ်းတစ်ယာညက်ပင် မကြာ ချေ။ ကုလားအလောင်းများကြားသို့ ကုလားအမြောက်တစ်လက်ရောက်လာ ၏။ သူတို့နေရာချနေစဥ်တွင် မြန်မာအမြောက်က ဦးအောင်ပစ်သည်။ ငမိုး ကောင်းတို့ အားပါးတရ ရယ်မောကြ၊ ကုလားအမြောက်ကို မထိချေ။

တစ်ခဏအတွင်းမှာပင် မြန်မာအမြောက်တည်ရှိရာ ကမူကလေးမှာ ပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ မီးခိုးများဖုံးအုပ်သွားသည်။ ငမိုးကောင်းတို့ အမြောက်ရှိရာသို့ ပြေးလာသည်။ ယမ်းအိုးတွေ လွင့်စင်ကုန်ကာ မီးလောင်သည်။

အမြောက်တပ်သား နှစ်ယောက်သာ ကျန်သည်။ တစ်ယောက်မှာ မီးလောင်ခံရသဖြင့် ငမိုးကောင်းတို့ ဝိုင်းဝန်းငြိမ်းသတ်ပေးရသည်။ သို့ရာတွင် နှစ်ယောက်တည်းကျန်ခဲ့သော အမြောက်တပ်သားများသည် အမြောက်ကို မစွန့်ခွာ။ ကျည်ထိုးသည် ယမ်းသိပ်သည်။

"ကာဗတ် ကာဗတ်"

ကာဖတ်သိပ်သည့် အုန်းဆံမရှိ။ ငမိုးကောင်းတို့ လိုက်လံ စုဆောင်းပေးသည်။ ထိုအခါတွင်မှ ကာဖတ်တောင်းသော ရဲမက်ကိုယ်မှ သွေးတွေ ယိုကျလာသည်။ ငမိုးကောင်း တအံ့တသြဖြစ်နေစဉ် ရဲမက်လဲကျသွား၏။ ထိုရဲမက်မှာ သွေးပူနေသောကြောင့် တာဝန်ကို ဆက်လက် လုပ်ဆောင်နေခြင်း ဖြစ်၏။ စင်စစ်အားဖြင့် သူ့ကိုယ်တွင် မှုံးစကြီးတစ်စ စူးဝင်နေပြီတည်း။

သို့အတွက် ငမိုးကောင်းနှင့် ရွှေင်က ကာဖတ်သိပ်ပေးသည်။ သူတို့မှာ အမြောက်ကို နားမလည်။ နားလည်သူမှာ တစ်ယောက်သာ ကျန်သည်။ ထိုသူကို ငမိုးကောင်း လှမ်းကြည့်ခိုက်၌ ရန်သူ့အမြောက်ဆန် ပြေးလာသည်။

ကမူကလေးတစ်ခုလုံး၊ မှောင်ကြီးကျသွားသည်။ ငမိုးကောင်းမှာ ပုံလဲကျသွားရာက ကမူအောက်သို့ လိမ့်ဆင်းလာသည်။

ကမူကိုသိမ်းပိုက်ရန် ကုလားတွေ အော်ဟစ်ပြေးလွှားလာသည်။ ကျားကျားဟစ်သံများလည်း ညံစာသည်။ ကြားဖောက်ဝင်လာသော မြန်မာရဲမက်များ။

ပုဂံစာအုပ်တိုက်

ငမိုးကောင်း လူးလဲထသည်။ မျက်နှာပေါ်သို့ သွေးတွေစီးကျလာသည်။ ရင်ဘတ်ကို ငုံ့ကြည့်သည် သွေးတွေ။ သို့တစေ သူ ထရပ်၍ရသည်။ ဓားကိုလည်း ဆုပ်ထားနိုင်ဆဲ။ ခြေကလည်း လှမ်းနိုင်ဆဲ။ ထိုသို့ဖြစ်ကမည်သည့်အရာ လိုသေးသနည်း။ ရန်သူကို တိုက်ခိုက်ရန်သာ ရှိတော့သည်။

"လာကြဟေ့။ ကုလားလည်ပင်းနဲ့ ငှက်ပျောတုံး၊ ဘယ်ဟာက ခုတ်လို့ကောင်းသတုန်း၊ စမ်းကြည့်ကြစို့"

တစ်ယောက်မျှ ထလာသူမရှိပါ။

"ငရွှင်၊ ရန်ညွန့်၊ ပေါက်ကျိုင်း"

ကျွမ်းထိုးမှောက်ခုံဖြစ်နေသော အမြောက်။ မီးလောင်ဆဲ ယမ်းအိုးများ။ ကျဲပြန့်နေသော ကျည်လုံးများ၊ လူသေများ။ ငမိုးကောင်း အံကြိတ်လိုက်သည်။ သို့စဉ်တွင် အမြောက်ဘေး လူသေများကြားမှ ရဲမက်တစ်ယောက် ထလာသည်။ ပေါက်ကျိုင်း။

ငမိုးကောင်း ဝမ်းသာအားရအော်သည်။

"ငါ့လူတွေ မကုန်သေး။ လာ တိုက်ကြစို့"

လုံ့စွပ်ဖွေးဖွေးများသည် သူတို့ဘက်သို့ပြေးလာ၏။ သူတို့သည် လုံ့စွပ်များ ရောက်အလာကို မစောင့်။ ကုလားများကြားသို့ ခုန်ဝင်သည်။ ကျောချင်းကပ်ပြီး လုံ့စွပ်ကိုင်များ၏ ရင်ကိုခွဲသည်။

ကုလား၏လုံ့စွပ် မလှုပ်ရှားနိုင်မီ ကုလား၏သေနတ်မှ ကျည်မထွက်မီ သူတို့ ခုန်ထွက်သည်။ ကုလားတောထဲ ရောက်လျှင် ရောက်ချင်း ကုလား၏လည်ချောင်းသွေးကို ဖောက်ပြန်သည်။

ပေါက်ကျိုင်းနှင့် ငမိုးကောင်းတို့မှာ အကြပ်ငဖားဥကို ရှာဖွေ မတွေ့တော့ပါ။ သွေးသောက်နန္ဒကျော်၏ တပ်ကိုလည်း အရိပ်အယောင် မမြင်ရပြီ။ စစ်ကဲကြီးသီရိနော်ရထာ၏ တပ်သည်ပင်လျှင် စုံစမ်း၍ ရပါဦးမည်လော။

စစ်ကဲကြီး သီရိနော်ရထာ၏တပ်သည် သိမ်ဖြူခံတပ်တိုက်ပွဲ၌ အကုန်နီးပါးကျဆုံးခဲ့ပြီ။ ငမိုးကောင်းတို့မှာ သွေးသောက်နန္ဒကျော်နှင့် ငမှင်တို့ကို တောအုပ်တွင်း၌တွေ့ရသဖြင့် ဝမ်းသာသည်။ သာသော်ငြား သီရိနော်ရထာ၏ တပ်မှဟူ၍ သူတို့လေးယောက်သာကျန်တော့သည်။

"လာကြဟေ့ အချိန်မရှိဘူး။ သည်တောထဲကတပ်ဟာ စစ်ကဲကြီး မင်းထင်သူရိန်ရဲ့တပ်ပဲဟေ့။ ငါအသိချည်းပဲ"

သွေးသောက်ကြီးခေါ်ရာသို့ သူတို့ လိုက်လာကြသည်။ အကြပ်သွေးသောက် အတန်သင့်သည် နန္ဒကျော်ကိုအမှန်ပင် သိရှိကျွမ်းဝင်ကြသည်။ သို့ကြောင့် ခံကတုတ်တစ်ခုအနီးတွင် နေရာရကြသည်။

ငမိုးကောင်းတို့မှာ ခဏတစ်ဖြုတ်သာ ထိုင်ခွင့်ရသည်။ ရန်သူ့အမြောက်ကျည်သုံးလုံးက ခံကတုတ်ပေါ်နှင့် ဘေးဘက်သို့ကျလာသည်။ သေနတ်သံများလည်း နီးကပ်လာပြန်ပြီ။ သူတို့သည် ငမှင်ကို သစ်ပင်တစ်ပင်အောက်တွင်ထားခဲ့ကာ ရှေ့သို့ အပြေးချီတက်ခဲ့ကြသည်။

ရွှေတိဂုံကုန်းတော်ပေါ်ရှိ မြန်မာတပ်သည် ရန်သူကို တောင်ဘက်မှလာလိမ့်မည် ခန့်မှန်းထားသည်။ အမြောက်ပေါင်း အလက်တစ်ရာနှင့် ရဲမက်ငါးထောင်သည် တောင်ဘက်မှလာမည့် ရန်သူကိုချေမှုန်းရန် အကွက်ချထား၏။ ရန်သူသည် သားရေပေါ်အိပ် သားရေနှားစားများထံမှ မြန်မာတို့၏ အခင်းအကျင်းကိုသိသည့်အတွက် အရှေ့ဘက်မှ လှည့်လာခြင်းဖြစ်သည်။

အရှေ့ဘက်မျက်နှာတွင် အမြောက်ရှစ်လက်သာ ရှိသည်။ သည်အမြောက်များက ကန်တော်ကြီးဘက်သို့ ရောက်လာသောရန်သူကို ပစ်ခတ်ချေမှုန်းသည်။ ငမိုးကောင်းတို့ကဲ့သို့သော ခြေလျင်ရဲမက်များကလည်း ဘေးက တိုက်လိုက်၊ နောက်က တိုက်လိုက်ဖြင့် မရပ်မနား ဒုက္ခပေးသည်။ မြန်မာတို့၏ စိန်ပြောင်းတပ်သားများကလည်း ကြိုးကြားပစ်ခတ် နှောင့်

ယှက်နေသည်။

တဖြည်းဖြည်း မိုးချုပ်လာပြီ။

ငမိုးကောင်းတို့အတွက် အိပ်စက်ရန်သည် အရေးမဟုတ်ပါ။ အစာစားရန်လည်း အရေးမပါပေ။ အရေးပါသည်မှာ ရန်သူ။

သည်ရန်သူကို ရွှေတိဂုံခံတပ်ဆီသို့ မရောက်အောင်လုပ်ရမည်။ ထို့နောက် သိမ်ဖြူခံတပ်နှင့် ရွှေတိဂုံခံတပ်ကြားရှိ တောအုပ်ကြီးကို ကုလားသချိုင်း လုပ်ပစ်ရမည်။

သို့အတွက် ငမိုးကောင်း၊ ပေါက်ကျိုင်းနှင့်ရဲမက်များသည် မှောင်ပိန်းနေသည့်တောအုပ်ထဲသို့ သေနတ်ကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။

ရန်သူကုလားသည် ရွှေတိဂုံခံတပ်ဘက်သို့ ချိန်ရွယ်လျက် အမြောက်လေးလက်ကို တောအုပ်အလွန်၌ချထား ပြင်ဆင်နေသည်။ ထိုနေရာကို အာရုံပြုလျက် ငမိုးကောင်းတို့ တရွေ့ရွေ့ချဉ်းကပ်သည်။ ကုလားရိပ် ကုလားယောင် မမြင်ရ။ စန္ဒရီတစ်ယောက်သာ ရှိသည်။

ငမိုးကောင်းတို့ ကွင်းစပ်တွင်ရပ်သည်။ ငမိုးကောင်းနှင့် သွေးသောက်ကြီးသာ အမြောက်ရှိရာသို့ ချဉ်းကပ်သည်။ စန္ဒရီက ငမိုးကောင်းတို့ဘက်သို့ လျှောက်လာသည်။ ခိုစရာကပ်စရာဟူ၍ ခရာ ချုံကလေးသာရှိသည်။ သွေးသောက်ကြီးနှင့် ငမိုးကောင်း ထိုင်ချလိုက်ကြသည်။ စန္ဒရီပြန်အလှည့်တွင် ငမိုးကောင်းခုန်ထ၏။ စန္ဒရီ ချက်ချင်းပြန်လှည့်ငြား၊ အနည်းငယ် နောက်ကျသွား၏။

သို့သော် ပါးစပ်ကို မိမိရရ မပိတ်နိုင်။ အသံထွက်သွားသည်။ သေနတ်သံများနှင့်အတူ ငမိုးကောင်းတို့ ဝန်းကျင်သို့ ကျည်ဆန်များရောက်လာသည်။ သူတို့ တစ်ချက်စီသာ ပြန်ပစ်နိုင်သည်။

တောအုပ်သည် မှောင်မည်းနေ၏။ မြန်မာရဲမက်များအတွက်ကား မှောင်ခြင်းနှင့် လင်းကျင်းခြင်းသည် မခြားနားပေ။ သူတို့သည် စခန်းချနေ

သည့် ကုလားများကို ညဥ့်လုံးပေါက် တိုက်ခိုက်ကြသည်။

ငမိုးကောင်းတို့၏ အကြံမအောင်ခဲ့သော အမြောက်လေးလက်သည် လင်းလျှင်လင်းချင်း ရွှေတိဂုံခံတပ်ကို စတင်ပစ်ခတ်တော့သည်။ တောအုပ်ထဲ၌ ကုလားများကား လျှော့ပါးမသွား။ တစ်တပ်ပြီးတစ်တပ် အားဖြည့်ရောက်ရှိလာကြ၏။ သူတို့နှင့်အတူ သင်္ဘောတင်အမြောက်ကြီးများပါ ယူဆောင်လာကြသည်။

ဆွမ်းခံဝင်ချိန်အထိ ငမိုးကောင်းမှာ တစ်မေးမျှ မမေးရသေး။

သူသည် ရဲမက်နှစ်ကျိပ်နှင့်အတူ ကန်တော်ကြီး၏ တောင်ဘက်အစွန်ရှိ လျှိုရိုးထဲသို့ ဆင်းလာကြသည်။

အင်အားငါးရာခန့်ရှိသော ကုလားများသည် ခံတပ်၏ အဂ်ါထောင့်သို့ ရောက်ရှိလာကြသည်။ အမြောက်နှစ်လက်ကလည်း သစ်တပ်ကို ပစ်ခတ် ဖြိုဖျက်သည်။ ကုန်းတော်ပေါ်မှ အမြောက်များသည် ကုလားအုပ်ထဲသို့ ပစ်သွင်းနေရာက အမြောက်နှစ်လက်ဖက်သို့ ဦးတည်လာသည်။

ငမိုးကောင်းတို့သည် လျှိုရိုးအတိုင်း ဆက်လက်ချီတက်သည်။ တဖြည်းဖြည်းချုံခိုကာ လျှိုရိုးပေါ်တက်လာကြသည်။ ခံတပ်ကြီးကို ကာရံထားသော ရေမတိုင်ကြီးတွေ ကျိုးပြတ်လွင့်စင်ကုန်ပြီ။

ကုလားဗိုလ်၏ အမိန့်ပေးသံအဆုံး၌ ယာတောင်ပံမှ ရာတပ် စတင်ချီတက်၏။

"ယား.... ကျား၊ ကျားဘသား"

အငိုက်ဖမ်းသော ဓားရဲတပ်။ လူကုန်မဟုတ်၊ တစ်ကျိပ်တည်းဖြစ်သည်။ ညာသံပေးလိုက်ချိန်တွင် ကုလားများကြားသို့ မြန်မာရဲမက်တွေရောက်နေပြီ။ ထိုးခုတ်သုတ်လှွားပြီး၊ နီးရာလျှိုထဲသို့ ခုန်ချသွားကြသည်။ ကစဥ့်ကလျားဖြင့် လိုက်လံပစ်ခတ်နေသော ထိုကုလားဖြူများကို လျှိုနှုတ်ခမ်း၌ ချန်နေခဲ့သော ကျန်ရဲမက်များက သေနတ်ဖြင့်ပစ်သည်။ ထို

ကုလားဖြူများမှာ မိမိသာ သေကြေဒဏ်ရာရသည်၊ မြန်မာရဲမက် တစ်ယောက်တလေကိုမျှ မသတ်လိုက်ရ။

ဤသို့ မကြာခဏ နောက်ပိုးသိပ်ပါလျက်က၊ အဆက်မပြတ် နှောင့်ယှက်နေပါလျက်က ကုလားဖြူ ကုလားမည်းတပ်များသည် သစ်တပ်တွင်း ဝင်ရောက်မိကြပြီ။ ခံတပ်တွင်း၌လည်း အနီးကပ် လုံးထွေးတိုက်ခိုက်ကြသည်။

နေမြင့်လေလေ တိုက်ပွဲပြင်းထန်လေလေဖြစ်သည်။ ပြင်းထန်သော ပေါက်ကွဲသံများ အဆက်မပြတ်ထွက်ပေါ်နေပုံမှာ ပေါက်ပေါက်လှော်သံနှယ် ရှိ၏။ မြန်မာတို့သည် ရဲရင့်သော်လည်း၊ စစ်ပညာကျွမ်းကျင်သော်လည်း၊ လက်နက်အရာ၌ ချို့တဲ့သည်။ သို့အတွက် မွန်းတိမ်းစတွင် တိုက်ပွဲ အရှိန်ကျသွားလေ၏။

★

# ၄

ငမိုးကောင်းသည် သူ မည်သို့ဖြစ်သည်ဟု သူ့ကိုယ်ကို သူမသိ။ သူသည် နှစ်နေ့နှင့် နှစ်ည မအိပ်မနားဘဲ ပြေးလွှားတိုက်ခိုက်ခဲ့ရသဖြင့် အားအင်ကုန်ခမ်းနေခဲ့သည်။

ယခု သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေသည်ဟု သူ့ကိုယ်သူထင်၏။ ကျောပြင်နှင့်၊ အခင်းနှင့် ထိထားရသဖြင့် ကျေနပ်၏။ တစိုက်စိုက် ထောင်မတ်ထားခဲ့ရသော ဦးခေါင်းမှာလည်း ယခုမှ မှေးမှိန်ခွင့်ရသည်။ သို့ပါလျက် မည်သည့်အတွက်ကြောင့် လန်းလန်းဆန်းဆန်း မဖြစ်ရသနည်း။ အဘယ့်ကြောင့် ဦးခေါင်းထဲတွင် သံတုံးတွေထိုးသိပ်ထားဘိသို့ ခဲနေအုံနေ လေးလံနေပါသနည်း။

ငမိုးကောင်း စဉ်းစား၍မရ။

မျက်နှာပေါ်တွင် ပဲပုစွန်သီးများ မိုးနေသည်။ ပဲပုစွန်စင်၏ အောက်

သို့ ရောက်နေကြောင်းကား သေချာပြီ။ သို့ဆိုက မည်သည့်အရပ်သို့ မည်သို့ မည်ပုံ ရောက်နေသနည်း။

သူ ကုန်းထရန်အတွက် စောင်းသည်။

တစ်ကိုယ်လုံးကို မီးစကြီးဖြင့် ထိုးဆွလိုက်သည့်အလား၊ တစ်ကိုယ်လုံး နာကျင်သည်။ ခေါင်းခွံမှ ထက်ခြမ်းကွဲထွက်လုလု နာကျင်လှ၏။ ထိုအခါ ပက်လက်နေမြဲ နေကြည့်သည်။ အနာအကိုက် အအောင့်များ လျော့ပါး၏။

'ငါ ဘာဖြစ်တာပါလိမ့်။ ဘယ်လိုဖြစ်ပါလိမ့်'

ကြိုးစားပြီး ပြန်ပြောင်းတွေးကြည့်၏။

ကုလားဖြူ ရာတပ်ထဲသို့ စားရဲတပ်ဝင်ခုတ်ချိန်သည် ဆွမ်းခံပြန်လုလု အချိန်ဖြစ်သည်။ ငမိုးကောင်းတို့ စားရဲတစ်ကျိပ်သည် ဝင်ခုတ်ပြီး ရိုးထဲသို့ခုန်ချသည်။ ကုလားဖြူများ သွေးရူးသွေးတန်းပစ်ခတ်ငြား မထိ။ ငမိုးကောင်းကိုလည်း ရန်သူ့ကျည်မခ။

ငမိုးကောင်းသည် လေထဲသို့ရောက်လာသည်။ သူကျရောက်မည့် နေရာကို ငုံ့ကြည့်သည်။ ဟာခနဲ ဖြစ်သည်။ ဖြစ်သော်လည်း သူ မည်သို့မျှ မတတ်နိုင်။ သူ့ကိုယ်ကြီးကျမည့်နေရာတွင် ဝါးငုတ်သုံးခု ဖိုခနောက် (ဖိုခုံလောက်) ဆိုင်တည်နေသည်။ ငမိုးကောင်း အနည်းငယ်သာ တွန့်လိမ် နိုင်သည်။

'ဝါးငုတ်စူးတာလည်း ဟုတ်မယ်မထင်ဘူး'

စဉ်းစား၍ မရသဖြင့် မျက်စိမှိတ်ကာ မှိန်းနေသည်။ ခြေသံသဲ့သဲ့ ကြားသည်။ ခြေသံသည် နီးသည်ထက် နီးကပ်လာသည်။ ငမိုးကောင်း မျက်စိဖွင့်ကြည့်သည်။ ကြည်လင်သော မျက်လုံးလှလှကလေး နှစ်လုံးသည် ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရုတ်ချည်း ပြောင်းလွဲသည်။

တစ်စုံတစ်ရာ လွတ်ကျသံပေါ်လာသည်။ မျက်လုံးလှလှကလေး

သည် လှစ်ခနဲထွက်ပြေးသည်။ သင်းကြည်သော ပန်းပေါင်းရနံ့မှ ကာယကံ ရှင်နှင့်အတူ လိုက်ပါ မသွားနိုင်ခဲ့ချေ။

ငမိုးကောင်း ပြန်လည်မျက်စိမှိတ်သည်။ သူ့အာရုံတွင် ‘ငါဘာဖြစ် တာပါလိမ့်၊ ဘယ်ရောက်နေပါလိမ့်’ မရှိတော့။ အပြစ်ကင်းစင်သော ချစ် သနားစရာ မျက်လုံးကလေးအစုံသာ လူးလာဆန်ခတ်နေသည်။

ခြေသံကြားရပြန်ပြီ။ သစ်ရွက်ခြောက် ရှပ်တိုက်သံမျိုး မဟုတ် သဖြင့် အခြားတစ်ယောက် ဖြစ်တန်ရာ၏။ မျှော်လင့်သည်။ မြေကြီးပေါ် နင်းလာသော ခြေသံကို ကွပ်ပျစ်ပေါ်မှ ကြားရသည်ကပင် ပြင်းထန်သည်။

ကျယ်ပြန့်ညိုမောင်းသော ရင်အုပ်ကျယ်ကြီးနှင့် မေးရိုးကားကား လေးထောင့်မျက်နှာကြီးသည် ငမိုးကောင်းအား စိုက်ကြည့်လျက် ရပ်တန့် သည်။

“အနောင် သတိရပြီကော၊ ဝမ်းသာသဗျို့”

အသံသာသာယာယာ ဝဲဝဲလွင်လွင်ကို ငမိုးကောင်းကြားရသည်။ အေးဆေးတည်ကြည်သောမျက်နှာ၌ ပွင့်ဖူးလာသောအပြုံးသည်လည်း အေးချမ်း၏။

“အမေနဲ့ အဖေ ထင်းခွေထွက်ရင်း ခွေးဟောင်သံကြားလို့ လိုက် အကြည့်၊ ကမ်းပါးစောင်းမှာ တင်နေတာတွေ့လို့၊ အကျွန်လိုက်ပြီး ထမ်းချ ရတာအနောင်။ လက်ကျိုးတယ်၊ ခြေကျိုးတယ်၊ ဖျားတယ်။ အနောင် သတိ လစ်နေတာ နှစ်ရက်တောင်မှ”

“ဟုတ် ဟုတ်ကဲ့။ အနောင်က ကရင်လား မွန်လား”

“ကရင်လည်းဟုတ် မွန်လည်းဟုတ် ဗမာလည်းဟုတ်ရဲ့”

ငမိုးကောင်း ပြုံးရမည်သို့ ရယ်ရမည်သို့ရှိသည်။ သို့ကြောင့် စကား ပြောင်းလိုက်မိသည်။

“အခု ကျုပ် ဘယ်ကိုရောက်နေပါလိမ့် အနောင်”

"ဆံတော်ရှင် စေတီတော်ကြီးနားမှာပါအနောင်။ စေတီတော်ကြီး ပေါ်မှာ ကုလားတွေ ရောက်ရှိဖျက်ဆီးနေပြီကော"

ငမိုးကောင်းခေါင်းညိတ်သည်။ ရွှေတိဂုံခံတပ်ကြီး ကျဆုံးပြီးနောက် ခံတပ်ထဲမှလူများ မည်သည့်အရပ်သို့ ဆုတ်ခွာသွားကြသနည်း။ နှစ်နေ့ နှစ်ည မနားမနေ ပြေးလွှားတိုက်ခိုက်ခဲ့သော မိမိ၏ရောင်းရင်းများ အားလုံး သေပြီလော။ ငမှင် မည်သည့်နေရာသို့ ရောက်သွားပြီနည်း။ ထို့ပြင် ပေါက်ကျိုင်း။

လူရွယ်သည် ငမိုးကောင်းအား အနောင်ဟုခေါ်ပြြး သက်တူရွယ်တူ သာရှိပုံပေါက်၏။ သူသည် ကွမ်းသီးပင် ကွပ်ပျစ်စွန်တွင် တင်ပါးလွှဲ လာ ထိုင်သည်။

"ကုလားဟာ ကုလားပဲ အနောင်။ တစ်ပါးအရပ်ကလာတဲ့ ရန်သူ ဟာ၊ ရန်သူပါပဲလေ။ ဗမာသော၊ ကရင်သော၊ မွန်သော၊ ရှမ်းသော မရှောင် နှိပ်စက်တယ်အနောင်"

ရန်သူကို လိုလားသံမကြားရသဖြင့် ငမိုးကောင်း ဝမ်းသာသည်။

ရန်သူသည် ရွှေတိဂုံစေတီတော်ကို နှစ်နှစ်ကြာသိမ်းပိုက်ထားခဲ့ သည့် ပထမအကြိမ်က သည်အရပ်တွင် မီးမွှေးပစ်ခဲ့သည်။ သည်တုန်းက အငွေ့အသက်ကို သည်လူများထံ၌ မကြားရသဖြင့် ကျေနပ်သည်။ သို့ မဟုတ်ပါက စိတ်မချမ်းသာစွာဖြင့် သူ့ရေသောက်၊ သူ့အစာစား၊ သူ့အရိပ် ခိုပြီး မည်မျှကြာအောင် နေထိုင်ရမည်မသိ ရှိရော့မည်။

ထူးခြားသော အနံ့သစ်တစ်ခု ဝေ့ဝဲလာ၏။

'ဘာပါလိမ့်'ဟု သိချင်ဇောဖြင့် ငမိုးကောင်း မျက်လုံးဝေ့စဉ်၊ ခုနက ပြေးပျောက်သွားသော မျက်နှာဝိုင်းကလေးကို လှမ်းမြင်ရသည်။ လက်ထဲ တွင် ဝါးခြမ်းခွက်ကို ကိုင်လာသည်။ ဝါးခြမ်းခွက်ထဲမှ အငွေ့ထွက်နေသော အရာသည် ငမိုးကောင်းကို ဦးစွာအသိပေးသော အနံ့ဖြစ်သည်။

လူငယ်သည် ငမိုးကောင်းကို ညင်သာစွာပွေ့ထူသည်။

"စားဦးမှ အနောင်။ အစာမရှိလည်း အနာပျောက်နေးသည်လို့ အဖေ ပြောပြောနေတယ်ပါ့"

သူသည် မျက်နှာဝိုင်းကလေးထံမှ ဝါးခြမ်းခွက်ကို လှမ်းယူသည်။ ခွက်ထဲရှိ ယက်မန်းရည်ကို ဝါးဆစ်ဇွန်းဖြင့် ခပ်ပြီးတိုက်သည်။

သည်အရာကား အစာပေတည်း။ သက်ရှိသတ္တဝါဟူသည် အစာနှင့် ကင်း၍မရဟူသော အသိကြောင့်သာ ငမိုးကောင်း ပါးစပ်ဟပေးပြီး စုပ်ယူ မျိုချရ၏။ မည်သည့်အရသာမျှ မရှိ။

သုံးလေးဇွန်းစာ မျိုချပြီးချိန်၌ ခါးသက်သော အရသာသည် လျှာ ဖျား၌ပေါ်လာ၏။

ယက်မန်းရည်တိုက်သူသည် အမေဖြစ်ပါမူ ငမိုးကောင်း ဆက် သောက်ရန် ငြင်းဆန်လိမ့်မည်။ ထိုအခါတွင် အမေသည် ဆက်လက် သောက်ရန် ဖျောင်းဖျမည်။ တစ်ဇွန်းမှနစ်ဇွန်း ပိုပြီးသောက်ချင်အောင် ချော့မော့လိမ့်မည်။

ယခုသော်ကား အမေ့မေတ္တာအိမ်မှမဟုတ်။ ကိုယ့်အသက်ကို ကိုယ့် အသိဖြင့် မွေးမြူထောက်ကန်ရလိမ့်မည်။ ရုတ်တရက် အမေ့ကို သတိရ သည်။ နားပေါက်နေရာကို လက်ဖြင့်စမ်းမိသည်။

ဝမ်းသာမှုအလျဉ်သည် ငမိုးကောင်း၏ရင်၌ တည်ထွန်း၏။ ဝမ်းသာမှုဖြစ်လာသောအခါ အားတက်ခြင်း၊ ရဲရင့်ခြင်းများပါ တစ်ပြိုင်နက် တည်း ဖြစ်တည်လေ၏။

မှန်သည်။ အမေ့ထဘီစ။

အမေ့ထဘီစကို ကြိုးကျစ်ပြီး နားရွက်ပေါက်ထဲ၌ သွင်းထားခဲ့သော 'နားပန်' ကလေးသည် နေရာမပျက်ရှိသည်။

"အမေ့သား သွားလေရာမှာ ခလုတ်မထိ ဆူးမငြိပါစေနဲ့။ တိုက်ပွဲ

တိုင်း အောင်မြင်ပါစေတော်"

နားပေါက်ထဲက နားပန်ကလေးသည် အမေ့ကိုယ်စား ဆုပေးနေဘိသို့ရှိ၏။ သည်နားပန်သည် အမေ့မေတ္တာ အမေ့ကိုယ်စား အမေ့ကိုယ်ပွား ဖြစ်သည်။ သို့ကြောင့်သာ တိုက်ပွဲတိုင်း၌ ငမိုးကောင်းမှာ အနာတရကြီး မရခြင်း ဖြစ်သည်။

'အမေနဲ့ နှမတွေ ပသို့များ နေကြပါလိမ့်'

အထူးသဖြင့် အမေ့မာရေးချာရေးကိုသာ ငမိုးကောင်းနောက်ဆံငင်၏။ စားသောက်နေထိုင်ရေး အတွက်သော်ကား မကြောင့်ကြ။ သရက်ကန်ရွာမှာ ရွာကြီးဖြစ်သဖြင့် 'နောက်ထောက်' တောင့်သည် ဆိုနိုင်၏။ ရွာက စားရေရိက္ခာ ထောက်ပံ့ရုံသာမက လယ်များယာများကိုလည်း ဝိုင်းဝန်းထွန်ယက် စိုက်ပျိုးရိတ်သိမ်း ပေးကြလိမ့်မည်။

"အမယ် ယက်မန်းရည်တောင် သောက်နေပြီကော"

ပလုတ်ပလောင်းသံကြီးကို ကြားရသဖြင့် ငမိုးကောင်း၏ အာရုံပြယ်၏။ ပါးစပ်တစ်ပြင်လုံး ကွမ်းတွေပေကျံနေသော အသက် ၄၀ ရွယ်ဘ။ ဝမ်းသာသော မျက်လုံးဖြင့်ကြည့်၊ အားရသောအသံဖြင့်ပြောရင်း ငမိုးကောင်း ဘေးသို့ ချဉ်းကပ်လာ၏။

"လူကလေး မသေတော့ဘူး စိတ်ချရပြီ"

ဘသည် ငမိုးကောင်း၏ နဖူးကိုစမ်းကြည့်ရင်း "အဖျားတော့ မရှိပြီ" ဆိုရာက ကြည်နူးစွာကြည့်၏။

"အပူကြီးပြီး ငန်းဖမ်းနေတာ ခုနစ်ရက်၊ သတိလုံးဝ နှစ်ရက်လစ်နေတုန်းက စိုးရိမ်ရဘိခြင်း လူကလေးရယ်"

သူ့မျက်လုံးထဲတွင် မေတ္တာအပြည့်ပါသည်ကို အေးမြသော ခံစားမှုဖြင့် ငမိုးကောင်းသိသည်။ ဖခင်၏မေတ္တာမျိုးကို ငမိုးကောင်း ရရှိခံစားနေရသည်ထင်၏။

"ငါတို့ မွန်၊ မြန်မာ၊ ကရင်တွေရဲ့ အထွတ်အမြတ် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကုလားဖြူ ကုလားမည်းတွေ အမြောက်နဲ့ထုလို့ ရစရာမရှိအောင် ပျက်စီးခဲ့ပြီကော လူကလေး"

"မိစ္ဆာဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိအလုပ်ပဲ လုပ်မှာပါ့ အဘ"

"ဒါပါ့ လူကလေး။ နောက်နေ့မှာ အမြောက်သံမကြား သေနတ်သံမကြားတာနဲ့၊ ဟင်းရွက်ခူးထင်းခွေရင်းနဲ့ တိုက်ပွဲကျန်ရဲမက်စစ်သည်တွေ ဒုက္ခရောက်နေတာတွေ့ရင် ကူညီရင်းလုပ်ရအောင်ပါ့။ အေ.... မတွေ့ပါဘူး ကွယ်"

အဘသည် မိမိကဲ့သို့ အကူအညီလိုသူများ ကျန်ရှိနေခဲ့ပါက ကူညီရန် ကယ်ဆယ်ရန် ဆိုပါတကား။ နားထောင်ရင်းက ငမိုးကောင်း၏ မျက်လုံးအိမ်ဝယ် ဝမ်းသာမျက်ရည်များ အိုင်ထွန်း၏။

"မတွေ့ပါဘူးကွယ်။ ထင်းလည်းရ ဟင်းရွက်လည်းရပြီမို့၊ ဗဟန်းဘက်က လှည့်ပြန်တော့မှ အဘတို့ရဲ့ခွေးက လူကလေးကိုတွေ့တာပါ။ လူကလေးကို ပြေးကြည့်ပြီး ဟောင်လိုက်၊ အဘတို့ဆီ ပြန်လာလိုက် လုပ်နေလို့ လိုက်ကြည့်ရတာကလား လူကလေးရယ်"

"ဟော ထထိုင်နေပြီကော"

ဝမ်းသာအားရ အော်သံတစ်ခု ပေါ်လာပြန်သည်။ မျက်နှာဝိုင်းကြီးနှင့် အသက် ၄၀ ရွယ် အမယ်အိုဖြစ်သည်။ ခေါင်းတင်တဘက်ကို ပခုံးပေါ် ဖြုတ်ချသည်။ ငမိုးကောင်း၏ နဖူးကိုစမ်းကြည့်သဖြင့် "အဖျား မရှိတော့ပါဘူး တို့ဘက်က နိုင်သွားပါပြီ" ဟု ဘကဝင်ပြောသည်။

"ယက်မန်းရည်လည်း သောက်သပါ့အမိ"

မျက်နှာဝိုင်းကလေးကိုမူ ငမိုးကောင်း မမြင်ရ။ အသံကြည်အေးအေး ကလေးသာ ကြားရ၍၊ ကြည်လင်ရွှင်ပျနေမည်မှာ သေချာသည်။

"မသေကောင်း မပျောက်ကောင်းသားရယ်။ အမေတို့သာ ထင်းခွေ

မထွက်မိရင် လူလေး ကယ်သူဝေးချေရဲ့။ လူကလေး ရောက်နေတဲ့ နေရာက ကမ်းပါးစောင်းက ဝါးရုံဟောင်းပေါ်မှာ ခက်လိုက်ပါဘိ လူကလေး"

"ဝါးရုံပေါ်မတင်ဘဲ အောက်ကိုကျရင် ကျောက်တုံးတွေ ငုတ်တွေနဲ့ အခက်သားကလား။ အခုနေရာက ကမ်းပါးစောင်းက အသူငါးဆယ်လောက်ပဲ နက်တာကလား။ ငါလည်း တစ်ယောက်တည်း မနိုင်တာနဲ့ ငမိုးရိပ်ကို ပြန်ခေါ်ရသေးပါကော"

ငမိုးရိပ်။

ငမိုးကောင်း နှစ်ခြိုက်စွာ ပြုံးသည်။ အဘ၏သားအမည်မှာ ငမိုးရိပ် ဟူပါတကား။

"အဖနဲ့အမိက အနှောင်ကို နွယ်ပင်နဲ့ထိန်းထားပြီး ကျုပ်က ထမ်းပြီး ဆင်းရသကော။ အနှောင့်ကိုယ်ကြီးက လေးလံပါဘိ"

ငမိုးရိပ်သည် နှစ်ခြိုက်စွာ ရယ်မော၏။ ငမိုးကောင်း ရောယောင်ပြုံးရာ မေးရိုးတွေက စစ်ခနဲနာသဖြင့် အပြုံးကို ထိတ်လန့်စွာ ရပ်ရ၏။

"လူကလေး ကံကောင်းသကွယ့်"

အမေအို့ အပြောဖြစ်သည်။

"သည်တော သည်တောင်မှာ ဆေးသမားဝေးပါဘိ။ လူကလေး ကံကောင်းတော့ သူတို့အဖေက ဆေးသမားဖြစ်နေသကော"

"ဟုတ်ကဲ့ အမေ။ ဟုတ် ဟုတ်ကဲ့"

"မင်းတရားကြီးရဲ့ ရဲမက်တော်တွေ ကြည့်မြင်တိုင်ဘက်က တစ်ဆင့် ဘောလယ်ဘက်ကိုကူးပြီး တပ်စွဲနေကြထင်ရဲ့။ သို့သော်လည်း လူကလေး လိုက်နိုင်ဖွယ်မရှိသေးဘူးပေါ့"

အဘသည် လည်ပင်းရှည်ကြည့်ပြီးမှ စကားဆက်၏။

"လူကလေးရဲ့ကိုယ်မှာ ယမ်းဘူးတွေ တွေ့သကော။ မင်းတရားရဲ့ ရဲမက်တော်ပါ့။ ပြီးတော့ လူကလေးရဲ့ဓား။ ဓားရိုးဓားနှောင့်တစ်ခုလုံးမှာ

သွေးစေးတွေခဲနေပါကော။ မိစ္ဆာဒိဋ္ဌိသွေးတွေ မဂ်လာမရှိတာနဲ့ ရေနွေးနဲ့စိမ်ပြီး ဆေးပစ်ရသကွယ်"

ဓားဟု ကြားခါမျှဖြင့် ငမိုးကောင်းမှာ ခြေလက် ပြန်လည်ကောင်းမွန်သွားသည့်အလား ဝမ်းမြောက်ရသည်။

အဖေ့ဝိညာဉ် ပူးကပ်နေသောဓား။

အာသံ၊ မဏိပူရဘက်တွင် ကုလားဖြူ ကုလားမည်းသွေးကို မသောက်ချင်အဆုံး သောက်ခဲ့သော အဖေ့ဓား။ "မိစ္ဆာဒိဋ္ဌိသွေးကို သောက်ဖို့အတွက် ငါ့ဘကြီး လုပ်ပေးခဲ့တဲ့ဓား။ ငါ့သားလက်ထက်မှာလည်း မိစ္ဆာဒိဋ္ဌိသွေးနဲ့ ဓားကို သိဒ္ဓိတင်ပါစေ"ဟု မှာကြားပြီး အမေ့လက်ပေါ်၌ အသက်ပျောက်သွားသောအဖေ။ သည်အဖေ ယခုတိုင် မကျွတ်လွတ်သေး။ သရဲဖြစ်လျက် သည်ဓားကို 'စီး' နေသည်ဟု ငမိုးကောင်း ယုံကြည်သည်။

မျက်နှာဝိုင်းကလေးက ဓားကို တရိုတသေယူလာပြီး အဘကိုပေးသည်။ အဘက ငမိုးကောင်းလက်ထဲ ထည့်သည်။ ငမိုးကောင်းမှာ ဓားကို ရင်မှာအပ်မိခါမျှဖြင့် အားတွေအင်တွေ တိုးသစ်လာသည် ခံစားရ၏။ အမေ ရော အဖေပါ ငမိုးကောင်းထံတွင် ရှိနေကြပြီ။ ငမိုးကောင်းမှာ ဝမ်းသာသည် ရော အားတက်သည်ပါ စုပြုံခံစားနေရသည်။

"အဘတို့နဲ့ ရှေးရေစက်ရှိလို့၊ အခုလို ဆုံရတယ်မှတ် လူကလေး။ အားနာမနေနဲ့။ ကျန်းမာအောင်နေ။ ကျန်းမာမှ မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားမည်းတွေကို ဆက်လက်သုတ်သင်နိုင်မှာပေါ့"

အဘသည် ကွမ်းဝါးသံကြီးဖြင့် အားပေးသည်။

"ကုလားတွေ ဘုရားပေါ်မှာလား အဘ"

"ဘုရားပေါ် ရောက်နေသပါ့။ ဘုရားရင်ပြင်တော်ပေါ်မှာ ဖိနပ်စီးပြီး၊ စေတီတွေ ဌာပနာတွေကို ဖြိုသပါ့၊ ဖောက်သပါ့၊ တူးသပါ့"

ငမိုးကောင်း နားထင်နားရင်းတွေပူ၏။ မျက်လုံးက မီးဝင်းဝင်း

တောက်မည်သို့ရှိ၏။ ဒေါသဖြင့် တောက်ခေါက်ပြီး၊ အသံမထွက်။ ပါးရိုးတွေမှာ အရိုးမျက်သည့်နှယ် ဖြစ်နေသည်။

“မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားမည်းဟာ မွန်တွေ ကရင်တွေ ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာ ဘုရားတွေကို ဖျက်ဆီးသကောလူကလေး။ သူတို့ဟာ မွန်တွေ ကရင်တွေရဲ့ ရန်သူပဲပါ။ မိတ်ဆွေ မဟုတ်ဘူး၊ ရန်သူ”

ဝမ်းသာဖွယ် စကားဖြစ်သည်။ ရန်သူသည် အကောက်ဉာဏ်သုံးခဲ့သဖြင့် ငမိုးကောင်း စိုးရိမ်နေသည်။ အဘထံမှ ပွင့်လင်းသော ရင်တွင်းလာစကားကို ကြားရသောအခါ စိုးရိမ်စရာ မရှိပြီ။ အဘသည် ကုလားဖြူအင်္ဂလိပ်နှင့် နောက်လိုက်နောက်ပါ ကုလားမည်းကို မုန်းတီးသူဖြစ်ရာ ငမိုးကောင်း၏ အထပ်ထပ်တော်စပ်သော ဆွေမျိုးသားချင်းဟု သဘောထားလိုက်ပြီ။

“လွန်ခဲ့တဲ့ နှစ်ပေါင်းအစိတ်လောက်ကလည်း သည်ကုလားတွေ သည်ဘုရားပေါ်တက်ပြီး ဖျက်ခဲ့သေးသကော လူကလေး။ အဘအဖေက တစ်နေ့ကို မိစ္ဆာကုလားတစ်ယောက်ကျ ဒူးလေးနဲ့သွားသွားပြီး ချောင်းပစ်သကော”

“ဘာရဲ့အဖေက ဘာပြုလို့တုန်း ဘ”

“ငါတို့ မွန်တွေ အမြတ်တနိုး ရိုကျိုးကိုးကွယ်တဲ့ ရွှေတိဂုံဆံတော်ရှင် ဘုရားပေါ်ကို ဖိနပ်စီးပြီးတက်တယ်။ စေတီတွေကို အမြောက်နဲ့ပစ်ပြီး ဖြိုတယ်။ဆင်းတုတော်တွေ ချိုးဖွဲ့ဖျက်ဆီးတယ်။ ဌာပနာတွေကို ဖောက်တယ်။ အဖေ မခံမရပ်နိုင်ဖြစ်ရသပ လူကလေး”

ငမိုးကောင်းမှာ ထပ်မံကျေနပ်ရပြန် ဝမ်းသာရ ပီတိဖြစ်ရပြန်ပြီ။ မိစ္ဆာဒိဋ္ဌိ ကုလားဖြူကုလားမည်းကို တစ်နေ့တစ်ယောက်ကျ ဒူးလေးဖြင့် ချောင်းမြောင်းပစ်ခတ် သတ်ဖြတ်ဆုံးမခဲ့သော အမည်မသိ မွန်အဖိုးအိုအား ဦးတင်မိ၏။ စိတ်ဖြင့် ဦးတင်ရာမှ လက်တွေ့ရှိခိုးသည်။ ထိုအခါကျမှ

သူ့လက်ကို ယင်းစည်းထားပါကလား ငမိုးကောင်း သတိရ၏။

"အဲသည်အခါတုန်းက ကုလားဖြူ ကုလားမည်းတွေဟာ မွန်ယောက်ျား၊ ကရင်ယောက်ျားတွေကို သတ်တယ်။ ကရင်မိန်းမ၊ မွန်မိန်းမတွေကို ဖျက်ဆီးတယ် လူကလေး။ အခုလည်း အရင်လိုလုပ်ဦးမှာပေါ့"

"ဘရဲ့အဖေအကြောင်း ကြားရလို့ သိပ်ပြီး ကြည်ညိုတယ် ဘ။ ဝမ်းသာသပ"

"ကဲ ကဲ အိပ်လိုက်ဦး လူကလေး။ အခုလို ပွင့်ပွင့်လင်းလင်း ပြောရတာက လူကလေး စိတ်ချလက်ချ နေနိုင်အောင်ပါ။ စိတ်စနောင့်စနင်း မရှိအောင်ပါ။ အေးအေး၊ စိတ်ချမ်းသာစွာ အိပ်ပေဦး"

အဘသည် ပါးစောင်မှ စီးကျလာသည့်ကွမ်းတံတွေးကို လက်ဖြင့်သပ်ရင်း ထသွားသည်။ မျက်နှာဝိုင်းသာအမိသော် မည်သည့်အချိန်က ထသွားသည်ကို အမှုမဲ့ဖြစ်ခဲ့ရသည်။

ငမိုးကောင်းသည် အဘ၏ သားကိုသာ နာမည် သိသည်။ ငမိုးရိပ်။

ငမိုးရိပ်သားအဖသည် ငမိုးကောင်း၏ ကိုယ်အနှံ့ ရရှိထားသော သေနတ်ဒဏ်ရာ အပါအဝင် ရှနာများကို နေ့စဉ်မှန်မှန် ဖန်ဆေးပေးသည်။ ဆေးလူးဆေးသိပ်ပေးကြသည်။ ထိုအခါမျိုးတွင် မျက်နှာဝိုင်း သားအမိသည် စားစရာတစ်ခုခုနှင့်ရောက်လာစမြဲ။ ယက်မန်းရည်ကျွေးရာမှ ယာဂု။ ထို့နောက် ငှက်ပျောသီး၊ ပျားရည်၊ ကနစိုး၊ ဒူးရင်း၊ နာနတ်။ ပိန္နဲ။

ရက်များမကြာမီ မိုးနိမိတ်ထင်လာပြီ။

ငမိုးကောင်းမှာ ဒူးရင်း၊ကနစိုး၊မရမ်း၊ကွမ်းသီး၊သရက်၊ ပိန္နဲပင်များ ပြည့်နေသော ဥယျာဉ်ကြီးကို မျှော်မေ‌ာကြည့်ကာ၊ ဤမျှ ကျယ်ဝန်းတန်ရာ၏။ ထိုမျှ ကျယ်ဝန်းတန်ရာ၏ ခန့်မှန်းနေရသည်။ နေရာမှ မရွေ့နိုင်သေး။ မရွေ့နိုင်၍ အားနာသော်လည်း မတက်သာ။

မကြာမီ တဲတစ်လုံးအသစ်တိုးလာသည်။ သည်တဲထဲ၌ စိတ်တူ

ရှယ်တူ လူငယ်နှစ်ယောက် နေထိုင်ကြသည်။ ငမိုးရိပ်သည် လိမ္မာသော မုဆိုးတစ်ယောက်ဖြစ်ကြောင်း၊ သူ၏ မုဆိုးကိရိယာများက ဖော်ပြသည်။ သို့ဖြင့် ငမိုးကောင်းသည် ထောင်ချောက်လုပ်သူ ပိုက်ထိုးပိုက်ဖာသူ ဖြစ်လာခဲ့သည်။

သည်အတောအတွင်း၌ တပ်တော်သားများသတင်းကို ငမိုးကောင်း မကြာခဏ စုံစမ်းသည်။ ငမိုးရိပ်မှာလည်း ရန်ကုန်ဘက် ကြည့်မြင်တိုင်ဘက်သို့မရောက်။ ရောင်းချစရာ၊ ဝယ်ခြမ်းစရာများအတွက် သူ့အဖေ၊ အမေနှင့် ရံဖန်ရံခါ သူ့နှမပါ သွားတတ်ကြသည်။ ယခုတလောတွင်ကား၊ သူ့နှမသည် ကုလားဖြူ ကုလားနက်များ၏ ဘေးရန်ကြောင့် ခြံထဲမှမထွက်။

တစ်နေ့သော် ငမိုးရိပ်က သတင်းပေး၏။

"အနောင်ရေ၊ ရဲမက်တော်တွေ အခုထက်ထိ ပဲခူးမှာ ရှိဆိုကော"

ဝမ်းသာမှုကို ငမိုးကောင်း မဖုံးကွယ်နိုင်။ ကလေးတစ်ယောက်သဖွယ် ဟီးဟီးဟားဟား ရယ်မော၏။

"ကုလားက မတိုက်မသိမ်းဘဲ ထားသလား"

"မိစ္ဆာဒိဋ္ဌိတွေက စောစီးစွာ သိမ်းပိုက်သတဲ့။ ရွှေနန်းရှင်တပ်တော်သားများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ထားတာ အခုထက်ထိဆိုသကော"

ပဲခူးကို ငမိုးကောင်း ကြားဖူး၏။ မည်သို့ သွားရမည်ကား မသိ။ သို့သော် သူပြေးသွားချင်သည်။ ပတ္တမြားမျက်လုံးနှင့် မြဒေါင်းလံရိပ်အောက်ရှိ တပ်တော်သားများထံ ရောက်သွားလိုသည်။ သွားလိုငြား၊ သူ မသွားနိုင်။ သူ့ခြေရောလက်ပါ၊ ယင်း မဖြုတ်ရသေး။

"သွားချင်ပါဘိ အနောင်ရယ်"

"အကျွန် ပိုက်ချည်လိုလို့ ပုစွန်တောင်ကိုသွားခဲ့တယ်အနောင်။ ကုလားဖြူ ကုလားမည်းတွေ ကျီးလန့်စာစား ဖြစ်နေကြတယ်ဆိုသကော"

"အကြောင်းက ပသို့ပါလိမ့် အနောင်"

"ပဲ့နင်းကြီး ဦးမြတ်မှုန်ရဲ့ သောင်းတပ်ကြီး ရန်ကုန်အနီးအနားမှာ ပုန်းခိုနေသတဲ့။ ရန်ကုန်ကို နေ့စီးမလား၊ ညစီးမလား တထိတ်ထိတ် ဖြစ်နေဆိုကော"

စိတ်သွားရာသို့ ကိုယ်မပါနိုင်သော ငမိုးကောင်းမှာ သတင်းကြားဖြင့်ပင် ပီတိဖြစ်နေရသည်။

ငမိုးရိပ်ရခဲ့သော ထိုသတင်းသည် မှန်ကန်၏။

ကုလားမည်းများမှာ ထိုသတင်းကြောင့် အနေရအထိုင်ရခက်ကာ မြန်မာရဲမက်တော်များကို ရန်ကုန်အနီးအနားရှိ တောအုပ်လျှိုမြောင်အနှံ့ တပ်ဖြန့်ရှာဖွေကြ၏။ သို့ဖြစ်သဖြင့် ကုလားမည်းတစ်စုသည် ငမိုးရိပ်တို့ ခြံတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့ကြသည်။

အဘသည်လည်းကောင်း၊ အဘ၏ သားနှင့်သမီးသည် လည်းကောင်း၊ မပြောမဆို ခွင့်မပန်ဘဲ ဝင်ရောက်လာသော ထိုသူများကို အတွေ့ခံသင့် မခံသင့် အငြင်းပွားကြသည်။ သူတို့သည် စင်စစ်အားဖြင့် ကုလားဖြူ ကုလားမည်းတစ်ကောင် ကစ်မြီးကိုမျှ မျက်နှာချင်းဆိုင် မမြင်တွေ့ရသေး။ သို့သော် မုန်းတီးနေကြသည်။

သို့အတွက် အမေက လူတစ်ယောက်တည်းသာ တဲရှေ့၌ထိုင်နေမည်။ ကျန်လူများက ကညင်ပင်ကြီးပေါ်ရှိ 'လင့်'ပေါ်သို့ တက်နေကြ။ သည်ကိစ္စမှာ မခက်ခဲချေ။ ငမိုးကောင်းကို စက်သီးဖြင့်တင်ထားမည်။ ကျန်လူများက ရိုးရိုးတက်နေမည်။

သို့သော် အဘက မကြိုက်ချေ။

"ဖြစ်မထင်ဘူး ရှင်ဖူး၊ သူရို့မှာ မျက်စိပါသကော။ ပိုပြီး မသင်္ကာဖြစ်ပြီး စကားအများပြောရလိမ့်"

သို့ကြောင့် ကုလားများ ခြံထဲသို့ ဝင်ရောက်မွှေနှောက်ချိန်၌ ငမိုးကောင်းနှင့် သားအမိသားအဖလေးယောက်သည် တဲထဲ၌ရှိနေကြသည်။

ရှိနေသည်ဆိုငြား သမီးပျိုသည် ထွက်ရန် ပြေးရန် လွယ်ကူသော ကဲလား၀ တွင် ဒူးလေးတစ်လက်နှင့် ထိုင်နေသည်။

ငမိုးရိပ်သားအဖမှု တဲရှေ့ပဲစင်အောက်တွင် ထိုင်သည်။ အမေဖူး နှင့် ငမိုးကောင်းသော် တဲအတွင်းအ၀၌။

ထိုကဲ့သို့ လူတွေကို နေရာချထားပြီးမှ ခွေးတွေကို သတိရသည်။ ခွေးကလည်း ကုလားဖြူ ကုလားမည်းကို မဟောင်ဘဲ နေမည်မဟုတ်။ ကုလား၏နောက်လိုက် အမျိုးသားသစ္စာဖောက်များက မျက်နှာလိုမျက်နှာရ ခွေးကိုရန်ရှာလျှင် ကုလားများကိုယ်တိုင် ရိုင်းစိုင်းလျှင် ငမိုးရိပ်သားအဖ သည်းခံပါမည်လော။ ယဉ်ကျေးသော မွန်မြန်မာစိတ်က သည်းခံငြား၊ မိစ္ဆာဒိဋ္ဌိ ဆန့်ကျင်ရေးစိတ်ဓာတ်က ဓားကိုမဆွဲဘဲ နေဖွယ်မရှိ။

သို့ကြောင့် ခွေးတွေကိုဖမ်းပြီး မလှမ်းမကမ်း၌ ချည်နှောင်ထားရ သည်။

မကြာမီ ကုလားတစ်သိုက် သေနတ်တကားကားဖြင့်ဝင်လာသည်။ ကုလားတစ်ကျိပ်အနက်၊ ကုလားဖြူတစ်ယောက်နှင့် ကုလားနက် တစ်ယောက် မြန်မာတစ်ယောက်သည် တဲရှေ့သို့ရောက်လာ၏။

မြန်မာနှင့် အဘသည် စကားပြောမိလျှင် ပြောမိချင်း အဆီအငေါ် မတည့်။

"သခင်ကမေးတယ်၊ နာမည် ဘယ်သို့ခေါ်သတုန်း"

"သခင်ဟုတ်လား" မေးကာ အဘသည် အမည်မသိ မြန်မာအား မော့ကြည့်၏။ "ဘဇာကို သခင်လို့ခေါ်တာပါလိမ့်" ဆက်မေးသောအခါ မြန်မာကုလားဖြူကို လက်ညှိုးထိုးပြ၏။

"မျက်နှာဖြူသခင်လေ"

"အဲသဟာ မျောက်ဖြူပါကလား၊ သခင်မဟုတ်ပေါင်ကွယ်"

ကုလားဖြူသည် အဘအား စိုက်ကြည့်နေ၏။ အဘပြောစကား

ကို သိချင်နေ၏။ စကားပြန်မြန်မာက ပြောမပြချေ။

"သလိုမပြောပါနဲ့၊ မောင်မင်း"

"အလို ထပ်ပြီးတော့ ကဲလာပါကလား"

အမေဖူး ထလာရတော့သည်။ အဘနှင့် မည်သို့မျှ အဆင်ပြေလမ်း မမြင်။ "အမောင်၊ ငါ့ကိုမေးပါကွယ်" ပြောနေပါလျက်က အဘ ရေရွတ်ဖြစ်အောင် ရေရွတ်၏။

"မျောက်ဖြူက သခင်ဆိုတော့ အမောင်က ကျွန်ပဲ့။ ကြုံရလေကွယ်၊ အပြေးအလွှား နေ့ချင်းညချင်း ကျွန်ခံကြသကော"

"ကဲ ကဲ၊ နာမည်သိချင်သလား။ နာမည် ထော်ခဲတဲ့။ ငါ့နာမည် ရှင်ဖူး။ ငါ့သားနှစ်ယောက်က ငမိုးရိပ်နဲ့ ငမိုးကောင်း။

သူတို့သည် ဒူးလေးပြင်ဆင်ဟန်ဖြင့် မြားထည့်နေသော သမီးပျိုကို မြင်ဖြစ်အောင် မြင်သည်။

"ဟိုမှာတစ်ယောက် ကျန်သေးသကော"

"ငါ့သမီးပဲ။ ရှင်ပန်းလှတဲ့။ နောက်ထပ် ဘာသိချင်သေးသတုန်း"

မျက်နှာမည်း၊ မျက်နှာဖြူ ကုလားများသည် ရှင်ပန်းလှအား ငမ်းငမ်းတက်လှမ်းကြည့်ကြ၏။ မှောင်တစ်ဝက် လင်းတစ်ပြက်၌ ပုဆစ်တုပ်ထိုင်နေသော ရှင်ပန်းလှ၏ ကြေးသွန်းရုပ်အလှသည် တင့်တယ်ပြေပြစ်၏။ သူတို့အား ကြည့်နေသော မျက်နှာထားမှာမူ မပြေပြစ် မတင့်တယ်။ ဒူးလေးထဲက မြားသည် သွေးသောက်လိုဟန် ပြသနေသည်။

သို့အတွက် မျက်နှာဖြူက လက်ညှိုးထိုးပြသည်။ သူ့အသံ၊ သူ့အမူအရာမှာ မလိုလားဟန်ကို ပြသနေသည်။

"အမယ်ကြီး၊ ဟိုမှာ ဒူးလေးနဲ့ ကျုပ်တို့ကို ချိန်နေသကော။ မလုပ်ပါစေနဲ့"

စကားပြန်မြန်မာက စိုးရိမ်တကြီးပြောသည်။

**ပုဂံစာအုပ်တိုက်**

"သမီးရေ။ သေမှာတော့ ကြောက်သတဲ့ကွယ်။ အပေါ်ကို ထောင်ထားလိုက်"

အဘထော်ခဲက သရော်သံဖြင့်ပြောသည်။ ကုလားဖြူကိုမူ သူသည် လေ့လာစရာသတ္တဝါအဖြစ် မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။ ကြည့်လေလေ၊ ထိုသတ္တဝါမှာ မျောက်ဖြူနှင့် ပို၍တူလေလေဖြစ်၏။

"သူက အမယ်ကြီးသား မဟုတ်ဘူးထင်သပ"

ကုလားဖြူကပြောသဖြင့် စကားပြန်မြန်မာက မေးခြင်းဖြစ်သည်။

"ငမိုးကောင်းနဲ့ ငမိုးရိပ် ညီအစ်ကို။ သားနှစ်ယောက်လို့ ငါပြောထားပါသကော"

"ဗမာနဲ့တူသကော၊ အမယ်ကြီး"

"မွန်ကမွေးတာ ဗမာနဲ့တူသကော။ ဗမာကမွေးတာလည်း ကရင်နဲ့ရော၊ ရှမ်းနဲ့ရော၊ ရခိုင်နဲ့ရော၊ မွန်နဲ့ပါတူသကော။ ဒါ ဘာဖြစ်သတုန်း"

"ဒဏ်ရာတွေက ဘာဇာဖြစ်တာတုံး"

"ဝက်ပက်တယ်၊ ဝံကုပ်တယ်။ သစ်ပင်ပေါ်တက် ပျားဖွပ်ရင်း လိမ့်ကျတဲ့အတွက် အနာတွေများသပ"

ကုလားဖြူသည် ကြည့်ရင်းကြည့်ရင်း ပို၍မသင်္ကာစိတ် ဝင်လာဟန်ရှိ၏။ ငမိုးကောင်း၏ဆံပင်နှင့် ငမိုးရိပ်၊ အဘထော်ခဲတို့၏ ဆံပင်များကို ယှဉ်တွဲလက်ညှိုးထိုးပြ၏။

"သခင်က မေးတယ် အမယ်ကြီး"

"ဟော့ဟော့" အဘထော်ခဲ မပါဘဲမနေနိုင်။ လက်ညှိုးထိုးလိုက်ကာ "သည်ခြံရဲ့အပြင်ကိုရောက်မှ ဆယ်ခါပဲခေါ်ခေါ် အခါတစ်ရာပဲခေါ်ခေါ်၊ မင်း ခေါ်ချင်သလို ခေါ်ပါ။ ငါ့ရှေ့မှာတော့ မခေါ်ပါနဲ့ကွယ်။ နားကလောလွန်းသကော" ဆိုသဖြင့် အမေဖူး အတင်းဝင်တားရ၏။

"အမောင် မေးမေး။ မျောက်ဖြူ အဲ အဲ ကုလားဖြူက ဘာမေးပါ

လိမ့်"

"အမိုးကြီးသျှောင်နဲ့ ဟိုကောင်"

ငမိုးရိပ်ကို လက်ညှိုးထိုးသဖြင့် " မင်း ရိုင်းပျသကော။ လူကမွေးသလော၊ ခွေးကမွေးသလော" ထမေးတော့ရာ အမေဖွား အလုပ်များ၏။

"ဟဲ့ နှုတ်ငြိမ်စမ်း" ပြောလည်းပြော၊ လက်ဝါးနှင့်လည်း ရိုက်ရာက "အင်း အင်း၊ သူတို့သျှောင်တွေ ဘာဖြစ်သတုန်း"ဟု စကားပြန်အားမေး၏။

"သည်နှစ်ယောက်ရဲ့ ခေါင်းပေါ်က သျှောင်တွေကကြီးပေမယ့် ငမိုးကောင်းရဲ့ဆံပင်က တိုနေသကော ပြောသပ"

အလွန်စူးရှသော မေးခွန်းဖြစ်သည်။

ပန်းပေါင်းဆီတသသ အမွှေးအထုံ တသသဖြင့် အမြတ်တနိုးထားသော သျှောင်သည် မြန်မာယောကျ်ားတို့ ကျက်သရေယူစရာ ဂုဏ်တင်စရာဖြစ်မြဲ။ သို့သော် စစ်ထွက်ချိန်ဝယ် ဆံပင်ကိုဖြတ်ပစ်ပြီး၊ ရတနာသုံးပါးသို့ လှူပစ်ခဲ့ကြ၏။

အကြောင်းမူ စစ်မြေအရပ်ဝယ် ရန်သူ၏တစ်ဖက်သတ် အနိုင်ကျင့်မခံရစေရန် ဖြစ်ပေသည်။

စစ်မြေပြင်ဝယ် ဓားလှံ သေနတ်လွှားစွဲကာ ပုံသေကားချ တိုက်ရသည်မဟုတ်ချေ။ ရင်ဆိုင်တိုက်ပွဲများတွင် သေနတ်သည် ရိုက်စရာတုတ်အဖြစ်သို့ ပြောင်း၏။ ဓားများ၊ လွှားများလည်း ရိုက်ဟယ်ခုတ်ဟယ်ဖြင့် ပျက်စီးကုန်သည်။ ဓားလှံများလည်း ကျိုးသည်လည်းရှိ၏။ အရအမိလုရင်းဖြင့် လက်လွတ်ကြရသည်လည်း ရှိ၏။

ထိုသို့ လုံးထွေးသတ်ပုတ်ချိန်ဝယ် မတတ်သာသည့်အဆုံး၌ ပါးစပ်ဖြင့် ကိုက်ခွင့်သာလျှင် ကိုက်ရ၏။ လက်သည်းဖြင့် ကုတ်ခွင့်ကြုံလျှင်လည်း ကုတ်ကြရသည်သာ။ ရန်သူကို နှိမ်နင်းနိုင်ရေးသာ အဓိကဖြစ်သဖြင့် သျှောင်

ကိုဆွဲကာ မျက်နှာရင်ဘတ်ကို ဒူးဖြင့်တိုက်ကြသည်။ သျှောင်အဆွဲခံရသူနှင့် ဆွဲသူတို့သည် အားခွန်ဗလ တန်းတူရည်တူ ရှိနေပါက၊ အဆွဲခံရသူမှာ မလှန်နိုင်တော့ပြီ။ နေရာကောင်းကို ကိုင်မိသောကြောင့်ဖြစ်သည်။

သို့ကြောင့် မြန်မာယောကျ်ားများသည် နိုင်ငံတော်အတွက် အသက်ကို စွန့်လွှတ်ရန် စစ်ထွက်ရေးအတွက် ပြင်ဆင်ချိန်ကတည်းက၊ အမြတ်တနိုးထားသော ဦးသျှောင်ဆံပင်ကို လေးသစ်တစ်ထွာချန်ပြီး ဖြတ်တောက်စွန့်လွှတ်လေ့ရှိကြသည်။ သည့်အတွက် ဆံတိုနှင့်ဖြစ်နေသော ငမိုးကောင်းအား ကုလားဖြူ မျက်စိစူးသည်ဆိုလျှင် စူးရှထိုက်ပါပေသည်။

သို့သော် အမေဖူးကလည်း ဖြေတတ်လှသည်။

"တစ်ခေါင်းလုံး ရှုပ်ထွေးပေကျံနေသကော အမောင်။ ဖြတ်တောက်ပစ်လိုက်ရသပ}"

မြန်မာစကားပြန်က အမေ့အဖြေကို ထပ်ဆင့်ဘာသာပြန်ပြ၏။ ကုလားဖြူသည် ငမိုးကောင်း၏ ခြေနှင့်လက်တွင် ကျန်နေသေးသော ယင်းများကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ချာခနဲ လှည့်ထွက်သွားလေ၏။

ငမိုးရိပ်သည် တမင်လုပ်ပြီး ဝါးလုံးကွဲရယ်ချ၏။ ကုလားနက်နှင့် မြန်မာတို့ ဆတ်ခနဲ ကဲကဲဆတ်ဟန်ဖြင့် လှည့်ကြည့်ကြငြား မည်သူကမျှ သူတို့ကို အရေးမလုပ်ချေ။

"ကျက်သရေမင်္ဂလာ မရှိတာတော့ အမှန်ပဲအဖေ။ ကြည့်ပါဦး၊ အသားအရေက အဖြူတစ်ကွက် အမည်းတစ်ကွက် အနီတစ်ကွက်နဲ့ ခရုသင်းစွဲနေသူလား မှတ်ရသကော"

ငမိုးရိပ်၏ ထိုစကားကို မိပန်းလှက ဖြည့်ဆက်ပေး၏။

"သည်အပေါ်မှာ အမွေးအမှင်တွေ ထူထပ်စွာပေါက်ရောက်နေလိုက်ပုံက အဖေပြောတဲ့ မျောက်ဖြူနဲ့ အလွန်အံဝင်အံကျပါသော်ကော"

"ဒါတွင်လားကွယ်ရို့။ မျက်လုံးမျက်ဆန်ကို ကြည့်ပါဘိ"ဟု အဘထော်ခဲက ဖြတ်ပြောသည်။

"ဟုတ်ပါ့အဖ။ ဒင်းမျက်လုံးမှာ သူငယ်အိမ်မရှိ။ တိမ်သလ္လာပြာပြာကြီး ဖုံးနေသကော။ ပသို့ကြည့်၍ ပသို့မြင်သည် မသိ"

သားအဖတစ်တွေ ဝေါခနဲရယ်မောသည်။ ငမိုးကောင်းလည်း ရှင်လန်းအားရ ရယ်မောသည်။

အမေဖူးသည် ပါးရေအတွန့်လိုင်းများကို ရုတ်ချည်းဖြန့်ခင်းရာက "အဲသည် မျောက်ဖြူက လူကလေးကို ယနမကင်းဖြစ်သကော။ နောက်တစ်ကြိမ် သင်းရို့လာရင် ရှောင်တိမ်းနေပါမှ"ဟု စိုးရိမ်သံဖြင့်ဆိုသည်။

"အကျွန်လည်း သတိထားမိသကောအမေ။ ခြေနဲ့လက်မှာ ယင်းစည်းမထားရင် ဖမ်းချင်ဖမ်းမှာပါ"

"ဟဲ့ ဟဲ့၊ သင်းတို့ ဖမ်းချင်တိုင်း ဖမ်းလို့ရနိုင်ပါ့မလား၊ လူကလေးဟာ လူဖြစ်သလေ။ ကြက်မဟုတ် ငှက်မဟုတ်။ ငါတို့သားပါကော"

ငမိုးကောင်းရင်ထဲသို့ အေးမြနစ်ဝင်သွားသော စကားလုံးများ အရှင်အဘထော်ခဲအား၊ ငမိုးကောင်းသည် ကြည်နူးရိုသေသောမျက်လုံးလက်လက်ဖြင့် လှမ်းကြည့်နေလေ၏။ ထိုအချိန်တွင် ကျားကူးတောဘက်၌ မိုးတစ်လုံးသည် အော်ဟစ်ပြေးလွှားလာ၏။ ဖျိုးဖျိုးဖြောက်ဖြောက်အသံများ တစ်ခဏမျှသာပေါ်လာပြီးနောက် တစ်လောကလုံးကို မိုးသံကြီးက ဖုံးမျိုသွားလေ၏။

★

# ၅

သည့်သတင်းကိုကြားရသောအခါ ငမိုးကောင်းမှာ ရှူးချင်နှမ်းချင်သွားလေ၏။

“စစ်ရှုံးရသာဟာ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားကြောင့်”

ငမိုးကောင်းသည် ဂဒူးတစ်ကိုဆောင်းကာ တောင်ဝှေးတစ်ချောင်းထောက်လျက် အနီးအနားတွင် လျှောက်လည်သည်။ မိုးမိလျှင် ဆောင်းရန်ဒူးကို ယူလာခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ ကုလားသိမ်းထားသဖြင့် ခေါင်းသောင်းသံ၊ ဆည်းလည်းသံ ဆိတ်ပြီ။ တရားဘာဝနာ၊ မေတ္တာသံများ တိတ်ပြီ။ လူစိမ်းသူစိမ်းကိုတွေ့ရန် မမျှော်လင့်သာ။ ရန်ကုန်ဆိပ်ကမ်းမှာလည်း ချိုးနှင့် ဖုတ်ဖုတ်ဖြစ်နေရာ ကုလားမည်းနှင့် ကုလားဖြူသာ ရှိမည်။

ကြည့်မြင်တိုင်ဘက်ကို ငမိုးကောင်းမျှော်ကြည့်၏။ သတင်းပလင်း

ရမည် မရမည်ထက် အရပ်သူအရပ်သား တွေ့နိုင်ပါမည်လော သံသယရှိသည်။ တုတ်တစ်ချောင်းအကူအညီဖြင့် လမ်းလျှောက်ရသူအတွက် ဝေးသော ခရီး ဖြစ်နေပြန်ပေ၏။

သွေးဆေးကန်ဘက်အရောက်တွင် ငမိုးကောင်း မိုးမိသည်။ ရေအိုးစင်နှင့်တွဲထားသော ဇရပ်တစ်ဆောင်ထဲ ပြေးဝင်သည်။ ဇရပ်မှာ တစ်ဝက်တစ်ပြက် မီးသင့်ထား၏။

ဇရပ်ထဲတွင် မိုးခိုရင်းက အဆောက်အအုံတစ်ခုကို ငမိုးကောင်း လှမ်းမြင်သည်။ လေငြိမ်လျှင် ငှက်ပျောရွက်များက မြင်ကွင်းကိုဖုံးသဖြင့် မပီမသ ထိုအဆောက်အအုံကို မမြင်ရတော့ပါ။

မိုး ဖျတ်ခနဲအတိတ်တွင် ငှက်ပျောတောထဲသို့ ငမိုးကောင်းဝင်လာသည်။ တောင်ဝှေးထောက်တိုင်း ရွှံ့ထဲတွင် နစ်နစ်နေသည်။ တောင်ဝှေး မထောက်ဘဲ သတိထားပြီး လာရသည်။

အဆောက်အအုံမှာ ခေါ်မိုး တဲငယ်သာဖြစ်သည်။ တဲဝသို့ ချဉ်းကပ်လာချိန်မှာပင် အဝ၌ သပိတ်တစ်လုံး၊ အတွင်း၌လှမ်းထားသော သင်္ကန်းကို မြင်ရသည်။ ငမိုးကောင်း မယုံနိုင်အောင်ဖြစ်ရ၏။ ကုလားနက်ရော ကုလားဖြူပါ သာသနာဖျက် မိစ္ဆာဒိဋ္ဌိတွေ မဟုတ်သလော။ သည်ကျောင်းသင်္ခမ်းကို သူတို့မတွေ့၍ မဖျက်သလော၊ နေသူမရှိ၍လော။

မည်သို့ဖြစ်စေ၊ ငမိုးကောင်း သတိချပ်လျက် ချဉ်းကပ်၏။ ကဲလားပေါက်မှ 'ကဲ'မိုးပြီးကြည့်၏။ ရဟန်းတစ်ပါးနှင့် ဒါယကာ သုံးယောက်။

"ဒါယကာ၊ မိုးထဲမှာ ရပ်မနေနဲ့လေ၊ ဝင်ခဲ့ပါဘိ"

ရဟန်းတော်သည် မျက်လွှာတစ်ချက်ပင့်ကြည့်ပြီး လှမ်းခေါ်၏။

ငမိုးကောင်းသည် ဤနည်းဖြင့် ပထမဆုံးသော သူစိမ်းကိုတွေ့ရကာ ရှုးချင်နမ်းချင်စရာ မှတ်ချက်ပြုသံကို ကြားရခြင်းဖြစ်၏။ ထိုဒါယကာများမှာ စစ်မဖြစ်မီကလေးတွင် ကြည့်မြင်တိုင်ဆိပ်သို့ရောက်လာသော ပုဂံ

ညောင်ဦးမှ လှေသူကြီးများ ဖြစ်၏။

သူတို့သည် အထက်သို့ မဆန်ရဲပေ။ စစ်လှေများ ရိက္ခာလှေများ နေ့ညမစဲ စုန်ဆင်းနေသဖြင့် မလှုပ်ရဲကြ။ ညောင်တုန်းတွင် ဝင်ခိုနေကြရသည်။ ယခု အခြေအနေစုံစမ်းရန် ထန်းတပင်ဘက်သို့လာသည်။ ထိုမှ တစ်ဆင့် ကြည့်မြင်တိုင်ဘက်သို့ ကူးကာ ဆွေမျိုးဘုန်းကြီး၏အခြေအနေကို လာရောက်စုံစမ်းကြခြင်း ဖြစ်၏။

ငမိုးကောင်းအား ရှုးချင်နှမ်းချင်စိတ် ပေါက်လာအောင် စတင်သူကပင် သူ့စကားကို ဆက်ပြန်သည်။

"အမရပူရနေပြည်တော်မှာ မြို့တော်ဝန်ဘိုင်ဆတ်ကို မှန်းတီးရာက ဘုရင်မင်းမြတ်ကိုပါ အကြည်ညိုတန်လာသာကလား ဘုရား။ သည်တစ်ဦးကို အကြည်ညိုတန်လာသည်နှင့်အမျှ မင်းတုန်းမင်းမြို့စားမင်းသားကို ကြည်ညိုလာကြသယ်။ သူသာမင်းလုပ်ရင် ဘိုင်ဆတ်ကဲ့သို့သော ဒုစရိုက်တစ်တွေ တွင်ကျယ်စရာမရှိဘူး ဖြစ်လာကြပြန်သယ်"

"သဟာက ခမ္မတာပဲပ ပွဲမင်းရယ်"

ငမိုးကောင်းမှာ ထိုအခါတွင်မှ အားလုံသည် လှေသမားချည်း မဟုတ်ဟု သဘောပေါက်၏။

"မင်းတုန်းမင်း မြို့စားမင်းသားက ဘာမှမလုပ်ဘဲ မပြောဘဲ၊ လူတွေ သူ့အလိုလို လိုလားနေကြသာဖြစ်သယ်။ သို့ပေမယ့် ဘိုင်ဆတ်ရဲ့ တပည့်သားမြေး နောက်လိုက်နောက်ပါတွေက လူတွေ သည်လို သဘောထားရှိနေကြသဟာ၊ မင်းတုန်းမြို့သား ညီတော်နောင်တော်ကြောင့်ပဲဆိုပြီး မင်းသားညီနောင်ကို မုန်းတီးကြပြန်ပါလေရော"

"အကြောင်းမတန်ဘူးထင်ပ ပွဲမင်းဗျား"

သုံးယောက်အနက် အခြားတစ်ယောက်က စကားထောက်ခြင်း ဖြစ်၏။

"မှန်သပါ့ဗျာ။ မြို့ရွာရပ်ကွက် အစုအငန်းတွေကို အုပ်ချုပ်နေသူများက ခိုးသေးဓားပြ လောင်းတမ်းကစားသူများကို နှိမ်နင်းရမယ့်အစား၊ တပည့်ငယ်သားတွေကို ဓားပြအတိုက်ခိုင်းတယ်။ ကိုယ်တိုင် ကြက်တိုက်၊ ခါတိုက်၊ ကျွဲတိုက်၊ နွားတိုက်လုပ်သယ်။ ခိုးသားဓားပြမှုတွေကို မင်းတုန်းမင်းသားရဲ့ကျေးကျွန်တွေ ကနောင်မင်းသားရဲ့ နောက်လိုက်တွေ ကျူးလွန်လေဟန် လိဆယ်ကြ ဖမ်းဆီးကြတော့၊ ဟိုညီနောင်ခမျာ ရွှေမြို့တော်ထဲမှာ မြို့တော်တစ်ခုသဘောမျိုးနဲ့ အခိုင်အလုံ နေကြရတော့သာကလား"

ငမိုးကောင်းသည် နေပြည်တော်၌ စနောင့်စနင်းရှိလေဟန် သတင်းကိုပင် ရိပ်ဖမ်းသံဖမ်းမျှသာ စစ်ထွက်လာချိန်၌ ကြားခဲ့ရသူဖြစ်၏။ ယခု အမည်မသိ ပွဲမင်းပြောသောအခါ စိတ်ဝင်စားစွာဖြင့် ရှေ့တိုးလာ၏။

"ပြီးခဲ့သဲ့ တပေါင်းလထဲမှာတော့ ရာဇဝတ်အိုးတုတ်နဲ့ထိုးသဲ့ ဓားပြမှုတစ်မှု ရွှေမြို့တော်မှာဖြစ်ပွားသာကလား။ ဒေါ်ဖဲနဲ့ ဒေါ်ရွှဲက ဟင်္သာတမြို့စားရဲ့ နမတော်တွေပေကိုး"

"ဒေါ်ဖဲ၊ ဒေါ်ရွှဲနဲ့ ရွှေနန်းရှင်နဲ့ ပသို့ ပတ်သက်သတုန်းဗျာ့ ပွဲမင်းရ"

"မိဖဲမိရွှဲက ဘုရင့်အထိန်းတော် ဟင်္သာတမြို့စားရဲ့ နမတော်တွေလေ"

ငမိုးကောင်း အပါအဝင် ကျန်လူများပါ "ဪ သည်လိုကိုး" ဟု ပြိုင်တူဆိုမိကြလေသည်။

"တရားခံကို မဖမ်းနိုင်ရင် မြို့ဝန် ရာဇဝတ်သင့်ရော့မပ့ါ" သည်အခါမှာ ထုံးစံအတိုင်း မင်းတုန်းမင်းသား ကနောင်မင်းသားရဲ့ နောက်ပါတွေကို လွှဲချပြီး၊ စီးနင်းတိုက်ခိုက် ဖမ်းဆီးခွင့် အမိန့်တော်ခံရသာကလား။ မင်းသားညီနောင်ကို လိုလားသဲ့ ဘက်တော်သားတွေ နန်းတော်ထဲမှာ အပြည့်ရှိသာကလား။ သည်သတင်းကို ချက်ချင်းသိတော့သာပဲ"

"ကနောင်ကိုယ်တော်က အလွန်ထက်သာကလား ပွဲမင်းရဲ့။ ဘယ်မှာ

ခံပါမတုန်း"

"မှန်သပ၊ ကျောင်းဒကာရယ်။ ညီတော်နောင်တော်တိုင်ပင်ပြီး သွေးစည်းထားပြီးသဲ့ ကျေးကျွန်တွေနဲ့ တိုက်ပြီးထွက်သာပေါ့"

"သို့မလုပ်လို့ ပသို့လုပ်မတုန်းဒကာ။ သည်လိုပဲ လုပ်ရမှာပေါ့"

ရဟန်းတော်သည် သည်တစ်ခွန်းသာ ဝင်ရောက်ပြောဖော်ရသည်။ "ကိုင်း.... ဆက်ပါဦး" ဟူ၍လည်း မိန့်တော်မူသည်။

"ခုခံသူတွေဟာ စတိသဘောလောက်ပဲ ခုခံကြဟန်တူပါဘုရား။ သားမယားတွေပါ လွတ်မြောက်ရံမကဘူးဘုရား။ ရွှေနန်းရှင်ရဲ့ သစ္စာတော်ခံ မှူးမတ်သူရဲသူမက် အတော်များများပါ လိုက်သွားကြသတဲ့ ဘုရား"

"မင်းပင်ကောင်းလျက် မင်းမြောင်ဖျက်သကိုး ဒါယကာရဲ့"

"မှန်ပါဘုရား။ မင်းတုန်းမြို့စားနဲ့ ကနောင်မြို့စား မင်းသားညီနောင်တို့ဟာ အောင်မြေနင်းဖို့အတွက် ဘိုးတော် အလောင်းမင်းတရားကြီးရဲ့ ရတနာသိင်္ဃမြို့ကို အရောက်ချီတက်ရင်း ဖြတ်သန်းသွားရတဲ့ မြို့ရွာတွေကို တိုက်ခိုက်သိမ်းသွင်းသွားသယ်ဘုရာ့။ ရတနာသိင်္ဃကို ရောက်သဲ့အချိန်မှာ၊ မင်းသားညီနောင်တို့ရဲ့ တပ်တောင်တာဗိုလ်ထုဟာ ရွှေနန်းရှင်ရဲ့ တပ်တော်နဲ့ တန်းတူဖြစ်နေပါရောလား။ စစ်ဗိုလ်ချုပ်က သလုံးဝန်ကြီး ဘုရာ့"

"ဆက်ပြီး ကြားပါရစေဦး အဘခင်ဗျာ"

ထိုအခါတွင်မှ ပွဲမင်းသည် ငမိုးကောင်းကို လှည့်ကြည့်ဖြစ်သည်။ "အမောင်က အသူတုန်း" မေးဖြစ်သည်။

"အကျွန်က ဗဟန်းဘက်က ဥယျာဉ်သမားပါအဘ"

"အင်းအင်း ပြောရသာပ၊။ သည်မင်းသားနှစ်ပါးဟာ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ရရှိသွားပေမယ့်၊ မပြီးသေးဘူးလေ။ ချက်ချင်းပြန်ပြီး စစ်ထိုးသဲ့အတွက် ကျောက်မြောင်းကို ရသွားသယ်။ အဲသည်နောက်

မြင်းမူ၊ စစ်ကိုင်း။ နေပြည်တော်က နိမ်နင်းဖို့လွှတ်လိုက်သဲ့ တပ်တချို့က မတိုက်ဘူး။ မင်းသားနှစ်ပါးရဲ့ အောက်ကိုဝင်သယ်။ အဲ၊ တိုက်သဲ့တပ်တွေ ကျတော့လည်း တစ်ပွဲပြီးတစ်ပွဲ ရှုံးသဲ့အတွက် အင်အားဖြည့်ဖို့ သည်မှာ ရန်သူ အင်္ဂလိပ်နဲ့ တိုက်သဲ့တပ်တွေကို ပြန်ခေါ်ရသာကလား။ အဲသာ ကြောင့် မြန်မာတွေ စစ်ရှုံးရသာဟာ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသား ကြောင့်လို့ စကားစခဲ့သာပါ”

“ဩော်၊ သဟာကြောင့် ရွှေတိဂုံခံတပ်ကတပ်ကြီးဟာ အပြေးအလွှား ပျောက်သွားတာပါကလား”

ငမိုးကောင်းမှာ ထိုအခါတွင်မှ သူ့တပ်ကို မည်သည့်အတွက် စုံစမ်း ၍မရကြောင်း သဘောပေါက်သည်။ သူ့တပ်သည် နေပြည်တော်သို့ ပြန်ရောက်ကာ ရွှေနန်းရှင်ဘက်မှ တိုက်ခိုက်သလော။ မင်းသားညီနောင်တို့ ၏ သစ္စာကိုတည်း ခံသလော။

ထိုအရပ်မှ စစ်မျက်နှာသည် ဒိပဲယင်း၊ အလုံဘက်သို့ မပျံ့နှံ့ပြီ လော။

“အဖေအမေတို့ ဘယ်ပုံနေကြမှာပါလိမ့်။ ရှင်ဒန်းလှတစ်ယောက် ကော”

သို့သော် အတွေးတစ်ခု ဖျတ်ခနဲဝင်သည်။ မိမိ၏လက်ငင်း အခြေ အနေ။ အဘထော်ခဲ၊ အမိဖူး၊ ရှင်ပန်းလှ၊ ငမိုးရိပ်တို့သည် စေတနာ အရင်းခံဖြင့် ကယ်ဆယ်စောင့်ရှောက်ထားသူများ ဖြစ်ကြ၏။ သည်အတိုင်း တစ်သက်လုံးနေသွားလည်း နှင်လွှတ်မည့်သူများမဟုတ်။ မဟုတ်သော ကြောင့် ဆက်ပြီးနေမည်လော။

ငမိုးကောင်း မနေလို။ ရန်သူ၏ကျွန်ဘဝတွင် မနေလို။ ရန်သူအား သခင်ဟုခေါ်သံများ ကြားရဖန်များလျှင် လူသတ်မှုဖြစ်လိမ့်မည်။ မိမိ ပိုင်နက်တွင်းသို့ စွတ်စွတ်ရွတ်ရွတ် တိုးဝင်လာသော ခွေးရူးကို ခဲ၊ အုတ်၊

ကျောက်တို့ဖြင့် ပစ်ခတ်နှင်ထုတ်ရမည်။ ထိုသို့နှင်ထုတ်မရသော် ဓား၊ လှံ၊ ဒူးလေးတို့ သုံးစွဲရမည်။ ယခုမူ ထိုသို့ မဆောင်ရွက်ဘဲ ဒူးထောက်ရှိခိုးသူများအား ရွံ့မုန်းသည်။

ဟိုတမြန်နေ့က အဘတို့ခြံထဲသို့ဝင်လာသော ကုလားများနှင့် မြန်မာ။ သခင်တခေါ်ခေါ်၊ ဘုရားတထူးထူး၊ လက်အုပ်တချီချီနှင့် ရွံ့ရှာဖွယ်ကောင်းလွန်းသည်။ ဖြစ်နိုင်လျှင် ထပြီးဓားဖြင့် ခုတ်ချင်သည်။ နွားစာစဉ်းသည့်နှယ် နုတ်နုတ်ပါအောင် စဉ်းပစ်ချင်သည်။

သို့ဖြစ်သဖြင့် ကုလားနှင့်နီးသော သည်အရပ်သည် မနေအပ်။

နေအပ်သောအရပ်သို့ တစ်ရွာဝင်တစ်ရွာထွက် စုံစမ်းမေးမြန်းပြီး ပြန်မည်။ ဇာတိရပ်ရွာတွင် မင်းတုန်းမင်းသား တက်သည်ဖြစ်စေ၊ မင်းတုန်းမင်းသား ကျသည်ဖြစ်စေ၊ ရန်သူကုလားအား မောင်းနှင်တိုက်လိုသူများ ရှိနေလိမ့်မည်။ ထိုသူများကို ရှာဖွေရမည်။

ထိုသို့စိတ်ကူးမိသောအခါ ငမိုးကောင်းသည် ပွဲစားကြီး၏ လက်ယာဘက်ဘေးရှိ လှေသူကြီးဘေးသို့ တိုးကပ်သွားသည်။ သူ့အကြောင်းကို မခြွင်းမချန် ပြောပြသည်။

"အဲသာကြောင့် ဦးရီးတို့နဲ့ ခရီးကြုံလိုက်ပါရစေ။ လှေပေါ်မှာ အကျွန် တတ်သမျှ အားလုံးလုပ်ပါမယ်"

လှေသူကြီးသည် မဆိုင်းမတွပင် "ကောင်းပါသယ်၊ လိုက်ခဲ့ပေါ့" ဟု ဆို၏။ ထိုအခါတွင် ပွဲမင်းကဝင်ပြော၏။

"ဘုရားဒကာမှာ အပြန်ကုန် ရပြီလား။ မရသေးဘဲ သူ့ကို လက်ခံထားရင် လနဲ့ချီပြီး သောင်တင်နေတန်ရာရဲ့"

ငမိုးကောင်းအား လှေသူကြီး ငုံ့စောင်းကြည့်၏။

"ထမင်းကျွေးပြီး ခေါ်သွားနိုင်သယ်အမောင်။ သို့သော် မည်မျှကြာမှ ပြန်ပြီး ဆန်ဖြစ်မယ်၊ အဲသာတော့ မသေချာဘူး"

ငမိုးကောင်း စဉ်းစားရပြန်ပြီ။

လှေပေါင်းထဲဝင်ပြီး အိပ်လိုက်၊ ထမင်းချက်စားလိုက်၊ ကုန်းပေါ်တက် လမ်းလျှောက်လိုက်ဖြင့် မည်မျှကြာအောင် နေရမည်နည်း။ လေသင့်သည့် သည်မိုးကာလတွင် မဆန်ဖြစ်လျှင် ဆောင်းကာလ၌ ဆန်ဖြစ်ပါမည်လော။ အညာတွင် မည်သို့နေကြပါလိမ့်၊ မည်သို့ဖြစ်နေပြီနည်း။ စိတ်တထင့်ထင့် လည်တရှည်ရှည်ဖြင့် ကြာရှည်နေနိုင်မည်မထင်။

"အကျွန် မစဉ်းစားတတ်အောင် ဖြစ်နေပြီ ဦးရိုး"

"အမောင် စဉ်းစားပြီးရင် ထန်းတပင်ကိုလိုက်ခဲ့။ လှေအမည်က 'အောင်သပြေ'၊ ငါ့နာမည်က 'ဦးပြည့်' ပါ့ မှတ်ထား"

ဦးပြည့်နှင့် အဖော်များသည် ရဟန်းတော်အား ဦးချပြီးနောက် ကျောင်းပေါ်မှဆင်းကြသည်။ ငမိုးကောင်းလည်း မိုးစဲခိုက်ပြန်ရန် ဝတ်ချသည်။ သူလက်အုပ်ချီလျက် နောက်ဆုတ်လာစဉ် "ဩော်.... အမောင်" ခေါ်သံကြောင့် လှမ်းကြည့်၏။ ခေါ်သူမှာ ဦးပြည့်ဖြစ်သည်။

"စိတ်ချပြီး လာခဲ့။ ငါရို့ ရက်တရက် ထန်းတပင်က ခွာမှာမဟုတ်သေးကော"

"ကောင်းပါပြီ ဦးရိုး၊ ကောင်းပါပြီ"

ငမိုးကောင်းသည် ဦးပြည့်တို့နောက် မလှမ်းမကမ်းမှ တောင်ဝှေးထမ်းကာ ဂဒူးဆောင်းလျက် လိုက်လာသည်။ ရိုးတစ်ခုတွင် သစ်ပင်လှဲချတံတားကူးထားသော နေရာအရောက်၌ လမ်းခွဲကြသည်။

နေခြည်ကလေး ပွင့်လာခိုက်မို့ ကျေးငှက်များ ပျံမြူးကြသည်။ ခပ်လှမ်းလှမ်းဆီမှ ဒေါင်းတွန်သံများပေါ်လာသည်။ သာယာမှုအောက်တွင် ငမိုးကောင်း နစ်မွန်း၏။ သို့စဉ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးဘက်သို့ မျက်နှာလှည့်မိ၏။

ရှေ့မင်းဖြစ်သော သာယာဝတီမင်း ရန်ကုန်သို့ စုန်ဆင်းလာစဉ်က

ပင် ရွှေသက်န်းကပ်လှူ မွမ်းမံသွားခဲ့သေးသည်။ ယခု မီးခိုးတွေနှင့် မည်းညစ်နေပြီကို သစ်ပင်များကြားမှ တစ်စွန်းတစ်စ မြင်ရသည်။

အမြင်မတော်သော သည်အမှုကို မည်သူပြင်ဆင်ပါမည်နည်း။ ကုန်းတော်ပေါ်ရောက်နေသော ကုလားသည် ရွှေသက်န်းကပ်လိမ့်မည်မဟုတ်။ ကုန်းတော်ပေါ်တွင် အညစ်အကြေးစွန့်၊ ဌာပနာတိုက်တွေဖောက်၊ စေတီငယ်တွေကို ဖြိုချပစ်နေချေရော့မည်။ ဖြိုချပြီးသော စေတီငယ်များမှ အုတ်များဖြင့် အကာအကွယ်တွေ မည်မျှ ထပ်မံဆောက်လုပ်နေပြီနည်း။

ရှင်နေသောစိတ်သည် ချက်ချင်းညစ်ညူးပြီ။ အံကိုကြိတ်ကာ စားရိုးကိုဆုပ်မိသည်။

ထိုခဏတွင် သာယာသော တောအရေးသည် ငမိုးကောင်းအာရုံမှ လွင့်စင်ခဲ့ပြီ။ သာယာသော ကျေးငှက်တွန်ကြော်သံများလည်း မချိုမြိန်ပြီ။

ဥယျာဉ်သို့သွားသည့် လမ်းခွဆုံသို့အရောက်တွင် ငမိုးကောင်း တန့်ရပ်၏။ မမျှော်လင့်သော အရာများကို မြင်ရသဖြင့် ဖြစ်၏။ ကုလားဖြူနှစ်ယောက်နှင့် ကုလားနက်တစ်ယောက် မြန်မာတစ်ယောက်။ စုစုပေါင်း လေးယောက်။

ငမိုးကောင်း ကိုယ်ရှိန်သပ်ကာ ချုံရိပ်ကွယ်နေစဉ် ကျားရှေ့သို့ မှောက်လျက်လဲသူမှာ မိန်းမနှစ်ယောက်။ ထိုနှစ်ယောက်သည် ကုလားအုပ်ကို မြင်ပုံမရ။ ကိုယ့်ဇောဖြင့် ကိုယ်လာရာက သစ်ပင်အုပ် အကွယ်ကထွက်တော့မှ ဘွားခနဲမြင်ဟန်တူသည်။ ခေါင်းပေါ်ကတောင်း၊ လက်ထဲက ချိတ်ကို ပစ်ချပြီး ပြေးသည်။

မျက်နှာအလှည့်တွင် ငမိုးကောင်း ကောင်းစွာမြင်ရသည်။ အမေမိဖွားနှင့် သမီးပျို မိပန်းလှတို့ပါတကား။

ကုလားများသည် ဟီးဟီးဟားဟား အသံပေးလျက် အပြေးလိုက်သည်။ ရှေ့မှပိတ်ရပ်သည်။ ငမိုးကောင်းသည် ထမ်းထားသော တောင်ဝှေး

ကိုထောက်လျက် ကျိုးနင်းကျိုးနင်းဖြင့် အပြေးလာသည်။

"အမေရို့၊ ရှင်ပန်းလှရို့"

အသံပေးကာ သားအမိနှစ်ယောက်၏ကြားသို့ ဝင်ရပ်သည်။ ထို့နောက် ကုလားများနှင့် မိန်းမသားများကြားသို့ တိုးရပ်သည်။

"ဟေး မောင်မင်း၊ အသူတုန်း။ နောက်ဆုတ်"

ကုလားများ၏ မျက်နှာရိပ်မျက်နှာကဲကို အမြဲခတ်ကာ ပြိတ်တိ လုပ်နေသည့် မြန်မာစကားပြန်သည် အော်ဟစ်ငေါက်ငမ်းပြီး ပြေးလာ၏။

"ဘာ ဘာလုပ်သတုန်း။ ခုချက်ချင်း ထွက်သွားစမ်းမောင်မင်း"

"ငါ့အမေနဲ့ ငါ့နှမကိုပစ်ပြီး မသွားနိုင်ဘူး။ မင်းတို့ ဖယ်ပေး"

ငမိုးကောင်းသည် တောင်ဝှေးဖြင့်ယမ်းကာ လမ်းရှင်းသည်။ ကုလားဖြူနှင့် ကုလားနက်တို့ တောင်ဝှေးစာမမိစေရန် တိမ်းငဲ့ပေးရင်း နောက်ဆုတ်ကြသည်။

"အမေရို့၊ နှမရို့ လာကြ"

သူသည် မိဖုးနှင့် မိပန်းလှကို လှည့်ခေါ်သည်။ ရှေ့တိုးသွားသည်။ သားအမိလည်း ငမိုးကောင်းခါးကိုဆွဲလျက် ကပ်လိုက်လာကြ၏။

"မယ်မင်းနေခဲ့"

"အမေလေးရို့"

စကားပြန် မြန်မာသည် အရက်နံ့ နံသောပါးစပ်ကြီးဖြင့် အော်ဟစ်ကာ မိပန်းလှလက်ကို လှမ်းဆွဲသည်။ မိပန်းလှ ယောင်ယမ်းအော်ဟစ်ငြား၊ လက်ပါ ပါသွား၏။ စကားပြန်၏မျက်လုံးပေါ်သို့ ထွီခနဲ တံတွေးထွေး၏။ ဖြန်းဖြန်းပါအောင် ပါးကိုရိုက်၏။

"သယ်၊ ငါ့ကို ဘာမှတ်သတုန်း"

စကားပြန် စိတ်ဆိုးတော်မူကာ ဓားကို ဓားအိမ်မှချွတ်သည်။ ချွတ်ပြီးသော ဓားဖြင့် မိပန်းလှကို ပိုင်းသည်။ ငမိုးကောင်းမှာ ခြောက်လှန့်ရုံ

သာ ခြောက်လှန့်မည်ထင်ခဲ့သဖြင့် စွက်ဖက်ရန် စိတ်မကူး။ သို့ကြောင့် လက်မတင်ကလေး တောင်ဝှေးဖြင့်ထိုးခံကာ ပက်ထုတ်လိုက်ရလေ၏။

ရှောင်ပါလျက်က ဖြစ်ရပြီ။ ဖြစ်လျှင်ကား အနိုင်ရအောင် လုပ်ရတော့မည်။

လွင့်သွားသော ဓားကို စကားပြန် ပြေးကောက်ရာသို့ ကုလားများ အာရုံ ရောက်နေစဉ် ငမိုးကောင်းသည် ကုလားနက်၏ရင်ဝကို တောင်ဝှေးဖြင့် ဆောင့်ထိုးပြီး တောင်ဝှေးအရင်းပိုင်းကို ကုလားဖြူ့မျက်နှာပေါ်သို့ တွက်လွှတ်၏။

သို့သော် ကုလားဖြူကို အငိုက်မမိ။ မျောက်ဖြူသည် နောက်တစ်လှမ်းဆုတ်ရင်း ကုလားဓားဖြင့်ခံသည်။ တောင်ဝှေး တိတိရိရိ ပြတ်မသွားငြား နာသွားပြီး သို့အတွက် ဂဒူးထဲမှဓားကို ငမိုးကောင်း ဆွဲထုတ်သည်။

ကုလားသည် မည်သည့်ဓားရေးမှန်းမသိ။ ပါးကပ်လော၊ ဘယက်လည်လျှောက်လော။ မည်သည့်အရာဟု မသိနိုင်သောဓားရေးဖြင့် တရကြမ်းဝင်လာသည်။ ငမိုးကောင်းက ဒေါင်းမြီးဆွဲဖြင့်ခံသည်။ ဓားအခွေချင်း လက်ကောက်ဝတ်အထိ ပူးချလိုက်ရာ မီးဖွားများ ရှဲခနဲ ဖွားခနဲ စင်ထွက်သည်။

ကုလား၏ဓား အရှိန်သေပြီး လန်အကျ၌ ငမိုးကောင်း ဆက်ရက်ခုန် ခုန်သည်။ တစ်ပြိုင်နက်တည်း ဓားအနုတ် ဓားအပြပေးရာက 'ပန်းကုံးပြတ်' နှစ်ချက်ဆင့်တွက်သည်။ ကုလားဖြူ အသံသော်မျှ မထွက်နိုင်ဘဲ ဆက်ပြတ်၏။

"လွှတ်စမ်း၊ လွှတ်ဟဲ့ဆို"

အမေမိဖွား၏ အသံဖြစ်သည်။ စကားပြန်သည် ဓားရလာပြီးနောက် မိပန်းလှကို ဆွဲဟန်တူသည်။ ငမိုးကောင်း လှည့်ကြည့်စဉ် ကျန်ကုလားဖြူ၏လက်လှုပ်သည်။ သို့ကြောင့် ငမိုးကောင်းပြန်လှည့်စဉ် ပြောင်းတိုသေနတ်

ကုလားလက်ထဲ၌ပါလာသည်။ ငမိုးကောင်း တိမ်းခုန်ကာ လူချင်းပူးသည်။ ပြောင်းတိုသေနတ်မှ ကျည်သည် မြေကြီးထဲသို့ စိုက်ဝင်သွား၏။

ကုလားနက်သည် ပါးစပ်ကြီးဟနေရာက ကြောက်လန့်တကြားပြေးသည်။ စကားပြန်လည်း ဓားကိုပါချထားခဲ့သည်။

"အမေပြေးပြေး။ ရှင်ပန်းလုပြေးလေ။ အို နေဦး၊ တောင်းနဲ့ချိတ်မထားရစ်နဲ့"

ငမိုးကောင်းသည် တညင်းသီးတွေကို တောင်းထဲထည့်ပေးပြီးမှ ပင့်ပေးသည်။ ခြေရာလက်ရာ မကျန်စေရန် ဟင်းရွက်စည်းနှင့် ချိတ်များပါ ကောက်ယူပေး၏။

"လူကလေး မနေခဲ့နဲ့"

"ဟုတ်ကဲ့ အမေ။ အကျွန်လိုက်ခဲ့မယ်၊ ပြေးနှင့်"

ပါးစပ်ကလည်း ပြော၊ လက်ကလည်း ကုလားဖြူနှစ်လောင်းကို နီးရာလျှိုထဲသို့ ဆွဲချပစ်ခဲ့ပြီးနောက် ငမိုးကောင်း အပြေးလိုက်လာသည်။ ကြည်လင်နေခဲ့သည့် ကောင်းကင်သည် ရုတ်တရက် မှောင်လာပြန်သည်။

အမေဖူးသားအမိနှင့် ငမိုးကောင်းသည် စကားမပြောနိုင်ကြ။ သွက်သွက်လှမ်းလာကြ၊ ခြံဝတွင် မိုးမိသည်။ တဲသို့ပြန်ရောက်သောအခါ အဘနှင့် ငမိုးရိပ်တို့ မရောက်ကြသေး။

"ပသို့ လုပ်မတုန်း လူကလေး"

အမေရှင်ဖူးက ရေတစ်မှုတ်ခတ်သောက်အပြီး၌ အထိတ်တလန့်အသံဖြင့် မေးသည်။ ယခုပင်လျှင် ကုလားတွေ လိုက်လာပြီလောဟူ၍ ခြံပြင် ခြံဝန်းကျင်သို့ ပြူးပြူးပျာပျာ လှမ်းကြည့်ရင်း သစ်တုံးပေါ်တွင်ထိုင်သည်။

"မစိုးရိမ်ပါနဲ့အမေ။ သည်စကားပြန်ဟာ သည်ခြံကိုလာဖူးသဲ့ စကားပြန်မဟုတ်သာ တစ်ချက်၊ အကျွန့်ကို သူရို့ မသိသာတစ်ချက်။ သည်

အချက်တွေကြောင့် သည်နေရာကို သူရို့ ချက်ချင်း ရောက်မလာနိုင်တန်ရာ ကောအမေ"

မိပန်းလှသည်လည်း အမေ့နည်းတူပင်ခြံဝသို့မျှော်မျှော်ကြည့်သည်။ ကြည့်ရင်းက အမေ့ဘေးတွင် ဝင်ထိုင်သည်။

"နမငယ်၊ ကြောက်စ"

"အမှတ်မဲ့မို့ပါ အနောင်။ အခု အကျွန် မကြောက်သကော။ မတရား လုပ်သူကို သည်လို မလုပ်လို့ ပသို့လုပ်မတုန်း"

သည်စကားကြားရသဖြင့် ငမိုးကောင်း ပြုံးရယ်နိုင်၏။

"မွန်မြန်မာသွေးဟာ သလိုရှိရမည်ပါ့နမငယ်။ သူရို့ဟာ ငါရို့ ရန်သူ။ ရန်သူဟာ ကြောက်စရာ မဟုတ်တမင့်၊ ဓားကစားစရာပါ့"

ပြောပြောဆိုဆို ငမိုးကောင်း ထရပ်သည်။ ခြံထဲသို့လူများ ဝင်လာသောကြောင့် ဖြစ်သည်။ သို့သော် လူစိမ်းများမဟုတ်။ အဘထော်ခဲနှင့် ငမိုးရိပ်တို့ တောကြက်နှစ်ကောင်၊ သမင်တစ်ကောင်ရသဖြင့် ဝမ်းပန်း တသာ ပြန်လာကြခြင်းဖြစ်သည်။

ထိုသူနှစ်ယောက် အမောပြေချိန်ထိ အမေ မစောင့်။ ဖြစ်ကြောင်း ကုန်စင်ကို ပြောပြသည်။ တောထဲမှ ပြန်လာသည့် သားအဖသည် ခေါင်း တညိတ်ညိတ်ဖြင့် ကျေနပ်အားရစွာ နားထောင်သည်။

"ကျန်တဲ့နှစ်ကောင်ကိုပါ သတ်ရမှာ လူကလေးရဲ့။ အေး ကောင်း ပါ့၊ ကောင်းပါ့"

"သာပေမယ့်၊ သူတို့ လူနှစ်ယောက် သေသဲ့အတွက် အကျွန့်ကို တစ်ခြံဝင်တစ်ခြံထွက် ရှာကြရော့မယ်အဘ။ အဲသာကြောင့် အကျွန့်ကို သွား ခွင့်ပြုပါတော့"

"မသွားရဘူး။ ခွင့်မပြုနဲ့အဘ"

မမျှော်လင့်သော ရှင်ပန်းလှ၏ ငိုယိုတားဆီးသံ ဖြစ်၏။

"တောတွေ၊ လျှိုတွေ ကောင်းသားကလား။ မသွားစေချင်သပါ အနောင်"

သို့ရာတွင် ငမိုးကောင်းသည် ဆောင့်ကြောင့်ထိုင်ကာ မွန်လင်မယား အား လက်အုပ်ချီ ကန်တော့နေပြီ။

"သားရင်းနဲ့မခြားတဲ့ ငါ့သား၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့တော်။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ"

အမေသည် ဆုပေးအပြီး၌ မျက်နှာကို တစ်ဖက်သို့ လှည့်ထား၏။ သို့လျှင်လှည့်ထားငြား မျက်ရည်သုတ်နေသည်။ မည်သို့လျှင် ထိန်းချုပ်စေ ကာမူ သံယောဇဉ်မျက်ရည်များသည် အမေ့မျက်နှာတွင် အိုင်နေပြီ။

"သွားမယ်နော် အနောင်"

ငမိုးရိပ်သည် ငွေဖလားတစ်လုံး ယူလာသည်။ ငမိုးကောင်းသည် ငွေဖလားကို တစ်လှည့် ငမိုးရိပ်ကိုတစ်လှည့် ကြည့်နေမိသည်။

"အနောင်နဲ့အကျွန်ဟာ ညီအစ်ကိုပါ့။ တစ်ယောက်နဲ့တစ်ယောက် တစ်သက်လုံး သစ္စာမဖောက်မိအောင်"

စကားဆုံးအောင်မဆို။ ဓားမြှောင်ကို သူ့လက်မောင်းတွင် ထိုးစိုက် သည်။ သွေးတောက်တောက်ကျလာသည်တွင် ငွေဖလားဖြင့်ခံသည်။ ခဏအကြာတွင ဓားမြှောင်နှင့် ဖလားကို ငမိုးကောင်းထံကမ်းပေးပြီး သူ့ လက်မောင်းကို လက်မဖြင့်ပိတ်သည်။

သွေးသောက်ရန်ပါတကားဟု ငမိုးကောင်း သဘောပေါက်သည်။ ချက်ချင်းပင် သူ့လက်မောင်းသွေးကို ဖောက်ထည့်သည်။ သူ့လက်မောင်းမှ ဒဏ်ရာကို အဘက သစ်ရွက်တစ်ရွက်ဖြင့် လာကပ်ပေးလျှင် ငွေဖလားကို လက်တစ်ဖက်စီဖြင့် ကိုင်လိုက်ကြသည်။

"အကျွန်ရို့ညီနောင်သည် မိစ္ဆာဒိဋ္ဌိ ကုလားတွေကို ဘယ်နံရောခါမှ မိတ်မဖွဲ့။ အသက်ရှိသရွေ့ တိုက်ခိုက်ပါမည်။ ရန်သူကို မိတ်ဖွဲ့သူသည်

သို့နောင်ချင်း သစ္စာဖောက်ရာရောက်သဖြင့် ဘေးဆိုးဒဏ်ဆိုးဖြင့် သေပါစေသား"

"မကျိန်ကြပါနဲ့ သားတို့ရယ်"

အမေသည် ကျိန်စာကိုမကြားရဲသဖြင့် နားကိုပိတ်ထားသည်။ နားကိုပိတ်လျက်က တုန်ယင်စွာ တားမြစ်သည်။ တားမြစ်နေစဉ်မှာပင် ငွေဖလားထဲမှသွေးကို တစ်ယောက်တစ်ဝက် သောက်ကြသည်တွင် အထုပ်တစ်ထုပ်ဆွဲလျက် မိပန်းလှပြေးလာ၏။

"အကုန်မသောက်နဲ့၊ ချန်ဦး ချန်ဦး"

သူသည် ငမိုးကောင်း၏လက်ထဲမှ သွေးသောက်ဖလားကို ပြေးလုသည်။ သူလုယူမိချိန်၌ ဖလားထဲတွင် သွေးကုန်ပြီ။

"သမီးက မိန်းကလေးပဲ၊ သွေးသောက်စရာ မလိုသော်ကော"

အမေ ရှင်းပြနေသည့်ကြားမှပင် မိပန်းလှသည် ငွေဖလားကို သောက်ရေအိုးမှရေဖြင့် 'ကျင်း' ပြီး သောက်ချလိုက်လေ၏။

★

## ၆

ရန်ကုန်မြို့သစ်သည် တက်သစ်နေခြည်အောက်တွင် ငြိမ်သက်တိတ်ဆိတ်နေ၏။ သာယာဝတီမင်းတည်ထားခဲ့သော ရန်ကုန်မြို့သစ်သည် မိစ္ဆာဒိဋ္ဌိတို့နှင့် ရန်စစ်မဖြစ်မီက ရဲမက်တော်များနှင့် စည်ကားခဲ့သည်။ယခုသော် ကုလားလည်းမရှိ မြန်မာလည်း မကပ်သဖြင့် မြို့ပျက်ကြီးသဖွယ် ဖြစ်နေသည်။

ငမိုးကောင်းသည် မြို့ပျက်ကြီးကိုကြည့်ကာ ခရီးဆက်ရန် သင့်မသင့် ချိန်ဆနေသည်။ သူသည် ယမန်ညက ဤဘုရားပြိုထဲတွင် အိပ်စက်ခဲ့သည်။ ဘုရားမှာ လျောင်းတော်မူကိုယ်တော်ဖြစ်ကာ တောင်အရပ်သို့ ဦးခေါင်းပြုထားသည်။ အတောင်နှစ်ဆယ်ခန့်ရှိသည်။ သို့သော် ပြိုသည်က ပြိုပုံသည်က ပုံနေပြီ။

မိမိလည်း လုံခြုံအောင် ပုန်းခိုချ၍ရ၊ ချဉ်းကပ်လာသော ရန်သူကိုလည်း မြင်လွယ်သဖြင့် ထိုနေရာတွင် ငမိုးကောင်း ညအိပ်ခြင်းဖြစ်သည်။

အိပ်ရာမှ နိုးသောအခါ သူ့ကိုယ်ကို အပြစ်တင်မိတော့သည်။

ပုန်းလျှိုးဝှက်လျှိုး ခရီးဆက်ရမည့်သူ၊ အိပ်ရာမှနိုးချိန်တွင် နေကျဲကျဲ ပူနေပြီ။ သည်နေ့ကျမှ မိုးကပြတ်နေပြန်သည်။ ငမိုးကောင်းသည် ခါးပုံစထဲမှ ပြောင်းတိုသေနတ်ကို ပခြုပ်ထဲထည့်သည်။ ပြောင်းတိုသေနတ်မှာ မျောက်ဖြူထံမှ ရခဲ့ခြင်းဖြစ်၍ နီးပခြုပ်မှာ ရှင်ပန်းလှ ထမင်းခြောက်ထည့်ပေးလိုက်သော ပခြုပ်ဖြစ်သည်။

ပခြုပ်ထဲ၌ ထမင်းခြောက် သုံးလေးရက်စာ ကျန်သေးသည်။ သည်ထမင်းခြောက်ထဲတွင် ဖက်ဖြင့်ပတ်ထားသော ပြောင်းတိုသေနတ်ကို မြှုပ်သည်။ အပေါ်မှ ထမင်းခြောက်များ ဖုံးသည်။ ဆားကျည်တောက်တင်သည်။ အဖုံး ဖုံးပြီး ကြိုးစည်းသည်။

တစ်ခဏအတွင်းမှာပင် ငမိုးကောင်းသည် ဓားကိုလွယ်၊ ခမောက်ကိုဆောင်း၊ ဘူးသီးခြောက်ရေဘူးနှင့် ထမင်းခြောက်ပခြုပ်ကို တုတ်လျှိုထမ်းလျက် လျောင်းတော်မူပလ္လင်အောက်မှ ထွက်လာနိုင်ခဲ့သည်။ သူသည် မြစ်ကို မျက်နှာပြုလျက်လာသည်။ သူ့မြင်ကွင်းထဲမှ မြစ်ပျောက်မသွားမချင်း သူ လမ်းမမှားနိုင်ပေ။

ရန်ကုန်မြို့ဟောင်းဘက်တွင် ရွက်သင်္ဘောများ လှုပ်ရှားသွားလာနေကြသည်။ ကုန်းပေါ်၌ ခြောက်သွေ့တိတ်ဆိတ်နေသည်။ ကုလားဖြူသည် ရန်ကုန်မြေပြင်ကို လုယူရရှိလင့်ကစား၊ ရန်ကုန်မြို့၏ အလှနှင့် ကျက်သရေမင်္ဂလာများကိုမူ မရလိုက်သည့်အဟန်ဖြစ်၏။

ငမိုးကောင်း ကြည့်မြင်တိုင်အရပ်သို့ ရောက်လာချိန်တွင် မိုးရွာသည်။ သူ့အကြိုက်ဖြစ်သွားငြား၊ သည်အရပ်မှာလည်း စစ်မြေပြင်ဖြစ်ခဲ့ဟန်ဘူ၏။ ပျက်စီးနေသောအမြောက်များ၊ မီးလောင်ပျက်စီးနေသော အဆောက်အအုံများသာ ကြည့်စရာရှိ၏။ လူအချို့သည် ကျီးလန့်စာစားပြေးလွှားသွားလာနေကြသည်။

ပုဂံစာအုပ်တိုက်

သူသည် တံငါလှေတစ်စင်းကို အကူအညီတောင်းပြီး ထန်းတပင် ဘက်သို့လာခဲ့သည်။အောင်သပြေလှေကိုစုံစမ်းသည်။ဦးပြည့်အမည်ကို မေး မြန်းသည်။ လူများမှာ ငမိုးကောင်းကိုပင် ကြောက်ရွံ့နေဟန်၊မယုံကြည်ဟန် ရှိ၏။ သင်္ဘောကြီးတစ်စင်းမှထမင်းချက်နှင့်တူသူကမူ စကားဟဟပြော၏။

"အောင်သပြေကြီး၊ တက်သစ်ကိုသွားပြီး ငါးပိတင်မယ်ပြောသံ ကြားသဗျ"

အခါကာလက မိုးကာလ။ ခြေခင်းလက်ခင်းမှာ ငမိုးကောင်းတို့ အညာအရပ်နယ်မဟုတ်။ ထုံးအိုင်လှိုင်ရိုး ချောင်းမြောင်းကပေါလှသည်။ မသွားတတ်သွားတတ်ဖြင့် စုံစမ်းမေးမြန်းကာ တက်သစ်သို့လိုက်ငြား၊ အမောသာ အဖတ်တင်သည်။ သို့ကြောင့် ထန်းတပင်သို့ ငမိုးကောင်း ပြန်လာသည်။ အောင်သပြေကို စုံစမ်းပြန်သည်။ မရလေ။

"အားကိုးရာ မဲ့ပါပေါ့လား" ဟူသည့်အတွေး ဝင်လာသည့်ခဏတွင် ငမိုးကောင်းမှာ နီးရာသစ်ပင် တစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်ချမိ လေ၏။ သို့ရာတွင် မိမိစိတ်ကို အလျင်အမြန် ပြန်လည်ဆောက်တည် သည်။

'ပါးစပ်ရှိသည် မဟုတ်လော'

ပါးစပ်ရှိလျှင် မေးမြန်းပြီး လမ်းရှာရုံရှိသည်။

'ခြေထောက်ရှိသည် မဟုတ်သလော'

သည်ခြေထောက်ဖြင့် တစ်ရွာဝင်တစ်ရွာထွက် ခရီးဆက်လျှင် မိမိ ဇာတိရပ်ရွာသည် ပြေး၍ လွတ်အံ့လော။

သို့ဖြင့် ငမိုးကောင်း ခရီးဆက်သည်။

ငမိုးကောင်းအတွက် ဘုန်းတော်ကြီးကျောင်းများက အယုံကြည်ရ ဆုံး နေရာများဖြစ်၏။ ရွာကိုတွေ့၍ဝင်သွားလျှင် မသင်္ကာသောမျက်လုံးများ ၏ ချောင်းမြောင်းကြည့်ရှုခြင်း ခံရ၏။ မလိုလားသော အကြည့်များကို

ကြုံရ၏။

လမ်းပျောက်နေခိုက်တွင် လူရိပ်လူယောင်တွေ့သော်ငြား အားကိုးတကြီး မမေးရဲ။ မြန်မာမင်း၏အာဏာစက် ရုပ်သိမ်းသွားသည်နှင့် တစ်ပြိုင်နက်တည်း၊ ခိုးသေးဓားပြများ အလျှိုအလျှို ပေါ်ပေါက်လာသည်။

ကုလားများက ရေကြောင်းကို ကျောရိုးပြုလျက်၊ ကျေးရွာများသို့ ဖြန့်ကျက်လူယောင်ပြ၏။ လက်နက်လူသူ အင်အားပြ၏။ ရိုးသားသောတောသူတောင်သားများသည် ကုလားကို အားမကိုးပေ။

ထန်းတပင်မှ ငမိုးကောင်း ထွက်ခွာလာချိန်မှစပြီး၊ မိုးမရွာတော့ချေ။ ငမိုးကောင်းမှာ ကိုယ့်အပူနှင့် ကိုယ်မို့ မိုးကုန်သည်ကို မသိချေ။ ဤသို့ဖြင့် ၁၅ ရက်မြောက်နေ့တွင် ငမိုးကောင်းသည် ထုံးချောင်းရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်လာခဲ့လေ၏။

ကျောင်းနှင့်၊ ကန်နှင့်၊ ဘုရားနှင့် သပ်သပ်ရပ်ရပ်ရှိသည့်အတွက် ရွာဘက်သို့ ငမိုးကောင်းမျှော်ကြည့်၏။ ရွာမှာတစ်ပိုင်းတစ်ပျစ် မီးလောင်ထား၏။ လူသံသူသံ အနည်းအပါးမျှ ကြားရ၏။

ရေကန်နှင့် မနီးမဝေးတွင် ရေချမ်းစင်ရှိသည်၊ ဇရပ်ရှိသည်။ ထို့ပြင် သစ်တုံးကို ထွင်းပြီး ရေထည့်ထားသည်၊ ကျောက်ပြားလည်း ခင်းထားသည်။ ငမိုးကောင်းက ထိုရေဖြင့် မျက်နှာသစ်၊ ခြေဆေးပြီးမှ ကျောင်းပေါ်သို့ တက်ခဲ့သည်။

အံ့သြစရာကောင်းသည်မှာ ကျောင်းကြီးတစ်ကျောင်းလုံးတွင် ခွေးဟူ၍ တစ်ကောင်တလေမျှ မရှိခြင်းပင်။ ငမိုးကောင်း ကျောင်းပေါ်သို့ရောက်ပြီး ဘုရားဆောင်ဘက် ဦးတိုက်ကာ ဝတ်ချပြီးသည်အထိ လူသူ အရိပ်အယောင် မမြင်ရ။

'ဘယ်လိုဖြစ်ပါလိမ့်။ တစ်ကျောင်းလုံးကိုများ ကုလားသတ်သွားရော့လား'

ပုဂံစာအုပ်တိုက်

မတွေးကောင်း တွေးကောင်း တွေးရသည်အထိ တိတ်ဆိတ်လွန်းသည်။ ကွမ်းတစ်ယာညက်မျှကြာမှ ဘိုးသူတော်တစ်ပါး ကျက်သရေခန်းထဲမှ ထွက်လာသည်။

“ဆရာတော်ကို ဖူးမြော်ချင်လို့လာတာလား ဒကာလေး။ ဆရာတော်ဘုရား ဝတ်ကြောင်လဲသွားပြီ”

“မဟုတ်ပါဘုရား။ တပည့်တော် အာဂန္တုပါဘုရား။ တစ်ညတာတည်းခိုပါရစေ လျှောက်ထားရအောင် တက်လာ....”

စကားမဆုံးမီပင် ဦးသူတော်သည် လက်ကာပြ၏။

“ကျောင်းပေါ်မှာ အာဂန္တုအတည်းခံလို့ ရွာသူကြီးက မခန့်မညားပြောရာက ဆရာတော် လူထွက်သွားရတယ်ဒကာ။ သဟာကြောင့် ကျောင်းမှာ ရှိတာစားပြီးရင် ကျောင်းရှေ့က ဇရပ်မှာပဲ တည်းခိုပေတော့”

ဘိုးသူတော်သည် သွက်လက်စွာ ထွက်သွားသည်။ ကျက်သရေခန်းထဲမှ သကာရည်တစ်အိုးနှင့် ငှက်ပျောနှစ်ဖီးယူလာပြီး ချပေးသည်။

“အခု စားလို့မကုန်ရင် လမ်းခရီးမှာစားဖို့ ယူသာသွားဒကာ”

ကျောင်းတွင် အာဂန္တုတည်းခိုကာမျှဖြင့် သူကြီးက မည်သို့ပြောသနည်း။ ဆရာတော် လူဝတ်လဲရသည်အထိ မည်သို့သောအကြောင်းအရာက တွန်းထိုးပို့ဆောင်သနည်း။ ငမိုးကောင်း သိချင်သည်။ ငှက်ပျောသီးနှစ်လုံး တွဲဖြုတ်ရင်း မော့ကြည့်သည်။ ဦးသူတော် သွားပြီ။

ဘုန်းတော်ကြီးကျောင်းများသည် ရပ်သူရွာသားများအား တရားရေအေး တိုက်ကျွေးရုံသာမက ကလေးသူငယ်များအား အလင်းရောင်ပညာမျက်စိ တပ်ဆင်ပေးသည်။ ထိုမျှမက ဖုန်းတောင်းယာစကာများသည် ရပ်ရွာမှ သင့်တင့်လျှောက်ပတ်သော အစားအစာမရလျှင် ဘုန်းတော်ကြီးကျောင်းများသို့ ခိုဝင်ကြရသည်။

ထိုမျှမက အနည်းငယ်သော အဖော်သဟဲနှင့် ခရီးသွားသူများမှာ

လည်း ညအိပ်ရပ်နားရန်အတွက် ရပ်ထဲရွာထဲ ဝင်သည်က နည်းပါး၏။ ဘုန်းကြီးကျောင်းသို့သာ ဦးတိုက်သည်က များ၏။

သည်ကဲ့သို့ လူသားတို့၏ မှီခိုအားထားရာ ဘုန်းတော်ကြီးကျောင်း၏ အေးမြချမ်းငြိမ်းသောအရိပ်သည် ကုလားတက်လာ၍ ပျက်သွားပြီလော။ 'မဟုတ်သေးပါဘူး'ဟု ငမိုးကောင်းတစ်ယောက်တည်း ညည်းတွားနေစဉ် ခြေသံတရှပ်ရှပ်ကြားရ၏။ မှောင်စပြုပြီမို့ အမြင်မသဲကွဲ။ သို့သော် လူတစ်ယောက် ချဉ်းကပ်လာနေ၏။

ထိုအရာသည် ငမိုးကောင်း၏ ရှေ့တွင် ဝင်ထိုင်သည်။

"အဘက သည်ကျောင်းမှာ ကပ္ပိယပါအမောင်။ ကျောင်းတံခါး ပိတ်တော့မည်မို့ ဇရပ်ပေါ်ကို ဆင်းပေတော့။ တံခါးပိတ်ပြီးရင် အဘလည်း စကားစမြည်ပြောရအောင် လာခဲ့ပါဦးမယ်လေ"

ငမိုးကောင်းသည် သကာအိုးနှင့် ငှက်ပျောဖီးများဆွဲကာ ကျောင်းပေါ်မှဆင်းလာခဲ့၏။ ကပ္ပိယကြီးလည်း ထန်းရွက်ဖျာတစ်ချပ်နှင့် ထန်းပလက် ခေါင်းဆုံးဆွဲလျက် မကြာမီရောက်လာ၏။

"အမောင့်ကြည့်ရတာ အညာအရပ်ကနဲ့တူပ"

"မှန်ပါတယ်အဘ။ ကုလားတက်တုန်းက ရန်ကုန်မှာရှိပါသယ်။ အခုမှ ထွက်လို့ရပြီကောဆိုပြီး ထွက်လာပါတယ်၊ လှေငယ်တစ်စင်းက မရှိမို့"

ရန်ကုန်ဟု ငမိုးကောင်း စလိုက်မိသဖြင့် ကပ္ပိယကြီးထံမှ တစ်ခွန်းတစ်ပါဒမျှ ငမိုးကောင်း မေးခွင့်မသာတော့ပါ။ သူကချည်း ဆက်တိုက်မေးသည်။ ငမိုးကောင်းလည်း သူနောက်ဆုံးမြင်ခဲ့ရသည့် မြင်ကွင်းကို အကျဉ်းချုံး ပြောပြပြီး သူသိလိုရာသို့ စကားကိုသယ်၏။ "အဘ တို့ရွာက သူကြီးနဲ့ ဆရာတော်နဲ့ ပသို့ဖြစ်သယ်ဆိုသာ သိပါရစေ" ဟု နိဂုံးချုပ်၏။

"သည်လိုအမောင်ရဲ့။ ထုံးချောင်း ၁၂ ရွာရဲ့ မူလသူကြီးက ဦးပိုက်

ကွယ့်။ ဦးပိုက်က ရွှေနန်းရှင်ရဲ့ တပ်မတော်ကြီးချီရာကို လိုက်သွားပြီး ပြန်မလာတဲ့အတွက် ကုလားက သူကြီးအသစ်ခန့်ထားတာ ငမေးတဲ့"

"ဪ.... အင်း အင်း၊ သလိုကိုး"

ငမိုးကောင်း ရိပ်မိစပြုပါပြီ။

"မြန်မာဘုရင်မင်းမြတ်က သူကြီးခန့်တယ်ဆိုရာမှာ အရိုးအစဉ်အရ ခန့်တာကလား။ မိဘဘိုးဘွားလက်ထက်ကစပြီး ရတနာသုံးပါးကို ကိုင်းရှိုင်းရမယ်၊ နာယကဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံရမယ်။ မင်းပြစ်မင်းဒဏ် မသင့်ဖူးသူဖြစ်ရမယ်။ သည်လို မျိုးရိုးသန့်ပြန့်သူများကိုသာ ဖအေကသား၊ သားကမြေးဆိုပြီး ထမ်းရွက်ခွင့်ပေးတာ။ ပေါက်သောက်တွေ့ရာ မခန့်ဘူး"

"မှန်ပါတယ် အဘ"

"ကုလားကတော့ သည်လိုမဟုတ်ဘူး အမောင်။ သူ့ခြေထောက်ကို အူလျားဖားလျား ပြေးဖက်ဖော်ရတဲ့ ကလေကဝကို မိန်းမရှင်ရဲ့သားလား၊ သူခိုးလား၊ ဓားပြလား စုံစမ်းစစ်ဆေးနေတာ မဟုတ်ဘူး။ သူကြီးဖြစ်စေခန့်တာကိုးကွယ့်"

ငမိုးကောင်း ခေါင်းညိတ်၏။ ယဉ်ကျေး၍ တရားစောင့်သော မြန်မာတို့သည် ဤနည်းဖြင့် ပျက်စီးရတော့မှာပါတကားဟု ဆင်ခြင်မိ၏။

"အဖေသော်မှ မည်မည်ရရ လက်ညှိုးထိုးပြစရာ မရှိသူဖြစ်လေတော့၊ သင့်လျော် လျောက်ပတ်တဲ့ သွန်သင်ဆုံးမမှုနဲ့ မနီးစပ်ခဲ့ဘူးကွယ်။ သည်လိုလူက ၁၂ ရွာအုပ် သူကြီးဖြစ်လာတဲ့အခါ 'ဖွတ်၊ မိကျောင်းဖြစ် မြစ် မချမ်းသာ' ဆိုတာလို တရားစောင့်ဖို့မသိ၊ သူ့ကျေးဇူးကို ထောက်ထားရမှန်း မသိ၊ မောက်မာမောက်ကြွားပြီကော"

"ဖြစ်လေ့ဖြစ်ထပါပဲ အဘ"

"အေး၊ မိစဉ်ဖဆက် ရိုသေကိုင်းရှိုင်းလာခဲ့ရတဲ့ ရဟန်းသံဃာကိုတောင် အရိုသေတန်သကိုးကွယ့်။ အဲဒါနဲ့ တစ်ညသားမှာတော့ သူကြီး

ငမှေးနဲ့ နောက်ပါတစ်ကျိပ်ဟာ ကျောင်းကိုရောက်လာကြတယ်။ ကျောင်းမှာ တည်းခိုအိပ်စက်နေတဲ့ ညှော်သည့်သုံးယောက်ကို စစ်မေးစရာရှိတယ် ဖြစ်ပါလေရော”

ရွာဘက်မှ အုတ်အုတ်ကျက်ကျက် အသံများကြားရသည်။ ကပွဲယကြီး လည်ဆန့်ကာ အတန်ကြာ နားစွင့်နေပြီးမှ စကားဆက်၏။

“ညှော်သည်သုံးယောက်ကလည်း သူကြီးငမှေး မသင်္ကာရင်လည်း မသင်္ကာစရာပါပဲလေ။ သူကြီးအလစ်မှာ သုတ်ခနဲ ခုန်ချထွက်ပြေးပါလေရော။ သည်လို ထွက်ပြေးတာ မိအောင်လိုက်ဖမ်းပေါ့ကွယ်၊ မမိလည်းနေပေါ့၊ အခုတော့”

“ပြီးသာကို မပြီးဘဲ ပသို့ချဲ့သတုန်း အဘရဲ့”

“ဖမ်းမယ် ဆီးမယ်၊ သခင်ကြီးတွေဆီပို့မယ်။ သူပုန်လက်ခံမှုနဲ့ အရေးယူမယ် မိုးလားကဲလား လုပ်တော့သကိုး။ ဆရာတော် ဘုန်းကြီးရဲ့ စိတ်ကို ဆွပေးလိုက်တာက ‘သခင်ကြီး’ ဆိုတဲ့ စကားပဲ အမောင်”

ငမိုးကောင်း ဝမ်းသာအားရ ခေါင်းညိတ်သည်။ ပျောက်ဖြုံကို သခင်ခေါ်သဖြင့် နားကလောသူနောက်ထပ် တွေ့ရသဖြင့်ဖြစ်သည်။

“တို့ဆရာတော်က အလွန် ‘ထက်’တဲ့ ဘုန်းကြီးကလား။ ‘ခွေးကို သခင်ခေါ်ဦးဟ’ ဆိုပြီး သူကြီးရဲ့မျက်နှာကိုခြေထောက်နဲ့ ထကျောက်တာပေါ့။ ရွေးတစ်ခြမ်းတန် သူကြီးဖြစ်စေ ကုလားကျွန်က တစ်ခါတည်း ဘုန်းကြီးကို ဖမ်းပါလေရောဟော့။ သည်အခါ ရပ်ရွာက ဝိုင်းဝန်းနားချ၊ သူကြီးငမှေးရဲ့ နောက်ပါတချို့ထဲက ဆယ်အိမ်တချို့က တောင်းပန်ပေမယ့် မရပါဘူးကွယ်။ သူကိုယ်တိုင် ဖမ်းလို့မဖြစ်တော့ ဟိုဘက်နှစ်တိုင်လောက်မှာ တပ်စွဲနေတဲ့ ကုလားကို သွားတိုင်တယ်။ သူပုန်လက်ခံ ဘုန်းကြီးဖြစ်တယ် အစရှိသည်ဖြင့်ပေါ့လေ”

“ဘယ်က သူပုန်ပါလိမ့် အဘ”

ကပ္ပိယကြီးသည် ဇရပ်ဝန်းကျင် မှောင်ရိပ်ထဲသို့ လှည့်ပတ်ကြည့်နေပြီးမှ အဖြေပေး၏။

"ဦးမြတ်ထွန်း၊ ခနဖြူမြို့သူကြီး ဦးမြတ်ထွန်း"

"သူက အခု ဘယ်မှာရှိပါသတုန်း အဘ"

ကပ္ပိယကြီးသည် ပြောလိုဟန်မရှိပေ။ သို့အတွက် အဆက်ပြတ်သွားသော စကားကိုပြန်ကောက်လေသည်။

"ကလေကဝ သူကြီးငမေး၊ ကုလားစစ်ဘာရီတွေ ခေါ်လာတယ်လည်း ကြားရော။ ငါတို့ဆရာတော်လည်း ကျောင်းဒကာနဲ့ ငါ့ကိုခေါ်ပြီး ဝတ်ကြောင်လဲတော့တာပဲဟေ့။ ကုလားကို ဘုရားမထူးနိုင်သလို သူကြီးငမေးရဲ့ အစော်ကားလည်း မခံနိုင်တဲ့အတွက် လူထွက်ပြီး ကုလားကိုတိုက်မယ်၊ ကျောင်းကိုစောင့်ရှောက်ရစ်ကြပါဆိုပြီး ထွက်သွားတော့တာပါပဲကွယ်"

သည်နေရာတွင်လည်း ဆရာတော် မည်သည့်အရပ်တွင်ရှိ၍ မည်သည့်အမည်ဖြင့် ထကြွထောင်ထားနေကြောင်း ငမိုးကောင်းမေးသည်။ ကပ္ပိယကြီး မဖြေပေ။ ဩ့သည်အာဂန္တုယောင်ဆောင်လာသော ကုလားဖြူသူလျှိုလော၊ ကပ္ပိယကြီး မယုံရဲပေ။

"သူကြီးငမေးခေါ်လာတဲ့ ကုလားဟာ ဘုန်းကြီးကို မတွေ့တဲ့အဆုံး ကျောင်းကို ဖျက်ဆီး၊ လိုချင်တာယူ။ အဲဒါနဲ့ အားမရတော့ ရွာကို သူပုန်လက်ခံရွာဆိုပြီး မီးတိုက်တာ၊ ကံကောင်းလို့ မိုးကြီးရွာချတာကလား"

"အဲသာထက် အဘ"

ကပ္ပိယသည် စကားဆက်ခွင့် မပေးဘဲ "ကဲကဲ သတိဝီရိယနဲ့ အိပ်လကွယ့်"ဟု ပြောပြောဆိုဆို ဇရပ်ခါးပန်းမှ လျှောဆင်းသွားလေ၏။

ငမိုးကောင်းမှာ သကာရည်တစ်အိုးနှင့် ငှက်ပျောတစ်ဖီးအကုန်တွင် စိတ်ချလက်ချ ခေါင်းချအိပ်စက်တော့သည်။ ရက်ဆက်ပင်ပန်းထားသဖြင့်

ခေါင်းချသည်နှင့် အိပ်ပျော်သည်။ သို့သော် အကျင့်ရနေသည့်အတွက် တီးတိုးသံများ ကြားရသည်တွင် ဖျတ်ခနဲ လန့်နိုးသည်။ နားစွင့်သည်။

တီးတိုးသံများကို ကြားတစ်လှည့် မကြားတစ်လှည့်ဖြစ်သည်။ စိတ်ထဲမှ မသင်္ကာ။ မည်သည့်အရာကို မသင်္ကာသနည်းမေးလျှင် ငမိုးကောင်းမှာ ဖြေစရာမရှိ။ သို့ရာတွင် သင်္ကာယန မကင်းစိတ်ဝင်နေသည်။

သို့ကြောင့် ထထိုင်ကာ အထုပ်အပိုးများနှင့် ငှက်ပျောဖီးကို ထမ်းပိုးတွင် လျှိုသည်။ ဓားကို လွယ်သည်။ အသာအယာ ဇရပ်ပေါ်မှဆင်းသည်။ ရေကန်ဘေး မှောင်ရိပ်ထဲသို့ ဝင်ပုန်းသည်။

တီးတိုးသံများ နီးကပ်လာသည်။ ဘွားခနဲပေါ်လာသော မီးစည်း။

မီးစည်းတစ်ချောင်းမှ ချက်ချင်းပွားစည်းသည်။ တုတ်ဓားကိုယ်စီ ခွဲကိုင်ထားသော လူများဖြစ်သည်။ အကြီးအကဲ ဖြစ်ဟန်တူသူက ငမိုးကောင်း အိပ်ခဲ့သောနေရာကို လက်ဝါးဖြင့် စမ်းကြည့်သည်။

"ကိုယ်ငွေ့မပျောက်သေးဘူး။ သည်သူပုန်ဟာ အခုလေးတင် ထပြေးဘာ ဖြစ်ရမယ်။ ရှာကြစမ်းဟေ့"

ငမိုးကောင်း အံ့သြ၏။

သူ့ကို သူပုန်ဟု ဆိုကြ၏။ ထိုသူတွေမှာ မည်သူတွေနည်း။ မည်သည့် အထောက်အထား အချက်အလက်ဖြင့် သူပုန်ဟုဆိုရသနည်း။

ငမိုးကောင်း ကြိတ်တွေးကြိတ်မေးရင်း ဓားကိုအသာချွတ်သည်။ သက်ထဲ၌ ဓားရလျှင် ငြိမ်သက်နေ၏။

"ဘုန်းကြီးက လွှတ်လိုက်တဲ့သူပုန်ဆိုရင် မြင်မြင်ထင်ထင် လာပါ့မလားသူကြီးမင်း"

မီးစည်းမီးတုတ်မှ အရောင်များသည် ရေကန်မျက်နှာပြင်မှ တစ်ဆင့် ငမိုးကောင်းကိုယ်ပေါ်သို့ ဟပ်သည်။ ငမိုးကောင်းမှာ ငှက်ပျောပင် နှစ်ပင်၏ ဘင်စည်ကြားသို့ပိုပြီး ရောက်အောင်တိုးကပ်ရင်း လှမ်းကြည့်မိ၏။ သျှောင်

ထုံးတွေ့ ပြေသူပြေ၏။ ပွသူ ပွ၏။ အာလေးပုံနှင့် ခြေလှမ်းမမှန် သိုင်းကွက်နင်းပုံများ စုပေါင်းကြည့်သောအခါ သူရာယစ်ဝလာသူများ ဖြစ်တန်ရာ၏။

သို့ဆိုလျှင် သူတို့လူ နှစ်ကျိပ်ဖြစ်စေဦး၊ ငမိုးကောင်းမမှု။ မှုစရာမရှိသော်လည်း သူကြီးမှာက အာဏာရှိသည်။ ထို့ပြင် သည်အရပ်သား။ မိမိမူ အာဂန္တု။ သို့အတွက် အသာအယာ မှောင်ရိပ်တွင်းသို့ နောက်ဆုတ်ထွက်ပြေးလာခဲ့လေ၏။

ပြေးသာပြေးရသည်၊ ငမိုးကောင်း မပြေးတတ်။

မည်သည့်နေရာသို့ မည်သို့သွားရမည်နည်း။ သို့ကြောင့် မြွေမကြောက်ကင်းမကြောက် ဘုရားထဲဝင်သည်။ ငမိုးကောင်းမှာ ကုလားကျွန်သူကြီးငမှေး၏ ရန်ကိုကြောက်သောကြောင့် ပုန်းလျှိုးစရာရှာခါမှ ရန်သူသစ်နှင့် ထပ်တွေ့ရသည်။

မှောင်မည်းထဲတွင် ငမိုးကောင်း ဝင်တိုးမိသောအရာမှာ ချုန်မြသောခေးသွားများဖြစ်သည်။ ရင်ထဲတွင် အေးခနဲဖြစ်သွားကာ ဆတ်ခနဲ ဆုတ်လိုက်စဉ် သန်မာသောလက်များ ကုပ်ကိုဖမ်းနိုပ်သည်။ ချက်ချင်း လက်ပြန်ကြိုး အတုပ်ခံရသည်။

"နောင်ကြီးတို့က အသူတုန်း။ အကျွန့်ကို အသူမှတ်သတုန်း"

"နင်ဟာ အင်္ဂလိပ်ကျွန်။ မိစ္ဆာဒိဋ္ဌိသူလျှို"

"သည်စကားပြောသူ အသူတုန်း။ နံနက်မိုးသောက်ချိန်မှာ သည်စကားပြောသူနဲ့ အကျွန် အသက်ချင်းလဲကြရအောင်"

"တိတ်စမ်း။ သေသွားချင်သလား"

ငေါက်ငမ်းသံကြောင့် ငမိုးကောင်း နှုတ်ပိတ်နေလိုက်သည်။ သူတို့ဆွဲခေါ်ရာသို့ ခြေလှမ်းသွက်သွက်ဖြင့် လိုက်ပါလာခဲ့သည်။ သူတို့က အင်အား များသည့်အပြင် ကြိုးဖြင့်ပါ တုတ်ထားသည့်အတွက် မတုံ့ပြန်ဘဲ နေရငြား ငမိုးကောင်းရင်ထဲမှာ တနုံ့နုံ့ခံစားရသည်။ အင်္ဂလိပ်ကျွန်ဟူ၍

လည်းကောင်း၊ မိစ္ဆာဒိဋ္ဌိသူလျှိုဟူ၍လည်းကောင်း မိမိအား ဆဲရေးခြင်းသည် အလွန်အကျူး စော်ကားခြင်းသာဖြစ်သည်။

မကြာမီ ကြယ်များထွက်လာကြပြီ။

ကြယ်များကို ကြည့်ခြင်းအားဖြင့် မိမိတို့သည် အရှေ့အရပ်တစ်လှည့်၊ အရှေ့မြောက်အရပ်တစ်လှည့် သွားနေပါတကားဟု ငမိုးကောင်း သိသည်။ လင်းကြက်ဆော်ချိန်၌ လှေတစ်စင်းဖြင့် မြစ်ကြီးတစ်သွယ်ကို ဖြတ်ကူးကြရပြန်သည်။

မြစ်ကူးချိန်သည် သုံးနာရီခန့်ကြာသည်။ လှေပေါ်မှဆင်းကာ ရွံ့ညွန်ထူထပ်သော မြက်တောများကို ဖြတ်ရချိန်တွင် မိုးလင်းပြီ။ ငမိုးကောင်းအား ဖမ်းဆီးလာသူများသည် ငမိုးကောင်းအား ဝါးပိုးတိုင်တစ်လုံးတွင် လက်ပြန်ချည်ထားခဲ့ကြသည်။ ငမိုးကောင်း၏ ဆောင်ဓား အပါအဝင်၊ ပစ္စည်းပစ္စယအားလုံးမှာ ခြေတစ်ကန်အကွာတွင် ရှိနေသည်။

'ဘဇာလူတွေတုန်း၊ အသူတွေတုန်း'

ငမိုးကောင်းမှာ အတွေးရခက်နေသည်။ အတွေးရခက်ဆဲမှာပင် အင်္ဂလိပ်ကျွန်ဟုဆိုသံကို ကြားရပြန်သောအခါ ဒေါသထွက်သည်။ စိတ်ဆိုးဆိုးဖြင့် ဆောင့်ရုန်းသည်။ ရုန်းသော်ငြား ကြိုးမပြေ၊ တိုင်မကျွတ်။

မေ့ခနဲ အိပ်ပျော်သယောင်ရှိ၏။ စကားပြောသံများကြောင့် မျက်လုံးဖွင့်ကြည့်ရာ လူတစ်ကျိပ်ခန့် တဲတွင်းဝင်လာသည်ကို မြင်ရ၏။ လူတစ်ကျိပ်၏အလယ်မှ ထောင်ထောင်မောင်းမောင်း မည်းမည်းသဲသဲလူမှာ ရင်ဘတ်၌ ဆေးနီထိုးထား၏။ ကျောတွင်ကား သေနတ်တစ်လက်လွယ်လျက်။

"ဟော့ မင်းဟာ ကုလားဖြူသူလျှို မဟုတ်လား။ ထုံးချောင်းရွာက မိလာသာလေ"

"သည်အမေးကိုမဖြေခင် ညတုန်းက အကျွန့်ကို အင်္ဂလိပ်ကျွန်၊ မိစ္ဆာဒိဋ္ဌိသူလျှိုလို့ ပါးစပ်နဲ့စော်ကားသူကို အကျွန် တွေ့ချင်သယ်။ အကျွန့်ကို

ကြိုးဖြည်ပေးပါ”

“ညတုန်းက ပြောသူဟာ ငါပဲ၊ အမောင် ဘာလုပ်ချင်သတုန်း”

“နင် ရှိခိုးတောင်းပန်အောင် ငါလုပ်ချင်သယ်”

ငါပဲဟေ့ဟု ပြောကာ၊ လှူအုပ်ထဲမှ ထွက်လာသူကို ငမိုးကောင်း လှမ်းကန်သည်။ နောက်ဆုတ်သွားသဖြင့် မထိ။

“အနောင်တို့ ယောကျ်ားမဟုတ်လား။ ယောကျ်ားဟုတ်ရင် ယောကျ်ားပီပီ ကြိုးဖြေပေးပါ။ အကျွန့်ကို ဝစီကံနဲ့ ပြစ်မှားသူကို ဆုံးမခွင့် ပေးကြပါ”

သေနတ်လွယ်ထားသူသည် ငမိုးကောင်းအား စူးစိုက်ကြည့်နေရာက “သဟာလောက် ဒေါသကြီးနေမင့်၊ ဖြေပေးလိုက်ကြကွယ်ရို့” ပြောသည်။

လှောင်အိမ်တွင်းရောက် သားရဲတိရစ္ဆာန်သည် လှောင်အိမ်အပွင့် ကိုစောင့်သကဲ့သို့ ငမိုးကောင်းလည်း ကြိုးအပြေကိုစောင့်၏။ လက်ပြန် ကြိုးများ ရှင်းရှင်းကင်းကင်း လွတ်ပြေသည်နှင့်တစ်ပြိုင်နက်တည်း၊ နူတ်မှ လွန်သူထံ အဟုန်ပြေးစွာ ပြေးသွား၏။ ဝမ်းခေါင်းသံကြီးဖြင့် အော်ကာ တစ်ကိုယ်လုံး ခုန်ဝင်၏။

နူတ်မှလွန်သူသည် ငမိုးကောင်းနှယ် အရပ်လေးတောင်ခန့်ရှိသူ ပင်ဖြစ်ကာ မောင်းလက်ရုံး ရင်အုပ်တွင် ငမိုးကောင်းထက် သိသိသာသာ ထွား၏။ သို့ဖြစ်ငြား လက်သီးဖြင့် ပြေးထိုးမည်ထင်သောကြောင့် ခြေကား ပြီးစောင့်၏။ မမျှော်လင့်သော အင်ကြီးအားကြီးဖြင့် ခုန်ချပြီးကန်သောအခါ ရင်ဘတ်ကို အကန်ခံရ၏။ လွင့်သွား၏။

လွင့်သွားသူ ကုန်းထဆဲတွင် ငမိုးကောင်းအပြေးရောက်သွား၏။ သျှောင်ကို ဖမ်းကိုင်၏။ ဆောင့်ဆွဲ၏။ အဆွဲခံရသူသည် အလိုက်သင့် ခေါင်း မော့ပါလာ၏။ ဤသည်တွင် ငမိုးကောင်း၏ညာဒူးသည် ပစ်ဝင်၏။

ဒူးဖြင့် အဆောင့်ခံရသူက ငမိုးကောင်း၏တိုက်ဖက်သည် သျှောင်

ထုံးကို လှမ်းဆွဲ၏။ ငမိုးကောင်းမှာ သျှောင်ထုံးမရှိ။ တစ်ထွာသာသာ ဆံတို များ ချော်ထွက်၏။

သည်အခိုက်တွင် ငမိုးကောင်းသည် တစ်ချောင်းတည်းသော ခြေထောက်ကိုဆောင့်ကန်ပြီး၊ မာန်သွင်းလိုက်သည်။ တစ်ဖက်လူ၏ ရင်ဂ ကို အားနှင့်ဆောင့်သည်။ သူက အပေါ်က တစ်ဖက်လူက အောက်က ပက်လက်လန်လဲ၏။ လဲခိုက်တွင် ငမိုးကောင်းသည် အဖမ်းခံရသော ခြေကို ဆန့်ထုတ်ရာ လွတ်သွားလေ၏။

လွတ်လျှင်လွတ်ချင်း ရင်ဘတ်ကို ဖနောင့်ဖြင့်ပေါက်၏။ နံရိုး သွင်သွင်ကျိုးကာ သွေးပွက်ပွက်အန်လောက်အောင် ပြင်းထန်၏။ နှုတ်လွန် သူ သုံးလိုမ့်ခန့် လိမ့်ရှောင်သည်။ ခုန်ထသည်။ ထရုံတွင်ထောင်ထားသော သူ့ဓားကို ပြေးကောက်သည်။ ငမိုးကောင်းလည်း သူ့ဓားကို ပြေးကောက် ရာက ရှမ်းခနဲဆွဲထုတ်သည်။ ဇရပ်(ဆက်ရက်)ခုန် သုံးခုန် ခုန်ပြီး ဝင်သည်။

"အမောင် ဓားချလိုက်ပါ။ သည်မှာကြည့်စမ်း"

ငမိုးကောင်းသည် ဓားဦးကို မြေသို့စိုက်လျက် ငဲ့ကြည့်သည်။ သေနတ်လွယ်ထားသော ပိုးပဝါတစ်စထောင် ပေါင်းထားသောလူ၏ လက်ထဲ၌ ပြောင်းတိုသေနတ်တစ်လက်၊ သေနတ်ပြောင်းက ငမိုးကောင်း၏ ရင်ညွန့်ကို ချိန်ထားသည်။

"နင် ကုလားဖြူသူလျှိုတိုသဟာ သက်သေခံပဲ"

ဖျပ်ခနဲ သူ့ပစ္စည်းတွေကို ငမိုးကောင်းကြည့်သည်။ မိပန်းလှ ပေးလိုက်သော ထမခြောက်(ထမင်းခြောက်) ပခြုပ်ပွင့်နေသည်။ တိုက်ခိုက် သတ်ပုတ်နေခိုက်၌ ဖွင့်ကြည့်ကြခြင်း ဖြစ်မည်။

"နင့်ခေါင်းက ဆံပင်ကလည်း တိုတောင်းတယ်။ ကျွန်ရည်ဝနေ တဲ့ အရပ်ကလာတဲ့ သူလျှိုမဟုတ်လား"

ဓားကို ဓားအိမ်တွင်းပြန်သွင်းရင်း ငမိုးကောင်း ငြင်းဆန်၏။

"သွေးဆေးကန်နားက တောထဲမှာ ကုလားဖြူနှစ်ယောက်ကို သတ်ပြီး ယူခဲ့တဲ့သေနတ်။ အကျွန် ကုလားကျွန်မဟုတ်၊ သူလျှိုမဟုတ်။ မြန်မာမင့် သစ္စာတော်ခံ တပ်မတော်သား။ သိမ်ဖြူခံတပ်တိုက်ပွဲမှာ အကျွန့် အိုးစားဖက် လေးဦးလုံးဆုံးရှုံးခဲ့ရသကော"

"နင့်စကား ငါမယုံ"

ဤအခိုက်တွင် ငမိုးကောင်း၏ရန်သူသည် ဓားကို အေးဆေးစွာ လွယ်လျက် ထိုလူကြီးထံကပ်လာသည်။

"သွေးသောက်ထင်ရဲ့တပ်မှာ ရန်ကုန်စစ်မျက်နှာက ပြန်လာတဲ့ အညာသားတစ်ယောက် ရှိသကောဗိုလ်မင်း။ သိမ်ဖြူခံတပ်မှာ ဒဏ်ရာရခဲ့ဆိုသပ"

"သွားခေါ်စမ်း၊ သွားခေါ်စမ်း"

ဗိုလ်မင်း အခေါ်ခံရသူသည် ပြောင်းတိုသေနတ်ဖြင့် ချိန်မြဲချိန်ထား၏။ စူးစူးရဲရဲ မျက်လုံးများတွင်လည်း မသင်္ကာမှု အပြည့်ရှိသည်။

ငမိုးကောင်းမှာလည်း သွေးသောက်ထင်၏တပ်မှ ဆိုသူကို လှမ်းမျှော်နေမိသည့်နည်းတူ ဤလူစုသည် မည်ကဲ့သို့သော လူတွေနည်းဟု တွေးနေ၏။ ရဲရင့်သန်မာသူတွေချည်း ဖြစ်သဖြင့် ရွှေနန်းရှင်၏ တပ်တော်သားတွေပေလော။

လူသွားခေါ်သူသည် ကိုင်းပင်တွေကြားမှ ပြေးထွက်လာ၏။ သူ့နောက်မှာ လူတစ်ယောက်ပါ၏။ ထိုသူသည် အပြေးအလွှား လိုက်ပါလာ၏။ လုံတစ်ချောင်းကိုထမ်းကာ ဓားကိုလွယ်ထား၏။ ခမောက်ဆောင်းထားသဖြင့် မျက်နှာကို မမြင်ရ။

'သည်လိုလှမ်းပုံမျိုး ငါမြင်ဖူးပါသယ်။ သည်ကိုယ်လုံးကိုယ်ဖန်ရှိသူဟာ ငါ့အိုးစားထဲမှာ ရှိဖူးပါသယ်။ အသူပါလိမ့်'

အခေါ်သွားသူရော ပါလာသူပါ တဲရှေ့တွင်ရပ်သည်။ ခမောက်ကို

ချွတ်ကာ ဗိုလ်မင်းကိုမော့ကြည့်သည်။

"ငမှင်"

ဝမ်းသာလုံး ပျို့သောအသံကြီး ဟိန်းထွက်၏။ ခမောက်ချွတ်လိုက်သူသည် မျက်လုံးမျက်ဆန်ပြူးလျက် လှမ်းကြည့်စဉ် ဗိုလ်မင်းက လက်ညှိုးထိုးပြ၏။

"သည်သူကို ရောင်းရင်းသိပါစ။ ရန်ကုန်စစ်မြေပြင် သိမ်ဖြူခံတပ်မှာ တွေ့ဖူးပါစ"

"ဟာ.... သူသူ"

ငမိုးကောင်းကို လက်ညှိုးထိုး၏။ ဝမ်းသာလုံးဆို့နေသဖြင့် အသံမထွက်။

"သူ့ကို သိစ"

"သိရုံမကဘူး။ အကျွန်တို့ အိုးစား၊ ဟုတ်ပြီ ငမိုးကောင်း"

ကြိတ်ထားသောအံများ လျှော့ဆင်း၏။ ဆုပ်ထားသောလက်သီးများ ပြေ၏။ ခက်ထန်သောမျက်နှာထားများ ပြယ်စင်၏။

"ဗိုလ်မင်းကြည့်ပါ။ အကျွန်တစ်ဦးတည်း ဆံဖြတ်ထားသာ မဟုတ်။ အကျွန့်အိုးစားဖက် ငမှင်ပါ ဖြတ်ထားပါသယ်"

ဤသို့ အစချီကာ ငမိုးကောင်းသည် ထုံးချောင်းရွာ ဘုန်းတော်ကြီး ကျောင်းနေကပ္ပိယကြီးထံမှ ဦးမြတ်ထွန်းအမည်ရှိ မိစ္ဆာတွန်းလှန်ရေးသမားတစ်ယောက်၏ အမည်ကို ကြားခဲ့ရကြောင်းများပါ ပြန်ပြောင်းပြောပြ၏။

"မှန်သယ် ငမိုးကောင်း။ ငါရို့ဟာ ဗိုလ်ချုပ်ဦးမြတ်ထွန်းရဲ့လူတွေပဲ။ ကုလားတွေ ရန်ကုန်ဘက်ကမ်းကို အမြောက်နဲ့လှမ်းပစ်နေချိန်မှာ ငါရို့တစ်တွေ ဒလနောက်ကျောမှာ ရောက်နေကြပြီ။ သင်းရို့ ကုလားတွေဟာ ဒလ ဘက်ကမ်းကိုတက်ပြီး ကုန်းကြောင်းချီတန်ရာရဲ့ မျှော်လင့်နိုးနဲ့

ငါရို့ စောင့်သယ်။ ကုလား မလာဘူး"

စစ်ကဲဟုထင်ရသူက ရှင်းပြသည့်နည်းတူ ဗိုလ်မင်းအခေါ်ခံသူက လည်း ဝင်ပြောသည်။

"ထုံးချောင်းဘက်ကို ကုလားသူလျှိုတစ်ယောက် လာနေလေရဲ့ သတင်းကြားလို့၊ ငါရို့လူတွေ လွှတ်ထားရာက ငမိုးကောင်းကို လူမှားပြီး ဖမ်းမိတာ။ စိတ်မရှိပါနဲ့"

"နေပြည်တော်မှာလည်း ပသို့ဖြစ်နေသယ်မသိဘူး ဗိုလ်မင်း။ ခရီး လမ်းပန်းကလည်း ခိုးသားးဓားပြနဲ့ ကုလားသားတွေက တစ်မှောင့်"

"သည်လိုဆိုလည်း ငါရို့နဲ့နေပြီး တစ်ပွဲတစ်လမ်း နွှဲပါဦးလား"

"အကျွန် တစ်ရက်တန်သည် နှစ်ရက်တန်သည် နားနေပြီးမှ အမှု ထမ်းပါရစေ ဗိုလ်မင်း"

★

# ၇

"ကုန်းတော်ခံတပ်က ရဲမက်တော်တွေအဆုတ်မှာ ငါတို့လည်း တစ်ပါတည်း ပါသွားသာပဲကွ"

ငမိုးကောင်းသည် သွေးသောက်ဦးထင်၏ လက်အောက်တွင် ငမှင်နှင့် အတူ တာဝန်ထမ်းရွက်ရန် နေရာရ၏။ သို့ကြောင့် ငမှင့်နောက်သို့ လိုက်လာ စဉ်တွင် လူချင်းကွဲအသွား၌ ဖြစ်ပျက်ပုံကို ငမှင်က ပြန်ပြောင်း ပြောနေခြင်း ဖြစ်၏။

"ငါတို့တော့ ကုန်းတော်ပေါ်က ဆုတ်လာပြီးရင် ကြည့်မြင်တိုင်ကပဲ ထပ်ခံမလား။ ဟိုဘက်ကမ်းမှာ တပ်ပြန်စုပြီး ထိုးမလား ထင်သာပေါ့ကွာ။ ငါ့မှာ ဒဏ်ရာကြီးနဲ့မို့ တွဲပိုးကူညီနေသဲ့လူတွေကို အားနာမိတယ်။ သို့ပေ သည့် ပန်းတောင်းသာရောက်ရော အရိပ်အခြည် မမြင်ပါဘူးကွယ်"

"မဟုတ်မှလွဲရော။ နေပြည်တော်က ပြန်ခေါ်သယ်ထင်သာပဲ"

ငမှင်သည် ငမိုးကောင်းအား သူရူးတစ်ယောက်အဖြစ် ကြည့်သော

အကြည့်ဖြင့် ကြည့်၏။

"အဲသဟာကို သွေးဆေးကန်နားက တောရကျောင်းတစ်ကျောင်းမှာ ပုဂံကလာသဲ့ လှေသမားတစ်စု ပြောနေသံကြားခဲ့ရသာ"

ထိုအခါတွင် ငမှင်၏အကြည့်သည် တစ်မျိုးပြောင်း၏။

"ဟေ၊ ပြောပါဘိ ပြောပါဘိ"

"နေပြည်တော်မှာ ရွှေမြို့တော်ဝန်ဘိုင်ဆတ်လူတွေနဲ့ မင်းတုန်းမင်းသား၊ ကနောင်မင်းသားရဲ့လူတွေ စောင့်နေကြသယ်သဲ့။ အဲသမယ် ဓားပြမှုတစ်မှု ဖြစ်ပွားတော့၊ မင်းသားညီနောင်ကို အမှုရှာသာနဲ့၊ မုဆိုးဘိုကို အောင်မြေနင်းဖို့ တိုက်ထွက်သွားပြီး၊ လူစုလူဝေးနဲ့ ပြန်တိုက်သဲ့အတွက် ရွှေမြို့တော်ကို ကာကွယ်ဖို့ သူပုန်မင်းသားညီနောင်ကိုနှိမ်ဖို့ တပ်တွေပြန်ခေါ်ရသယ်သဲ့လကွာ"

"ဖြစ်ရလေကွာ"

ငမှင်၏ ညည်းတွားသံမှာ ယူကျုံးမရသံဖြစ်၏။

"ငါလည်း 'ဓားရဲ' ခုတ်ပြီး ချောက်ထဲခုန်ချသာ ဝါးရုံငုတ်ပေါ်ကျလို့ မွန်သားအဖတစ်တွေနဲ့ တွေ့ပေလို့ပေါ့"

"အေး ငါ့အကြောင်းပြောရဦး"

ငမှင်မှာ အိုးစားသာမက အကြပ်ပါပျောက်ဆုံးနေပြီ။ မပျောက်မပျက် ကျန်ရှိသောအရာမှာ စစ်ကဲကြီးသီရိနော်ရထာဖြစ်၏။ သူသည် စစ်ဆုတ်ရာသို့ သူတစ်ပါး၏ အကူအညီဖြင့် လိုက်ပါလာရရာ၊ စစ်ကဲကြီး စစ်လမ်း ပြောင်းသောအခါ ပြည်မြို့သို့လိုက်ပါလာရလေ၏။

ပြည်မြို့သို့ရောက်ပြီး နှစ်လခန့်ကြာချိန်တွင် ငမှင်မှာ တိုက်စွမ်းခိုက်စွမ်းရှိသော ရဲမက်တစ်ယောက် ပြန်လည်ဖြစ်လာ၏။ တစ်မြို့လုံးတွင် ရဲမက်တော်များဖြင့်သာ ပြည့်နေသည်။ မြို့သူမြို့သားများမှာ မြန်မာအင်္ဂလိပ် ပထမစစ်ကို ကြုံဖူးသဖြင့် တန်ခူးလမကုန်မီကပင် အထက်ဘက်

နှင့် မြစ်စဉ်အတွင်းဘက်သို့ ပြောင်းရွှေ့သွားကြပြီ။

ပြည်မြို့ပေါ်တွင်လည်းကောင်း၊ ဘုရားပေါ်တွင်လည်းကောင်း၊ အကောက်တောင်နှင့် ဖိုးဦးတောင်တွင်လည်းကောင်း အခိုင်အမာပြင်ဆင်ထားကြသည်။ သို့ရာတွင် ခံတပ်သာခိုင်မာ၏။ စိတ်နေစိတ်ထားများ မခိုင်မာ။ အကြောင်းသော်ကား နေပြည်တော်တွင် သူ့လူ၊ ငါ့လူ၊ သူ့ဘက်သား၊ ငါ့ဘက်သား သံသယဝင်ခြင်း၊ မယုံကြည်ခြင်းသည် စစ်မြေပြင်သို့ လာရောက် အရောင်ဟပ်သည်။

"ငါ့ဘယ်လောက် တိုက်ခိုက်စွန့်စားပေမယ့်၊ ငါ့ဝန်ကြီးအရာကျရင် ငါလည်း ရာဇဝတ် မသင့်ရင်ကံကောင်း" ဟူသည့်အတွေး။

"ငါ့သခင် အရေးသာချိန်မှာ ငါ ကျန်းကျန်းမာမာရှိနေဖို့ အရေးကြီးသယ်" ဟူသည့် အတွေးများသည် ပြည်မြို့စစ်မျက်နှာရှိ တပ်မတော်ကြီးအတွင်း၌ တိတ်တဆိတ်ဝင်ရောက်နေခဲ့သည်။

နယုန်လထဲတွင် အင်္ဂလိပ်စစ်သင်္ဘော တစ်စင်းသည် ပြည်မြို့အောက်ဘက်ရှိ တပ်မတော်၏ ရိက္ခာထောက်စခန်းတစ်ခုကို လာရောက်တိုက်ခိုက် ဖျက်ဆီးသွားသည်။ သည်ကတည်းက ရန်သူသည် မုတ္တမ၊ ပုသိမ်၊ ရန်ကုန်တွင် မနေ၊ ဆန်တက်တိုက်ခိုက်လိမ့်မည်ဟု သိသင့်၏။

ဝါဆိုလထဲတွင်ကား အင်္ဂလိပ်စစ်သင်္ဘော ငါးစင်းဆန်တက်လာပြီ။ အကောက်တောင်တွင် တပ်စွဲထားသည့် သုံးဆယ်မြို့စားဝန်ကြီး 'သတိုးမင်းကြီး မင်းလှမင်းမဟာမင်းခေါင်' ၏တပ်နှင့် တိုက်ခိုက်ကြသည်။ ကုလားဖြူ ကုလားမည်းများသည် ပြန်လှန်ပစ်ခတ်ရင်း ပြည်မြို့သို့အရောက် ညတွင်းချင်း ဆန်တက်သည်။

ရန်သူသည် နေ့မှာတိုက်သည်။ ညတွင် မတိုက်ခိုက်ဟု စည်းကမ်းသတ်မှတ်မထားချေ။ သို့သော် ပြည်မြို့သို့ ညကြီးသန်းခေါင် ရောက်ရှိသွားသော ရန်သူအား ဆီးကြိုတိုက်ခိုက်မည့်သူ မရှိချေ။ မြို့တွင်း နေရာအံ့

အပြားကို ရန်သူဝင်ရောက်နေမှ သွားရောက် တိုက်ခိုက်ကြသည်။ ရှုံးရုံဖြင့် မတန့်သေး။ အမြောက်ကြီး ၁၉ လက်ပါ ဆုံးလိုက်ရသေးသည်။

သို့သော် ကုလားသည် မြန်မာတပ်များ အဘက်ဘက်မှ ဝန်းပတ်ထားသည့်မြို့၌ ကြာရှည်မနေ။ နောက်တစ်နေ့တွင် ပြန်လည်ဆုတ်ခွာသွားပြီ။ရန်သူ မရှိသဖြင့် မြို့ကိုပြန်လည် အုပ်စီးနိုင်ငြား၊ အမြောက်ကြီး ၁၉ လက်ကို ပြန်လည်မရနိုင်ပြီ။ အချို့ကို ယူသွားကြသည်။ အချို့ကို ထုရိုက်ဖျက်ဆီးပစ် သည်။ အချို့ကိုကား မြစ်ထဲ တွန်းချပစ်ခဲ့သည်။

သည်တွင် စဉ်းစားစရာ ရှိ၏။

အကောက်တောင်မှ အမြောက်သံကို ပြည်မြို့ရှိတပ်များမှ မကြားရှာသလော။ ကြားပါလျက် မကြားဟန်ဆောင်နေသလော။

နောက်တစ်ချက်မှာ အကောက်တောင်တွင်တပ်ဖွဲ့ထားသော သုံးဆယ်မြို့စား 'သတိုးမင်းကြီး မင်းလှမင်းခေါင်'မှာ စိတ်ထားယုတ်ညံ့ ဖောက်ပြန်နေပြီဖြစ်သဖြင့် ဝတ်ကျေဝတ်ကုန် ပစ်ခတ်တိုက်ခိုက်သလော။ ရန်သူလာနေပြီဟု ပြည်မြို့ရှိတပ်များသို့ အကြောင်းမကြားဘဲ နေသလော။

သုံးဆယ်မြို့စားဝန်ကြီးမှာ သတိုးမင်းကြီး မဟာဗန္ဓုလ၏သားဖြစ်၏။ ထိုမျှကြီးကျယ်သော ပုဂ္ဂိုလ်ကြီး၏သားကို စိတ်ထားယုတ်ညံ့ ဖောက်ပြန်နေပြီဟု မည်သည့်အတွက် စွပ်စွဲရပါသနည်း။

အကြောင်းရှိပါသည်။

ရန်သူစစ်သင်္ဘောများသည် မိုးကုန်ချိန်၌ ပြည်မြို့သို့ ပြန်လည်ချီတက်လာခဲ့ကြပြန်၏။ ထိုအချိန်တွင် ပြည်စစ်မျက်နှာ၌ တာဝန်အရှိဆုံးဖြစ်သော 'ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မမဟာမင်းခေါင်' သည် ဗိုလ်မှူးစစ်ကဲတပ်မှူးတို့ကို အစည်းအဝေးတက်ရန် ဆင့်ခေါ်၏။ ရောက်ရှိနေသော ရန်သူကို မည်သို့မည်ပုံ ခုခံချေမှုန်းမည်နည်း ဆွေးနွေးတိုင်ပင်ကြဖို့ အရေးဖြစ်၏။

စည်းဝေးသောနေရာမှာ ပြည်မြို့အရှေ့ဘက်ရှိ ရသေ့မြို့တပ်စခန်း

တွင်ဖြစ်သည်။ သုံးဆယ်မြို့စားဝန်ကြီးသည် အစည်းအဝေးသို့ မြင်းဖြင့် ကြွ ရောက်လာခဲ့သည်။ တပ်ထိပ် အောင်လံဦးသို့ရောက်သောအခါ မြင်းကို တန့် ရပ်သည်။ တစ်စုံတစ်ရာ စဉ်းစားပြီးနောက် ချာခနဲ ပြန်လှည့်သွား တော့သည်။

မင်းကြီးမဟာဗန္ဓုလ၏သား သုံးဆယ်ဝန်ကြီးသည် ကျဉ်းထဲ ကျပ် ထဲတွင် မည်သည့်သဘောဖြင့် အစည်းအဝေးမတက်ဘဲ ထွက်ခွာသွားပါ သနည်း။ သစ္စာဖောက်သွားခြင်းဖြစ်သည်။ ချီးမြှင့်မြှောက်စားထားသော မြန်မာဘုရင်၏ ကျေးဇူးသစ္စာတော်ကိုမျှမငဲ့။ ရန်သူ့အမြောက်ဆန်ထိမှန်၍ ကျဆုံးသွားရသည့် ဖအေ့မျက်နှာကိုမျှ မထောက်ဘဲ ဘင်္ဂလားခြေလျင် တပ် မဟာမှ ဗိုလ်မှူးချုပ် ချီ(ပ)ထံတွင် လက်နက်ချသည်။

ထိုကဲ့သို့ တာဝန်ရှိသူများ၏ အတွင်းစိတ်၌ မကောင်းသော သဘော ထားများ လှိုက်စားနေသောကြောင့်သာ ပြည်မြို့သိမ်း အင်္ဂလိပ်တို့၏ မိုးတွင်းတိုက်ပွဲတွင် မြန်မာတို့ ရှက်စဖွယ် ရှုံးလိုက် ဆုံးလိုက်ရခြင်း ဖြစ်သည်။

သို့ရာတွင် အချို့သော တပ်မှူးဗိုလ်မင်းများကား သုံးဆယ်ဝန်ကြီး ကဲ့သို့ မယုတ်မာကြ။ နေပြည်တော်အရေးကိုလည်း မမေ့ကြ။ ဝါကျွတ်ချိန် တွင် ထပ်မံဆန်တက်လာသော ရန်သူ့စစ်သင်္ဘောများကို ခေါင်းဆေးကျွန်း အထက်ရှိ တောင်ကုန်းပေါ်မှ အမြောက်များဖြင့် ဆီးကြိုပစ်ခတ်သည်။ ရန်သူ ကို တိုက်ခိုက် ချေမှုန်းရန်မှာ မိမိတို့တာဝန် မဟုတ်လော။

ကုလားသင်္ဘောက တောင်ကုန်းကို အမြောက်ဖြင့် ပြန်ပစ်သည်။ မြန်မာ့အမြောက်သံ တိတ်သွားသည်။ ကုန်းပေါ်မှ ပြန်လှန်မပစ်လျှင် သူတို့ ကမ်းကပ်ပြီး တက်ရောက်သိမ်းပိုက်လိမ့်မည်။ ထိုအခါကျမှ အသေသတ်ရန် အသင့်ပြင်ထား၏။ သို့သော် ကုလားများ တက်မလာ၊ သင်္ဘောများသာ ဆက်လက်ဆန်တက်သည်။

ပုဂံစာအုပ်တိုက်

သင်္ဘောများသည် ခံတပ်များနှင့်ဝေးသော မြစ်လယ်မှ မသွားနိုင်။ ခံတပ်များ တည်ရှိသည့်ကမ်းဘက်တွင်သာ ရေကြောင်းရှိသည်။ ထို ရေကြောင်းထဲသို့ သင်္ဘောတွေရောက်လာပြီ။ တစ်ခဲနက်သော သေနတ်သံ များ စိန်ပြောင်းသံများနှင့်အတူ ကုလားတွေ ထွေးခနဲ ထွေးခနဲ ကျကုန် သည်။

သင်္ဘောများက ပြန်လှန်ပစ်ခတ်ရင်း ဆန်ကြည့်သည်။ ဆန်တက် လေလေ၊ မြန်မာသေနတ် စိန်ပြောင်းတို့၏ အပစ်အခတ် ထူထပ်လေလေ ဖြစ်သည်။ သင်္ဘောပေါ်တွင် သေသူတွေ နာသူတွေ တိုးသည်ထက် တိုးလာ ပြီ။

မြစ်လယ်တွင် ကျောက်ချနိုင်သောနေရာအထိ သင်္ဘောတွေ ပြန် ဆုတ်သည်။ အမြောက်ဖြင့် ကျကျနနချိန်သည်။ ခံတပ်ဖျက် အမြောက် ကျည်များ၊ ဗုံးပျံများကို သွန်ကြဲပစ်ခတ်တော့သည်။ ခံတပ်များမှာ စင်စစ် လူမရှိ။ ဦးဆုံး ခံတပ်ဖျက်အမြောက်ဆန် ကျလာကတည်းက လွတ်ရာသို့ ရှောင်ရှားနေကြသည်။ သင်္ဘောများ ပြန်အလာ လက်လှမ်းမီချိန်ကို စောင့် နေကြ၏။

ကုလားများကား ခံတပ်ထဲတွင် လူရှိသည်အထင်ဖြင့် တစ်နေ့လုံး မရပ်မနားပစ်ခတ်သည်။ တောင်တန်းများပင် ပဲ့သည်က ပဲ့၏။ ပြိုသည်က ပြို၏။

ညနေစောင်းပြီ။

မြန်မာတွေ မလှုပ်နိုင်တော့ပြီ။ ထောင်းထောင်းကျေညက်ပြီဟု ယုံ ကြည်လျက် ကုလားသင်္ဘောများ ကမ်းသို့ကပ်လာသည်။ ကမ်းပါးစောင်း အတိုင်း ကုလားများ ကုတ်ကပ်တက်လာကြစဉ် တိုက်စည်တိုက်မောင်းသံ များ ပေါ်လာသည်။ ကုလားများ အံ့အားသင့်လျက် လှမ်းကြည့်၏။

ရုတ်တရက်ပေါ်လာသော မြန်မာရဲမက်တော်များ။ ကျနေအောက်

တွင် စစ်ဝတ်တန်ဆာများဖြင့် ရဲရဲတောက်နေသော ရဲမက်တော်များသည် ကုလားများအား အထက်စီးမှပစ်ခတ်တော့သည်။ ကုလားများ ပြန်ပစ်သေးပြား၊ ရှေ့မတိုးနိုင်။ ရေထဲကျသူကျ သေသူသေ၊ နောက်ကြောင်းပြန် ပြေးသူပြေး။

သို့အတွက် ကမ်းမကပ်နိုင်သေးသော သင်္ဘောမှ အမြောက်ဖြင့်ပစ်သည်။ အမြောက်ကျည်မှာ ဗုံးပျံဖြစ်သည်။ မြန်မာရဲမက်တွေ ကစဉ့်ကလျားဖြစ်သည်ကိုအခွင့်ကောင်းယူပြီး၊ ကုလားမည်းတွေ ပြေးတက်လာ၏။ သင်္ဘောပေါ်မှလည်း ကုလားဖြူစစ်ကူများ ပြေးတက်လာ၏။

"တိုးလဟာ တိုးဟာ တိုး"

တံပိုးခရာသံတညည်ဖြင့် အမိန့်ပေးနေသူမှာ စစ်ကဲကြီး သီရိ နော်ရထာဖြစ်၏။ နေရောင်အောက်တွင် မိုးထားသောထီးနီကြီးက ရဲမာန်ကို ဖော်ပြ၏။ ဗုံးပျံတစ်လုံး ကျရောက်ပေါက်ကွဲ၏။ ဖုန်တွေ မီးခိုးတွေ ဖုံးသွားသည်။

မြန်မာရဲမက်တော်တို့ကား ပစ်ခတ်ပြေးတက်လာသော ကုလားအုပ်တွင်းဝင်ကာ ဓားဖြင့်ခုတ်ကြလေပြီ။ ချပ်ဝတ်တန်ဆာများက နီနီ၊ သွေးက နီနီမို့။ မည်သည့်အရာ ကုလား၊ မည်သည့်အရာ မြန်မာ ခွဲမရ။ ကျားကျားမာန်သွေးသံများ သေနတ်သံများ ယှက်လိန်၏။

မီးခိုးနှင့် ဖုန်များ လွင့်သွားပြီ။

စစ်ကဲကြီးကား နေရာမှမရွေ့။ မားမားကြီးရပ်လျက် အမိန့်ပေးနေသည်။ သွေးသောက်များလည်း ကွက်ကဲမပျက် ဝင်ရောက်ပစ်ခတ် တိုက်ခိုက်နေသည်။ ထီးမိုးသူလည်း အမိုးမပျက်၊ တံပိုးမှုတ်သူလည်း မှုတ်နေသည်သာ။

ဗုံးပျံတစ်လုံး အော်ဟစ်ပြေးလွှားလာသည်။ ကျောဘက်တွင် ကျရောက်ပေါက်ကွဲသည်။ ထီးတော်မိုး ခွေကျသွားသည်။ ရဲမက်တစ်ယောက်

သည် အပြေးလာပြီး ထီးတော်ကို ကောက်ယူသည်။ စစ်ကဲကြီးကို မိုးပေးသည်။

"တိုးလဟ တိုးတိုး။ တိုးလဟ"

သဆော်ပေါ်မှ အမြောက်များ သေနတ်များသည် ကမ်းပါးစောင်းသို့ မပစ်နိုင်။ လုံးထွေးတိုက်ခိုက်နေကြသည်။ တိုးလဟ အမိန့်ပေးသံပေါ်လာတိုင်း မြန်မာရဲမက်များ ရှေ့သို့တိုးပြီး ခုတ်ထစ်သည်။

စစ်ကဲကြီးဘေးသို့ ဗုံးပျံတစ်လုံး ထပ်မံကျရောက်သည်။ ကျယ်လောင်သော ပေါက်ကွဲသံအဆုံး၌ မြင်ကွင်းသည် မီးခိုးအောက်၌ ကွယ်ပျောက်၏။ လေတစ်ချက်အဝှေ့တွင် မြင်ကွင်းပြန်ပေါ်၏။ ထီးသည်လည်းကောင်း၊ စစ်ကဲကြီးသည်လည်းကောင်း မရှိပြီ။ စည်သံ ခရာသံလည်း ဆိတ်စဲသွားပြီ။

ထိုအခါ မြန်မာရဲမက်တို့၏ ခွန်အားလျော့သွားပြီ။ ကုလားများ ကမ်းပေါ် ရောက်လာသည်။ ရဲမက်တော်များ တစ်ယောက်ချင်း နှစ်ယောက်ချင်း ဆုတ်ခွာရာက အစုလိုက် ဆုတ်ခွာကြပြီ။

"စစ်ကဲကြီး ကျဆုံးပေမယ့် ငါမသေသေးဘူးကွ"

ငမိုးကောင်းမှာ ရတ်တရက်အားဖြင့် အမိပ္ပာယ်မကောက်တတ်ဘဲ ဖြစ်သွားရသည်။ ငမှင်၏တောက်ပနေသော မျက်လုံးကြီးများကိုသာ စူးစိုက်ကြည့်နေမိသည်။

"စစ်ကဲကြီးသေလို့၊ သူ မအုပ်စီးနိုင်ပေမယ့် ငါတို့အိမ်က ထွက်လာသာက ရန်သူကို တိုက်ဖို့ပဲကွ။ တိုက်သာပဲ"

မြန်မာရဲမက်များသည် မှောင်ကြီးမည်းကြီးတွင် ကမ်းတက်ပြီး တပ်စွဲလာသော ရန်သူကိုထိုင်ကြည့်မနေပေ။ ငါးယောက်တစ်စု ဆယ်ယောက်တစ်စု အစုကလေးများဖြင့် သုံးဖက်သုံးတန်မှ မကြာခဏ လာရောက်ပစ်ခတ်နေကြလေသည်။

ရွှေဆံတော် ကုန်းတော်ပေါ်တွင် တပ်စွဲချရပ်ထားသည့် မြန်မာရဲမက်တော်များမှာ ယခုအကြိမ်တွင်လည်း ရွှေတိဂုံခံတပ်နည်းတူ၊ အခန့်အမှန်း လွဲချော်ရပြန်ပြီ။ ရွှေတိဂုံခံတပ်တွင် အမြောက်ကြီးတစ်ရာကို တောင်ဘက်သို့လှည့်ထားခဲ့၏။ တက်လာသောရန်သူကို အလုံးအရင်းဖြင့် ချေမှုန်းမည်။ ရန်သူအမှန်လာသောအခါ အရှေ့ဘက်မှလာသည်။ အင်္ဂါထောင့်မှ ဝင်တိုက်သည်။ လှည်းတင် အမြောက်ကြီးတွေ ငုတ်တုတ်ခံလိုက်ရသည်။

ယခုလည်း ရန်သူသည် အနောက်မျက်နှာ လမ်းမကြီးအတိုင်း ချီတက်လာလိမ့်မည် အသေတွက်ထား၏။ မြောက်မျက်နှာတွင် ရန်သူ ခြေကုပ်ရသွားပြီ ကြားသောအခါ ရတတ်သမျှ အမြောက်များကို သယ်ယူပြီး ဘုရားပေါ်မှ ဆင်းသွားတော့သည်။

ကုလားကလည်း မြန်မာရဲမက်တော်များ၊ ကုန်းတော်ပေါ်တွင် အင်ကြီးအားကြီးဖြင့် ခံနေသည်မှတ်ယူ၏။ မြောက်မျက်နှာမှ ချေမှုန်းရန် ကုန်းတော်ဘက်သို့ အမြောက်တွေကို သယ်ယူချထား၏။ မည်သို့ပင် အကြီးအမှူးတွေ တိမ်းချော်ငြား၊ ငမှင်တို့ကဲ့သို့သော ရဲမက်များကား တွန့်ဆုတ်သုန်မှုန်မနေကြပေ။

“အဲသည်ညကဖြင့် မအိပ်ရသလောက်ပါပဲကွာ။ ကမ်းနားက ကုလားကို သွားပစ်ပြီး ပြန်လာလို့မှ မကြာသေးဘူး။ မြို့လယ်ကို သွားပစ်ရပြန်ပြီ။ အဲသဟာနဲ့ သန်းခေါင်ကျော်မှာ သွေးသောက်ထင်က ငါတို့ကို စုလိုက်သယ်။ ‘ဓားရဲခုတ်’ ထွက်ရမယ်သဲ့”

“လိုက်မယ့်လူချည်း ရှိမှာပါ့ကွာ”

“ဟုတ်သာပါ့။ သာပေမယ့် ငါတို့မှာလည်း လူသိပ်မကျန်တော့ဘူး အိုးစားရဲ့။ အနာအဆာ လွတ်သဲ့လူဆိုလို့ နှစ်ကျိပ်ပျော့ပျော့ပဲ ကျန်တော့သကော။ အဲသဟာနဲ့ တစ်ကျိပ်စု နှစ်စုခွဲပြီး ဘုရားဘက်ကို လာခဲ့ကြရသာကိုး”

ငမိုးကောင်းမှာ စိတ်အားထက်သန်လွန်းသဖြင့် မှက်ခဲသည်ကိုပင် ပုတ်ခတ်ရန် မသိ။ ဆက်လာမည့်စကားကို နားစွင့်နေသည်။

"ငါတို့လည်း မှောင်ထဲမှာ ချုံတွေအောက်ဝင်လိုက် အိမ်ကြိုအိမ်ကြား ကပ်လိုက်နဲ့လာရသာ မလွယ်ဘူး။ ရန်သူကို ကြည့်ရ မိုးပေါ်မော့ကြည့်ရနဲ့"

"မိုးပေါ်ကို ဘာအကြောင်းနဲ့"

"လက ထွက်လာလိုက်၊ တိမ်ထဲဝင်သွားလိုက် လုပ်သကော။ သဟာ ကြောင့် တိမ်ထဲမှာ လရှိနေချိန်ကို တစ်နေရာက တစ်နေရာ သုတ်သုတ် ကူးပြီး တိမ်လည်း လွင့်သွားရော တို့လည်း သစ်ပင်ရိပ်မှာ ရောက်နေပြန် သကော"

"ပျော်စရာ ကောင်းမှာပဲနော်"

"ရန်သူကမြင်လိုက်တာနဲ့ ဒိုင်းခနဲ အသက်ထွက်မှာကိုများ ပျော်စရာ ကြီးလား အိုးစားရ"

ငမှင်က ငမိုးကောင်း၏ကျောပြင်ကို လက်ဝါးခုံဖြင့် အသံမြည် အောင် ရိုက်သည့်အခါတွင်မှ ကိုက်နေဆဲ မှက် လန့်ပြီးပျံ၏။ ငမိုးကောင်း မှာ ရယ်မောနေရ၏။

"မကြောက်ပေသဲ့ ရင်ထဲကတော့ ထိတ်သပဲ့။ အဲသာနဲ့ လာလိုက် ကြသာ၊ အမြောက်နှစ်လက်ရှိသဲ့နေရာ ရောက်လာသယ်။ အမြောက်ဘေးမှာ အဝတ်တဲကလေးတွေနဲ့။ ကွင်းပြောင်ကြီးမှာ ဘယ်လိုလုပ်သွားမတုံး။ စန္ဒလီ က မျက်နှာချင်းဆိုင်လိုက် ကျောချင်းကပ်လိုက် လျှောက်နေသာ ဟိုဘက် နှစ်ယောက် သည်ဘက်နှစ်ယောက်"

"ဓားရဲခုတ်မဟုတ်သကော။ ပြေးဝင်ပြီး ခုတ်ရောပေါ့"

ငမိုးကောင်း၏ မချင့်မရဲစကား။

"နေရာက ကျယ်သယ်အိုးစားရ။ ခဲတစ်ပစ်မက ကျယ်သကော။ အဲသာကြောင့် လကို တိမ်ပုပ်ဖုံးအောင် စောင့်ပြီးမှ သွားကပ်ရသယ်။

မိးထွန်းပြီး လှည့်သဲ့ ကုလားနဲ့တွေ့လို့ တဲတင်းတွေကြားထဲ ဝင်ရပ်နေပြီးမှ စန္ဒလီဆီ သွားရသာ"

"ကိုရင်ရို့ဟာက ဓားရဲခုတ်မှ မဟုတ်သာ။ ပုန်းလျှိုးဝှက်လျှိုးပါ့"

"နားထောင်ပါဦးလေ။ ကျော့ချင်းဆိုင်ပြီး လျှောက်လာလိုက်ပြီးတော့ မျက်နှာချင်းဆိုင်ပြီး ပြန်လျှောက်သွားလိုက် လုပ်နေသာကို ပသို့ ပုန်းလျှိုး ဝှက်လျှိုး ခုတ်မတုန်း"

"အဟုတ်သားကလား"

ငမိုးကောင်းနေရာကို သူ့ပေါင်သူပုတ်ပြီး ပြောသည်။ "အနို့ ပသို့ ခုတ်သတုန်း" မေးသည်။

"အနီးဆုံးနေရာကိုရောက်အောင် ပုန်းကွယ်သွားပြီး ဓားလွတ်နဲ့ ပြေးဝင်ရသာပါ့။ သူ့သေနတ်နဲ့ မချိန်နိုင်မိ ခုတ်မိအောင် ခုတ်ရသကော။ အကျွန်နဲ့ ပြိုင်တူပြေးဝင်ရသူက အကြပ်အုန်းပန်း။ လူကြည့်တော့ ဘုတ်ထိုင်းကြီး။ ကြောင်ထက်တောင်ပေါ့ပါးပါဘိ။ အကျွန် ပြေးဝင်တုန်းရှိသေး၊ သူက ခုတ် ပြီးပြီ။

"ဘယ်အရပ်သားလို့ သိသတုန်း"

"တောင်တွင်းဘက်ကထင်ပါ့။ အကျွန့်ဖြစ်ပုံ ပြောရဦး။ အကျွန့်ကုလားက အော်သဗျား။ ပြီးတော့ လုံစွပ်နဲ့ ထိုးသဗျား။ ဓားနဲ့ခတ်၊ လက်နဲ့ကိုင်ပြီးမှ စလွယ်သိုင်းခုတ်ချရသာ။ အိပ်နေသဲ့ ကုလားတွေ ဖြိုင်ဖြိုင်ထပြီပေါ့။ ကျန်သဲ့ရဲမက်တွေ ဝိုင်းပစ်ဝင်ခုတ်လုပ်ပေလို့၊ သေနတ်နဲ့ ခဲယမ်းရခဲ့သာ"

"အဲသာကြောင့် ငါပြောသပါ့။ ပျော်စရာကြီးပါလို့"

ငမိုးကောင်းသည် သူ့စကားကို သူ သဘောကျစွာဖြင့် ဟားတိုက်ရယ်မော၏။ ရယ်၍ အားရမှ မေး၏။

"ဘယ်လိုလုပ်ပြီး သည်ကို ရောက်လာရသယ်ဆိုသာရော ပြောဦး

လေ”

“အင်းပြောရမှာတောင် စိတ်မကောင်းပါဘူးအိုးစားရာ။ အကျွန်တို့ တပ်တွေ အကောက်တောင်၊ ဘိုးဦးတောင်မှာ ကုလားနဲ့သူတစ်ပြန် ငါ တစ်လှည့် တိုက်ခိုက်သိမ်းပိုက်နေကြသာပဲ။ သည်အချိန်တုန်းက ရသေ့မြို့ မှာရှိသဲ့ မြန်မာ့တပ်မတော်ဟာ အင်အားနှစ်သောင်းလောက် ရှိသပ်။ အဲသာဗျာ၊ ပြည်ကို နေ့ထိုးမလား၊ ညထိုးမလား အကျွန်ဖြင့် တမျှော်မျှော် ပေါ့။ တစ်ညသားမှာတော့ နေပြည်တော်ကို တပ်ခေါက်မယ် အမိန့် ထွက် လာပါလေရော။အကျွန်ဝမ်းနည်းလွန်းလို့၊ အမိန့်ပြန်သဲ့ သွေးသောက်ကြီးကို ဓားနဲ့ လိုက်မလို့ ဓားဆွဲထသာ။ အကြပ် ဒေါနံပန်း ချုပ်ထားလို့သာပ်”

“တပ်ခေါက်ရာမှာ သူပါသွားသလား”

“မပါဘူး။ သွေးသောက်ဦးထင်နဲ့ သူဦးစီးပြီး မသိမသာ ချန်နေခဲ့ သဲ့လူ တစ်ရာကျော်ထင်ပ်။ ဦးမြတ်ထွန်းတပ်နဲ့ ပေါင်းမယ်ဆိုပြီး သည် ဘက် ဆင်းလာသာ။ အကျွန်ရောက်သာ တစ်ဥပုသ်လောက်ပဲရှိဦးမယ်”

ငမိုးကောင်းသည် အဝေးသို့လှမ်းမျှော်ကြည့်၏။ ရွာရိပ်ရွာခြည်ကို မမြင်ရပေ။ ထို့အတူ လူသူကျွဲနွား လှုပ်ရှားသွားလာသည်ကိုလည်း မမြင်ရ ပေ။ ကုက္ကိုပင်ကြီး တစ်ပင်ပေါ်တွင် ငြိမ်သက်စွာ ကင်းစောင့်နေသူမှအပ ရဲမက်တစ်ယောက်တလေသော်မျှ မမြင်။

“အခု ငါရို့ရောက်နေသာ ဘယ်နေရာတုန်း ငမှင်”

“ခနေဖြူနွားက ချောင်းဝတစ်ခုပဲ။ အကျွန်လည်းရောက်စမို့ ကောင်း ကောင်း မသိလေ။ သာပေမယ့် သည်နေရာမှာ ဦးမြတ်ထွန်း မရှိဘူး။ လူ အရေအတွက်လည်း အများကြီး။ မြစ်ကမ်းနဲ့ နီးသဲ့ရွာမုန်သမျှ ကုန်းတွင်း ပိုင်း အဝေးကြီးကို ရွှေ့ပေးထားသယ်ဆိုသာရော့ သိသပ်”

မှန်ပေသည်။

ဗိုလ်မြတ်ထွန်းသည် ကုလား၏အခက်ကို သိသည်။ ကုလားသည်

ပြည်မြို့ကို သိမ်းပိုက်မိငြား၊ ရိက္ခာကို ရန်ကုန်သို့ဆင်းပြီး သယ်ယူနေရသည်။ သို့အတွက် ဓနုဖြူကိုလည်း တစ်မြို့လုံးရွှေ့ပစ်သည်။ မြစ်ကမ်းပါးတွင် ရွာမြင်လျှင် ကုလားတက်လာမည်။ ဗမာ၊ ကရင်များထံမှ ဆန်ကျိုးတစ်စေ့သော်မျှ ကုလားမရစေရ။ သည်အကြံဖြင့် ရွာတွေကို ရွှေ့ပစ်သည်။

ရန်သူကုလားဖြူသည် အကောက်တောင်အနီးတွင် ကပ္ပတိန်ဂတ်နာကို ပွဲချင်းပြီးသေအောင် ခိန်ပြောင်းဖြင့်ပစ်သော မြန်မာတပ်သည် မည်သူ့တပ် နည်းဟု မသိသော်ငြား၊ ဦးမြတ်ထွန်းကို ကောင်းစွာသိသည်။ မြစ်နှင့်ဝေးရာ သို့ အရွှေ့ခံရသော ကျေးရွာများတွင် မျိုးချစ်မြန်မာတွေ ရှိသော်လည်း မျိုးမစစ် မြန်မာများလည်း တစ်ယောက်တလေ ပါဝင်နေလေရာ ထိုသူများက 'လူကလေး' အခေါ်ခံလျက် သွားရောက် အကူအညီတောင်းသဖြင့် ဖြစ်၏။

ကုလားဖြူ ကုလားမည်းများ တပ်ကြီးဖွဲ့ကာ လိုက်လာပါ၏။ ကြည့် လေရာတွင် ကိုင်းတောနှင့် သစ်ပင်များသာ ရှိသည်။ ကမ်းပေါ်တက်သည်။ မြေဩဇာကောင်းသော မြန်မာပြည်၌ မည်သည့်အပင် မည်သည့်အသီးအနှံမျှ မရှိသောအရပ်ကို ကုလားများ တအံ့တဩတွေ့ကြရလေ၏။

ကုလားများသည် ငိုဘ်ပျက်ပြီး ပြန်လည်ဆုတ်ခွာသွားကြ၏။ ဦးမြတ်ထွန်းသည် အမှန်ပင်ရှိုပါသလော သံသယဝင်စရာဖြစ်၏။ သံသယဝင်သော်လည်း မြစ်ကမ်းနှင့်နီးရာတွင် ရှိခဲ့သော ရွာများ ပျောက်သွားခြင်းမှာ အဘယ် ကြောင့်နည်း။ ဓနုဖြူတစ်မြို့လုံးတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသာ ကျန်ခဲ့ပြီး၊ လူနေအိမ်ခြေတွေ မည်သည့်အတွက် ပျောက်ကွယ်သွားသနည်း မေးစရာဖြစ်လာ၏။

သို့အတွက် ကုလားဖြူ ကုလားမည်းများသည် ဗိုလ်မြတ်ထွန်းအား အပူတပြင်း လိုက်လံစုံစမ်းထောက်လှမ်းကြလေ၏။

★

## ၈

ဧရာဝတီမြစ်ပြင်သည် အငွေ့ပျံလျက် ရှိ၏။

ဆောင်းလေပြည်သည် အခိုးအငွေ့များကို ရေပြင်ပေါ်တွင် ရှပ်တိုက်သယ်ယူသွားသည်။ ထွက်ပြူစနေခြည်သည် ရေပြင်ကို စိန်စီပေးနေသည်။

သင်္ဘောတစ်စင်းသည် မီးခိုးတလူလူဖြင့် ဆန်တက်လာသည်။ မြစ်လယ်တွင် ပိုက်ချနေသောလှေအချို့သည် ပိုက်ကို သေးပြေးရှင်ပြေး ရုပ်သိမ်းကြသည်။ သင်္ဘောသည် တဖြည်းဖြည်း နီးကပ်လာသည်။ လှေများလည်း ချောင်းကြိုချောင်းကြားသို့ ဒရောသောပါး ဝင်ပြေးကြတော့သည်။

သို့သော် ချောင်းဝတည့်တည့်တွင် ပိုက်တန်းချနေဟန်ရှိသောလှေငယ်တစ်စင်းကား၊ လောကကြီး မည်သို့ဖြစ်နေသည်ကို မသိ၏သို့ ရှိ၏။ လှေသမားသည် ခမောက်အောက်တွင် အိပ်ပျော်နေဟန်တူ၏။

သင်္ဘောနီးလာသည်နှင့်အမျှ မြင်ကွင်းမှာ ပီသလာ၏။ ရိက္ခာတင်

သင်္ဘောဖြစ်သည်။ဘေးတစ်ဖက်တစ်ချက်၌ လှေကြီးနှစ်စင်းကိုတွဲလာသည်။ သင်္ဘောပေါ်တွင်ရော လှေပေါ်မှာပါ ကုလားလက်နက်ကိုင်များ၊ ကြက်တောင်းများ၊ ဟင်းသီးဟင်းရွက်များ၊ ဆန်အိတ်များ၊ သေတ္တာများ အပြည့် ပါလာသည်။

နေရောင်ခြည် တလက်လက်ဖြင့် မှန်ရောင်ထနေသော မြစ်ပြင်။ ရုတ်ချည်း မှုန်မှိုင်းသည်။ နေခြည်ပျောက်သည်။ မှိုင်းကြီးဝေကာ မြစ်ပြင်အလှ ရုပ်ဆိုင်းသွားလေ၏။ သင်္ဘောကုလားသည် ချက်ချင်း ကျောက်ချလိုက်ရတော့သည်။

နှင်းထုသည် သိပ်သည်းစွာ လွင့်ဝဲနေသည်။ ထုသည်ထက်ထူ၊ ပိန်းသည်ထက် ပိန်းလာစဉ် ငိုက်မျဉ်းနေသော တံငါလှေမှလူ မီးခတ် ခတ်သည်။ ဆေးလိပ်မီး တရဲရဲနေအောင် ဖွာရာက မီးထွန်းသည်။

တစ်ခဏအတွင်း၌ ချောင်းထဲမှ လှေသုံးစင်းထွက်လာသည်။ သာမန်အားဖြင့် မမြင်မကန်းဖြစ်ငြား၊ မီးရောင်ကို ဦးတည်လှော်ခတ်ရသဖြင့် မြင်သည် ခေါ်နိုင်၏။ ထိုလှေများပေါ်တွင် လူငါးယောက်စီပါ၏။ တံငါလှေတွင် ယှဉ်ကပ်ပြီး တီးတိုးပြောဆို၏။ ထို့နောက် ရှေ့တစ်လံကွာသို့ ပင် မမြင်ရသော မြစ်ပြင်ထဲသို့ တက်သံနက်လျက် လှော်ထွက်ခဲ့ကြလေ၏။

ရှေ့ဆုံးမှလှေသည် သင်္ဘောပဲ့ပိုင်းမှကွေ့ကာ ညာဘက်ရှိလှေဘေးတွင် ဝင်ကပ်၏။ ကျန်လှေနှစ်စင်းမှ ဘယ်ဘက်ဘေးတွင်တစ်စင်း၊ လှေတွင် တစ်စင်း ဝင်ကပ်ကြ၏။

လှေပေါ်တွင်လည်းကောင်း၊ သင်္ဘောပေါ်တွင်လည်းကောင်း၊ နှင်းထုကြီး မှိုင်းအုံ့နေသည်။ အချင်းချင်းကိုပင် အနီးကပ်ပြီးကြည့်ရရာ၊ ကြက်တောင်းများဘေးတွင် ညင်သာစွာဝင်ကပ်သောလှေကို မမြင်စွမ်းကြပေ။

သင်္ဘောပေါ်နှင့်လှေများပေါ်သို့ လူခြောက်ယောက်တက်သွားသည်။ လှေများလည်း ရေစီးအတိုင်း မျှောခွာသွားကြသည်။ ကွမ်းတစ်ယာညက်မျှ

ကြာသွားသည်။ ကုလားများ အထိတ်တလန့်အော်ဟစ်ကြသည်။ ဘေးတွဲလှေကြီးနှစ်စင်းထဲသို့ ကြောက်ခမန်းလိလိ ရေပန်းကြီးတွေ ထောင်တက်ဝင်ရောက်လာသည့်အတွက်ဖြစ်သည်။

သင်္ဘောပေါ်မှ ကုလားများသည် အကြောင်းအကျိုးသိရန် နံဘေးနှစ်ဖက်သို့ ပြေးလာကြ၏။ ထိတ်လန့်တကြား အသံနက်ကြီးဖြင့် အော်သံများ ဆူညံသွားလေသည်။ မှိုင်းမှုန်ကိုခိုပြီး လှေပေါ်တက်သွားသော လူလေးယောက်သည် လှေဝမ်းပျဉ်ချပ်ကို ဆွဲခွာပြီးနောက် မည်းမည်း မြင်သမျှကို ဓားသရမ်းသည်။ အလန့်တကြား ပြေးလာငုံ့ကြည့်သော ဦးခေါင်းများကို သင်္ဘောဘေး အခုအခံရိပ်တွင် ခိုနေသူများက အုန်းသီးခြွေပုံဖြင့် ဓားစွမ်းပြသွားသည်။

မောင်းတင်ထားသည့် သေနတ်တွေ တကားကားဖြင့် ပြေးလာသည်။ သွေးအိုင်ထဲ၌ ဦးခေါင်းနှင့်အသက် ပျောက်ကင်းနေသော ကုလားများသာ တွေ့ရသည်။ အခြားမရှိ။ လှေထဲတွင်လည်း ဝရုန်းသုန်းကားဖြစ်ကျန်ခဲ့သည်။ ကျန်ခဲ့သော ကုလားများမှာ ခေါင်းနှင့်ကိုယ် အိုးစားကွဲသွားသူများကို ပြန်မကြည့်အား။ သင်္ဘောပေါ်သို့ အလုအယက်တက်ပြေးကြသည်။ ရမ်းသမ်းပြီး မှိုင်းအုံထဲသို့ သေနတ်ဖြင့် ပစ်သူကပစ်သည်။

ထိုအခါတွင်မှ ဘေးတွဲလှေကြီးများကို ခုတ်ဖြတ်ပစ်ရန် သတိရကြသည်။ ရသော်လည်း အချိန်မမီတော့ပါ။ လှေကြီးနှစ်စင်းက သင်္ဘောကိုပါနှစ်ဖက်ညှပ်ပြီး ဆွဲနှစ်သည်။ သင်္ဘောဝမ်းထဲသို့ ရေပြည့်အောင် ဝင်လာပြီးမှဘေးတွဲကိုဖြတ်မိသည်။ မရတော့ပါ။ ကုလားရိက္ခာတင်သင်္ဘော အိုးထည်နစ် နစ်လေပြီ။

ချောင်းထဲမှ လှေတွေ ညာသံပေးလျက် လှစ်ခနဲလှစ်ခနဲ လှော်ထွက်လာကြသည်။ ကုလားများကို ကယ်ဆယ်ရန် မဟုတ်ပါ။ သင်္ဘောပေါ်သို့ညာသံပေးကာ တက်ကြသည်။ သေနတ် ခဲယမ်းမီးကျောက်များနှင့် ကုန်

သေတ္တာတွေကို ယူရန်လာကြသည်။ ရေထဲသို့ ပေါလောမျောသွားသည်များကို လှေဖြင့် လိုက်လံဆယ်ယူကြသည်။

ကုလားသုံးယောက် ကမ်းသို့ရောက်သွားငြား၊ ပြေးလမ်းမရှိပါ။ မြန်မာစကားပြန်တစ်ယောက်မှာသော် ထိုင်ပြီး ရှိခိုးနေပါလျက်က ပါးစပ်ပိတ်သွားရရှာသည်။ သို့ရာတွင် အခြေအနေကိုသိသော ကုလားအချို့မူ ဝေးရာသို့ မျှောချသွားသဖြင့် အသက်ချမ်းသာရာရသွား၏။

ထိုကဲ့သို့ ရိက္ခာတင် သင်္ဘောတစ်စင်း ဆုံးရှုံးလိုက်ရသဖြင့် ကုလားများ အထူးသတိထားတော့သည်။ အချိန်လုပြီး စောစောစီးစီး ထွက်လာသော သင်္ဘောဟူ၍ မရှိတော့ပြီ။ သို့လျှင် သတိထားပါလျက်က ဘေးတွဲ ရိက္ခာလှေများ မကြာခဏနစ်မြုပ်သည်။ သို့အတွက် မြစ်ထဲတွင် တွေ့သမျှ တံငါလှေများ ကူးတို့လှေများကို သေနတ်တစ်ကမ်းအတွင်း၌ တွေ့လျှင် ပစ်ခတ်သတ်ဖြတ်တော့သည်။ ကုလားသင်္ဘောမြင်လျှင် သေမင်းလာသည်သို့ သဘောထားကြသည်အထိ မြစ်ပြင် တိတ်ဆိတ်လေတော့၏။

အထက်ပါသင်္ဘောကို တိုက်ခိုက်ဖျက်ဆီးသူများကား၊ ဓနုဖြူ ဦးမြတ်ထွန်း၏ မိဿာဒိဋ္ဌိမောင်းနှင်တိုက်ထုတ်ရေး တပ်သားများပေတည်း။

ဦးမြတ်ထွန်း၏တပ်များသည် ငြိမ်သက်၍ မနေပါ။ ရေထဲတွင် မလှုပ်ရှားသောအခါ ကုန်းပေါ်၌။ ကုန်းပေါ်၌ မလှုပ်ရှားလျှင် ရေထဲ၌။ တစ်နည်းမဟုတ် တစ်နည်း။ တစ်နေရာမဟုတ် တစ်နေရာ။ သို့မဟုတ် သုံးလေးနေရာတွင် ကုလားများကို နှိပ်စက်နေသည်သာဖြစ်၏။ သို့အတွက် ကုလားမှာ ပြည်မြို့ကို တက်ရောက်သိမ်းပိုက်ထားရန်အတွက် နောက်ကြောင်း မလုံဘဲ ရှိနေ၏။ မျိုးဖျက်များ အမျိုးသားသစ္စာဖောက်များကို ဖြန့်ကျက်စုံစမ်းကြရာ သတင်းသဲ့သဲ့ရ၏။

“ဟင်္သာတမှ သုံးရက်ခရီးအကွာတွင် ဗိုလ်မြတ်ထွန်း၏တပ်ရှိသည်”

ထိုသတင်းကို အဟုတ်မှတ်သော ကပ္ပတိန်လောက်သည် ပန်းတနော်

ချောင်းအတွင်းသို့ သင်္ဘောငယ်တစ်စင်းဖြင့် ဝင်ရောက်လာခဲ့လေသည်။ သူသည် မှိုင်းမဝေနိုင်သည့်အချိန်ကို ရွေးပြီး ဝင်ခဲ့ခြင်းဖြစ်သည်။

ချောင်းဝဲယာတွင် ခရာ၊ သင်ပေါင်း၊ လမု၊ လမဲ့၊ ဓနိပင်များ သန်မြန်စွာ ပေါက်ရောက်ပိတ်ညှပ်ထားကြ၏။ ချောင်းသည် တဖြည်းဖြည်း ကျဉ်းမြောင်းလာ၏။ ချောင်းပေါ်သို့ မိုးနေသော သစ်ပင်ကြီးများကို တွေ့ရသောအခါ စိတ်ထဲတွင် 'ထင့်' လာသည်။ စိတ်ထင့်ဆဲမှာပင် သင်္ဘောသည် ငုတ်အထိုးခံရကာ ခါယမ်း၏။

သေနတ်ပြောင်းဝများသည် ကမ်းဝဲယာသို့ ချိန်ထားကြ၏။ ကုလားအချို့ ရေထဲသို့ ခုန်ဆင်းကာ ငုတ်ကို ခုတ်ထွင်ကြ၏။ သဘာဝအလျောက် မျောလာပြီး သဲကိုက်သဖြင့် ဖြစ်ပေါ်နေသော ငုတ်မဟုတ်၊ လူတို့ တမင်ရိုက်သွင်းစိုက်ထူထားသည့် ငုတ်ဖြစ်ကြောင်းကို တင်းဘုတ်ဖြင့် ရိုက်သွင်းထားသောအရာက သက်သေခံနေ၏။

ကပ္ပတိန်လောက်သည် အမြောက်များကို အသင့်ပြင်ထားရန် အမိန့်ပေးပြီး သင်္ဘောကို ဆက်လက် ဆန်တက်သည်။ သဖန်းပင်ပေါ်မှမည်းမည်းအရာကြီး ထိုးဆင်းလာ၏။ ကြောက်အားလန့်အားဖြင့် ပစ်လိုက်ကြသည့် သေနတ်သံတွေ တောလုံးညံ၏။ မိမိကုပ်တွယ်ထားသော သစ်ကိုင်းကို ရှဉ့်လာကိုက်သဖြင့် ထိုးဆင်းလာသော လင်းဆွဲဖြစ်သည်။ ကုလားဖြူ ကုလားမည်းများမှာ ငိုရအခက်၊ ရယ်ရအခက်နှင့် တစ်ယောက်မျက်နှာတစ်ယောက် ရှက်ကိုးရှက်ကန်း ကြည့်မိကြ၏။

မျောက်တစ်အုပ်သည် ရေသောက်ဆင်းရာမှ ဆူညံစွာ အော်ဟစ်ပြေးတက်သွား၏။ ခပ်ဝေးဝေးဆီမှလည်း ငှက်တစ်ကောင် ဆူညံစွာအော်သံကြားရ၏။ ငှက်သည် မည်သည့်အတွက် အော်သနည်း။ လူကိုမြင်၍ ဖြစ်နိုင်သည်။ ကုလားများသည် ချောင်းကမ်းဝဲယာကို ကျီးကန်းတောင်းမှောက်ကြည့်ကြသည်။

ပုဂံစာအုပ်တိုက်

သေနတ်သံသုံးချက် ပေါ်လာသည်။

ပစ်စရာရှာနေသော ကုလားသုံးယောက်၊ သဘော်လက်ရန်းပေါ် ငိုက်ကျ၍။ ပက်လက်လန်ကျ၍။ သေနတ်သံလာရာ ချုံပုတ်များကို ဝိုင်းပစ်ကြသည်။ စိတ်ငြိမ်ချောင်းကလေးမှာ ယမ်းခိုးမွှန်၍။ မြက်ပင်တွေ၊ သစ်ပင်တွေ ပြတ်သတ်လွင့်စင်၍။

ချောင်းအတွင်း၌ ပြန်လည်ငြိမ်သက်သွားပြန်၍။

ချောင်းဘေး ပြိတ်မြက်တောထဲမှ သေနတ်သံများ ထွက်ပေါ်လာပြန်သည်။

ရှေးနည်းတူ ကုလားများ နာပြန်၊ သေပြန်ပြီ။ သဘော်ပေါ်မှ ကုလားများမှာ ပစ်သူကို မမြင်ရတိုင်း ရမ်းသမ်းပစ်သည်။

ချောင်းသည် ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာ၍။ ချောင်းထဲသို့ အကိုင်းထွက်ကာ အုပ်မိုးသည့်သစ်ပင်များ ပေါ်သည်ထက်ပေါ်လာ၍။

"တုံးကြီး၊ တုံးကြီး"

သဘော်ဦးမှ ရေစမ်းသောကုလားသည် အထိတ်တလန့်အော်ရင်း ရေညာသို့ လက်ညှိုးထိုးပြ၍။ သစ်တုံးမဟုတ်။ အမြစ်တွေဖွာနေသော မုဆိုးတစ်ပတ်ရစ်ခန့်တုပ်သည့် သစ်ပင်ကြီး ဝါးလုံးထိုးဆင်းလာသည်။

ပဲ့ကိုင်သည် ဘေးကပ်ရ ကောင်းနိုး၊ စက်သတ်ရကောင်းနိုး ဝေခွဲမရဖြစ်၍။ သစ်တုံးကြီး ပြေးလာပြီ၊ ပြေးလာပြီ။

"ထိုး ထိုး၊ ဝါးထောက်ပြီးတား"

သဘော်တစ်စင်းလုံးမှ ကုလားများ၊ သစ်မြစ်ဆုံ တုံးကြီးထံ အာရုံစိုက်နေစဉ် သမဲ့ပင်ကြားမှ လူ့ဦးခေါင်းတစ်လုံး ပေါ်လာသည်။ ဝဲယာညှပ်လျက် သေနတ်သံများ ပေါ်လာသည်။ သဘော်ပေါ်မှ ကုလားများ ပြန်ပစ်နေစဉ် အုန်းခနဲ ပြင်းထန်သော အသံကြီးနှင့်အတူ သစ်မြစ်ဆုံကြီးက သဘော်ကို ဝင်ဆောင့်သည်။ သဘော်အမိုးပေါ်မှ အထက်စီးရယူပစ်ခတ်ရန်

ပြေးတက်လာသော ကုလားများ လွင့်စင်ကုန်၏။

သမဲ့ပင်ဘေးမှ အမြောက်ပြောင်းကြီး ပေါ်လာသည်။ ဝုန်းခနဲ မြည်ကာ မီးလုံးကြီး ပြေးထွက်လာ၏။ သင်္ဘော ဒုတိယအကြိမ် ခါသွား၏။

"ကျား၊ ကျား၊ ကျား၊ ခုတ်ဟ သတ်ဟ ကျား ကျား"

ဘိလူးသဘက် အော်သံများနှင့်အတူ သစ်ပင်များပေါ်မှ လူတွေ လူတွေ ဓားလွတ်ကိုယ်စီဖြင့် ခုန်ဆင်းလာကြ၏။ ကမ်းပေါ်မှ သေနတ်သံ စဲလျှင် မည်သို့ဖြစ်တတ်သည်ကို ကုလားတွေ မကြုံဖူးသဖြင့် မသိ။ အမြောက်နှစ်လက်သည် အသင့်ပြင်ထားလျက် မည်သို့မျှ အသုံးမဝင်။

ကမ်းပါးကို မဲနေခိုက်၌ ကောင်းကင်မှ ကျလာသော ဓားသူရဲများကို ကုလားများ မခုခံနိုင်။ သေနတ်ဖြင့် ချိန်ရွယ်နေစဉ် အူပွင့်သွားပြီ။ လှံစွပ်ဖြင့် ထိုးရန် ချိန်နေဆဲ၌ ရင်ပွင့်သွားပြီ။ နောင်ခါလာနောင်ဈေး၊ ဖြစ်ချင်ရာဖြစ်၊ သဘောပိုက်ကာ ချောင်းထဲသို့ ခုန်ချထွက်ပြေးသော ကုလားအချို့သာ လွတ်သည်။

သင်္ဘောအားကိုးဖြင့် ထင်ရာစိုင်းလျှင်၊ ရမ်းကားလျှင် ရသည် ဟူသော ကုလားတို့၏ အထင်အယုံသည် သည်အချိန်၌ ကျွတ်သွားလေပြီ။

ဦးမြတ်ထွန်း၏ တပ်သားများသည် သင်္ဘောပေါ်မှ အမြောက် နှစ်လက်ကို ဖြုတ်ယူကြသည်။ ဓားနပ်ရိက္ခာများ၊ လက်နက်ခဲယမ်းများကို ကမ်းပေါ်သို့ ထမ်းတင်ကြသည်။ ဖြုတ်၍ရသမျှ၊ ဖြုတ်နိုင်သမျှ တစ်စမကျန် ယူကြပြီးနောက်တွင်ကား ကုလားသင်္ဘောတစ်စင်းလုံးကို ကြီးမားသော မီးခိုးလုံးကြီးက ဖုံးအုပ်သွားလေ၏။

လူသူကင်းမဲ့နေခဲ့သည့် တောအုပ် တောတန်းများသည် အသက် ဝင်လာ၏။ မီးခိုးလုံးကြီးသည် အချက်ပြဘိသို့ ရှိ၏။ ထိုအရပ်သို့ လူတွေ စုရုံးရောက်ရှိလာကြသည်။ ကုလားတို့ထံမှ ရလိုက်သော ပစ္စည်းများကို ပခုံးဖြင့် ထမ်း၏။ ခေါင်းဖြင့် ရွက်၏။ ကြိုးသိုင်းကာ ထမ်းပိုးဖြင့် ထမ်း၏။

လှည်းဖြင့် သယ်၏။ ကျွဲဖြင့် ဆွဲ၏။

ထိုလူအုပ်ကြီး ဖြတ်သန်းသွားရာအရပ်တွင် အုတ်အော်သောင်းတင်း ထွက်ကြည့်သူများ၊ ကြိုဆိုထောမနာပြုသူများဖြင့် ပွဲတော်တမျှ စည်ကား၏။ ကျိုက်ကဇင်းစခန်းတွင် မုံသံ၊ နဲ့သံများ တညံညံဖြင့် အောင်ပွဲခံ ရဲမက်များကို ကြိုဆိုလင့်သည်။

အနီးအနားကျေးရွာများမှ လူများသည် ကုလားပစ္စည်းများကို အထူးအဆန်းအဖြစ် ကြည့်ရန်၊ ပွဲကြည့်ရန် ရောက်လာကြသည်။ မှောင်ရီပျိုးသည်မှစတင်၍ တစ်စုပြီးတစ်စု၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တဖွဲဖွဲရောက်လာကြသည်။

ဦးမြတ်ထွန်းမှာ ဗိုလ်ရွှေပန်းအား ချီးကျူး၍ မဆုံးပေ။ သူသည် ဦးမြတ်ထွန်း၏ညာဘက်တွင် ကုပ်ကုပ်ကလေး ထိုင်နေ၏။ ဦးမြတ်ထွန်း၏ သားနှစ်ယောက်မှာသော် လူငယ်ပီပီ ရွှင်ပျမြူးထူးနေ၏။

ရပ်နှင့် ရွာနှင့် ဝေးကွာသောအရပ်တွင် ချက်တစ်ဖြုတ် ထစီစဉ်သော ပွဲဖြစ်သည်။ ဈေးသည်မရှိ။ ပွဲနေရာတွင် သစ်တုံးကြီးတွေ ထောင်ထား၏။ အဆီထွက်သော ကညင်သားတွေ ဖြစ်၏။ သည်တုံးကြီးတွေထွင်းကာ ကညင်ဆီနှင့် အနို့တပ်ကာ မီးထွန်းထားသည်။

သစ်တုံးကြီးတွေ၏ အလယ်တွင် တီးမှုတ်နေသူများ၊ ကနေသူများ အားလုံးမှာ ဦးမြတ်ထွန်း၏ တပ်သားတွေဖြစ်သည်။ မင်းသားက ခွန်းတောက်တစ်ပုဒ် ဆိုအပြီး၌ လက်ပိုက်၍ရပ်နေငြား မင်းသမီးက တစ်ပုဒ်ပြီး တစ်ပုဒ် သီဆိုရင်း ကပြနေ၏။

ငမိုးကောင်းသည် ရွှေပွဲလာပရိသတ်ကို လိုက်လံအကဲခတ်နေ၏။ ရွှေပွဲလာ မိန်းမယဉ်များထံ အာရုံရောက်နေသဖြင့် သူ့လက်မောင်းကို တစ်ဦးဦးက လာရောက်ဆုပ်ကိုင်သည်ကို သတိမထားမိ။

"ကိုရင် ကိုရင်။ ကိုရင့် မဒီကလေး မလာပါဘူး။ ကြည့်မနေပါလင့်"

ငမိုးကောင်း မကြားလေလေ၊ အနုန်းပန်းနှင့် ငမှင်တို့ လှောင်ပြုး

ပြုံးလေလေ။

"ဟေး ကိုရင်"

အေနှင်းပန်း ထပ်ခေါ်သောအခါ ငမှင်က "နေပေစေ" ပြောပြီး မြက်ဖုတ်တစ်ဖုတ်ဘေးတွင် သူရပ်မိစဉ်က ကိုက်လွှတ်လိုက်သော ပုရွက်ဆိတ်အုံကို မြေကြီးတွေရော ပရွက်ဆိတ်တွေပါကျုံးယူလာသည်။ ငမိုးကောင်း၏ ကျောပြောင်ကြီးပေါ်သို့ ဖြုံးပေးပြီးလျှင် မိမိလက်ပေါ်ရှိ ပုရွက်ဆိတ်များကို ပွတ်ချနေသည်။

"ဟဟ ဘဇာတွေတုန်း။ အိုးဟား ပုရွက်"

ငမိုးကောင်း မြည်တမ်းပုတ်ခါသည်။ တွန့်လိမ်ကွေးကောက်ရင်း ပွတ်သပ်သည်။ ငမှင်နှင့် အေနှင်းပန်းသည် အသံမပေးဘဲ မြုံနေကြ၏။ ငမိုးကောင်းမှာလည်း တစ်ကိုယ်လုံး အနှံ့ပြားစီ ရောက်သွားသော ပုရွက်ဆိတ်များကို ပွတ်သပ်၍ မပြီးနိုင်။

ဗုံပွဲမှ အတီးရပ်သွား၏။ ဝေါဝေါသံများ ညံလာသည်။ ငမှင်နှင့် အေနှင်းပန်းတို့ လည်ရှည်ပြီး ကြည့်သည်။ လူအချို့သည် ကွပ်ပျစ်တစ်လုံးကို မီးရောင်အောက်သို့ သယ်လာကြ၏။

"ဘဇာလုပ်မှာသဲ့လဲ။ ကဖို့ ဟုတ်ပုံမရပေါင်"

"သာချင်း ရွတ်မယ်ထင်ပ"

ထိုသို့ ငမှင်ကမေး၊ အေနှင်းပန်းက ဖြေသောအခါတွင်မှ ငမိုးကောင်းမှာ သူ့ဘေးရှိ လူနှစ်ယောက်ကို သတိပြုမိ၏။

"ဟား လူလောင်တွေ။ အကျွန့်ကိုယ်ပေါ် ပုရွက်တွေလွှတ်သကော"

"ပရွက်။ ပသို့ လွှတ်မတုန်း"

"အမောင်တို့ အကျီစားသန်သယ်။ ဆင်ကျီစားရာ ဆိတ်မခံသာသဲ့။ နာလိုက်တာ"

ငမှင်နှင့် အေနှင်းပန်းမှာ ယခုထက်ထိ တစ်ချက်တစ်ချက် တွန့်လိမ်

နေဆဲ။ ပရွက်ဆိတ် ရှာဖွေနေဆဲ ရှိသေးသည့် ငမိုးကောင်းအားကြည့်လျက် ရယ်မောရ၏။

"နမောတဿ ဘဂဝတော အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ"

အသံဝါကြီးဖြင့် ဘုရားရှိခိုးလိုက်သံ ကြားရသည်။ ငမှင်တို့လည်း အရယ်အမောရပ်ကာ ပွဲခင်းဘက်သို့ မျက်နှာမူလိုက်ကြ၏။ ပွဲခင်းမှာ တစ်ယောက်တစ်ပေါက် စကားပြောသံများ၊ ရယ်မောနေသံများ၊ အော်ခေါ်နေသံများ ရပ်စဲတိတ်ငြိမ်၏။

ဝါးကွပ်ပျစ်ပေါ်တွင် လူတစ်ယောက်ရောက်နေသည်။ သာချင်းဆရာဖြစ်၏။ သူသည်ချည် 'တဘက်' တစ်ထည်ကို ခေါင်းပေါင်းထား၏။ ကျော ကိုမူ ပုဆိုးတောင်ရှည်စဖြင့် ဖုံးကာ ရှေ့သို့ဆွဲချထား၏။

သူသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီးနောက် "အမိုက်လင်းဖြာတဲ့ ကျိုက်ကဇင်းရွာ ဆရာအေးက ဘယာဝေးစရာ မှန်စစ်စကားတို့နဲ့ ဟောမယ့် ကျန်စစ်သား ကြုတ်ဖွင့်သာချင်းကတော့" ဟု လေအေးဖြင့် ဆိုလိုက်ရာက အသံကိုမြှင့်၏။

"ကျက်သရေမင်္ဂလာ အဝင်မစဲ တသဲသဲနှင့် ရွှေပွဲညာတွင် ရတနာ သုံးဦး ဂုဏ်ကျေးဇူးကို နဖူးထိပ်ဆံ ညွှာက်တွင်ပန်၍ ကံသုံးပါးဖြင့် ဝပ်တွားညွှတ်လျော့ ကန်တော့ပါ၏။ ဘုရား"

သာချင်းဆရာက လက်အုပ်ကို နဖူးပေါ်တွင် တင်လိုက်သည်။ ပရိသတ်သည် ဤကားရတနာသုံးပါးအား ကန်တော့ခြင်းဟု နားလည် သည်။ မိမိတို့လည်း ရတနာသုံးပါးအား စိတ်ဖြင့် ညွှတ်တွားမိကြသည်။

"အောင်မင်္ဂလာ အောင်ချမ်းသာဖြင့် အောင်ရာမစဲ အောင်သူပွဲတွင် ရွှဲအောင်ငင်မည် နားဆင်တော်မူ"

ထိုနေရာအရောက်တွင် သာချင်းဆရာက လက်သုံးချောင်းထောင် ပြ၏။ တစ်ဆက်တည်းပင် လက်ခုနစ်ချောင်းကိုလည်း ထောင်ပြပြန်၏။

"သုံးဆယ်ကလွန် သတ္တာချွန်သည့် ခုနစ်မျိုးတွင် ဥမျိုးဆက် ရာဇဝင် စာကို ပညာဖော်ထုတ်၊ ဆရာ့ထက်ဆရာ သာထက်သာအောင်၊ ပညာဂမ္ဘီ ဉာဏ်ပလီနှင့် ကုံးစီလို့ လုပ်သောအခါ ငွေထုပ်ကို ရန်ရှာနေကျစာ"

ရယ်သံကြီး ဝေါခနဲ ပေါ်လာသဖြင့် ဗိုဝိုင်းက ပတ်တုတ်ပေးရ၏။

"ကေလာထိပ်ဝယ်၊ အိပ်နှင့်ဖွားမွေ။ ခြောက်ပါးနှောင်းဝယ် ရွှေနန်း လယ်မှာ ရှင်မယ်ဒွေးတည့်၊ ရေးကဆရာ စပ်သည့်စာကို လင်္ကာကုံးစီ ယက် တောင်ချိ၍ ဗန့်ချီရွှေဂံ သူ့ဂုဏ်ထပ်ငယ် ပန်လျှောက်တတ်က ကံစပ်လျှင် ငွေဝင် သည်ချည်းပင်"

"တစ်ပါးသူရဲ့စာကိုယူပြီး ဟောသဲ့ပြောသဲ့လူတွေကို ကန်သယ် ထင်ပါ့"

အေနှန်းပန်း၏စကားကို မည်သူမျှ ညှော်ထောက်မခံ။ နားထောင်စမ်း ဟူသည့်လက်ဟန်ဖြင့်သာ တုံ့ပြန်ကြ၏။

"ရွှန်းရွှင်လှစွာ၊ ရွှေပွဲပရိသတ်အချို့တို့ သတိထား၊ သူ့စာသွားကို ထောက်ထားနာလော့။ ပျောင်းပျော့ရွှေချူ စလေသူနှင့် ဒွေးဖြူမွေ့နွှန်း ရွှန်းက ရွှန်းသနှင့်။ လွမ်း၍မကုန် ရွှေရင်ဖူးသစ် ဆယ့်သုံးနှစ်ကယ်တဲ့ ခြောက်ပြစ်စင်ကို ယဉ်ရုံတွင်ဖမ်း"

မမျှော်လင့်ဘဲ လက်ခုပ်သြဘာသံများ ပေါ်လာသဖြင့် သာချင်း ဆရာမှာ ရပ်ထားရ၏။ သည်အသုံးအနှုန်းကလေးကို နှလုံးပီတိ ငြိကြပါ တကားဟု သာချင်းဆရာ နားလည်သည်။ ပြုံးရုံမျှပြုံးကာ ထပ်မံရွတ်ဆို၏။

"လွမ်း၍မကုန် ရွှေရင်ဖူးသစ် ဆယ့်သုံးနှစ်ကယ်တဲ့ ခြောက်ပြစ်စင် ကို ယဉ်ရုံတွင်ဖမ်း။ ပျိုစင်ဖြူဖြူ တို့ဒါရူသည် 'ကူဘလမ်း' က ယပ်ထမ်း၍ လျှောက်ရလျှင် ယဉ်ပေါက်မှာ ပုံတော်နေကျနော်"

သာချင်းဆရာသည် ကွပ်ပျစ်ကို လက်ဝါးဖြင့် ပုတ်လိုက်ပြီး ပရိ သတ်ကိုလှန့်သည်။ ကြုံးဝါးသံဖြင့် လက်သီးဆုပ်ကာ မောင်းရုံတန်း၏။

"စစ်နိုင်ပြီမို့" ဟုဆိုလိုက်ပြီးမှ နေရာပြင်ပြီး ထိုင်သည်။

"စစ်နိုင်ပြီမို့၊ ရွှေပြည်ရန်လုံ မြို့သထုံကို တူစုံလေးဦး ဝင်လေဖူးတည့်။ ဖြူးဖြူးတောင်ဟုန် တသုန်သုန်နှင့် ဂဠုန်တောင်ပံ ဝဲသောဟန်ဖြင့် မြင့်ပျံစွားစွား ဆွတ်ကာသွားမှ လျှင်လျားထုတ်ချောက်၊ သိင်္ဂုတ္တရကုန်းထိပ်စတွင် လူ့ဘမြတ်ကျောက်။ ဆံတော်အစုံ ဥဏ္ဏာလုံနှင့် ဒဂုံမြောက်ယံ သာသည့်ကန်သို့ လျှင်မြန်ရောက်ကာ လေးယောက်မွေ့သိမ်၊ မြင်းပါလူပါ ကန်သာယာဝယ် ဆင်းကာစိမ်မှ"

ငမိုးကောင်းသည် လည်ပင်းရှည်ကြည့်၏။ ဦးမြတ်ထွန်းနှင့် ဦးရွှေပန်းတို့ အသာအယာ နောက်ဆုတ်ထပြီး၊ မှောင်ရိပ်ထဲသို့ ဝင်သွားကြသောကြောင့် ဖြစ်သည်။

သာချင်းဆရာ၏ အသံဝါကြီးမှု ဆက်လက်လွင့်ပျံ၏။

"အချိန်သင့်စွာ မနည်းကြာသော် ပြင်ကတောင်က ပေါင်တရစပ်သွေးစပ်ကပ်က အလွတ်ကွာကျ ခွာနိုင်မှတည့်၊ မည်ရနာမံ 'တော်ပြည့်ကန်' နှင့် အနံ့စေ့ငှ စည်ပင်နလှသည်၊ ခုရှိသေး၏ သွေးဆေးကန်"

ငမိုးကောင်းသည် ဖျတ်ခနဲ ရှင်ပန်းလှကိုသတိရ၏။လှလည်းလှ၊အကြင်နာတရားလည်း ပြည့်ဝ၊ သတ္တိလည်းကောင်းသော မွန်မိန်းမလှပါတကား။

ထိုအခါ အဘထော်ခဲနှင့် အမေရှင်ဖူး၊ နောင်ငယ်ငမိုးရိပ်တို့ပါ နှလုံးသားထဲ၌ လှုပ်ရှား၏။ 'အဖေတို့ အမေတို့ ကျန်းခန့်သာ၍ မာကြပါစ' အတွေး ရောက်သည်။ ဆန္ဒရောက်သည်။ နောင်ငယ် ငမိုးရိပ်ကား သာမန်နောင်ငယ်မဟုတ်။ သွေးသောက်ထားသဖြင့် ညီရင်းအစ်ကိုဖြစ်နေပြီ။

"မြင်းတပ်လူတပ် တရချပ်ပ၏။ ကပ်သည့်သွေးကို ဆေး၍ပြီးမှ လေးစီးတူကွ ပြန်ခဲ့ကြသော် ခဏအရောက် သထုံမှိုင်းညို့ မသမ်းမို့သည့် မြို့သို့ရောက်က ချီးမြှောက်ကျယ်ဝင်း။ ကျော်အသီးသီး အံ့မပြီးဘူး၊ လေးစီးမြင်းနှင့် မြို့တွင်းသို့ဝင်ကြလေကျင်သည်၊ လူရှင်ပုဏ္ဏား မျိုးလေးပါးတို့"

ငမိုးကောင်းမှာ ပခုံးကို အပုတ်ခံရ၏။ ငမှင်ရော အေုန်းပန်းပါ ထရပ်နေသည်ကို တွေ့ရ၏။ ပွဲခင်းထဲသို့ လှမ်းအကဲခတ်၏။ အရပ်သူ အရပ်သား များသာ ကျန်တော့သည်။

"ဘာကိစ္စတုန်း၊ ဘယ်ကိုတုန်း" ငမိုးကောင်း မမေး။ အေးအေးလူလူ စာပွဲနားထောင်နေရာက အထခိုင်းခြင်းသည် စစ်ရေးသာဖြစ်မည်။ စစ်ရေး ဆိုသည်မှာလည်း ကုလားကို ခုတ်ရန် ထစ်ရန် သတ်ရန် မဟုတ်လော။

သူ့ကျောဘက်တွင် ကျန်ခဲ့သော စာပွဲသဘင်မှ အသံကလည်း ငမိုး ကောင်းအား သွေးကြွအောင် ဆွပေးနေဘိသို့ရှိ၏။

"လူရှင်ပုဏ္ဏား မျိုးလေးပါးတို့ ဆုမျှားသွန်းလောင်း၊ ဘုန်းကြီး၍ သက်ရှည်ပါလေစဟု ဆုရည်ဖျော်ဖျော် အုတ်တအော်ပင် ကြွေးကြော် တောင်းကြသည့် တကောင်းဖန်ပြာ ရေသင့်စွာမှာ ခွာညိုသပြေ ပန်းနှင့်လေ"

★

# ၉

ဆောင်းမကုန်သေးငြား၊ နေအပူသည် ကွင်းပြင်ကြီးကို ကြီးစိုးနေပြီ။

ရွှေသီးရွှေနှံ၊ ရွှေဆန်ရွှေရိုးတို့ဖြင့် ဖုံးလွှမ်းနေရမည့် ကွင်းပြင်ကြီးမှာ ကုလားကြောင့် တောဖြစ်ရပြီ။ မတတ်သာ၍ စိုက်ပျိုးထားသည့် စပါးခင်းများလည်း ရိတ်သိမ်းသူမရှိ။ ပကတိ သွေ့ခြောက် တိတ်ဆိတ်နေသည်။

ကွင်းအစပ်တွင်မူ မီးခိုးအူနေ၏။ ရိုးပြတ်မီးရှို့ ယာမီးရှို့ခြင်းထက် ကျေးရွာများကို လောင်မြိုက်ခြင်း ဖြစ်ရန်က များသည်။ ကုလား လက်နက်ကိုင်များသည် အမျိုးသားသစ္စာဖောက်များကို လက်ကသုံး တောင်ဝှေးပြုလျက် ကုန်းတွင်းပိုင်းသို့ဝင်လာပြီ။လှည်းနွားလူသူ စားရေးရိက္ခာတောင်းပြီ။

မြင်းလေးကောင် အမြောက်တစ်လက်နှင့် လူသုံးဆယ်ပါသော ကုလားအဖွဲ့တစ်ဖွဲ့သည်။ ခဲပေါင်ရွာမှ ထွက်ခွာလာခဲ့သည်။ ရွာမြင်တိုင်း သူတို့ဝင်သည်။ ရွာသာတွေ့ပြီး အိမ်မတွေ့၊ အိမ်ရှိပါလျက် လူမရှိသော ရွာက များသည်။

နေက ပူပြင်းသည်။ ရွှံ့တောဗွက်တောတွေ လျှိုတွေ၊ ကိုင်းတောတွေ ချည်း ဖြတ်ရသဖြင့် ကုလားများ ခြေကုန်စပြုပြီ။ သို့ရာတွင် နေရင်းဇာတိ၌

ဝတ်ရန်အဝတ်မဆိုထားဘိ စားစရာပင် မရှိသောဘဝကို ပြန်လည်တွေးတောကာ အားတင်းကြရ၏။

"သခင် ရှေ့မှာရွာ"

စကားပြန်သည် မျက်နှာချိုသွေးကာ ဝမ်းသာအားရပြော၏။ ကုလားဖြူသည် မြေပုံကို ဖြန့်ကြည့်၏။

"ညောင်ကိုးပင်ရွာ ခေါ်သလား လူကလေး"

"မှန်လှကြောင်းပါဘုရား။ ရွာကြီးဖြစ်သည်က တစ်ကြောင်း၊အတွင်းကျသည် တစ်ချက်ကြောင့် လူသူရှိပါလိမ့်မယ် သခင်"

ကုလားဖြူများ ကုလားနက်များသည် ရွာဘက်သို့ အားတက်သရော မျှော်ကြည့်ကာ ခြေလှမ်းသွက်လာကြသည်။ ညောင်ကိုးပင်ဟုဆိုသည့်အတိုင်း၊ တစ်ရွာလုံးကို ညောင်ပင်တွေဝိုင်းနေသည်။ နေပူထဲမှလာသော ကုလားများမှာ ညောင်ပင်ရိပ်အရောက်တွင် အားသစ်အင်သစ်တိုးလာသည်။ သို့ရာတွင် ရွာတံခါးသို့ ချဉ်းကပ်ဆဲ၌ ညောင်ကိုင်းကြီးတစ်ကိုင်း ကျိုးကျရာ ရိက္ခာတင် မြင်းတစ်ကောင် ခြေကျိုးသွားလေ၏။

တစ်ရွာလုံး ပွက်လောရိုက်တော့သည်။

အော်သူအော် ပြေးသူပြေး ငိုသူငိုနှင့် နီးရာ မလွယ်ပေါက်မှ ပြေးကြသည်။ မျက်နှာဖြူကပ္ပတိန်သည် ညောင်ကိုင်းကျိုးကျသည်ကို မကျေနပ်ချေ။ စူးစမ်းရန်ရောက်လာသူများထံတွင် ရွာသူကြီးကို စုံစမ်းသည်။ ချက်ချင်း လာရောက်ရန် ဆင့်ခေါ်သည်။

ရွာသူကြီးမှာ ထောင်ထောင်မောင်းမောင်းနှင့် ရဲရင့်သောမျက်နှာရှိသည်။ အသက်လေးဆယ်ရွယ်ရှိပြီ။

"ငါ ရွာသူကြီးပဲအမောင်။ ဘဇာများ အလိုရှိသတုန်း။ အမောင်တို့ မည်သူ့အမိန့်နဲ့ ရောက်လာကြသတုန်း"

အသံဝဲဝဲဖြင့်မေးရာ စကားပြန်သည် ဒေါသတကြီးအော်ဟစ်၏။

"ဟဲ့ သူကြီး ရိုင်းလှချည်လား။ ငါက စကားပြန်။ ကပ္ပတိန်သခင်ကို မလေးမခန့်ပြောရသလားဟင်"

ကရင် အမျိုးသားကြီး မေးကြောတွေထောင်၏။

"စကားပြန်၊ သခင်။ ငါ နားမလည်ဘူးအမောင်။ ဆိုင်ရာပိုင်ရာရဲ့ အမိန့်စာချွန်မပါရင် အမြန်ထွက်သွားပါ။ မသွားရင် ဖမ်းရလိမ့်မယ်နော"

စကားပြန်သည် ပိုပြီးစိတ်ဆိုး၏။ သေနတ်တစ်လက်ကောက်ယူကာ လုံ့စွပ်ဖြင့်ချိန်ရွယ်၏။

"ဆိုလေကဲလေပါကလား။ မောင်မင်း အရာက ပြုတ်ချင်သလား"

ပြောရေးဆိုရေး အဆင်မပြေသည်ကို မျက်နှာဖြူရိုပ်မိသဖြင့် "လူကလေး၊ ဘာဖြစ်"ဟု ဝင်မေးသည်။ ညောင်းကိုင်းကို လက်ညှိုးထိုးပြကာ ကုလားဘာသာဖြင့် ပြောသည်။

"ဗိုလ်ကြီးသခင်က မေးတယ်သူကြီး။ သူကြီးရဲ့ရွာအဝင်မှာ ညောင်ကိုင်းကျိုးကျတဲ့အတွက် မြင်းတစ်ကောင် ခြေကျိုးသွားတယ်။ လျော်ကြေးပေးပါ အမိန့်ရှိတယ်"

သူကြီးသည် ညောင်ကိုင်းကို စစ်ဆေး၏။

ကျိုးကျသောအကိုင်းမှာ လူ့ကိုယ်လုံးခန့်တုတ်သည်။ ခက်လက်ဝေဆာ စိမ်းလန်းမပျက်က ကျိုးကျခြင်းမှာ အဘယ်ကြောင့်နည်း။လူခုတ်ချခြင်းမဟုတ်။ အကိုင်းကို ပိုးစားလာရာ၊ လုံးပတ်ထက်ဝက်အရောက်တွင် အရွက်အကိုင်းများ၏ဝန်အလေးကိုမခံနိုင်သဖြင့် ကျိုးကျခြင်းသာဖြစ်ပေသည်။

"ငါ မလျော်နိုင်ဘူး။ အလိုအလျောက် ကျိုးကျတာ။ သစ်ပင်အောက်ကို မဆင်မခြင်ဝင်တဲ့ အမောင်တို့မှာသာ တာဝန်ရှိတယ်"

စကားပြန်က ကပ္ပတိန်သို့ ဘာသာပြန်ပြသည်။ ထို့နောက် မျက်နှာဖြူ၏ စကားကို သူကြီးသို့ပြန်ပြောပြသည်။

"သခင်က ပြောတယ်။ ဒီနေရာ ဒီအရပ်ကို သခင်တို့ရဲ့ အရှေ့အိန္ဒိယ

ကုမ္ပဏီစစ်တပ်က သိမ်းပိုက်လိုက်ပြီ။ ဒါကြောင့် မြန်မာဘုရင်မပိုင်တော့ဘူး"

"မြန်မာဘုရင့်လက်ထဲက နင်တို့လုယူသလား။ ဒါဆို နင်တို့ သူခိုးဖြစ်သွားပြီ"

စကားပြန်သည် ဒေါသတကြီး ဘာသာပြန်၏။ သူ့စကားအဆုံးတွင် သူကြီးကို ဖမ်းဆီးတုတ်နှောင်တော့သည်။

"ဘယ်သူ သူကြီးလုပ်ချင်သလဲ။ သူကြီး လုပ်ချင်သူထွက်"

စကားပြန်အော်သည်။ သူကြီးလုပ်လိုသူကား မထွက်။ သူတို့ သူကြီးကို ဖမ်းဆီးရသလောဟု တုတ်ဓားဆွဲလျက် ထွက်လာသူများသာ ရှိသည်။ သူကြီးကိုတစ်လှည့်၊ ကုလားတွေကိုတစ်လှည့် ကြည့်ခိုက် ကရင်စကားတစ်ဝက် မြန်မာစကားတစ်ဝက်ဖြင့် ပြောလိုက်နှင့် လူတွေ များသည်ထက် များပြားလာတော့သည်။

လူအုပ်ကို မည်သို့ လူစုခွဲမည်နည်း။ ကပ္ပတိန် စဉ်းစားသည်။ အချိန်ရှိသည့်အခိုက် ရှေ့တစ်ရွာသို့ ခရီးဆက်ပြီးအပြန်တွင် သည်ရွာကို တစ်ဖန် ဝင်မည်။ ယခုသော် အနည်းငယ် မက်လုံးပေးထားခဲ့မည် စိတ်ကူးဖြင့် စကားအဆန်းကို စတင်၏။

"သခင်တို့ လူဖြူများဟာ မောင်မင်းတို့နဲ့ ညီအစ်ကိုတော်သယ်။ သခင်တို့ လူဖြူများဟာ မောင်မင်းတို့နဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့တဲ့ ညီငယ်များဖြစ်တဲ့အတွက် အခုလိုတွေ့ရတာ အများကြီးဝမ်းသာတယ်လို့ သခင်အမိန့်ရှိတယ်။ ဒါကြောင့် ကောင်းကောင်းဆက်ဆံပါ"

ဗမာစကား ရေရေလည်လည် နားလည်သူများက ဝါးခနဲ ရယ်မောကြသည်။ သူကြီးမှု ထွီခနဲ တံတွေးထွေးသည်။

"ကလိန်စေ့ငြမ်းဆင်တဲ့ တိရစ္ဆာနကထာကို အရှက်မရှိ ပြောရက်ပလေ။ ငါတို့ ကရင်နဲ့ ညီအစ်ကိုက ဗမာ၊ တောင်သူ၊ မွန်။ နင်တို့ ဘာလိမ်ဦးမလဲ၊ ထွီး"

ပုဂံစာအုပ်တိုက်

စကားပြန်သည် ဒေါသတကြီး ဘာသာပြန်ပြပြန်၏။ ထို့နောက် အကြံပေးစကားဖြင့် ဖြည့်စွက်သည်။

"ဒါလောက် ခက်ထန်တဲ့သူကြီးကို ရိုးရိုးမခေါ်ဘဲ 'လည်ထောက်ပင်းသကား' နဲ့ ခေါ်ပါ သခင်။ ဒါမှ ယဉ်ကျေးသွားမယ်"

"မောင်မင်း ပြောတာ သခင် မသိဘူး လူကလေး"

သည်မျှသော်ကား ကုလားဖြူပြောတတ်၏။ သို့ကြောင့် စကားပြန်သည် ကုလားသုံးယောက်ခေါ်ကာ ရွာထဲသို့ဝင်ခဲ့သည်။ သူကြီးအိမ်မှ ထိပ်တုံးကို ဖြုတ်ယူခဲ့သည်။

ထိတ်တုံးဟူသည် ခြေထောက်ချည်း သွင်းနှောင်သောအရာရှိ၏။ ခြေရောလက်ပါ နှောင်တည်းသော ထိတ်တုံးလည်းရှိ၏။ လည်ထောက်ပင်းသကားသော်ကား၊ လက်နှင့် လည်ပင်းကို ခတ်နှောင်သောအရာဖြစ်၏။

ထိတ်တုံးကို လည်ပင်းတွင်ခတ်သောအခါ ထိတ်တုံးထိပ်သည် အလွန်အမင်းဟနေ၏။ မရအရ ဆွဲစေ့သည်။ သူကြီးကို လည်ပင်းညှစ်သတ်ဘိသို့ ဖြစ်တော့သည်။ ဤသို့လျှင် နေရာမကျသောအရာဖြင့် သူကြီးလည်တွင် စွပ်သည်။ လက်နှစ်ဖက်ကို အဆန့်ခိုင်းပြီး၊ ထိတ်တုံးထိပ်ဖျားများတွင် ချည်နှောင်သည်။

"မောင်မင်းတို့။ ကောင်းကောင်း စဉ်းစားတိုင်ပင်ထားကြ။ ငါတို့ မြင်းဖိုးမလျော်ရင် သူကြီးကို မြို့အထိခေါ်သွားပြီး ထောင်ချမယ်"

ကုလားတပ်သည် ရွာမှခွာခါနီး၌ ကြိမ်းမောင်းစကားဆိုသည်။ ညောင်ကိုင်းများ ပြတ်ကျအောင် သေနတ်ဖြင့် ပစ်ပြသည်။ ရှေ့တစ်ရွာသို့ ခရီးဆက်သည်။ သူတို့နောက်သို့ လည်ထောက်ပင်းသကားကြီးထမ်းလျက် သူကြီးမှာ တနဲ့နဲ့လိုက်ပါလာရသည်။

ရွာပြင်သို့ရောက်လျှင် ကွင်းပြင်ကြီးသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။ ခြုံသံတလွင်လွင်နှင့် လှည်းယာဉ်တစ်စီးသည် တောတန်းကွေ့မှ

ပေါ် လာသည်။ ကုလားများကို မြင်သောအခါ ရပ်တန့်သည်။ ထို့နောက် ပြန်ကွေ့သည်။

"ဟော့ မပြေးနဲ့၊ မပြေးနဲ့"

စကားပြန်လှမ်းအော်သည်။ ကုလားမည်းများ ပြေးလိုက်သည်။ လှည်းပေါ်တွင် မိန်းမပျိုသုံးယောက်ကို မြင်ရသောကြောင့် ဖြစ်သည်။

လှည်းသည် တရကြမ်းပြေး၏။ ကြီးမားသော ဖုန်လုံးကြီးသည် မြင်ကွင်းကို ဖုံး၏။ ကုလားများ အလိုက်မလျှော့။ မီလုမီခင်မို့ တရကြမ်း ပြေးလိုက်သည်။ ကိုင်းတောကြီးတစ်ခုအတွင်းသို့ ဝင်လာသည်။

ကုလားများမီလာပြီ။ မိန်းကလေးတွေ ငယ်သံပါအောင် အော်သည်။

"ကျားဘသား၊ ကျားဟော့ ကျား"

မမျှော်လင့်သောအသံကြီး မြေကြီးထဲမှ ခွဲထွက်လာဘိသို့ရှိ၏။ ဖုန်လုံးမကွဲမီ ဓားသမားများရောက်လာသည်။ ကုလားများမှာ ပခုံးပေါ်မှ သေနတ်ကို လက်နှစ်ဖက်ကိုင် အနေအထားသို့ ပြောင်းခွင့်မရ။ ဦးခေါင်း များ ဖုတ်ခနဲ ဖုတ်ခနဲ မြေပေါ်သို့ပြုတ်ကျ၏။

စကားပြန်နှင့် ကပ္ပတိန်သည် ချက်ချင်း ပြန်လှန်ပစ်ခတ်သည်။ ပစ်ခတ်နေဆဲဟွင် သူတို့ကျောဘက် မြက်ပင်များကြားမှ ဓားသွားပြောင် ပြောင်တွေ ပေါ်လာသည်။ ပက်ခနဲ လန်ကျသူရှိငြား၊ ခွေခနဲ လဲကျသူရှိငြား၊ တုံ့မသွား ရှုံမသွား။ အတင်းတိုးခုတ်သည်။ နင်းခုတ်သည်။

ကုလားဖြူကုလားနက် တစ်ကျိပ်စုတစ်စုသည် ကျောချင်းဆိုင်လိုက် ကြသည်။ ကိုင်းတောထဲသို့ အဆက်မပြတ်ပစ်ခတ်သည်။ လုံ့ပျံတစ်ချောင်း ကိုင်းတောထဲမှ ပျံသန်းလာသည်။ သူတို့ တိမ်းရှောင်နိုင်သည်။ ဓားကိုင် ရဲမက်တစ်စု အတင်းပြေးဝင်လာသည်။တစ်ယောက်မျှ ဓားကို မသုံးလိုက်ရ။

"ငမိုးကောင်း၊ ငမိုးကောင်း။ လှည်းနဲ့မိန်းမတွေ ဘယ်ရောက်ကုန် သတုန်း။ သည်ထဲမှာ ပိတ်မိနေသလား"

ပုဂံစာအုပ်တိုက်

အေနွန်းပန်းသည် ကိုင်းတောထဲတွင် တိုးဝှေ့ပြေးလွှားရင်းက ငမိုးကောင်းနှင့် လူချင်းတိုးမိသည်။

"ပိတ်မမိဘူး။ ခုလောက်ရှိ ရွာရောက်လောက်ရောပေါ့"

"ကိုင်းတောကို ပိတ်ကြစို့ဟေ့"

မကြာမီ ကိုင်းတော၏ နေရာအနှံ့အပြားမှ မီးတောက်ကြီးတွေ ထသည်။ တဖျောင်းဖျောင်း တဖျစ်ဖျစ်အသံများကို ကုလားတွေမကြား။ ဝေါဝေါ ဝုန်းဝုန်းဖြင့် မီးအား ကောင်းလာတော့မှ မီးဝိုင်းမှန်း သိသည်။

ကပ္ပတိန်သည် ဆုတ်ရန်အမိန့်ပေးသည်။ ရိက္ခာများကို ဖြုတ်ချပြီး မြင်းပေါ်သို့ပြေးတက်သည်။ နောက်မြင်းတစ်ကောင်တွင် စကားပြန်။ သူတို့သည် မီးတောက်ကြီးကို အတင်းတိုးသည်။ မြင်းကို မီးမစွဲငြား၊ မြင်းပေါ်မှ လူများကို မီးစွဲသည်။ ကွင်းထဲတွင် ပြေးသဖြင့် မီးအား ပိုကောင်းသည်။ မီးလုံးကြီးနှစ်လုံး ပြုတ်ကျကျန်ခဲ့တော့သည်။

စကားပြန်နှင့် ကပ္ပတိန် သေသော်လည်း၊ ကုလားငါးယောက်မှု လွတ်ထွက်သွားသည်။ လာရင်းဘက်သို့ ထွက်ပြေးသွားကြသည်။ မြန်မာ သေနတ်သမားများ လှမ်းပစ်သေး၏။ လွတ်သွား၏။

ဓားသမားများသည် ညောင်ကိုးပင်သူကြီးကို မီးလွှဟ်ရာသို့ အချိန်မီ ဆွဲပြေးနိုင်ခဲ့ကြ၏။ ငမိုးကောင်းမှာ ကိုင်းတောကို မီးရှို့ရန် အချက်ပေးပြီးမှ သူကြီးကို သတိရသည်။ သူကြီးကို မီးထဲတွင် ပြေးလွှားရှာဖွေသောအခါ သူကြီး ကုန်းထနေသည်ကို တွေ့ရ၏။

သူကြီးသည် ခြေဖြင့်ရုန်းကန်နိုင်ငြား မထနိုင်။ထနိုင်ရေးအတွက် ခေါင်းကို မြေမှာထောက်ပြီး ကားကားကြီး ရုန်းကန်၏။ လည်ထောက်ပင်းသကားသည် လေးလံသောဝန်ဖြင့် ဆွဲထား၏။ ငမိုးကောင်းသည် ကြိုးများကို ဓားဖြင့်ခုတ်သည်။ သူကြီးကို လေညာကျသော ကိုင်းတောထဲသို့ဆွဲပြေးခဲ့သည်။

သူခိုး၊ ဓားပြ မျက်နှာဖြူ မျက်နှာမည်း နှစ်ကျိပ်ငါးနှင့် သစ္စာဖောက်

တစ်ယောက်တို့ထံမှ လက်နက်ခဲယမ်းများကို ဦးမြတ်ထွန်း၏ တပ်သားများ ရလိုက်သည်။ အမြောက်တင်မြင်းမှာ ကိုင်းတောထဲတွင် ပျောက်နေသည်။

သူကြီးသည် စကားပြန်မျက်နှာကို တံတွေးဖြင့် ထွေးသည်။ ညောင်ကိုးပင်ရွာသားများလည်း ပြေးလာကြကာ၊ သူကြီးနည်းတူပင် တံတွေးဖြင့် ထွေးကြသည်။

ဦးမြတ်ထွန်း၏ မိစ္ဆာဒိဋ္ဌိ ဟန့်ဆီးနှင်ထုတ်ရေး တပ်သားများသည် ပန်းတနော်ချောင်းမှာသာ မဟုတ်၊ ခနဖြူ အနီးမှာသာမက နေရာအနှံ့ရှိနေကြသည်။ ကုလားကို ဖြစ်သည့်နည်းဖြင့် ထိုးနှက်နေကြသည်။

မိစ္ဆာဒိဋ္ဌိတွေ ဒလဘက်သို့ ကူးလာလိမ့်မည်အထင်ဖြင့် ဦးမြတ်ထွန်းတို့ စောင့်ဆိုင်းနေချိန်က လူကိုးထောင်ရှိသည်။ ခနဖြူမှာချည်း မရှိ။ ကျုံကဇင်းမှာချည်း မနေ။ ဒေါင့်ကြီး၊ ရေကြည်၊ ငသိုင်းချောင်း၊ လေးမျက်နှာ၊ ပုသိမ်၊ ခနဖြူတစ်ဝိုက်တွင် ဖြန့်ကြက်နေကြသည်။ သူတို့အလုပ်မှာ ကုလားကို တိုက်ခိုက်ရေးဖြစ်သည်။

သင်္ဘောပေါ်တွင်နေပါမှ မြန်မာတို့ မနှောင့်ယှက်နိုင်ဟု အထင်ရောက်ခဲ့သော ကုလားသည် ပန်းတနော်ချောင်းဝတွင် ရိက္ခာသင်္ဘောအိုးတည်နစ် နစ်ရသဖြင့် သတိထားလာရသည်။ လေးမျက်နှာဘက်တွင် ထပ်မံဖြစ်ပွားသောအခါ လှုပ်ရှားရပြီ။

ညောင်ကိုးပင်ရွာဘက်တွင် ကုလားသုံးဆယ် နစ်သောနေ့ကပင်ဖြစ်သည်။

မနေ့တုန်းက ဟင်္သာတမှ လွှတ်သော ကင်းလှည့်ကုလားတစ်စုအတိုက်ခံရသည်။ ရွှံ့ထဲဗွက်ထဲတွင် ရှန်းကန်နေစဉ် သေနတ်ဖြင့် အပစ်ခံရသည်။ ပြန်လှန်ပစ်ခတ်သည်။ ပစ်သူကို တောနင်းရှာဖွေသည်။ အစအနမျှမတွေ့ပြား၊ နစ်ယောက်သေပြီး သုံးယောက်ဒဏ်ရာရလျက် ကျန်ရစ်ခဲ့သည်။

သို့အတွက် သင်္ဘောငယ်နစ်စင်း လူအပြည့်၊ ရိက္ခာမယူ။ မြင်းများကို လူစီးရန် ယူသွားကြသည်။ မြန်မာနာရီ သုံးနာရီခန့်အကြာတွင် သေနတ်

သံများကို သင်္ဘောများမှ သဲ့သဲ့ကြားရသည်။

များမကြာမီ မြင်းတွေ ဒုန်းစိုင်းလာသည်။ မြင်းနောက်မှ ကုလားနက်တွေ ဖရိုဖရဲ ပြေးလွှားလိုက်ပါလာသည်။ သင်္ဘောမှ ကုလားများသည် အရံသင့် ကုန်းပေါင်ထိုးပေး၏။ မြင်းများ၊ ကုလားများ သေပြေးရှင်ပြေး တက်သည်။ ကုန်းပေါင် ရုပ်သည်။

သို့သော် ထိုသို့ ဒရောသောပါး တက်လာသူများမှာ တစ်ယောက်မျှ ကုလားမဟုတ်ချေ။ ကုလားဖြူ ကုလားမည်းတို့၏ စစ်ဝတ်တန်ဆာကိုဆင်၊ သေနတ်ကို ထမ်းထားသော မြန်မာများသာဖြစ်သည်။ သင်္ဘောမောင်းသူမှ အပ အားလုံးကို လက်ပြန်ကြိုးတည်းပြီး တိုင်တိုင်းတွင် ချည်သည်။ မာလကာခေါင်းထဲထည့်သည်။သင်္ဘောဦးတွင်လည်း ထောင့်တန်းကြက်ခြေခတ် အပြာ၊ အနီ ကုလားအလံ မရှိပြီ။

ဟင်္သာတကို အလစ်ဝင်တိုက်ပြီး အသာရပ်ခြွေရလိုက်သော ကုလားသည် ထိုသတင်းအတွက် အံ့အားသင့်၏။ မယုံနိုင်အောင် ဖြစ်ရ၏။ ကုန်းပေါ်တိုက်ပွဲမှ မသေဘဲ ဟင်္သာတသို့ ပြန်ရောက်လာသော အကြွင်းအကျန်များလည်း သင်္ဘောတွင် မည်သို့ဖြစ်သွားသနည်း။ မပြောတတ်ကြပေ။

ထိုအခါ ကုလားသည် ဦးမြတ်ထွန်းအား ပြူးသောမျက်စိဖြင့် ကြည့်ရပြီ။ ပြည်သို့သွားသော ရိက္ခာထောက်သင်္ဘောများကို အခါမလပ် ဒုက္ခပေးနေသော ဦးမြတ်ထွန်း မည်သည့်အရပ်၌ ရှိသနည်း။

"ဟင်္သာတမှ သုံးရက်ခရီးအကွာတွင် မြတ်ထွန်းရှိသည်"

ဤသို့လည်း သတင်းပေးကြ၏။

'ဓနုဖြူမှ တစ်နေ့ခရီးသာ ရှိသည်' ဟူ၍လည်း သတင်းပေးကြ၏။ ၎င်းသူသည် ဒုတိယသတင်းကို အတည်ပြုသည်။ လက်နက်ရိက္ခာ အပြည့်အစုံဖြင့် လူခြောက်ယောက်ပါသော တပ်တစ်တပ်သည် ဓနုဖြူသို့ ဆိုက်ရောက်လာ၏။

## ပုဂံစာအုပ်တိုက်

စားပွဲသဘင်မှ ဦးမြတ်ထွန်းနှင့် ဗိုလ်ရွှေပန်းတို့ အမှတ်မဲ့ထသွားခြင်းမှာ ကုလားများ ခနဖြူသို့ရောက်နေကြောင်း သတင်းရသည့်အတွက်ဖြစ်သည်။

ကုလားတို့၏ လူခြောက်ရာကို ဝင်ချက်စတာသင်္ဘောမှ ကပ္ပတိန်လော့နှင့် မေဂျာမင်းချင်းတို့ ကွပ်ကဲသည်။ သုံးပေါင်ဒါ အမြောက်နှစ်လက်ကို ယူဆောင်လာကြသည်။

ရန်ကုန်မှပင် လွှတ်ရသော တပ်ကြီးသည် တိုက်မည် ခိုက်မည် သတ်မည်ဖြတ်မည် ကြုံးဝါးလျက် ချီတက်လာပြီး၊ သတ်စရာ လူသူကျွဲနွားမတွေ့။ မီးရှို့စရာ အိမ်များလည်း မတွေ့ရချေ။

တပို့တွဲသည် ကျွဲချိုဖူး အေးသောလဟု ဆိုကြ၏။ ကုလားများအတွက်ကား ပူလောင်သည်။ ပူလောင်ပြီး၊ သစ်ပင်မြင်၍ ဝင်မဆိုရဲပါ။ ဓားရဲခုတ်များ ခုန်ဆင်းလာတတ်သည်။ ငှက်များကသော်မှ သစ်ကိုင်းအဆွေးကို ချိုးချတတ်သည်။

နေမြင့်လာလေလေ လမ်းကြမ်းလေလေဖြစ်၏။ တစ်ယောက်သွားသာရုံ လမ်းများ၊ အခြားလှည့်သွားစရာ နေရာလည်း မရှိသည့် လမ်းများကို သစ်ပင်ကြီးတွေ ခုတ်လှဲပိတ်ဆို့ထား၏။ သစ်ကိုင်းသစ်ခက်တွေကို ဖယ်ရှားပြီး ကျော်လွှားလာကြရသည်။ နေမွန်းတည့်ချိန်၌ ရေစပ်စပ်ရှိသည့် ကိုင်းတောကြီးနှင့် တိုးတော့သည်။

ကုလားများသည် ကိုင်းတောထဲသို့ သတိကြီးစွာဖြင့် လူဖြန့်ပြီး ဝင်သည်။ ရတ်တရက် ထွက်လာပြီး အနီးကပ် ဓားစာကျွေးလေ့ရှိသည်မှာ သည်နေရာမျိုး မဟုတ်လော။ တစ်တီတူးငှက် အော်သံကြားရသည်။

ကုလားတွေ ပိုပြီး သတိထားသည်။ လူတွေ့၍ ငှက်မြည်သည်ကို သူတို့သိ၏။ သိသော်ငြား၊ ကိုင်းတောထဲက လူပုန်းသည် ကုလားများထံသို့ မလာပါ။ နောက်သို့ ပြန်ပြေးသွား၏။ ရွှံ့အလိမ်းလိမ်း ချွေးသံအရွှဲရွှဲနှင့် ကိုင်းတောထဲမှ ထွက်လာပြီး ကွမ်းတစ်ယာညက်အကြာတွင် လျှိုကြီးတစ်ခု

တွင်းသို့ ဆင်းကြရတော့သည်။

မမျှော်လင့်သောနေရာ၊ မမျှော်လင့်သောအချိန်တွင် သေနတ်သံများ ပေါ်လာသည်။ လူကိုမမြင်ရ။ မမြင်ရငြား တစ်ယောက်သေပြီး ကိုးယောက် ဒဏ်ရာရ၏။ ကုလားများသည် ရမ်းသမ်းပြီး ပစ်ခတ်သည်။

ထိုလျှိုမှတက်သောအခါ ချုံဖုတ်ကလေးတွေ ဟိုတစ်စုသည်တစ်စု ပေါက်နေသည့်ကွင်းက ကြိုဆိုနေ၏။အရိပ်ခိုစရာ ကင်းသည်တွင် လေပူကြီး တိုက်ခတ်လာသေး၏။ ကုလားများ ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ခနိုတောတစ်တောထဲသို့ ဝင်လာသည်။ လမ်းဟူ၍ မည်မည်ရရမရှိ။ ဆူးခက်တွေ၊ ဆူးပင်တွေ ကြားထဲ တိုးရင်း၊ကျွတ်ကိုပွတ်ချ၊ မျှော့ကို ဆွဲခွာနေကြစဉ် ကျားဟိန်းသံ ပေါ်လာ၏။

"ကျား ကျား၊ ကျားဘသား ယောကျ်ား"

စိမ်းမြသော ခနိုပင်များကြားတွင် သွေးညှီနံ့လှိုင်သည်။ မြန်မာ့စား သည် ကုလားဖြူခေါင်း၊ ကုလားနက်ခေါင်း မရွေးပေ။ ခုတ်ချိုင်ပစ်ခဲ့ကာ ပျောက်ကွယ်သွားပြီ။

ခနိုတောမှ အထွက်တွင် မြင်ရသောမြင်ကွင်းမှာ ကွင်းထီးတည်းကြီး ဖြစ်၏။ နေကလည်း မွန်းတိမ်းစ။ တံလျှပ်များ တရှိန်ရှိန်ထနေသော ကွင်းကြီးတွင် သစ်ပင်ချုံပုတ် အနည်းငယ်သာရှိသည်။ ကွင်းအဆုံး၌ကား ချုံနွယ်များနှင့် ကုန်းတန်းကြီး။

ကုန်းတန်းကြီးကား ချောက်ကမ်းပါးကြီး၏ ထိပ်ဖြစ်သည်။ ချောက်ကမ်းပါးသည် မတ်စောက်၏။ ချောက်ထဲမှ ရေစီးသံမှု ပြင်းထန် ကျယ်လောင်၏။ ထိုချောက်ကို မည်သို့ကူးမည်နည်း။ မြှောင်း၍သွားမည်လော တစ်နည်းနည်းဖြင့် ဖြတ်ကျော်မည်လော။ အေးရိပ်ရသဖြင့် တောအုပ်ကလေးထဲသို့ လူကုန်နီးပါး ဝင်လာသည်။

ကုလားက ချုံပုတ်ဟု ထင်သောအရာ၊ တောင်ပို့ဟု မှတ်သောအရာ သစ်ငုတ်ထင်သောအရာများ ယိမ်းယိုင်လှုပ်စင်ကုန်သည်။ ကျားကျား တော်

လည်းသံကြီးပေးလျက်၊ ကုလားအုပ်ထဲသို့ ဓားနှစ်လက်စီဆွဲလျက် ဓားရဲခုတ်များ ဝင်မွှေ့သည်။

ကုလား ပြန်လှန်ပစ်ခတ်စဉ် ထိုသူများ ပျောက်ကွယ်သွားသော်လည်း ယခုအကြိမ်ကား ချောင်းမြောင်းနှောင့်ယှက်ခြင်းမဟုတ်။ ပွဲသိမ်းတိုက်ပွဲ ဆင်နွှဲရန်ဖြစ်သည်။ ချုံများထဲမှ၊ သစ်ပင်ပေါ်မှ သေနတ်ဖြင့်ပစ်ကြသည်။ တစ်ပြိုင်နက်တည်းမှာပင် ဓားစွဲလှံစွဲလူများလည်း ပြေးဝင်တိုက်ခိုက်ကြသည်။

ကုလား အလူးအလဲခံရသည်။ ကျောချင်းဆိုင်ကာ အဆက်မပြတ်ပစ်ခတ်ငြား၊ သေနတ်များအလယ်သို့ ဓားသမားတွေ ပျံဝဲရောက်ရှိလာသည်။ သေနတ်သည် ကုလားတို့ကို အကာအကွယ်မပေးနိုင်။ လှံစွပ်ကိုသာ အားကိုးရတော့သည်။

"ကျားဘသား၊ ခုတ်လဟ သတ်လဟ"

ငမှင်သည် အော်၍ အော်၍ ခုတ်၏။

"ငါတို့ ဘုရားတွေ ဖျက်ဦးဟ၊ ဖျက်ဦးဟ"

ငမိုးကောင်းသည် မေးမေးပြီး ခုတ်၏။

"မိုးကောင်း နောက်မှာ နောက်မှာ"

ငအုန်းပန်း၏အော်သံကြောင့် ဒူးထောက်ထိုင်ချသည်။ တစ်ပြိုင်နက်တည်း ကျောဘက်သို့ ငုံ့ကြည့်သည်။ ကုလားဖြူတစ်ယောက်မှာ ရင်ဝသို့ စူးဝင်လာသော လှံကိုလက်ဖြင့်ဆုပ်ရင်း ပက်လက်လန်ကျ၏။ သူ့လက်ထဲမှ သေနတ်သည် လေထဲသို့ပစ်ခတ်ရင်း လက်ထဲမှ လွတ်ကျသွားလေ၏။

ကုလားများသည် အမြောက်နှစ်လက်သော်မျှ မသယ်နိုင်။ ထုရိုက်ဖျက်ဆီးပစ်ခဲ့ချေသည်။ သို့လျက် နောက်ဆုတ်ပါလျက်က ကျောဘက်မှ ဓားသမားများ ပေါ်လာသည်။ ဓားသမားပျောက်သွားလျှင် ရန်အေးပြီမထင် လင့်။ သေနတ်သမားက တစ်စခန်းထသည်။ စနစ်တကျဆုတ်သော

ကုလား မှာ ပရမ်းပတာ ထွက်ပြေးရသည်အထိ အခြေဆိုးလေတော့၏။

ကုလားသည် ချောက်ကမ်းပါးထိပ်တွင် သေကျေဒဏ်ရာရသူများကို မသယ်ပိုးနိုင်ပေ။ သူတို့ ကျူးကျော်လုယက် ဓားပြတိုက်ရာ တိုင်းပြည် တိုင်းရှိ တိုင်းသူပြည်သားများကို သူတို့အထင်သေးသည်။ ထိုသည်နှင့်အမျှ သူတို့ ကိုယ်ကို တန်ဖိုးထားပြသည်။ သို့ကြောင့် သူတို့လူကို မရအရ ဆွဲယူ သယ် ဆောင်လေ့ရှိသည်။ သည်ပွဲတွင်ကား ကုလား အဆာမကျယ် နိုင်။ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင်ပြေးသည်။

အလာတုန်းက သတိထားခဲ့သော လှိုဏ်ကြီးထဲသို့ရောက်လာသည်။

လက်နက်ကိုင် သဘော်သားများ ကမ်းတက်တပ်သားများ၊ ခြေမြန် တပ်သား စုစုပေါင်းခြောက်ရာအနက် ငါးရာသာ ပြန်လာနိုင်သည်။ ကျိုး ကန်းသူကို နှုတ်လိုက်ပါက လေးရာမျှသာ ကျန်တော့သည်။

"ဓနုဖြူ၊ ဓနုဖြူ"

ကုလားအတွက် မကောင်းဆိုးရွား နာမည်ပါတကား။

ပထမမြန်မာ အင်္ဂလိပ်စစ်ပွဲတွင် ကုလားဖြူ ကုလားမည်းများ ဖိန့် ဖိန့်တုန်ရသူမှာ မဟာဗန္ဓုလဖြစ်သည်။ သည်စစ်သူကြီးသည် ဓနုဖြူတွင် ကြီးမားခိုင်ခံ့သော ခံတပ်ကြီးတည်ကာ အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့ သည်။ ဓနုဖြူမှ အသက်နှင့်ကိုယ် တွဲလျက် မဆုတ်ခွာဟူသည့် သန္နိဋ္ဌာန်ဖြင့် တိုက်သွားသည်။

သည်မဟာသူရဲကောင်းကြီး၏ မဟာဝိညာဉ်သည် ဓနုဖြူမြေပေါ် တွင် လွှမ်းနေခဲ့၏။ ယခု ဓနုဖြူနှင့်တွဲလျက် ပေါ်ထွက်လာပြန်ပြီ။ ဓနုဖြူ ဦးမြတ်ထွန်း။

ရေတွင် တွင်ကျယ်သည်ဆိုသော ကုလားတို့ တိုက်ရေယာဉ်ငယ်များ ကို ဖမ်းဆီး၏။ ကုန်လှေများကို နှစ်မြှုပ်ပစ်၏။ ကုန်းပေါ်တွင်လည်း နေရာ အနှံ့အပြား၌ ကုလားများကို လင်းတစာကျွေးနေသည်။ ကုလားတို့အတွက်

နေဖြူသည် ကျိန်စာတိုက်ထားသော မြေပေလော။ မေဂျာမင်းချင်းသည် လျှိုထဲမှ ကုတ်ကပ်တက်ရင်း တွေးလာသည်။

"ကျား ကျား၊ ကျားဘသား ကျားဟ"

မေဂျာမင်းချင်း အတွေးမပြည့်စုံမီ လျှိုပေါ်မှ ဓားသမားများ ခုန်ချလာသည်။ တိမ်း၍မရ၊ ဖယ်၍မရပါ။ လုံးထွေးထိုးခုတ်ရတော့သည်။ ဓားကို ကုလားလုံ့စွပ် အံတုသည်။ မရပါ။ ကုလားဖြူ ကုလားနက်အတွက် အားကိုးစရာမှာ လျှိုပေါ်ရောက်အောင် လုယက်တက်ပြေးရေးသာ ဖြစ်ပေ၏။

★

## ၁၀

သန်လျက်ထမ်းထားသော ဘီလူးနှစ်ကောင်အပေါ်သို့ ချွေးရည်တွေ စီးကျ သာ၏။

ငမိုးကောင်း လှုပ်ရှားတိုင်း ချွေးသီးတွေ စင်ထွက်သည်။ စီးကျ သည်။ သူ့ခြေထဲကခြင်းကို ကုန်အောင် ခတ်ပြီး၍ တစ်ယောက်ကျော်သို့ သးလိုက် ချိန်ကျမှသာ ငမိုးကောင်းချွေးသုတ်အား၏။

ရွာသားများသည် ရေထမ်းကိုချပြီး ခြင်းဝိုင်းကို ထိုင်ကြည့်သူကြည့် း။ ဝင်ကစားသူ ကစားသည်။ တစ်စတစ်စ ဝိုင်းမှာကြီးလာသည်နှင့်အမျှ ဲ့ကြည့်ပရိသတ်လည်း များသည်ထက် များလာ၏။

ငမိုးကောင်းသည် ခါးပုံစကိုဖြုတ်ပြီး ချွေးသုတ်သည်။ ချက်ချင်း ာက်ပိုင်းပြန်ကျိုက်သည်။ သူမျက်နှာရာဘက်၌ ရွာမှရေကန်သို့သွား သော လမ်းရှိသည်။ သူအောက်ပိုးကျိုက်ဆဲ ရွာထဲမှ မိန်းမပျိုသုံးယောက် ္တက် အလာနှင့် ကြုံသည်။ ငမိုးကောင်း၏လက် မလှုပ်ရှားနိုင်တော့ပေ။

“ဘဇာလုပ်နေသတုန်း ငမိုးကောင်း”

ပုဂံစာအုပ်တိုက်

ငမိုးကောင်း အလျင်အမြန်ခါးမတ်ကာ မော့ကြည့်သည်။ သူ့ဘက်သို့ ဝဲပျံလာသောခြင်းလုံး၊ အနေတော်ဖြစ်အောင် နောက်ဆုတ်ပေးပြီး ဖဝါးဖြင့် ခတ်လွှတ်လိုက်၏။ ထိုအချိန်အခါက ခြင်းများကို ဝါးတစ်ရိုက်ခန့် မြင့်အောင်ခတ်၏။ သို့ကြောင့်သာ ငမိုးကောင်း အရှက်မရခြင်း ဖြစ်သည်။

အများပြောစရာ မဖြစ်ငြား၊ ရှက်အားနာ မဖြစ်ရငြား၊ ငမိုးကောင်း၏ ရင်ထဲတွင်မူ တဒိန်းဒိန်းခုန်နေသည်။ သူ့ရင်ထဲတွင် ဤသို့ ခုန်နေသည်ကို ရိပ်မိသူရှိသလော၊ မရဲတရဲ မျက်လုံးဝေ့ကြည့်ရသည်။ ရိပ်မိသော မျက်လုံးများကို မတွေ့။

ခြင်းပေးသူ အော်ယူရအောင် ငမိုးကောင်း ငေးမိသည်။ အောက်ပိုးကျိုက်ရင်း ငေးမောရသော မိန်းမချောများထဲ၌ မယ်မင်းဘော်ပါသည်၊ အသားနုနု၊ မျက်လုံးရွှဲနှင့်၊ ငါးရံ့ကိုယ်နှင့် အလွန်ကျက်သရေရှိသည်၊ သူ့မှာ မည်သို့ရှိသည်မသိငြား၊ ကြည့်မိသူ ငမိုးကောင်းရင်မှာမူ လှိုက်ဖိုရသည်။ဤသည်ကို မည်သူများသိသနည်း၊မလုံမလဲစိတ်နှင့် ရှက်နေမိသည်၊

မယ်မင်းဘော်နှင့် မယ်ကင်း၊ မယ်သိုင်းတို့သုံးယောက်သည် ၁၈ နှစ် ရွယ်သက်တူရွယ်တူ တွဲဖက်များဖြစ်ကြသည်။ ထင်းခွေ၊ ဟင်းရွက်ခူး၊ ဆန်ဖွပ်၊ မောင်းထောင်း၊ ရေခပ် မခွဲပေ။ သည်သုံးယောက်ထဲမှ မယ်မင်းဘော်ကိုမှ ငမိုးကောင်း မျက်စိကျသည်။

မယ်မင်းဘော်ကလည်း ခြင်းဝိုင်းထဲက ကုန်းကုန်းကွကွလူကို လျင်သော မျက်စိဖြင့် သိသည်။ မသိဘဲ နေအံ့လော။ ထိုသူ့မျက်လုံးအစုံသည် သူ့ထံတွင်သာ အမြစ်တွယ်နေသည် မဟုတ်ပါလား။

မျက်လုံးချင်းအဆုံတွင် မယ်မင်းဘော်က မျက်လွှာဦးစွာချငြား ရောက်လာသောခြင်းကို ငမိုးကောင်း ဖမ်းယူနေသောအခါတွင် မျက်လွှာပြန်ပင့်သည်။ ရင်ဘတ်က နီစွေးသော ဆေးနီရုပ်များကို ဦးစွာမြင်ရသည်၊ မောက်မို့ကျယ်ပြန့်သော ရင်အုံကြီးထက်မှ သန်လျက်ထမ်း ဘီလူးများသည်

ချွေးရောင်တပြောင်ပြောင်အောက်မှ မာန်ဖီနေ၏။

ဆေးနီရုပ်များကို မယ်မင်းဘော် အပြေးအဖျန်းကြည့်နိုင်ငြား၊ ခါးအောက်အရောက်တွင် ညို့ယူဖမ်းစားခံရချေ၏။ ထိုးကွင်းမည်းမည်းတွေ။

ပင်ကိုအသား ညိုသော်ငြား၊ ထိုးကွင်းအနက်ရောင်ထဲမှ အသားကိုမူ ဖြူသည်ထင်ရ၏။ အဖြူလွင်လွင်နှင့် အနက်တောက်တောက်သည် ဖုထစ်လုံးကျစ်သော ကြွက်သားများနှင့်အပြိုင် လှုပ်ရှားနေ၏။

သည်မျှဖြင့်ကား မယ်မင်းဘော် ဣန္ဒြေမပျက်ချေ။ ရွှေပေး၍မရသော မိန်းမဣန္ဒြေ လှုပ်ရှားရခြင်းမှာ ဒူးအောက်က အရုပ်များဖြစ်သည်။

သူ့မောင်ကိုယ့်မောင် ယောက်ျားမှန်လျှင် ထိုးကွင်းရှိကြသည်ချည်း။ ဆေးမင်ကြောင် အနီအနက်ရှိကြသည်ချည်းသာ။ မြင်းစီးပေါင်တို နံတောင်စသည်ဖြင့်။

သို့သော် သည်အကြည့်ရဲသော ကိုလူထွား၏ ထိုးကွင်းမှာ အများနှင့်မတူ။ ဒူးအထက်တွင် ထိုးကွင်းများ ရပ်တန့်မသွားဘဲ ဒူးအောက်ခြေသလုံး ဖမျက်ခြေမျက်စိအထိ ဆင်းထားသည်။ မြေစိုက်ဟူသည်ဖြစ်ဟန်တူ၏။

ဤသည်တို့မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မြင်လိုက်သုံးသပ်လိုက် ရင်ဖိုလိုက်ရခြင်းဖြစ်ငြား၊ မယ်ကင်းနှင့် မယ်သိုင်းကလည်း မျက်လုံးကို မျက်လုံးဖြင့် ထောက်လှမ်းသိပြီးပြီ။ သို့ကြောင့်လည်း တံတောင်ဖြင့် တွက်ဖြစ်အောင်တွက်ကြ၊ တင်သားမာဆတ်ဆတ်ကို လက်သည်းရှည်ဖြင့် ဆိတ်ကြ၏။

"လူစိမ်း လူရွယ်ကို မျက်စိကစားသကော"

"သူ့ဓာတ်၊ ယာယီ မသိဘဲနဲ့များ၊ ဟင်း"

မယ်သိုင်းရေရွတ်အပြီး၌ မယ်ကင်းကအပြစ်တင်၏။မယ်မင်းဘော် မျက်လုံးဖွေကြည့်လိုက်သည်။ မျက်စောင်းနှစ်ခု၏ကြားတွင် သူ ရောက်နေသည်။

ပုဂံစာအုပ်တိုက်

"အလိုတော် ယောင်းမတို့ရယ်။ ကြည့်ရုံသော်မှ မကြည့်ရသကော"

"ကြည့်တော့ စက္ခုရှုပေန သံဝါသဖြစ်သွားမှာ စိုးသပ့်"

မယ်မင်းဘော်၏နှုတ်ခမ်းကြားမှ လှစ်ခနဲ ကြယ်ရောင်လက်၏။

"ရယ်စရာ မပြောမိပါကလား အမိ"

"သူ့မင်းကြောင်က သူတကာနဲ့ မတူသကော။ မြေစိုက်ထင်ပ့်။ ရဲ ယောင်သန်မာတဲ့ ယောကျ်ား ပီသသကော"

"သဟာကိုပြောသည်ကော။အမိကြည့်တဲ့အကြည့်နဲ့ သူ့ရဲ့ရုပါရုံ သွားပြီး တိုက်ဆိုင်လိုက်သဟာ၊ ဟော ရာဂပုတ္တဆိုတဲ့ သားကလေးမွေးပြီကော"

မယ်မင်းဘော်သည် ဘယ်ညာညှပ်လာသော ရေအိုးနှစ်လုံးကိုချပြီး မယ်သိုင်းအား ထုလေတော့သည်။ မယ်သိုင်း တွန့်လိမ်ရှောင်ရှားသည်။ လက်ဖြင့်ကာသည်။

"ဘုရားဟောတဲ့ တရားသဘောကို ပြောရသည်ပ့်။ စိတ်ဆိုးလွန် သကော"

မယ်ကင်းလည်း အသံထွက်ရုံမျှသာ ရယ်မောရင်း "အိုးမလုံ အုံပွင့် သကော"ဟု လက်ညှိုးကွေးချေ ဆန့်ချေသရော်သည်။ မယ်မင်းဘော်၏ အထုအရိုက်သည် မယ်ကင်းထံ ကူးစက်၏။ မယ်ကင်းသည် ကန်ပေါင်ပေါ် သို့ ပြေးတက်သည်။ သို့သော် သုံးလှမ်း လှမ်းအပြီး၌ ဆက်မပြေး။ မယ် မင်းဘော်လည်း ဆက်မလိုက်။ ခြင်းဝိုင်းမှ လှမ်း၍မြင်သာသော နေရာဖြစ် သည်။ ပျံသည် နန့်သည် အထင်ခံရစရာ အပြောခံရစရာရှိသည်။

မယ်မင်းဘော်သည် ရေဆင်းတံတားလယ်တွင် ငုတ်တုတ်ကြီးထိုင်နေတော့ သည်။ ရေခပ်ချင်သူ ဆင်း၍မခပ်သာ။ မယ်သိုင်းလည်း အနားလာထိုင်၏။

"သဟာကလေးပြောတာနဲ့ ဖြစ်နေလိုက်တာ"

"ဝမ်းနည်းတာပေါ့အေ့။ ညည်းပြောတာဟာ ငါ့ကို ဣန္ဒြေမရှိတဲ့ မိန်းမလို့ ပြောတာပဲ မဟုတ်သကော"

"သည်သဘော မဟုတ်သကော။ ချစ်တဲ့ခင်တဲ့စိတ်နဲ့ မမှားတန်တာ မမှားရအောင် သတိပေးရသကောယောင်းမ။ ခေတ်သမယကြီးက နေ့မြင် ညပျောက်။ ကုလားသူလျှိုလား မသိ၊ ဘာမှန်းမသိ"

မိသားဖသားပီပီ လုပ်ကိုင်စားသောက်နေထိုင်ကြရာက တိုင်းတစ်ပါးသား ကုလားဖြူကုလားနက်တို့၏ နောက်လိုက်လုပ်စားသည့် လူသော့၊လူသွမ်း များ ပေါ်ပေါက်လာသည်။ သူတို့သည် ကျေးရွာများမှရရှိသော သတင်း ပလင်းများကို ကုလားများထံ မျက်နှာလိုမျက်နှာရပေးပို့လေ့ရှိသည်။

မယ်သိုင်းသည် ဤအခြေအနေကို ထင်ဟပ်ပြခြင်းဖြစ်၏။

"အေး အေ့။ သူက ဘယ်သူတုန်း၊ ဘယ်ကတုန်း"

"တောကဲ ဦးထွန်းအေး ဧည့်သည်လို့ ပြောကြသကော။ ဘယ်ဇာတိ တော့ မသိလေ"

"အတင်းပြောတာဖြင့် ကန်ပေါင်ပေါ်တက်ကြဟဲ့။ ငါတို့ပါ ကြားရအောင်"

အာကျယ်ပါကျယ်ပြော၍ ဝါးလုံးကွဲရယ်တတ်သော မယ်အေးကြီး ၏ အသံကို ကြားရသဖြင့် ကပျာကယာထပြီး ရေခပ်ကြ၏။ သည်မိန်းမ ကြီးမှာ အုန်းပင်စုရွာ၏ မောင်းဖြစ်သည်။ သည်အိမ်က သတင်းကို ဟိုအိမ် သို့ပို့၍ ဟိုအိမ်မှသတင်းကို သည်အိမ်သို့ပို့သော အလုပ်၌ ဝါသနာထုံ သည်။ သို့ကြောင့် ရယ်ကာမောကာ အလိုက်သင့်ပြောရင်း ကန်ပေါင်ပေါ်သို့ တက်လာ ကြငြား ပြောဖြစ်အောင် ပြောသေး၏။

"တောကဲကြီး ဧည့်သည်တွေ ခြင်းကစားနေကြသတော့်။ ထိုးကွင်း ကျွတ်နဲ့လူက လူရည်သန့်သနော။ လူပုံက အညာသားထင်ပ့ါ။ ငမိုးကောင်း ဘဲ့တော့။ တစ်ရွာသားကို ယောင်ယမ်း မကြိုက်လိုက်ကြနဲ့"

မယ်သိုင်းသည် ခပ်အုပ်အုပ်ကလေး ရှက်ရယ်ရယ်ရင်း။ "မကြီး အေး ကြိုက်နေပြီလား" ဟုမေးသည်။ မယ်အေးကြီး ဆဲဆိုရေရွတ်ရင်း အျန်ခဲ့သည်။

## ပုဂံစာအုပ်တိုက်

ဖျိုင်းတစ်အုပ်သည် မြားဦးသဏ္ဍာန် အုပ်ဖွဲ့လျက် ပျံသန်းလာကြ၏။ ခြင်းဝိုင်းပေါ်သို့ အရောက်တွင် တစ်ကောင်သည် နောက်ကြောင်းပြန်လှည့်သွား၏။ ငမိုးကောင်းသည် ရည်ရွယ်ချက်မရှိဘဲ မော့အကြည့်တွင် ထိုဖျိုင်းကို မြင်၏။

'သည်ဖျိုင်း ဘာလုပ်တာပါလိမ့်'

မဆီမဆိုင် အာရုံထွေဆဲ၌ ခြင်းတစ်လုံး သူ့ထံဝင်လာ၏။

"ဟဲ့ ငမိုးကောင်း။ ဘဇာငေးနေသတုန်း"

သတိပေးသံကြောင့် ရမိရရာ ငမိုးကောင်းမှာ ဖဝါးစောင့်ဖြင့် ရိုက်လွှတ်လိုက်ရသည်။ ထိုကဲ့သို့ ကစားဖော်ကစားဖက်တို့၏ ကဲ့ရဲ့စရာဖြစ်ရသဖြင့် အာရုံကို စုစည်းလိုက်စဉ်တွင် မြင်ကွင်းထဲသို့ မိန်းမသုံးယောက်ဝင်လာ၏။

ရှေ့ဆုံးမှ မယ်ကင်းသည် ခြေလှမ်းတိုင်း တုတ်တုတ်နေသော ထဘီစကို မဝှံ့မရဲ စွန်တောင်ဆွဲထား၏။ အလယ်မှ မယ်မင်းဘော်မူ ခေါင်းတုန်တုန် လည်တုန်တုန်ဖြင့် ရေအိုးနှစ်လုံးဆင့်ရွက်ထား၏။ အပေါ်အိုးသည် အောက်အိုးထက်ပိုပြီး ရေဖိတ်ရာ အောက်အိုးမှရေများ မပြတ်စီးကျ၏။

သည်ရေတွေ လူပေါ်သို့မကျစေရန် မယ်မင်းဘော်ကာကွယ်ရ၏။ အိုးဖင်ကို လက်ဖြင့်သပ်ကာသပ်ကာ ရေစက်များကို ဖယ်ချပေးနေရ၏။ ဖယ်သပ်ပစ်နေပါလျက်က နားထင်ဆံစပ်မှ အုံလုံးမဝင်တတ်သေးသည့် ဆံနွယ်များ ရွဲနေပြီ။ ဆံနွယ်များမှာ ရေပေါက်ကလေးတွေ သီးနေသည်။

သည်အသွင်ကို ငမိုးကောင်း ငေးမောရပြန်ပြီ။ ခြင်းတစ်လုံးကလည်း သူ့ဘက်သို့ ဝဲလာပြန်ပြီ။

"ငေးပြန်သကော၊ ငမိုးကောင်းလေး"

သည်အသံကို ငမိုးကောင်းကြားပါသော်လည်း နားမလည်လိုက်။ နားမလည်သဖြင့် ခတ်လွှတ်ရန် မလှုပ်ရှားမိ။ "ဟား" ဟူသော အသံကြီးနှင့်

အတူ ခြင်းကောင်းတစ်လုံး မြေခသွားလေ၏။

"ငေးမနေနဲ့ သွားကောက်ချေ"

ခြင်းကျသူသည် ခြင်းကောက်ရသည်မှာ ထုံးစံ။ ခြင်းနောက်သို့ ငမိုးကောင်း ပြေးလိုက်သည်။ ခြင်းကိုအကောက်၌ ခြင်းပေါ်သို့ စံပယ် တစ်ခက်ကျလာသည်။ ခြင်းရော ပန်းပါ ဝမ်းပန်းတသာကောက်ယူရင်း ငမိုးကောင်း မော့ကြည့်မိသည်။ ရေပေါက်ရေစက်များကြားမှ ရှက်သွေးဖြန်း နေသော မယ်မင်းဘော်။

အသက်ရှူရန် မေ့သွားပြီး၊ ငမိုးကောင်း သတိရှိသည်။ ယောကျ်ား ကောင်းမည်သည် မိန်းမသား၏ အလုပ်အကျွေးမဟုတ်။ ဣန္ဒြေပျက်ခံပြီး ငေးမောရန်အကြောင်းမရှိ။ ချက်ချင်း ခြင်းဘက်သို့ ပြေးခဲ့သည်။ ပန်းကို ခါးပိုက်ထဲထည့်သည်။

မယ်မင်းဘော်မှာ ရှက်လွန်းသဖြင့် ထိုင်ပြီးငိုပစ်လိုက်ချင်သည်။ညာ လက်ဖြင့် ညာမှဘယ်သို့ လက်ဖြင့် သပ်သပ်ချနေရာ ပန်ထားသောပန်းကို ပုတ်ခတ်မိသည်။ အဖူးကလေးတွေပါ ပါစေချင်သောကြောင့် အခက်အရွက် ပါ ချိုးပန်ထားသောပန်းစပယ်။ လွင့်စရာ၊ကျစရာ နေရာတွေ များစွာရှိပါ လျက်၊ သည်ခြင်းလုံးပေါ်မှာမှ ကျရသည်။ ကြုံတတ်ပလေ၊ဖြစ်တတ်ပလေ။

မယ်ကင်းက မယ်မင်းဘော်၏ အခက်အခဲကို သိသည်။ ရေအိုးနှစ် လုံးဆင့်ကြီးဖြင့် ခလုတ်တိုက်မိသော် ရှက်စရာဖြစ်ရော့မည်။ ယခုပင်လျှင် မည်မျှရှက်နေပြီနည်း။ ကိုယ်ချင်းစာသည်။

"ဖြည်းဖြည်းလျှောက်အေ့၊ ခလုတ်တိုက်နေပါ့မယ်"

"ငါ ငါ အိုးတွေပစ်ချပြီး ခြေဆင်း ငိုပစ်ချင်သအေ့"

"ညည်းငိုပေမယ့် သူက လာချော့မှာ မဟုတ်ဘူး၊ မငိုနဲ့ဟဲ့"

မယ်သိုင်းက လှည့်မကြည့်ဘဲ သရော်သည်။ မယ်မင်းဘော်မှာ ရှက် ဒေါ်တွင် ရှက်စရာစကားကြားရပြန်သဖြင့် မယ်သိုင်း၏ကျောပြင်ကို လှမ်း

ဆိတ်မိသည်။

သို့စဉ်တွင် မယ်ကင်းက ကျောဘက်မှ လှမ်းပြော၏။

"ကြဲကြဲဖန်ဖန်အေ၊ သည်လူနဲ့မှ ဆုံတတ်ပလေ"

"အေးအေ။ စံပယ်ပန်းကလည်း ကျစရာနေရာ သည်လောက်ပဲ ရှားသလား။ ခြင်းပေါ်မှာမှ ကျရတယ်နော"

"တမင်လုပ်သလားမှ မသိတာအေ။ မိန်းမမာယာ သဲကိုးဖြာဥစ္စာကလား"

မယ်ကင်းသည် ခြေလှမ်းသုံးလှမ်းစာ ရပ်ကျန်ခဲ့သဖြင့် ထုရန် ဆိတ်ရန် မယ်မင်းဘော် လှည့်ကြည့်သောအချိန်၌ ဝေးကွာကျန်ခဲ့သည်။

"မယ်မင်းကို လိမ်မဆွဲရရင် မနေဘူးသိလား"

မယ်ကင်း ရယ်မောသည်။ "ချစ်လို့ ကျီစယ်တာပါအေ" မျက်နှာချိုသွေးရင်း ရှေ့သို့တိုးလာသည်။ "သူ့မင်ကြောင်တွေ သူ့ဆေးနီတွေနဲ့ လိုက်ဖက်ပါပေ့အေ။ ခန့်လည်းခန့်၊ ကျက်သရေလည်းရှိ" ဟု တီးတိုးပြောသည်။

ရှက်သွေးမွှန်နေသဖြင့် သည်စကားမှာ မယ်မင်းဘော်အတွက် နားမသာ။

"မယ်သိုင်းကိုသွားပြော၊ ငါ့လာမပြောနဲ့ကောင်မ"

ဟန်လုပ်ကာ မာန်မဲရငြား၊ မမိတမိ စုစည်းထားသော ဆံပင်၊ နားပေါက်ထဲက အဝတ်စတို့သည် မယ်မင်းဘော်၏ အမြင်အာရုံ၌ဖွဲ့ထင်နေသည်။

'တောကဲကြီးရဲ့ ညှော်သည်ဆိုပေမယ့် သူဟာ တပ်မတော်သားလည်း ဖြစ်ရမယ်။ သူ့နားပေါက်ထဲက အဝတ်စဟာ သူ့အမေရဲ့ ထဘီစလားမှ မသိတာ'

ထိုအတွေးများကြောင့် မယ်မင်းဘော် စကားမဆိုမိတော့ချေ။ မဆိုမိငြား၊ ထို မြေစိုက် အရပ်လေးတောင်ခန့်ရှိ လူညိုထွားသည် သူ့အာရုံ သူ့စိတ်ကို မရအရ လွှမ်းချုပ်ပြီ။

အဖေက အိမ်ကပြင်မှစောင့်ပြီး အပေါ်ရေအိုးကို ချပေးသည်။ ရွက်အိုးကိုမူ မယ်မင်းဘော်ကိုယ်တိုင်ပင် ကပြင်တွင်ချသည်။ ခေါင်းဖုပုဆိုးစုတ်

ကိုဖြေပြီး မျက်နှာသုတ်နေစဉ် အိမ်ထဲမှ အမေက လှမ်းအော်သည်။

"ရေခပ်တာ တော်ပြီ လုံမရေ။ မနက်စာဆန်မရှိကွယ်၊ မောင်းနားမှာ အမေအသင့်လုပ်ထားတယ်။ တစ်ဆုံလောက် နင်းလိုက်ပါဦး"

အိမ်ပေါ်တွင် လူအားအဖြစ် အဖေရှိငြား၊ ဆန်ဖွတ်ရေးသည် အဖေ့အလုပ် မဟုတ်ပေ။ သားအမိသုံးယောက်တာဝန်သာ ဖြစ်သည်။ ဖြစ်သော်ငြား ညီမမှာ ငယ်သည်။ သို့အတွက် ချေးရွဲရေစိုလျက်ပင် ခြေနင်းမောင်းဆုံဘက်သို့ လာခဲ့ရသည်။

မောင်းတုံးဘေးတွင် ခွဲဝင်တောင်းတစ်တောင်းကို စကောဖြင့် အုပ်ထားသည်။ မောင်းခွက်နေရာကို ဖျာကြမ်းဖြင့်ဖုံးထားသည်။ ဖျာမလန်စေရန် တံမြက်စည်းတိုတစ်ချောင်းနှင့် ကျည်ပွေ့တစ်ချောင်းဖြင့် ဖိထားသည်။

မယ်မင်းဘော်သည် ဖျာကိုဖယ်ပြီး မောင်းခွက်ပတ်ပတ်လည်ကို ဘုံမြက်စည်းဖြင့် ခတ်သည်။ မောင်းခွက်ကို လက်ဖြင့်နှိုက်ပြီး သန့်ရှင်းသည်။ ထို့နောက် မောင်းတုံးကို မော့ပြီး ကျည်ပွေ့ပိုဖြင့် ထောက်ထားသည်။ ဆန် ထည့်သည်။

ဆန်ထည့်နေစဉ် အမေလှမ်းပြောပြန်၏။

"နှစ်ဆုံစာ ရှိမလားမသိဘူး လုံမလေးရေ့"

ဆန်လောင်းနေသော လက် တန့်သွားသည်။ မောင်းခွက်ထဲတွင် ဆန်နီနီတွေ တစ်ဝက်ကျော်သွားပြီ။ သို့အတွက် ပြန်နှိုက်ကာ တောင်းထဲ သည့်ရသည်။ မောင်းခွက်ပတ်ပတ်လည်ကို တုံးတိုများဖြင့် ကာရံသည်။

"မင်းဘော်ရေ၊ သွားကြစို့ဟေ့"

မယ်ကင်း၏အသံဖြစ်သည်။

မယ်မင်းဘော် သုတ်သုတ်ကလေးလှမ်း၏။ရေအိုးလွတ်ကို ခါးစောင်းဆင်ထားသော မယ်သိုင်းနှင့် ရွက်ထားသော မယ်ကင်းတို့ ရပ်နေကြသည်။

"ဝင်ခဲ့ဦး၊ ပြောစရာရှိသေးတယ်"

## ပုဂံစာအုပ်တိုက်

မယ်ကင်းနှင့် မယ်သိုင်းတို့ မောင်းဘေးအထိ ရောက်လာကြသည်။

"ဆန်ဖွတ်ရဦးမယ် မယ်မင်းတို့ရဲ့။ ကူပြီး နင်းခဲ့ကြဦး"

မယ်သိုင်းသည် ရေအိုးချပြီး မယ်မင်းဘော်ကို လိမ်ဆွဲ၏။ "သွားကြတော့၊ ဆန်ဖွတ်ရဦးမယ်၊ အော်ပြောရင် မပြီးဖူးလား" ရန်တွေ့သည်။

"မယ်မင်းတို့ ကူညီစေချင်လို့ပေါ့အေ"

"သက်သက် ညစ်သကော။ မကူဘူး သွားမယ်"

မယ်သိုင်းသည် ရေအိုးကို တန်းလန်းဆွဲလျက် ခြေဆောင့်ထွက်သည်။ မယ်ကင်းကလည်း မျက်စောင်းထိုးလျက် လိုက်ပါသွားရင်း "ဟင်း၊ မိန်းမကိုက" ဟူ၍လည်း နှာမှုတ်သံဖြင့် ရေရွတ်သွားသဖြင့် "မိန်းမကိုက ယောကျ်ားမဟုတ်လို့ပေါ့ဟဲ့" ဟု ပြန်လှန်ရန်တွေ့သည်။

ရန်တွေ့ရာက သူငယ်ချင်းများ ထွက်သွားသည့်နောက်သို့ လိုက်ကြည့်နေမိသည်။ သို့ရာတွင် လုပ်စရာ တာဝန်ကြီးရှိနေပါကလားဟု သတိရလျှင်ရချင်း မောင်းရင်းသို့ လှမ်းလာခဲ့သည်။ မောင်းတုံးမကြွ။ လက်တန်းကိုင်ကို ကိုင်ဆွဲလိုက်သည့်အခါကျမှ ဖိအားသက်ကာ မောင်းတုံးကြွ၏။ ထောက်ထားသော ကျည်ပွေ့ပိုလည်း လဲကျသွားလေ၏။

ဆန်ဖွတ်သူ အားပြုရန် စိုက်ထူထားသော လက်ရန်းတိုင်တွင် ဖန်ပုတီးတစ်ကုံးချိတ်ထားသည်။ နှစ်ပတ်ရလျှင် "အောက်ဖြူလှန်" ပြီးနောက် ထပ်နှစ်ပတ်အရတွင် ဆန်ရူးရန် ဖြစ်ပေသည်။

သို့ရာတွင် မောင်းတုံးက လေးလံသည်။ မယ်မင်းဘော်၏ ကိုယ်အလေးချိန်ဖြင့် မောင်းတုံးမကြွ။ မကြွသောကြောင့် လက်ရန်းတန်းကို အားစိုက်ဆွဲရသည်။ မောင်းတုံးက လေးလေး၊ ကျည်ပွေ့က တစ်တစ်မို့ ပုတီးစေ့အလုံးနှစ်ဆယ်ခန့် ချပြီးချိန်တွင် မယ်မင်းဘော်၏ ခြေသလုံးနှင့် ပေါင်များ ကိုက်ခဲလာလေတော့၏။

မောင်းခွက်တွင်းသို့ ကျည်ပွေ့ကျတိုင်း ဖုန်းခနဲ အသံထွက်၏။

ချက်ချင်းပင် ရေပန်းရေပွားများ ထဘီသည့်နှယ် ဆံပန်းဆံဖွားများ ခုန်ထသည်။ တိတ်ဆိတ်နေခဲ့သော မောင်းခါးကန့်လန့်ကလည်း လှည်းဝင်ရိုးအိသံမျိုး ပေါ်လာတော့သည်။ နင်းပြီးသောအချက်ပေါင်း လေးဆယ်ကျော်လာပြီ။ မယ်မင်းဘော် ဟိုက်လာပြီ။

နားချင်သည်။ ရပ်ပြီးနားနေလျှင် အချိန်လင့်မည်။ နောက်တစ်ဆုံကို မီးခွက်ထွန်းနေရလျှင် မြင်မြင်ထင်ထင် မရှိပြီ။ သို့ကြောင့် မောင်းရင်းမှ မောင်းဖျားသို့ လျှောက်လာသည်။ မယ်မင်းဘော်၏ အသက်ရှူသံသည် မောင်းစင်ဝန်းကျယ်ကို ဖုံးသည်။ မောင်းခွက်ဘေးတွင် ပြန့်ကျဲနေသော ဆန် စေ့တွေကို မောင်းခွက်ထဲလှဲချ၊ ဘေးအကာများ ပြန်ကာထားခဲ့ကာ မောင်းရင်း သို့ မယ်မင်းဘော် ပြန်လာချိန်၌ အမောပြေသွားပြီ။ အသက်ရှူမှန်သွားပြီ။

လက်ရမ်းကို မယ်မင်းဘော်ကိုင်သည်။ ပုတီးကိုလည်း မှတ်ထားခဲ့သော နေရာမှစတင်ကိုင်မိပြီ။ မမျှော်လင့်ဘဲ 'ဝါးခနဲ' အော်သံကြီး ကျောဘက်မှ ပေါ်လာသည့်အတွက် မယ်မင်းဘော် တုန်ခနဲဖြစ်ရ၏။

သို့လျှင် အလုန့်ခံရသူ လန့်သွားသည့်အတွက် လှန့်သူများ ကျေနပ်အားရစွာ ရယ်မောကြသည်။ ရယ်မောသံကြားရသောအခါ မယ်မင်းဘော် ပြုံးမိပြီးသားဖြစ်သွားလေ၏။ သူငယ်ချင်းတွေ လာပြီ မဟုတ်လား။

"ကောင်မတွေနော် ကောင်မတွေ။လာရင် ကောင်းကောင်းလာပါဘိ"

ကျေနပ်ပါလျက်နှင့် မယ်မင်းဘော် ငေါက်ငန်း၏။

"တို့ကတော့ သူတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့လာသပါ့၊ဟင်း"

"သူ စိတ်ဆိုးနေပါ့မယ်အေ၊ ပြန်ကြပါစို့"

ထိုသို့ ကျီစယ်သဖြင့် မယ်သိုင်းမှာ အထုခံရ၏။

"ပြန်လာတာကလည်း မြန်လှချေကလား၊ အိမ်မှရောက်ကြပါစ"

"ရေအိုးတွေကို ညည်းတို့အိမ်ကပြင်မှာ ထားရတာပါ့"

ပုဂံစာအုပ်တိုက်

သုံးယောက်အားဖြင့် နင်းဖိသောအခါ မောင်းတုံးသည် မလေးလှတော့ပါ။ မယ်ကင်းနှင့် မယ်မင်းဘော်သည် မောင်းတုံးအဖျားကို ထက်ဝက်စီ နင်း၏။ မယ်သိုင်းမှု လက်ရမ်းအတွင်းဝင်လျက် သူငယ်ချင်းများကို ကျောပေးကာ နင်းသည်။

ပုတီးနှစ်ပတ်သည် တစ်ခဏချင်းပြည့်သွား၏။ မောင်းတုံးကို ကျည်ပွေ့အပိုဖြင့်ထောက်၍ ဦးမော့ထားရုံရှိသေးသည်။ ခွေးက ရောက်လာပြီ။ မောင်းခွက်တွင်းရှိ ဆန်အားလုံးကို ဘေးအခင်း ဖျာစုတ်ပေါ်တင်ထားပြီး စကောဖြင့် တစ်နိုင်ထည့်ပြီး ပြာသည်။ သည်နှယ်ပြောရာက လွင့်စင်လာသော ဖွဲနုအမှုန်များသည် စကောထက် လေးဆခန့်ကြီးသော ဗန်းထဲသို့ စင်ကျ၏။ ခွေးနှစ်ကောင်သည် ဗန်းအပြင်သို့ လွင့်လာသော ဖွဲနုမှုန်ကို လျှာဖြင့်တို့ကာ စား၏။ မဝံ့မရဲ ချဦးကပ်၏။

“ခြင်းဝိုင်းက လူတွေကို မယ်မင်းတို့ အရောဝင်ခဲ့သေး ဟုတ်စ”

မယ်မင်းဘော် ပြောလိုသည်မှာ ဤသို့မဟုတ်။ “ ခြင်းဝိုင်းရှိသေးလား။ ဟိုလူကော သွားပြီလား” မေးလိုခြင်း ဖြစ်သည်။ သို့ပါလျက်နှင့် ဉာဏ်ဆင်ပြီးမေးခြင်း ဖြစ်၏။

“ရှိပါတော် ရှိပါ”

မယ်ကင်း၏ အဖြေ။

“မယ်မင်း နောက်တစ်ခေါက် ပြန်လာဦးမလားလို့၊ ဟိုလူခများမှာ လည်ပင်းကြီးရှည်ပြီး မျှော်နေလိုက်သဟာ။ သူ့ပေါင်က သမ်းကြောင်နဲ့ ထပ်တူပါကော”

မယ်မင်းဘော် ကျေနပ်စွာပြုံးပြီး မယ်သိုင်းကိုဆိတ်သည်။

“နာတယ်ဟဲ့ မယ်မင်းရဲ့”

“အဖေကြားသွားမယ်ဟဲ့ ကောင်မရဲ့”

မယ်မင်းဘော်က လေသံနှိမ့်ပြီး သတိပေး၏။ သည်ကိစ္စမျိုးမှာ

အဖေသာမက ဘကြီး၊ ဘထွေး၊ မောင်ကြီး၊ မောင်ငယ်များပါ မကြားအပ်ပေ။ သိသာသိစေ မမြင်စေနှင့်ဟူ၍ ယဉ်ကျေးဂါရဝ စည်းသတ်ထားသည် မဟုတ်လား။

ဆန်တစ်ဆုံစာ အောက်ဖြူလှန်ပြီး၍ မောင်းရင်းသို့ သုံးယောက်သား ပြန်လျှောက်လာကြစဉ် အိမ်ရှေ့မှ ကာလသားတစ်စု ဖြတ်သွား၏။ လူအုပ်အလယ်၌ ထိုးကွင်းမြေစိုက်နှင့်လူ ပါလာသည်။ သို့သော် သူ့ထိုးကွင်းကို ဖုံးပြီး ပုဆိုးကို လည်မှာ 'ယောက်' ထားသဖြင့် ဆေးနီဘီလူးကြီးများပင် မပေါ်တပေါ်။

"မြင်လိုက်ကဲ့လား မယ်မင်းလှ။ ခါးပုံထဲမှာ စံပယ်ခက်ကလေးနဲ့"

မယ်ကင်းသည် စပြီးလျှင်ပြီးချင်း၊ လွတ်ရာသို့ ဆုတ်ပြေး၏။ နင်းအားတစ်ယောက် လျှော့သွားသဖြင့် မောင်းတုံးမကြွ။ မယ်မင်းဘော် အားစိုက် နင်းမှကြွ၏။

"ခါးပုံထဲကဟာကို ပသို့မြင်ရပါ့ကောင်မ။ ကြဲကြဲဖန်ဖန်"

မယ်မင်းဘော် ရယ်မောတုံ့ပြန်မှ မယ်ကင်း ပြန်ကပ်သည်။ ထိုအခါတွင် မယ်မင်းဘော်သည် မယ်ကင်း၏ခါးကို အမိအရဖမ်းကိုင်သည်။ "ရေကန်မှာတုန်းက ဆိတ်မယ်ပြောတာ" ဆိုပြီး ဆိတ်သည်။ "မယ်မင်းလှလို့ ပြောတဲ့အတွက် ထုရဦး" ပြောပြောဆိုဆို ထုသည်။

မောင်းရင်းဝယ် မိန်းမပျိုတို့၏ ရယ်မောသံများ ညံစည်နေသည်။ နေခြည်အသိမ်းတွင် အနောက်ဘက်ကောင်းကင်၌ ရွှေရည်လိမ်းနေပြီ။ သို့ဖြစ်သဖြင့် မိန်းမပျိုတို့၏အယဉ်တွင် အလှဆောင်း၏။ အလှတွင် ရွှင်ချိုသော ရယ်မောသံများ စွက်လောင်းပြန်၏။ အုန်းပင်စုရွာကလေးမှာ အောက်မြန်မာနိုင်ငံတစ်ခုလုံး မီးဟုန်းဟုန်းတောက်နေသည်ကို မသိရှာထင့်။

## ၁၁

အုန်းပင်စုရွာ၏ ညချမ်းသည် တောရွာတို့၏ ရှိမြဲအသံများဖြင့် စိုပြည်နေ၏။ ရွာလယ်ခေါင်ရှိ တစ်ခုသော အိမ်၏ စောင့်ရန်းတန်း၌ ကပ်ပြီးခင်းထားသော ခုတင်ကြီးပေါ်တွင် ကာလသားတစ်စု လဲလျောင်းနေကြသည်။ ခုတင်မှာ အကျယ်တစ်လံ အရှည်နှစ်လံကျော်ကျော် ရှိသည့်အပြင် ခေါင်းတင်ရန် 'အုံးတန်း' လည်းပါသောကြောင့် လူတစ်ကျိပ် ချောင်ချောင်ကလေး အိပ်နိုင်၏။

"နောင်ကြီးတို့ နောင်ကြီးတို့။ ညှော်သည်ပါသဗျ"

လှဲနေသူများ လူးလဲထသည်။ အလယ်ကလူ ကာလသားခေါင်း ငချိပ်သည် "လာကြပါ၊ ထိုင်ကြပါ" ပြောရင်း ခုတင်အစပ်သို့ ဆုတ်ပေး၏။ ပြည့်ရန်လိုသေးသော ဆန်းလခြမ်းရောင်အောက်တွင် အနားကပ်ထိုင်သူအား ငချိပ် မော့ကြည့်၏။

"မင်းကွာ၊ ငါ့မှာ တခြားလူမှတ်လို့"

တရင်းတနှီးပြောသည်။ အပြောခံရသူမှာ တောကဲကြီးဦးထွန်းအေး

၏သား ပြေုးချိုဖြစ်၏။ သူသည် ခုတင်ပေါ်သို့ တက်ထိုင်မိလျှင် ထိုင်မိချင်း "အဖေ့ညွှဲ့သည်တွေက အပျိုအိမ် သွားချင်လို့တဲ့ဗျ"ဟု ပြောသည်။

"တောကဲကြီးရဲ့ ညွှဲ့သည်ဆိုက မင့် ပို့ပေးရမှာပါ့။ အနောင်တို့ အသူဖြစ်တယ်။ ဘယ်ကလာတယ် ဆိုတာလေး"

ငချိပ်က စဉ်းစဉ်စားစားပြောငြား၊ငပြေုးချိုကား ပေါ့ပါးသွက်လက်သည်။

"အကျွန်ကပဲ ပြောပါမယ်ဗျာ။ ဟောသည်အနောင်က ကိုမိုးကောင်း ဟိုဘက်က ကိုမှင်၊ ဟိုဘက်က ဦးအုန်းပန်း။ အားလုံးဟာ ဓနုဖြူ ကျိုက် ကဇင်းက ချည်းပဲ"

ငချိပ်သည် သူနှင့်အတူ စကားတပြောပြောနှင့် အိပ်နေခဲ့သော ကာလသားများအား လက်ဖက်ရည်ယူချေရန် ခိုင်းစေသည်။ ငချိပ်သည် ငွေလမင်းကို မော့ကြည့်ရာက "စောပါသေးတယ်။ ဖြည်းဖြည်းပေါ့။ အပျို အိမ်မှာ အခုမှ စားတုန်းသောက်တုန်းနေမှာ။ တချို့ဆို စားတောင် စားရ သေးမှာ မဟုတ်ဘူး" ပြောသည်။

ငမှင်နှင့် ငမိုးကောင်း၊ အေုန်းပန်းတို့လည်း ပုဆိုးများသိမ်းကာ ကုတင်ပေါ်သို့တက်ပြီး တင်ပျင်ခွေထိုင်ကြ၏။ ငမှင့်ပေါင်ခွင်ထဲတွင် မသကာစရာ ပြားပြားတစ်ခုပါသဖြင့် ငချိပ် ငုံ့ကြည့်၏။

"ဘဇာများပါလိမ့် အနောင်"

"စောင်းပါအနောင်။ ဗျပ်စောင်းခေါ်သပါ့"

ငမှင်သည် ပြောရင်းက စောင်းကြိုးများကို တို့ကစားသည်။ သာ ယာသောအသံများကို ညဥ့်ဦးလေပြည်မွှေးက ရွာထဲသို့သယ်ယူသွား၏။

"ဟန့်ကျလိုက်လေ အနောင်ရို့ရာ။ အကျွန်ရို့ရွာမှာ ပလွေမှုတ် တဘ်သူ၊ နဲ့မှုတ်တတ်သသူ လေးငါးယောက်ပဲရှိသပါ့"

ငမှင်က အသံစမ်းလိုက်သဖြင့် ငမိုးကောင်းလည်း ခါးတွင်ထိုးလာ သော ဝါးပလွေကို ထုတ်ပြီး အသံညှိသည်။ ချိုကြည်သော ပလွေသံနှင့် ဗျပ်

စောင်းသံ လွင်လွင်သာသာသည် ကာလသားများကို စုရုံးလာကြရန် ဖိတ်ခေါ် ဘိသို့ ရှိတော့သည်။

"အနှောင့်နှာမည် ဘယ်သူ၊ ကိုချိပ်ဟုတ်စ"

"ဟုတ်ပါ့ခင်ဗျာ ဟုတ်ပါ့"

"တေးချင်းကလေး တစ်ပုဒ်လောက် ကြားပါရစေဗျာ။ အတီးကလေးနဲ့ တွဲပြီး"

ငမိုးကောင်းက ရင်းနှီးသံဖြင့်ပြောသည်။ ငချိပ်ရယ်မောကာ လက်ကာ၍၊

"ခုနစ်ရက်သားသမီး နားမချမ်းမြအောင် မလုပ်ပါရစေနဲ့။ ခဲမိုးရွာမှာစိုးလို့"

ရယ်မောသံများအစဲတွင် ပလွေသံနှင့် စောင်းသံသည် ကာလသားများကို ညို့၏။ တေးညည်းသံများပေါ်လာအောင် မြှူဆွယ်၏။ လရောင်ပြက်သော ညဥ့်လွှာတွင်းသို့ ရိဝေလွှမ်းမှိုင်းကြည့်ဖြင့် ငေးနေကြငြား၊ တေးသံ မပေါ်လာ။

အတန်ကြာမှ ငအုန်းပန်း မတိုးမကျယ်ဖြင့် ပလွေသံအလိုက် ညည်းသည်၊

"သာသာယာယာ မြည်လာကြွေး။ သာလိကာငယ်ကျေး"

သာလိကာတစ်ကောင်၏ သာယာစွာ မြည်ကြွေးသံကို ယခုမှ ကြားယောင်လာကြသည်။ ပလွေသံနှယ်စောင်းသံနှယ် သာယာပါတကား ဋေမော မှတ်ယူနေကြဆဲ၌ ငအုန်းပန်းသည် အသံကို တင်မှန်းမသိ တင်မိ၏၊

"ချည်ခင်စွပ်ကယ်က ကျူးတယ်ကျူးတယ်ကို"

"ဟော ချည်ခင်စွပ်ဆိုပါကလား"

ကာလသားတစ်ယောက်က ဖောက်သဖြင့် "နားထောင်စမ်းပါ"ဟု အခြားတစ်ယောက်က ဝင်ပြောရသည်။

"သင်တိုင်းဝတ်ကယ်က မြူးတယ်မြူးတယ်ကို"

သို့ရာတွင် ငအုန်းပန်းမှာ အသံမရသဖြင့် ထင်တိုင်းမတင်နိုင်၊

"သံချိုတည့်အေးအေး၊ ပဲတည့် ပဲထွေးထွေး"

ပုဂံစာအုပ်တိုက်

ကာလသားများမှာ သူတို့နှင့် ရင်းနှီးသော ငှက်များ၏အမည်ကို ကြားရသဖြင့် နားစိုက်ထောင်ကြ၏။ စောင်းသံနှင့် ပလွေသံ၏ ဆွဲဆောင်ရာသို့ မျောပါနေမိသည်ကိုကား မသိကြ။

"စာပေးခွဲ့ရာကြ၊ ချစ်ရေးမျှပါလို့လေး"

အာနိကလေး ဟကာဟကာ အစာခံသောငှက်၏ပုံ၊ အစာခွံ့ပေးနေသော ငှက်၏အသွင်သည် ငွေလရောင်၌ ပြုံးပြက်နေ၏။

ငမိုးကောင်းသည် ခုတင်အစွန်းသို့ရွှေ့ကာ ပလွေကိုခါ၏။ထို့နောက် ရှေ့တိုးထိုးပြီး ဆက်လက်မှုတ်ပြန်သည်။ သူရပ်နေစဉ် ငမှင် ရပ်ထား၏။ သို့ကြောင့် ငမှင်မှာ ငမိုးကောင်းနောက်သို့ မေးလိုက်နေရဟန်တူ၏။

"အတူစုံစွာ စံတည့်စံပျော်ရာ။ ချစ်ခင်လေ ချစ်ခင်လေ၊ ချစ်ပါလှတယ်ရှင်"

ပလွေသံပျက်သွားသဖြင့် ငမိုးကောင်း တန့်၏။

"ဘဇာဖြစ်ရသတုန်း ငမိုးကောင်းရ"

"ပင့်ကူမြွေး ကွာသကော"

ဖယောင်းတားပေါက်နှင့် အနီးဆုံးအပေါက်တွင် ကပ်ထားသော ကြက်သွန်မြွေးသည် ခါးကြားထိုးထားစဉ် လန်ခဲ့ဟန်တူ၏။ တံတွေးများများ ဆွတ်၍လည်း မဖြစ်ချေ။ နေသားတကျဖြစ်အောင် ဖိသည်။ အသံစမ်းသည်။ ထို့နောက် ဆက်မှုတ်သည်။

"ဥမျိုးတွန်သံ"

"ချစ်ခင်လေ လွန်မြတ်နိုးပါကွာ"

"ချစ်ခင်လေ လွန်မြတ်နိုး၊ ဓိတည့်ဓိဝဒိုး။ ဥမျိုးတွန်သံ သာပင်သာချည့်လေး"

ဓိဝဒိုးငှက် မြည်တွန်သံကို တေးသံခံသူများ ကြားယောင်လာ၏။

"မ ကို၊ မ ကို ဖော်ထွေး၊ မြည် မြည် မြည်ကြလေး။ မယ်ညိုဖြူပြာနီတည့် နီရွှေဝါ"

ငှက်မကို ငှက်ဖိုက ချစ်ရည်ချစ်သွေးဖြင့် ဖြားယောင်းသွေးဆောင်သော မြင်ကွင်းကို မြင်ဖူးသူများ၏။ များသောကြောင့် ပြုံးယောင်သမ်းလာကြ၏။ နှစ်ကိုယ်ကြား ရယ်မောသံများလည်း ပေါ်လာချေသေး၏။

"လိပ်ပြာလေ ပျံကာသွား၊ ပိတုန်း ပိတုန်းများ။ ရေပေါ်မှာလွှားပါလို့ ကြာဆံကိုစားပါလို့၊ ဝဲကာပျံလေလေတည့် ဝဲကာပျံ"

တေးတစ်လွန်း ဂီတတစ်လွန်း ငွေလရောင်လည်းတစ်လွန်း သုံးလွန်းတင်ထားသော ညအလှသည် ညင်သာစွာ လျော့ပြေ၏။ တေးသံဂီတသံ၏ ရစ်ပတ်မှုပြေအကျတွင် အုန်းပင်စုရွာ၏ ညအလှသည် ယောင်တီးယောင်န ဖြစ်ကျန်ခဲ့လေ၏။

"ကောင်းသဗျာ။ သည်တေးချင်းမျိုး အကျွန် ဟသ်ာတရောက်တုန်းက ကြားဖူးသပ"

ကာလသားကြီးတစ်ယောက်က ကျေကျေနပ်နပ်ပြောသည်တွင် ကာလသားငယ်တစ်ယောက်က မေး၏။

"တေးချင်း နာမည် ဘယ်လိုခေါ်သတုန်း အနောင်တို့"

ဤအထိကား ငမိုးကောင်းလည်း မသိပေ။ ငမှင် သိလိုသိငြားငဲ့စောင်းကြည့်၏။ သူလည်း လရောင်သမုဒ်ပြင်ထဲသို့ ဆင်းစိမ်ငေးမောနေ၏။ ငအုန်းပန်းလည်း တုံ့နှေးစွာဖြင့် "ပုစဉ်းထောင်သံ၊ အဲအဲ ကလပ်ငယ်ကြိုး ဆိုလား။ အင်း အကျွန်လည်း မသိဘူး" ဖြေ၏။

"ကဲ ကဲ အမောပြေ စားကြသောက်ကြပါဦး"

ကာလသားခေါင်းငချိပ်သည် အရတော်သူ၏ ကျေနပ်ဝမ်းသာသံမျိုးဖြင့် ဆိုရင်း လက်ဖက်ရည်နှင့် လက်ဖက်ဆေးလိပ် သားရေစာ ကွမ်းအစ်များကို ကုတင်အလယ်သို့ တွန်းပေးသည်။

လက်ဖက်၊ပေါက်ပေါက်ဆုပ်နှင့် ပဲလှော်ထန်းလျက်များသည် တစ်ခဏချင်း လျော့ပါးသွားငြား ငမိုးကောင်းမစား။ လက်ဖက်ရည်သာ သောက်၏။

"အနောင် စားပါဦး။ စားပြီးသောက်ပြီးတဲ့အခါ အပျိုအိမ်ကို သွားကြတာပေါ့။ အနောင်တို့ အိမ်ပြန်မရောက်မချင်း အကျွန် မအိပ်ပါဘူး"

လမင်း မြင့်တက်လာပြီ။

အပျိုအိမ်သွားရန်အတွက် ကာလသားများ ပန်းစုရှ်မပြီးကြသေး။ မစုံလင်ကြသေး။

"အနောင်တို့ ဆိတ်စာလေး ဆိုင်းပါဘိ"

ငချိပ်သည် ကုတင်ပေါ်ပြန်ထိုင်လိုက်၊ ဆင်းသွားလိုက်၊ ဧည့်သည်များအား ဧည့်ခံလိုက် တောင်းပန်လိုက်ဖြင့် အလုပ်များနေသည်။ ဤသည်ကို ကြည့်ကာ ငမိုးကောင်း အားနာ၏။ ညည်းတွား၏။

"ချဉ်ပေါင်ဟင်းကြောင့် သလိုဖြစ်ရသာဗျ"

သူ့စကားမှာ အရင်းမရှိ၊ အဖျားမရှိမို့ ကာလသားများက တောင်းပန်ကြ၏။ "ပသို့ ချဉ်ပေါင်ဟင်းပါလိမ့်" စသည်ဖြင့် ဖြစ်၏။

"သလိုဗျ။ ဟို့ ဟို ရှေးရှေးတုန်းက ကာလသားရှိရာကို ကာလသမီးကလာပြီး လူပျိုလှည့်ရသာသဲ့ဗျ။ မြေဆေးတံကြီး ပါးစောင်မှာခဲပြီး၊ ခြားနဲ့ ယစ်ခုံလည်းပါသတဲ့"

ကာလသားများ တသောသော ရယ်မောကြ၏။

"အားကြီးကောင်းတာပေါ့ အနောင်ရာ"

"အဲသလိုရှိရာက တစ်ညသားမှာ ကာလသားရဲ့အိမ်ကို ကာလသမီး တစ်ယောက် ရောက်လာသတဲ့။ ကာလသားကလည်း မှိုင်းတလူလူနဲ့ မီးထွန်း ပြီး ထမင်းစားနေတုန်းရှိသတဲ့ဗျာ"

မြေခွက်ကြီးထဲတွင် ရေနံထည့်ကာ၊ ရေနံခွက်၏ နှုတ်သီးတွင် လက်မ လက်ညှိုးတုပ်သောမီးစာဖြင့် မှိုင်းတလူလူထအောင် မီးထွန်းသော အလေ့မှာ ယခုထက်တိုင်ဖြစ်သဖြင့် ကာလသားများ၏ အာရုံဝယ် မြင်သာထင်သာရှိ၏။

ပုဂံစာအုပ်တိုက်

"ကာလသားရဲ့အိမ်မှာလည်း ကြမ်းကွပ်တွေပြတ်နေသာကိုး။ သည် ကနှင်းရင် ဟိုကထောင်။ ဟိုနားကနင်းရင် သည်နားက ထောင်သပေါ့ဗျာ။ ကာလသားကလည်း ချဉ်ပေါင်ဟင်းတစ်ခွက်နဲ့ ထမင်းစားနေသာ။ သည် ဟင်းအပြင် တခြားဟင်းမပါဘူး"

ဤအဖြစ်မှာလည်း သည်ကုတင်ကြီးပေါ်ရောက် ကာလသားများ အတွက် ရိုးနေသော မြင်ကွင်းသာဖြစ်ပေသည်။ သို့အတွက် ရှေ့တွင် မည်သို့ လာမည်နည်းဟု စိတ်ဝင်တစား နားစိုက်နေကြသည်။

"ကာလသမီးလည်း ကာလသား သဘောကျအောင် သနပ်ခါး ပန်းမန်နဲ့ ဖီးလိမ်းပြင်ဆင်လာသလို၊ သူဘယ်လောက် တော်တယ်ဆိုသာ အစွမ်းပြဖို့အတွက် ရစ်နဲ့ခြားကို ယူလာရသာကလား။ အဲသာနဲ့ အိမ်ပေါ် ရောက်လို့ ကြမ်းပေါ်လည်း ခြေချလိုက်ရော၊ ချဉ်ပေါင်ဟင်းပန်းကန် တင်ထားသဲ့ ကြမ်းကို နင်းမိပါလေရော။ တစ်ခါတည်း ချဉ်ပေါင်ဟင်းခွက် ကျွမ်းသဒါ လန်သွားပါလေရော"

"အတော် စိတ်ဆိုးမှာပဲနော်"

"စိတ်ဆိုးရမလား။ ချစ်လို့လာသကော"

ထိုအခါတွင် ငမိုးကောင်းက ရယ်ရယ်မောမောဖြင့် ဆက်ပြော၏။

"စားလို့ကောင်းနေတုန်းမှာ ဟင်းခွက်မှောက်သွားတော့ ကာလ သားက မော့ကြည့်သာပေါ့။ ဆင်းပြေးရမလိုလို ထိုင်တောင်းပန်ရမလိုနဲ့ အား တုံ့အားနာဖြစ်နေသဲ့ ကာလသမီးကို မြင်ရသာပေါ့။ သာကြောင့် စိတ် ရှုပ်ရှုပ်နဲ့ ပြောလိုက်သယ်"

"ပဇာလို ပြောလိုက်ပါလိမ့်အနှောင်"

"မယ်မင်းကြီးမ နောက်နှောင်ကို မလာခဲ့ပါနဲ့၊ ကျုပ်ပဲလာခဲ့ပါမယ်သဲ့၊ အဲသည်ကတည်းက ကာလသမီးအိမ်ကို ကာလသားက သွားရသာတဲ့ဗျာရို့"

ဝါးခနဲ ရယ်သံကြီး လွင့်တက်၏။ ရယ်သံစဲသွားလျှင် အုန်းပင်စုဇ

ညကို တိတ်ဆိတ်အေးချမ်းခြင်းက ရစ်ချည်ထားသည်။ အတန်ကြာမှ ငမိုးကောင်းက သူ့စကားကို ပြန်လည်နှုတ်ခမ်းသပ်၏။

"အဲသာကြောင့် အကျွန်ပြောသာပါ့။ အခုလို ကာလသမီးအိမ်ကို ကာလသားသွားရသာဟာ၊ ချဉ်ပေါင်ဟင်းတစ်ခွက်က စသာလို့"

ရယ်သံကြီး ပေါ်လာပြန်သည်။

ရယ်မောသံ မစဲတစဲ၌ ကြက်တွန်သံကို နီးနီးကပ်ကပ် ကြားရ၏။ ငမိုးကောင်း အလန့်တကြားမော့ကြည့်ရာ၊ လည်ပင်းရှည်လျက် ဝေးလံသော အရပ်မှ အသံများကို နားစွင့်နေသည့် ကြက်ဖကြီးတစ်ကောင်ကို မပီမသ မြင်ရသည်။

"ဥဘန်းကြီးဗျာ့။ ခွပ်လက်လည်း မဆိုးဘူး"

ကာလသားငယ်တစ်ယောက်က ဖောက်သည်ချသဖြင့် နောက်တစ်ယောက်က "အသံပုဆိန်ပေါက် အမြီးတံစဉ်ကောက်" ပြောနေဆဲ တန်းလန်းတွင် "ကဲ ကဲ သွားကြစို့၊ အနောင်တို့" အော်သံနှင့်အတူ ငချိပ် ပြန်ရောက်လာသဖြင့် စကားပြတ်သွား၏။ ငချိပ်ရင်ခွင်တွင် ဖက်ဖြင့်ထည့်ထားသော ပန်းထုပ်ကြီး။

ကုတင်ပေါ်တွင် စုရုံးမိသမျှ ကာလသားများသည် ငချိပ်နှင့် ညှိသည်နောက်မှ တစ်အုံတစ်မကြီး ပါလာသည်။ သူတို့ကား မယ်မင်းဘော်ကို လည်ရန်၊ လှည့်ရန် စိတ်မကူးကြ။ ညှိသည်များ၏ တေးဂီတကို ခင်မင်သောကြောင့် ပါလာကြခြင်း ဖြစ်ပေသည်။

မလှမ်းမကမ်းလရောင်အောက်မှ ကလေးအချို့၏ ရယ်မောသံများကို ကြားရ၏။ "ညောင်ပင်တစ္ဆေ ဝေလေလေ" ခေါ်သံထူးသံလည်း ကြားရပြန်၏။ ည၏သာယာမှုနှင့် ကစားခုန်စားသံများသည် ကာလသားတို့အတွက် ရှင်ဆေး၊ ကြည်ဆေး ဖြစ်ပေသည်။

ကာလသားအုပ်ကြီးသည် အိမ်တစ်အိမ်ရှေ့တွင် ရပ်တန့်သည်။ အိမ်

ကြီးရခိုင်မဟုတ်ပြော၊ သပ်သပ်ရပ်ရပ်ရှိ၏။ ခြေရင်းဘက် ဝဲလင်းဆောင်တွင် မီးရောင် မရှိချေ။ ချည်ဝင့်သံမူကြားရသဖြင့် လရောင်တွင် အလုပ်လုပ်နေကြောင်းသိသာ၏။ အိမ်မကြီးဘက်မှ အသံမထွက် မီးရောင်မလာပြော၊ စုန်းမီးတောက်သကဲ့သို့သော မီးနီနီကလေးမှာ ကြီးလာလိုက် ငယ်သွားလိုက်ရှိသည်။ မှောင်ထဲတွင် တစ်စုံတစ်ယောက် ဆေးလိပ်ဖွာနေခြင်းဖြစ်ရပေမည်။

"မင်းဘော်ရေ၊ ဟေ့ မင်းဘော်"

ချည်ဝင့်သံရပ်ကာ"အသူတုန်း" မေးသံ သာသာယာယာပေါ်လာ၏။

"ငချိပ်ပါဟ။ ဧည့်သည်တွေ လိုက်ပို့သပ"

မီးရောင်ပေါ်လာသည်။ တစ်ဆက်တည်းပင် ချိုကြည်သော အသံသာကလေးလည်း လွင့်ဝဲလာခဲ့ပြန်ပေသည်။

"ကြွကြွပါရှင်၊ ကြွကြွပါ။ အိပ်နေတဲ့ခွေးလည်း တက်နင်းမိဦးမယ်"

ကာလသားများ ဟားတိုက်ရယ်ကြပြန်ကာ၊ တကုန်းကုန်းဖြင့် လှေကားရင်းသို့ရောက်လာကြ၏။ ခွေးကမည်းမည်း ညဥ့်အမှောင်ကမည်းမည်းမို့ တက်နင်းမိစရာ ရှိသည်။ ကာလသားတစ်ယောက်က ခွေးပေါ်တွင် ခွရပ်ထားသည်။

မှိုင်းတဝေဝေလွင့်နေသော ရေနံကြီးမီးခွက်ဘေးတွင် သင်ဖျာများအသင့်ခင်းထားနှင့်သည်။ မီးခွက်၏ဘေးတွင် စကာကလေးဖြင့် ပန်းတွေထည့်ထားသည်။ မီးခွက်၏ဟိုဘက်ဆေးတွင်ကား မယ်မင်းဘော်၏ အဖော်များဖြစ်သော ဗိုင်းတောင့်နှင့် ခြားရှိ၏။

"ခနေဖြူ ကျိုက်ကဇင်းလာတဲ့ တောကဲကြီးရဲ့ ဧည့်သည်တွေဟ။ ငါ့ ဘေးက ကိုမိုးကောင်း၊ ဟိုဘက်က ကိုမှင်၊ ဟိုဘက်က ကိုအုန်းပန်းတဲ့"

မယ်မင်းဘော် တည်ကြည်စွာပင် မျက်လွှာတစ်ချက်ပင့်ကြည့်ပြီး၊ ဗိုင်းတောင့်ကို ကောက်ကိုင်သည်။ ရစ်ဖောက်တွင် ချည်တန်းလန်းဖြင့်၊

"အကျွန်ုပ်တို့က အဖော်အဖြစ် လိုက်လာတာပါလေ"

"ဟုတ်ပါသယ်၊ အကျွန်ုပ်လည်း အဖော်ပါပဲ။ လာချင်သူက ငမိုးကောင်းပါ"

ငအုန်းပန်းနှင့် ငမှင်က သူတို့ လှေကို ထင်ပေါ်အောင် လုပ်ကြ၏။

"ဟုတ်သဗျာ။ ညနေက ခြင်းခတ်ရင်းနဲ့ သည်ကနမကို မြင်လိုက်သဲ့အခါ၊ အသူ့သမီးတုန်း၊ ဘယ်မှာနေသတုန်း သိချင်လို့ပါ"

"ဆေးဗန်းလည်းရှိ၊ သနပ်ခါးတုံးနဲ့ ကျောက်ပျဉ်လည်းရှိပါ့"

ဆေးလိပ်သောက်တတ်သူရှိလျှင် ကိုယ်တိုင်လိပ်သောက်နိုင်ရန်နှင့် အမွှေးအကြိုင်ကြိုက်ပါမူ သွေးပြီးလိမ်းနိုင်ရန်အတွက် ဆေးဗန်းနှင့် ကျောက်ပျဉ်ရှိရာသို့ လက်ညှိုးညွှန်သည်။ မျက်လွှာမူ မပင့်ချေ။

ထို့နောက် စကားစပြတ်သွားသည့်အတွက် ငချိပ်က "ကြုံတုန်းကြုံခိုက် ပန်းဖွက်တမ်းကစားသွားပါဦး" ပြောပြောဆိုဆို သူ့ရင်ခွင်မှ ပန်းထုပ်ကြီးကိုချသည်။ ကာလသားအသီးသီးထံ ပန်းတစ်ဆုပ်စီ ကမ်းပေးသည်။

သည်နယ် စိတ်ရှင်စရာ စိတ်ဝင်စားစရာကို လမ်းခင်းပေးပြား၊ ရုတ်တရက် ပွဲစည်ဦးမည်မဟုတ်ကြောင်း ငချိပ်သိသည်။ သိသည့်အလျောက် "ကြောင်တစ်သင်းနဲ့ အရင်းခိုသတဲ့။ ကဲ ဖော်ကြ" ဟု စတင်သည်။ ပန်းတစ်ပွင့်ကို ငမိုးကောင်းရှေ့တွင် ချသည်။

"ဟော့ဖော်ကြလကွာ။ မဖော်နိုင်ရင် တစ်ယောက်တစ်ပွင့်ပေးရမယ်"

"ကြောင်တစ်သင်းက ကြင်းတသောင်။ ဟာ ဒါလည်း မဟုတ်သေးပါဘူး"

ပန်းမပေးလိုသော ကာလသားတစ်ယောက်က စတင်ပြီး ဖော်ရန် ကြိုးစားပြား လည်သွားသဖြင့် အုန်းခနဲ ရယ်ကြသည်။

"ကြောင်တစ်သင်းနဲ့ အရင်းခို။ သျှောင်အဖျင်းနဲ့ နရင်းညို"

"ငါ့စကားထာက နဘောထပ်မဟုတ်ဘူး"

နောက်ထပ် ဖော်မည့်သူ ပေါ်မလာသဖြင့် "ကဲ ကဲ ပန်းပေးကြပြီသား။ ဖော်တော့မယ်နော်။ ကဲကဲ၊ ပေးကြ" ဆိုကာ ငချိပ်သည် မျက်နှာတိုင်း

၏ ရှေ့သို့ လက်ဝါးကြီးလိုက်ဖြန့်၏။ မဖော်နိုင်သူများမှာ ပန်းတစ်ပွင့်စီ ပေးလိုက်ကြရ၏။

"အားလုံးနားထောင်ကြ"

ငချိပ်သည် ဝင့်ဝါသံဖြင့်ဆိုရင်း၊ တင်ပျင်ခွေကိုပြင်ထိုင်ရာက "ကြောင်တစ်သင်းက ဘယ်လိုအော်သတုန်း၊ ညောင်" ဟုဆိုအပြီး၌ မယ်မင်းဘော်ကို လှမ်းကြည့်ကာ "အရင်းမှာ ခိုရတာက အပင်။ ဒါကြောင့် ညောင်ပင်" ဟု ဖော်ထုတ်လိုက်လေ၏။

"ညောင်အော်တာတော့ ကြောင်တစ်ကောင်တည်းလည်း အော်တာပဲဗျ"

အစွန်မှောင်ရိပ်မှ တစ်ယောက်က ထကွန့်သဖြင့် "ကြောင်အော်သံဟာ ညောင် မဟုတ်ပါဘူး နောင်ကြီးချိပ်ရာ 'ဝေါင် ပါ' ဟု အခြားတစ်ယောက်က ငြင်းချက်ထုတ်သည်။ ကာလသားများ အုန်းခနဲ ရယ်မောကြပြန်သည်။

မယ်မင်းဘော်သည် ပါးစပ်မှမပြော၊ ငချိပ်အား မျက်လုံးဖြင့် ကြည့်သည်။ ငချိပ်ကလည်း ကာလသားခေါင်းပီပီ ပါးနပ်၏။ လည်ရှည်ပြီး သူ့လူတွေကိုပြော၏။

"လူကြီးတွေ အိပ်နေကြလောက်ပြီဟရို့ရဲ့။ တိုးတိုးသက်သာ ရယ်ကြပါဘိ"

"စောပါသေးတယ် နောင်ကြီးရာ၊ အိပ်ကြဦးမယ် မထင်ပါ"

ငချိပ် ခေါင်းယမ်းသည်။ "သူ့အိမ်ကို လာသူဟာ သူ့အလိုက်ကို သိရသပါ"ဟု ယဉ်ကျေးမှုစကား ဆုံးမစကားဆိုသည်။

"ကျွန်းတုံးကြောင်ရှောက်"

"လွှမ်းတုံး မောင်ရောက်။ ပေးပေး၊ ပန်းပေး"

ပါးစပ်ဆော့မိသော ကာလသားငယ်မှာ ဖြန့်လာသော လက်ဝါးထဲသို့ ပန်းတစ်ပွင့်ထည့်လိုက်ရလေ၏။

"တောင်သုံးလုံးပေါ် အော်ပွင့်သည့်ပန်း"

ဝှက်သူမှာ ငချိပ် ဖြစ်သည်။

"သျှောင်ထုံး ထုံးသော်၊ ကစော်နှင့်လန်း"

"နဘေစကားထာ မဟုတ်ပါဘူးကွယ်ရို့"

"မောင်ကြီးချိပ် အကျွန် ဖော်ရမလား"

မယ်မင်းဘော်က မျက်လုံးရွဲကလေးဝင့်ကာ ချည်အဝင့်ရပ်ပြီး မေးသည်။ ငချိပ် ပက်လက်လန်မည့်နယ် ဟန်လုပ်သည်။

"မေးမှမေးပလေ ငါ့နမရယ်။ မယ်မင်းပါမှ ပွဲစည်မှာပါ့။ ဖော်စမ်း ဖော်စမ်း"

"တောင်သုံးလုံးဆိုသဟာက၊ အကျွန်ရို့မီးဖိုက ဖိုခုံလောက်သုံးလုံးကို ပြောတာ မဟုတ်လားဟင်"

"ဖော်လေဖော်လေ။ ဆုံးအောင်ဖော်ပြီးမှ အမှားအမှန် ဖြေနိုင်မှာပါ့"

မယ်မင်းဘော် အလိမ်မာသုံးပြီး နှိုက်သော်ငြား ကာလသားခေါင်းက စကားလှသုံးကာ လမ်းလွှဲ၏။

"အော်ပြီးပွင့်တဲ့ပန်း။ ဖိုခနောက်သုံးလုံးပေါ်မှာ အော်ပြီးပွင့်တာဘာရှိသတုန်း။ အဲသိပြီ၊ ပေါက်ပေါက်လှော်တာ။ အဲဒါကြောင့် "တောင်သုံးလုံးပေါ် အော်ပွင့်သည့်ပန်း" ဆိုသဟာ ဖိုခနောက်သုံးလုံးပေါ်မှာ အိုးတည်ပြီး ပေါက်ပေါက်လှော်တာပါ့"

ငချိပ် ရယ်မောသည်။ ကာလသားများကလည်း ချီးမွမ်းဟန်ဖြင့် ရယ်သံပြုကြ၏။

"ငါ့နမတော်တယ်ဗျား။ ရော့ ပန်းပေးသဗျာ့"

စကားဝိုင်းတွင် ပါဝင်သော ကာလသားတိုင်းပါ မီးခွက်ဘေးရှိ ဗန်းခုံးကလေးထဲသို့ ပန်းတစ်ပွင့်စီ ဖြည့်တင်းပေးကြ၏။

ငမိုးကောင်းသည် ရစ်ဖောက်နှင့် နီးချေ ဝေးချေဖြစ်နေသော မယ်မင်းဘော်၏ လက်ကလေးကို တစ်ချိန်လုံး ငေးကြည့်နေခဲ့၏။ မျက်နှာကို

မကြည့်ပါဘဲလျက်၊ ကိုယ်လုံးကိုယ်ထည်ကို အငမ်းမရ ကြည့်နေသည် မဟုတ်ပါဘဲလျက်၊ မယ်မင်းဘော် ရင်ဖိုနေခဲ့ရသည်။

ယခု "အကျွန်လည်း နှမကို စကားထာတစ်ပုဒ် ဝှက်ပါရစေ" ဆိုလာသောအခါ မယ်မင်းဘော် ထိတ်ခနဲ ခံစားရ၏။

'သူက အရပ်တကာလည်ပြီး အကြားအမြင်တွေ စုဆောင်းလာသူ၊ ငါ့မှာက အိမ်ထဲနဲ့ အိမ့်ပြင်ကလွဲလို့....'

မယ်မင်းဘော်၏ ထိုအတွေးများသည် မျက်နှာပြင်တွင် ထင်ဟပ်မလာပြား "ဝှက်ပါ။ နှမ ကြိုးစားဖော်ရမှာပေါ့" စသည်မျိုး ရှောခနဲ ထွက်မလာ။ ထိုအခါ ငမိုးကောင်း စဉ်းစား၏။

'ငါက သူတစ်စိမ်း။ လူအများရှေ့မှာ ငါ ဝှက်တာကို မဖော်နိုင်ရင် အရှက်ရသွားစရာရှိပါကလား'

"အိမ်တော်သာလင်း ၁၂ ခန်း။ တစ်ခန်းသုံးကျိပ် အပြည့်အိပ်၊ လေးပေါက်တံခါး ဖွင့်လျက်ထား၊ ဝင်ဖူးထွက်ဖူးပါရဲ့လား။ အားလုံးနော် အားလုံး၊ ဘယ်သူမဆို ဖော်နိုင်သယ်"

စကားထာပုက်ပြီးလျှင်ပြီးချင်း အားလုံးအား ဝှက်ခြင်းဖြစ်ပါသည် ဟူ၍ လျှောချလိုက်ခြင်းမှာ မယ်မင်းဘော်အား ငဲ့လိုက်ခြင်းဖြစ်သည်။ သည်နေရာသို့ သူရောက်လာခြင်းမှာ ပညာစွမ်း ဉာဏ်စွမ်းပြရန်မဟုတ်။ နားရွက်နီနီ မျက်နှာနီနီဖြင့် မယ်မင်းဘော်ကလေး အရှက်ရသွားစေရန်လည်း မဟုတ်။ သူကလေး၏ ကြည်လင်သော မျက်နှာကိုကြည့်ပြီး၊ သာယာသော အသံကလေးအား နားဆင်ကြည်နူးရန် မဟုတ်သလော။

"အမယ် မောင်ကြီးက နှမကို အထင်သေးလိုက်ပါဘိ"

ချစ်စဖွယ် မျက်စောင်းကလေးဖြင့် ဆိုလာသည့်အတွက် "မဟုတ်ပါဘူး နှမငယ်"ဟု ငမိုးကောင်း ကြည်ကြည်နူးနူး ကာကွယ်၏။

"အကျွန်လည်း နှမကို စကားထာတစ်ပုဒ် ဝှက်ပါရစေလို့ ဦးတည်

ခဲ့တာ မဟုတ်လား"

"နှမကလေး အိမ်ရှင်ပေကိုးခင်ဗျာ့"

"အညာသားထင်ပါ့၊ စကားကြွယ်လိုက်ပါဘိ"

ဇာတိကို စစ်မေးလာသဖြင့် ငမိုးကောင်း မြူနေလိုက်သည်။ ဒီပဲယင်းသရက်ကန်မှ ဟုဖြေမိလျှင် သည်မျှ ဝေးဝေးလံလံသို့ မည်သည့်အတွက် ရောက်လာသနည်းဟူ၍ ဆက်လက်စောကြောလာဦးမည်။

သို့သော် သည်အချက်၌ စိတ်ဝင်စားကြဟန် မရှိ။ ငမိုးကောင်း၏ ဒကားထားတွင်သာ အာရုံဝင်စားနေကြသည်။

"အကျွန် သိသလိုလိုပဲ" ဟု မယ်မင်းဘော်က တစ်အောင့်အကြာတွင် ဆိုလိုက်သည်။ ဦးခေါင်းများ ထောင်လာကြကာ " သိသလိုပဲဆိုရင် ဖော်လိုက်ပါတော့လား" ဟူ၍ ငချိပ်က တိုက်တွန်း၏။

"မှားသွားရင် ဘဇာလုပ်မတုန်း"

"နည်းနည်းပါးပါးလွဲသွားရင် အကျွန်တည့်ပေးပါ့မယ်။ ရဲရဲဖြေပါဘိ"

အားပေးသူက ငမိုးကောင်း။

" အိမ်တော်သာလမ်း ၁၂ခန်း ဆိုသဟာကာ၊ တစ်နှစ်ဆိုတဲ့ အိမ်ကြီးထဲက လပေါင်း ၁၂လ မဟုတ်ဖူးလား။

ကာယကံရှင်က အင်းမလှုပ် အဲမလှုပ်။ သို့ရာတွင် ကာလသားများကမူ ကြည့်စမ်း၊ သဟာကို ငါတို့ တွေးမိပေါင်။ ညံ့ဘိခြင်း" ညည်းတွားကြ၏။

"တစ်ခန်းသုံးကျိပ်အပြည့်အိပ် ဆိုသဟာကျ၊ တစ်လမှာ ရက်ပေါင်း သုံးဆယ်ရှိသဟာကို ပြောထင်ပါ့"

"ကြည့်စမ်း၊ တော်လိုက်ပါဘိကရို့"

ကြမ်းကို လက်ဝါးဖြင့်ပုတ်ပြီး ငချိပ်ချီးမွမ်းသံ။ ထိုချီးမွမ်းသံကို မျက်နှာကလေးရဲရဲ ရှက်သွေးတဖြန်းဖြန်းဖြင့် ခံယူရင်း၊ မယ်မင်းဘော် ဆက်လက်ဖော်ထုတ်၏။

ပုဂံစာအုပ်တိုက်

"လေးပေါက်တံခါး ဖွင့်လျက်သား။ အဲသဟာက တစ်လမှာရှိတဲ့ ဥပုသ်နေ့လေးနေ့။ အဲသဟာတွေကို ဝင်ဖူးထွက်ဖူးပါရဲ့လားဆိုသဟာကျ၊သိတင်းသီလ စောင့်သုံးဖူးရဲ့လားလို့ မေးလိုက်တာပါကလား။ ဟုတ်ရဲ့လားဟင်"

ခေါင်းကလေးငဲ့ပြီး မေးလိုက်ပုံမှာ ငမိုးကောင်း၏ ရင်ကိုခွဲပြီး အသည်းကိုယူကျုံးသွားဘိသို့ ငမိုးကောင်း ခံစားရသည်။ "မှန်ပါပေသဗျား" ဆိုရင်း ရှေ့တွင်ရှိသမျှ ပန်းတွေကို မယ်မင်းဘော်၏ဗန်းခုံးထဲသို့ ကျုံးထည့်သည်။ သည်မျှဖြင့် အားမရရှာထင်၊ ခါးပုံကြားမှ စံပယ်ခက်ကလေးပါ ဆွဲယူပစ်ထည့်လိုက်လေ၏။

သူ့အဖြေ မှန်ကန်သဖြင့် မယ်မင်းဘော် ကြည်နူးရ ဝမ်းသာရသည်ကား အမှန်ပင်။ လင်းကြည်နေသော မျက်နှာကလေးတွင် အပြုံးယဉ်ကလေး ဆင်ယင်ထား၏။ သို့သော် ညနေတုန်းက စံပယ်ခက်ကလေးပါ ဗန်းထဲသို့ ကျဆင်းလာသောအခါ နှုတ်ခမ်းလှမှာ အပြုံးသည် ကွယ်ပျောက်၏။ ရွှဲမျက်လုံးအစုံသည် ငမိုးကောင်းအား စူးစမ်းကြည့်ဖြင့် လက်ခနဲ တစ်ချက်ကြည့်၏။

"ယောင်လို့ ယောင်လို့၊ အဲသာလေးတော့ မပေးပါရစေနဲ့"

ရယ်ရယ်မောမောဖြင့် စံပယ်ခက်ကို ငမိုးကောင်း ပြန်ယူသည်။ ပြန်ယူအပြီး ကိုယ်ကိုပြန်အမတ်တွင် တောင်းပန်ကြည့်ဖြင့် ကြည့်သော အကြည့်သည် လေးနက်သောအကြည့်နှင့် ဆုံမိသည်။ ငမိုးကောင်း ရင်ထဲ၌ အေးခနဲဖြစ်ရငြား 'ဘဇာပြောလိုတာပါလိမ့်၊ ဘဇာသဘောပါလိမ့်' ဟွေးစရာတွေ ပြည့်၏။

"ကဲ ကဲ ညှော့သည်က ဖွက်ပြီးရင်၊ ငါ့နှမက တစ်လှည့် ဖွက်ပါဦး"

"ညှော့သည်မောင်ကြီးကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် မဖွက်တတ်ဘူးနော်။ စိတ်ထဲကကြိတ်ပြီး ကဲ့ရဲ့မှာ စိုးရိမ်သကော"

"မကဲ့ရဲ့ပါဘူး။ နှမ ဉာဏ်စမ်းသဟာတွေ ကြားချင်လို့ လာသာပါ"

ငမိုးကောင်းက စူးစိုက်ကြည့်နေရာက မတိုးမကျယ်ပြောသည်။ မယ်မင်းဘော်လည်း ခေါင်းကလေးငုံ့ကာ စဉ်းစားရာမှ "ဖွက်မယ်နော်" ဟု ဆိုသည်။

"ဖွက်ပါ ဖွက်ပါ"

ကာလသားများ၏ ပြိုင်တူတောင်းခံသံ။

"တစ်ဆယ့်ခြောက်ပြည်ပိုင်စိုး မင်းမျိုးငဲ့ရာဇာ။ ဝဋ်မကင်းတာကြောင့် ခေါင်းခြေလက်မပါ။ လက်အောက်မှာ ပိုင်သ ငါးနိုင်ငံမည်နာမ ဖော်လိုက်ပါဗျ"

ဤစကားထာကို ငမိုးကောင်း ကြားဖူးသည်။ သို့သော် သူ အမိ ထံကဲပြုရမည့် ကာလသားများ၏ အသံကိုနားစွင့်သည်။

" ၁၆ ပြည်လည်း ပိုင်သတဲ့။ ၅ နိုင်ငံလည်း ပိုင်သတဲ့"

"ဟော့ မဟုတ်မှလွဲရော၊ ငါးဖမ်းတဲ့ကွန်ပဲဖြစ်ရမယ်"

ညည်းတွားသံနှင့် တလွဲတချော် ကောက်ယူသံများဖြစ်သည်။ သို့အတွက် ငမိုးကောင်း စဉ်းစား၏။ ရွာခံကာလသားတွေ မဖော်နိုင်သော အရာကို မိမိ ဖော်နိုင်ခါမှဖြင့် မိမင်းဘော်၏ မေတ္တာကို ရပါမည်လော။

ရရန် မရရန် မသေချာပါ။ ရွာခံကာလသားများမှ အရှက်ရပြီး ကျန်ခဲ့ကြမည်။ "ကြည့်စမ်း။ သဟာလေးမှ မဖော်နိုင်ဘူး။ တစ်ရွာသားက ဖော်သွားသကော" အပြောခံရရာ၏။ တစ်စုံတစ်ယောက်၏ အတွင်းကြိတ် မနာလိုမုန်းတီးမှုကို ခံရစရာမရှိပေသလော။

ငမိုးကောင်း ကွမ်းအစ်ဆွဲပြီး ကွမ်းမစားတတ် စားတတ်ဖြင့် ကွမ်းယာ ယာသည်။ အဖျားဖြတ် အရင်းဖြတ် ဝမ်းလယ်ကိုဖောက်ပြီးမှ ထုံးတို့သည်။ သူလုပ်နေသမျှကို မယ်မင်းဘော်သည် အလွတ်မပေး။ လိုက်ကြည့်နေသည်။

သူကလည်း မယ်မင်းဘော်၏ လက်ကလေးဖြင့် ရက်ဖောက်ချွတ် ယူပုံ၊ ကျူရိုးရက်ဖောက်ကလေးကို ခြားတွင်စွပ်ပုံ၊ ဗိုင်းတောင့်ကလေး နီးလာချေ ဝေးသွားချေ၊ ရစ်ဖောက်တွင် ချည်ပင်များတိုးလာပုံတို့ကို မျက်

ဘောင်မခတ်ဘဲ ကြည့်၏။ သို့လျှင် ဗိုင်းဝင့်ပုံကို ကြည့်ခြင်းအားဖြင့် မယ်မင်းဘော်သည် ဗိုင်းမှုဝါမှုတွင် ကျွမ်းကျင်လိမ္မာနေပြီဖြစ်ကြောင်း သိသာ၏။ သူ့လက်ရာချည်မျှင်များသည် သိမ်သည်ကသိမ် တုတ်သည်က ဘုတ်၊ ပွသည်က ပွဟူ၍ မရှိ။ သဘော်ဖြင့် လာသော အပ်ချည်တမျှ ချောမောညီညွတ်သည်။

"ကဲ ကဲ မဖော်နိုင်ကြဖူးလား"

ငချိပ်သည် သူ့လူများကို ဆော်သြရာက ငမိုးကောင်းကိုလှမ်းတို့၏။

"အနောင် ဖော်နိုင်တယ်မဟုတ်လား။ ဖော်လိုက်ပါဘိ"

ငမိုးကောင်းမှာ ဟန်ဆောင်ပြုံးကို အတင်းပြုံးလိုက်ရ၏။ မလုံလောက်သေးဟု ထင်သည့်အတွက် အသံထွက်အောင် ရယ်မော၏။

"ကာယံကာရှင် ဘယ်ပုံဖော်မလဲလို့ စကတည်းက နားစွင့်နေရပါသကောဗျာ"

"အနောင် အမှန်ပဲနော်" ဟုမေးပြီးမှ "ကဲ ကဲ ပန်းပေးပြီဟေ့" ပြောပြောဆိုဆို ပန်းတစ်ပွင့်ကို ဗန်းခုံးထဲပစ်ထည့်၏။ လူစုံတက်စုံ ပန်းပေး၍ ပြီးသလောက်ရှိလျှင် မယ်မင်းဘော်က ချည်ဆွဲမပျက် ဖော်၏။

"၁၆ ပြည်ရှိတဲ့ တင်းတောင်းဟာ ၁၆ ပြည်ပိုင်စိုးတဲ့ မင်းမဟုတ်သကော။ သူ့မှာ ခေါင်းရှိပါစ၊ ခြေလက်ရှိပါစ"

"ထင်သားပဲ"ဟူသည့် ညည်းညူသံနှင့်အတူ "ငါးနိုင်ငံကကော" ဟူသော စောဒကသံလည်းထွက်လာ၏။

"တင်းတောင်းကြီးအောက်မှာ ခွဲတောင်း၊ စိတ်တောင်း၊ ပြည်တောင်းနဲ့ စလယ်တောင်း၊ လမယ်တောင်းတို့ရှိသကော"

ကာလသားများ ခပ်အုပ်အုပ်ကလေး ရယ်မောကြသည်တွင် ငချိပ်က ဧည့်သည်များ၏မျက်နှာရိပ် မျက်နှာကဲကိုကြည့်စဉ်၊ မယ်မင်းဘော်က မကျေနပ်သံဆို၏။

ပုဂံစာအုပ်တိုက်

"ကြောင်လက်သည်းဆိုစဟာ ဖွက်သင့်မှ ဖွက်ရသကော။ သိပါလျက်နဲ့ မသိယောင်ဆောင်သဟာ မလုပ်ကောင်းသကော၊ မောင်ကြီး ညှော်သည်ရို့"

မယ်မင်းဘော်၏မျက်လုံးသည် ငမိုးကောင်းဘက်သို့ တစ်ချက်ဝေ၏။ ငမိုးကောင်းမှာ 'အလွန်ချက်ချာ ပါးနပ်သူကလေးပါကလား' ဟု ကြိတ်၍ ချီးမွမ်းရာက ရယ်သံကလေး တစ်ချက်ပြုသည်။

"သူတော်ကောင်းကို မကောင်းထင်သာ၊ ငရဲကြီးတတ်သနော"

ကာလသားများ ဝိုင်းဝန်းရယ်မောကြပြန်သည်။ ငမိုးကောင်းသည် ငချိပ်အား လှမ်းကြည့်ပြန်ကာ "နောင်ကြီးချိပ်။ သွားဖို့ကောင်းပြီ ထင်ပါ့" လမ်းခင်းပေးသည်။

"ဟုတ်ပါ့ဗျား။ အိမ်ရှင် မနှင်ခင်ပြန်ရင် ကောင်းတာပေါ့အနော်"

ငမိုးကောင်းသည် ထိုင်ရာမှ ဆောင့်ကြောင့်ပြင်ထိုင်သည်။ "နှမ သယ်၊ အကျွန်တို့ သွားပါရစေဦး" ခွင့်တောင်းစကားဖြင့် နှုတ်ဆက်သည်။

"ကောင်းလှပါပေါ့ မောင်ကြီးရှင့်"

ဝိုင်းအဝင့်ရပ်ပြီး၊ မယ်မင်းဘော် တုံ့ပြန်သည်။

ကျန်ကာလသားများကား တီးတိုးပြောလိုက် အုပ်ပြီးရယ်လိုက်ဖြင့် ရှေ့မှဆင်းသွားနှင့်ကြပြီ။ ငချိပ်နှင့် ငမိုးကောင်းလည်း နောက်ဆုံးမှ ဆင်းလိုက်လာကြသည်တွင် အိမ်မပေါ်မှ အသံတစ်သံပေါ်လာ၏။

"ငချိပ်လားဟဲ့။ ညှော်သည်တွေခေါ်ပြီး မနက်ခါကျရင် ကောက်ညှင်းပေါင်းစား လက်ဖက်ရည်သောက် ကြွခဲ့ကြပါဦးဟဲ့"

မယ်မင်းဘော်၏ မိခင်ဒေါ်ပန်းအိ အသံဖြစ်သည်။

"ဟုတ်ကဲ့ ဒွေးတော်။ ဒွေးတော် မအိပ်သေးဖူးထင်ပါ့"

"တစ်ရေးနိုးပေါ့ကွယ်"

သို့လျှင် ကောက်ညှင်းပေါင်းစား ဖိတ်ကြားသည့်အတွက် ငချိပ် ဝမ်းသာသည်။ ပြေုးချိုလည်း တပြုံးပြုံးဖြစ်ရသည်။ သူတို့ ညှော်သည်များ

ကို ဖြူသည် မည်းသည် မမြင်ရပါဘဲလျက် ဖိတ်ကြားခြင်းမှာ ဂုဏ်ယူဖွယ် မဟုတ်လော။

ငွေလမင်းသည် ရွာခရီး၏အနောက်အရပ် တောအုပ်ပေါ်တွင် မေး တင်နေပြီ။ ငမှင်၏ ဗျပ်စောင်းသံ တိုးတိုးညင်သာ ထွက်ပေါ်လာချိန်ဝယ် လုလင်ပြန်ကြက်တွန်သံများ ရွာတွင်းအနှံ့ ပေါ်လာသည်။

"ငပြုံးချို ကြားစ။ နေမြင့်အောင် အိပ်မနေနဲ့နော်။ ညှော်သည်တွေ မနိုးရင် မင်းထပြီး နှိုးရမှာ ဟုတ်စ"

ငချိပ် အရေးတကြီးမှာကြားသည်။ ငမိုးကောင်းကလည်း "မနိုးမှာ မပူပါနဲ့ဗျာ။ အခုကတည်းက အိပ်မှာမှမဟုတ်သာ"ဟု ရွှင်မြူးစွာပြောသည်။

သို့သော် ငမိုးကောင်းနှင့် ငမှင်၊ ငအုန်းပန်းတို့မှာ မယ်မင်းဘော်တို့ အိမ်သို့ နောက်တစ်နေ့နံနက်တွင် ကောက်ညှင်းပေါင်းစားရန် မရောက်လာ နိုင်ကြတော့ပါ။ အကြောင်းသော်ကား ငပြုံးချို့အဖေ တောကဲကြီးအိမ်သို့ ခြေမြန်တစ်ယောက်၊ အဆင့်အခေါ် ရောက်နေနှင့်သောကြောင့်ပေတည်း။

★

# ၁၂

ကုလားဖြူများသည် ဦးမြတ်ထွန်းအား အမှုမဲ့အမှတ်မဲ့ ထား၍ မဖြစ်ပြီ။ ကုန်းပေါ်တွင်လည်း ကုန်းပေါ်မို့၊ မြစ်ထဲချောင်းထဲတွင်လည်း မြစ်ထဲချောင်းထဲမို့၊ ဦးမြတ်ထွန်းနှင့် ရှောင်မလွတ်အောင်ရှိသည်။

ဦးမြတ်ထွန်း၏ တပ်များသည် ကုန်းပေါ်သို့တက်လာသော ကုလားဖြူ ကုလားနက်များကို တိုက်ခိုက်သတ်ဖြတ်သည်။ ဧရာဝတီမြစ်ထဲတွင် ရိက္ခာထောက် ကုလားဖြူလှေသင်္ဘောများကို ဖျက်ဆီးသည်။ ဖမ်းဆီးသည်။ မြစ်ထဲ ချောင်းထဲတွင်လည်း လှေငယ်တစ်စင်းမျှသာရှိသော ထို ဦးမြတ်ထွန်း တပ်သားများသည် ကုလားဖြူ စစ်ရေယာဉ်ငယ်များကို တိုက်ခိုက်ဖျက်ဆီးသည်။ အချို့ကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

အမရပူရ နေပြည်တော်တွင် အရေးတော်ပေါ်သောကြောင့် မြန်မာရဲမက်များ ဆုတ်ခွာသွားစဉ် ပြည်အထိတက်ရောက် သိမ်းပိုက်ထားရန် ဟူသည့် ကုလား၏အကြံအစည်သည် ဖြစ်ကားဖြစ်၏။ သို့သော် ကျောမလုံပေ။ နှစ်ကြိမ်နှစ်ခါ နှိမ်နင်းချေမှုန်းရန် ကြိုးစားခဲ့ပြား၊ ကျေပျက်မသွားသော

ဦးမြတ်ထွန်း။ ကုလားဖြူ ကုလားမည်းတွေသာ သေကျေဒဏ်ရာရရှိမက လက်နက်နှင့် ပစ္စည်းပါ ဆုံးရှုံးအောင် ထိုးနှက်လွှတ်သော ဦးမြတ်ထွန်း။ သည် ဦးမြတ်ထွန်းကို ချေမှုန်းမှဖြစ်တော့မည်။

သို့အတွက် ပြည်မှ ကုလားဖြူ ကြီးကြီးမားမားတစ်ယောက်သည် အခိအစဉ်ချမှတ်ပြီး၊ ဟင်္သာတသို့ ဆင်းလာပြီ။ သည်သတင်းကို ဦးမြတ်ထွန်းတို့၏ အထောက်တော်များ ရရှိကြသည်။ သို့အတွက် အင်ကြီး အားကြီးဖြင့် ခုခံရန်၊ ခါးဖြတ်တိုက်ရန် စီစဉ်ရပြီ။ လက်လှမ်းမီရာ အရပ်များတွင် ပြန့်ကြဲနေသည့် ရဲမက်များကို လိုက်လံစုဆောင်းနေခြင်း ဖြစ်ပေသည်။

ဦးမြတ်ထွန်းအား ရှာဖွေဖျက်ဆီးရန် ပြည်မှ စုန်ဆင်းလာသူမှာ ဗိုလ်မှူးချုပ် ဆာဂွန်ချီဖြစ်သည်။

သူသည် ပြည်မြို့ရှိ ကုလားဖြူတပ်များမှ အကောင်းဆုံး အကျန်းမာဆုံးလူများကို ရွေးချယ်သည်။ ၁၈ နံပါတ် အဲရစ်တပ်မှ လူ ၂၀၀ ရသည်။ နံပါတ် ၅၁ တပ်မှလည်း လူ ၂၀၀ ပင် ရွေးထုတ်ရရှိသည်။ ထို့ပြင် နံပါတ် ၆၇ တပ်မှ ရိုင်ဖယ်သေနတ်ကိုင် တပ်ခွဲတစ်ခွဲ၊ အိန္ဒိယ ဆစ်လူမျိုးများတပ်မှာ လူ ၂၀၀။ သပ္ပါးပိုင်းနားတပ်မှ လူ ၇၀။ မဒရပ်မြင်းဆွဲ အမြောက်တပ်သားများနှင့် ၂၄ ပေါင်ဒါ ဟောင်ဝမ်ဇာ အမြောက်တစ်လက်၊ ကိုးပေါင်ဒါ အမြောက်တစ်လက်တို့ကို ယူလျက် တပို့တွဲလထဲတွင် ဟင်္သာတသို့ ရောက်လာသည်။

သူ စုံစမ်းထောက်လှမ်း၍ သိရသည်မှာ ဦးမြတ်ထွန်း၏ခံတပ်သို့ သုံးရက်ခရီးဖြင့် ရောက်နိုင်သည်ဟူ၏။ သို့ဖြင့် သူသည် ရိက္ခာရစ်ရက်စာကို နွားလှည်းများဖြင့် တင်ပြီး၊ လက်နက်အပြည့်အစုံ တပ်ဆင်ထားသော ကုလားဖြူ၊ ကုလားမည်းရှစ်ရာကျော် အမြောက်နှစ်လက်နှင့် ချီတက်တော့သည်။

သတင်းကြားရာအရပ်သို့ မှန်းဆပြီး ချီတက်ခဲ့ရာ လေးရက်ကြာသွားပြီ။ ရှာစဉ်ရှာဆက် မတွေ့ရ။ ဦးမြတ်ထွန်း၏ ခံတပ်ကိုလည်း အရိပ်

အယောင်သော်မျှ မမြင်ရသေး။ ဆာဗျွန်ချီ ထွက်ရပြီ။ ပါလာသည့်ရိက္ခာက ရှစ်ရက်စာ။ ရိက္ခာထေက်ဝက်ကျိုးပြီ။ ကျန်သည့်ရိက္ခာမှာ လာခဲ့သည့်ခရီးနှင့် ထပ်တူထပ်မျှကျသော အပြန်ခရီးအတွက်သာဖြစ်သည်။ သို့အတွက် တပ်ခွဲ တစ်ခွဲကို ဟသာ်ာတသို့ပြန်လွှတ်ရသည်။ ဟသာ်ာတတွင် ကျန်နေခဲ့သော သဘော်ာများ ဇလွန်သို့ လိုက်လာကြရန်ဖြစ်သည်။

ထိုသို့ တပ်လွှတ်ပြီးနောက်တွင် သူလည်း ဇလွန်ဘက်သို့ဆုတ်ခွာ လာခဲ့လေ၏။တပေါင်းလထဲသို့ ရောက်လာပြီဖြစ်သဖြင့် တိုး၍ပူပြင်းလာပြီ။

ဇလွန်တွင် ပြည်မှလိုက်လာသောသဘော်ာများ၊ ဟသာ်ာတမှလိုက်လာ သော သဘော်ာများနှင့်ပေါင်းဆုံမိသည်။ ဦးမြတ်ထွန်း၏ သတင်းကား ကြီး သည်ထက်ကြီး၏။ ဆာဗျွန်ချီ အရမ်းမသွားဝံ့အောင် သတင်းကြီးနေသည်။

ထိုအခါ သူသည် ရန်ကုန်သို့လှမ်းပြီး စစ်ကူတောင်းပြီးမှ ခနဖြူသို့ စုန်ဆင်း၏။ ခနဖြူတစ်မြို့လုံးတွင် အဆောက်အအုံဟူ၍ ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းသာရှိသည်။ အရပ်သူအရပ်သားနှင့် အိမ်ခြေရာခြေများ အစား၊ လေနှင်ရာပြေးနေသော ပြာပုံများနှင့် အူဟစ်နေသောခွေးများကသာ ကုလားမည်း ကုလားဖြူများကို ကြိုဆို၏။

ဆာဗျွန်ချီသည် မျက်နှာဖြူမဟုတ်သူများကို ဘုန်းကြီးကျောင်းပေါ် သို့ ပို့သည်။ လာရောက်တိုက်ခိုက်သူများ အလွယ်တကူ တိုက်ခိုက်နိုင်ရန် ဖြစ်သည်။ သို့သော် မျက်နှာဖြူများကိုကား သဘော်ာတွေပေါ်တင်သည်။ သဘော်ာတွေကိုလည်း ရေလယ်သို့ပို့ထားသည်။ မျိုးချစ်မြန်မာများ အလွယ် တကူ လာရောက်မတိုက်ခိုက်နိုင်စေရန် ဖြစ်သည်။

ကုလားဖြူ ဆာဗျွန်ချီသည် ဦးမြတ်ထွန်း၏သတင်းကို ထပ်မံ စုဆောင်းသည်။ ရန်ကုန်မှ စစ်ကူတပ်များ ရောက်လာချိန်ဝယ် လူ တစ်ထောင်ကျော် အင်အားရှိသွားပြီ။ သူ့တပ်တွင် စစ်မြေပြင်ဝန်ပေါ့ အမြောက်နှစ်လက်၊ ဗုံးပစ်အမြောက်သုံးလက်၊ စိန်ပြောင်းနှစ်လက်နှင့်

ဥရောပတိုက်သားငါးရာ ကုလားနက်စစ်ပါရိုငါးရာ၊ စစ်ကူလီတစ်ရာ၊ ရိက္ခာခုနစ်ရက်စာ။

ထောင့်တန်းရော၊ တည့်တည့်ပါ ကြက်ခြေခတ်ထားသည့် နီပြာ အနားကွပ် ယူနီယံဂျက်အလံသည် တပေါင်းလ၏ နေပူကျဲကျဲ နေမွန်းလွဲချိန်တွင် ဓနုဖြူမှ ထွက်ခွာလာသည်။ ကုလားတပ်၏ ဦးတည်ရာအရပ်မှာ 'ကျုံတနော်' ဖြစ်သည်။ သို့ရာတွင် ကုလားကိုဆီးဆို့ ခုခံမှုများကား ထူထပ်လှသည်။ ရိုးမှန်သမျှ၊ လှိုမှန်သမျှ၌ ညှောင့်များ ထောင်ချောက်တုံးများ ပြည့်သိပ်နေသည်။ တောထဲဝင်မိလျှင် မြန်မာတို့၏ ဓားရဲခုတ် တပ်သားများ။ စေးပျစ်လွင်ပြင်ဟု မပေါ့ဆနှင့်၊ ကုလားသားစားသည့် ဓားများသည် ချုံဖုတ်ထဲမှ ကျင်းချိုင့်ထဲမှ ပျံဝဲတက်လာသည်။

မြန်မာတို့သည် လက်နက်ချင်း ကွာခြားမှန်းသိပါလျက် ဆီးဆို့ ခုခံခြင်းမှာ အမိမြေကို သွေးဖြင့် အထွတ်တင်ခြင်း ဖြစ်၏။ ငါတို့မြေကို အလွယ် နှင့် ရနိုင်လမ်းမရှိဟု အသက်ပေးကာ ပြောခြင်းဖြစ်၏။

အနိုင်နိုင်ငံကိုလှည့်လည်ပြီး ဓားပြတိုက်နေသော ကုလားဖြူကုလား မည်းတို့၏ ခြေဖြင့်သော် ကျုံတနော်သည် သုံးရက်ခရီးပျော့ပျော့ရှိ၏။ သို့ရာ တွင် အသက်ကိုအသက်မမှတ်သော ဦးမြတ်ထွန်း၏တပ်သားများဖြစ်သည့် ကရင်၊ ဗမာ၊ မွန်များ၏ ဆီးဆို့ခုခံမှုကြောင့် ငါးရက်ကြာမှ ရောက်သည်။ ကုလားသည် ကျုံတနော်တွင် တစ်ရက်နားသည်။ ဦးမြတ်ထွန်းရှိရာ အရပ် ကို စုံစမ်းသည်။ မရေရာလှ၊ ဟိုနားယောင်ယောင် သည်နားလိုလို။

သို့အတွက် ကုလားသည် ကျုံတနော်မှထွက်မိလျှင် ကျေးရွာများကို မရောက်ရောက်အောင် ဝင်သည်။ လူကို မတွေ့တွေ့အောင် ရှာသည်။ တွေ့ သည်နှင့် တစ်ပြိုင်နက်တည်း၊ ရဟန်းသော ယောကျ်ားမိန်းမ မရှောင် ဖမ်းဆီး ရိုက်နှက်တော့သည်။

"မြဘ်ထွန်း ဘယ်မှာနေသလဲ၊ မပြောရင် သတ်မယ်"

ပုဂံစာအုပ်တိုက်

ကရင်ဗမာမွန်များသည် အရိုက်ခံရင်း အသက်စွန့်သွားကြ၏။ ဦးမြတ်ထွန်း နေသည့်အရပ် မဆိုထားဘိ၊ ဦးမြတ်ထွန်းအမည်ကိုပင် ဟ မသွားခဲ့ကြချေ။

မရှုမလှ အသက်ထွက်သွားသူများ၊ ကျိုးကန်းသူများကို ကျောခိုင်းလျက်၊ ကုလားတပ်သည် ခရီးဆက်၏။ တွေ့သမျှ ရှင်လူရဟန်းကို စုရုံးကာ မုန့်ပဲသားရေစာများပေးပြီး မျက်နှာချိုသွေးသည်။ ဦးမြတ်ထွန်း၏ သတင်းစနည်းနာသည်။ လူအများမှာ ဦးမြတ်ထွန်း၏ အမည်ကို ယခုမှ ကြားဖူးသည့်အလား ပြူးတူးပြဲတဲ ပြန်ကြည့်နေကြသည်။

သို့အတွက် ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီး မရှောင် လက်လှမ်းမီသမျှကို သေနတ်ဒင်နှင့်ဆောင့်သည်။ လှံစွပ်ဖြင့် ထိုးသည်။ တုတ်ဖြင့်ရိုက်သည်။ ခြေဖြင့် ကန်သည်။ အချို့ကလေးငယ်များမှာ ငိုသော်မျှ မငိုနိုင်ဘဲ အသက်ပျောက်၏။

ဒုတိယရွာတွင်လည်း စော်ကားနိုပ်စက်သော ကုလားများ လက်လျှော့ကာ ဆုတ်ခွာခဲ့ရသည်။ ဤသို့ဖြင့် တစ်နေဝင်တစ်မိုးချုပ် တစ်မိုးသောက်ကာ နေ့ကူးခဲ့ပြန်၏။ နေမွန်းတည့်ခါနီးတွင် ကုလားတပ်သည် တောအုပ်တစ်ခု၏ အလယ်ရှိ သမုန်းဖြူအမည်ရှိရွာကို ဝိုင်းမိကြသည်။ ယမန်နေ့က နည်းတူ မုန့်ပဲသားရေစာများပေးသည်။

"မြတ်ထွန်း ဘယ်မှာနေသလဲ။ ပြောရင် ငွေပေးမယ်၊ ရွှေပေးမယ်"

"မြတ်ထွန်းဟုတ်စ"

"ရှင်ဘုရင် လုပ်နေတဲ့ ဦးမြတ်ထွန်းလေ။ မိုလ်ချုပ်မြတ်ထွန်းတဲ့"

"မသိဘူး"

သားရေစာမုန့်ပဲအပြင် ဝတ်ထည်ဖျင်စင်း ရွှေငွေပါထပ်လှောက်ကြား၊ ဦးမြတ်ထွန်းကို ကြားဖူးသူမရှိ။ ကုလားများ ဇာတိသရုပ် ပြပြန်ပြီ။ မည်းမည်း မြင်သမျှကို ချုပ်နှောင်ရိုက်နှက်ရာ တစ်ရွာလုံးမှာ အော်ဟစ်ပြေးလွှား

သံများဖြင့် အဝီစိပွက်သည့်နှယ် ရှိ၏။

ရွာထဲမှ မကောင်းသောအသံများ ပွက်လောရိုက်သံ ကြားရသောအခါ ရွာဦးကျောင်း ဆရာတော်ဘုရားသည် ကျောင်းသားတစ်ယောက်ခေါ်လျက် ကြွရောက်လာသည်။ သူမမြင်ဖူးသော အရိုင်းအစိုင်း အယုတ်တမာများပါတကား။

သို့အတွက် ဆရာတော်ဘုရား ချဉ်းကပ်လာသည်။ မြန်မာစကားဖြင့်မေးလိုက် ခြေဖြင့်ကန်လိုက်လုပ်နေသော လူစိမ်းတစ်ယောက်ကို မေး၏။

"ဒါယကာတို့ ဘာဇာအလိုရှိပါလိမ့်။ ရပ်သူရွာသား လူအများကို မနှိပ်စက်စေချင်။ ဘုန်းကြီးကိုပြောပါဘိ"

"မြတ်ထွန်း ဘယ်မှာနေသလဲ"

ဆရာတော် နှုတ်ပိတ် ငြိမ်သက်သွားသည်တွင် စကားပြန်သည် ဆရာတော်ကို နီးရာသစ်ပင်တွင် ကြိုးဖြင့် တုပ်နှောင်လိုက်လေ၏။ ထို့နောက် ပြောင်းတိုသေနတ်တစ်လက်ယူကာ လေထဲသို့ နှစ်ချက်ပစ်ပြ၏။ ပြီးမှ ရဟန်းတော်၏နားထင်ကို သေနတ်ပြောင်းဝဖြင့် တေ့ထား၏။

"မြတ်ထွန်းနေရာကို ဘုန်းကြီးသိတယ် ပြော။ မပြောရင် ဦးနှောက်အထွက်ပဲ"

"မလုပ်ပါနဲ့၊ ဆရာတော်ဘုရားကို လွှတ်ပါ"

ရွာ၏ အထွတ်အမြတ်ဖြစ်သော ရွာဦးကျောင်းဆရာတော်ကို သိသောအခါ တောင်းပန်သံများ ငိုယိုသံများ ကျွက်ကျွက်ညံသည်။

"မြတ်ထွန်းနေရာကိုပြော၊ မပြောရင် ဘုန်းကြီးအသေပဲ"

ဆရာတော်ဘုရားသည် ရွာသူရွာသားများ၏ သောကလွှမ်း မျက်နှာတွေကိုခြုံငုံကြည့်လိုက်၏။ လက်ကာပြ၏။

"ရပ်သူရွာသား၊ ဒါယကာ ဒါယိကာမ အများတို့။ ငါဟာ သေမျိုးထဲက သတ္တဝါသာဖြစ်တယ်။ ကုလားမသတ်လည်း တစ်နေ့နေ့မှာ မုချသေရ

မှာ မလွဲဘူး။ အဲဒါကြောင့် ငါ့ကို အကြောင်းပြုပြီး မျိုးဖျက် သစ္စာဖောက်သူ သွေးမရဲသူ မဖြစ်စေလင့်”

ကုလားဖြူ ကုလားနက်များသည် ဆရာတော်ဘုရား၏ နား‌ထင်ကို ပြောင်းတိုသေနတ်ဖြင့် တေ့ထားချိန်၌ လူတွေ၏မျက်နှာများကို စိုက်ကြည့်ကာ အကဲခတ်နေခဲ့ကြ၏။ ဆရာတော်ဘုရားထံမှ သတိပေးသံ ထွက်ပေါ်လာသဖြင့် သောကမျက်နှာများ လျော့ပါးချိန်တွင် လူငယ်တစ်ယောက်ကို ဆွဲထုတ်၏။

လူငယ်မှာ အသက်နှစ်ဆယ် အစိတ်ရွယ်ဖြစ်သည်။ ပြူးတိ ပြူးကြောင်ဖြင့် စိတ်အနေအထား ချွတ်ယွင်းသူနှင့်တူ၏။

စကားပြန်သည် ကုလားဖြူလက်ညှိုးထိုးပြသော ထိုလူငယ်ကို သျှောင်ဆွဲပြီး မြေပေါ်တွန်းလှဲသည်။ ခြေဖြင့်တက်နင်းသည်။

“ပြောစမ်း၊ မြတ်ထွန်း ဘယ်မှာနေသတုန်း”

လူငယ်ထံမှ အဖြေမရချေ။ သို့ဖြစ်သဖြင့် ကုလားဖြူတစ်ယောက်သည် သေနတ်ဖြင့်ချိန်လျက် ပြေးလာသည်။ အနီးသို့ရောက်သောအခါ ပေါင်ကို လှံစွပ်ဖြင့် ထိုးသည်။

“မောင်မင်း သိတယ်။ ပြော ပြော မပြောရင် သတ်မယ်”

စကားပြန်သည် လူငယ်၏ရင်ဘတ်ကိုနင်းထားပြီး ကုလားဖြူသည် လူငယ်၏လည်ပင်းကို လှံစွပ်ဖြင့် ထိကပ်ထား၏။

“ဒါလောက် မတရားတာ ငုံ့မခံနိုင်ဘူးဟေ့”

အသက်လေးဆယ်ရွယ် လူတစ်ယောက်သည် နာကျည်းစွာအော်ရင်း နီးရာကုလားတစ်ယောက်ကို ဝင်လုံးသည်တွင် ကျန်လူများပါ ထလုံးသည်။ သေနတ်ကို လုသူလု၊ ဓားကိုလုသူလု။ သို့သော် ဖြစ်ကတတ်ဆန်း သက်နက်မဲ့ တိုက်ခိုက်သောကြောင့် မွန်၊ ဗမာ၊ ကရင် ရွာသားကိုးယောက် အသတ်ခံရသည်။

ပုဂံစာအုပ်တိုက်

ဆရာတော်သည် သစ်ပင်တွင် ပူးကပ်ချည်နှောင် ခံထားရသဖြင့် ရိုင်းစိုင်းသော ထိုကိစ္စကို အစအဆုံး မြင်ရ၏။

"ကိုယ်ခံပညာတတ်ပေမယ့် လက်နက်မပါတော့ ရှုံးရသကော။ စော်ကားတိုင်း မခံဘူးဆိုတဲ့ မြန်မာ့သတ္တိဟာ သဟာပဲ"

"ဘုန်းကြီးဟာ ရွာသူရွာသားတွေ မကျိုးနွံအောင်လုပ်သကော"

စကားပြန်သည် ပြောပြောဆိုဆို ဆရာတော်ကို ပြောင်းတိုသေနတ်ဖြင့်ပစ်ပြီး ထွက်ခွာသွားလေ၏။

ကုလားဖြူ ကုလားမည်းအားလုံးသည် မိစ္ဆာဒိဋ္ဌိချည်းဖြစ်၏။ ဖြစ်သော်ငြား ရွာဦးကျောင်းဆရာတော်အား သတ်ဖြတ်မှုသည် မကောင်းမှုဟုသိ၏။ သာမန်မကောင်းမှုတို့ထက်ပိုကဲသော မကောင်းမှုကြီးဟူ၍ နားလည်ကြ၏။ ထိုမကောင်းမှုသည် တုံ့ပြန်လာတော့မည်ဟု အလိုလိုနေရင်း သိနေကြသည်။

ထိုအခါ ကုလားများမှာ ကြောက်စိတ်ဝင်လာသည်။ ရွာ့ပြင်ကွင်းစပ်တွင် သစ်ပင်အနည်းငယ်နှင့် ချုံပုတ်များသာ ရှိ၏။ ဤသည်ကို မြန်မာစစ်တပ်ကြီး ချီလာပြီထင်ကာ သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်တော့သည်။

ကုလားမည်းတစ်ယောက်မှာ စိတ်ဖောက်ပြန်ပြီး၊ ကုလားဖြူအရာရှိတစ်ယောက်အား လှံစွပ်ဖြင့်ထိုး၏။ ကုလားဖြူ ကုလားမည်း အရာရှိများလည်း ငယ်သားများနည်းတူ တုန်လှုပ်လာကြ၏။ သို့ကြောင့် လက်အောက်ငယ်သားများ ကြောက်စိတ်ပြေပျောက်စေရန် ကွင်းတစ်ဖက်သို့ အပြေးချီတက်ခိုင်း၏။

"ဟော့ကလေး၊ မြတ်ထွန်း'နေရာကို သိလား"

စကားပြန်သည် သပိတ်ထမ်းသည့် ကျောင်းသားရှေ့တွင်ရပ်ပြီး ရှောင်တခင်မေးသည်။

"သိတယ်"

"သိရင် ပြောစမ်းကွယ်၊ ရှော့မုန့်"

"ကျိုက်ကဇင်းရွာမှာ"

"ဟိတ် မပြောနဲ့၊ မပြောနဲ့"

သာမဏေငယ်၏ တားဆီးသံနှင့် ကျောင်းသား၏ဖြေသံမှာ ပြိုင်တူကျ၏။ သာမဏေသည် "ဘာဇာကြောင့် ပြောရသတုန်း။ ကရင်သံဝဲဝဲဖြင့် မာန်မဲကာ ကျောင်းသားအား ခြေဖြင့်ကန်၏။

"ဟင် ကိုရင်။ ဘာကိုရင်တုန်း"

စကားပြန်သည် သမုန်းဖြူရွာ ဆရာတော်အား ပစ်သတ်ခဲ့သော သေနတ်ဖြင့်ပင် သာမဏေကိုလည်း ပစ်သတ်လိုက်လေ၏။ ထိုသေနတ်သံနှင့် တစ်ဆက်တည်းပင် သေနတ်သံများ ပေါ်လာ၏။

စကားပြန် ပုံကျသွားတော့မှ အခြားကုလားနှစ်ယောက်၏ ပခုံးရင်ဝ၌ သွေးကွက်ကြီးတွေ ပေါ်လာသည်ကို မြင်ရတော့မှ ချောင်းမြောင်းပစ်ခတ်ခံရမှန်းသိကြလေတော့သည်။ ဓားကိုသာ အားကိုးသော မြန်မာများသည် သေနတ်ကိုလည်း နေရာတကျ သုံးစွဲသွားကြပေ၏။ တောအုပ်အတွင်း၌ ကုလားများ တပ်ဖြန့်ရှာငြား၊ လူသူ တစ်ယောက်မျှ မတွေ့ချေ။

နေရာကို သိပြီဖြစ်သောကြောင့် ကုလားများ အပြင်းချီတက်သည်။ တောအုပ်အတွင်းမှ အလျင်အမြန် ထွက်နိုင်ရန် ကြိုးစားသည်။ ငုတ်တွေကို ကျော်လွှား၊ နွယ်ပင်တွေကို ရှင်းတန်ရှင်း တိုးတန်တိုးလျက် ထွက်လာကြရာ တောအုပ်အထွက် မြေညီမြေပြန့်သို့ရောက်လာ၏။

သစ်ပင်ချုံနွယ်များလည်း ရှင်းနေပြီမို့ သတိတစ်ချက်လစ်သည်။ တွင်းနက်ကြီးတူးပြီး အပေါ်မှ သစ်ကိုင်းနှင့် ဖက်များအုပ်ကာ မြေပြန့်မို့၍ ညီ အောင်လုပ်ထားသည့်အပေါ်သို့ ကုလားနှစ်ယောက် တက်နင်းမိသည်။ ကျန်ကုလားများပြေးဆွဲကြစဉ် ထွန်တုံးကြီးတစ်တုံး လေထဲမှပြေးဆင်းလာ၏။

ထွန်တုံးတွင် ထွန်သွားတွေ တပ်ထားသည်။ နင်းမောင်းနှင့် ဆက်လျက် သစ်ပင်ပေါ်တွင် စက်သီးနှင့်ချည်ထားသည်။ အပေါ်မှ တည့်တည့်မကျ စွေစောင်းပြီး ထိုးဆင်းလာသဖြင့် ကုလားတွေ ကျိုးပဲ့ကုန်သည်။ ကျင်းထဲကျသော ကုလားများကား မျှော်လင့်ချက်မရှိပါ။ ဝါးလုံးကို စွေဖြတ်ပြီး စိုက်ထားသော ငုတ်များ၊ မီးသင်းထားသော ဝါးချွန်များပေါ်တွင် တံစို့သီပြီး ဖြစ်နေကြပြီ။

ဦးမြတ်ထွန်း တပ်သားများကား ယာထွန်ရင်း စောင့်ကြည့်၏။ မြက်ရိတ်ရင်း ကြည့်၏။ အခွင့်သာလျှင် သေနတ်ဆွဲပြေးဆွဲလျက် ထတိုက်ကြ၏။ ထောင်ကျော်ပါသော ကုလားတပ်ကြီးသည် ဦးမြတ်ထွန်း တည်ရှိရာအရပ်ကို သိရပြီ။ သို့ကြောင့် အပြင်းချီသည်။ ချီသော်ငြား၊ ခရီးမတွင်။ မျိုးချစ် ကရင်၊ မွန်၊ ဗမာ ဓားရဲခုတ်တပ်သားများ၊ သေနတ်သမားများ၏ ကြားဖြတ်အတိုက် ခံနေရသည်။

နေ့တွင် အတိုက်အခိုက်ခံရ၊ ငုတ်ထောင်ချောက်နှင့် တွင်း ထောင်ချောက်၊ ဘိ ထောင်ချောက်များနှင့် နပမ်းလုံးရသည့်နည်းတူ ညအိပ်ချိန်တွင်လည်း သေနတ်ဖြင့် အဘစ်ခံရ၏။ မီးတုပ်ဖြင့် အပယ်ခံရ၊ ဓားဖြင့် ဝင်အခုတ် ခံရ၏။

ဦးမြတ်ထွန်း၏ ခံတပ်နှင့် တစ်ရက်ထက်တစ်ရက် နီးကပ်လာပြီ။ သို့ရာတွင် ခုနစ်ရက်စာရိက္ခာ ကုန်သည်အထိ မြန်မာခံတပ်ကို မမြင်ရသေး။ မမြင်ရစေကာမူ နေရာအတိအကျ သိထားရပြီဖြစ်သဖြင့် သုံးရာတပ်တစ်တပ် ကို ကျုံတနော်သို့ပြန်ပြီး ရိက္ခာအသယ်ခိုင်းသည်။ ကျန်လူများက စောင့်မနေ၊ ဆက်လက်ချီတက်သည်။

★

# ၁၃

မျိုးချစ်မြန်မာ ရဲမက်တော်များသည် ရန်သူလာနေပြီဟု သိသဖြင့် ခံတပ်ကို နေ့ရောညပါ မွမ်းမံပြင်ဆင်နေကြသည်။ ခံကတုတ်များကို လရောင်အောက်၌ မြေဖို့နေကြသည်။ သစ်တပ်ကိုလည်း အင်ကြီးအားကြီးဖြင့် စိုက်ထူနေကြသည်။

လပြည့်ကျော်လသည် အရှေ့ဘက်တောင်တန်းမှ ထွက်ပြူလာရန် အလင်းဝန်းသမ်းလာပြီ။ ဦးမြတ်ထွန်း၏ တဲဘေးတွင် ကင်းစောင့်နေသော အဖွဲ့မှာ အကြပ်ငမိုးကောင်းနှင့် သူ၏လူများဖြစ်သည်။

ငမိုးကောင်းသည် ခေါ်လိုက်လျှင် အသင့်ရောက်ရှိရန်အတွက် တဲရှေ့တွင် မှဆိုးဒူးထောက်ထိုင်နေသည်။ အဝင်ဝကွပ်ပျစ်ပေါ်တွင် စစ်ကဲကြီးဟုဆိုသော အမည်မသိပုဂ္ဂိုလ်နှင့် ဦးမြတ်ထွန်းတို့ စကားကောင်းနေကြသည်။

"ရွှေနန်းရှင် ပုဂံမင်းဟာ ပြည့်ရှင်မင်း မဟုတ်တော့ဘူး မိုလ်မြတ်ထွန်း။ ညီတော်အကြီး မင်းတုန်းမင်းမြို့စားမင်းသားကို နန်းလွှဲပေးလိုက်ပြီးပြီ"

"အသူပဲ မင်းလုပ်သည်ဖြစ်စေ၊ မြန်မာ့မြေ၊ မြန်မာ့ရေကို ကျူးကျော်လုယက်တဲ့ ရန်သူဟာ ရန်သူပေပဲပေါ့။ အကျွန့်အသက်ခန္ဓာ တည်မြဲနေ

သေးသမျှကာလပတ်လုံး ကုလားဖြူကို တိုက်ခိုက်ရ ချေမှုန်းရမှာပဲ"

"သဟာ မှန်သောအလုပ်ပေပဲ ဗိုလ်မြတ်ထွန်း။ သို့ရာတွင် ဘုရင်သစ်ဖြစ်တဲ့ မင်းတုန်းမြို့စားမင်းသားဟာ စစ်ကို လိုလားတော် မမူဘူး"

"သူ စစ်ကို မလိုလားပေမယ့်၊ မိစ္ဆာဒိဋ္ဌိ ရန်သူနဲ့ အကျွန် မကျေအေးနိုင်ဘူး မင်းကြီး။ ရန်သူ့ထံမှာ ဒူးထောက်မယ့်အစား အသေခံမယ်။ သဟာထက် ယခုလို သေရေးရှင်ရေး ကာလမှာ ပသို့ဖြစ်ရသတုန်း"

"မင်းပင်ကောင်းလျက်၊ မင်းမြှောင်ဖျက်ဆိုသာလိုပ့ါလေ။ တောင်ထားဝယ် ဗိုလ်ငတုပ်၊ ပုဏ္ဏားဝန်လမိုင်းဝန် ငကုလားတို့၊ မတ္တရာဝန် ငရွှေကျူတို့ မွေသာပ့ါ"

"အကျွန်ကြားသဟာက ရွှေမြို့ဝော်ဝန် ဘိုင်ဆတ်နဲ့ သူ့အခြွေအရံများဖြစ်တဲ့ မြို့စာရေး ဦးပိန်၊ တံခါးနိမှူး ဦးရွှေဘော်၊ ဈေးခေါင်း ဦးမှုန်၊ ထန်းခေါင်းဦးရှင်ကလေးတို့ ရွှေမြို့တော်မှာ မွေနေတယ်လို့"

"သာအမှန်ပဲ။ သည်ဘိုင်ဆတ်က ဘုံးအိုးဘက်မှာ ခါတည်ကြက်တည်ပြီး အသက်မွေးနေသဲ့ကုလား။ ဘုရင်မင်းမြတ် တောကစားထွက်တော်မူရာမှာ တွေ့ပြီး၊ သဘောတော်ကျသာနဲ့ အတွင်းတော် ခေါ်လာရာကမြှောက်စားတော် မူသယ်လေ။ ဘုရင်မင်းမြတ် ကြည်ဖြူသာကို အကြောင်းပြုပြီး သားပျို၊ သမီးပျိုတွေကို ဖျက်ဆီး၊ လူတော့ကို မတရားဖမ်းဆီး၊ ရွှေငွေ ပဏ္ဏာပေးမှ ပြန်လွှတ်။ သို့ကလိုလုပ်ပါလျက် မင်းပြစ်မင်းဒဏ်မသင့်တော့ ပိုပြီး အတင့်ရဲလာသာပ့ါလေ"

"အင်း" ဆိုပြီးနောက် ဦးမြတ်ထွန်း၏အသံ ထွက်မလာချေ။ တစ်အောင့်ကြာမှ အသံပေါ်လာသည်။

"ကေတုမတီဘုရင် တစ်ပင်ရွှေထီး မင်းတရားလည်း၊ ကုလားကို မြှောက်စားမိလို့ မှားခဲ့သမဟုတ်လားဗျာ"

"ဘုရင်မင်းမြတ် အချစ်တော်ဝင်နေတုန်းမှာ အပြစ်ကို မတင်

လျှောက်ရဲကြဘူးပဲဗျာ။ ပိုမိုအတင့်ရဲလာပြီး ရွှေမြို့တော်အတွင်းမှာပဲ ခိုးဆိုး လုယက် တိုက်ခိုက်ကြတော့သည်။ မြို့သူမြို့သားများမှာ နေဝင်သာနဲ့ အိမ် တံခါးပိတ်ပြီး ဘယ်အချိန်မှာများ ဓားပြရောက်လာပါမတုန်း တထိတ်ထိတ် နေကြရသာကလား"

"အနို့ မင်းကြီးအမိန့်ရှိတဲ့ တောင်ထားဝယ်ဗိုလ်တို့၊ လမိုင်းဝန်၊ မတ္တရာဝန်တို့ကော ပါသလားဗျ"

"ပါသာပေါ့ဗျာ။ သူ ရာဇဝတ်မှုကျူးလွန်ပါလျက် ချမ်းသာနေသာ မြင်တော့၊ ငါလည်း မတော်မလျော် လုပ်ချင်စိတ်ဝင်လာသာပဲ။ သည် နည်းနဲ့ မြို့ရွာ အေးချမ်းစေကြောင်း ကြပ်မတ်ရမယ့်သူတွေကိုယ်တိုင်က လူဆိုးပယက္ခကို အကာအကွယ်ပေးသူတွေ မုဒိန်းတန္တတို့ရဲ့ တံစိုး လက် ဆောင် စားနေသူတွေ ဖြစ်လာသာကလား"

"သဟာတွေကို ဘုရင်မင်းမြတ် ကြားသိတော် မမူဖူးလား"

"မူးယစ်သောက်စား ပျော်ပါးနေသာကလား ဗိုလ်မြတ်ထွန်းရ။ ဒုဋ္ဌ သူရာဆိုသာ ကောင်းမှု မကောင်းမှုကို မခွဲခြားနိုင်အောင်၊ ကုသိုလ်ကောင်းမှု ကို မေ့လျော့အောင် စွမ်းဆောင်နိုင်ပါဘိ။ မင်းတရားကြီး ကြားသိတော်မမူ ဘူးဆိုရမှာပေါ့"

"အမိန့်ရှိတော်မူပါဦး၊ စစ်ကဲတော်မင်းဗျား"

ညွှိသည်၏အသံ ဆက်လက် ထွက်မလာ။ ဖိုးကွက်တစ်သိုက် သည် ခံတပ်ဘေး တောအုပ်ထဲမှ ဆူညံစွာမြည်သံပေး၏။ လရောင်ဆမ်း သည့် ညချမ်းကို ဖိုးကွက်သံလွှမ်းသွားသည်။

"မြို့ဝန်ဘိုင်ဆဘ်ကို ပြည်သူတို့ မကြည်ဖြူဘူးဗျ။ သူကလည်း ပြည်သူ မကြည်ဖြူစရာတွေ လုပ်ပေသကိုး။သာကြောင့် 'တဘောင်' ပေါ်သဗျ"

"ဟုတ်ကဲ့ ခင်ဗျာ"

"မျိုးနွယ်မတူ ဘယ်ကလူ၊ ပြည်သူပျက်အောင်ထားပါလိမ့်။ ခြူးကြက်

တည်ရာတွေ့ခဲ့ပါ၊ ပြည်တော် ဘယ်မှာသာပါလိမ့်တဲ့။ အဲသာက တဘောင်။ သည့်ပြင်လည်း ကလေးသူငယ်တွေ ကစားခုန်စားရင်းဆိုသာ ရှိသေး"

"ဆက်ပါဦး စစ်ကဲတော်မင်းဗျား"

"အမရပူရပြည်အလှ သည့်ဌာနခက်သယ်။ ကုလားက အားရမှ လွှတ်တော်မူသယ်၊ မလွတ်သူ ရေးကံအကြောင်းတဲ့။ မြို့ဝန်ဘိုင်ဆတ် ရမ်းကား သောင်းကျန်းနေသာကို ပြောသာပဲပါ့"

"သဟာလောက်ဖြစ်နေပါလျက်နဲ့ အရေးယူတော်မမူသဟာကဖြင့် စိတ်ဆင်းရဲဖွယ်ပဲပါ့ စစ်ကဲတော်မင်းရယ်။ အနို့ ဘိုင်ဆတ် ပသို့ အကွပ်ခံရသတုန်း"

"ဘိုင်ဆတ်နဲ့ ငပိန်တို့ မတရားအမှုဆင် ဖမ်းဆီးလာသူများကို တန်းခေါင်းငရှင်ကလေးက နှိပ်စက်သတ်ဖြတ်ရသပါ့။ လာဘ်ပေးလို့ လွတ်လာသူများမှာ လူစဉ်မမီအောင်ဖြစ်ကြ။ ဈေးခေါင်းငမှုန်က ဘိုင်ဆတ်အကြိုက် သမီး ပျိုတွေ ဘိုင်ဆတ်ထံဆက်သရ။ တံခါးနီမှူး ငရွှေဘော်က ဘိုင်ဆတ် အလိုကျ နှိပ်စက်ကလူပြုဖန်များတော့၊ ဆင်းရဲသား ကျွန်တော်မျိုးတို့မှာ မင်းတုန်းမြို့စား မင်းသားနဲ့ ကနောင်စားညီနောင်ကို အားကိုးကြသပါ့။ သည်မင်းညီနောင်လည်း အခါခပ်သိမ်း မစွက်ဖက်သာဘူးပါ့။ ပသို့ဖြစ်စေ ဆင်းရဲသား ကျွန်တော်မျိုးတို့စိတ်မှာ သည်မင်းညီနောင်ကို အားကိုးစိတ် ဝင်လာသာပါ့"

စစ်ကဲသည် ခေတ္တစကားဖြတ်လိုက်ပြီးမှ ဆက်ပြန်သည်။

"အဲ ငပိန်ကဖြင့် တောင်သမန်တံတားဆောက်သာပါ့။ နန်းတော်ရာဟောင်းက သစ်တွေပျဉ်တွေယူသုံးပြီး တံတားကြီးဆောက်ရာမှာ ကျေးတော်မျိုး ကျွန်တော်မျိုးတွေကို နှိပ်စက်ကလူပြု ခိုင်းစေသကိုး။ လာဘ်ပေးနိုင်ရင် သက်သာခွင့်ရပြီး လာဘ်မပေးသူများမှာ အသက်ပင်ဆုံးရှုံးရသကော။ ဆရာတော် သမားတော်ကြီးများပါ မနေနိုင်သဲ့အဆုံး မင်းတရားထံ ကြွ

ရောက် မေတ္တာရပ်ခံမှ သိတော်မူသပ်။ ချက်ချင်းဘိုင်ဆတ်ကို ရှေ့တော် သွင်းစစ်ဆေး။ သူ မသိပါဘူး ငပိန်လုပ်သာပေါ့။ ငပိန် ဖမ်းစေ။ အဲ ငပိန်ကို စစ်ဆေးတော့မှ ရွှေမြို့တော်တစ်ခုလုံး အိုးလိုဆူသာတွေပေါ်လာပြီး ဘိုင် ဆတ်သာမက ငရွှေ ဘော်၊ ငမှုန်၊ ငရှင်ကလေး၊ ငကျားကြီး၊ ငကျန်တို့ပါ ကွပ်မျက်ခံရသာကလား"

"အင်း။ ကျွန်ကျေးမကောင်း သခင့်ခေါင်းပေပေါ့"

ဦးမြတ်ထွန်း ညည်းတွားသည်။

"မှန်ပေသပ်။ သို့သော်လည်း သည်မသမာသူတွေကို သုတ်သင် ကာမျှနဲ့ ကောင်းမလာဘူးပ်။ ရွှေနန်းရှင်နဲ့ အမူအကျင့်က မပြောင်းလွဲသဲ့ အပြင် တောင်ထားဝယ်မိုလ်ငတုတ်နဲ့ ပုဏ္ဏားဝန်ငကုလား၊ မတ္တရာဝန် ငရွှေ ကျူတို့က တစ်စခန်းထပါလေရော။ ရွှေမြို့တော်အတွင်းမှာ လုယက်တိုက် ခိုက် ခိုးဆိုးသတ်ဖြတ်မှုတွေ လျော့မသွားဘူး။ ပြည်သူပြည်သား လူအများ မှာ သည်မင်းနဲ့တော့ မဖြစ်ပါဘူး။ မင်းတုန်းမြို့စားမင်းသားကို နန်းအပ်မှ အေးမှာပါဆိုသဲ့ အတွေးဝင်လာကြ၊ တီးတိုးပြောလာကြသပ်။ သည်လိုပြော သာကို ကာယကံ ရှင်က မသိရှာပါဘူး။ သို့ပေသည့် မင်းသားက ရတနာ သုံးပါးမှာ ကိုင်းရှိုင်းပုံ စိတ်နှလုံးနူးညံ့ပုံကဖြင့် အများသူငါ တမ်းတချင် စရာပဲပ်လေ"

"ကြက်တိုက်ခါတိုက် မူးယစ်သောက်စားနေတဲ့မင်းကို စိတ်ပျက်လာ တဲ့အတွက် စရိုက်ခြားနားတဲ့မင်းသားကို အကောင်းထင်ကြဟန်တူပ်ဗျာ"

"သဟာလည်း ဖြစ်နိုင်ပါသလေ"

"ဘိုင်ဆတ်အကွပ်မျက်ခံရတော့ လူတွေက ဘယ်လိုပြောကြပါလိမ့်"

"ဟုတ်ကဲ့။ အဲ.... 'ဘိုင်ဆတ်ကို ငပိန်မွေလို့၊ သေပေစေ သည်မျက်ပြ လူတိုင်းကော်လို့ဆဲ' လို့ စာချိုးကြသပ်။ သနားသူမရှိဘူး။ ဝမ်းသာသူချည်း ပဲ။ သို့သော်လည်း ဘိုင်ဆတ်အမှုပြုသဲ့ လူမွေတွေသေပေမယ့် မင်းတရား

ကြီးက ပြောင်းလွဲမလာဘူး။ ရွှေမြို့တော် အေးချမ်းမလာဘူး။ အဲသာကြောင့် မကျေချမ်းစိတ်ဟာ ခဏပဲငြိမ်သွားပြီး မကြာခင်မှာပဲ ပြန်ပြီး ပေါ်လာသပါ”

“ညီနောင်နှစ်ပါး မုဆိုးချုံကို ထွက်သွားသဲ့ကိစ္စကကော ပသို့ပါလိမ့်”

“အဲသာကလည်း အကျွန်ပြောခဲ့သဲ့ အတိုင်းပါ မိုလ်မြတ်ထွန်းရယ်။ မုဒိန်းတန္တထူပြောနေရာက ငြိမ်ဝပ်မှုရှိအောင် မလုပ်နိုင်ဘူး။ ခိုးမြဲတိုက်မြဲ လုယက်မြဲ ဖြစ်နေသာကလား။ အဲ တစ်ညသားမှာ ရွှေနန်းရှင်ရဲ့ အထိန်းတော် ဟသာ်ာတမြို့စားဟောင်းရဲ့နှမ မိဖဲမိရွှဲအိမ် ဓားပြတိုက်ခံရပါလေရော”

“ရာဇဝတ်အိုးကို တုတ်နဲ့ထိုးသကော”

“မှန်လိုက်လေဗျာ”

ထိုအခိုက်တွင် ငမိုးကောင်းဘေးသို့ လူတစ်ယောက် ရောက်လာ၏။ ဦးမြတ်ထွန်း သားအငယ်ဖြစ်သည်။

“စကား အတော်နဲ့ပြတ်မယ့်ပုံ မပေါ်ဘူး မိုလ်မှူး။ အရေးကြီးရင် ဝင်သာဝင်”

“ရှိပါစေလေ” ဆိုကာ ရပ်ပြီးနားထောင်နေသည်။ ငမိုးကောင်းလည်း ဝန်းကျင်ပတ်ချာကို တစ်ချက်သာ လှမ်းကြည့်နိုင်ပြီး စစ်ကဲကြီး၏ စကားတွင် နစ်မျောနေမိပြန်၏။

“မှန်လိုက်လေဗျာ။ ဓားပြတိုက်ခံရသူက ရွှေနားတော်ကြား သံတော်ဦး တင်သယ်။ ရမိအောင် စစ်ဆေးစေ အမိန့်တော်ကြီး ကျလာသဲ့အခါ တောင်ထားဝယ်ဗိုလ် လမိုင်းဝန်၊ မတ္တရာဝန်တို့က မင်းညီနောင်ကို မဲသာကလား။ မဲပုံက သည်လိုဗျာ့။ အမိန့်တော်ကြီးကျလာသဲ့အတွက် မြို့တော်ဝန် ဖြစ်လာသဲ့ မြင်းဝန်က နာမည်ပျက်ရှိသဲ့ ‘မုံရွှေးရွှေကျောင်းက ငရွှေညာနဲ့ ငလတ်’ ကို ဖမ်းပြီး စစ်သာပေါ့”

“စစ်ဆေးတဲ့အခါ”

“အမှန်ပြောသာလည်း ဖြစ်နိုင်သပါ။ အနှိပ်စက်ခံရသာ ခဏပဲ သက်သာသက်သာဆိုပြီး ပြောမိပြောရာ ပြောသာလည်း ဖြစ်နိုင်သပါ။

ရွှေညာနဲ့ လေတ်က 'မှန်လှပါ၊ စုလေမင်းရွာ ပြင်ပဆွဲရွာသား ယော ကလေး ထွန်းပွင့်၊ ရွှေဝိုင်းတို့ သည်နေ့သည်ရက်က လာသွားသာ့ မြင် လိုက်ပါကြောင်း' အစစ်ခံသယ်။ အဲသဟာဖြင့် 'ဘယ်ကသူတွေတုန်း' စုံစမ်း သဲ့အခါ ကနောင်မင်းသား အိမ်တော်အမှုတော်ထမ်းတွေ ဖြစ်နေသာတွေ့သဲ့ အတွက် အိမ်တော်မှာတောင်းတော့ ပေးသား၊ ရသားဗျ။ 'ကျွန်တော်တို့ ဓားပြအတိုက်ခံရသဲ့အိမ်ကို ဓားပြအတိုက်မခံရခင် ရောက်သွားသာက ညောင်ပင်ဈေးက ရွှေလှော်၊ မြေတ်တို့ သွားချင်သယ်ဆိုလို့ လိုက်ပို့သာပါ။ ဓားပြ မတိုက်ပါဘူး' အစစ်ခံ ဆိုသကိုး။ သည်ဟာကို နည်းမကျလမ်းမကျ တောင်ဥယျာဉ်တော်ထဲ သွင်းပြန်သတဲ့"

"ဩဩ။ တောင်ထားဝယ်မိုလ် ပတ်သက်လာပြီပေါ့"

"မှန်သဗျာ။ ရဲဘက်မြင်းတပ်က မိုလ်ငဖိုးပါ ပါလာသလေ။ အထက် နည်း အစစ်ခံပါလျက် အမှုကျယ်လာသယ်။ ညီနောင်နှစ်ပါးရဲ့ အိမ်တော်က ယောကလေး၊ ထွန်းပွင့်၊ ရွှေဝိုင်းတို့ လက်ရှိသာ မက သေးဘူး။ ရတနာ သိခ မြင်းမြေကျေးရွာတွေက လူတွေရှိသယ်၊ အဲသာတွေပေးရမယ်ဆိုပြီး 'ငရွှေအိပ်၊ ငခဲ၊ ငနက်ပြာ၊ ငသိုက်၊ ငရွှေသား' အပါအဝင် လူတစ်ကျိပ် ကျော်ကို စာရင်းထုတ်ပြီး တောင်းသယ်။ သည်လောက်ဆိုရင် ရကောင်း ရတန်ရဲ့။ အကြီးစားရေး ငပေနဲ့ ငရေး၊ ငနှင်းကိုပါ တောင်းသဲ့အခါ အကျပ် ဆိုက်သပေါ့"

"ဘယ်သူ့ အကြီးတော်ရဲ့ စာရေးတွေပါလိမ့်ဗျာ"

"ငပေက နောင်တော်မင်းသားရဲ့ အကြီးစာရေး။ နောက်နှစ်ယောက် က ညီတော်ရဲ့ အကြီးစာရေးတွေပေါ့။ သည်မျှမကသေးဘူး၊ ကွမ်းရေတော် ခေါင်း ငရွှေအောင်ကိုလည်း ပေးရမယ်ပေါ့။ အကြီးတော်ရဲ့ စာရေးကို ရာဇဝတ်မှုနဲ့ တောင်းခံခြင်းသည်ပင် များစွာနစ်နာလှပြီ။ ထပ်မံပြီး ကွမ်းရေ တော်ခေါင်းပါ တောင်းလာသဲ့အခါ ညီတော်ကနောင်မင်းသားက နောင်

တော် မင်းသားထံသွားတယ်။ အကျိုးအကြောင်း ပြောပြအပြီးမှာ 'အမှုရှာပြီး တမင်လုပ်သာဖြစ်သဲ့အတွက် ကျေးကျွန်တွေရဲ့ အသက်အန္တရာယ် ရှိပါသယ်။ ကျွန်တော်တို့ ထွက်သွားကြပါစို့' လျှောက်ထားသဲ့အခါ မင်းတုန်းမြို့စား မင်းသားက သည်လိုမိန့်တော်မူသဗျ။ 'ငါဟာ ခမည်းတော်ဘုရား မရှိကတည်းက နောင်တော်မင်းတရားကိုပဲ ခမည်းတော်အမှတ် ကိုးကွယ်ခဲ့သယ်။ ငါတို့ ညီနောင်ကိုလည်း နောင်ဘုရားက မရှုတ်ချသဲ့အပြင် စားကျေးမြို့ရွာတွေတောင် ထပ်ဆင့်ချီးမြှောက်သေး မဟုတ်လား။ သည်တော့ ပြုလိုရာ ပြုစေ၊ သည်းခံရတော့မှာပဲ' ဆိုကပဲဗျ"

"သည်စကား သင့်မြတ်ပါပေ့"

ဦးမြတ်ထွန်း၏ ချီးကျူးသံမှာ စိတ်ပါလက်ပါ ရှိလှသည်။

"ညီတော် ကနောင်မင်းသားက သွားရအောင်လျှောက်၊ နောင်တော် မင်းတုန်းက မသွားဘူးဆိုပြီး၊ သည်စကားကိုပဲ အထပ်ထပ်မိန့်သတဲ့။ ဒါနဲ့ ညီတော်က တစ်မျိုးလှည့်ပြီး "နောင်တော်မင်းတရားရဲ့ ကျေးဇူးသစ္စာတော် ရှိသာမှန်ပေမယ့် အပါးတော်မှာရှိသဲ့ မှူးမတ်တွေ မတရားအမှုဆင်သာကို နောင်တော်မင်းတရားကြီး ရွှေနားတော်ရောက် လျှောက်ထားချင်ထားပါ။ လက်ငင်းမှာ အဝေးသမ်းအနီးထမ်း ကျွန်တော်မျိုးတွေ အသက်ချမ်းသာအောင် ကြံဆောင်တော်မူပါဘုရား' လျှောက်သဲ့အခါ မင်းတုန်းမင်းသား စိတ်ယိုင်လာသားကလား"

ရဲဘက်မြင်းတပ်မိုလ်ဦးဖိုး၊ တောင်ထားဝယ်မိုလ်ဦးတုတ်နှင့် ပုဏ္ဏားဝန် လမိုင်းဝန် ဦးကုလား၊ မတ္တရာဝန် ဦးရွှေကျူ၏ လူများသည် မင်းညီနောင်နှစ်ပါး၏ အိမ်တော်များကို မသိမသာ ဝိုင်းထားသည်။ သူတို့ အလိုရှိသူများ ထွက်လာလျှင် ဖမ်းဆီးရန်ဖြစ်သည်။ ယောကျ်ားများ အဝင်အထွက် မရှိသည်ကဲ့သို့ရှိကာ မိန်းမများသာ အဝင်အထွက်များသည်။

ထိုမိန်းမများမှာ မောင်းမများနှင့် ကျွန်တော်မျိုးတို့၏ မယားများ

သာဖြစ်သည်။ သူတို့အနက် အချို့သည် အတွင်းတော်သို့ပေါက်၏။ အချို့သော် မှူးမတ်ကြီးများ၏ အိမ်သို့ရောက်သည်။ စင်စစ် သတင်းရှာရန် စုံစမ်းရန် ထွက်သူများဖြစ်၏။ သူတို့ သွားလာလှုပ်ရှား မေးမြန်း၍ ရသမျှမှာ ယခု အမှုကို အတွင်းတော်က မသိ။ သို့သော် မကောင်းကြံနေကြသည်။

မင်းတုန်းမြို့စားမင်းသားသည် ညီတော် ထပ်ပြန်တလဲလဲ လျှောက်သည်တွင် စိတ်ညွတ်လာသည်။ အကြီးတော်များနှင့် အကြီးစာရေးများ အခြား အကြီးအချုပ် အမှုထမ်းများကို ရှေ့တော်သို့ ခေါ်တော်မူသည်။

"ယခု ဖြစ်သည့်ကိစ္စကို မောင်မင်းတို့ သိပြီးမဟုတ်လော။ သို့ဖြစ်၍ အကျယ်မပြောလို။ အမှုမှာလည်း လွှတ်တော်ရုံးတော် ပြတိုက်တော်အစရှိသည်တို့က စစ်ကြောဆောင်ရွက်သည်မဟုတ်။ တောင်ဥယျာဉ်တော်အတွင်းမှာ တေတ်နဲ့ ကေုလားတို့ လိုရာရအောင်လုပ်ပြီး စစ်ကြောနေသည်သာ ဖြစ်ချေသယ်"

"မှန်ပါ၊ မတရားအမှုဆင်သာပါ အရှင့်သား"

"အတွင်းတော် အနောက်ပိုင်းကို လူလွှတ်စုံစမ်းခိုင်းသဲ့အခါ ငါတို့ ညီတော်နောင်တော်က သူခိုးဓားပြမွေးပြီး ဆိုးသွမ်းတိုက်ခိုက်နေသယ်လို့၊ ရွှေနန်းရှင် နောင်တော်မင်းတရားကြီး အထင်လွဲတော်မူအောင် အမှုဆင်နေသာ ဖြစ်ကြောင်း သိရသယ်။ ပသို့ဆောင်ရွက်ရသင့်မတုန်း"

အမှုတော်ထမ်း ခေါင်းအကြီးများသည် ကနောင်မင်းသား၏ အရိပ်အကဲကိုသာ စောင့်နေကြ၏။

ကနောင်မင်းသားက....

"အခုအမှုကို မကြီးပွား ကြီးပွားအောင်လုပ်ပြီး နောင်တော်မင်းတရားထံ တင်လျှောက်ဖို့ အမှုဆင်သာပါနောင်ဘုရား။ သင်းရို့ အမှုဆင်သဟာကို ရွှေနန်းရှင်နောင်ဘုရား သိတော်မူရင် ရွှေစိတ်တော်နောင့်နှေး မအေးဘဲ ရှိတော့မှာ အမှန်ပါပဲ နောင်တော်။ သို့ရှိရင် ကျွန်တော်တို့ကို ချီးမြှင့်ရင်း

စည်းစိမ်အတိုင်း ထားတော့မှာမဟုတ်သဲ့အပြင် သူ့လက်ခုပ်ထဲကရေ အဖြစ်နဲ့ သားမယား ကျေးကျွန်တွေပါ အမှုကြီးစွာရောက်တော့မှာပါ"

မင်းတုန်းမင်းသားမှာ စိတ်ကောင်းနှလုံးကောင်း ရှိသူဖြစ်သည်။ သားမယား၊ ကျေးကျွန်တို့ ဒုက္ခရောက်မည်ကို စိုးရိမ်တော်မူ၏။ ကနောင်မင်းသားသည် စိတ်တော်ကို ထိုသို့ လှုပ်ဆွပေးပြီးမှ တက်ကြွအောင်တင်ပြန်၏။

တင်ပုံမှာ ရွှေနန်းစည်းစိမ်ကို မချွတ်မလွဲရမည့်သူ ဖြစ်သည်ဟု မယ်တော်ဘုရား မိန့်တော်မူဖူးပုံ။ ရွှေလင်းပင်ဘုရားတွင် ညောင်ပင်မှ အပွင့်ပွင့်ပုံ။ မင်းတုန်းမင်းသား သက်တော်ရှည်ရန် ဆုတောင်းကြပုံများကို ဆက်စပ်ပြခြင်းပင် ဖြစ်ပေ၏။

"ပြည်သူသတ္တဝါအပေါင်းတို့ရဲ့ အကျိုးစီးပွားကို ရွက်ဆောင်မယ် ရည်သန်တော်မူရင်းရှိသဲ့အတိုင်း ဆောင်ရွက်ဖို့အချိန်တန်ပါပြီ နောင်တော်ဘုရား။ အထက်အိမ်တော်မှာ မတ္တရာ၊ စဉ့်ကူး၊ ကျောက်မြောင်း၊ ရတနာသိခ၊ မြေဒူး၊ ဒီပဲယင်း၊ ပဋ္ဌလ ထန်းတပင် အစရှိသဲ့ မြို့ကျေးတွေမှာ အဝေးထမ်းအဖြစ် မတ္တရာမြို့ဝန်ဟောင်း ငဩဇာ၊ ကျောက်မော်မြို့ဝန်ဟောင်း ငနန်းပုံ၊ ရဲဘက် မြင်းတပ်ဗိုလ်ဟောင်း ငခဲ၊ ကျောက်မြောင်းမြို့အုပ် ငရေး၊ မြေဒူး မြို့ဝန်ဟောင်း ငလှိုင်၊ ငနက်ပြာ၊ ငဖား၊ ငထိန်း၊ ငရွှေအိတ်၊ ငရွှေပေးနဲ့ ငရွှေသိုက်သားအဖ၊ ငဝိုင်း၊ ငကျည်၊ ငသက်ပြင်း၊ ငသာထွန်း၊ ငအောကာ၊ ဒုရင်ငထောင်နီ၊ ငရွှေသားတို့ ဆွေမျိုးကျေးကျွန်အများရှိသဲ့အတွက် ချက်တစ်ဖြုတ် ထွက်တော်မူပြီး စည်းကြပ်သိမ်းသွင်း လုပ်ကြံရရင် လွယ်ပါလိမ့်မယ် ဘုရား"

မြောက်ဘက်တစ်လွှား၌ အသိုက်အအုံကောင်း၍ ဩဇာရှိသူများ၏ စာရင်းကိုရွတ်ပြသောအခါ မင်းတုန်းမင်းသား ပို၍ စိတ်ပါလာသည်။ သူ့ကိုယ်ကို ပြန်လည်ဆင်ခြင်သောအခါတွင်လည်း မုန်လာချဉ်အိုးမှ အပင်ပေါက်ပုံ၊ စကားစိမ်းကိုင်းမှ အပွင့်ပွင့်ပုံ၊ မိန်းမနှစ်ယောက်က မပြီး နန်းတင်

ပေးဟန် အိပ်မက်မက်ပုံ၊ ညာလက်ရုံးတွင် ရွှေပြည်စိုးငှက်နားလာပုံတို့သည် အစီအရီ ပေါ်လာ၏။

ထို့နောက် လက်အောက်ငယ်သားများကလည်း သူတို့တွေ့သော နိမိတ်ကောင်းများ ကြားရသော 'စနည်း' များကို လျှောက်ထားကြ၏။ ထိုသို့ မင်းတုန်းမင်းသား၏စိတ် သိသာစွာ ညွတ်လာချိန်တွင် ဦးတုတ်၊ ဦးကုလားတို့ မတရားကြံကြောင်း ထပ်မံကြားရပြန်တော့သည်။

မင်းတုန်းမင်းသားသည် ဆက်လက်နေထိုင်ရန် မသင့်တော့ပြီဟု မှတ်လိုက်တော့သည်။ သားတော်သမီးတော်များနှင့် ရုံးမိသမျှ ကျွန်တော်မျိုး သုံးရာခန့်ကို အသင့်ပြင်ခိုင်းသည်။ စံအိမ်တော်မှ မင်းတုန်းမင်းသား ညီနောင် ထွက်ခွာချိန်မှာ ၁၂၁၄ ခုနှစ် ပြာသိုလဆန်း ရှစ်ရက် ညနေ လေးချက်တီးကျော် အချိန်ပေတည်း။

မင်းညီနောင်မှာ ဝေါမပါ ယာဉ်မပါ၊ ဆင်မပါ မြင်းမပါ။ အရှေ့မျက်နှာ မြောက်စွန်ရှိ လေးကျွန်းတံခါးသို့လာခဲ့ကြရာ တံခါးမိုလ် 'ငဖိုးခေါင်' က တံခါးဖွင့်မပေး။

"အရှင်မင်းသား၊ သလိုလုပ်ဖို့ မတော်ပါဘုရား။ ပြန်ကြွတော်မူပါ"

ထွက်လာခြင်းမှာ ပြန်သွားရန် မဟုတ်ပေ။ ကနောင်မင်းသား၏ ကျွန်များလက်တွင် ငဖိုးခေါင် အသက်ကုန်တော့သည်။

မင်းညီနောင်တို့ လူအုပ် မြို့ပြင်ရောက်ငြား၊ သွားခွင့်မသာပါ။ မဟာ မြတ်မုနိဘုရားဘက်သို့ အထွက်တွင် မြောက်ပြင်ထောင်မှူး ငရွှေရဲနှင့် ကင်းများက သေနတ်သံပေးကာ တားဆီးသည်။ ကနောင်မင်းသားသည် ကိုယ်တော်တိုင် ရှေ့ဆောင်လျက် ကင်းများကိုစီးနင်းသည်။ ဓား၊ လှံ၊ သေနတ်များကို သိမ်းယူသည်။

"သုတ်သုတ်လှမ်းကြစမ်း၊ သုတ်သုတ်ကလေး"

သားတော်သမီးတော်များကို ထမ်းသူထမ်း၊ ချီသူချီ၊ ပစ္စည်းပစ္စယ

တွေကို ရွက်သူရွက် ပိုးသူပိုးလျက် အကြီးစာရေးတို့၏ ဆော်ဖန်သံ တညံညံဖြင့် အသော့နှင်လာကြရာ ရွာဟိုင်းဈေးအရောက်တွင် ဖောင်းဝတ်မြင်းတစ်စီးရသည်။

"ကိုယ်တော်ကြီး ရွှေစက်တော်တင်ဖို့ နတ်ကောင်းနတ်မြတ်တွေက ပို့သာဘုရား"

အကောင်းဘက်သို့ နှယ်ပြီး အားတက်သရော လျှောက်တင်ကြ၏။ ညီတော်၊ နောင်တော်တို့၏ သတင်းသည် အတွင်းတော်သို့ ရုတ်တရက် မရောက်သေးငြား၊ မြို့ပြင်တွင် ပွက်လောရိုက်နေပြီ။ ထိုအခါ မကျေနပ်ရင်းစွဲရှိသူများ လက်ပန်းပေါက်ခတ်သည်။

မင်းညီနောင်တို့ ရွှေတစ်ချောင်းဘက်သို့ ရောက်လာကြပြီ။ မြင်းငါးစီးနှင့် လူကိုးယောက် ဒူးထောက် ဆီးကြိုနေကြသည်။

"ဟဲ့ မောင်မင်း၊ မြေဒူးမိဖုရားရဲ့ အကြီးစာရေးဟောင်း မဟုတ်လား"

"မှန်ပါ။ ကျွန်တော်မျိုး ငမင်းနဲ့ လူငါးယောက်၊ အမှုတော်ထမ်းဖို့ ခြေတော်ရင်းကို ရောက်ရှိဆက်သပါသ ဘုရား"

"ဟဲ့ မောင်မင်းကကော၊ အသူနည်း"

"ကျွန်တော်မျိုး ငသိုင်းနဲ့ လူသုံးယောက် အရှင့်အမှုတော် ထမ်းရွက်ပါရစေ အရှင်မင်းသား"

"ဟိုဟာ ရွှေခဲကြီး ငဖိုးမောင် မဟုတ်လားမောင်မင်း"

"မှန်ကြောင်းပါ။ အရှင့်အမှုတော်ကို ထမ်းရွက်ဖို့အတွက် မြင်းငါးစီးနဲ့ သေနတ်တစ်လက်ပါဘုရား။ လူက တစ်ကျိပ်ပါဘုရား"

မင်းတုန်းမင်းသားနှင့် ကျွန်တော်ရင်းများပါ ကျေနပ်မဆုံး ရှိကြသည်။ ထိုသို့ ကျွန်တော်ရင်းခံ ဝင်ရောက်လာသူများကို လက်ခံမှတ်သားသိမ်းသွင်းနေဆဲတွင် လူတစ်ကျိပ်သည် သေနတ်များကို ထင်းစည်းသည်သို့ စည်းထမ်းလျက် ရောက်လာကြပြန်သည်။

ပုဂံစာအုပ်တိုက်

"ကျွန်တော်မျိုး သေိုင်းနှင့် လူတစ်ကျိပ်။ သေနတ်ဆယ်လက်ပါဘုရား။ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခွင့် သနားတော်မူပါဘုရား"

ဤသို့ ပုဂံမင်း၏ မင်းမြှောင်စိုးကပ်များအပေါ် မကျေနပ်သူများ တဖွဲဖွဲဝင်ရောက်လာနေစဉ် ငမုတ်ကြီးကို မတ္တရာသို့ ကြိုတင်စေလွှတ်သည်။ ရွှေမြို့ တော်အတွင်း၌လည်း တံခါးပိုလ်ကိုသတ်ပြီး ထွက်သွားကြပြီတဲ့ဟူ၍ အုတ်အော်သောင်းသဲ အထိတ်တလန့်ဖြစ်နေကြလေပြီ။ မင်းညီနောင်နှစ်ပါး သည် ကြိုတင်လွှတ်လိုက်သော ငမုတ်ကြီး၏ အစီအမံကြောင့် မတ္တရာ မြို့တံခါးမှ အခုအခံမရှိ ဝင်ရောက်သွားကာ မြို့ကို သိမ်းပိုက်မိလေ၏။ ပုဏ္ဏားဝန် အောင်ပင်လယ်လမိုင်းဝန်သည် လေးချက်တီးကျော် လေးမောင်း အကျ၌ ရွှေနန်းရှင်၏ ရှေ့တော်သို့ရောက်နေပေပြီ။ သို့ရာတွင် 'သီရိသုဓမ္မ တိလောကပဝရမဟာဓမ္မရာဇဓိရာဇာ' ဘွဲ့ခံ ဘဝရှင်မင်းတရားကြီး ပုဂံမင်း သည် ဤထောင်ထားခြားနားမှု၌ စိတ်သဘောထား နူးညံ့ပျော့ပျောင်းသော တရားသမား ညီတော်မင်းတုန်းမြို့စား ပါဝင်လိမ့်မည်ဟု မထင်မြင်။

သို့ကြောင့် မြဲတိုက်သံတော်ဆင့် ငထွန်းအောင်ကို မင်းတုန်းမြို့စား မင်းအိမ်တော်သို့ အကြည့်လွှတ်သေးသည်။ သားမယားကျေးကျွန်များကိုပါ ခေါ်ငင်သွားပြီဖြစ်ကြောင်း တိကျသေချာသော လျှောက်ထားချက်ရမှ အမိန့် တော် ချမှတ်သည်။

"တောင်ထားဝယ်ပိုလ် မဟာ မင်းလှမင်းခေါင်ကျော်ထင်၊ ပုဏ္ဏားဝန် အောင်ပင်လယ် လမိုင်းဝန်မင်းကြီး မဟာမင်းကျော်တန်ဆောင်တို့ ပူးပေါင်း ၍ လူငါးရာဖြင့် အမြန်လိုက်လံ ဖမ်းဆီးစေ"

တစ်ဖန် မင်းညီနောင်တို့ ထွက်သွားသောလမ်းခရီးစဉ်ကို စစ်ကြော သောအခါ မတ္တရာကြောင်းဖြစ်နေသည်ကို တွေ့ရသည်။ သို့အတွက် သူရဲအုပ် မတ္တရာဝန် မဟာ မင်းလှမင်းခေါင်ကျော်ထင်ကို လွှတ်တော်က သက်နက်လူသူပေးအပ်ကာ လိုက်လံချေမှုန်း တိုက်ခိုက်စေ အမိန့်ပေးသည်။

## ပုဂံစာအုပ်တိုက်

သူရဲအုပ် မတ္တရာဝန်လမ်းလည်း ညဥ့်တွင်းချင်း အမှုထမ်းကျေးရွာများမှ လက်နက်လူသူစုရုံးလိုက်လံသွားငြား၊ မြို့ထဲသို့ပင် ဝင်ခွင့်မသာ၊ တပ်လန့် ထွက်ပြေးရသည်။ မြို့ပြင်ကျောင်းတိုက်မှာသာ တပ်ချရပ်ထားရသည်။

မင်းညီနောင်နှစ်ပါးသည် မတ္တရာတွင်မနေ။ ရတနာသိခသို့ ဦးတည် ချီတက်သည်။ နောက်တစ်နေ့နံနက် မိုးသောက်လင်းအချိန်တွင် ချောင်းမကြီးကို ကူးမိချိန်၌ ရွှေနန်းရှင်ဘုရား၏တပ်များ မီလာသည်။ တပ်မှာ တစ်တပ်တည်းမဟုတ်၊ သုံးတပ်ပေါင်းဖြစ်သည်။ တောင်ထားဝယ် ဗိုလ်ဦးတုတ်တပ်နှင့် လမိုင်းဝန် ဦးကုလားတပ်၊ မတ္တရာဝန် ဦးရွှေကျူ၏ တပ်များ ဖြစ်ကြသည်။

မင်းညီနောင်၏တပ်မှာ အင်အားမများငြား၊ လျှပ်တစ်ပြက် ဝင်တိုက်ပစ်သည်။ ဘုရင်မင်းမြတ်၏ ရဲမက်တော်များမှာ သုံးတပ်ပေါင်းဖြစ်ငြား သတိမရှိသဖြင့် ဖရိုဖရဲ ဆုတ်ခွာရသည်။ ထို့နောက် ပြန်လည်စုစည်းပြီး၊ ချောင်းညာသို့ ချောင်းတစ်ဖက်ကမ်းအတိုင်း ဆန်တက်သွားကြလေ၏။

ဦးမြတ်ထွန်း၏ ခံတပ်စခန်းပေါ်သို့ ငွေလမင်းရောက်နေပေပြီ။ ငမိုးကောင်းလည်း ညောင်းညာသဖြင့် ထရပ်မိပြီ။ သူ့ဘေးမှ ဗိုလ်မှူး မည်သည့်အချိန်တွင် ထွက်သွားသည်ကိုပင် သူသတိမထားမိ။ သို့ရာတွင် ဧည့်သည် စစ်ကဲကြီးကား မမောနိုင် မပန်းနိုင် ပြောနေဆဲ ဖြစ်၏။

"ညီတော်နောင်တော်များ ချီတက်ရာလမ်းတစ်လျှောက်မှာ လက်နက်၊ လူသူ၊ ဆင်၊ မြင်း၊ ရိက္ခာတွေနဲ့ ကျွန်တော်မျိုးထံ ဝင်ရောက်လာသူတွေလည်း မနည်းပါဘူး။ သာပေမယ့် ရတနာသိခကို အလွယ်နဲ့ မဝင်နိုင်ကြဘူး။ ရတနာသိခမြို့ဝန်က ရဲဘက်မြင်းတပ်ဗိုလ်ဟောင်းငခဲ၊ ငရွှေပေး၊ ငရွှေသိုက်တို့ ဦးစီးသဲ့ လူငါးရာကို အဝင်မခံဘူး။ မြို့စားမြို့နင်း ထူထူထပ်ထပ်နဲ့ အပြင်းအပြ ခုခံသာကလား"

"နောက်ကလည်း ရွှေမြို့တော်ကတပ်တွေ တစ်တပ်ပြီးတစ်တပ်

လာနေပြီပါ"

"မှန်ပေ့ဗျာ။ အဲသလိုဖြစ်နေသဲ့အတွက် ငမြာရှာအုပ်တော်ကြီးက 'အခုတိုင်းဆိုရင် မကြာခင် စစ်နှစ်ဖက် အညှပ်ခံရစရာရှိသယ်။ ရွှေလက်တော်ရောက် ကျေးကျွန်ခံသူတွေမှာ သာယာစီး ဘယ်လောက်ပါမယ် မသိနိုင်သဲ့ ချိုးသားတစ်ဝက် လူသားတစ်ဝက် အခြေအနေဖြစ်နေသယ်။ အဲသဟာကြောင့် မြောက်ဘက်တစ်လွှား ကသည်းနယ်စပ်အထိ ချီတက် တိုက်ခိုက် သိမ်းသွင်းပြီးမှ၊ အင်ကြီးအားကြီးနဲ့ ရွှေမြို့တော်ကို ပြန်လည်လုပ်ကြံသင့်ကြောင်း' လျှောက်ထားသဗျ"

"အကယ့်ရန်သူအစစ်က အကျေအရပ်မှာ လုယက်ဖျက်ဆီးနေသာကို မေ့လျော့နေကြသပါ"

ဦးမြတ်ထွန်း၏ ထိုစကားကြောင့် ညှော့သည်မှာ စကားအဆက်ရခက်သွား၏။ သလိုလုပ်ကြံရင် မြို့ဝန်ငဝိုင်း မတရားလုပ်ထားသာ ခံခဲ့ရသူတွေက ငဝိုင်းကို ဖမ်းပို့ပါလိမ့်မယ်။ အကယ်၍ ငမြာရှာအုပ်လျှောက်သလို ကသည်း နယ်စပ်အထိ ချီတက်လုပ်ကြံနေရင် မင်းဧကရာဇ်ထံဖမ်းပို့မယ့် ရန်သူတော် ပေါ်လာပါလိမ့်မယ်။ အဲသည်ရန်သူက အခြားမှမဟုတ် အရှင့်နောက်တော်မှာ အသက်ကိုဖက်တစ်ရွက်လောက်မှ မထင်မှတ်ဘဲ စွန့်လွှတ်ထမ်းရွက်ပါမယ် ဆိုသဲ့ ဟောသည် ကျွန်တော်မျိုးတို့ အထဲမှာပဲ ရှိပါသယ်ဘုရားသဲ့"

"ကောင်းလှပါဘိခြင်း၊ မှန်လှပါဘိခြင်းဗျာ"

ဦးမြတ်ထွန်း ကျေနပ်စွာပြောသည်။

"အောင်ပြီးရင်းအောင်ရင် သစ္စာရှိမယ်။ အချိုးအဖြောက်ခံရဖို့ မသေချာဘူး။ ဘယ်ကာလမှာ ကောင်းစားမယ်ဆိုသာ မသိသဲ့အခါမှာ သစ္စာဖောက်တတ်သယ်။ မင်းမှုထမ်းတွေရဲ့ သစ္စာပါတကား"

ဦးမြတ်ထွန်းသည် အော်ဟစ်ရယ်မော၏။

## ပုဂံစာအုပ်တိုက်

အအိပ်ဆင်းရဲ၊ အစားဆင်းရဲဖြင့် အသက်ကို ဖက်ဖြင့်ထုပ်ထားရသော သူ့လူကိုးထောင်ခန့်နှင့် နေပြည်တော်ဝန်းကျင်ရှိ မင်းမှုထမ်းတို့ကို ယှဉ်ကြည့်သည်။ သူ့လူတွေ၏ သစ္စာရှိမှုသည် ကလပ်ပေါ်တင်သော ပတ္တမြားအလား တောက်ပ၏။ သာယာစီး မင်းမှုထမ်းများကား၊ အလင်းရောင်အောက်ရှိ မီးသွေးတုံးနှယ်ရှိ၏။

ဦးမြတ်ထွန်းသည် တဲအဝင်ပေါက်သို့ထလာသည်။ ငမိုးကောင်း အသင့်ပြင်ငြား၊ အပါးသို့ မလာဘဲ "ထို၊ ရွှံစရာကောင်းပါဘိကရို့." ဟု ရေရွတ်ပြီးမှ တဲထဲသို့ပြန်ဝင်သွား၏။ သူသည် ညှော်သည်အား မထေမဲ့မြင်ပြုရာ ရောက်မည်စိုးသဖြင့် ယခုနှယ်ထလာပြီး ဒေါသရှေ့ဆောင်သော တံတွေးကို ထွေးခြင်းဖြစ်၏။

လွန်ခဲ့သော နှစ်ပေါင်းအစိတ်ကျော်တွင် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်ကြီးကို မိစ္ဆာဒိဋ္ဌိများ တက်ရောက်သိမ်းပိုက်စဉ်က တစ်ကြိမ်၊ ယခု တစ်ကြိမ်။ ဤအချိန် ဤကာလများသည် မြန်မာတို့အတွက် အသက်နှင့် လဲလှယ်ရမည့် အရေးကြီးဆုံး အချိန်များဖြစ်သည်။ သည်အရာကို မျက်ကွယ်ပြုထားသော အမတ်များ၊ သည်အရာကို မသိယောင်ဆောင်ပြီး ကိုယ်ကျိုးကြည့်သော မင်းညီမင်းသားများကို ဦးမြတ်ထွန်း မနှစ်သက် မကြည်ညို၊ ရွံရှာ စက်ဆုတ်သည်။

ညှော်သည်ရှေ့တွင် ပြန်၍ထိုင်ရငြား၊ ဦးမြတ်ထွန်းသည် နှလုံးနာနေ၏။ တောင်ထားဝယ်မိုလ်၊ လမိုင်းဝန်၊ ရဲဘက်မြင်းတပ်မိုလ်၊ မတ္တရာဝန်၊ မင်းတုန်းမင်းသား၊ ကနောင်မင်းသား၊ ပုဂံမင်း မကြားချင်တော့ပြီ။

'အလကားလူတွေ။ ကျောချင်းကပ် ရင်ချင်းအပ်ပြီး ရန်သူ ကုလားဖြူကို ဖြိုခွင်းမောင်းထုတ်ရမယ့် အချိန်ကြီးမှာ'

တနုံ့နုံ့ခံစားနေရသောကြောင့် ရင်ထဲက ရေရွတ်နေသည်။ သို့တစေ ညှော်သည်ကြီးကား ဦးမြတ်ထွန်း၏ ဒေါသထွက်နေသည့်မျက်နှာကို မမြင်ရ

သဖြင့် ဆက်ပြော၏။

"အဲသည်မှာ မောင်ဖိုးလှိုင့်စကား အောင်မြင်သွားသဗျား။ ရတနာသိခမြို့ကို အပြင်းအပြလုပ်ကြ၊ မြို့ထဲလျှို့ဝှက်ဝင်ပြီး မီးပြသူက ပြသဲ့အခါ၊ ရတနာ သိခ ကျသွားသဗျို့။ သည်အရပ်မှာ အောင်မြေလည်းနင်းရော မြောက်ဘက်တလွှားက ဝင်လာကြသဲ့လူတွေ ပိုများလာသယ်"

"အလကားလူတွေ"

ဦးမြတ်ထွန်း မရည်ရွယ်ဘဲ ပွင့်ထွက်၏။

"ဗျာ"ခနဲ အော်လျက် ညွှံသည်စစ်ကဲ ကွပ်ပျစ်ပေါ်မှ ခုန်ဆင်း၏။ သို့အတွက် ဦးမြတ်ထွန်းမှာ စကားကို ပြင်ရ၏။

"ပြည်ရွာ မစည်းလုံး မငြိမ်ဝပ်အောင် လုပ်သူတွေကို ပြောတာပါ စစ်ကဲတော်မင်းဗျား။ ဆက်လက် အမိန့်ရှိပါဘိ"

"နေပြည်တော်က တပ်တွေ လာတိုက်သာကို မြို့ထဲက ခုခံသယ်။ နိုင်သယ်။ ထွက်တိုက်သယ်။ နိုင်သယ်။ သုံးကြိမ် သုံးဖန် နိုင်သဲ့အခါကျသဲ့ အခါ စောင့်ကြို့နေမယ့်အစား ကိုယ်ကလိုက်ပြီး ချေမှုန်းရင် မကောင်းဖူးလား ဆိုသဲ့ စိတ်ကူးဝင်လာပြီး တိုက်သော့သာပါပဲ"

ဦးမြတ်ထွန်းမှာမူ လောကပတ်သဘောဖြင့် ညွှံထောက်ခံရန် မေ့လျော့နေသည်။

"သဟာနဲ့ ၁၂၁၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့ ညီလာခံမှာ မင်းတရားကြီးက ရွှေစေတီဆရာတော်၊ သစ်ဆိမ့်ဆရာတော်တို့ကိုပင့်ပြီး ညီတော်များထံ မေတ္တာရပ်ခံပေးဖို့လျှောက်ထားပြီး၊ မကွေးဝန်ထောက် မင်းကြီးမဟာမင်းလှစည်သူ၊ အမှာရေးနေမျိုးသီဟသူ၊ သံတော်ခံ ငတက် ပြီး၊ အမိန့်တော်ရင်ဖိုးတို့ကို ထည့်ပေးလိုက်သည်။ ညီတော်တို့အလိုကျ ဖြစ်ရပါစေမယ် အပြောလွှတ်သာဖြစ်ပေမယ့်၊ ပဒ္ဒုခက္ကရွာက စာရေးရွာဘက် သွားမှာ သလုံးဝန်ကြီးက ဆီးထားသဲ့အတွက် စစ်ဆက်ဖြစ်သာဗျ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ သလုံးဝန်ကြီးက ဘဇာကြောင့် တားရပါလိမ့်"

"သလုံးဝန်ကြီးက မပြေအေးချမ်းဘူး။ တစ်ဖက်က အင်အားကြီးပြီး တစ်ဖက်က အင်အားနည်းနေရင်သာ အင်အားနည်းသဲ့ဘက်က ပြေအေးဖို့ လက်ခံရသာပါ။ အခုညီတော်နောင်ရင်း နှစ်ပါးမင်းတို့ စစ်ခင်းရာမှာ အင်အားချင်း တူညီနေသဲ့အတွက် လက်မခံနိုင်ပါဘူး။ အေးအေးသာ ပြန်ကြွကြပါ လျှောက်ထားသဲ့အတွက် ဆရာတော်များ ပြန်ကြွရသဗျား"

"ဩော် ဩော်။ သည်ဝန်ကြီးရဲ့ ဘွဲ့အမည်ရည်က ပသို့ပါလိမ့်"

"မင်းကြီးမဟာရာဇာသင်္ကြန်သဲ့ဗျ။ ရန်ကုန်စစ်မျက်နှာ ပဲခူး စစ်မျက်နှာက တပ်ခေါက်လာသဲ့တပ်တွေကို လမ်းက ကြိုပြီး ဖမ်းသာလည်း သူပဲဗျ။ အဲ တိုတို ပြောကြပါစို့။ အမရပူရရွှေမြို့တော်ကို ဝိုင်းဝန်းလုပ်ကြံပြီ ဆိုကြပါစို့ဗျာ။ မြို့စီးပြစီးကလည်း ခိုင်ခံ့သဗျာ၊ ကြိုတင်သွင်းသိုထားသဲ့ ရိက္ခာကလည်း ဖူလုံသဗျာ။ မြို့ထဲက လှိုင်မင်းသား သီရိမဟာဓမ္မရာဇာ ထွက်တိုက်သဲ့အခါမှာလည်း နိုင်သဗျာ"

"သို့ဖြစ်လျှင် ဘဇာကြောင့် ပုဂံမင်းနန်းကျရပါသတုန်ထး"

"အောက်ကြောင်းချိဗိုလ်ချုပ် စစ်တောင်းမြို့စား၊ ဝန်ကြီး သတိုးသုဓမ္မမဟာမင်းခေါင်၊ မုတ္တမကြောင်းဗိုလ်မှူး၊ စစ်တောင်းမြို့စား၊ ဝန်ကြီး သတိုး မင်းရဲမင်းခေါင်တို့ကို ဖမ်းထားသာကိုးဗျ။ သည်လူတွေ သူတို့ဘက်က ဝင်ပြီး တိုက်နေပြီလို့ မြို့တွင်းသားတွေထင်အောင် မြို့အပြင်က မြို့ကို ပတ်ပြသာကိုး။ မင်းညီနောင်တို့ရဲ့ လူတွေ မချဉ်းကပ်နိုင်အောင် ခုခံတိုက်ခိုက်နေသဲ့ မြို့တွင်းသားတွေဟာ လက်နက်တွေ ပစ်ချထားခဲ့ပြီး ထွက်သွားကြပါလေရော"

"အလို၊ ပသို့ဖြစ်ရပါလိမ့်"

ဦးမြတ်ထွန်း စိတ်ဝင်တစား မေးမိသည်။

"ငါ့အဖေပါသဲ့ တပ်၊ ငါ့ညီပါသွားသဲ့ တပ်ပါကလားဆိုပြီး ဆွေမျိုး

သားချင်း အချင်းချင်း ကိုယ့်ပယောဂနဲ့ မသေစေချင်သဲ့သဘောပေါ့ဗျာ။ နောက်တစ်ချက်က ကျောက်မော်မြို့စားဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှသီဟသူက အတွင်းကိုယ်ရံတော် အမှုထမ်းတွေနဲ့ တိုင်ပင်စည်းကြပ်ပြီး၊ နံနက်ညီလာခံအကွဲလွှတ်တော်ကို လာစုသဲ့ ဝန်ကြီး၊ အတွင်းဝန် ဝန်ထောက်တွေကို ကြိုးနဲ့တုပ်ဖမ်း၊ မြို့စီးပြစ်းတွေကိုလည်း ဖမ်းသာကော"

"သစ္စာဖောက်၊ လောက်ကောင်"

ဦးမြတ်ထွန်း တဲပြင်သို့ထွက်ပြီး တံတွေးထွေးရပြန်ပြီ။

"မြို့ခြေမြို့ရင်းကို မချဉ်းကပ်နိုင်သူတွေဟာ မြို့ထဲကိုဝင်လာကြတော့သာပေါ့ဗျာ။ မြို့ပြင်ထွက်တိုက်ပြီး ဘုရားနီးနားမှာ တပ်ချထားသဲ့ လှိုင်မင်းသားလည်း မြို့ထဲမှာ ရတ်ရတ်သဲသဲ ဖြစ်သံကြားလို့၊ ရုံးမိသမျှလူတွေနဲ့ နန္ဒမုတံခါးကဝင်လာသယ်။ ဈေးကြီးနားအရောက်မှာ စစ်မျက်နှာဆိုင်ပြိုင်တိုက်ခိုက်ရင်း ကျဆုံးသွားတော်မူရှာသယ်။ ရက်ပေါင်းလေးဆယ် ကြံ့ကြံ့ခံနိုင်ခဲ့သဲ့ အမရပူရ နေပြည်တော်ဟာ ၁၂၁၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်နေ့မှာ မင်းတုန်းမင်းရဲ့ လက်ထဲကျသွားပေမယ့် နောင်တော်ပုဂံမင်းကို ရိုရိုသေသေ ပြုစုစောင့်ရှောက်ထားပါသယ်"

ဦးမြတ်ထွန်း ငေးမောနေသည်။ သူ့ရင်ထဲတွင် မကောင်းချေ။ မည်သည့် စကားလုံးတွေဖြင့် တုံ့ပြန်ရမည်လည်း မသိတော့။

"အိမ်ရှေ့မင်းဖြစ်လာသဲ့ ကနောင်ကိုယ်တော်ကြီးဟာ ဗိုလ်မြတ်ထွန်းရဲ့ လုပ်ရည်ကိုင်ရည်ကို ကြားသိတော်မူသဲ့အတွက် အကြောင်းသင့်ရင် အချိန်မရွေး ဝင်ထွက်ခစားနိုင်ကြောင်း မိန့်တော်မူလိုက်သဗျ။ ကိုင်း၊ ကျုပ်ရဲ့ လာရင်းကတော့ သည်စကားကိုပြောဖို့ပဲဖြစ်ပါသဗျား"

ဦးမြတ်ထွန်း တွေးမနေ၊ စဉ်းစားမနေ။ ချက်ချင်းပင် ဦးခေါင်းကို သွက်သွက်ခါအောင် ခါရမ်းပြလိုက်လေ၏။

★

## ၁၄

ကုလားဖြူ၊ ကုလားနက်များသည် ဦးမြတ်ထွန်း၏ ကြီးမားသော ခံတပ်ကြီးကို လှမ်းမြင်ကြရပြီ။ သို့ရာတွင် ဘယ်တောင်ပံကို ဝင်အတိုက်ခံရ၊ ညာတောင်ပံကို လှမ်းအပစ်ခံရနှင့် ရှေ့သို့ မတိုးနိုင်ဘဲ ရှိနေလေ၏။

ဆာဂျွန်ချီသည် အတောင်နှစ်ထောင်ကျော် သုံးထောင်ခန့် ရှည်လျားမည့် ခံတပ်ကြီးကို မှန်ပြောင်းဖြင့် အထပ်ထပ်ကြည့်၏။ သစ်တောများ ကျုံးမြောင်းများ၊ ဆူးတပ်များ၊ ဝါးချွန်ငြောင့်စသော ခလုတ်ကန်သင်းများ ထိုအတားအဆီးများ ပါးလျားသည့်နေရာသည် မည်သည့်တောင်ပံနည်း။

ချီ ထပ်ကြည့်သည်။ လက်ယာတောင်ပံကို သူ သဘောကျသည်။ သည်ဘက်မှ ပန်းပြီး ခံတပ်ကြီးကို စီးမည်။

ခံတပ်ဘက်မှ စစ်မောင်းသံများ၊ ခရုသင်းသံ၊ တံပိုးသံများ ပေါ်လာသည်။ စစ်ကြွေးသံများ ပေါ်လာပြီးနောက် အမြောက်ဆံများ ဝဲပျံကျလာသည်။ ကုလားများ လွင့်စင်ကုန်သည်။ လဲပြိုကုန်သည်။

ခံကတုတ်၏ လက်ယာဘက်တောင်ပံသို့ စစ်ကူလီများနှင့် အမှတ် ၈၀ တပ်မှ ကုလားများ ချဉ်းကပ်လာသည်။ စစ်ကူလီများက ငြောင့်များ၊

ထောင်ချောက်များကို ရှင်းပေးသည်။ တစ်ပြိုင်နက်တည်းပင် လက်ဝဲ တောင်ပံကို ဗုံးပစ်အမြောက်များဖြင့် ပစ်ခတ်သည်။ အမှတ် ၁၈ ရှိုင်ရယ် အိုင်းရစ်တပ်သည် ဆစ်တပ်သားများ၏ အကူအညီဖြင့် ချဉ်းကပ်ကြသည်။ မြန်မာအမြောက်ဆန်များအောက်တွင် အလူးအလဲ ခံနေကြရသည်။ လွင့် . ထွက်သွားသူသွား၊ လဲကျသူကျ၊ ကုန်းထနေစဉ် သေနတ်ကျည် ထိသူထိ။

"အမောင်တို့တက်ကြ၊ ကျွန်ဘဝနဲ့ အသက်ရှင်ရတာထက် သေရတာက မြတ်တယ်ဟေ့။ တက်ကြ"

စစ်မောင်းကြီးများရှေ့တွင် ဦးမြတ်ထွန်းသည် ဓားလွတ်ကို ကိုင်မြှောက်လျက် အားပေးနေသည်။ မိမိ အမြောက်သံ၊ ရန်သူ့အမြောက်သံနှင့် မိမိ သေနတ်သံ၊ ရန်သူ့သေနတ်သံများကို ရဲရင့်သောသူ့အသံကအုပ်စိုးထား၏။

တပေါင်းနေ၏အောက်တွင် ရွှေထီးကြီးသည် ဝင်းလက်၏။ ရွှေထီး အောက်မှ ဦးမြတ်ထွန်း၏ အသံသည် အောင်မြင်ပြတ်သား၏။

"စစ်မျက်နှာက ထွက်ပြေးပြီး အသက်ရှင်ရတာထက် တိုက်ရင်း သေရတာက မြတ်တယ်ဟေ့"

သူ့ကျောဘက်သို့ ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲ၏။ ထီးတော်မိုးမှာ ရင်ဘတ်တစ်ခြမ်း ပွင့်သွား၏။ စစ်မောင်းတီးသူများ သွေးပွက်ထဲ၌ ငြိမ်သက်နေ၏။ ထီးတော်မိုးသည် ဒူးထောက်ခွေကျပါလျက်က ထီးကို မလွှတ်။ နောက်တစ်ယောက် ပြေးလာပြီး ထီးရိုးကိုကိုင်မှ ဝေါခနဲ သွေးတွေ အန်ကျကာ ဟပ်ထိုးလဲကျသွား၏။

ခံတပ်ကြီး၏ လက်ယာတောင်ပံမှ ဝင်ရောက်သိမ်းပိုက်ရန် ချိစိတ်ကူးငြား၊ မရသေးချေ။ ယာတောင်ပံ၌ ထူထပ်သိပ်သည်းသော ဆူးတပ်စောင်ရန်းများ အထပ်ထပ်ခံနေသည်။ ကွင်းပြီး ပန်းတက်သော ကုလားများ အတုံးအရုံး သေသည်။ သစ်တောထဲမှ မြန်မာသေနတ်များသည် မှန်မှန် ပစ်ခတ်နေသောကြောင့်ဖြစ်၏။

## ပုဂံစာအုပ်တိုက်

မြန်မာအမြောက်ဆန်တွေ ကျလာလိုက်၊ ကုလားတွေ ဖရိုဖရဲ ပြန့်ကျဲသွားလိုက် ဖြစ်နေသဖြင့် ချိုသည် ထိုကုလားများကို ပြန်လည် စုစည်းသည်။ ထိုအချိန်တွင် ဘင်္ဂလားအမြောက်တပ်မှ မေဂျာရိုသည် အမှတ် ၅၁ တပ်သားများ အကူအညီဖြင့် ၂၄ ပေါင်ဒါ ဟောင်ဝစ်ဇာ အမြောက်ကြီးကို ခံကတုတ်နှင့် အတောင် ၅၀ အကွာသို့ ဆွဲယူလာသည်။ သူ စတင်ပစ်ခတ်ချိန်မှာပင် မြန်မာအမြောက်ဆံများ ကျရောက်လာကာ သူ့ခြေထောက်ကို ရိုက်ချိုးပစ်လိုက်လေတော့၏။

သူ့နေရာသို့ အစားဝင်လာသူမှာ လက်ဖတင်နင် အက်ရှိဖြစ်သည်။ မြန်မာအမြောက်ဆန်များ ကျလာလိုက်၊ ဖုန်တွေ သောခနဲ အလုံးလိုက်၊ အလိပ်လိုက် တက်သွားလိုက် ဖြစ်နေသည့်ကြားမှ ကုလားများသည် ခံကတုတ်ကို အဆက်မပြတ် ပစ်ခတ်နေသည်။

မြန်မာတို့၏ ခံတပ်ကြီးအတွင်း၌ နေရာအနှံ့အပြား မီးလောင်နေသည်။ မီးခိုးများ၊ ယမ်းခိုးများ လုံးထွေးနေသည်။ မြန်မာတို့သည် ချောင်းတဟွတ်ဟွတ်ဆိုးရင်း၊ နှာခေါင်းပိတ်ရင်းဖြင့် မီးခိုး ခိုးကာ ဝင်လာမည့်ရန်သူကို ပြေးလွှားရှာဖွေကြသည်။ မြန်မာတို့၏ အမြောက်များမှာ ကျည်ကျပြီး မပေါက်ကွဲငြား၊ ကုလားထံမှ ရလိုက်သော အမြောက်ဖြင့် ကုလားကို ပြန်ပစ်ရသည်မှာ အရသာရှိပါဘိ။ ကုလားများ ထွေးခနဲ ထွေးခနဲ ကျသွားပုံမှာလည်း ကြည့်၍ကောင်းလှပါဘိ။

ကုလားများ ရှေ့မတိုးနိုင် ဖြစ်နေစဉ် မြန်မာအမြောက်များအတွက်ထားသော ယမ်းအိုးများပေါ်သို့ ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲ၏။ ပြင်းထန်သော ပေါက်ကွဲသံကြီးနှင့်အတူ ယမ်းသယ်နေသူများ ကြေမွလွင့်စင်၏။ အမြောက်သုံးလက်လည်း လွင့်ထွက်၏။ ကြီးမားသော မီးတောက်ကြီးသည် သေမင်း ရယ်သံဖြင့် မြေပြင်ကို လွှမ်းမိုး၏။

ငမိုးကောင်း၏ တပ်သည် ပက်လက်လန်နေသော အမြောက်ဘေး

သို့ ပြေးလာ၏။ အမြောက်ကိုဆွဲလှန်၏။ ကျည်ထည့်မည်ပြုသောအခါ နားပွင့် ပဲ့နေပြီ။ သို့ရာတွင် သူတို့သည် ရလိုရငြား ကျည်တစ်လုံး ထည့်သည်။ ယမ်းသိမ်းရန်အတွက် ယမ်းအိုးကို ကြည့်သောအခါ ယမ်းအိုးမှာ ကွဲကြေနေပြီ။

"ရှာစမ်းဟေ့ ရှာစမ်း။ ဟိုဟာ ယမ်းအိုး မဟုတ်လား"

ဟိုကြည်သည်ကြည့် ကြည့်ရာက စဥ့်အိုးတစ်လုံးကို ငမိုးကောင်းလက်ညှိုးထိုးနေဆဲ၌ ဗုံးတစ်လုံး ကျရောက်ပေါက်ကွဲသည်။ ငမိုးကောင်းပါးနှင့် ပခုံးမှာ ပူခနဲဖြစ်သွားသည်။ မီးခိုးနှင့် ဖုန်လုံးများ ငြိမ်သက်သွားချိန်တွင် ငမိုးကောင်း၏ လူကိုးယောက်မှာ နှစ်ယောက်သာ မတ်မတ်ရပ်လျက် ကျန်သည်။ ယမ်းအိုးကိုသယ်ရန် စုပြုပြေးသွားစဥ်တွင် ဗုံးဆံထိမှန်ခံရခြင်း ဖြစ်သည်။

အမှတ် ၅၁ တပ်မှ လက်ဖတင်နင်တေလာ သေနတ်မှန် သေဆုံးသွားသော်လည်း မေဂျာဟိုးဒစ်သည် ထပ်မံအင်အားဖြည့်ထားသည့် တပ်သားများနှင့် လက်ယာတောင်ပံကို အတင်းပစ်ခတ်ရင်း ပြေးလွှားဝင်ရောက်လာသည်။ အမြောက်များဖြင့် အဆက်မပြတ် ပစ်ခတ်ထားသဖြင့် ကျိုးပေါက်နေသည့် နေရာများသို့ ပြေးဝင်ကြသည်။

ငမိုးကောင်းသည် ကျန်လူများ၏ ပခုံးကို ပုတ်လိုက်၏။

"အမြောက်ယမ်းမရှိရင် သေနတ်နဲ့တိုက်မယ်။ လာကြဟေ့"

သူတို့သည် ရန်သူများ ဝင်ရောက်လာသည့်ဘက်သို့ ပြေးလာကြသည်။ တစ်ချက် ပစ်အပြီးတွင် ရန်သူသည် လှံစွပ်ဖြင့်ထိုးရန် ပြေးလာပြီ။ သို့အတွက် ဓားအိမ်မှဓားကို ဆွဲချွတ်လိုက်ရ၏။

"ကျားဘသား၊ ယောကျ်ားလဟ"

တစ်ကွက်ဆုတ်ရင်း ကုလားခေါင်းကို ဖြတ်ချလိုက်သည်။

"ကျားဘသား၊ ကျားကျား"

ပုဂံစာအုပ်တိုက်

မောင်နှင့် သူ့လူများ အေနှန်းပန်းနှင့် သူ့တပ်များ၊ များပြားသော လူလှိုင်းလုံးကြီးသည် ကုလားများကို ဓားဖြင့်ခုတ်၏။ လှံစွပ်ဖြင့် ထိုးသံများ၊ သေနတ်သံများ၊ ကုလားခေါင်းပြတ်ကျသံများ ဆူညံရှုပ်ထွေးလျက် နွေနေအောက်ဝယ် သွေးပင်လယ်ဝေ၏။

ဗိုလ်ချုပ်ဦးမြတ်ထွန်းသည် နေရာမှ မရွေ့ပေ။

"ညာတောင်ပံမှာရန်သူ။ စစ်ကဲမြေ တပ်စီးရိုးကို ပြန်ပိတ်။ အကြပ်ဖူး၊ ကုလားအမြောက်ကို အကာအကွယ်ပေး"

သူ့ခြေထောက်နှင့် တစ်လံကွာသို့ အမြောက်ဆံကျရောက်၏။ တော်သေး၏။ ဗုံးမဟုတ်သောကြောင့် မပေါက်ကွဲပေ။

ကုလားဖြူ ကုလားနက်များနှင့် မြန်မာတပ်သားများသည် ခံတပ်အတွင်း၌ အနီးကပ်တိုက်ပွဲကြီးဖြစ်နေပြီ။ ခံတပ်၏ နေရာတိုင်းမှ ရန်သူကုလားတွေ ဝင်လာကြသည်။ မြန်မာများမှာ ဓားနှင့်လှံစွပ် တိုက်ခိုက်ရာတွင် အကျနည်းငြား၊ သေနတ်ဖြင့် အပစ်ခံရ၍ ကျဆုံးသူက များပြားသည်။

မိုးကောင်း၊ မောင်၊ အေနှန်းပန်းတို့သည် အလောင်းများပေါ်တွင် ခုန်လွှားတိုက်ခိုက်နေသည်။ဝါးတောကြီးပမာများပြားသော မိမိတို့ဘက်မှ ရဲမက်များ၊ ရော်ရွက်ကြွေတောနှယ် ပါး၍ နည်း၍ သွားငြား၊ နောက်တွန့်သူမရှိ။

ဦးမြတ်ထွန်းသည် သူ့ခံတပ်အခြေအနေကို ချက်ချင်းသုံးသပ်လိုက်၏။

မီးတောက်ကြီးအောက်၌ တသောသောဝင်လာပြီး မြန်မာတို့ကို ပစ်သတ်နေသော ကုလားများ။ အဝေးပစ်လက်နက် လောက်လောက် လားလားမရှိပါဘဲလျက် ဓားအားကိုးဖြင့် မဆုတ်မနစ်တိုက်ခိုက်နေဆဲ ရဲမက်များ။

"ဆုတ်ကြ၊ ဆုတ်ကြ။ ဟိုအကြပ်။ လိုက်ပြီးအော်ပြော"

ဆုတ်မိန့်ပေးငြား၊ သူမူ နေရာမှ မရွေ့။

"အဖ သွားကြစို့"

သူ့သားနှစ်ယောက်လုံး သွေးသံရဲရဲဖြင့် ရောက်လာကြသည်။

## ပုဂံစာအုပ်တိုက်

"မင်းတို့ ဆုတ်ခွာနှင့်။ ငါတို့ ခံတိုက်နှင့်မယ်"

"အကျွန်တို့ ခံတိုက်မယ်။ အဖ ထွက်ပါတော့။ ဗျို့ ဦးမိုးကောင်း၊ ဦးမှင်။ အဖနောက်က လိုက်သွားကြ။ အကျွန်ရို့ခံထားမယ်"

ဦးမြတ်ထွန်းသည် သားများကိုယ်တိုင် တွဲထုတ်တော့မှ အင်တိုင်းတောထဲသို့ လိုက်ပါလာခဲ့လေ၏။ ခံတပ်ထဲတွင်ကား၊ တိုက်ပွဲအရှိန်ကျသွားပြီဖြစ်ငြား၊ ဖြိုးဖြိုးဖြောက်ဖြောက် ပစ်ခတ်တိုက်ခိုက်နေဆဲ ရှိသေး၏။ ကိုယ်ရံတော်သား သုံးကျိပ်ခန့်နှင့် ဦးမြတ်ထွန်းမှာ ခံတပ်ကြီးကို နှမြောသောကြောင့် လည်ပြန်ကြည့်ရင်း တုံ့နှေးစွာ ထွက်ခွာလာကြ၏။

ခံတပ်ကြီးမှ မီးခိုးများသည် လေသင့်ရာသို့ လွင့်ယိမ်းမျောပါနေ၏။ လေအသင့်တွင် မီးခိုးတစ်အုပ်သည် တောထဲသို့ ပြားပြီးဆင်းလာ၏။ ဦးမြတ်ထွန်း၏လူများ တစ်ယောက်ကိုတစ်ယောက် မမြင်ရတော့။ သည်အထဲတွင် ဆိုးရွားသော ညှော်နံ့များ ပါလာ၏။

ဦးမြတ်ထွန်းသည် စိုက်စိုက်စိုက်စိုက်နှင့် သွားနေရာက ချာခနဲလှည့်၏။

"ဗိုလ်ချုပ် နောက်ကြောင်းမအေးပါဘူး။ ဆက်လက်ကြွမှ သင့်ပါမယ်"

"ငါ့ရဲ့ရဲမက်တွေကို မီးလောင်ကုန်ပြီ။ငါတို့ပြန်ပြီး မြေမြှုပ်ဖို့မသင့်ဖူးလား"

"မသင့်ပါဘူးဗိုလ်ချုပ်၊ ရန်သူ့လက်ထဲ ဆင်းသဟာနဲ့ အတူတူပါပဲ"

ဦးမြတ်ထွန်း တွေတွေကြီးရပ်နေသည်။ မီးခိုးလုံးကြီးကို မော့ကြည့်နေသော မျက်လုံးအစုံမှာ မှိုင်းညို့နေ၏။ မေးကြောကြီးများသည် ပေါက်ထွက်မည့်နှယ် ထောင်နေ၏။

"ဆက်လက် ချီတက်ဖို့ သင့်ပါပြီဗိုလ်ချုပ်"

သွေးသောက်တစ်ယောက်က မျက်စိပျက်မျက်နှာပျက်ဖြင့် ပြောသည်။ အတန်ကြာ တွေငေးနေပြီးမှ ဦးမြတ်ထွန်းဆက်လျှောက်သည်။

ငမိုးကောင်းသည် ရမိရရာ လူတစ်ကျိပ်ကို စုရုံးပြီး ရှေ့မှအပြေးသွား၏။ သူတို့တွင် စားလုံသေနတ်ပါငြား၊ အစာရိက္ခာမပါချေ။ နေဝင်ချိန်တွင် သူတို့

သည် ခံတပ်ကြီးနှင့် ငါးတိုင်ခန့်ဝေးသောနေရာတွင် စခန်းချမိကြ၏။

ရဲမက်များသည် ဥယျာဉ်တစ်ခုအတွင်း၌ သစ်သီးများတောင်းခံလာပြီး ဦးမြတ်ထွန်းကို ကျွေးမွေးသည်။ ဦးမြတ်ထွန်း မစားပေ။

"အမောင်တို့ စားပါဘိ။ ကျုန်ုပ်မှ ငါ့ကိုကျွေး"

သို့အတွက် ရဲမက်များသည် သူ့ရှေ့တွင် စားပြကြရ၏။ ထိုအခါတွင်မှ ဦးမြတ်ထွန်းလည်း စားတော့သည်။ စားသောအခါတွင်ကား သူသည် မြိန်ရေရှက်ရေစား၏။ စားပေမပေါ့၊ ယမန်နေ့ညမှစတင်ပြီး တိုက်ပွဲတွင် စိတ်စောနေခဲ့သည့်အတွက် ထမင်းဟင်းမေ့လျော့နေခဲ့သည် မဟုတ်လား။

သူတို့သည် ဧရာဝတီမြစ်ဘက်သို့ မရောက်အောင် သတိထားပြီး သွားသည်။ နောက်တစ်နေ့ မွန်းတိမ်းချိန်တွင် ငမိုးကောင်းသည် တောအုပ်တစ်ခုကို လှမ်းမြင်ရသောအခါ အလွန်ဝမ်းသာရ၏။ သူသိသောနေရာသို့ ရောက်လာသောကြောင့်ဖြစ်သည်။

"မဟုတ်မှလွဲရော။ သာဟာ အုန်းပင်စုရဲ့ တောင်ဘက်က တောဖြစ်မဟာ"

သူတို့ရှေ့ပြေးတပ်သည် တောထဲသို့ ပေါ့ပါးစွာဝင်လာသည်။ တောစပ်မှ ပြန်ထွက်ချိန်တွင် ငမိုးကောင်းပို၍ ဝမ်းသာရပြီ။

"ဟုတ်သယ်။ အဲသဟာ မယ်မင်းဘော်တို့ အုန်းပင်စုကပဲ"

ကွင်း၏ဟိုဘက်တွင်ပျပျမှေးမှေးမြင်ရသောအရာမှာ အုန်းပင်စုရွာဖြစ်သည်မှာ သေချာသွားပြီ။သို့သော် သူ့လက်စွဲတော် ဝါးပုလွေကလေးသည် တိုက်ပွဲအတွင်း၌ ပျောက်ပျက်ခဲ့သည်။ ထိုနည်းတူ ငမှင်၏ ဗျပ်စောင်း။

ထိုအခါတွင်မှ အကြပ် ငမှင်ကို ငမိုးကောင်းသတိရသည်။

လက်ယာတောင်ပံမှ စုပြုံဝင်လာသော ရန်သူများကို ဆီးဆို့တိုက်ခိုက်စဉ်က ငမှင်ပါသည်။ သူလည်း သူ့လူများနှင့်။ အကြပ် ငအုန်းပန်းလည်းပါသည်။ ထို့နောက် မည်သည့်နေရာသို့ ငအုန်းပန်းနှင့် ငမှင် ရောက်သွားသနည်း။ ဒဏ်ရာရသွားသလော။ ကျဆုံး၍တည်း ကျန်ခဲ့သလော။

## ပုဂံစာအုပ်တိုက်

အမြင်နီးသော်ငြား၊ အုန်းပင်စုသည် မနီးချေ။

လှိုုတွေထဲဆင်းရ၊ ရေမခန်းသေးသော အင်းတွေကို ကွင်းရမို့၊ အတန်နေချိမှ ရောက်သည်။ ငမိုးကောင်းသည် အဖော်သုံးယောက်ကို မလှမ်းမကမ်းမှ အလိုက်ခိုင်းပြီး ရေကန်သို့လာခဲ့သည်။

ရေခပ်လမ်းဘေးက ခြင်းဝိုင်းသည် သူရောက်ဖူးစဉ်ကကဲ့သို့ပင် လူစည်ကားလျက်ရှိသည်။ သူသည် သူ့ကိုယ်ကို ပြန်ကြည့်၏။ ပခုံးနှင့် ပါးတွင် ဒဏ်ရာကြီးရှိသည့်အပြင် တစ်ကိုယ်လုံး ဖုန်တွေ၊ ချွေးတွေ မီးခိုးတွေ၊ သွေးစေးတွေဖြင့် မြင်မကောင်းအောင်ရှိ၏။ သို့ကြောင့် ရေခပ်တံတားနှင့် အလှမ်းဝေးသည့် ချုံစပ်ခိုကာ ကန်ပေါင်ပေါ်သို့တက်၏။ မျက်နှာသစ်ပြီး ပြန်အဆင်းတွင် မိန်းမသုံးယောက်သည် လမ်းကိုပိတ်လျက်တက်လာ၏။

ထိုမိန်းမများကို ငမိုးကောင်း မြင်ဖူးသယောင် ရှိသည်။ သူတို့သည် ထင်းစည်းကိုချပြီး အမောဖြေသည်။ ငမိုးကောင်းလည်း ကန်အောက်သို့ပြန်ဆင်းသည်တွင် အသက်လေးဆယ်ရွယ် မိန်းမကြီးက လှမ်းတားသည်။

"အမောင် နေပါဦး"

မိမိမသိဖူး မကျွမ်းဖူးသော မိန်းမတစ်ယောက်က အဘယ်ကြောင့် လှမ်းခေါ်ရသနည်း။ စိတ်ထဲ စနိုးစနောင့် ရှိ၏။

"ဟိုတလောက တောကဲကြီးအိမ်မှာ တည်းခိုသွားဖူးသကော"

"ဟုတ်ပါသယ်အမိ"

"ကျုပ်က မိမင်းဘော်ရဲ့ ထွေးတော်ဒေါ်အေးလှကွယ့်။ သူတို့အိမ်ခြေရင်းမှာ နေတာကွယ့်။ ကျုပ်တူမ မိမင်းဘော်ကို အမောင်လာလည်တာ သိသပ်"

ထမင်းဆာမွတ်လျက်က ငမိုးကောင်း ရှက်ပြုံးပြုံးရသည်။

"ဟုတ်ပါသယ်ခင်ဗျာ။ အကျွန် သွားစရာလေးရှိသေးလို့"

"ဟဲ့ နေပါဦးလကွယ်။ ကျုပ်က ကျုပ်တူမကို ဘယ်ကဧည့်သည် တွေတုန်း မေးသပ်။ ခနဲဖြူကျုံကဇင်းကဆို။ ကျုပ်တော့ မယုံပေါင်။

အမောင်ဟာ အညာသားပါ့"

"မှန်ပါသယ်ကြီးတော်။ သဟာထက် မမင်းဘော်ရဲ့ မိဘများနဲ့ မမင်းဘော်တို့ ကျန်းခန့်သာလို့ မာကြပါစခင်ဗျာ့"

"မာပါတယ်တော် မာပါတယ်"

"အကျွန် ကိစ္စလေးရှိသေးလို့"

ငမိုးကောင်း ကန်ပေါင်ပေါ်မှ ဆင်းရန်ပြင်ပြန်သည်။

"နေပါဦးအမောင်။ စကားပြောလို့ ကောင်းကာမှ"

"ဟိုသင်း ကိစ္စလေးရှိလို့။ နောက်မှ လာခဲ့ပါရစေ"

ဒေါ်အေးလှသည် လျှာရှည်ရုံသာမဟုတ်၊ လက်တံလည်း ရှည်ရကား ဖျပ်ကယ်လတ်ကယ် ထဆွဲ၏။

"ထိုင်ပါဦးကွယ့်"

"ဩော် သဟာထက် ကြီးတော်။ ရွာထဲမှာ လူစိမ်းသူစိမ်းတွေ ဝင်ဖို့ ထွက်ဖို့ ခရီးကတင် မသင့်ပါဘူးနော်"

"အနီးဆုံး ခနေဖြူတောင် နှစ်ညအိပ်ဝေးတာပါ့အမောင်။ အနို့ ခနေဖြူကို ကုလားမင်း အုပ်စိုးနေပြီဆိုကွယ့်"

မေးသူက သိလိုသောကြောင့် ရိုးသားစွာမေးငြား၊ ငမိုးကောင်း ရင်နင့်သည်။ ကျက်သရေ မင်္ဂလာမရှိသော အသုံးအနှုန်းဖြစ်သည်။ မိစ္ဆာဒိဋ္ဌိသည် မကောင်းဆိုးရွားသာဖြစ်၏။ တိုင်းပြည်အုပ်ချုပ်သော မင်းမဟုတ်။

"ဟုတ် ဟုတ်ကဲ့။ မြစ်စဉ်တစ်လျှောက် မြို့တွေ၊ ရွာတွေ ကုလားဖျက်လို့ ပျက်ကုန်ပြီခင်ဗျာ့။ ပစ္စည်းယူ၊ လူသတ်။ အဲသဟာကြောင့် သူစိမ်းသူရှမ်းတွေ သည်ရွာကိုလာဖို့ လွယ်သလားမေးသာပါ"

"မလွယ်ဘူး အမောင်၊ မလွယ်ဘူး" ဟု အဖော်မိန်းမကြီးက ဝင်ထောက်ရာက "လိုရမယ်ရ၊ သတိဝီရိယတော့ ရှိမှဖြစ်မပါ့" ဆိုသည်။

"ကိုယ့်အရှင်ကိုယ့်သခင် ကိုယ့်ဘုရင် အုပ်စိုးတုန်းကသာ အေးချမ်း

ငြိမ်သက်ပေမယ့်၊ ဘုရင်မရှိရင် တောမီးလောင် တောကြောင်လက်ခမောင်း ခတ်မှာ စိုးရသပ်။ ကျုပ်တို့ ကလေးတုန်းကလည်း ကုလားမင်းဆိုလား တစ်ခါလာဖူးထင်ပ"

ငမိုးကောင်း ခန့်မှန်းကြည့်သည်။ သူမမွေးမီ ငါးနှစ်ခန့်က မိစ္ဆာဒိဋ္ဌိများ မြန်မာပြည်အလယ်ပိုင်းအထိ ကျူးကျော်ဝင်ရောက်ခဲ့ဖူးသည်။ ကြီးတော်ကြီး ကလေးဘဝကဟူသည်မှာ ထိုစစ်ကို ပြောခြင်းဖြစ်တန်ရာ၏။

"ဟုတ်သယ်ခင်ဗျာ့။ အကျွန် မမွေးသေးခင်ကခင်ဗျာ့"

"အခုတစ်ခါလည်း ခဏတစ်ဖြုတ်နေပြီး အရင်လိုပြန်သွားမှာပဲမဟုတ်လား"

"ဟုတ်ပါသယ်ကြီးတော်။ ကုလား မကြာခင်ပြေးရမှာပါ။ ကရင်တွေ၊ မွန်တွေ၊ ဗမာတွေ၊ ရခိုင်တွေက တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ တိုက်ခိုက် သုတ်သင်နေကြသကော"

ငမိုးကောင်းမှာ သို့လျှင် စိမ်ပြေနပြေပြောရာမှ ကန်အောက်သို့ ဆင်းပြေးသည်။ ပြေးရင်းကသာ "သွားပြီခင်ဗျာ့" အော်နိုင်သည်။ ထို့နောက် ခြင်း ဝိုင်းကို မြင်သာသည့်နေရာအထိ အပြေးလာခဲ့သည်။ ငပြုံးချို ရှိမှ ရှိပါမည်လား။

ငပြုံးချိုမှာ တောကဲဦးထွန်းအေး၏ သားဖြစ်သည်။ သူသည် ငမိုးကောင်းကို လှမ်းမြင်သဖြင့် ခြင်းဝိုင်းထဲမှ ပြေးထွက်လာသည်။

"အနောင် တစ်ဝိုင်းလောက် ဝင်ခတ်ပါဦး"

"နောက်မှ ခတ်မယ် ညီငယ်။ အခု အရေးကြီးသယ်။ ညီငယ်တို့ ဥယျာဉ်ထဲကို တောကဲကြီးခေါ်ပြီး လိုက်ခဲ့ပါ။ အရေးကြီးသဲ့သူပါလာသယ်လို့ပြော"

"အသူတုန်း အနောင်"

"နောက်တော့ သိမှာပ်။ အမြန်သွားပါ ညီငယ်"

ငပြုံးချို သွက်သွက် ထွက်ခွာသွားသည်။ ငမိုးကောင်းသည် ငပြုံးချို မြင်ကွင်းမှပျောက်သည်အထိ ရပ်ကျန်ခဲ့ရာက ခြင်းဝိုင်းကို အကဲခတ်သည်။

သူတို့နှစ်ယောက်ထဲတွင် အာရုံဝင်စားဟန် မရှိ။ ရေခပ်လမ်းအတိုင်း ပျို့ဖော် တစ်သင်း ညင်သာရွရွ လှမ်းလာကြသည်။

တန်ခူးလသို့ရောက်နေစေကာမူ ကန်ရေသည် ခမ်းမည့်ဟန်မပြ။ ရွက် သစ်တွေဝေပြီး မြခင်းနိုးကို ဖြန့်လွှားထားသည်။ လေနွဲ့တိုင်း မြရွက် များ သိုင်းကစားကြပုံမှာ မြင်သူမြူးဖွယ် ဖြစ်ချေ၏။

ကန်ပေါင်ပေါ်သို့ ရေအိုးကိုယ်စီဖြင့် တက်လာသော လုကညာတို့၏ ထုံ နံ့သာနံ့သည် လေဖြင့်စီးမျောလာ၏။ မွှေးလည်းမွှေး၏။ ရယ်မောသံများ ကလည်း သာယာလှ၊ ကြည်လင်လှ၏။ ဘဝင်ချမ်းမြမြူးရွှင်ဖွယ်ပါတကား။

သို့သော် ငမိုးကောင်း မရွှင်နိုင်။ မမြူးနိုင်။ ရှေ့ရေးမည်သို့ ရှိမည် မသိ။ မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားနက်များအား မောင်းထုတ်ရေးကို မည်သို့ ဆောင်ရွက်ရမည် မသိနိုင်သေး။ ဝန်းကျင် အခြေအနေများကို စိတ်ချမှ ဥယျာဉ်ထဲသို့လာခဲ့သည်။

ငမိုးကောင်းတို့ လှူသိုက်နှင့် တောကဲကြီးသားအဖသည် ဥယျာဉ်ထဲ သို့ ရှေ့ဆင့်နောက်ဆင့် ရောက်ကြ၏။ တောကဲကြီးသည် ဦးမြတ်ထွန်းကို မြင် လျှင် မြင်ချင်း "နောင်တော်၊ ကျန်းခန့်သာလို့မာပါစ" အော်မေးသည်။

"အေး၊လူတော့မာသပ။ ကျိုက်ကဇင်းခံတပ်တော့ ကျသွားပြီကော"

"ဗျာ" တစ်ခွန်းသာအော်နိုင်ပြီး တောကဲကြီးသည် ဦးမြတ်ထွန်းကို ဖက်ငိုလေ၏။ အခံက မရွှင်မလန်း ရှိထားသည့်ရဲမက်များမှာ ဦးထွန်းအေး ကို ကြည့်လျက် မျက်ရည်ဖြိုင်ဖြိုင်ယိုကြ၏။

"ငါတို့မှာ သူတို့သေနတ်မျိုး မရှိဘူး။ မုံး၊ အမြောက် မရှိဘူးကွာ"

တောကဲကြီး တောက်ခေါက်သည်။ "နာတယ်၊ နာတယ်" ဟု အံကြိတ်ကာအော်၏။ သို့စဉ်တွင် သတိဝင်လာပြီး မျက်ရည်သုတ်သည်။

"ပသို့လုပ်မယ် ကြံသတုန်း နောင်တော်"

"ခေါင်းကြီးခေါင်းကလေးတို့ဆီ သွားရကောင်းနိုး၊ လူသူစုပြီး ခုနေဖြူ

မှာပဲပြန်ပြီး စစ်ဆင်ရကောင်းနိုး၊ ချိတုံချတုံပဲ နောင်ငယ်"

"ကိုင်း"အခုလောလောဆယ်တော့၊ ခုနစ်ရက်တန်သည် တစ်လတန်သည် နားနေရင်းအားမွေးပါဘိ နောင်တော်"

"ရက်ရှည် မနေနိုင် နောင်ငယ်။ ရန်သူမိစ္ဆာဒိဋ္ဌိတွေ ငါတို့မြေပေါ်မှာ ရှိနေလျက်နဲ့ ငါအသက်မရှင်ချင်ဘူး။ ရန်သူကိုတိုက်ရင်း ခိုက်ရင်း အသက်ရှည်ပါရစေ"

"ရက်ရှည်လများ မနေချင်ဘူးဆိုသပ၊ သုံးလေးရက်ဆိုင်းပါဦး နောင်တော်။ အုတ်ဖိုဘက်ကို အထောက်အလှမ်း လွှတ်ပါရစေဦး။ ခေါင်းကြီး ခေါင်းကလေးတို့ အရေးတော်မှ သာကြပါစ"

"သာသည်ဖြစ်စေ၊ မသာသည်ဖြစ်စေ၊ သူတို့နှစ်ယောက်လည်း ရန်သူနဲ့ တစ်မြေတည်း မနေနိုင်၊ တစ်ရေတည်း မသောက်နိုင်ကြသူတွေကပဲ"

တောကဲကြီးသည် စကားပြတ်လျှင်ပြတ်ချင်း ရဲမက်များ စားရေးသောက်ရေးကို ငပြုံးချိုနှင့် စီစဉ်သည်။ ဦးမြတ်ထွန်း လောလောဆယ် ရေမိုး သုံးသပ်ရန်နှင့် အိပ်ရာနေရာများကိုကား၊ သူကိုယ်တိုင် ကြီးကြပ်ဆောင်ရွက်သည်။

ငမိုးကောင်းလည်း အပြေးအလွှား ရေချိုးသည်။ ရေချိုးအပြီး၌ သူ့ပုဆိုးကို ပြန်ဝတ်သောအခါ အခြေအနေ ဆိုးရွားနေသည်။ ဖုန်တွေ၊ ယမ်းခိုးတွေ သွေးစေးတွေနှင့် အစေးပေါက် နံဟောင်နေသည်။ သို့အတွက် သဲဆပ်ပြာဖြင့် လျှော်ဖွတ်သည်။ နီးရာ ပန်းချုံပေါ်၌လှန်းသည်။ သည်ပုဆိုး မခြောက်သွေ့မချင်း၊ ပန်းချုံဘေးမှ သူ ထရန်မဖြစ်ပြီ။

ငပြုံးချိုသည် ရိက္ခာအခြောက်များ သယ်ပိုးလာပြီး ရဲမက်များကို ပေးသည်။ ထို့နောက် ငမိုးကောင်းကို ရှာဖွေသည်။

"နောင်ကြီး၊ နေကလေးရှိသခိုက် မမင်းဘော်တို့ဘက် လျှောက်ဦးမည်လား"

ပုဂံစာအုပ်တိုက်

"အခြေအနေ မပေးတော့သပါ။ နောင်ငယ်"

ငပြုံးချိုသည် ထိုင်ရာမှ မထသော ငမိုးကောင်းကို မသကာ။ အပါးသို့ ချဉ်းကပ်လာသည်။ ပခုံးနှင့်မျက်နှာမှ ဒဏ်ရာများကို သတိထားမိသည်။ သည်ဒဏ်ရာများမှာ ရင်းမနေ။ သို့ကြောင့် ပို၍တိုးကပ်လာပြီး စေ့ငုသည်။

"နောင်ကြီး ဘဇာလုပ်နေသပါ။ သြော် အလို၊ ပုဆိုးမရှိပါတကား"

လက်ခုပ်လက်ဝါးတီးလျက် ငပြုံးချို ရယ်မောစ၏။

သို့သော် သူ များများမရယ်နိုင်။ ရယ်သောပါးစပ်သည် ဟလျက်တန်းလန်းက တန့်၏။ ဆလတ်ပန်းချီများ၊ စံပယ်ချီများ၊ တုံးများ၊ ငုတ်များပေါ်တွင် ပုဆိုးစုတ်၊ ပုဆိုးကောင်းတွေ ပဝါတွေ တလွှင့်လွှင့်လှမ်းထား၏။ ဟိုနားတစ်စု သည်နားတစ်စုထိုင်နေသော ရဲမက်များ။

"သြော်၊ ပုဆိုးလျှော်ထားလို့ မတ်တတ်မရပ်ရဲကြတာပါကလား"

ငပြုံးချို သဘောပေါက်သွားသည်။

"နေ့သေမလားမသိ၊ ညသေမလား မသိ။ ပြေးလွှားတိုက်ခိုက်နေပေမယ့် ပုဆိုးအပိုတစ်ထည်တောင် မရှိကြပါကလား"

ငပြုံးချို ရင်နင့်သည်။ မျက်ရည်လည်သည်။

သူသည် စိတ်မကောင်းစွာဖြင့် အိမ်သို့ ပြန်ပြေးလာသည်။ သူ့အဖေနှင့် သူ့ပုဆိုးအပိုများကို ယူကာပြန်ပြေးလာသည်။

"နောင်ကြီးတို့ ပုဆိုး၊ ပုဆိုး"

ငုတ်တုတ်ထိုင်နေသူများထံ ပုဆိုးလိုက်လံ ဝေငှပြီးနောက် ငမိုးကောင်း လက်ထဲသို့ ပုဆိုးလတ်လတ်တစ်ထည်ထည့်သည်။

"နေရှိခိုက် ရေကန်ဘက် လျှောက်ကြစို့လားနောင်တော်"

ငမိုးကောင်းသည် ပုဆိုးအခြောက်ကို ဝမ်းသာအားရဝတ်၊ ပဝါအစိုကို ပေါင်းပြီး ဝမ်းသာအားရ ထလိုက်လာသည်။

"မမင်းဘော်က တစ်ကြိမ်တစ်ခါသာ လာသွားတဲ့ညည်သည်ကို

တကူးတက မေးမြန်းစုံစမ်းသကော"

ငမိုးကောင်း ရင်အေးရပါသည်။ ရွှင်လန်းရပါသည်။ အလွန် တင့်တယ်သော မိန်းမပျိုက သူ့အကြောင်း စုံစမ်းသည် မဟုတ်လော။

"ဘဇာမေးပါလိမ့် နောင်ငယ်"

"ဘယ်အရပ်ကပါလိမ့်၊အိမ်ထောင်နဲ့လား၊မိဘမျိုးရိုးမည်သည်ကို ဒေါ်အေးလှကြီးကို မေးသကော။ ဒေါ်အေးလှကြီးက အကျွန့်ထံ စုံစမ်းသကော"

ငမိုးကောင်း ပိုမိုရွှင်ပျလာရသည်။ ရင်ထဲ၌ ကြည်နူးခြင်းဝေဒနာပေါ် လာသောအခါ ဆင်းရဲအပေါင်း မေ့လျော့၏။

"အကျွန်လည်း ကိုငချိပ်ပြောသလိုပဲ၊ ခနေဖြူ ကျိုက်ကဇင်းက အိမ်ထောင်မရှိ။ မင်းမှုထမ်းမျိုးရိုးလို့ ဖြေလိုက်သပါ"

"မင်းမှုထမ်းမျိုးရိုးဖြစ်တမင့်၊ အကျွန်ရို့မှာ အရှင်သခင် ပေးသနားသဲ့ ဘွဲ့မည်ရည် မရှိသကော နောင်ငယ်"

သူတို့သည် မယ်မင်းဘော်တို့အိမ်ကို လှမ်းကြည့်၏။ ရေခပ်၍ ပြီးပြတ်လော၊ ထမင်းဟင်းချက်ပြုတ်နေသလော၊ စပါးထောင်းနေသလော။

တဖြည်းဖြည်း နီးလာသောအခါ ဆန်ဖွပ်သံကြားရ၏။ သူတို့ နောက်ဖေးဘက်သို့ လှည့်လာသည်။ ဘူးစင်အောက်အရောက်၌ ပြိုင်တူရပ်မိကြသည်။ တေးသံကြားရသဖြင့် ဖြစ်သည်။

"ချစ်တဲ့သူငယ်လေ။ သူငယ်ချင်းကောင်း ယောက်မရို့လေ"

တစ်သံတည်း မဟုတ်ပေ။ အပျင်းပြေ အမောပြေမဟုတ်မူ၍ စိတ်ပါလက်ပါ ဆိုသံဖြစ်၏။ သို့ကြောင့် သာယာ၏။

"သူများမောင်မှာ စစ်သံကြားရင် နာဖျားဥပါယ် ခိုကြတယ်။ နမလေးမယ်တို့မောင်မှာ စစ်သံကြားရင် ရွှေဓားပိုက်လို့ အိုးစားဖက်ကို လိုက်လို့ရှာတယ်။ ရိက္ခာကနည်း မိုးကသည်းသနဲ့ သင်းတွဲကို ကူးပါလိမ့်မလားတော်"

ကာလရှည်များစွာ မေ့လျော့ထားခဲ့သည်။ သရက်ကန်သူ မယ်ဒန်းလှ၏

အသံသည် ငမိုးကောင်းရင်၌ ဘွားခနဲပေါ်၏။ စစ်ထွက်ရာသို့ လိုက်မည်ပြင်သော ငမိုးကောင်းအား ပြစ်တင်ကန့်ကွက်သံသည် ပြန်လည် သစ်လွင်၏။

သို့သော် ငမိုးကောင်း သတိရရုံသာရှိ၏။ မလွမ်းဆွတ်။ မည်သည့်အတွက် ထိုနှယ်ဖြစ်ရသနည်း ဟူ၍လည်း သူသည် မစောကြောမိ။ သူ့ရင်တွင် သူ့အာရုံတွင် မယ်မင်းဘော်သာ ကြီးစိုးသည်။

"အသံကောင်းတယ်နော် နောင်ကြီး"

"အဲသာ အသူ့ အသံပါလိမ့်"

"မယ်မင်းဘော်ပါ့ နောင်တော်ရယ်"

ပြောပြောဆိုဆို ငပြုံးချိုလှမ်းမည်ပြုသဖြင့် ငမိုးကောင်းဆွဲထားသည်။ သူစိမ်းယောကျာ်းများ၏အရိပ်အယောင်ကိုမြင်လျှင် သူတို့ဆက်ဆိုတော့မည်မဟုတ်။ အရှက်အကြောက်တရား ကြီးမားသော မိကောင်းဖခင်သမီး မိန်းမကောင်းများသည် နှုတ်ငြိမ်သွားကြလိမ့်မည်။ ကျွန်မရို့အသံ ကောင်းသမှတ်လား မေးသောသဘောဖြင့် ဆက်လက်သီဆိုနေကြလိမ့်မည်မဟုတ်။

"စစ်မှာတမူ၊ နှမလေးမယ့်ထက်ဖြူကို ယူမလို့လားတော်။ စစ်မှာယွန်းမှ၊ နှမလေး မယ့်ထက်လှကို ရမှာမို့လားတော်။ စစ်မှာဆွေမျိုး ဘိုးဘွားမောင့်မှာ ရှိသလားတော်"

မယ်ဒန်းလှကို သတိမရချင်ပါဘဲလျက် မယ်ဒန်းလှ၏ ရန်တွေ့စကားများကို တေးချင်းလိုက်၍ ဆိုနေကြပါတကား။ စစ်တိုက်စဉ်တွင် သူ့ထက်လှပသူကို တွေ့လျှင် ယူချင်၍မဟုတ်လော ရန်တွေ့သည်။ ဤသို့မဟုတ်ပါက စစ်ထဲတွင် ဆွေမျိုးသားချင်းတွေ ရှိသောကြောင့်သာ ဖြစ်ရမည်ဟု ငေါ့ခဲ့သည်ကို ခံခဲ့ရ၏။

"စစ်မှာတမူ၊ နှမလေး မယ့်ထက်ဖြူကို မယူဘူးဗျာ။ စစ်မှာယွန်းမှ၊ နှမလေး မယ့်ထက်လှကို မရဘူးဗျာ။ စစ်မှာဆွေမျိုး ဘိုးဘွားမောင့်မှာ မရှိဘူးဗျာ"

ဆန်ဆုံထဲသို့ ဖုန်းခနဲ ဖုန်းခနဲ ကျည်ပွေ့ကျသံသည် တေးချင်း၏

ဝါးသဖွယ်၊ မောင်းခါးကန့်လန့် ကျလိခနဲ အိသံသည် စည်းသဖွယ်ရှိ၏။ ငမိုးကောင်း နားဖြင့် နားမထောင်၊ ရင်ဖြင့် နားထောင်သဖြင့် ပြုံးနိုင်သည်။

စစ်ကြီးသည် ငမိုးကောင်း၏ သွေးရင်းသားရင်း ဆွေမျိုးသားချင်းမဟုတ်သော်လည်း စစ်နှင့်အတူ ပူးယှက်လွန်းတင်နေရပါသည်။ အကြောင်းမူ....

"ရေမြေ့သခင် မောင့်အရှင်က၊ မိန့်တော်စာနှင့် အပါချသည်။ လိုက်ရတော့မယ်။ ဓားမှာ မိုးကြိုး ယွန်းပုဆိုးနှင့် အိုးစားဘက်စုံ စစ်သည်ပုံမှာ"

ငမိုးကောင်း ကြိုတင်တွေးသည့်အတိုင်းပင် သူတို့နှစ်ယောက်ကို ရိပ်ခနဲမြင်သည်နှင့် အိုင်ချင်းသီသံသည် မဆုံးဘဲနှင့် တိတ်လေ၏။

"နားထောင်လို့ မငြီးအောင် ကောင်းလှပါဘိ"

"အဲသဟာ အသူဆိုသာပါလိမ့်။ အလွန်သာယာသကော။ အတီးသာ ပါရင် နားဆင်လို့မဝအောင် ရှိမှာပဲ"

ငပြုံးချို ချီးမွမ်းစဉ်မှာပင် ခေါင်းငုံ့နေသော မယ်မင်းဘော်မှာ ငမိုးကောင်းပြောသောအခါ ရှက်သွေးဖျန်းရတော့သည်။ မယ်မင်းဘော်နှင့် သူငယ်ချင်းများဖြစ်သော မယ်ကင်း၊ မယ်သိုင်းတို့သည် မောင်းတုံးကို ထောက်ပြီး၊ စပါးတွေကို ခူးကြပြီ။ ပြာကြပြီ။

နေဝင်ခဲ့ပြီ။ ရွာအပြင်တောစပ်တွင် ချိပ်နရောင်များ ခြယ်လိမ်းထားသည်။ ငမိုးကောင်း မောင်းခါးကန့်လန့်တိုင်ပေါ်ထိုင်ပြီး ငေးမျှော်နေဆဲမှာပင် ကောင်းကင်သည် ရွှေရည်လိမ်းပြန်သည်။

မယ်မင်းဘော်သည်လည်း ချိပ်ရောင်နအောက်တွင် တစ်မျိုးယဉ်၍ ရွှေရည်လိမ်းချိန်၌ တစ်မျိုးပြောင်းကာ တစ်သွင်လှနေပြန်သည်။ သူသည် ငမိုးကောင်းကို တည့်တည့်မကြည့်၊ ပခုံးဆီသို့ ကြည့်သည်။

"ငပြုံးချိုရို့၊ ပဓာလုပ်ရို့ ဒဏ်ရာတွေရလာရသတုန်း"

ငမိုးကောင်း၏ ပခုံးမှဒဏ်ရာကို ကုက္ကိုရွက်ကြိတ်ပြီး အုံထားသည်။ ဒဏ်ရာကို အကြီးအသေး ခန့်မှန်း၍မရ။ ကုက္ကိုရွက်အုံကြီးက လက်သီးဆုပ်

ခန့် ရှိသည်။ ဤရာကို သိလိုသဖြင့် ဘေးလူကို မေးသည်။

ငပြုံးချိုသည် ငမိုးကောင်းအား မောင်းညှပ်တိုင်ဘေးမှ ငုံ့စောင်းကြည့်သဖြင့် "သြော် မများပါဘူး နမငယ်။ တောထဲမှာ ကျားသစ်ကုတ်သာပါ။ အုံ့ထားသဲ့ အရွက်တွေများနေလို့ ကြီးနေသာပါ" ငမိုးကောင်းဖြေသည်။

မကြာမီ ဖွဲကြမ်းများ ပြာထုတ်ပြီးစီးသွားသဖြင့် လုံးတီးများကို မောင်းခွက်ထဲသို့ ပြန်ထည့်ကြ၏။ မောင်းဆုံခွက်ဝန်းကျင်ကို လှဲကျင်း၊ မောင်းခွက်ကို ကာရံကြသည်။ ထိုအခါ ငမိုးကောင်းနှင့် ငပြုံးချိုသည် အလိုက်သိစွာဖြင့် မောင်းရင်းသို့လာရပ်ကြသည်။ မောင်းတုံးကို ကြွလိုက်ရာ ထောက်ထားသော ကျည်ပွေ့ဆိုး လဲကျသွားသည်။ ထို့နောက် မောင်းဦးသည် ထောင်တက်လာ လိုက်၊ ကျသွားလိုက်ဖြင့် ဆန်ဖွပ်နေလေပြီ။

"နင်းလိုက်ကြဦးနော်။ ပုတီးနစ်ပတ်ပြည့်ရင် ခေါ်လိုက်တာပါ"

မယ်ကင်းသည် ပြုံးပြုံးကြီးပြောကာ အိမ်ပေါ်သို့ ဦးဆောင်တက်သွား၏။ မယ်မင်းဘော်သည် ငမိုးကောင်းအား တည့်တည့်မကြည့်ငြား။ လှပသော အပြုံးယဉ်ယဉ်ကလေးကိုကား ပြုံးပြသွားသေး၏။ ငမိုးကောင်းနှင့် ငပြုံးချိုတို့မှာ မောင်းတုံးပေါ်သို့ ခုန်တက်ယှက်၊ ပြန်ဆင်းလိုက်လုပ်ရင်းက တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး အသံထွက်အောင် ရယ်မောပစ်လိုက်ကြလေ၏။

★

# ၁၅

ဗိုလ်ချုပ် ဦးမြတ်ထွန်းနှင့် သူ၏ရဲမက်များသည် တောကဲကြီးဦးထွန်းအေး၏ ဥယျာဉ်ထဲတွင် သုံးရက်သာနေမည် ပြောခဲ့ငြား၊ တစ်ဥပုသ်ကာလပြည့် အောင် နေသွားခဲ့ကြ၏။ အကြောင်းမှု နောက်ချန် တိုက်ခိုက်နေခဲ့သော ရဲမက်များ လိုက်လာကြသောကြောင့် ဖြစ်၏။

ဦးမြတ်ထွန်းသည် သူ့သားနှစ်ယောက်အား ဒဏ်ရာနှင့် ရန်သူဖမ်းသွား သည့် သတင်းကြားရစဉ်က စကားပြောမပျက်ချေ။ သို့ရာတွင် ဥယျာဉ်တွင်း ၌ ရဲမက်တွေ တစ်နေ့တခြားများ လာသောအခါ ခရီးဆက်ရန်စိမံရတော့၏။

"နောင်တော်လည်း မျက်တွင်းပြည့်လာပါပြီ။ သို့သော်လည်း မသိုး ထမင်းများ စိမံရအောင် သုံးရက်လောက်"

တောကဲကြီးသည် ဦးမြတ်ထွန်းအား ကျေနပ်စွာကြည့်ရင်း တောင်းပန်၏။

"လူများလာသဲ့အတွက် နောင်ငယ်မှာ ဝန်ပိပြီပေါ့"

"အတွက်မဟုတ်ပါနောင်တော်။ရွာထဲမှာ ဘက်တော်သားတွေ များသားပါ့"

"နောက်တစ်ကြောင်းက မ တစ်ရာသားတွေနဲ့ ကျေးရွာနဲ့ မသင့် လျော်ဘူး နောင်ငယ်။ သမီးပျိုတွေကို ကျီစယ်ကြ၊ ပြောင်လှောင်ကြရင်

ရွာသားတွေ အမျက်ထွက်နိုင်သပ။ သို့ကြောင့် သွားမှဖြစ်မပ"

"သို့ဆိုလည်း နောင်တော့် သဘောတော်အတိုင်းပါပဲ။ မောင်ခေါင်းကြီးဆီကို လွှတ်တဲ့လူတွေလည်း ပြန်ရောက်လာကြပါပြီ။ မောင်ခေါင်းကလေးက အုတ်ဖိုမှာပါ၊ မောင်ခေါင်းကြီးဆီပဲ သွားချင်သပ ဆိုရင် တာပွန်မှာ ရှိသကော နောင်တော်"

"တာပွန်သွားသဟာပဲ သင့်မည်ထင်ပ"

"နာမကျန်းသူတွေ၊ ဒဏ်ရာရသူတွေကို အကျွန့်ထံထားခဲ့ပါ နောင်ကြီး။ သူရို့ ကျန်းမာသည်အထိ အကျွန် စောင့်ရှောက်ပါရစေ"

ယခု သူတို့ပြောနေသော မောင်ခေါင်းကြီးနှင့် မောင်ခေါင်းကလေးမှာ ဦးမြတ်ထွန်းနှင့် မရှေးမနှောင်းပင် မိစ္ဆာဒိဋ္ဌိ ကုလားနက် ကုလားဖြူများကို စွမ်းစွမ်းတမံ တိုက်ခိုက်မောင်းထုတ်နေသူ ညီအစ်ကိုဖြစ်၏။

ဦးခေါင်းကြီးတို့၏ တာပွန်ရွာကြီးသည် နတ်တလင်း၏ အနောက်ဘက်ခပ်လှမ်းလှမ်းတွင်ရှိသည်။ ဦးခေါင်းကြီးသည် ထိုအရပ်၌ တိုက်သူကြီးအဖြစ် အုပ်ချုပ်၏။

ကုလားသည် ရုံဖန်ရုံခါ၌ အတွင်းပိုင်းသို့ဝင်လာကာ မျိုးချစ်မြန်မာများကို သတ်ဖြတ်ခြင်း၊ ကျေးရွာများကို လုယက်မီးရှို့ခြင်းပြုသည်။ အဓိကအဖြစ်မှု မြစ်ကမ်းဝဲယာရှိ မြို့ရွာများသာဖြစ်သည်။

ဦးခေါင်းကြီး၏ ယောက်ဖမှာ မိုးညှိုမြို့ဝန်ဖြစ်သည်။ အမည်မှာ ဦးတလုတ်။ သူသည် မြန်မာမင်း၏ ကျေးဇူးသစ္စာတော်ကို မငဲ့ဘဲ၊ ကုလားထံ ဒူးထောက်၏။ ကုလားသည် အရာရှိဟောင်းများကို အလွန်လိုလား၏။ အခြေမပျက် အုပ်ချုပ်ခွင့်ရသဖြင့် ဦးတလုတ်အား မြို့အုပ်ရာထူးပေး၏။

သမီးယောက်ဖမှာ ညီရင်းအစ်ကိုတမျှ ချစ်ခင်ရင်းနှီးခဲ့ငြား၊ ဦးတလုတ် မြို့အုပ်ဖြစ်ချိန်တွင် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်သွားပြီ။ သို့ပါလျက်နှင့် ဦးတလုတ်သည် အေးဆေးစွာမနေ။ ဦးခေါင်းကြီးထံ စာ

တစ်စောင်ပို့၏။

"မောင်ခေါင်းကြီး။ ငါလည်း အသက်ရှစ်ဆယ်အရွယ်ထောက်လာပြီမို့ သူ့ထံဝင်လိုက်သည်။အမောင်လည်း ငါ့ထံသို့ အမြန်လာစေချင်သည်။ မြန်အောင်တွင် လူမရှိသေး။ မြန်အောင်မြို့အုပ်အရာရရေးကို ငါ့တာဝန်ထား"

တိုက်သူကြီး ရွာသူကြီးအပေါင်း၏ ခစားဝန်းရံခံရသော မြို့အုပ်မြို့ ချုပ်။ သို့သော် ကုလားကိုကား ရှိခိုးရ၏။ ဘုရားထူးရ၏။ လူကလေးဟု ခေါ်လျှင်လည်း သည်းခံရ၏။

"ထို.... မြို့အုပ် ဘဇာမြို့အုပ်တုန်းဝေ"

ဦးခေါင်းကြီးသည် ယောက်ဖထံမှပေးစာကို ဆွဲဆုတ်ရင်း ရွံ့ရှာစက် ဆုတ်စွာတွေးတွေး၏။

"ဟေ့၊ ရာထူးရှူးတဲ့ ငါ့ယောက်ဖကိုပြောလိုက်။ ခင်ဗျားသာ မိစ္ဆာဒိဋ္ဌိကို အရှက်မရှိ ဘုရားထူး၊ ရှိခိုးလို့။ အေး၊ သွားတော့"

ဦးခေါင်းကြီးသည် စာလာပေးသူ ဝေးသွားသည်အထိ စောင့်ကြည့်ပြီးမှ ရဲမက်တစ်ယောက်အား လှမ်းခေါ်၏။

"ညီလေးရှိလား။ ရှိရင်ခေါ်ချေကွယ် မြန်မြန်"

ဦးခေါင်းကြီးသည် ကုလားတို့ထံမှရသော သေနတ်တစ်လက်ကို ကောက်ယူသည်။ ကျည်ခါးပတ်ကို စစ်ဆေးသည်။

"နောင်တော်၊ အကျွန် ရောက်ပြီဗျို့"

"ငါတို့ယောက်ဖ ဦးတလုတ် ကောင်းစားနေသကော ညီလေး။ သူက ငါ့ကို မြန်အောင်မြို့အုပ်ဖြစ်အောင် ခွေးတွေဆီမှာ သံတော်ဦးတင်ပေးမယ် တဲ့ကွ"

"စေတနာနဲ့ ပြောတာဖြစ်မှာပါ"

"တယ်၊ ပါးကြီးချလိုက်ရ"

ဦးခေါင်းကြီးသည်ပါးစပ်ဖြင့်သာ ချသည်မဟုတ်။ ကြမ်းတမ်းထူထဲ

သော လက်ဝါးကြီးကပါ ရောက်လာသည်။ ဦးခေါင်းလေးသည် ရယ်ရယ်မောမော ငှဲ့ရှောင်ရင်း တံတောင်ဆစ်ကို လက်ပြန်ခုတ်ချသည်။

ဦးခေါင်းကြီးသည် ညီငယ်၏ လက်ဝါးစောင်းကို အခြားလက်ဖြင့် ဖျက်ထုတ်လိုက်ပြီးမှ ဆက်ပြော၏။

"ကဲ ယောက်ဖကြီးရဲ့မြို့ကို တိုက်ကြစို့ကွာ။ နို့မဟုတ်ရင် အားတိုင်းယားတိုင်း စာတွေထိုင်ရေးနေလိမ့်မယ်"

"စစ်ကြောင်းသုံးကြောင်းခွဲပြီး သန်ဘက်ခါ မနက်စောစောတိုက်မယ်"

ဤသို့ဖြင့် ဦးတလုတ် စံမြန်းရာ မိုးညိုမြို့ကို နောက်နှစ်ရက်အကြာတွင် ဦးခေါင်းကြီးညီအစ်ကို၏ တပ်များသည် နေထွက်တစ်ပြိုတွင် ဝင်ရောက် စီးနင်းလေ၏။

ဦးတလုတ်သည် မောင်းသံ ကြားလျှင်ကြားချင်း ထရပ်သည်။ မောင်းသံနှင့်တွဲလျက် ခရသင်းသံ၊ တံပိုးသံများ ဆက်တိုက်ပါလာသည်။

"ဟဲ့ ထကြ၊ ထကြ"

သူသည် ပြောပြောဆိုဆို မြစ်ဆိပ်သို့ ဦးတည်ပြေး၏။ တပည့်တပန်း အိမ်သူအိမ်သားများသည် အလွယ်သုံးပစ္စည်းများကို ထမ်းရွက်ပိုးလျက် လိုက်ပါလာကြ၏။ သူတို့သည် ပစ္စည်းပစ္စယ လေးလေးလံလံများကို ယမန်နေ့ ကတည်းက လှေပေါ်သို့တင်ထားကြ၏။

မောင်းသံ၊ တံပိုး၊ ခရာသံများ ပို၍ကျယ်လောင်သည်။ သေနတ်သံများ ပေါ်လာသည်။ စစ်ဗာရီကင်းကို စီးနင်းခြင်းဖြစ်မည်။

"ကျားဘသား ကျား၊ ကျားဟ ကျား"

စစ်ကြွေးသံများ ဟိန်းတက်၏။ ဦးတလုတ်သည် စစ်ဗာရီ ကင်းဝတ်ဘက်မှ မီးခိုးကိုမြင်သည်နှင့် ပေါင်းမိုးထဲဝင်ပြေးကာ လှေကို ကမ်းမှ ခွာရန် အမိန့်ပေးလေ၏။

"ကုလားကို ပသို့ ခုတ်မတုန်း။ ဒိနယ် ခုတ်မယ်"

"ကုလားကို ပသို့ သတ်မတုန်း၊ ဒီနယ်သတ်မယ်"

"ခုတ်ဟ သတ်ဟ၊ ကျားဘသား ကျားကျား"

ဦးခေါင်းကြီးသည် တပ်မကြီးအလယ်တွင် လိုက်ပါလာသည်။ ရွှေထီး ဆောင်းထားသော သူ့ဝဲယာတွင် သေနတ်စွဲရဲမက်များ ရွှေဓားစွဲများ ခြံရံ လိုက်ပါလာကြသည်။ တပ်ဦးမှဒေါင်းလံကြီးသည် လေတွင်မြူးလျက် မိုးညို့ မြို့တွင်းသို့ တရွေ့ရွေ့ဝင်လာသည်။

ကင်းဂတ်မှ ကုလားများသည် ဝဲတောင်ပံကို ဂရုစိုက်ပစ်ခတ်နေစဉ် ယာတောင်ပံသည် ကင်းဂတ်ထဲသို့ရောက်လာပြီ။ သေနတ်ဖြင့် ပစ်ခတ် ဝင် ရောက်လာပြီးနောက် လုံ့စွပ်မကြွနိုင်မီ ဓားစာကျွေးသည်။ လုံ့စွပ်ကို မြှောက် ချီဆဲ၌ ဓားစာကျွေးသည်။

"ကျားဘကျား။ ကုလားတွေ မပြေးစေနဲ့"

"လိုက်ဟ ခုတ်ဟ"

ပျားတူအုံကို တုတ်ဖြင့်ထိုးဘိသို့ ကင်းဂတ်ကို သဲသဲမဲမဲတိုက်ခိုက် ကြ၏။ မပြေးစေနဲ့၊ မလွတ်စေနဲ့ ဆိုသည့်ကြားက ကုလားသုံးယောက် လွတ်ထွက်၏။ သူတို့သည် မြစ်ဆိပ်သို့ ပြေးလာကာ သင်္ဘောပေါ်တက်၏။

သူတို့ကို မြင်သောကြောင့် ကုန်းဘောင်ချပေး၏။ အနီးရှိ ဓနိပုံများ တဲကလေးများထဲမှ လူအချို့၊ ကုလားနှင့်ရောထွေးပြီး သင်္ဘောပေါ် ပြေး တက်လာ၏။ သေနတ်သံများ အဆက်မပြတ်ပေါ်လာသည်။ ပြေးတက်ဆဲ ကုလားများ၊ သင်္ဘောပေါ်၌ ပြေးလွှားအော်ဟစ်နေသည့် ကုလားအချို့ကို သေနတ် ထိမှန်သည်။

တစ်ပြိုင်နက်တည်းပင် ပုန်းခိုနေသောလှေများ စုန်ဆင်းလာကြ၊ ဆန် တက်လာကြ၏။ သင်္ဘောပေါ်မှ ကုလားများ ကမ်းပေါ်သို့အာရုံရောက်နေ ကြစဉ် ခိုတက်၏။ ဆွဲတက်၏။ သေနတ်သံများ၊ ကျားဟိန်းသံများ ပွက် လောရိုက်သည်။ ကွမ်းတစ်ယာညက်အတွင်း၌ ကုလားသင်္ဘောကို ဦးခေါင်း

ကြီး၏ မိစ္ဆာဒိဋ္ဌိ မောင်းထုတ်ရေးတပ်သားများက စီးနင်းရမိသွားသည်။

"ခေါင်းကြီး ခေါင်းကလေးတပ်ပေ့ာ၊ ကိုယ့်ပစ္စည်းကိုယ်ယူပြီး ပြေးကြ"

ဦးခေါင်းကြီး၏ ရဲမက်များသည် မြို့တွင်းသို့ လှည့်ပတ်အော်ဟစ်သည်။

"မကြောက်ကြနဲ့၊ မကြောက်ကြနဲ့။ ကိုယ့်ဟာကိုယ်ယူပြီး လွတ်ရာသွားကြ"

မကြောက်ကြနှင့်ဆိုငြား၊ ကြောက်ရွံ့ကြသည်သာဖြစ်၏။ သွေးစက်စက်ကျနေသည့် ဓားကြီးတွေ တဝင့်ဝင့် မဟုတ်သလော။

မိုးညိုမြို့ မည်သို့ဖြစ်သည်ကို သတင်းပေးနိုင်သော ကုလားဟူ၍ တစ်ယောက်မှ မကျန်ချေ။ မြို့အုပ် ဦးတလုတ်သာ အုတ်ဖိုသို့မရောက်လျှင် ရတ်တရက်သိရန် မလွယ်ကူလှချေ။ ဦးတလုတ်ကြောင့်သာ မိုးညိုမှ ကုလားကို ဦးခေါင်းကြီး၏ရဲမက်များ ချေမှုန်းလိုက်ကြောင်း ဟသ်ာတ အရေးပိုင်သိရတော့သည်။

တပ်သားတစ်ထောင်ကျော်နှင့်အတူ ဦးခေါင်းကြီးထံသို့ ဦးမြတ်ထွန်း ရောက်လာချိန်ဝယ် ဦးခေါင်းကြီးသည် တာပွန်သို့ ပြန်ရောက်နေချေပြီ။ ကုလား၏ ပြန်လည်တိုက်ခိုက်မှုကို မျှော်လင့်ရင်း တာပွန်တွင် ခံတပ်ကြီးတစ်ခု တည်ဆောက်နေချိန်လည်း ဖြစ်ပေ၏။

"အကျွန့်မှာ လူထောင့်ငါးရာ သေနတ်ခြောက်ရာပဲ ရှိသကော နောင်တော်။ ဝမ်းသာလိုက်ပါဘိ"

ဦးခေါင်းကြီးသည် ဦးမြတ်ထွန်းကို ဝမ်းသာအားရ ကြိုဆိုကာ သူထိုင်သောနေရာတွင် နေရာချထားပေး၏။

"ခေါင်းကလေးကော ကျန်းခန့်သာလို့မာပါစ"

"ကျန်းမာပါ့ဗျာ။ ညီလေး အခု၊ အကျွန့်ယောက်ဖ ဦးတလုတ်ဆီသွားသဗျာ့"

"မြို့ဝန် ဦးတလုတ် မဟုတ်လား"

ဦးခေါင်းကြီးသည် တစ်စုံတစ်ရာ အတွေးပေါက်သဖြင့် ရယ်မောသည်။

"ဟုတ်ပါ့ဗျား။ အုတ်ဖိုပျက်ရင် ဘဇာကိုသွားမတုန်း၊ မေးမြန်းစုံစမ်းဖို့ သွားနေသကော"

ဦးမြတ်ထွန်းမှာ ထိုအခါတွင်မှ အုတ်ဖိုတွင် ဦးတလုတ်ရှိ၍ အုတ်ဖိုကို ဦးခေါင်းကလေးတပ်က စီးနင်းတိုက်ခိုက်သိမ်းပိုက်ရန် စီစဉ်နေကြောင်း သဘောပေါက်သဖြင့် ပြုံး၏။

"ခရီးပန်းလာ ထင်ပါ့ နောင်တော်ကြီး"

"မပန်းပါဘူးဗျာ။ ခင်ဗျားမျက်နှာ မြင်ရခဏမှာပဲ အမောပြေသွားပါပြီ"

"သဟာထက် နောင်တော်ကြီး။ နေပြည်တော် အမရပူရမှာ မင်းပြောင်းမင်းလွှဲ ဖြစ်တယ်ကြားရ၊ ဟုတ်ပါစ"

ဦးမြတ်ထွန်း မပြောလိုသဖြင့် ခေါင်းညိတ်၏။

"အသူ မင်းဖြစ်လာသတုန်းဗျ"

"သီပေါမြို့စားမင်းသားက ရှင်ဘုရင်။ ညီတော် ကနောင်မြို့စားမင်းသားက အိမ်ရှေ့ဥပရာဇာပါ့"

"အနို့၊ နိုင်ငံတော်ကြီးကို မိစ္ဆာဒိဋ္ဌိ ကုလားဖြူတွေ ကျူးကျော်လာတဲ့ကိစ္စ။ သဟာကို ပသို့လုပ်မယ် ကြံသတဲ့တုန်း"

ဦးမြတ်ထွန်း ခေါင်းခါသည်။ အားတက်ဖွယ်ကင်းသည်ကို ရဲရင့်ပြောင်မြောက်သော မျိုးချစ်ပုဂ္ဂိုလ်ကြီး မသိစေချင်။ သို့သော် မပြော၍မဖြစ်။ ပြောမှဖြစ်ပေမည်။

"ရှောင်းရင်းရာ။ ကိုယ့်နိုင်ငံကို ကိုယ်ကာကွယ်တဲ့အရေးမှာ ကိုယ့်ရန်သူကို ကိုယ့်အိမ်ကိုယ်မြေထဲက မောင်းထုတ်ရာမှာ ရှင်ဘုရင်နဲ့ မဆိုင်ဘူးထင်ပါ့ဗျာ"

ဦးခေါင်းကြီး ညင်သာစွာ ခေါင်းညိတ်၏။

"ရှင်ဘုရင်ဆိုသဟာ လက်နက်လူသူ သန်းချီပြီး စုဆောင်းနိုင်သပါ့။

သို့ကလို ကြီးမားတဲ့ အင်အားကြီးနဲ့ရန်သူကို ချေမှုန်းရင် ကုလားဟာ ကျုပ်တို့ရဲ့တပ်ကလေးတွေကို ပြန်မကြည့်အားဘူးပဲ့"

ဦးမြတ်ထွန်း စိတ်မကောင်းရပြန်ပေ။ ဦးခေါင်းကြီး၏ မျှော်လင့်ချက်နှင့် မင်းတုန်းမင်း၏ သဘောထားမှာ ဆီနှင့် ရေ ဖြစ်နေသည် မဟုတ်လော။ သို့ကြောင့် ခေါင်းကိုသာ တွင်တွင် ခါယမ်းပြမိလေတော့၏။ ထို့နောက် တစ်အောင့်မျှ ငြိမ်သက်နေပြီးမှ သင့်လျော်မည့်စကားကို ရှာဖွေပြော၏။

"နောက်ခါမှာ ပသို့လာမည်မသိ။ အခုတော့ အားတက်ဖွယ်မမြင်။ သဟာကြောင့် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဝန်ကိုယ်ထမ်းကြပါစို့"

ဦးခေါင်းကြီး ခေါင်းညိတ်၏။

"အခု ကိုခေါင်းကြီးတည်ထားတဲ့ ခံတပ်က ကြီးမားပါတယ်။ ခိုင်ခံ့ပါတယ်။ ကျုပ်ခံတပ်လည်း ယခုလောက်ပဲပဲ့။ သို့သော် ရန်သူမှာ အမြောက်ရှိသဟာ မမေ့စေချင်ဘူး"

"ရန်သူ့အမြောက်၊ အကျွန်ုပ်ခံတပ်ကို ရောက်မလာရဘူး နောင်တော်ကြီး"

တစ်ဦး၏ ကြံစည်စိတ်ကူးမှုသည် အခြားတစ်ဦးနှင့် တူချင်မှ တူမည်။ ဦးခေါင်းကြီး၏ အစီအမံ အခင်းအကျင်း မည်သို့ရှိသနည်း၊ ဦးမြတ်ထွန်း မသိ။ သိချင်သော်လည်း မမေး"

"နောင်တော်ကြီးရဲ့ အမြောက်တွေ၊ အကုန်လုံး ဆုံးရှုံးသလားဗျ။ တစ်လက်တလေ မကျန်တော့ဖူးလား"

"တစ်လက်နှစ်လက် ကျန်ပါလိမ့်ဦးမယ်။ ကိုခေါင်းကြီး လိုချင်သပဆိုရင် လှူလှူတ်အရှာခိုင်းပေးပါ့မယ်"

"သို့ကလိုဆိုရင် အကျွန်ုပ်ခံတပ်မှာ ပြည့်စုံသွားပြီးပဲ့။ အကျွန်ခံတပ်ကို ကုလားအမြောက် မရောက်စေရဘူး ဆိုသဟာက ကုလားအမြောက်

မဆိုထားဘိ ကုလားသည်ပင် အလွယ်တကူ မရောက်နိုင်ဘူး။ ဘဇာကြောင့် ဆို အကျွန့်လူတွေကို တပ်ဦးတပ်ကာလုပ်ပြီး ဖြန့်ထားသကော"

"ဩော် အင်း အင်း၊ ကောင်းပါ့ ကောင်းပါ့"

ဦးမြတ်ထွန်း အားတက်သရော ခေါင်းညိတ်၏။

"ညီလေးက ယုန်သလင်းမှာ လူခြောက်ရာနဲ့ တပ်ချသကော။ ယုန်သလင်းနဲ့ ကိုးမိုင်ကွာမှာရှိတဲ့ နတ်သမီးစခန်းမှာ လူသုံးရာဗျာ။ စစ်ကဲကြီး မိုးသီး အုပ်ချုပ်သဗျ။ တပ်ဦးအစောင့်ပါ့။ မိုးညိုနဲ့ မင်းကြီးရွာမှာလည်း လူခြောက်ရာစီ တပ်ဖွဲ့ထားတဲ့အပြင် သွေးသောက်ကြီးတွေ အုပ်ချုပ်တဲ့ တစ်ရာ တပ်ကလေးတွေလည်း အရံဖြန့်ချထားသဗျာ့"

"ကောင်းလိုက်လေဗျာ။ သို့ဆိုရင် ကုလားခြေချစရာ နေရာတောင် မကျန်တော့ပါကလား အနှောင်"

ဦးခေါင်းကြီး ပြုံးသည်။ သူ့အိုး သူ့အိမ် မဟုတ်ဘူးပါ့။ အကျွန်တို့မြေ၊ အကျွန်တို့ယာသာပါ့။ သူခြေချစရာ မလိုသကော" ဟု ပလုတ်ပလောင်း ပြော၏။

တဲတံစက်မြိတ်အောက်သို့ သွေးသောက်တစ်ယောက် လက်ယုက်ရှိခိုးလျက် လာရပ်၏။ "အမောင်၊ ဝင်ခဲ့" ခေါ်မှ ကွပ်ပျစ်ရှေ့သို့ ကပ်လာပြီး ဒူးတုပ်၏။

"အသို့နည်း သွေးသောက်ကြီး၊ ဘဇာကိစ္စ"

"ဟသ်ာတ အရေးပိုင်ထံက လူတစ်ယောက် စာလာပေးပါတယ် ဘုရား"

"ခေါ်ခဲ့သလား၊ ဘယ်မှာတုန်း"

"ရှေ့ကင်းမှာ တားဆီးထားကြောင်းပါဘုရား"

"ကောင်းသပါ့ အမောင်။ ငါလာသည်အထိ တားဆီးထား၊ သွားတော့"

ဦးခေါင်းကြီးသည် ကွမ်းတစ်ယာကို အပြေးအလွှားယာ၏။ "အပန်းမကြီးရင် နောင်တော်ကြီးပါ လိုက်ခဲ့ပါဘိ" ပြောအပြီး၌ ကွမ်းယာကို ပါးစပ်ထဲထိုးသွင်း၏။

မကြာမီပင် ခံတပ်တွင်းမှ ရွှေထီးတဝင်းဝင်း နောက်လိုက်နောက်ပါများ အစုံအလင်ဖြင့် ဦးခေါင်းကြီးနှင့် ဦးမြတ်ထွန်းတို့ ထွက်လာ၏။ စာလာပေးသောအဖွဲ့မှာ ခံတပ်အခြေအနေကို ကြည့်ရှုမှတ်သားရန် ကြံစည်ထားငြား၊ အကြံအထမမြောက်တော့ချေ။

"ဒူးတုပ်ပြီး လက်နှစ်ဖက်နဲ့ ရိုရိုသေသေ ဆက်သပါဘိ"

လက်တစ်ဖက်ဖြင့် ကမ်းမည်ပြုသဖြင့် သွေးသောက်ကြီးငေါက်ငန်း၏။

"ဟသာ်တာ အရေးပိုင်မင်း ကပ္ပတိန်ဆမစ် အကြောင်းကြားလိုက်သည်မောင်ခေါင်းကြီး....တဲ့။ မောင်မင်းတဲ့ ထို"

"ဒေါသကို နောက်ထားပြီး ဆုံးအောင်ဖတ်ပါဘိ"

စက္ကူကို ဆုတ်ဖြဲပစ်မည်လုပ်သဖြင့် ဦးမြတ်ထွန်းက တားမြစ်လိုက်ကာ အပြုံးဖြင့် ဖျောင်းဖျ၏။

"မောင်မင်းသည်တဲ့၊ ကျွန်ုပ်ထံသို့ အမြန်လာရောက် ဆက်သွယ်ပါကတဲ့၊ မြို့အုပ်ရာထူးတစ်နေရာ ကောင်းစွာရမည်ဖြစ်ကြောင်း၊ ကျွန်ုပ်အသေအချာ ပြောနိုင်သည်တဲ့။ ကပ္ပတိန်ဆမစ်၊ အရေးပိုင်မင်း၊ ဟသာ်တာမြို့တဲ့။ ထို"

ဤအကြိမ်တွင်ကား ဦးမြတ်ထွန်းသည် မတားမြစ်တော့ချေ၊ ဦးခေါင်းကြီး၏ တုတ်ခိုင်သော လက်ချောင်းကြီးများကြားမှ အမွှာမွှာဖြစ်ကာ လွင့်စင်သွားသော စက္ကူစများကို ပြုံးစေ့စေ့ ကြည့်နေ၏။

"ဟေ့ ကလကျွန်။ အရေးပိုင်မျောက်ဖြူကို ပြောလိုက်။ ဟသာ်တာက ခုနစ်ရက်အတွင်း ထွက်သွားပါ။ မသွားရင် သေပြီမှတ်လို့။ ကဲ သွားတော့"

စာလာပေးသော အဖွဲ့၏ခေါင်းဆောင်သည် မကျေမနပ်ဖြင့် ထရပ်

၏။ သို့ဖြစ်သဖြင့် သွေးသောက်ကြီးတစ်ယောက်က ကုပ်ကိုနှိမ်ပြီး ပြန်အထိုင်ခိုင်း၏။

"မောင်မင်း ပြန်ထိုင်စမ်း။ ရှိခိုးပြီး နောက်ဆုတ်.... နောက်ဆုတ်သွားပါ။ ဟောဟို သစ်တုံးနားရောက်မှ မတ်တတ်ရပ်ပါ"

ကုလားကျွန်သည် ပြန်၍ထိုင်ကား ထိုင်ပါ၏။ သို့ရာတွင် မုဆိုးဒူးထောက်မိသည်နှင့် အင်္ကျီအောက်မှ ပြောင်းတိုသေနတ်ကို ဆွဲထုတ်၏။

"ရန်သူ"

ဟူသော အော်သံနှင့်အတူ ခြေထောက်တစ်ချောင်း ပြေးဝင်လာသည်။ သေနတ်ကို ကန်ထုတ်၏။ ပေါက်ကွဲသံပေါ်လာသည်။ ကျည်တစ်တောင့်သည် ဦးခေါင်းကြီးနှင့် ဦးမြတ်ထွန်းကြားသို့ ပြေးဝင်၏။

သေနတ်ပစ်မည့်လက်ကို ပြေးကန်သူမှာ ငမိုးကောင်းဖြစ်သည်။ သူသည် ဦးမြတ်ထွန်း၏ ကျောဘက်တွင် ရှိနေခဲ့သည်။

ကုလားကျွန်သည် လက်ကို အကန်ခံရလျှင် ခံရချင်း နောက်ဆုတ်ခုန်ထသည်။ ဓားကိုဆွဲထုတ်သည်။ သူ့လူများပါ ဖြိုင်ဖြိုင်ထလျှင်ကား၊ ဓားရေးပြပွဲ ကျင်းပဖြစ်မည်။ ယခုသော် သူ့လူများ မထ။ သူတစ်ယောက်တည်း ဖြစ်သောကြောင့် သွေးသောက်ကြီး၏ဓားကို ရင်ဆိုင်ရသည်။ ဓားကိုင် သူဖြစ်ငြား ဓားရေးမသိ။ သုံးလေးချက် မျောက်ခုန်သကဲ့သို့ ခုန်အပြီး၌ ဓားလွတ်ကျသည်။

"ဓားမတတ်သူကို ဓားနဲ့မသတ်"

သွေးသောက်ကြီးသည် ဓားကို ကိုင်ထားလျက်က ရန်သူ၏ကုပ်ကို ဆွဲနှိမ်သည်။ ကျောကိုတံတောင်ဖြင့် ထောင်းသည်။ ကျောကော့အသွား၌ ဒူးနောင့်ဖြင့် သုံးချက်ဆင့်ပေါက်သည်။ ကုလားကျွန်မှာ ကျောကော့လျက် သွေးအန်သည်။

"ငါတို့နယ်ထဲမှာ နင်တို့မျက်နှာတွေ နောက်တစ်ကြိမ် မြင်ရရင်

သေပြီမှတ်"

ပြောင်းတိုသေနတ်အပြင် ဓားများကိုပါ သိမ်းယူထားလိုက်သည်။ ဦးခေါင်းကြီးသည် ကုလားကျွန်ထံမှ ရသောသေနတ်ကို ဦးမြတ်ထွန်းသို့ ပေး၏။

"နောင်တော်ကြီးအတွက် လက်ဆောင်တော်ပါ"

ထို့နောက် ဦးမြတ်ထွန်း၏ကျောဘက် ခပ်လှမ်းလှမ်းသို့ ဆုတ်ခွာနေသော ငမိုးကောင်းအား ရှေ့သို့ အထွက်ခိုင်း၏။ ငမိုးကောင်း ဒူးတုပ် လက်ယှက်လျက် ပခုံးကိုပုတ်၏။

"အမောင် ယောကျ်ားကောင်းပဲ့။ နောင်တော်ကြီးမှာ လူစွမ်းကောင်းတွေ အများကြီးရှိမှာပဲ့"

"ရှိပါဘိကော"

"အမောင့်အမည် ပသို့ခေါ်သတုန်း"

"ငမိုးကောင်းပါဘုရား"

"အေးအေး။ အမောင်လို ရဲရင့်ဖျပ်လတ်တဲ့ ယောကျ်ားကောင်းကို မြင်ရတွေ့ရတာ ဝမ်းသာလှပါဘိ။ ငါ့နယ်မြေမှာ ပျော်ပျော်ကြီး အမှုထမ်းလကွယ့်။ အမောင့်သခင် ဗိုလ်ချုပ်ဦးမြတ်ထွန်းက ဘာရာထူးနဲ့ ချီးမြှောက်ထားသတုန်း"

"အကြပ်ရာထူးပါဘုရား"

"ထိုစကားအရောက်တွင် ဦးမြတ်ထွန်းက ဝင်ပြော၏။

"ခုအချိန်ကစပြီး သွေးသောက်အရာနဲ့ ထမ်းဆောင်စေ ငမိုးကောင်း"

★

## ၁၆

"ဆဒ္ဒန်ပိုင်ဘုန်းမြင့် နရိန္ဒာ၊ လယ်ထွန်အောင်ခန်း ရွှေနန်းစဉ်မင်္ဂလာ"

တေးသံသည် နဲ့သံနှင့်တွဲလျက် ပွဲဈေးခင်းထဲသို့ ဝေ့ဝဲဝင်လာ၏။ လင်းကွင်းသံနှင့် ဗုံရှည်သံကလည်း ထက်ကြပ်ပါလာ၏။ ဗုံရှည်သံ တဖိန်းဖိန်းသည် ပွဲလာနောက်ကျသူများကို သုတ်ခြေအတင်ခိုင်းနေ၏။

"မိုးယံမှာလေ ကြယ်ဇွေ၊ သိတဂူတာရိန် နှစ်နန်းငယ်ချိန်သည် ထိန်ထိန်ဝင်ရံခသည်နှင့်လေး"

ခေါင်းပေါင်းစ ရှည်ရှည်ချထားသော မင်းသားသည် မိုးသားကင်းစင်သော ကောင်းကင်သို့ လက်ညှိုးထိုးပြသည်။ သီချင်းကို ချလိုက်ပြီးလျှင် မင်းသမီးဘက်သို့ မျက်နှာမူလျက် လက်ပိုက်ထားလိုက်၏။

နဲ့သံ၊ ဗုံသံအလိုက်၊ မင်းသမီး လှည့်ပတ်ကသည်။ ထိုမင်းသားမင်းသမီးနှင့် ဗုံသမား နဲ့သမားတို့၏ ဘေးပတ်ပတ်လည်တွင် မီးစည်းတွေထိန်နေသည်။ ရေနံဆွတ်ထားသည့် မီးစည်းတွေဖြစ်သည်။

"စံပယ်ဖြူ ဥဿဘာ ဟန်လှငယ်ရှဉ်းစုံ၊ ရွှေထွန်တော်ကြီး ညီးညီးအုံ့ရာပုံ။ ဇေယျာခုံငယ်လေ သာသန့်ရှင်း"

ရွှေနန်းရှင် ဘုရင်မင်းတရား လယ်ထွန်မင်္ဂလာ ဆင်းတော်မူဟန်၊ မင်းသားသည် လက်ကို မြှောက်၍ နှင်တံဖြင့် မောင်းဟန် ထွန်ကိုင်း ကိုင်ဟန်ဖြင့် ဟန်လုပ်၏။ မင်းသမီးမှူ ရေသောက်ရန် ထွက်သွားသလော၊ ဘေးမှာ ကပ်ခိုပြီး ဆေးလိပ်ဖွာနေသလော၊ မင်းသား သတိမမူနိုင်။ သူ့တေးချင်းကိုသာ ဆက်လက်သီဆို၏။

"အမရဝေယန် ရွှေဗိမာန်၊ ဓသန်မြေ ဦးကင်းဝယ်ပလေး"

တေးချင်းအချ၊ ဗုံသံအကြွတွင် မင်းသမီး ဘွားခနဲ ပေါ်လာသည်။ ကွေးနေအောင် ကတော့သည်။

ပွဲဈေးတန်းတွင်ကား၊ ရေနံမီးခွက်များ မှိုင်းတလူလူဖြင့် စီတန်းနေ၏။ ငမိုးကောင်းသည် ပုဆိုးမြိတ်ကို ခေါင်းမြီးခြုံလျက် လူအုပ်အစွန်၌ရပ်နေ၏။ သူ့နောက်တွင်လည်း သူ့လူငါးယောက်သည် ခပ်ခွာခွာရပ်နေကြ၏။

"ပြည် ပြည်ထောင်သနင်း၊ မင်းမင်းများသခင်။ စက်တော်စုံတင် ဖြန်း ရစ်သန်းလှည့်ကာနှင်၊ ရှေ့တော်တွင်မှာလေ မှူးမတ်ကြီး၊ လက်ဝဲလက်ယာ တင့်မောစွာ၊ ဆက်ကာဝေး မနီးငယ်ကလေး"

ပွဲကြည့်ပရိသတ်သည် တိုးဝှေ့ကြည့်ရှုနေကြ၏။ ရှေ့မှလူများကို ပွဲ ကြပ်များက အတင်းအထိုင်ခိုင်း၏။ မင်းသမီး၏အကကို အလုအယက် ကြည့်နေကြခြင်းဖြစ်၏။

လူအများက ပွဲကို အလုအယက်ဖြစ်နေသော်လည်း ငမိုးကောင်းမှာ ပွဲကိုကြည့်နေပါလျက်က မမြင်။ သူသည် သနပ်ခါးဖွေးဖွေးမြင်တိုင်း မယ်မင်းဘော်လော လိုက်ကြည့်နေမိ၏။ သူသည် ပွဲဈေးတန်းတွင် ရပ်နေစဉ် မိန်းမတစ်သိုက်ကို မြင်လိုက်၏။ ထိုမိန်းမများထဲမှ ငမိုးကောင်းအား လှုပ်ရှားအောင် ပြုသောအရာမှာ မယ်မင်းဘော်နှင့်တူသောမိန်းမ။

သစ်သားရုပ် အသက်ဝင်လာသည့်နယ်၊ ငမိုးကောင်း လိုက်ကြည့်သည်။ မမီ။ လူအုပ်ထဲသို့ ဝင်ရောနှောသွားပြီ။

ပုဂံစာအုပ်တိုက်

သူသည် ထိုအချိန်မှစတင်ပြီး ပွဲခင်းကို ဝဲဘက်မှပန်းကြည့်လိုက်၊ ယာဘက်မှ ပန်းကြည့်လိုက် ဖြစ်ရတော့သည်။ ဖြစ်သာဖြစ်ငြား၊ သနပ်ခါး ဖွေးနေသော၊ ပန်းဝေနေသော မျက်နှာများထဲတွင် မိမင်းဘော်နှင့် ဆင်တူသူ ကိုပင်မတွေ့။

'ငါများ စိတ်စွဲလမ်းလို့ ဖြစ်ရော့သလား' ဟု သူ့ကိုယ်ကို စစ်ဆေးရသည်။ ထိုအခါ မျက်စိမမှား စိတ်ကမထင်ပါဟု ငမိုးကောင်း ဆိုနေမိပြန်သည်။

'အို မဖြစ်နိုင်ပါဘူး။ နေရာချင်းက နီးသာမှမဟုတ်သာ'

တစ်ယောက်တည်း တီးတိုးရေရွတ်နေစဉ် အကြပ်တစ်ယောက် အပြေးအလွှားရောက်လာပြီး၊ တီးတိုးပြောသည်။ ချက်ချင်းပင် ငမိုးကောင်း သည် သူ့လူများကို လက်ရိပ်ပြပြီး၊ အကြပ်နောက်သို့ သုတ်ခြေတင်လိုက် ပါသွားလေ၏။

ပွဲခင်းထဲတွင်ကား တေးသံ တညံညံ ဗုံသံ၊ နှဲသံ တစည်စည်ဖြင့် မကြာမီ ကျရောက်လာမည့် အန္တရာယ်ကို မရိပ်မိကြပေ။

ဤပွဲကား၊ သင်္ကြန်အပြီးတွင် ကျင်းပနေကျ ရွှေမျက်နှာ ဘုရားပွဲ တော်တည်း။ သင်္ကြန်ကာလ သုံးရက်အတွင်း၌ ရေကစားကြ ဥပုသ်သီတင်း စောင့်သုံးကြ၊ အလှူအတန်း ပြုလုပ်ကြမြဲဖြစ်၏။ သည်နှယ် မြူးထူးဆောင် ရွက်ခဲ့ကြငြား၊ ဘုရားပွဲတွင်လည်း စည်ကားသည်သာပင်ဖြစ်၏။

ဘုရားပွဲမှ ဗုံသံနှဲသံများသည် တိုင်ဝက်ခန့်ဝေးသော နေရာတွင် ရှိသည့်ကင်းသို့ ပြတ်တောင်းပြတ်တောင်း ရောက်ရှိ၏။ သင်္ကြန်ပွဲနှင့် ဘုရားပွဲလာ ရပ်ဝေးရပ်နီးပရိသတ်များသည် ကင်းဂိတ်ရှေ့မှ ဖြတ်သွားကြ ၏။ ကင်းဂိတ်ဘေးမှ ဖြတ်ပြန်ကြ၏။

သို့သော် လူတစ်စုကား ဖြတ်မသွားဘဲ ကင်းဂိတ်ကို ဝင်ကပ်သည်။ စန္ဒလီသည် သေနတ်ထမ်းလျက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာက "ဟုတ်၊ ဟူးအာယူ" ဟု အာခေါင်ခြစ်ပြီးအော်သည်။ အဖြေကား မှောင်ထုကို

ဖြတ်သန်းလာသည့် ဓားမြှောင်တစ်ချောင်းဖြစ်သည်။

ထို့နောက် ကင်းဂတ်သည် ငြိမ်သက်သွား၏။ မည်းမည်းအရိပ်များသည် ပို၍ ပို၍ များပြားလာသည်။

အမှောင်တွင်း၌ မီးရောင် ဖျတ်ခနဲလက်သည်။ မီးတောက်သည် ချက်ချင်းကြီးမားလာသည်။ လူတစ်စုက ကင်းဂတ်ကို မီးတင်ရှို့ခြင်း ဖြစ်သည်။ ထိုအချိန်တွင် မြို့ထဲသို့ လက်နက်ကိုင်များ ဝင်ရောက်လာကြသည်။

"ဦးမြတ်ထွန်းတပ်ဟေ့၊ ဗိုလ်ချုပ်ဦးမြတ်ထွန်းတပ်"

ထိုအသံများကြောင့် ကင်းဂတ်ထဲမှ လူများ လှုပ်ရှားလာသည်။ မှောင်ရိပ်မှ အသင့်စောင့်နေသူများသည် ပွင့်လာသည့် တံခါးဝသို့ သေနတ်ဖြင့် စုပြုပစ်ခတ်သည်။ ထိုအခါ နောက်ဖေးတံခါးများ ပြတင်းပေါက်များမှ ကုလားများ ခုန်ချပစ်ခတ်သည်။

"ကျားကျား၊ ကျားဘသား"

"ကုလား ကုလား အသေခုတ်"

"ကျားဘသား၊ ကျားဟေ့ ကျားဟ"

"ကုလား ကုလား အသေသတ်"

သေနတ်သံများ ဟစ်အော်သံများသည် ပွက်လောရိုက်၏။ ကုလားသည် မည်းမည်းမြင်ရာသို့ ရမ်းသမ်းပစ်ခတ်ကာ ထွက်ပြေး၏။ ဦးမြတ်ထွန်း၏ ရဲမက်များသည် ညာသံပေးလျက် လိုက်လံပစ်ခတ်၏။ ဓားရဲခုတ်တပ်သားများက အတင်းဝင်ပြီး ပူးကပ်တိုက်ခိုက်သည်။

"ဆက်ကကြ၊ ဆက်ကကြ။ အန္တရာယ် မရှိဘူး၊ ဆက်ကကြ"

ရဲမက်အချို့ အပြေးအလွှားရောက်လာပြီး သတိပေးသော်လည်း ပွဲပျက်သွားပြီ။ ဗုံသမားများနှင့် အကများ ပြေးမိပြေးရာ ပြေးသကဲ့သို့ မွဲကြည့် ပရိသတ်လည်း ခြေဦးတည့်ရာသို့ ပြေးလေပြီ။ ထိုနည်းတူပင် မြို့သူမြို့သားများလည်း အထုပ်အပိုးဆွဲကာ ပြေးကြသည်။ အချင်းချင်း အော်

ဟစ်ပြောဆိုသံ၊ အော်ဟစ်ခေါ်ငင်သံ၊ ကလေးမြေးငယ်တို့၏ ငိုကြွေးသံများဖြင့်ညံနေသည်။ လရောင်ပျပျအောက်တွင် အသက် ပြင်းစွာ ရှူရှိုက်နေသော ကနောင်မြို့။

"အလုအယက် အခိုးအဝှက် မရှိစေလင့်။ နာနာကြပ်မတ်ကြ"

အကြပ်များသည် မိမိတို့တပ်သားများ ကြားသိစေရန် အော်ဟစ်အမိန့်ပေး၏။ လူလေလူလွင့်များသည် အခွင့်ကောင်းယူကာ လုယက်တတ်၏။ အိမ်ရှင်ဟန်ဆောင်ကာ အိမ်ပေါ်တက်၍လည်း ပစ္စည်းများ ယူငင်တတ်၏။ သို့အတွက် အချိန်မီ သတိပေးခြင်း ဖြစ်သည်။

သွေးသောက် ငမိုးကောင်းသည် ကုလားများနောက်သို့ လိုက်လံပစ်ခတ်ရာမှ တက်တစ်ခေါက်ခေါက်ဖြင့် ပြန်လာကြသည်။ သူတို့သည် ကနောင်မြို့ကို မည်သူ့တပ်က စီးနင်းသိမ်းပိုက်ထားသည်ဟု ကုလားများ မသိစေရန် ကြိုးပမ်း၏။ သို့ရာတွင် ကုလားအချို့ လွတ်ထွက်သွားသဖြင့် အကြံမအောင်မြင်။

သူတို့သည် မြန်အောင်သွား လှည်းလမ်းအတိုင်း ပြန်လာကြသည်။ မြို့ခြေသို့ ကပ်မိချိန်ဝယ် ကုန်းမြင့်ပေါ်မှ လူအုပ်ဖွေးဖွေး အသော့နှင်လာသည်။ ငမိုးကောင်းတို့ လူစုခွဲကာ မှောင်ရိပ်ခိုလိုက်ကြသည်။

ဖွေးဖွေး ဖွေးဖွေးနှင့် ဆင်းလာသော လူအုပ်သည် သစ်ပင်အုပ်များအောက်သို့ရောက်လျှင် ရောက်ချင်း အော်ဟစ်သံပေါ်လာ၏။

"ကယ်တော်မူကြပါရှင်။ အမယ်လေး မအော်ပါဘူး"

မည်သို့ ဖြစ်သနည်း မေးနေရန် မလိုတော့ပေ။ ဓားဆွဲကာ ငမိုးကောင်း ပြေးထွက်၏။ သူ့လူများ ထက်ကြပ်ပါလာ၏။ လရောင် ပြောက်တိ ပြောက်ကြားအောက်၌ မိန်းမတစ်စုအား ဓားပြတိုက်နေခြင်းဖြစ်၏။

ဓားပြငါးယောက်သည် ပြေးလာသူများကို မြင်လျှင်မြင်ချင်း ရမိသမျှ ပစ္စည်းကိုယူကာ မြို့ဘက်သို့ပြေးသည်။

## ပုဂံစာအုပ်တိုက်

"မရပ်ရင် အသေပဲဟေ့"

ငမိုးကောင်း၏ အော်သံအဆုံး၌ သေနတ်သံနှစ်ချက်ပေါ်လာသည်။ ဓားပြတစ်ယောက် အားခနဲအော်လျက် ကုန်းအတက်၌ ပက်လက်လန်ကျ၏။

"ထိုင်နေလိုက်စမ်း၊ တစ်ယောက်မှ မလှုပ်နဲ့"

ကျန်ဓားပြများ ရုတ်ခနဲ ငုတ်တုတ်ထိုင်လိုက်ကြ၏။ ရဲမက်အချို့ အပြေးအလွှား ရောက်လာသည်။ ဒါးလှံများ တိုက်ရာပါ ပစ္စည်းများကို သိမ်းယူသည်။

"ဓားပြအတိုက်ခံရသဲ့ လူတွေ သည်ကိုလာပါ။ ကိုယ့်ဥစ္စာကိုယ် ရွေးယူလှည့်ကြပါ"

ငွေလရောင် ညှံ့သက်သော မှောင်ရိပ်မှ ခရီးသွားများသည် ဓားပြများ ထိုင်ပြီး ရှိခိုးနေသည့် လရောင်အောက်သို့ အပြေးအလွှားလာကြ၏။

"ဟိုအထုပ်က အကျွန့်အထုပ်"

"ဟိုတောင်းက အကျွန့်တောင်း"

ဓားပြတိုက်ခံရသူများမှာ ၁၄-၅ ယောက်ရှိငြား ယောကျ်ား သုံးယောက်သာပါ၏။

"ကျွန်တော်မအထုပ် ပျောက်ခြင်းကြီး ပျောက်သွားပါပြီကော"

ဤအသံကို ငမိုးကောင်း ကောင်းစွာ မှတ်မိသည်။ အသံလာရာသို့ ဖျတ်ခနဲ လှမ်းကြည့်သည်။ မိန်းမတစ်ယောက်။ မယ်မင်းဘော်ပေလော။ ပို၍ သေချာစေရန် လူအုပ်အနီးသို့ ချဉ်းကပ်လိုက်မိသည်။ ဟုတ်ပါသည်။ မယ်မင်းဘော် ဖြစ်ပါသည်။

"အမောင်တို့ မီးထွန်းပြီး အနီးအနားမှာ ရှာဖွေပေးကြပါဘိ"

မယ်မင်းဘော်ကလည်း ဤအသံကို မှတ်မိသည်။ ချက်ချင်း မော့ကြည့်ကာ "မောင်ကြီး မိုးကောင်း"ဟု ဝမ်းသာအားရအော်သည်။

"စောစောက ဈေးမှာ နမကိုမြင်လိုက်သယ်ထင်လို့ လိုက်ရှာသာ

မတွေ့ဘူး။ တွေ့မယ့်တွေ့တော့လည်း သည်မှာ မမျှော်လင့်ဘဲ”

“မှန်သပါ့မောင်ကြီး။ ဘုရားပွဲကိုလာရင်း သားချင်းများဆီမှာ တည်းရတာပါ့။ သူရို့ပြေးရာမှာ အကျွန်လည်း ပါလာသပါ့”

“ဩော် အင်းအင်း။ အကျွန်က အုန်းပင်စုနဲ့ကနောင် အဝေးသားပဲ။ စိတ်ထင်လို့ ဖြစ်ရမယ်ထင်နေသာကလား”

ရဲမက်များသည် လှည်းလမ်းဘေးတစ်လျှောက် မီးထွန်းပြီး ရှာဖွေရာမှ အထုပ်အချို့ တွေ့လာကြသည်။

“အခုသည်လူတွေဟာ နှမရဲ့ ဆွေမျိုးသားချင်းတွေ ထင်ပါ့”

မယ်မင်းဘော်သည် စားပြအတူ တိုက်ခံရသူများကို လှည့်ကြည့်မိ၏။ သူ များစွာ တုန်လှုပ်ရသည်။ မြို့ခံဆွေမျိုးများနှင့်အတူ ပြေးလာခဲ့ခြင်း ဖြစ်ပါလျက် မည်သည့်နေရာသို့ ရောက်သွားကြပြီနည်း။

“ဟင်.... ဟင်” အော်ရင်းက မယ်မင်းဘော်သည် ရင်ကိုဖိမိ၏။ မသိမကျွမ်းသူများနှင့် ညကြီးသန်းခေါင်တွင် ပြေးလာမိသော သူ့အဖြစ်သည် စားပြ အတိုက်မခံရပါမူ မည်သို့ဖြစ်ချေမည်နည်း။ ဤသည်ကို မယ်မင်းဘော် တွေးမိ၍ ရင်ကိုဖိရှာသလော။

သူသည် မျက်နှာများကို တစ်ဦးစီကြည့်ပြီးတိုင်း တစ်ကြိမ် ဟင် ရာက လူအုပ်ကြားထဲတွင် ကလေးတစ်ယောက်ကိုမြင်သဖြင့် ဝမ်းသာအားရ ပြေးဖက်၏။

“ညီမ မိသော့”

“အစ်မကြီး”

မိသော့လည်း မျက်နှာစိမ်းတွေကို မော့ကြည့်ကာ ငိုနေခဲ့ဟန်တူ၏။ မယ်မင်းဘော်ကို ပြေးဖက်မိချိန်၌ မျက်ရည်နှင့်မျက်ခွက် ပြည့်လျှမ်းနေ၏။ ငမိုးကောင်းလည်း တအံ့တသြ ဖြစ်နေရ၏။

“မမင်းဘော်၊ ပသို့ဖြစ်ရသတုန်း။ သည် လူအုပ်ထဲမှာ မမင်းဘော်ရဲ့

ဆွေမျိုးသားချင်း သည်တစ်ယောက်ပဲ ပါသယ်ဟေ့"

"ဟုတ် ဟုတ်ကဲ့ရှင့်"

"ရဲမက်တွေ သည်စားပြွတွေခေါ်သွားပြီး ဗိုလ်ချုပ်ထံ ဆက်သ"

သူ့လူအချို့အား လှည့်၍ အမိန့်ပေးပြီးမှ မမင်းဘော်ကို ဆက်မေး၏။

"မမင်းဘော် အထုပ်ဆိုသာကော"

"တွေ့ပါပြီ၊ ရပါပြီ"

မယ်မင်းဘော်က အဝတ်ထုပ် သေးသေးတစ်ထုပ်ကို မြှောက်ပြ၏။ ထိုအခါ ငမိုးကောင်းသည် အားလုံးကို ဝေ့ကြည့်ပြီးပြော၏။

"အတိုက်အခိုက် မရှိတော့ပါဘူး အမိတို့။ ကုလားလည်း ပြေးပါပြီ။ အဲသာကြောင့် ကိုယ့်အိမ်ကိုယ့်ရာကို ပြန်ပြီး နေနိုင်ပြီကော။ အဲ မနေလို၊ ခရီးဆက်လိုသပ ဆိုရင်လည်း ဆက်ကြပါဘိ"

ထို့နောက် မယ်မင်းဘော်ဘက်သို့ မျက်နှာမူလိုက်ပြန်သည်။

"အကျွန့်နှမလည်း သားချင်းများအိမ်ကို ပြန်ပါဘိ။ အိမ်ရှင်များ မကြာမြင့်မီ ပြန်လာလိမ့်မယ် ထင်ပ"

မယ်မင်းဘော်သည် အထုပ်ကလေးပိုက်ပြီး အဖော်ကလေးငယ်နှင့် အတူ လိုက်လာရင်း၊ စိတ်ထဲတွင် ပူပန်နေသည်။

"အကျွန် ပြောသာ ပသို့တုန်း နှမငယ်"

"ဟို.... အဲ၊ အိမ်တစ်လုံးလုံးမှာ ကျွန်တော်မနဲ့ ကလေးငယ်ကလေး တစ်ယောက်နဲ့နေရမှာ၊ ဟိုဟို.... အဲ"

"သဟာတွက် မစိုးရိမ်ပါနဲ့လေ။ အိမ်အောက်မှာ အကျွန်လာပြီး စောင့် ရှောက်ပေးမှာပ။နံနက်လင်းရင်လည်း နှမရဲ့သားချင်းတွေပြန်လာကြမှာပ"

အကောင်းဆုံးသော နည်းလမ်းမှာ ဤတစ်လမ်းသာ ရှိတော့သဖြင့် မယ်မင်းဘော်မှာ မငြင်းဆန်နိုင်ပေ။ သို့ဖြင့် တစ်အောင့်မျှ တိတ်ဆိတ်သွားပြီးနောက် ငမိုးကောင်းက စောင့်လှည့်ကြည့်ပြီး မေးပြန်၏။

"နှမတို့ သည်ကိုလာသာ နှစ်ယောက်တည်းလား"

"အမေနဲ့ အိမ်နီးချင်းတစ်ယောက် ပါသေးသကော။ အဘိုးတို့ လက်ထက်ကစပြီး နှစ်ဆန်းတစ်ရက်နေ့တိုင်း ရွှေမျက်နှာနတ်စင်ကို ဦးခိုက်ရတာကလား။ အကျွန်တို့ သားအမိသုံးယောက်၊ ပြုဖွယ်များ ပြုပြီးလို့ နက်ဖြန်ပြန်မယ် စီစဉ်ထားသကော"

မယ်မင်းဘော်တို့နှင့်အတူ စားပြတိုက်ခံရသူများသည် မြို့ထဲဝင်မိချိန်၌ ပြန့်ကျဲထွက်သွားကြသည်။ မယ်မင်းဘော်တို့ သားအမိတစ်တွေ တည်းခိုခဲ့သော အိမ်ဘက်သို့အလာတွင် မယ်မင်းဘော်တို့ညီအစ်မနှင့် ငမိုးကောင်းသာ ကျန်ခဲ့သည်။ ရဲမက်အချို့ကား နောက်မှ လိုက်ပါလာရင်း စကားတီးတိုး ပြောလာကြသည်။

ငွေလရောင်သည် ရွှန်းပထိန်ကြည်နေ၏။ ကနောင်မြို့မှာ စောစောတုန်းက တိုက်ပွဲတစ်ပွဲ မဖြစ်ခဲ့ဘိအလား၊ အေးချမ်းငြိမ်သက်နေပေ၏။ ဖုန်လူး ရွက်သစ်များသည် သကြန်လက်ဆေးမိုးကို မျှော်လျက် ငမိုးကောင်းတို့အား ချောင်းမြောင်းကြည့်ရှုနေကြ၏။

"ရောက်ပြီလေ အစ်မကြီး"

ကလေးမ၏ အသံစူးစူးကလေးကို ကြားရသဖြင့် ငမိုးကောင်း ပြန်လှည့်ကြည့်ရာက ချဉ်းကပ်လာသည်။

"ကလေးပြောသာ ဟုတ်သလားနှမ။ သေချာပါစ"

မယ်မင်းဘော်သည် အပြေးအလွှား ပိတ်ဆို့ခဲ့ရသည့် ခြေတံရှည်အိမ်ကြီးကို သေချာစွာကြည့်သည်။ ခေါင်းညိတ်သည်။

"အကျွန် မကြာမီ ပြန်လာခဲ့မယ်။ ရဲမက်နှစ်ကျိပ်လည်း အစောင့်အရှောက်ထားခဲ့ပြီး၊ အမြန်ပြန်လာခဲ့မယ်ပါ့။ စိတ်ချလက်ချ အိပ်ကြ"

ငမိုးကောင်းသည် ရဲမက်အချို့ကို ထားခဲ့ပြီး ရဲမက်အနည်းငယ်ခြံရံလျက် အသော့ထွက်ခွာသွားလေ၏။ သူသည် ရွှေနန်းရှင်ဘုရင်မင်းမြတ်

၏ တပ်မတော်ကြီးတွင် ဖြစ်ပါမူ၊ မြင်းတစ်စီးရမည်။ ချပ်ဝတ်အစုံ မောက်တို မောက်ရှူဆောင်းလျက် ကိုယ်ဝတ်အနီ၊တစ်စထောင် ဗာလီကွေးလည်ခြာနှင့် ပခုံးဝေါတင်ထားမည်။ ခါးစည်းပဝါနီဖြင့် ချည်ဖွဲ့ထားမည်။ ဓားအိမ်သွတ် ဓားကိုမူ မြင်း 'က' ဦးမှာ တွဲလွဲချိတ်မည်။ သို့မဟုတ် စလွယ်သိုင်းထားမည်။ ရှေ့တွင် သွေးသောက်ကြီးအလံကို ကိုင်ဆောင်ထားသူများက အပြေးသွားလိမ့်မည်။

ယခုသော်ကား မိစ္ဆာဒိဋ္ဌိမောင်းနှင်ရေးသာ အဓိကထားပြီး ဖွဲ့စည်းလှုပ်ရှားနေရသည့် တပ်တော်ဖြစ်ရာ လွှာဖိနပ်သော်မျှ အနိုင်နိုင်စီးရသည်။

သို့သော် အဝတ်အဆင် ထည်ဝါမှု၊ အဆောင်အယောင် ခန့်ညားမှုသည် ငမိုးကောင်းတို့အတွက် အရေးမကြီးပါ။ အမိမြေမှ အယုတ်ကောင်များကို အောင်မြင်စွာ မောင်းထုတ်နိုင်ရေးသည်သာ အဓိက ဖြစ်၏။

သူသည် သူဆောင်ရွက် ပြီးစီးခဲ့သမျှကို စစ်ကဲကြီးဦးမိုးသီးထံ အစီရင် ခံပြီးနောက် ခွင့်တောင်းကာ ရဲမက်များ စောင့်ကြပ်နေသည့် အိမ်သို့ ပြန်လာခဲ့သည်။ မြို့စွန်တောင်ဘက် ဥယျာဉ်များအတွင်းမှ လင်းဆွဲမြည်သံများက မြို့တွင်းတိုင် ဟိန်း၏။

ငမိုးကောင်းနှင့် နောက်လိုက်များသည် စကားမပြောဘဲ သွက်သွက်လျှောက်လာကြသည်။ မြေဝပ်ငှက်တစ်ကောင်သည် အလန့်တကြား ထပျံရာ ငမိုးကောင်း၏ မျက်နှာနားမှပွတ်သွား၏။ သူ ငုံ့ရှောင်ရင်း မျက်နှာကို တံတောင်ဆစ်ဖြင့် ကာစဉ် လက်ကောက်ဝတ်ကို တစ်စုံတစ်ရာရှာ၏။

'ဘာများပါလိမ့်'

ငမိုးကောင်း စမ်းကြည့်၏။ နားပန်တွင်ငြိနေသော သမန်းမြက်။

သမန်းမြက်ကို ဖယ်ရှားသောအခါ နားပေါက်တွင်း၌ လျှိုထားသော အမေ့ထဘီစကို နေရာတကျဖြစ်အောင် ပြုပြင်မိ၏။ ထိုအခါ အဖေအမေတို့သည် မေ့အိမ်တံခါးကို ဖွင့်ထွက်လာကြ၏။

ပုဂံစာအုပ်တိုက်

'ဩော်၊ အဖေနဲ့ အမေ နေကောင်းထိုင်သာမှ ရှိကြပါစ'

အဖေအမေတို့ကို တမ်းတမ်းတတ သတိရ၏။

အဖေသည် အသက် ငါးဆယ်ကျော်၊ အမေသည် လေးဆယ်ကျော် ငါးဆယ်တွင်း ရောက်ပြီမို့ ချူချာစပြုသည်။

'နောက်ထောက်ကြေးတွေ ရမှရကြသေးရဲ့လား'

ထိုအတွေးဝင်လာသောအခါ အမေ စိတ်ဆင်းရဲတော့မည်ဟု တွေး တောပူပန်မိ၏။ နေပြည်တော် အမရသို့အရောက်တွင် တပ်မတော်ကြီးသည် အဖမ်းခံရသလော။ ရွှေနန်းရှင်ထံအချို့၊ မင်းတုန်းမင်းသားဘက်သို့ တချို့ ရောက်ကာကွဲကျေသွားသလော။ သို့ဖြစ်လျှင် အဖေအမေ ရရှိနေသော နောက်ထောက်ကြေးများ ရရှိတော့မည်မဟုတ်။ သည်အရာမရလျှင် မည်သို့ စားသောက် နေထိုင်ကြမည်နည်း။

ငမိုးကောင်း၏ ရင်ဝယ် ဗလောင်ဆူပွက်၏။

'ငရွှင်၊ ရန်ညွန့်၊ သိမ်ဖြူတိုက်ပွဲမှာ ကျသာသေချာသယ်။ ပေါက် ကျိုင်း ဘယ်ရောက်သွားသတုန်း။ ငမှင်ကော ကျိုက်ကဇင်းခံတပ်မှာ ကျ သလား။ ရှာပဲ ပြန်သလား။

သူ့အိုးစားများအကြောင်း တွေးမိသောအခါ မျက်ရည်ဝေ့ရသည်။ နေပြည်တော်သို့ တပ်မတော်ကြီး ရောက်ရှိကြောင်း ရွာသူရွာသားများ ကြား ကြမည်။ ကြားလျှင် သရက်ကန်ရွာသား တပ်မတော်သားများအား မျှော်ကြ မည်။ တစ်ရက်သော်လည်း မရောက်လာ၊ နှစ်ရက်သော်လည်း မရောက် လာ၊ သုံးလသော်လည်း မရောက်၊ လေးလသော်လည်း မရောက်။ စိတ် ဆင်းရဲကြချေမည်။

သရက်ကန်သို့ ပြန်မရောက်သူများသည် တစ်ယောက်လည်း မဟုတ်၊ နှစ်ယောက်တည်းလည်း မဟုတ်။ သရက်ကန်သား အိုးစားတစ်ဖွဲ့ လုံး ဖြစ်ရာ၊ ရွာလုံးကျွတ် ပူဆွေးငိုကြွေးကြလိမ့်မည်။ အချို့ကမူ စား

တစ်ပိုက်ပိုက်ဖြင့် သူငယ်ချင်းများထံ လိုက်လံအိုးစားဖွဲ့ခဲ့သော မိမိအား ကျိန်ဆဲကြရော့မည်။

ငမိုးကောင်းသည် ရင်နင့်နင့်ဖြင့် အိမ်ရှေ့ကုတင်ပေါ်ဝင်ထိုင်၏။ ကုတင်ပေါ်တွင် ဖျာခင်းထားသည်။ စောင်နှင့် ခေါင်းအုံး ချထားသည်။ ငမိုးကောင်းနှင့် မတွေ့ထိရသည်မှာ ကြာခဲ့ပြီဖြစ်သော လူ့အသုံးအဆောင်များပါတကား။ တိမ်ဖြူများသည် ငွေလမင်းကို ခြုံလွှားကျီစယ်ကြ၏။ ငှက်တစ်ကောင်သည် မြင်ကွင်းပေါ်မှ ဖြတ်ကျော်ပျံသန်း၏။ ငမိုးကောင်းသည် ကျောဆန့်ရန်အတွက် ဓားလွယ်ကိုချွတ်ပြီးမှ ပြန်ထိုင်၏။ အကြောင်းမူ အိမ်ရှေ့၌ချထားသော ရဲမက်တစ်ကျိပ်အနက် တစ်ယောက်သာ အိမ်တိုင်ကိုမှီလျက်ရပ်နေပြီး ကျန်လူများမှာ အိမ်အောက်မြေပြင်တွင် ဖျာခင်း လဲလျောင်းလျက်တချို့၊ အိမ်ရှေ့မြက်ပင်များကြားတွင် ပက်လက်လန်လျက်တချို့ ဖြစ်နေသည်ကို မြင်ရသောကြောင့်တည်း။

ခြေသံကြားသည်။ အိမ်ပေါ်မှ တစ်ယောက်ယောက်ဆင်းလာ၏။

မယ်မင်းဘော့်ညီမဖြစ်၏။ သူ့လက်ထဲတွင် ဒေါင်းပေါင်တစ်ခုပါလာကာ ပဲကြီးလှော်၊ လက်ဖက်သုတ်၊ ချင်းသုတ်၊ မရွေးများ ထည့်ထားသည်။ ငမိုးကောင်းရှေ့တွင် ချထားပြီး "သုံးဆောင်တော်မူပါရှင့်" ပြောသည်။

ထိုကလေးမ ခွေးကတက်ပေါ်အရောက်၌ ငမိုးကောင်း လှမ်းမေးသည်။

"မမင်းဘော် အိပ်ပလား သူငယ်မ"

မိသော့ ပြန်ဆင်းလာပြီး လက်ယှက်၍ဖြေသည်။

"မအိပ်သေးပါ၊ ငိုနေပါသပ!"

"သယ်ခက်သကိုး" ညည်းညည်းတွားတွားဖြင့် ငမိုးကောင်းသည် တဘက်ပတ်ထားသည့် ဆံတိုကိုကုတ်၏။

"ငါ့လူတွေ။ ဟောသမှာ စားစရာတွေ၊ လာကြ၊ယူကြ၊စားလှည့်ကြဟေ့"

ရဲမက်များသို့ အော်ပြောပြီးနောက် မိသော့နောက်မှလိုက်ကာ အိမ်

ပေါ်သို့ တက်လာ၏။ အိမ်ပေါ်တွင် မီးရောင်မရှိဘြား၊ ကဲလားပြတင်းမှ ဝင်သော လရောင်ဖြင့် မြင်သာထင်သာရှိ၏။ ကလေးမသည် အခန်းတွင်းရှိ ကြမ်းပြင်တစ်နေရာတွင် ခွေအိပ်သည်။ မယ်မင်းဘော်မူ ကလေးမ၏ ခြေရင်းရှိ ကဲလားဘေးတွင် ငေးငိုင်နေသည်။ ငမိုးကောင်းဘက်သို့ မျက်နှာလှည့်ခိုက်၌ ပါးပေါ် မျက်လုံးပေါ်မှ ငွေရောင်တောက်သည်။

"မငိုပါနဲ့ မမင်းဘော်။ မယ်မင့်အမေနဲ့ သားချင်းများ မုချပြန်လာကြမှာပါ။ အကျွန် လာပြီး အိပ်သာကလည်း မမင်းဘော် စိတ်ချလက်ချ အိပ်စေချင်လို့ပါ။ အခုလို မအိပ်ဘဲ ငိုနေသာကြောင့် အကျွန် စိတ်မချမ်းမြေ့ ရသကော"

မယ်မင်းဘော်သည် ငိုသံဖြင့် စကားမပြောလိုထင့်။ မျက်ရည် သုတ်ရုံသာ သုတ်၏။ အသံထွက်မလာ။

"အိမ်ကြီးက အကြီးသားပါ့။ သားမိသားဖ အတန်များဟန်ရှိသယ်ထင်ပါ့"

"ဟုတ်ကဲ့၊ တစ်ကျိပ်ခြောက်ယောက် ရှိသပါ့"

အသံကြည်မြစွာ ထွက်လာသဖြင့် ငမိုးကောင်း ဝမ်းသာ၏။

"သြော်၊ အများသားပါကလား။ အနို့ ဘာလုပ်ကြသတုန်း"

"ဦးတော်ရဲ့ အမိအဖနဲ့၊ ထွေးတော်ရဲ့ အမိအဖများက အသက် တစ်ရာကျော်တွေနဲ့ တစ်ရာတွေပါ"

"သယ်လဲ ဆုတောင်းကောင်းကြသနော"

ငမိုးကောင်းသည် မိန်းမပျို တစ်ယောက်နှင့် ယောကျ်ားပျို တစ်ယောက်တို့ ယခုနယ်ကာလတွင် အခန်းတစ်ခန်းအတွင်း၌ အတူတကွ ရှိမနေသင့်ကြောင်း သိသည်။ သိသောကြောင့် ချက်ချင်းထမိဘြား၊ မေးစရာ ပေါ်လာသည်။

"သဟာဖြင့် အိမ်ရှင်ကရော လေှသူကြီးလား၊ ပွဲမင်းလား"

"ဦးတော်က လေှသူကြီးပါ။ ဦးစိန်ရောင်ရဲ့ သပြေဒီပါလေှကြီးဟာ

မြန်အောင်တရိုးမှာ ထင်ရှားသပ်"

"နမ ခုနကပြောသဲ့ ထွေးတော်ရဲ့ နာမည်နာမ ပသို့ခေါ်သတုန်း"

"ဒေါ်အုန်းချစ်လို့ ခေါ်သပ်။ ဦးတော်က လေ့ထွက်သွားတယ်ဆို ထင်ပ်။ သားသမီးတစ်ကျိပ်ဆိုတမင့်၊ အတူနေ သမီးနှစ်ယောက်ပဲ အိမ်မှာရှိပြီး အတူနေ သားနှစ်ယောက်က လှေနဲ့အတူ ပါသွားသကော"

"အလို" သို့ပုံဆိုက အဘိုးအို အဘွားအိုနဲ့ မိန်းမသားတွေချည်းသည်အိမ်မှာ ရှိသာပါကော။ အဘိုးအဘွားတွေ ပသို့များပြေးကြပါလိမ့်"

"ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းတွေကော။ ခြေထောက်နဲ့ပြေးသပ်"

မယ်မင်းဘော်သည် ပြုံးမည့်ယောင် မဲ့မည့်ယောင် မျက်နှာပေးဖြင့် ပြေရာက ဆောင့်ကြောင့်ထိုင်လျက် ဒူးနှစ်လုံးကို မေးပေါ်တင်ထား၏။ နိမ့်ဆင်းလာသော ငွေလရောင်သည် အခန်းထဲသို့ ထိုးကျနေရာ မယ်မင်းဘော်၏ ပိတုံးရောင်ဦးဆံများမှာ ငွေရောင်တောက်နေ၏။

ငမိုးကောင်းသည် လင်းတစ်ဝက် မှောင်တစ်ဝက် မျက်နှာလှလှကလေးကို ကြည်နူးစွာ စိုက်ကြည့်ရာက မြည်တမ်း၏။

"အကျွန်ရို့၊ သည်မြို့ကို ဝင်စီးသာ အဘိုးအဘွားတွေကို နှိပ်စက်ရာကျသွားပြီပ် မမင်းဘော်ရာ။ လူတွေ ပြေးကြလွှားကြ ငိုကြရယ်ကြနဲ့"

မယ်မင်းဘော် ခေါင်းထောင်၏။ ကြေကွဲမျက်လုံးများ တောက်ပြောင်သည်။

"မောင်ကြီးတို့ကို အသူက အပြစ်ဆိုပါလိမ့်။ ရန်သူကို ဘဇာမျှမလုပ်ဘဲ ငုတ်တုတ်ထိုင်ကြည့်နေရတော့မှာလား။ မိစ္ဆာဒိဋ္ဌိ ကုလားဖြူကုလားမည်းကို ကိုယ့်မြေပေါ်က မောင်းထုတ်သကော။ ပြေးရလွှားရတာ ငြိုငြင်စရာ မဟုတ်ပေါင်"

"အို ဝမ်းသာရပါဘိ မမင်းဘော်။ အကျွန် နှလုံးစိတ်ဝမ်းရွှင်လန်းရပါဘိ"

ငမိုးကောင်း ဝမ်းသာအယ်လဲ ပြောမိသည်။

ပုဂံစာအုပ်တိုက်

မိန်းမသားများသည် များသောအားဖြင့် ပြေးရလွှားရသည်ကို မနှစ်မြို့။ ပစ်ကြခတ်ကြ၊ သေကြေဒဏ်ရာရကြ၊ ပျက်စီးဆုံးရှုံးရသည့် အနိဋ္ဌာရုံများကို မျိုးချစ်စိတ်နှင့် ယှဉ်ပြီး မြင်တတ်ရန် နားမလည်ရှာကြ။

မိမင်းဘော်သော်ကား၊ အဆင်းလှသည်နှင့်အမျှ အချင်းလည်းလှ၏။ နိုင်ငံကိုချစ်ရမှန်း သိ၏။ ရန်သူကို မုန်းတီးရန် နားလည်၏။ နလပိန်းတုံး သောင်းပေါင်းများစွာထဲမှ အဖိုးတန် မိန်းမရှားပါတကား။

"အကျွန် မမွေးခင် ခုနစ်နှစ်လောက်ကလည်း ကုလားဟာ အခုလိုပဲ အကျွန်ရို့မြေကို ချင်းနင်းဝင်ရောက်ခဲ့ဖူးတယ်လို့ ကြားဖူးသပ။ လေးဆူဓာတ်ပုံ ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကြီးကို ဖျက်ဆီးရတာ အားမရလို့၊ ကျေးရွာတွေ မီးရှို့၊ လူတွေ သတ်ဖြတ်သွားခဲ့သကော"

"မှန်ပါသယ် မမင်းဘော်။ အကျွန် မမွေးခင် ငါးနှစ်ကပေါ့"

ဤစကားဖြင့် သူသည် မယ်မင်းဘော်ထက် နှစ်နှစ်မျှသာကြီးကြောင်း ဖော်ပြပြီးသား ဖြစ်သွားတော့သည်။

"သူရို့ အခုလာကြပြန်ပြီ။ သဘော်ပေါ်က အမြောက်ကြီးတွေနဲ့ လှမ်းပစ်တဲ့အတွက် ရွှေတိဂုံဆံတော်ရှင် စေတီတော်ကြီး ပျက်စီးသွားပြီကြားရသကော။ သူတို့ကို မောင်ကြီးတို့ တိုက်နေလို့သာပ၊ မောင်ကြီးတို့ မတိုက်ရင် အခုလောက်ဆို အကျွန်တို့ရွာတောင် ရောက်လာတော့မပေါ့။ မိစ္ဆာဒိဋ္ဌိတွေ ရောက်လာတဲ့ အရပ်ဒေသမှာ ရတနာသုံးပါး ပသို့ ထွန်းကားနိုင်ပါ့"

ဖရဏာပိတိ ဝွမ်းဆီထိပ်ဟူသည် ဤသို့ပေလောဟု တွေးယူရအောင် ငမိုးကောင်း ကြည်နူးမိသည်။ သူသည် မယ်မင်းဘော်အား မြတ်နိုးသည်တွင် လေးစားစိတ်ပါ ဖြစ်ပေါ်လာရတော့သည်။

"မမင်းဘော်က သလိုသိပေသည့် မမင်းဘော်ရဲ့ မိဘများကလည်း သလိုပဲ သဘောထားနိုင်ကြဦးမှကိုး။ နို့ပြီး အခု သည်အိမ်က ဆင်းပြေးရသဲ့ အဘိုးအဘွားတွေကကော သလိုရှိမလား"

"အဘိုးအဘွားက ညည်းတွာနေတာပါ။ မိစ္ဆာဒိဋ္ဌိတွေရောက်လာရင် တိုင်းပြည်မှောက်တော့မယ်။သင်းရို့ကို အသူနှင်ထုတ်ပါနဲ့ ညည်းနေကြသကော"

"ဩော် ဟုတ်စ၊ တော်ပါသေးရဲ့ဗျာ"

"မောင်ကြီးရို့ တောကဲကြီးရဲ့ ဥယျာဉ်ထဲမှာ စခန်းချသွားတုန်းက အဖေက အမေ့ကို ပြောသကော။ ရှင်မရယ်၊ ဆန်တစ်တင်း ငါးပိတစ်ပိဿာ နမျှောမနေနဲ့၊ ထောက်သာထောက်လိုက်။ သူရို့မို့ တိုက်နိုင်တာ၊ ငါမတိုက်နိုင်ဘူးတဲ့"

"အကျွန်ရို့ အသက်စွန့်ရကျိုးနပ်ပါဘိ နမသယ်"

လှိုက်လှဲကြည်နူးမှုမှ ပွင့်ထွန်းလာသော စကားဖြစ်သည်။ ငမိုးကောင်းသည် ထသွားရန်ကိုသော်လည်းကောင်း၊ တရွေ့ရွေ့ ကုန်ဆုံးသွားသော အချိန်ကိုသော်လည်းကောင်း၊ မေ့လျော့သည်။

"အကျွန်လည်း မိန်းမသားဖြစ်နေလို့ပါ။ ယောကျ်ားသားဖြစ်ရင် ဓားဆွဲ၊ သေနတ်ဆွဲပြီးတိုက်မှာပေါ့"

သတ္တိခဲပါကလားဟူသည့် အသိတွင် ကြည်နူးခြင်း၊ ဝမ်းသာခြင်း ဆင့်တိုးမြတ်နိုးခြင်းတို့ဖြင့် ငမိုးကောင်း ငေးမောနေဆဲတွင် "သမီးတို့ မိမင်းဘော်၊ မယ်သော့" ဟူ၍ အော်ကျယ်ဟစ်ကျယ် အသံကြီးသည် မမျှော်လင့်ဘဲ လှေကားရင်းမှ ပေါ်လာ၏။

"ဟော၊ အမေ့အသံ"

ဝမ်းသာရွှင်လန်းစွာပြောရင်း မယ်မင်းဘော် ထရပ်သည်တွင် အားလွန်ပြီး ဟပ်ထိုးလဲ၏။ ငမိုးကောင်းသာ လက်နှစ်ဖက်ဖြင့် ဆီးမပွေ့သော် လက်နှစ်ဖက်က ထဘီကိုသိမ်းနေရသဖြင့် ကြမ်းနှင့် မျက်နှာနှင့် ဆောင့်မိမည်မုချ။

"တစ်ညလုံး အိပ်မှမအိပ်ဘဲကိုး မမင်းဘော်ရယ်၊ မူးသာပဲဖြစ်ရမပေါ့"

အရှက်ပြေစကားကို မပြေမပြစ်ပြောကာ ငမိုးကောင်း တွဲထူပေးစဉ် အခန်းဝသို့ လူတစ်ယောက်လာရပ်၏။ မိသော့လည်း ငေါက်ခနဲထထိုင်၏။

"သမီးကြီး၊ သမီးကလေး"

မယ်ပန်းအိသည် အမောတကော ပြေးဝင်လုံးထွေး ပွေ့ဖက်ရာက "မသေလို့ ပြန်တွေ့ရတာပါကလား သမီးတို့ရဲ့" ပြောပြောဆိုဆို အော်ကြီး ဟစ်ကျယ် ငိုလေ၏။ ငမိုးကောင်းသည် ရပ်ကြည့်နေပြီးမှ သတိဝင်လာ သည်။ ချာခနဲ လှည့်အထွက်တွင် ပုဆိုးကို အဆွဲခံရ၏။

"အမောင်က အသူပါလိမ့်"

"မမင်းဘော်ရို့ ညီအစ်မနှစ်ယောက်တည်း၊ မအိပ်ရဲမှာစိုးလို့ ရဲမက် တွေနဲ့အတူလာပြီး စောင့်ပေးနေသာပါ။ အဲသာ မမင်းဘော် မအိပ်ဘဲ ငိုနေ သယ်ဆိုသဲ့အတွက်"

"ဟုတ်တယ် အမေ။ သမီးတို့ လူချင်းကွဲသွားသပ့်။ ဘယ်သူမှန်း မသိသူတွေနဲ့ မှောင်ကြီးထဲမှာ ပါသွားခါမှ တောကြောင်က လုသတော့်"

မိသော္၏အပြောတွင် ဒေါ်ပန်းအိမှာ "ဟောတော်"ဟူ၍သာ "အမယ် လေး" သာထောက်နိုင်သည်။

"တောကြောင်လုနေတုန်းမှာ ဦးတော်တို့ ရဲမက်တွေရောက်လာ ရော။ အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိရော။ ဟင် အမေကော၊ ထွေးတော်ရော ဖြစ်ရတော့တာပ့်။ အားလုံးလူစိမ်းတွေချည်းပဲ။ ဘယ်လိုက ဘယ်လို လူမှားသွားမှန်းမသိပါဘူး အမေရယ်။ သဟာနဲ့ ဦး တော် တို့က လိုက်ပို့သပ့်"

ယခုအခါတွင် မယ်မင်းဘော်၏မိခင် နားလည်လောက် သဘော ပေါက်လောက်ပြီ။ မိမိ ဆက်လက်ရပ်နေရန် မလိုတော့ပြီဟု ငမိုးကောင်း နားလည်သည်။

အိမ်အပြင်တွင် နေ့သစ်ကြို ရောင်ခြည်ဦးသည် မြန်မာပိုင် ကနောင် မြို့အား ဝမ်းပမ်းတသာ ထွက်ပြူရှုတ်ဆက်နေပြီ။

★

# ၁၇

ဖုန်းတောင်းယာစကာသည် အိမ်ခြေယာခြေ များပြားသော ရွာကြီးတစ်ရွာကို မြင်ရသဖြင့် အားကိုးတကြီး ဝင်လာခဲ့သည်။ သို့ရာတွင် အိမ်များမှာ ဟောင်းလောင်းကများသည်။ လမ်းတွင်တွေ့ခဲ့သော လှေသမ္ဗန်များသည် ဤရွာမှ ပြေးလာသူများပေလော။

အစွန့်ခံသည် လွယ်အိတ်ထဲမှ အုန်းမှုတ်ခွက်ကို ထုတ်ကိုင်ကာ ဝါးတောင်ဝေးကိုအားပြုလျက် တဲတစ်လုံးရှေ့၌ရပ်၏။ မိန်းမတစ်ယောက်သည် ထဘီရင်လျားဖြင့် တဲပေါက်ဝ၌ ဟင်းရွက်သင်နေ၏။

"သွားပါဦး"

အစွန့်ခံသည် မကြားဟန်ဖြင့် "မမရယ်၊ ထမင်းကျန် ဟင်းကျန် ကလေးဖြစ်ဖြစ် ဆန်ကလေးဖြစ်ဖြစ်" ပင်ပန်းနွမ်းနယ်သံဖြင့် အော်သည်။

"သွားပါဦးဆိုနေမှ"

တဲရှင်မ၏အသံသည် ခုနကထက်ကျယ်လောင်၏။ ခက်လည်းခက်ထန်၏။ အလိုမကျမှုသည် ဤမျှဖြင့် ပြီးစီးမသွားသေး။ အစွန့်ခံကို မျက်စောင်းထိုး၏။

"အရေးထဲမှာ သူရို့က တစ်မှောင့်။ ဆန်တစ်ပြည်ကို ခြောက်မူးက တက်သွားလိုက်တာ၊ ရှစ်ကျပ်။ သင်းရို့ မသိရှာသလား"

အစွန့်ခံကား သဒ္ဒါသည် မသဒ္ဒါသည် မသိပါ။ နောက်တစ်အိမ်သို့ ဝင်ပြန်သည်။ လေလာလျှင် ပြိုတော့မည်နှယ်ရှိသော ထိုတဲကိုလည်း အစွန့်ခံ မမျှော်လင့်ငြား၊ တဲရှေ့၌ ရပ်၏။

"ကျောင်းဒကာ ကျောင်းအမတို့ဗျား။ ထမင်းကြမ်းကလေးတစ်ဆုပ်"

အစွန့်ခံ မသွားသေး။ ထပ်ကွန့်၏။

"ဆန်ကလေး တစ်ဆုပ်တလေ စွန့်ကြဲပေးကမ်း"

"ဆန်လည်း မလောင်းနိုင်ဘူး သူတောင်းစားရေ့။ ရှိတာကလေး မှျတပြီး သားမိတတွေ ဆန်ပြုတ် ပြုတ်သောက်ရမှာ"

အစွန့်ခံ စိတ်ပျက်သွားဟန်ရှိ၏။ တုံ့နေးစွာ ဆုတ်ခွာလာခဲ့ပြီး၊ ခေါင်းငုံ့စောင်းပြီး နောက်ကြောင်းသို့ပြန်၏။ ထို့နောက် ရှေ့သို့ ဆက်လက်လာခဲ့ပြန်သည်။ သူ တတိယမြောက်ရပ်မိသောအိမ်ကား၊ တဲစုတ်တဲနုံ မဟုတ်၊ အိမ်ရှေ့၌ ပိုက်ကွန်တွေ လှမ်းထားသော သစ်သားအိမ်ဖြစ်သည်။ လက်ဖက်ရည်ဝိုင်းတွင် ယောကျ်ား လေး ငါးယောက် ဝိုင်းဖွဲ့နေသည်။

"သနားကြပါခင်ဗျာ။ အိမ်ကြီးရှင် သူတော်ကောင်းရို့"

လူများသည် အစွန့်ခံအား မြင်ဟန်မတူ။

"ခက်ကပြီကောဗျို့။ ဆန်ဈေးက တစ်ပြည်ကို ခြောက်မူးကနေ နေ့ချင်းညချင်း ရှစ်ကျပ်ဖြစ်သွားပြီး အကျွန်ရို့ ငါးပိငါးခြောက် ခနိက ဝယ်သူတောင် မရှိပါကလား"

"လူတွေ ကျီးလန့်စာစား ဖြစ်နေသကော။ ဆန်ရှိရာကို မသွားနိုင်ကြဘူးပါ"

ထိုအခါ တတိယလူက အစွန့်ခံအား ငုံ့ကြည့်ကာပြော၏။

"ဦးခေါင်းကြီး ဦးခေါင်းကလေးတို့က နေရာအနှံ့ တိုက်နေတယ်တဲ့။

မြစ်ရိုးနဲ့နီးရာရွာတွေလည်း အတွင်းရွှေ့ရပြန်သဲ့အတွက် တစ်ကြောင်းထင်ပါ့"
ပထမလူကပင် တစ်ကြော့ပြန် ဝင်ပြော၏။
"ခေါင်းကြီး ခေါင်းကလေးတွင်လား၊ ခနေဖြူ ဗိုလ်မြတ်ထွန်းပါ ရောက်နေဆိုကပဲ"
စတုတ္တအသံမှာမူ ထိတ်ပျာသံဖြင့် "ကုလားတော့ ခွေးပြေး ဝက်ပြေး ပြေးရပြီထင်ပါ့" ပြောသည်။
"အုတ်ဖိုကို ခေါင်းကလေးတပ်က သိမ်းတဲ့နေ့မှာ ကနောင်ကို ဝင်သိမ်းတာ တခြားတပ် ဟုတ်ပါရိုးလား။ ခနေဖြူ ဗိုလ်မြတ်ထွန်းတပ်တဲ့။ အနီဘက်က ပြေးလာသူတွေက တပ်အပ်သေချာပြောတာပါ့"
"ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့ ကျန်းမာချမ်းသာလို့ ဘယာဘေး ကွာဝေးကြပါစေခင်ဗျား။ ထမင်းကလေး တစ်ဆုပ်တစ်ခဲ"
စကားဝိုင်းမှ လူများသည် အစွန့်ခံအား မြင်သွားကြပြီ။ မိန်းမတစ်ယောက် ထွက်လာပြီး ငါးခြောက်တစ်မျှောင်းပေးသဖြင့် အုန်းမှုတ်ခွက်ဖြင့် ခံသည်။
"အိမ်ကြီးရှင် သူတော်ကောင်းတို့မှာ ဘေးဘယာ ဝေးကွာပလို့၊ အေးဌာနရေသီတာပမာ"
အစွန့်ခံသည် မောပန်းဟန်ဖြင့် သူ့ဆုတောင်းကို မကြာခဏ ရပ်ထား၏။ စကားဝိုင်းကလည်း စကား မဆက်ချေ။
"အေးဌာန ရေသီတာပမာ၊ ရွှေပြည်မဟာ နိဗ္ဗာနသို့ ဓိပ္ပာစ လျင်မြန်စွာဖြင့် ဝင်စံတော်မူနိုင်ကြပါစေဗျား"
ထိုကဲ့သို့ အစွန့်ခံ၏ ဆုတောင်းဆုံးချိန်တွင် စကားဝိုင်းမှာ ပြန်လည်အသံထွက်လာ၏။
"ဗိုလ်မြတ်ထွန်းဟာ သေနတ်ပီးသတဲ့"
"အိမ်ကြီးရှင် သူတော်ကောင်းတို့မှာ ဘေးဘယာ ဝေးကွာပလို့၊ အေး

ဌာန ရေသီတာပမာ"

"ဟဲ့ အစွန့်ခံ၊ ဆုတောင်းတွေ လည်နေပြီ။ သွားတော့၊ ငါးခြောက် ရပြီ မဟုတ်သကော"

ကြဲကြဲဖန်ဖန် အစွန့်ခံ၏ဆုတောင်းကို ဂရုတစိုက် နားထောင်နေခဲ့ သူတစ်ယောက်က ထငေါက်သဖြင့် အစွန့်ခံမှာ ထွက်ခွာလာရလေ၏။ လူ အများမှာ စားစရာ ဆန် ခက်နေချိန်ဖြစ်သဖြင့် အစွန့်ခံမှာ ဆန်မရ၊ ထမင်း မရပါ။ ဆယ်အိမ်တွင် တစ်အိမ်သာ ငါးခြောက်ဖြစ်စေ၊ ထန်းလျက်ဖြစ်စေ စွန့်ကြသည်။

ရွာတံခါးမှထွက်ရန် သုံးအိမ်အလိုတွင်ကား ရှေ့မှလူသုံးယောက် လမ်းပိတ်လျက်သွားနေသဖြင့် အစွန့်ခံမှာ ကျော်မတက်ဝံ့ပေ။

"ဟော့ လဲဗျိုးတပ်တွေ ဟသ်ာတမှာ ရောက်နေဆိုပါကလား"

"ဒါတွင် ဘယ်ကမတုန်း။ မြန်အောင်မှာကို ငါ မြင်ခဲ့တယ်။ ကုလား မဟုတ်ဘူးကွ။ မြန်မာတွေပဲ"

ထိုအခါ တတိယလူက "မြန်အောင်မှာ မြင်ခဲ့တာက လူသစ်တွေ ကွ။ မြန်အောင်မှာ လဲဗျိုးတပ်ဖွဲ့နေပါကော" ဝင်ပြောသည်။

သူတို့သည် အစွန့်ခံဝင်မည့်အိမ်ဝတွင် ရပ်ပြီးစကားပြောနေသဖြင့် အစွန့်ခံမှာ ပေပြီးရပ်နေ၏။

"မင်းဟာက ပြောင်းပြန်ဖြစ်နေပြီပါ့။ စစ်သားစုဆောင်းပြီး လဲဗျိုး တပ်ဖွဲ့နေတာက ဟသ်ာတပါ။ ဟသ်ာတကမှ မြန်အောင်ကို ပို့တာပါ့"

ပထမလူက ရှင်းပြသည်တွင် တတိယလူက ဒုတိယလူအား "တော် တော် များသလား" မေးသည်။

"တစ်ရာလောက် ရှိထင်ပါ့။ နာမည်ဆန်းလို့ သွားကြည့်သပါ။ ရိုင်းစိုင်းသကော။ ကြည့်တာကိုပဲ ဆဲသကော"

သူတို့သည် အစွန့်ခံအား လမ်းဖယ်ပေး၏။ အစွန့်ခံအိမ်ဘက်သို့

ရောက်သွားတော့မှ ဒုတိယလူက တီးတိုးပြော၏။

"ငါတို့ပြောသဟာကို စိုက်ပြီး နားထောင်နေတာပါကလား။ ကုလား သူလျှိုလား၊ ဗိုလ်ခေါင်းကြီး သူလျှိုလား၊ ဓားပြလား"

အသံနိမ့်ပြီးပြောပြီး၊ အစွန့်ခံကြားသည်။ သူသည် ဟီးနေသော ငါးခြောက်လှန်းစင်ကြီးကို လှမ်းကြည့်ရာက "သာဓုပါခင်ဗျာ၊ သာဓုပါ ခင်ဗျာ" စတင် ဆုတောင်းပြီးမှ ဆက်မဆိုဘဲ သုတ်ခနဲ ထွက်လာခဲ့လေ၏။

ထိုအစွန့်ခံသည် ရွာတံခါးအနီးရှိ ကင်းတဲပေါ်တွင် သူနှင့်အဆင် အပြင် တူညီသော ဘဝတူတစ်ယောက်ကိုမြင်ရသည်။ အံ့အားသင့်သွားပြီး ချက်ချင်း ဟန်ဆောင်ကာ ဆက်လက်လျှောက်လာသည်။

အစွန့်ခံသည် ကင်းတဲပေါ်တွင် ကျန်ခဲ့သော သူတောင်းစားကို မသင်္ကာပေ။ ရွာပြင်အရောက်တွင် သစ်ရွက်ရူးလေဟန် သစ်ကိုင်းချိုးလေ ဟန်လုပ်ရင်း ချုံထဲဝင်သည်။ နောက်ဘက်သို့ ပြန်ကြည့်သည်။ သူတောင်း စားကလည်း သူ့ကို လှမ်းကြည့်နေရာက အပြေးအလွှား ဆင်းလာသည်။

အစွန့်ခံသည် လမ်းဘက်သို့ ပြန်မထွက်တော့ဘဲ လယ်ကွင်းများ ဘက်သို့ထွက်ရာက အတန်သွားမိလျှင် ချုံထဲပြန်ဝင်သည်။ ထို့နောက် သူ စတင်ဝင်ခဲ့ရာ ချုံစပ်သို့ တရွေ့ရွေ့ ချောင်းမြောင်း ချဉ်းကပ်သည်။ သူက ကင်းတဲပေါ်မှ ပြေးဆင်းလာသည့် သူတောင်းစားကို တစ်လှည့်ပြန်ချောင်း ခြင်းဖြစ်ပြီး၊ ကုန်းဗေဒါချုံစပ်အရောက်၌ အရိုက်ခံရသည်။

တုတ်တစ်ချောင်း လေထုကို ဖြတ်သန်းလာသံ ကြားသည်။ အစွန့်ခံ တိမ်းရှောင်ရင်း ငဲ့စောင်းကြည့်သည်။ သူတောင်းစား။

လူကို မရိုက်မိသောတုတ်သည် မြေကြီးပေါ်သို့ စိုက်ဆင်းသွား သည်။ တစ်ပြိုင်နက်တည်း အစွန့်ခံ၏လက်သီးသည် လေထဲသို့မြောက် တက်၏။ သူတောင်းစားကလည်း နမော်နမဲ့သမား ဟုတ်ဟန်မတူ။ အစွန့်ခံ ၏လက်သီးကို တံတောင်ဆစ်ဖြင့်တွက်၏။ ငိုက်ကျသော အစွန့်ခံ၏ပါးချိပ်

ကို ပြင်းထန်စွာ ထိုးချ၏။

လည်ထွက်ရာမှ မတ်မတ်ရပ်မိသော အစွန့်ခံမှာ လည်ပင်းကို ဓား မြှောင်ဖြင့် အထောက်ခံရ၊ လက်မောင်းဖြင့် သိမ်းချုပ်ခံရတော့သည်။

"နင်အသူတုန်း။ ဘယ်ကလာသတုန်း"

"အကျွန် ညောင်ကွဲ သူတောင်းစားရွာကပါ"

"မယုံဘူး။ မှန်မှန်ပြော"

လည်ပင်းထဲသို့ ဓားမြှောင်သွားဝင်လာ၏။

"မယုံရင် အကျွန်တို့ရွာကို လိုက်ခဲ့ပါဘိအနောင်"

"လက်မြှောက်ထား။ လက်ချရင် သေပြီမှတ်"

သူတောင်းစားသည် ဓားမြှောင်ဖြင့် မထိတထိထောက်ထားသည်။ လက်လှမ်းမီရာ နွယ်ပင်တစ်ပင်ကို လှမ်းဆွဲသည်။ ထိုအခိုက် အစွန့်ခံ ခုန်ထွက်သည်။ ဓားမြှောင်ကိုင်လက်ကို ခြေဖြင့်ခတ်သည်။

အစွန့်ခံသည် လွင့်သွားသော ဓားမြှောင်ကို ပြေးကောက်သည်။ သူ့လက်ထဲသို့ ဓားမြှောင်ရောက်ချိန်ဝယ် သူတောင်းစားက ပြောင်းတို သေနတ်ဖြင့် ချိန်ထားနှင့်ပြီးဖြစ်သည်။

"ဓားချပြီး လက်မြှောက်။ ရှေ့က သွားပါဘိ"

အစွန့်ခံသည် သူတောင်းစား၏ အမိန့်ကို လိုက်နာ၏။

"သွား၊ ရှေ့ကသွား။ သုတ်သုတ်လှမ်းလေ"

အစွန့်ခံသည် ခုခံရန်လည်း စိတ်ကူးဟန်မရှိ။ သွက်သွက်လှမ်း၏။

"သဟာက ဘဇာကိုသွားမှာတုန်း"

"အကျွန်တို့ ညောင်ကွဲရွာကို သွားမှာပါ"

"နင် သူတောင်းစားမဟုတ်။ ခေါင်းကြီးခေါင်းကလေး သူပုန်တပ် က ဟုတ်စ"

မမျှော်လင့်သောနေရာမှ သေနတ်သံတစ်ချက် ပေါ်လာသည်။

ပုဂံစာအုပ်တိုက်

သူတောင်းစား၏ လက်မှ ပြောင်းတိုသေနတ် လွတ်ကျသွား၏။ သူတောင်းစားသည် သွေးဖြိုင်ဖြိုင်ကျသော သူ့လက်ကို ထိတ်လန့်အံ့ဩစွာ တစ်ချက်ကြည့်၏။ နောက်ကြောင်းသို့ ပြန်လှည့်ပြီးပြေး၏။

ကုန်းဗေဒါတောထဲမှ ဓားသမားသုံးယောက် ခုန်ထွက်လာပြီး ပိတ်ထား၏။

အရပ်သားတွေ သုံးစွဲရိုးသုံးစွဲစဉ် လွယ်အိတ်ထက် လေး ငါး ခြောက်ဆခန့် ကြီးမားသော လွယ်အိတ်စုတ်ကို လွယ်ထားသော အစွန့်ခံသည် မျက်စိဖုံးလုလု အုပ်ပေါင်းထားသည့် အဝတ်စုတ်ကိုဖြုတ်ပြီး၊ လွယ်အိတ်ထဲသို့ထည့်၏။ သူသည် အမည်မသိ အစွန့်ခံမဟုတ်တော့ပါ။ သွေးသောက်ကြီး ငမိုးကောင်းပါ။

သူသည် နောက်ပါရဲမက်များကို ပုန်းလျှိုးဝှက်လျှိုးလိုက်ရန် မှာထားခဲ့ပြီး အစွန့်ခံယောင်ဆောင်ကာ ရွာစဉ်လည်ပြီး အစွန့်ခံဟန်ဖြင့် စနည်းနာခဲ့သည်။ သူတောင်းစားကား လူတိုင်းမကိုင်နိုင်သော ပြောင်းတိုသေနတ်ကို ကိုင်စွဲနိုင်သူဖြစ်သဖြင့် ရန်သူ သေသေးကွေးကွေး မဟုတ်ကြောင်း ထင်ရှားသည်။

ငမိုးကောင်းသည် ဆောင့်ကြောင့်ထိုင်နေသော ရန်သူ၏ရှေ့တွင် ရပ်၏။

"ဟဲ့ကောင် မော့စမ်း။ နင် အသူနည်း"

ရန်သူသည် ကြောက်ရွံ့သော မျက်လုံးများဖြင့် မော့ကြည့်၏။ ဖြေသံကား ထွက်မလာပေ။

"သူဟာ ပသျှူးထင်ပါ့ သွေးသောက်မင်း"

ကရင်ရဲမက်တစ်ဦးက သေချာစွာကြည့်နေရာက မှတ်ချက်ပေး၏။ သို့စဉ်တွင် ရဲမက်တစ်ဦးက တံတောင်ဖြင့် သုံးချက်ဆင်းထောင်း၏။

"ပြောလဟဲ့၊ နင်အသူတုန်း"

မသက်ာစရာ သူတောင်းစားအတုမှာ လက်ပြန်ကြိုး အတုပ်ခံရသဖြင့် ကော့နေ၏။ အထောင်းခံရသဖြင့် ပိုပြီး ခါးကော့လာ၏။

"ဟုတ်တယ်၊ ငါပသျှုးပဲ။ နာမည် ငဖိန်း"

"ပြောစမ်း။ နင်ဟာ ဘဇာကြောင့် ငါ့ကို ဖမ်းသတုန်း။ နင် ငါ့ကို ဖမ်းပြီး ဘယ်ကိုခေါ်သွားမယ် ကြံသတုန်း"

ပသျှုးငဖိန်း မဖြေပေ။ သို့အတွက် ရဲမက်တစ်ယောက်က ရွှမ်းခနဲ အသံထွက်အောင် ဓားကို ဆွဲချွတ်ရာက "သတ်ပစ်သဟာ အေးသကော" ဆိုသဖြင့် ငမိုးကောင်း တားမြစ်သည်။

"ဗိုလ်ချုပ်ရှေ့တော်မှောက် အရောက်ပို့ရမယ်။ သတ်ပစ်ရင် လမ်းစပျောက်သွားနိုင်တယ်"

သို့ဖြင့် သူတို့သည် သူတောင်းစားကို မျက်နှာဖုံးအောင် အဝတ်စုတ်ဖြင့် ပေါင်းပေးသည်။ လက်ပြန်ကြိုးကို လူမမြင်အောင် အိတ်စုတ်ဖြင့် ဖုံးသည်။ သေနတ်များကိုကား၊ သစ်ခက်သစ်ရွက်များနှင့် ပူးချည်သည်။

ထိုမှ မိမိတို့အား သူတစ်ပါးမသိအောင် ရပ်ဖျက်ရခြင်းမှာ ဤနယ်တွင် ဦးခေါင်းကြီးနှင့် ဦးမြတ်ထွန်း၊ ဦးခေါင်းလေးတို့ တပ်များချည်း မဟုတ်ကြတော့ပေ။ ကုလားမွေးသော၊ အမျိုးသားသစ္စာဖောက် လဲဗျိုးများလည်း လှည့်လည်ကျက်စားနေသောကြောင့် ဖြစ်ပေသည်။

သို့ရာတွင် သစ္စာဖောက်လဲဗျိုး ကုလားကျွန်များသည် နယ်မြေအား အုပ်စီးမထားနိုင်ကြပေ။ သို့ကြောင့်လည်း ဦးခေါင်းကြီး၏ ရဲမက်များသည် မိုးညိုသို့သွားသော ကုန်းလမ်းရေလမ်းကို စိုးမိုးထားနိုင်သည်။ အုတ်ဖိုသို့ ထွက်ပြေးသော မြို့အုပ်ဦးတလုတ်ကို ဖမ်းဆီးထားနိုင်သည်။

ကုလားဖြူ ကုလားမည်းတပ်များ 'ရေကင်း' တွင် တပ်ကြီးတပ်ခိုင် ချထားလာသောအခါ သစ္စာဖောက်တပ်များ ပိုပြီး အားတက်လာသည်။ ယခု ငမိုးကောင်းတို့ ဖမ်းမိသော ပသျှုးမှာ သာယာဝတီမြို့အုပ်၏ သူလျှို

ဖြစ်တန်ရာသည်။ သူ့ထံမှ သတင်းရလျှင် ထိုမြို့အုပ်၏ ရှေ့ဆက်မည့် အကြံအစည်ကို ကြိုတင်သိနိုင်သည်။

ငမိုးကောင်းတို့ ကနောင်မြို့သို့ ရောက်လာကြသည်။

"သွေးသောက်မင်း၊ သွေးသောက်မင်း"

အိုးစားကြီး မွန်စံဘသည် ရှေ့ပြေးသွားရာက ဒရောသောပါး ပြန်ပြေးလာ၏။ ငမိုးကောင်းကိုလက်တို့ကာ မြို့ဘက်သို့ လက်ညှိုးညွှန်၏။

ငမိုးကောင်းမှာ "ဟင်"ခနဲမြည်ပြီး ကြက်သေ သေသွား၏။ မြို့ အဝင်ဝတွင် တလူလူလွင့်နေသောအရာမှာ ကျက်သရေမင်္ဂလာရှိသော မြဒေါင်းလံမဟုတ်။ ထောင့်တန်းရောတည့်တည့်ပါ ကြက်ခြေခတ်ထား သော ကုလားအလံနီပြာဖြစ်၏။

စိုးရိမ်မှု အပူကြီးသည် ငမိုးကောင်း၏ ရင်မှကြွတက်ကာ၊ လည် ချောင်းတွင် ဆို့၏။ သည်မြို့ကို ရန်သူသည် မည်သည့်အချိန်တွင် ဝင် ရောက် သိမ်းပိုက်သနည်း။ မိမိနှင့် မန်းစံဘတို့သည် ရဲမက်သုံးယောက်ကို အဖော်ခေါ်ပြီး တစ်ရွာဝင်တစ်ရွာထွက် စနည်းနာသည်မှာ သုံးရက်သာ ကြာ၏။ ကနောင် အတိုက်ခံရလျှင် မည်သည့်အတွက် သတင်းပေးများ လိုက်မလာသနည်း။

တိုက်ပွဲသည် ပြင်းထန်ဆိုးရွားသလော။

ဗိုလ်ချုပ်ဦးမြတ်ထွန်း ဘေးကင်းပါ၏လော။

ထို့နောက် မရည်ရွယ်ဘဲ အာရုံထဲသို့ ဝင်ရောက်လာသူမှာ ချစ်သော မယ်မင်းဘော်။ ငမိုးကောင်း၏ရင်မှာ တိုးဆင့်ပူလောင်၏။

'မမင်းဘော်တို့ သားအမိသုံးယောက်ကော၊ ဘေးရန်ကင်းကြပါစ။ ယခင်တစ်ကြိမ်နှယ် ဓားပြအတိုက် မခံရပါစေနှင့်'

ငမိုးကောင်းသည် နောက်သို့ ပြန်ဆုတ်လာသည်။ ချုံထဲတွင် ထိုင် နေသော ပဿျူးသူလျှိုအား ဆိုင်းမဆင့်ဗုံမပါ လိုမ့်ကန်၏။

## ပုဂံစာအုပ်တိုက်

“ပြောစမ်း။ သည်မြို့ကို သိမ်းသာ ဘယ်သူ့တပ်တုန်း”

“ငါတို့တပ်”

“ဗိုလ်ဘယ်သူတုန်း”

“နတ်တဲ”

ထို့နောက် ငမိုးကောင်းသည် သူလျှို၏ပါးစပ်ထဲသို့ အဝတ်စုတ်များ ထိုးထည့်ပြီးမှ တစ်ချုံဝင် တစ်ချုံထွက် တစ်ကုန်းဆင်း တစ်ကုန်းတက် ခရီးဆက်ခဲ့သည်။

အခြေအနေမှာ ခနဖြူဘက်မှာထက် ခက်ခဲရှုပ်ထွေးသည်။

ခနဖြူဘက်တွင် ရန်သူသည် ကုလားဖြစ်၏။ ကုလားဖြူဖြစ်စေ၊ ကုလားမည်းဖြစ်စေ မည်ကဲ့သို့မျှ မြန်မာယောင်ဆောင်၍မရ။ သို့ကြောင့် မြင်ထင်၏။ သိသာ၏။ သည်ဘက်တွင်ကား အခြေအနေ ရှုပ်ထွေး၏။ အမျိုးသား သစ္စာဖောက်များမှာ သူ့နယ် ကိုယ့်နယ်ပင် ဖြစ်သောကြောင့် မြင်လွယ်ထင်လွယ် မရှိ။

အမျိုးသား သစ္စာဖောက်တစ်ယောက်သည် ငါးရာနေ၏။ သူ့ကို တံငါတစ်ယောက်အဖြစ်သာ ထင်ကြမြင်ကြမည်သာဖြစ်၏။

ကုလားသည် သူလျှိုလုပ်ရန်အတွက် ယခု ငဖိန်းဆိုသူအား ကျေးရွာများသို့ သူတောင်းစားအသွင်ဖြင့် လွှတ်လိုက်သည်ကိုကြည့်။ သူကသာ ရန်မမူလျှင် သူ့ကို ကုလားမွေးထားသည့်ခွေးဟု မည်သို့မျှ သိနိုင်ဖွယ်မရှိ။

ဗိုလ်ချုပ်ဦးမြတ်ထွန်းသည် ထိုကဲ့သို့သောသူများ၏ လက်ချက်မှ လွတ်ပါလေစ။

ငမိုးကောင်းတို့သည် လူခွဲပြီး စုံစမ်းလိုက် ပြန်စုလိုက်ဖြင့် တောထဲ၌ ဝဲလည်နေကြရာ ညနေစောင်းချိန်တွင် အကြပ်တစ်ယောက်ကို တွေ့ကြ၏။ သို့ကြောင့်သာ တပ်မတော်ကြီးနှင့် ပြန်လည်ဆက်မိခြင်းဖြစ်၏။

“ဗိုလ်ချုပ်။ သည်သူဟာ ကနောင်သိမ်းသဲ့ ကုလားတပ်က သူလျှို

ပါမိုလ်ချုပ်။ သူ့ဆီက ပြောင်းတိုသေနတ်တစ်လက် ရပါသယ်"

အဖြစ်အပျက်များပါ အသေးစိတ် အစီရင်ခံကာ ငမိုးကောင်းသည် ပြောင်းတိုသေနတ်ကို အပ်လိုက်သည်။ ဦးမြတ်ထွန်းသည် ခေါင်းငုံ့ထား သောသူလျှိုအား စူးစိုက်ကြည့်နေပြီးမှ သွေးသောက်ကြီး တစ်ယောက်သို့ လွှဲအပ်လိုက်သည်။

"သွေးသောက်ကြီး ငမိုးသီး စစ်ဆေးကြည့်ပါဘိ။ မသေပါစေနဲ့။ ထမင်းဟင်းလည်း ကျွေးပါ။ လွတ်လည်း မပြေးပါစေနဲ့"

နေရာမှာ ကနောင်မြို့နှင့် များစွာမကွာ။ တစ်တိုင်ပင်မရှိသော အရပ် ရှိ၊ လျှိုကြီးတစ်ခုအတွင်း ဖြစ်သည်။ ကုလားလာရန် မလွယ်ကူစေကာမူ အမျိုးသား သစ္စာဖောက်များကိုမူ သတိကြီးစွာ ထားရမည့်နေရာ ဖြစ်သည်။

ငမိုးကောင်းတို့သည် အိုးစားများ ချက်ပြုတ်နေရာသို့ အလော တကြီးသွားကာ၊ တောင်းရမ်းစားသောက်ကြသည်။ ထမင်းကျက်သည် အထိ စောင့်ပါဦး ပြော၍လည်းမရ၊ အကျန်အကြွင်း အသိုးတွေပါဟုပြော ကာ တားမြစ်သော်လည်း နားမထောင်။ တွေ့သမျှကို အငမ်းမရ စားပစ် ကြသည်။

ဤသို့ မဆိုင်းနိုင် မစောင့်နိုင်ဘဲ စားသောက်ခြင်းမှာ အကြောင်း ရှိသည်။ ငမိုးကောင်းသည် နေဝင်ဖျိုးဖျတွင် မြို့ခြေသို့ကပ်ပြီး၊ မှောင်တရီ တွင် မြို့ထဲဝင်ချင်သည်။ မယ်မင်းဘော်ကို သူ စိတ်မချ။ မယ်မင်းဘော် တို့ ပြန်သွားကြပြီလော။ သို့မဟုတ် ဦးစိန်ရောင်မိသားစုနှင့်အတူ ပြေး သလော သိချင်သည်။ မပြေး မပြန်သေးလျှင်လည်း တွေ့ချင်သည်။

သို့ကြောင့် ဝမ်းပြည့်လျှင် ပြီးစတမ်းသဘောဖြင့် စားသော်ငြား၊ ဗိုလ်ချုပ်ဦးမြတ်ထွန်းထံမှ အခေါ်ရောက်လာသည်။ မည်သူ့ခါးတွင် ပုဆိုး လတ်လတ်ရှိသနည်း၊ ဆိတ်စာငှားပါဘိဟု ရဲမက်များကို လိုက်လံကြည့်ရှု နေရာက ငမိုးကောင်း အပြေးအလွှား လိုက်လာသည်။

## ပုဂံစာအုပ်တိုက်

ဦးမြတ်ထွန်းရှေ့တွင် မီးရောင်မရှိ။ သုံးလံကွာခန့်တွင်မူ ပျား ဖယောင်းတိုင်တစ်တိုင်ကို တောင်ခေါင်းတွင်းသွင်းပြီး ထွန်းညှိထား၏။ ရောင်ပြန်ဟပ်သော အလင်းရောင်သာ ဦးမြတ်ထွန်းရှေ့ ဝါးစေ့ပေါက် အခင်းပေါ်သို့ကျရောက်၏။

“ကျွန်တော် သွေးသောက် ငမိုးကောင်း၊ ရောက်ပါပြီဘုရား”

“ထိုင်လကွယ့်၊ ရှေ့တိုးလကွယ့်”

ဦးမြတ်ထွန်းသည် ရတ်တရက် စကားမစသေးဘဲ တိတ်ဆိတ်စွာ ထိုင်နေ၏။ သူ့အနီးရှိ အကြပ်များ သွေးသောက်များ စစ်ကဲများလည်း ခြင်ကိုက်သည်ကိုပင် ပုတ်ခတ်ရန်မသိ။ ငြိမ်သက်နေကြ၏။

“ပြာသို့လပြည့်ကျော်ကပဲ တာပွန်မြို့ကျသွားပြီ ငမိုးကောင်း”

ငမိုးကောင်းမှာ ကြီးမားသော ကျောက်တုံးကြီးဖြင့် ဦးခေါင်းကို ထုနှက်ခံရဘိသို့ ခံစားလိုက်ရ၏။

“သဟာလောက် ထုထည်ကောင်းပြီး၊ တပ်တွေရံထားသဲ့မြို့။ ပသို့ များ ကျရပါလိမ့်ဘုရား”

“သေနတ်ချင်းယှဉ်ရင် သင်းရို့ကသာတယ်။ ဓားနဲ့လှံစွပ်ပြိုင်ရင် ငါရို့က သာပ့ါ။ အေး သူရို့မှာ အမြောက်ပါပြီး၊ငါရို့မှာ တစ်လက်မှမရှိဘူး။ အဲသဟာကြောင့် တာပွန်ကျသပ့ါ”

ငမိုးကောင်းသည် ကျိုက်ကဇင်းခံတပ်တွင် နေရာချထားခဲ့သော အမြောက်များ စိန်ပြောင်းများကို သတိရသည်။

“အကျွန်ရို့၊ အုန်းပင်စုမှာ ဝှက်ထားခဲ့သဲ့ အမြောက်နှစ်လက် သွားယူရရင် ကောင်းမလား ဗိုလ်ချုပ်”

“ငါလည်း အမောင့်လိုပဲ စဉ်းစားမိသပ့ါ။ အမြောက်နဲ့ထုရရင် ကုလားခံကတုတ် သစ်တပ်တွေကို ငါရို့ အလွယ်တကူ မစီးနိုင်ပေဖူးလား”

“ဟုတ်ပါသယ် ဗိုလ်ချုပ်။ ကျိုးပေါက်သွားသဲ့နေရာက အကျွန်ရို့

ဝင်ရလွယ်သပါ”

ငမိုးကောင်း၏ အားတက်သရော ထောက်ခံစကား။

“အမောင် အဲသဟာသွားယူရင် ဘယ်မျှကြာမည်ထင်သတုန်း”

“အသွားအပြန် ခုနစ်ရက်ထက် ပိုမကြာဘူး ထင်ပါသယ်ဘုရား”

“ကောင်းပြီ။ ရဲရောင်သန်မာသူ ငါးကျိပ်ခေါ်သွား။ ယမ်းချက် ရဲမက်ဟောင်းတွေ တွေ့ရင်လည်း အပါခေါ်ခဲ့အမောင်”

“အကျွန် မြို့ထဲမှာ အသိတစ်ယောက် ရှိသဲ့အတွက်”

“အရေးတော် ဖင့်နွဲ့နေတန်ရာမယ် အမောင်။ လူစုံရင် ကနေ့ညပဲ သွားပါဘိ”

ငမိုးကောင်း ထပ်မံပြီး အခွင့်တောင်းမနေရဲပါ။ အမြန်သွားပါ ဆိုသည့်အတိုင်း ရဲရောင်သန်မာသူများကို စိတ်တိုင်းကျ လိုက်လံရွေးချယ်သည်။ သူတို့ ကနောင်လျှိုကြီးစခန်းမှ ထွက်လာချိန်တွင် လထွက်စပြုပြီ။

★

# ၁၈

ငမိုးကောင်းတို့ လူငါးကျိပ်မှာ အတိုက်အခိုက် အလုပ်အကြံထွက်လာသူများ မဟုတ်။ သို့အတွက် လက်နက်အဖြစ် ဒူးလေးနှင့် ဓားလုံသာပါသည်။ သေနတ်ဟူ၍ အကြပ်တစ်ယောက်တွင် တစ်လက်နှုန်းဖြင့် စုစုပေါင်း ငါး လက်သာပါသည်။

ထိုသို့ရှိခါမှ အမျိုးသား သစ္စာဖောက်တပ်နှင့် လာတိုးနေသည်။ ကင်းသမားနှစ်ယောက် ပြန်ပြေးလာကာ ငမိုးကောင်းထံ အစီရင်ခံ၏။

"ရှေ့က ရေဆိပ်မှာ လူသုံးဆယ်၊ သေနတ်အစုံအလင်နဲ့ မြင်ပါဘိ သွေးသောက်မင်း"

"လူစုခွဲလိုက်ကြဟေ့။ ငမဲကြီး လိုက်သွားပြီး ကြည့်ချေပါဘိ"

မိမိတို့ကူးမည့်ချောင်းတွင် ရောက်ရှိနေသူများသည် အနှောင့် အယှက်ပြုရန် တမင်ချရပ်ထားခြင်းလော။ ခရီးကြုံ၍ ချောင်းကူးရန် ပြင် ဆင်နေခြင်းလော။ ယာယီသဘော ရပ်နားနေခြင်းလော။

ငမိုးကောင်းတွင်လည်း ဆောင်ဓားအပြင်၊ ဦးမြတ်ထွန်း ဆုအဖြစ် ပေးသနားသော လဲဗျိုးသူတောင်းစား၏ ပြောင်းတိုသေနတ်သာပါသည်။

တိုက်ရန်အတွက် အရေးနည်းလွန်းသည်။

မကြာမီ အကြပ်ငမဲကြီး ပြန်ရောက်လာသည်။

“ချောင်းတစ်ဖက်ကမ်းက ကူးလာကြတာပါ သွေးသောက်မင်း။ သို့သော် ရုတ်ချည်း သွားဖွယ်မမြင်၊ ထမင်းဟင်းချက်ပြုတ်ပြီး သေရည်သောက်ဖို့ ပြင်ဆင်နေကြသကော”

“သင်းတို့ကို ရှောင်ပြီး ချောင်းအောက်ဘက်ကဖြစ်စေ၊ ချောင်းညာကဖြစ်စေ ကူးစရာနေရာ ရှာချေကြပါဘိ။ ငစဲလှ ချောင်းညာသွား”

မြန်မာနာရီ နှစ်နာရီမျှ အချိန်ဖြုန်းတီးပြီးမှ အကြပ်နှစ်ယောက်နှင့် သူတို့ လူများပြန်ရောက်လာကြသည်။ ချောင်းညာတွင် ကမ်းပါးစောက်ကြီးများ ခံနေသည့်အပြင် ရေပြင်ကျယ်သည်၊ အခြေဘက်တွင်လည်း ရေပြင်ကျယ်သည်သာမက ခရာတောထူထပ်သည်။

“ကမ်းပါးစောက်တွေကို ကြိုးပစ်ပြီး ကြိုးနဲ့ကူးရင် မဖြစ်သကော”

“ကူးရင် ရစရာရှိသကော။ ရေစီးနဲ့မျောပါ ပျက်စီးမယ့်လူ မနည်းဘူးထင်သကော”

ငမိုးကောင်း စဉ်းစားသည်။ အမျိုးသား သစ္စာဖောက် မျိုးဖျက်တပ်ထွက်ခွာသည်အထိ စောင့်မည်လော။ ခရီးရှည်နောက်ပြန်ဆုတ်ကာ အခြားလမ်းဖြင့် သွားမည်လော။ မည်သည့်နည်းမျှ မကောင်းပေ။ ဤချောင်းကို မိုးမလင်းမီကူးနိုင်မှ ရှေ့တွင်ရှိသော ရွာဘက်သို့မိုးချုပ်ချိန်၌ရောက်မည်။

“သွေးသောက်ကြီး။ အကျွန်ုပ်ရို့ ကြိုးပစ်ကူးစရာမလိုသကော။ ခရာဆူး အစူးခံစရာလည်း မလိုသကော”

ငမိုးကောင်း ကြံဆနေသဖြင့် ငစဲလှ ပြောခြင်းဖြစ်၏။

“ဘဇာကို ရည်ရွယ်သတုန်း ငစဲလှ”

“သင်းရို့ သေရည်ယစ်ချိန်ဟာ အကျွန်ုပ်ရို့အတွက် အခါကောင်းပါ”

“အေး၊ ဟုတ်ပါဘိ။ သည်ဟာကို ငါမတွေးမိ။ ကဲ ငစဲလှပဲ သွား

ကြည့်ချေကွယ်။ သင်းရို့ သေရည်ယစ်ဝချိန်မှာ ဝင်ရောက်တိုက်ကြစို့"

အကြပ်ငစံလှ ထွက်ခွာသွားသည်။ ဒူးလေးသမားများက ဒူးလေးပြင်သည်။ အကြပ်များက ကျည်ထိုးထားပြီးသော သေနတ်များကို သေချာမှုရှိမရှိ စစ်ဆေးသည်။ ကွမ်းတစ်ယာညက်အကြာ၌ ငစံလှ ပြန်လာပြီ။

"အချိန်ကောင်း အခါကောင်းရောက်ပြီပါ"

ရဲမက်များ တရွေ့ရွေ့ချီတက်လာကြသည်။ ရေဆိပ်ကို မြင်ရပြီ။ ငစံလှ ပြောသည့်အတိုင်း မူးရူးနေကြသည်။ သေနတ်တွေကို တစ်နေရာတွင် စုပြီးထောင်ထားသည်။ ကသူက ခုန်သူခုန်၊ မူးလဲသူ လဲနေပြီ။

"ဝဲတောင်ပံက ငမဲကြီးနဲ့ လူနှစ်ကျိပ်၊ ယာတောင်ပံက စံလှနဲ့နှစ်ကျိပ်။ အလယ်မှာ ငါနဲ့ ငကျွဲရဲ့လူတစ်ကျိပ်။ ဖြစ်နိုင်သမျှ အနားရောက်အောင်သွား။ ဖြစ်နိုင်ရင် ဓားရဲခုတ်ပါဘိ၊ မဖြစ်မှ သေနတ်နဲ့ဒူးလေးသုံး။ ကဲ တက်"

ငမိုးကောင်းသည် ပြောင်းတိုသေနတ်တစ်ဖက် ဓားလွတ်တစ်ဖက်ဆွဲလျက် ကုလားကျွန်များဘက်သို့ တရွေ့ရွေ့ ချဉ်းကပ်လာသည်။ ချုံများ၊ သစ်ပင်သစ်ငုတ်များသည် သူတို့ခိုကပ်စရာဖြစ်သည်။ ညဥ့်အမှောင်သည် လည်းကူညီလျက် ခြုံရုံပေးသည်။ သူတို့သည် ငါးတောင်ကျော် ခြောက်တောင်ခန့်အထိချဉ်းကပ်လာပြီးနောက် ဝဲတောင်ပံနှင့် ယာတောင်ပံကို စောင့်သည်။

"ကျား" ဟူသည့် အသံနက်ကြီး ဝဲတောင်ပံမှ ပေါ်လာ၏။ ကုလားကျွန်များ သေနတ်ရှိရာသို့ ပြေးလာကြ၏။

"ခုတ်ဟ သတ်ဟ ကျား"

အညွန့်ကျိုးစ မီးဖိုမီးရောင်အောက်၌ ဓားသွားများ ပြက်လက်၏။ ရှားရှားပါးပါးပါလာသော ကုလားမည်းနှစ်ယောက် ထွက်ပြေးရာ ငမိုးကောင်းလိုက်ခုတ်သည်။ တစ်ယောက်ကို စလွယ်သိုင်း၊ တစ်ယောက်ကို လက်ပြန်။

သေနတ်ပုံကို ဝဲတောင်ပံမှ စီးမိရာ ကုလားကျွန်များ ခုခံနိုင်စွမ်းမရှိ။ ခြေထောက်အားကိုးဖြင့် မှောင်ကြီးမျက်မည်းထဲသို့ ပြေးဝင်ကြ၏။

ပုဂံစာအုပ်တိုက်

"နာသဗျာ သွေးသောက်မင်းရာ။ ငါးကောင် လွတ်သွားသကော"

ငမဲကြီးနှင့် သူ့လူများသည် မှောင်နှင့်မည်းမည်းထဲသို့ မကျေမချမ်း ပြေးလိုက်ကြသေးသည်။ အတန်လှမ်းလှမ်းသို့ရောက်မှ ပြန်လာကြသည်။

တူမီးသေနတ် ငါးလက်သာပါသော လူငါးကျိပ်တပ်မှာ မမျှော်လင့်ဘဲနှင့် ကုလားသေနတ်သုံးဆယ်ပါသော တပ်တစ်တပ်ဖြစ်သွားပြီ။ ကုလားများ စွန့်ပစ်ထားသော သေနတ် အဟောင်းအမြင်းများဖြစ်စေကာမူ တူမီးသေနတ်ထက်ကား သာလွန်သေးသည်။

ထို့နောက်တွင်ကား ငမိုးကောင်း၏တပ်သည် ကျူတော ကိုင်းတော ထဲရှိ ဗွက်များကိုသာ ဖြတ်သန်းရင်း၊ ကျွတ်များ၊ မျှော့များနှင့် တိုက်ခိုက်ရတော့သည်။ အုန်းပင်စုရွာသို့ ငမိုးကောင်းတို့ရောက်ချိန်သည် ငမိုးကောင်းတွက်ဆသည့်အတိုင်း တတိယနေ့ နေဝင်ရီတရောဖြစ်၏။

ရဲမက်များသည် တောကဲကြီး၏ ဥယျာဉ်ထဲသို့ရောက်လျှင်ရောက်ချင်း ရွာနီးချုပ်စပ်သို့ လူဖြန့်သည်။ ကျိုက်ကဇင်းခံတပ်မှ ထွက်ခွာလာအပြီးတွင် ဆက်မလိုက်ဘဲ ကျန်နေခဲ့သူများရှိသည်။ ထိုသူများအနက် ယမ်းချက်တတ်သူများကို ဦးမြတ်ထွန်း အလိုရှိသည်ဟု မှာလိုက်သည် မဟုတ်သကော။

ငါးဆယ်သားကျည်ဝင် အမြောက်နှစ်လက်ကို ငမိုးကောင်းနှင့် ရဲမက်နှစ်ကျိပ်တို့ ခရီးရောက်မဆိုက် ရွှေ့ပြောင်းသည်။ ငပြုံးချိုရောက်လာချိန်တွင် ယမ်းအိုးများ ကျည်များပါ တဲရှေ့သို့ရောက်နေပြီ။

"အနောင်၊ ရေမိုးသုံးသပ်ပြီးရင် လဲလှယ်ဖို့အဝတ်ပါ အဖေပေးလိုက်သပ။ ထမင်းစားဖို့ အကျွန်နဲ့လိုက်ခဲ့ပါဘိ"

ရဲမက်များလည်း ချက်ပြုတ်သူ ချက်ပြုတ် ရေချိုးသူချိုးဖြင့် ရှိနေကြစဉ် ငမိုးကောင်းသည် ရေချိုးပြီးနောက် တောကဲကြီးအိမ်သို့လိုက်လာသည်။

"ကနောင်မှာ နောင်ကြီးနဲ့ မယ်မင်းဘော် ဆုံမိကြတယ်ဆို ဟုတ်စ"

"ဟုတ်သပ၊ နောင်ငယ်။ အမောင့်ကို အသူပြောသတုန်း"

ပုဂံစာအုပ်တိုက်

ဥယျာဉ်ထဲမှထွက်လာစဉ် ငပြေးချိုက စကားစပ်မရှိဘဲမေးသဖြင့် ငမိုးကောင်းလည်း ဝန်ခံမေး ပြန်မေးမိ၏။

"အသူပြောသတုန်း အကျွန်မသိ။ ရွာရဲ့ မောင်းတစ်လုံးဖြစ်တဲ့ ဒေါ်အေးကြီးပါးစပ်ဖျားက ကြားရတာပဲ"

"ငါရို့အကြောင်းကို သူ့အမေနဲ့ သူ့ညီမတို့ပဲ သိကြသာပဲ။ အသူ့ ပါးစပ်က ဒေါ်အေးကြီးဆီ ရောက်ပါလိမ့်။ အို ဘဇာမှ မဆိုလောက်ပါဘူး လေ။ ဓားပြရန်က ကာကွယ်ပေးလိုက်သာကလေးပါ"

ငမိုးကောင်းသည် သူတို့ညီအစ်မအား အိမ်ရှေ့တွင်တပ်ချကာ စောင့် ရှောက်ရပုံကိုကား မပြောတော့ချေ။ ဝင့်ဝါရာ ရောက်မည်စိုးသည်။ မယ်မင်း ဘော်၏ အပျိုဂုဏ်ကို အထင်အမြင်လွဲမည်လည်း စိုးရိမ်သည်။

တောကဲကြီးအိမ်တွင် ထမင်းပွဲကို အသင့်ပြင်ဆင်ထား၏။ ငမိုး ကောင်းအား တောကဲကြီးက ထိုင်ရာမထ ဝမ်းသာအယ်လဲကြို၏။

"အမောင်လာဟေ့၊ ထမင်းတစ်ခါတည်းဝင်စားလကွဲ့။ အမောင်ရို့ဆာလောင် လာမယ်ဆိုတာသိလို့ ဆန်၊ ငါးပိ အပြေးအလွှားပို့။ အိမ်မှာလည်း ကမန်း ကတန်းအချက်ခိုင်းရသပ။ သားမောင်လည်း တစ်ခါတည်း ဝင်လဟေ့"

တောကဲကြီးသည် ပြောပြောဆိုဆို ထမင်းပွဲထိပ်တွင် ထိုင်သည်။ ဇျပ်ခွက်ထဲတွင် ဟင်းခွက်များထည့်ထားသည်။ ဟင်းခွက်များကို ပတ်ရံ လျက် ထမင်းများအငွေ့တထောင်းထောင်းရှိသည်။ ရေနံချေးမီးခွက်သည် ထမင်းပွဲဘေး၌ မှိုင်းများလွင့်ထုတ်နေသည်။

"စစ်ရေးအခြေအနေ ပသို့ရှိသတုန်း"

"ယုန်သလင်း၊ မိုးညို၊ ဘော်ဘင်၊ မင်းကြီး၊ ကနောင်၊ စံရွှေး၊ ဖိုးခေါင်၊ ရေကင်း၊ တာပွန် အားလုံးကို ကုလားရသွားပြီကော ဦးတော်။ သို့သော် သင်းရို့က မြို့ထဲက မထွက်ရဲဘူး။ တာပွန်နဲ့ ဘော်ဘင်ကို သူရ လိုက် ကိုယ်ရလိုက်ပဲ"

"အုတ်ဖိုနဲ့ သာယာဝတီကော၊ အမောင်ရို့ လက်ထဲမှာပဲလား"

"မှန်ပါသယ်ခင်ဗျာ။ အကျွန်ရို့ မြန်မာတပ်တွေက ကျေးရွာတွေကို အုပ်စီးထားနိုင်ခဲ့ပေမယ့် ကုလားမွေးသဲ့ ကုလားကျွန်လဲမျိုးတွေ ရောက်လာသဲ့အခါ တောရွာတွေကို ဆင်းလာပြီ ဦးတော်"

တောကဲကြီးသည် ခွံ့အံ့ဆဲဆဲ ထမင်းလုတ်ကိုလွှတ်ချသည်။ မီးခွက်ကြီးကို စားတော့ဝါးတော့မည်သို့ စိုက်ကြည့်နေပြီး တောက်ခေါက်သည်။

"ခွေးတွေ ခွေးတွေ။ အမျိုးပေါ် သစ္စာဖောက်တဲ့ ခွေးတွေ"

ငပြုံးချိုသည် ထမင်းလျော့သွားသည့် နေရာများသို့ အုပ်နီထဲမှ ထမင်းများ နှိုက်ယူပြီး၊ လိုက်လံဖြည့်တင်းပေး၏။ "အနောင် ယုန်သားထောင်းကလေး စားလဗျ" ဟုဆို၏။

"အားလုံး ကောင်းသားပဲဟေ့။ ဘယ်ဟာ ဘာမှန်းမသိတော့ပါဘူး။ သလို ခွက်နဲ့ ယောက်နဲ့ မစားရသာလည်း ကြာပါပြီကော"

သူ့ဘာသာသူ ပြောပြီး ရယ်မောနေသဖြင့် တောကဲကြီးလည်း မချိပြုံး ပြုံး၏။ "အဲသဟာတွေသိလို့ တမင်ဖိတ်ကျွေးရတာပါ့ကွယ်" ဟုဆိုပြီးမှ ငေးငေးလေးလေးကြီး ပြော၏။

"အမောင်ရို့တစ်တွေက အခုလို အစားဆင်းရဲ အနေဆင်းရဲနဲ့ အသက်ကို ဖက်ရှက်သဘောထားပြီး ကုလားကိုတိုက်နေချိန်မှာ မျိုးမစစ်တဲ့ခွေးတွေက ကုလားဆီမှာ အမြီးတနန့်နန့်နဲ့ ကျွန်ခံတာ အသည်းနာတယ်ကွာ"

တောကဲကြီး ထပ်မံတက်ခေါက်ပြန်သည်။ တောက်တက်ခတ်သံသည် အိမ်ထဲတွင် ဟိန်းစည်သွား၏။

"စိန်ပြောင်းတွေကို ဗိုလ်မင်းက အသယ်ခိုင်းတာလား"

"မှန်ပါသယ် ဦးတော်။ တာပွန်.... ပွန်"

ပြောနေရင်းက ငမိုးကောင်းမှာ မေးချင်းရိုက်၏။ ထမင်းလုတ်လည်း ဆတ်ဆတ်တုန်ပြီး တစ်စေ့စီကွဲပြား ပျောက်ကွယ်၏။

"ဦးတော် အကျွန်"

ငမိုးကောင်းသည် သတိကြီးစွာဖြင့် လက်ဆေးအင်ထဲသို့ လက်ကို နှစ်၏။ ထိုလက်သည်ပင် ဆတ်ဆတ်တုန်လျက် ရေအင်ကိုမှောက်ပစ်၏။ ပြောလိုသောစကားလည်း မဆုံးတော့ပါ။ တဟီးဟီး အသံထွက်လျက် တုန် ခိုက်နေလေ၏။ တောကဲကြီးသည် ထမင်းကိုလက်စသိမ်းရာက နောက်ဖေး ဘက်သို့ "မုန်ညင်းဥနဲ့ ကွမ်းရွက်နဲ့ ပြုတ်ကြစမ်းဟေ့" လှမ်းအော်ရင်း "ရိုးမငှက်ကလည်း တစ်မှောင့်ပါကလား။ ငါရို့ရဲမက်တွေမှာ.... ငါရို့" ညည်းတွားစဉ် အသံတိမ့်ပျောက်သည်။

တစ်ဆက်တည်း ကြေကြေကွဲကွဲဟီးချသည်။ နာကျည်းစွာ တောက် ခေါက်ပြန်သည်။ ငမိုးကောင်းကား ဆက်လက် မထိုင်နိုင်ပြီ။ ထမင်းပွဲမှ နောက်ဆုတ်ပြီး၊ ခိုက်ခိုက်တုန်လျက် တဟင်းဟင်း ညည်းနေလေတော့၏။

စောင်အမည်ရှိသည့် ပစ္စည်းတစ်မျိုးနှင့်၊ ငမိုးကောင်းနှင့် ဝေးကွာခဲ့ သည်မှာကြာပြီ။ မိဘရင်ခွင်မှထွက်ခွာကာ၊ စစ်မြေသို့ထွက်လာချိန်ကတည်း ကဖြစ်သည်။ ယခုသော်ကား ငမိုးကောင်းကိုယ်ပေါ်တွင် စောင်တွေ စုပုံနေ သည်။ ထို့မှ အလေးအလံကြီးဖြင့် ဖိပါအုပ်ပါလျက် ငမိုးကောင်း တုန်ဆဲ။

စိမ့်တုန်ပြီး တက်သည်။ အချမ်းအစိမ့်သည် စမ်းကြောမိသော လက် ယက်တွင်းမှရေများ လှိုက်ပွက်ထွက်ဘိသို့ လှိုက်တက်လာသည်။ ဆတ်ဆတ် တုန်သောအခါ ဦးစွာ တမ်းတမိသောအရာမှာ အမေ။

"အမေ၊ ဟင်း ဟင်း ဟင်း၊ အမေ"

ငမိုးကောင်း ချက်ချင်းသတိရ၏။ "ငါညည်းတွားနေမိပါကလား၊ ငါ ယောကျ်ားပဲ။ ယောကျ်ားဟာမညည်းရဘူး" အသိဝင်သည့်ခဏ၌ ညည်းသံ ရပ်၏။ သို့သော် အသက်ရှူပြင်းသဖြင့် ဟင်းဟင်းဟီးဟီးသံလေး ထွက်၏။

ငပြုံးချိုသည် တဆတ်ဆတ်တုန်နေသော ကိုယ်ကြီးကိုကုန်းပြီး ဖိ၏။ အတုန်မရပ်ပေ။ သို့ကြောင့် ငမိုးကောင်း ကိုယ်ပေါ်တွင် တက်ထိုင်

သည်။ တုန်ယင်ဆဲပင်။ ထိုအခါ ငပြုံးချိုသည် ကားယားခွလျက် ဖက်ထား ပြန်သည်။ လူငွေ့ရသောကြောင့် ထင်သည် မကြာမီ ညည်းတွားသံရပ်၏။

ဆေးတိုက်ပြီးနောက် မြန်မာနာရီ လေးနာရီခန့်ကြာမှ ငမိုးကောင်း အညည်းရပ်သည်။ မကြာမီ အတုန်ပါရပ်ပြီး အိပ်မောကျသွားတော့သည်။

လင်းကြက်တွန်ချိန်၌ ငမိုးကောင်း ရုတ်ခနဲ ထထိုင်သည်။

ညဦးကာလတွင် ထမင်းစားနေခိုက် ကောက်ကာငင်ကာ အဖျား တက်ပုံ၊ တောကဲကြီး ဦးထွန်းအေးက ဆေးတိုက်ပုံ၊ တစ်အိမ်လုံးရှိ စောင် တွေ စုပြုံခြုံပေးပုံတို့ကို သူသတိမရ။ သူသတိရသည်ကား အမြောက် နှစ်လက်။ ယင်းတို့ကို သတ္တမမြောက်နေ့တွင် ဦးမြတ်ထွန်းရှေ့တော် အရောက် ဆက်သနိုင်ရမည်။

ထိုအာရုံဖြင့် သူထသည်။

လူနာစောင့် ငပြုံးချို မနိုးငြား၊ တောကဲကြီး နိုးသည်။ "သွေးသောက် ကြီး ညဦးဦးတုန်းက အဖျားတက်တာ လူမှန်းမသိသကော။ ပြန်ပြီး အိပ်ပါ ဘိ" လှမ်းပြောသည်။

"အကျွန် နေကောင်းပါပြီ တောကဲကြီး။ အမြောက်နှစ်လက်ပို့ဖို့တာဝန်"

ပြောပြောဆိုဆို ထရပ်သည်။ ဝုန်းခနဲ လဲကျသည်။

စိတ်သည် ကိုယ်ခန္ဓာအား ထိန်းမထားနိုင်။ တိုတောင်းသော ညဦး ဦးယံကာလအတွင်း၌ အဖျားတက်လိုက်ရာ အားခွန်ဗလများ ယူပစ်လိုက် သည့်အလား ကုန်ခန်းသွားခဲ့သည်။

လဲပြိုသံပေါ်လာမှ ငပြုံးချိုနိုးသည်။ ပြူးပြူးပြာပြာဖြင့် ပြေးပွေ့ သည်။ တောကဲကြီးလည်း ထပြေးလာသည်။

"သွေးသောက်ကြီး ခရီးထွက်ဖို့ မသင့်သကော။ ဇွတ်တိုးသွား တမင့်၊ မိမိ သူတစ်ပါး အများဒုက္ခရောက်ကြမှာပဲ"

"ဗိုလ်ချုပ် မျှော်နေရော့မယ် တောကဲကြီး"

ပုဂံစာအုပ်တိုက်

"တခြားသူတွေ ယူသွားကြပါလိမ့်မယ်။ သွေးသောက်ကြီး ခုနစ်ရက် တန်သည် ဆယ်ရက်တန်သည် အားမွေးပါဘိ။ အဖျားပြတ်မှ စိတ်သွားရာ ကိုယ်ပါမပ"

အကြပ်ငမဲကြီးနှင့် စံလှ၊ ငကျွဲတို့သည် တောကဲကြီးထံမှ လူလွတ် ခေါင်ငင်သဖြင့် အပြေးအလွှားရောက်လာကြသည်။ သူတို့အား တောကဲကြီး ကပင် အကျိုးအကြောင်းရှင်းပြသည်။

"အမောင်ရို့ သွေးသောက်မင်းမှာဖြင့် ခရီးထွက်လို့ မတော်ပေဘူး။ တောထဲမှာ အဖျားတက်ရင် ဘယ်မတုန်း ရေနွေး။ သူ့ကို ပြုစုနေရကမင့် ခရီးဖင့်ပြီကော။ သဟာကြောင့် သွေးသောက်ကြီးကို ထားခဲ့ကြပါဘိ"

"သွေးသောက်မင်းနေခဲ့ပါ။ အကျွန်ရို့ အသက်နဲ့လဲပြီး အမြောက် နှစ်လက်ကို မိုလ်ချုပ်ထံ အရောက်ပို့ပေးပါမယ်"

ငမဲကြီးနည်းတူ စံလှနှင့် ငကျွဲတို့ကလည်း ငမိုးကောင်း ကျန်းမာ သည့်အထိ အားမွေးနေခဲ့စေချင်ကြ၏။

"ရိုးမငှက်က ပိုဆိုးတယ်။ အမြစ်ပြတ်အောင် ကုသော်ကု၊ မကု ကမင့် တဖြည်းဖြည်းလုံးပါး ပါးရပါဘိ။ သို့မို့ကြောင့် သွေးသောက်မင်း ကျန်းမာမှလိုက်ခဲ့ပါဘိ"

"စိတ်ကူးမလွဲပါနဲ့အနောင်။ ရိုးမငှက်က ဆိုးလွန်းလို့ ပြောတာပ"

ငပြုံးချိုကလည်း ဝင်ရောက်တောင်းပန်သည်။ ငမိုးကောင်းလည်း သူ့ကိုယ်ကို အံ့လည်းအံ့သြ စိတ်လည်းဆိုးသည်။

တစ်ညတာဖျားခါမျှဖြင့် သည်မျှ အားယုတ်ရသလော။ ရေထဲမိုးထဲ ကာလကြီးတွင် သည်ငှက်ဖျားက ဖြစ်ရသလောဟူ၍ အံ့သြ စိတ်ဆိုးခြင်း ဖြစ်ပေသည်။ သူသည် အားမတန်သဖြင့် မာန်ကိုလျှော့လိုက်သည်။

"သတိဆိုသဟာ ပိုသယ်မရှိဘူး ငမဲကြီး။ မောင်မင်း ဦးဆောင် ခေါင်းရွက်ပြုပြီး၊ နေ့မှာပုန်း၊ ညမှာသွား။ အေး၊ သွားရာမှာလည်း သေချာ

မှသွား။ စံလှနဲ့ ငကြွေကလည်း ငမဲကြီးအမိန့်ကို တစ်သဝေမတိမ်း နာခံကြ"

"အမိန့်အတိုင်း နာခံပါမယ် သွေးသောက်မင်း"

"အေး၊ မလင်းခင် ထွက်ကြ။ သတိဝီရိယ မလွတ်စေနဲ့"

မောလာသောကြောင့် ငမိုးကောင်းမှာ ပါးစပ်အဟာသားဖြင့် တိုင်ကို မှီနေလိုက်ရလေ၏။ သူ့အကြုပ်သုံးယောက် နောက်ဆုတ်ထွက်ခွာသွားကြ၏။ ငမိုးကောင်းမှာ ရင်ထဲတွင်ဆို့လာသဖြင့် အိပ်ရာထဲသို့ ပစ်လှဲလိုက်မိလေ၏။

သူသည် ဆွမ်းခံဝင်ချိန်ကျမှ နိုး၏။ ပြေးချို တိုက်ကျွေးသော ကျွဲနို့ဆန်ပြုတ်ကိုသောက်၏။ အနံ့မမွှေး၊ အရသာမချို။ သို့ဖြစ်သဖြင့် ယာယီဖျား ယာယီနာမဟုတ်ကြောင်း ငမိုးကောင်းလက်ခံလိုက်ပြီ။ သို့တစေ သူသည် ထိုနေ့တစ်နေ့လုံး အများသူငါနှင့် မည်သို့မျှ မခြားနား၊ သွားလာလှုပ်ရှားနေခဲ့ရာ မီးခွက်ထွန်းပြီး ထမင်းစားချိန်တွင် အဖျားတက်တော့သည်။ တောကဲကြီးမှာလည်း သူ့သွေးသောက်ကြီးကို အမြန်ကျန်းမာစေချင်သဖြင့် ဆေးပြောင်းတိုက်ရန် အလောတကြီး စဉ်းစား၏။

"အလျင်မလိုပါနဲ့ တောကဲကြီး။ ဆေးပတ်လည်အောင် ခုနစ်ရက်တော့ သည်းခံစေချင်ပါဘိ"

ဆေးဝါးကုသထုံး ဗဟုသုတများက တောကဲကြီးအား သတိပေးသည်။ ကွမ်းရွက်ပြုတ်ရည်နှင့် မုန်ညင်းပြုတ်ရည်ဖြင့် တိုက်ရသော ထိုဆေးကို တောကဲကြီး စိတ်ရှည်စွာထားပြီးတိုက်ရာ လေးရက်ကြာမှ အဖျားတက်ရပ်သည်။ တောကဲကြီးထက် ငမိုးကောင်း ပို၍ဝမ်းသာပြား၊ ခံတွင်းပျက်နေသည်။ အားကုန်နေသည်။

ငမိုးကောင်းမှာ အဖျားရောဂါသာ အကောင်အထည်ရှိပါက ဓားဆွဲပြီးတိုက်ခိုက်ချင်စိတ်ပေါက်နေ၏။ ခံတွင်းသည် ရတ်တရက် ကောင်းမလာခဲ့။ စားမှဖြစ်မည်ဟူသောစိတ်ဖြင့် ကြိတ်မှိတ်မျိုချ၏။ မရ။

ထိုကဲ့သို့ စိတ်ပျက်စရာကြုံတွေ့နေရစဉ် အံ့သြစရာသည် ပေါ်ပေါက်

လာ၏။ ဤသည်မှာ မယ်မင်းဘော်၏ညီမ မိသော့ ရောက်လာခြင်း ဖြစ်သည်။ မိသော့သည် လူချည်းမလာပါ။ မီးဖုတ်ဆီဆမ်းထားသော ငါးပုပ်ခြောက် တစ်ပန်းကန်ကိုပါ ယူဆောင်လာသည်။

"ဦးတော်ရောက်နေပြီး မကျန်းမမာ ဖြစ်နေကမင့် ဘဇာကြောင့် အကြောင်းမကြားရသတုန်း။ အစ်မနဲ့ အမေက အပြစ်ပြောသကော"

ငမိုးကောင်း မဖြေတတ်ပါ။ စင်စစ်အားဖြင့် သူတို့သိရန် လိုအပ်မည် မထင်ဟု သဘောထားခဲ့သည်။ မိသော့၏ စကားမှာ ငမိုးကောင်း၏ သဘောထားနှင့် လုံးဝခြားနားနေသောအခါ သူ မဖြေတတ်ပြီ။

"ဦးတော် ဘာစားချင်ပါလိမ့်။ အကျွန့်ကို မှာလိုက်ပါဘိ"

"ခံတွင်းပျက်နေသကော။ သည်ငါးခြောက်ဖုတ်တွေ ကုန်သဲ့အခါကျမှ ပြောပါရစေ။ အခုတော့ ခံတွင်းပျက်နေသာကို အခံရခက်လှသယ်"

"သို့မို့ရင် အကျွန် ပြန်ဦးမယ်ပ့ါ"

ယင်းသို့ ပြောကာ မိသော့သည် ရှေ့သို့အနည်းငယ်တိုးလာသည်။ လေသံနိမ့်ပြီး မေး၏။

"အစ်မကို ဘဇာမှာလိုသပ့ါ ဦးတော်"

"မရှိပါဘူးကွယ်"

မှာကြားစရာစကား အထူးအထွေ မရှိ။ ရှိရန်လည်း အကြောင်းမပေါ်ဟု ထင်သောကြောင့် ငမိုးကောင်း အမှတ်မဲ့ ဖြေလိုက်ပြီးမှ တစိမ့်စိမ့်တွေး၏။

'သာဟာ ဘဇာအဓိပ္ပာယ်ပါလိမ့်'

သူသည် မယ်မင်းဘော်အား မေတ္တာသက်ဝင်ပါသည်။ ပန်းဝက်တမ်း ကစားသည့်ညမှာပင် မေတ္တာစိတ်ပေါက်ဖွားခဲ့သည်။ သူတို့ညီအစ်မအား စောင့်ရှောက်ပေးရသည့် ညကမူ မယ်မင်းဘော်၏စိတ်သဘောကို ကြည်ညိုရာက မြတ်နိုးခဲ့ရ၏။ သည့်နောက်တွင်ကား သူသည် မယ်မင်း

ဘော်အား သတိမရပါ။ မုဒိန်းတန္တ ကုလားဖြူ ကုလားနက်သည် မယ်မင်းဘော်ထက် အရေးကြီး၏။

ထိုအချိန်က သာမန်မျှသော စကားစမြည် ပြောခဲ့သူအား မည်သည့်အတွက် တရင်းတနှီး သဘောထားနေရသနည်း။

'အေးလေ၊ ကျေးဇူးတင်သဲ့ သဘောပဲဖြစ်မှာပါ'

မည်သို့ဖြစ်စေ၊ မိသော့လာပို့သော ငါးပုပ်ခြောက်ဖြင့် ငမိုးကောင်းမှာ ခံတွင်းလိုက်လာ၏။ ထမင်းစားကောင်းစပြုလာ၏။ တောကဲကြီး၏အိမ်သားများကို ကျီစယ်စရာဖြစ်ရ၏။ "မိမင်းဘော် ကိုယ်တိုင်လာပို့ရင် တစ်ခါတည်း နာလန်ထမှာပါ" စသည်ဖြင့်။

မှန်ပါသည်။ ငါးပုပ်ခြောက်ကြောင့် ခံတွင်းကောင်းလာသော ငမိုးကောင်းသည် နေ့ချင်းညချင်း နာလန်ဏသည်။ အသားအရေ ပြည့်ဖြိုးလာသည်။ ဤသို့ဖြင့် တစ်လခွဲ ကြာမြင့်ချိန်ဝယ် ငမိုးကောင်းသည် ဓားကိုပြင်တော့သည်။ ဖုက်ပြီးကိုင်တွယ်သော ပြောင်းတိုသေနတ်ကို စစ်ဆေးတော့သည်။ သို့သော်....

ငမိုးကောင်း ပြန်လည်ထွက်ခွာရန် သတ်မှတ်သောရက် မတိုင်မီညဦးအချိန်တွင် တောကဲကြီးအိမ်သို့ မယ်မင်းဘော်၏ အမိ ဒေါ်ပန်းအိနှင့် ဒေါ်အေးလုတို့သည် မိသော့ကို အဖော်ခေါ်လျက် ရောက်လာကြ၏။

"မောင်မိုးကောင်း၊ ကြီးတော်တို့အိမ်ကို ဘာဇာကြောင့်မလာတာသတုန်း"

ဒေါ်ပန်းအိ၏အမေးသည် ငမိုးကောင်းအတွက် အဖြေရခက်သော စကားဖြစ်နေပြန်သည်။ သို့အတွက် တောကဲကြီး၏ဇနီး ဒေါ်ယုံကပင် ပြေပြစ်အောင် ဝင်ပြောရ၏။

"အလွန် စိတ်ပြင်းတာကလား မပန်းအိရယ်။ ဖျားနာနေတဲ့ တစ်လျှောက်လုံး သူ့ရဲမက်တွေနဲ့၊ သူ့ဗိုလ်ချုပ်ကို တမ်းတနေသကော"

မယ်ပန်းအိသည် ညင်သာစွာ ရင်ဖိ၏။ "ဖြစ်ရလေရှင်" ညည်း

တွားပြီးမှ စိမ်းစိမ်းကြည့်ပြီးပြော၏။

"အမောင်၊ အမောင့်နှမ ပသို့ရှိမည်ဆိုသဟာ တစ်ကြိမ်မှ မစဉ်းစားမိဘူး၊ ဟုတ်စ"

ငမိုးကောင်းအတွက် အဓိပ္ပာယ်ကောက်ယူရန် မလွယ်ကူသောစကားဖြစ်နေသဖြင့် "ဗျာ" ဟုသာ မျက်လုံး အပြူးသား တုံ့ပြန်မိ၏။

"အမောင် မကျန်းမာဘူး သတင်းကြားကတည်းက အမောင့်နှမမိမင်းဘော်မှာ မျက်ရည်နဲ့ မျက်ခွက်ရှိသကော"

ဤစကားကိုလည်း ငမိုးကောင်းခမျာ 'ဗျာ' မှတစ်ပါး၊ အခြားစကားဖြင့် မတုံ့ပြန်တတ်။

"အမောင် နာလန်ထပြီ။ လမ်းလျှောက်ပြီး၊ ရေချိုးပြီး ကြာချိန်မှာအမောင်လာရော့မယ် တမျှော်မျှော်နဲ့"

"အကျွန့်မှာ ဟိုသင်းအဝှာ"

ထိုအခါ ဆေးလိပ်ကိုသာ နင်းဖွာနေခဲ့သည့် ဒေါ်အေးလှက "အမောင်ယောကျ်ားကောင်း မဟုတ်ဖူးလား" မေး၏။ ငမိုးကောင်းမှာ ချက်ကောင်းကို မြားထိသော ကျားကြီးနှယ်၊ ခေါင်းထောင်၏။ မျက်လုံးတွေတောက်၏။

"အကျွန် ယောကျ်ားကောင်းကော။ ဘဇာကြောင့် သည်လို မေးသတုန်း ထွေးတော်"

"ယောကျ်ားကောင်းဖြစ်တမင့်၊ ပသို့ကြောင့် မိမင်းဘော်ဆီ မလာသတုန်း အမောင်။ အမောင့်စကား ရှေ့နောက်မညီသကော"

ငမိုးကောင်းသည် ခေါင်းမွေးတွေကျွတ်ထွက်အောင်ကုတ်၏။ သူသည် အပြေပြစ်ဆုံးစကားလုံးကို ရွေးထုတ်လိုက်၏။

"အကျွန်နဲ့ မယ်မင်းဘော် ပသို့မျှမပတ်သက်သကော"

ဒေါ်ပန်းအိသည် "အမောင်ပြောရက်ပါပေ့၊ ပြောရက်ပါပေ့" ဟု ရင်ကိုဖိလျက် မချိတင်ကဲ ရေရွတ်ပြီးမှ အသံကိုနှိမ့်ပြော၏။

"တောကဲမင်းကအစ အားလုံး နားနဲ့မနာ ဖဝါးနဲ့နာကြပါရှင်။ သမီး နှစ်ယောက်နဲ့ လူချင်းကွဲပြီး ပြန်လာတဲ့မနက်က သမီးရဲ့အခန်းထဲမှာ အမောင့်ကို တွေ့သကော"

"မယ်မင်းဘော်မှာ သူ့ညီမတစ်ယောက်လုံး အနားမှာရှိပါ သကော ထွေးတော်"

"မှန်တယ်အမောင်။ သို့သော် အဖော်က ကလေး။ ပြီးတော့ အိပ်နေ သကော။ ငါမရောက်ခင် အမောင်တို့ ပသို့ပြောပြီး ဘဇာတွေဖြစ်တယ် ငါမသိ။ ငါတွေ့တဲ့အချိန်မှာ အမောင်က ငါ့သမီးကို ပွေ့ထားသကော"

ငမိုးကောင်းမှာ တတိယအကြိမ် 'ဗျာ' ရပြန်ပြီ။ ဤဗျာကား ကျယ် လောင်လွန်း၏။

"ဗျာ၊ အကျွန် အဲသဟာ"

"ကဲ အမောင်နဲ့ ဘာဆိုင်သတုန်း မေးဦးလေ"ဟု ဒေါ်အေးလှက ဝင်ပြော၏။

"အကျွန် ရှင်းပြပါရစေ။ အဲသည်ညက မယ်မင်းဘော် ငိုနေသယ်လို့ ကလေးမက ပြောသဲ့အတွက် စိတ်ပြေရာပြေကြောင်း ဖြစ်ပါစေဆိုသဲ့ စေ တနာနဲ့ အကျွန် စကားသွားပြောပါသယ်။ ပြောသဲ့စကားတွေကလည်း တိုင်းရေးပြည်ရေးသာပါ့။ လင်းအားကြီးချိန်မှာ ထွေးတော်ရဲ့အသံကို ကြား သဲ့အတွက် မမင်းဘော် ထအရပ်မှာ မိုက်ခနဲလဲကျလို့ အကျွန် ဆီးဖမ်းသာ ပါ။ ပွေ့သာမဟုတ်ပါဘူး"

"အေး၊ အခန်းဝမှာ ငါရောက်တော့ အမောင့်လက်ထဲက ငါ့သမီး ရုန်းထွက်သွားတာ မြင်ရသကော"

"သမီးလည်း မြင်သပါ့"

မိသော့ကလည်း သက်သေခံ၏။

"အကျွန် ကျမ်းရွက်ဆိုရင် ရွက်ပါမယ်ထွေးတော်။ အမြင်မတော်

လို့ ကူညီသာပါ”

“အမောင် ပသို့သဘောထားစေကာမူ ငါ့သမီးကို ပွဲ့ဖက်တာကို ဝန်ခံပြီးပြီ။ ပြောရမှာလည်း ရှက်ပါရဲ့။ အမောင်ပွဲ့ဖက်တာကို မိန်းမသား က စွဲလန်းနေတယ်ဆိုရင် ပသို့လုပ်မတုန်း”

“ဗျာ၊ အဲသာဖြင့်” ဆိုကာ ငမိုးကောင်းမှာ စတုတ္ထအကြိမ် ခေါင်း ကုတ်ရပြန်ပြီ။ “အကျွန် အဲသည်ဥစ္စာ” ဆိုကာ စကားစရှာမရဘဲ ရှိနေစဉ် တွင်၊ တောက်ကြီး၏ဇနီး ဒေါ်ယုန်က ဖောက်ပြော၏။

“ရှာထဲမတော့ သွေးသောက်မင်းနဲ့ မယ်မင်းဘော်တို့ ရင်းနှီး ချစ် ကျွမ်းဝင်နေပြီ စကားဖြစ်နေသကော”

“သဟာမှာတော့ အကျွန့်အပြစ်ပါ။ အကျွန့်ညီမ မိအေးလှကို ပြော နေတုန်းမှာ မယ်အေးကြီးကြားသွားရာက စတာကော။ ကဲကဲ သွေးသောက် မင်း၊ အကျွန်ရို့မှာ သမီးရှင်ပါ။ သို့ကလောက်ပြောရင် သွေးသောက်မင်း နားလည်တန်ရာပြီကော”

ငမိုးကောင်း နားမလည်ပါ။ သဘောမပေါက်ပါ။ တောကဲကြီးကို လှမ်းကြည့်သည်။

“အကျွန်အညာသားပါ တောကဲကြီး။ သည်အရပ်ရဲ့ ဓလေ့ထုံးစံကို မသိသဲ့အတွက် ထွေးတော်ပြောသာ အကျွန်နားမရှင်းဘူး။ ဦးတော် ကူညီ ပါခင်ဗျာ”

တောကဲကြီး ဦးထွန်းအေးသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ “ကုလားကို ပသို့တိုက်ရပါမတုန်းဆိုသဟာပဲ အချိန်ရှိသရွေ့ အာရုံဝင်စား နေတမင့် ဖြစ်နိုင်ပါဘိ” ရေရွတ်ရာက ဟက်ခနဲရယ်သည်။

“ဖိုဓာတ် မဓာတ်ဟာ ဆန်းကြယ်သကော။ သွေးသောက်မင်းက လည်း ရည်ရွယ်ချက်မရှိပွေ့မိ၊ မိန်းမသားမှာလည်း အမှတ်မဲ့ မတော်တဆ အပွေ့ခံရတမင့်၊ မိန်းမသားက စွဲလန်းတယ်။ အခုတော့ စိတ္တဇနာအဖြစ်

ကူးခဲ့ပြီ သွေးသောက်မင်း။ အစီအစဉ်ဖျက်ပြီး မယ်မင်းဘော်ဆီသွားပါ"

ငမိုးကောင်း ခေါင်းငုံ့ထားသည်။ ရိဝေစွာမော့ကြည့်ပြီး "အရေးတော် အပျက်ခံရတော့မလား ဦးတော်ရယ်"ဟု ဆွေးမြေ့သံဖြင့်မေး၏။ ထိုအမေးသည် တောကဲကြီး၏ရင်ကို ထိုးဆွသည်။ သို့အတွက် အတန်ကြာမှ ပြောနိုင်သည်။

"မှန်တဲ့စကားပေပဲ သွေးသောက်မင်း။ အကျွန် ပသို့ဖြေရပါ့"

"ရန်သူကုလားဖြူတွေကို တိုက်ခိုက်တဲ့အရေးတော်ပုံ အရေးကြီးသလို ကာယိန္ဒြေပျက်တဲ့ မိန်းကလေးလည်း အရေးကြီးသကော အနှောင်"

ပြေုးချိုလည်း ငြိမ်နေရာက ဝင်ပြောခြင်းဖြစ်ရာ "မမင်းဘော်ဆီကို စကားစမြိကလေးမှ သွားမပြောရင် အနှောင့်ကို ရပ်သူရွာသား လူအများမုန်းရော့မယ်။ အနှောင့်ကိုမုန်းရာက တခြားရဲမက်တော်တွေကိုပါ သိမ်းကျုံးမုန်းနိုင်သကော"ပြောရာက ငမိုးကောင်းအားအကဲခတ်ပြီးမှ စကားဆက်၏။

"အနှောင် မယ်မင်းဘော်ကျေနပ်အောင် ပြောနိုင်ရင် အရေးတော်မပျက်နိုင်ပါဘူး"

"ကောင်းပါပြီ၊ ဦးရိုးတို့မိသားစုဟာ အကျွန့်အသက်သခင်ပါ။ ဦးရိုးတို့က လိုက်သွားဆိုရင် သွားပါမယ်"

"သွားပါသွေးသောက်မင်း။ မပန်းအိတို့မှာ သမီးရှင်ဖြစ်တမင့် လာပြောရတာကိုက ရှက်ရှက်နဲ့ မတတ်သာလို့ လာကြရတာပါ့။ ကိုယ်ချင်းစာပါဘိ"

ဒေါ်ယုံက ဝင်ထောက်သည်တွင် ငမိုးကောင်းသည် သူ့အိပ်ရာသို့ထသွား၏။ ယူဆောင်ဖွယ်များကို ခါးပုံထဲထည့်၊ စလွယ်သိုင်းသည်။ ခေါင်းပေါင်းသည်။ ငမိုးကောင်း အသင့်ဖြစ်သောအခါ ဒေါ်ပန်းအိတို့တစ်တွေလည်း နှုတ်ဆက်ပြီးထသည်တွင် တောကဲကြီးက သူ့သားအားလှမ်းမေး၏။

"နေပါဦး လူလေးရ၊ သွေးသောက်ကြီးမဖြစ်ခင် အိုးစားကြီးဘဝ

တုန်းက ရှင်မင်းဘော်ဆီ ရောက်ဖူးတယ်ထင်သကော"

"ဟုတ်ပါ့အဖေ၊ အကျွန်လည်း ပါသကော"

တောကဲကြီး၏ ဝမ်းနည်းမျက်နှာသည် ထိုစကားကို အကြားတွင် ကြည်လင်လာ၏။ ငမိုးကောင်းတို့ အိမ်ပေါ်မှဆင်းသွားလျှင် အသံထွက်အောင် ရယ်မော၏။ ငပြုံးချိုသည် သူ့အဖေ မည်သည့်အတွက် ရယ်မောသနည်း သိလိုသဖြင့် မော့ကြည့်၏။

"မယ်မင်းဘော်ကို သွေးသောက်မင်း မေတ္တာရှိလို့သာ သွားလည်တာ မဟုတ်လား လူလေးရ"

"ဟုတ်ပါတယ် အဖေ"

"သဟာနဲ့များကွယ်၊ မယ်မင်းဘော်ကလေးဖြင့် သူ့ကိုစွဲလန်းပြီး စိတ္တဇနာဖြစ်နေလေရဲ့လို့ သိသဟာတောင် ဝမ်းသာအယ်လဲမဖြစ်ဘူးကွယ်။ သူ့တိုက်ရေးခိုက်ရေးပဲ အာရုံရောက်နေ။ တကယ့်ယောကျ်ားကွာ"

"ဒီလိုယောကျ်ားမျိုး ကြုံဖူးပေါင်ရှင်။ ကိုယ်ကလည်း ကြိုက်တဲ့မိန်းကလေးက ကိုယ့်ကြောင့် စိတ္တဇနာဖြစ်နေတယ်ဆိုသဟာ ကြားတမင့်၊ အယ်လဲဝမ်းသာ ဖြစ်ပါတော့လား။ အခုတော့ သူ့အရေးတော်ပုံ ပျက်ပြီတဲ့။ အံ့ပါ့"

ဒေါ်ယုံကလည်း ရင်ဘတ်စည်တီး မြည်တွန်သည်။

"အေးလေ၊ မယ်မင်းဘော်လို မိကောင်းဖခင်သမီး အချောအလှ အလိမ္မာလေးနဲ့ အကြောင်းပါတယ်ထားဦး။ ငါ ဝမ်းမသာနိုင်သကောရှင်မ။ ရန်သူကုလားကို တိုက်ခိုက်တဲ့ ဘက်တော်သားကောင်းတစ်ယောက် လျော့သွားပြီကော"

တောကဲကြီး ဦးထွန်းအေးမှာ မည်သို့မျှ မဝေခွဲနိုင်တော့သဖြင့် ညည်းတွားလိုက်ခြင်းဖြစ်ပေသည်။

★

ပုဂံစာအုပ်တိုက်

ကြယ်ရောင်သာရှိသည်။ လ မသာ။

ငမိုးကောင်းအတွက်မူ လ ရှိသည်။ သူသည် ရင်ထဲတွင် ပူခနဲ ဖြစ်လိုက်၊ အေးခနဲ ဖြစ်လိုက်ဖြင့် ဒေါပန်းအိတို့ရှေ့မှ လိုက်ပါလာရရာ ကြယ်စင်များကြားတွင် မယ်မင်းဘော်၏မျက်နှာ ဝင်းပနေသည်ဟု သူ့စိတ်မှာ ခံစားရ၏။

ထွက်သောနေနှင့် ဝင်သောနေတို့ကြားတွင် ပြေးလွှားတိုက်ခိုက်နေခဲ့သည့် နှစ်ကာလအတွင်း၌ သူသည် အစာစား၏။ ရေသောက်၏။ အသက်ရှူ၏။

အသက်ရှူသော်ငြား မည်သည့်အနံ့ဟု သူမသိခဲ့။ အင်ကြင်းတို့လှိုင်ခဲ့သော်လည်း သူမသိခဲ့။ ပိတောက်တို့ ကြိုင်ပြန်ပါလည်း ငမိုးကောင်း သတိမထားခဲ့မိချေ။ ယနေ့ညမှာမူ ငမိုးကောင်းသည် စံပယ်နံ့ကို ရပေပြီ။ မြေပေါ်တွင် စံပယ်ပန်းတို့ အမှန်ပွင့်သလော၊ မပွင့်သလော ငမိုးကောင်း မသိ။ နှာဝတွင်စံပယ်လှိုင်ပြီ။ သူ့ပုဆိုးထောင့်တွင် ဆူးဖြင့်ချိတ်ပြီး ပိတ်ထားခဲ့သော စံပယ်ခက်ကလေးသည် ဝင့်ဝါစွာ၊ ခမ်းနားစွာထွက်စံပယ်လာပြီ။

ရှေ့မှ မည်းမည်းအရာသည် နီးကပ်လာ၏။ ငချိပ်။

"ဟော အနောင် ငမိုးကောင်းပါကော"

အပျိုအိမ်သို့ သူလိုက်ပို့ခဲ့ဖူးသော ငမိုးကောင်းကို ငချိပ်သည် သွေးသောက်ကြီးဟု မသိပါ။ ခင်မင်ဖွယ်ကောင်းသော ကာလသားကြီးဟုသာ သိသည်။ သိသည့်အလျောက် ငမိုးကောင်းဟုသာခေါ်သည်။

"ဟုတ်သယ် ငချိပ်ရေ့၊ ကျန်းခန့်သာလို့ မာသမဟုတ်လား"

"မာပါ့ဗျာ။ အနို့ အပျိုအိမ်သွားမယ် မှတ်သကော။ မင်္ဂလာဆောင်ရင် ဝက်သားဟင်းနဲ့ ထမင်းကျွေးရမယ်ဗျာ့"

"စားရစေ့မယ်"ဟု ပြုံးစလွယ်ဖြေလိုက်လျှင်ပြီး၏။ ပြီးသော်ငြား ငမိုးကောင်း နှုတ်ဆွံ့သည်။ ကာယကံရှင် မိန်းမသားအား ထိခိုက်မည် စိုးရိမ်သည်။

"ပသို့ မင်္ဂလာဆောင်တုန်း ငချိပ်ရ"

"အနောင်၊တစ်ရွာလုံးက မင်္ဂလာဆောင်ရက်ကို မျှော်နေကြသကော"

ငချိပ်သည် ငမိုးကောင်းကိုပြောရင်း ဆက်အလျှောက်တွင် နောက်မှ လိုက်ပါလာသော ဒေါပန်းအိ၊ ဒေါအေးလှ၊ မိသော့တို့ကို ဝင်တိုးတော့မှ အနေရအထိုင်ရ ခက်သွားတော့သည်။

"ဟော ကြီးတော်၊ ထွေးတော်၊ မိသော့၊ ဘဇာက လာကြ"

ငချိပ်သည် အမေးကိုပင် ဆုံးအောင်မမေးနိုင်ဘဲ မှောင်ထဲသို့ ပြေးဝင်သွားလေတော့၏။ ခံရသူများမှာ စကားမပြန်ရသဖြင့် နေသာ ထိုင်သာ ဖြစ်ကြရ၏။ မိသော့မှု ပါးစပ်ပိတ်လျက် တခွိခွိရယ်မော၏။

မယ်မင်းဘော်တို့အိမ်သည် ယခင်တစ်ကြိမ် ငမိုးကောင်း ရောက်ခဲ့စဉ်ကနှင့် ကွဲပြားပြောင်းလွဲမှု မရှိချေ။ ရေနံမီးခွက်သည် ဝဲလင်းဆောင် အတွင်း၌ မှိုင်းတလူလူဖြင့် ကြိုဆိုလင့်၏။

ငမိုးကောင်းသည် ဒေါပန်းအိ၏အတွန်းအပို့ကို မစောင့်တော့ပါ။

ပုဂံစာအုပ်တိုက်

ရေနံမီးခွက်ရှေ့သို့ ဝင်ထိုင်၏။ ရေနံမီးခွက်ဘေးတွင် ပန်းထည့်သော ဗန်းခုံး ရှိမြဲရှိသည်။ ပန်းခြောက်များမှာ ဖုန်တက်နေ၏။ ချည်ဝင့်သံ၊ ရက်ဖောက် ရောက်သံများမှု မရှိ။ မိုင်းတောင့်ဖွေးဖွေးများကိုလည်း မမြင်ရ။ ဝဲလင်း ဆောင်၏ အလှသည် ဆိတ်သုဉ်းနေပါတကား။

.... မီးခွက်ရှိနေသာဟာ လူရှိနေသဲ့ လက္ခဏာပဲ....

ထိုအတွေးဖြင့် မှောင်ရိပ်ထဲသို့ ငမိုးကောင်း အားစိုက်ကြည့်ရှု၏။ သစ်တုံးပေါ်တွင် စိုက်ထူထားသည့် ငုတ်တုတ်ခြား၏နောက်တွင် ငြိမ်ငြိမ် ကလေးထိုင်နေသော မယ်မင်းဘော်ကို မြင်ရ၏။ သူသည် ဒူးနှစ်လုံးပေါ် လက်တင်ကာ၊ လက်ပေါ်တွင် မေးတင်ထားပေ၏။

ငမိုးကောင်းသည် မီးရောင်ကို လက်ဖြင့်ကာလျက် မယ်မင်းဘော် အား မြင်မြင်ထင်ထင်ရှိရန် အားထုတ်၏။ မယ်မင်းဘော်မှာ ကြမ်းပြင်ကို အကြောင်းမဲ့စိုက်ကြည့်နေရာမှ ငမိုးကောင်းဘက် စောင်းလှည့်၏။ "နေစိမ့် ပါဘိ မောင်ကြီးရယ်" ဟု ဝမ်းနည်းသံဖြင့် မပီမသပြောသည်။

"ခွင့်လွှတ်ပါဘိ နမသယ်။ မောင်ကြီးမှာ စစ်ရေးကပူလှသယ်။ သည်မြေသည်ရေမှာ ကုလားရှိနေသရွေ့ မောင်ကြီး စိတ်မဖြောင့်"

"အကျွန့်မှာဖြင့် မောင်ကြီးကို နေ့တိုင်း သတိရနေသကော။ မောင် ကြီး လာမယ့်လမ်းကို မှန်းဆမျှော်ရသကော"

ငမိုးကောင်းသည် ပုဆိုးထောင့်တွင် ပါမြဲဖြစ်သည့် အိတ်ကလေး တွင် ထိုးထားသည့်ဆူးကိုဖြုတ်သည်။ အထဲမှ စံပယ်ခက်အခြောက်ကလေး ကို ထုတ်သည်။ မယ်မင်းဘော်ထံကမ်းသည်။

"မှတ်မိပါစ နမသယ်"

"ဘဇာကို မှတ်မိရမှာပဲ့ မောင်ကြီး"

ထိုးကွင်းမြေစိုက်ရှိသော လုလင်ပျိုသည် သူ့တာမှခြင်းအကျတွင် ခြင်းလုံး၏အပြေးအလိမ့်ကို ပြိုင်ပြီးပြေး၏။ ထိုခြင်းလုံးကို သူ့လက်အလှမ်း

၌ စံပယ်ခက်ကလေး ပြုတ်ကျ၏။ ခြင်းကိုမကောက်အား၊ အံ့ဩတကြီး မော့ကြည့်သောအခါ လုပစင်ကြယ်သော မျက်နှာဝိုင်း ငွေလမင်းကလေး။

ထိုအကြောင်းကို ပြန်ပြောင်းဖွဲ့ဆိုသောအခါ ခွေလျော့လည်တိုင် ကြော့သည် ထောင်မော့လာ၏။

"မောင်ကြီးရယ်၊ မင်းဘော်မှာဖြင့် မေ့မေ့ပျောက်ပျောက်"

ဝမ်းသာအားရပြောပြီးမှ "အနို့နေပါဦး။ ပန်းဝှက်ကြရာမှာ မောင်ကြီး ပေးစရာမရှိလို့ ပေးသွားမှုတ်လား" မေးသည်။

"ဟုတ်သပါ့။ ပြန်ခါနီးမှာ ပိုင်ရှင်ထံခွင့်မတောင်းဘဲ ယူသွားသယ်။ အိတ်ထောင့်မှာထည့်ထားပြီး ကျပျောက်မှာစိုးသာနဲ့ ဆူးထိုးထားပါသယ်။ သာလောက်ဆိုရင် မောင်ကြီးမေတ္တာကို နှမသဘောပေါက်တန်ပါဘိ"

မယ်မင်းဘော်သည် နှစ်လိုသောအကြည့်ဖြင့် တစ်ချက်ကြည့်ပြီး မျက်လွှာချ၏။ မျက်လွှာချရင်း ကေသာကြော့တွင်ပန်ဆင်၏။

"မပန်နဲ့ဦး နှမသယ်။ သည်ပန်းကို နှမကိုယ်စား သွားလေရာကို ယူသွားရဦးမှာပါ့။ သည်မြေသည်ရေမှာ ကုလားရှိနေသရွေ့"

မယ်မင်းဘော်သည် အချိန်ကြာမြင့်စွာက ထောင်ထားခဲ့ရသည့် ရစ်ကိုပြန်လှဲကာ ချည်စတင်ဝင့်သည်။ ဗိုင်းတောင့် သုံးချိုးတစ်ချိုးကျတော့မှ စကားပြော၏။

"နှမမှာ မိန်းမသားပါမောင်ကြီး။ ယောကျာ်းသနာနဲ့ ထိပါးပြီးတဲ့ မိန်းမတစ်ယောက်ဟာ မျက်နှာမများရဘူး"

"သည်ထုံးစံတွေကို မသိသဲ့အတွက် အကျွန်နှုတ်မဆက်မိသာ စိတ်မဆိုးပါနဲ့နှမသယ်။ အကျွန့်မေတ္တာကို နှမသယ် သိပြီးပြီကပဲ။ ကုလားတွေ ပြေးသည်အထိ တာဝန်ထမ်းပါရစေဦး။ အဲသာကြောင့်"

ငမိုးကောင်း စကားမဆက်နိုင်။ မယ်မင်းဘော်အား ဖျတ်ခနဲ မော့ကြည့်၏။ ပိုးကြိုးတမျှ ညီညွတ်ချောပြောင်သော ချည်မျှင်သည် ရတ်ချည်း

လွန်ကြိုးနှယ်တုပ်၏။ ရစ်လည်း အလည်ရပ်၏။

ပုလဲငွေမျက်ရည်ဥများသည် မိမင်းဘော်၏ ပါးအိုစွန်းတွင် တင်နေ၏။ ဖြုတ်ခနဲဖြုတ်ခနဲ ကြွေကျ၏။

"နမသယ် ဘဇာကြောင့် ငိုရသတုန်း"

ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်လျက် ငမိုးကောင်းမေးသည်။

"နမသယ် မောင်ကြီးပြောသဲ့အထဲမှာ ဘဇာမှားသတုန်း။ မောင်ကြီး သိပါရစေ"

တုံ့ပြန်စကားမလာသဖြင့် ပူပန်စွာမေးသော ငမိုးကောင်း၏ စကား။ မယ်မင်းဘော်သည် ဗိုင်းတောင့်ကို တောင်းထဲထည့်ရင်း ကြိတ်ပြီး ရှိုက်၏။ ချည်မျှင်တန်းကြီးကို စိုက်ကြည့်ရင်း တစ်ကိုယ်တည်းညည်း၏။

"မောင်ကြီးဟာ ညာတာရမှန်း၊ သနားရမှန်းမသိသကော။ အုန်းပင်စုရွာကို မောင်ကြီးရောက်လာပြီးမှ ပြန်ထွက်သွားရင် အကျွန် ပသို့ဖြစ်မယ် မောင်ကြီးသိပါစ"

"အပြစ်တင်ရင် ခံရတော့မှာပါ့ နမသယ်။ မောင်ကြီး မသိသာ အမှန်ပါ"

"အကျွန့်ကို မောင်ကြီးသစ္စာဖောက်သွားပြီ၊ အကျွန့်ကို မောင်ကြီး စွန့်ပစ်သွားပြီ ပြောကြမှာပေါ့"

"ဟင်"ခနဲ ငမိုးကောင်း ရေရွတ်မိသည်။ သူသည် လဲပြိုသော မိန်းမပျိုတစ်ဦးအား ရိုးသားစွာ လက်နစ်ဖက်ဖြင့် ထိန်းမပေးခဲ့မိသည်။ ဤအပြုအမူကြောင့် အမှုကြီး ကြီးစွာဖြစ်နေပါပြီကော။

"နမသယ်ကို မောင်ကြီး ဘယ်လောက်မြတ်နိုးသယ်ဆိုသာ စံပယ်ခက်နဲ့ သက်သေထူပြီးပြီကော။ နမသယ်ကို မောင်ကြီး ဘယ်တော့မှ စွန့်ပစ်မသွားပါဘူး။ စစ်ရေးပြီးရင် ပြန်လာခဲ့မှာပါ့"

"စစ်ဆိုသဟာ ပန်းနဲ့ပေါက်တမ်းကစားသဟာမဟုတ်မောင်ကြီး။

မောင်ကြီးသေသွားရင် ပသို့လုပ်ရပါ့။ ကျိုးကန်းသွားရင် ပသို့လုပ်မတုန်း"

"ကုလားဖြူ ကုလားမည်းတွေကိုကြည့်ပြီး မောင်ကြီး သည်လိုပဲ ငုတ်တုတ်ထိုင်နေရတော့မှာလား နှမရယ်"

ခေါင်းတစ်ယမ်းယမ်းဖြင့် ငမိုးကောင်း စိတ်ပျက်ဝမ်းနည်းစွာ ညည်းသည်။

"ရပ်ရွာလူကြီးတွေ စုံညီပင့်ဖိတ်ပြီး အခွင့်တောင်းလို့ရသပါ့ဆိုရင် မောင်ကြီးစစ်ထွက်လိုသပါ့ ထွက်။ နို့မဟုတ်ရင်ဖြင့် မသွားပါနဲ့မောင်ကြီး။ လူတကာရဲ့ တံတွေးခွက်မှာ နှမလေး နစ်ရတော့မှာကော"

ငမိုးကောင်းသည် နားလည်သယောင် ရှိသည်ထင်ပြီးမှ နားမလည်သေး၊ သဘောမပေါက်သေးဟု မိမိဘာသာသိသည်။

"အခုထက်ထိ အကျွန်သဘော မပေါက်သေးသာ အမှန်ပဲ နှမသယ်။ အကျွန် စစ်မထွက်တော့ဘူး၊ သည်ရွာမှာ နေပြီဆိုပါတော့။ ဘာဇာလုပ်ရမတုန်း"

မယ်မင်းဘော်၏ဦးခေါင်း ပို၍ငုံ့သွားကာ ရစ်ဖောက်တစ်လုံးတွင် ချည်မျှင်များကို လုပ်မိလုပ်ရာ လုပ်သောအားဖြင့် ရစ်ချေဖြေချေလုပ်နေ၏။

"ပြောပါဘိ နှမသယ်။ မောင်ကြီး မသိသာ အမှန်ပါ"

"အိမ်ပြန် ပြန် ပြန်ပြီး၊ ထွေးတော်ယုံ ယုံကို မေး မေးပါရှင်"

တုန်ယင်ထစ်ငေါ့သော စကားလုံးများဖြင့် ဖွဲ့သီထားသော ထိုစကားကို ငမိုးကောင်း မသိချေ။

"သဟာဖြင့် ကြီးတော်ယုံကိုမေးဖို့ မောင်ကြီး သွားပါရစေ"

"စစ်ထွက်ခွင့်ပေးတာ မဟုတ်ဘူး မောင်ကြီး၊ မင်းဘော် ပြော ပြောရမှာ ရှက် ရှက်လို့၊ ထွေးတော်ကို အမေးလွှတ် လွှတ်တာပါ"

ငမိုးကောင်းသည် သူ့မေတ္တာကို မယ်မင်းဘော် ယုံကြည်စေချင်၏။ ကြားခံဖြစ်သော ရစ်တွေခြားတွေ ဆွဲဖယ်ပြီးလျှင် မယ်မင်းဘော်အား ရင်ခွင်

တွင်ထားကာ နားလည်သည်အထိ ရှင်းပြချင်၏။ သို့သော် ကွယ်ရာ ထောင့်ရာတွင် မိကြီးမိထွေးတို့ ထိုင်ကြည့်မနေဦး။ မိသော့မှု ရှိတန်ရာ၏။

သို့ကြောင့် ဟင်းချလျက် ငမိုးကောင်း ပြန်လာခဲ့တော့၏။ အုန်းပင်စုရွာသည် အိပ်ရာဝင်ခဲ့ပြီးဖြစ်ငြား၊ အပျိုအိမ်များတွင် မီးတထိန်ထိန် ရှိ၏။ ကာလသားများလည်း မှောင်ထဲတွင် ကူးလူးနေကြ၏။

တောကဲကြီး မိသားစုသည် မီးခွက်ကြီးထွန်းလျက် ငမိုးကောင်းအား စောင့်နေကြ၏။တောကဲကြီးကပင် စတင်ပြီး "ပသို့တုန်း သွေးသောက်ကြီး။ မယ်မင်းဘော်က စစ်ထွက်ဖို့ သဘောတူပါစ" ဟု ငမိုးကောင်း မထိုင်မီ မေး၏။

ငမိုးကောင်းမှာ စိတ်ရောလူပါ မောပန်းနေသည်။ မယ်မင်းဘော်နှင့် ပြောခဲ့ဆိုခဲ့သည်များကို ထပ်ဆင့်ပြောပြသည်။ "သူရှက်လို့ မပြောသာသဲ့။ ဘဇာဆိုသဟာ အကျွန် မသိသကော" ညည်းတွားစကားဖြင့် အဆုံးသတ်၏။

သို့သော် တောကဲကြီး ဦးထွန်းအေး မိသားစုအတွက်ကား အူမြူးစရာအတိ ဖြစ်နေတော့သည်။

တောကဲကြီးသည် သွေးသောက်ကြီး ငမိုးကောင်းအား လေးစားသော်ငြား၊ မရယ်မောဘဲမနေနိုင်ပါ။ ဟက်ဟက်ပက်ပက် ရယ်မောပြီးမှ "အဲသဟာက သူ့ကို အမောင် ထိမ်းမြားလက်ထပ်ရမယ်လို့ ပြောတာဖြစ်သပ"ဟု ရှင်းပြ၏။

"ဘဇာကြောင့် အကျွန်က ထိမ်းမြားလက်ထပ်ရမှာတုန်း ဦးတော်"

"ဩော်.... သွေးသောက်မင်းနှယ်၊ အရပ်ဝလေ့ကို မသိရန်ကော" ဟု ဒေါ်ယုံက စိတ်မရှည်သံဖြင့် ဝင်ပြောပြီးမှ ရှင်းပြ၏။

"သွေးသောက်မင်း၊ သူ့ကို ပွေ့မိ ဖက်မိမှဖြင့် မထိမ်းမြားဘဲနေလို့ ရနိုင်တော့မည်လား။ အကျွန်တို့ အရပ်သူများဟာ အလွန်အရှက်ကြီးတမင့်"

ထိုအခါတွင် ငပြုံးချိုက ကြားဖြတ်ပြောသည်။

"မယ်မင်းဘော်ကို အနှောင် မခင်မင်သလော"

"ခင်မင်ရုံမကပါဘူး ငပြုံးချိုရာ၊ မေတ္တာရှိပါသယ်။ ထိမ်းမြားရမှာလည်း ဝမ်းသာပါသယ်၊ ကျေနပ်ပါသယ်။ ကျေနပ်သမင့်၊ စစ်ထွက်ရာက ပြန်မှ ဆောင်နှင်းပါရစေ"

"အဲသဟာကို သွေးသောက်မင်းက မယ်မင်းဘော်ကို မပြောသကော"

"ပြောပါသယ်ထွေးတော်။ သူ သဘောမတူဘူး"

"သူ ခွင့်မပြုတမင့်၊ သွေးသောက်မင်း မသွားရသကော။ မယ်မင်းဘော်ကို ထိမ်းမြားမင်္ဂလာ ဆောင်နှင်းရုံရှိသပ"

ငမိုးကောင်း ဟင်းချလိုက်ရပြန်သည်။ "ရန်သူကုလားကို သည့်အတိုင်းထားပြီး၊ မယားယူရမယ်ဆိုတာ မသင့်သကော" ဟု မြည်တမ်းသည်။

တောကဲကြီး ဦးထွန်းအေးက သူ့အားလေးစားခြင်းမှာ ဤအချက်တစ်ချက်လည်း ပါဝင်ပေသည်။ သို့အတွက် "ရပ်ရွာက ကြည်ဖြူအောင် ကာယကံရှင်မိန်းကလေး မျက်နှာမပျက်ရအောင် ထိမ်းမြားမင်္ဂလာပြုပြီးမှ သူနားဝင်အောင်ပြောပြီး စစ်ထွက်တာပ" ဟု ဖြေသိမ့်စကားဖြင့် အကြံပေး၏။

ငမိုးကောင်း ခေါင်းခါပြ၏။

"ရှင်းပြပါသယ် ဦးတော်ရယ်၊ မလွှတ်နိုင်ဘူး ပြောသယ်ဗျာ" လေးလေးကြီးဖြေအပြီးတွင် ခေါင်းထောင်လာသည်။

"အကျွန် မသိလို့ မေးပါရစေဦးတော်။ မိန်းမတစ်ယောက်ကို သူမကြည်ဖြူသဲ့ လူတစ်ယောက်က အတင်းလက်ကိုင် ပန်းကိုင်လုပ်သယ်ဆိုပါတော့၊ ပသို့ လုပ်မတုန်း။ မကြည်ဖြူသူကို ထိမ်းမြားရတော့မှာလား"

"မိန်းမသားက မကြည်ဖြူတမင့်၊ ဘလက်ကာယပြုမှုနဲ့ ထိပ်တုံး ထဲရောက်၊ လျော်ကြေးပေးရမှာပဲ"

ငမိုးကောင်း ငြိမ်သက်သွားရတော့၏။ မယ်မင်းဘော်သည် မိမိအား အရက်မငဲ့ဘဲ မေတ္တာရှိနေသူပါတကားဟု ကြင်နာစွာတွေးမိသဖြင့် ဖြစ်၏။ စင်စစ်အားဖြင့် ငမိုးကောင်းမှာ မယ်မင်းဘော်အား ထိမ်းမြားရမည်ဆိုခြင်း အတွက် ဝမ်းသာရန်သာရှိ၏။ ဝမ်းသာရန်ဖြစ်ပါလျက် ဝမ်းမသာနိုင်ခြင်း မှာ စစ်ရေးကြောင့်ဖြစ်သည်။

"ပသို့တုန်း သွေးသောက်မင်း၊ ထိမ်းမြားမင်္ဂလာရက် သတ်မှတ်ဖို့ အတွက် မယ်မင်းဘော်ရဲ့ မိဘဆီ သွားရောက်ခွင့်ပန်ပေးရမလား"

"အကျွန့်မှာ အဝတ်တစ်ထည်၊ ကိုယ်တစ်ခု၊ ဓားတစ်လက်ပဲ ရှိသာ။ ပသို့ လက်ဖွဲ့ပစ္စည်း၊ လက်ဖွဲ့အသပြာ"

တောကဲကြီးက လက်ကာပြ၏။ "သဟာအတွက် ကြောင့်ကြဖို့ မလိုသပ။ မိန်းကလေးရဲ့ မေတ္တာမှာ လက်ဖွဲ့အသပြာ လက်ဖွဲ့ပစ္စည်း မလိုသကော အမောင်" ဟုဆို၏။ ဒေါ်ယုံကလည်း "သွေးသောက်မင်းဟာ အဝတ်တစ်ထည် ကိုယ်တစ်ခု ဓားတစ်စင်းပဲပါသဟာ အားလုံးသိသကော။ ကျန်သဟာတွေ အကျွန်ုပ်ရို့တာဝန်ပဲ" ဟုဆိုသည်။ သို့စဉ်တွင် ဦးထွန်းအေး က "ကဲ ကဲ၊ အိပ်ရေးပျက်ပြီး၊ ရိုးမငှက် ပြန်ပေါ်နေဦးမယ်။ အိပ်ကြစို့။ တော်ကြပါဘိ" ဟုဆိုသဖြင့် စကားပြတ်ကြသွားလေ၏။

မယ်မင်းဘော်နှင့် ဤသို့လျှင် နဖူးစာဆုံလိမ့်မည်ဟု ငမိုးကောင်း စိတ်ကူးအိမ်သော်မျှ မဆောက်စဖူးပေ။ အံ့အားသင့်ခြင်း မပြေ၊ ဘူးလုံးနား မထွင်း စိတ်တို့ မပြေပျောက်မီပင် ဦးထွန်းအေး ဒေါ်ယုံတို့က ငမိုးကောင်း၏ မိဘနေရာ၌နေကာ စေ့စပ်ပြောဆိုကြသည်။ ထိမ်းမြားမင်္ဂလာ ဆောင်နှင်း ပေးကြသည်။

ဝက်သားဟင်းဖြင့် ထမင်းကျွေးရမည် စကားဦးသမ်းခဲ့သော ကာလ

သားခေါင်း ငချိပ်လည်း ဗိုက်ကို ခွေးနမ်းအောင်စားရသဖြင့် ကျေနပ်၏။ တစ်ရွာလုံးလည်း ကျေနပ်ပျော်ရွှင်ကြ၏။ အကျေနပ်ဆုံး အပျော်ရွှင်ဆုံး ကား ဒေါ်ပန်းအိ။

သူသည် ငမိုးကောင်းအား ခဏတစ်ဖြုတ်သာ မြင်လိုက်ရ၏။ ကျေးဇူးသော်ကား တင်၍မဆုံး။ သို့အတွက် ကျေးဇူးတတင်တင်ဖြင့် သူ့ သမီးနှစ်ယောက် ကံကောင်းပုံကို ပြောမိ၏။ သူ့သမီးနှစ်ယောက်အား လာ ရောက်စောင့်ကြပ်ပုံပါ ပြောပြမိ၏။

ဤမျှဖြင့် ပြီးစီးသင့်ပါလျက် မပြီးစီး။ ဒေါ်အေးလှကို ပြောသော အခါတွင် ညီအစ်မဖြစ်သည်နှင့်အညီ "ညည့်တူမကို ပွေ့ဖက်နေတယ်လို့ ငါထင်တာပဲ" ဟု ပြောမိသည်။

ထိုအခါ ဒေါ်အေးလှကလည်း "ဝဲလင်းဆောင်ကိုလာတုန်းက သတိ ထားလိုက်မိသကော"ဟု ဖြည့်စွက်သောအခါ "အနှောဖြင့် ဟုတ်ပါပြီ။မေတ္တာ ရှိနေကြပြီထင်ပါ့" ပြောစကားဖြင့် ဒုက္ခရောက်တော့သည်။

အကြောင်းမူ ညီအစ်မနှစ်ယောက် ပြောစကားကို နားစွန်နားဖျား ကြားသွားသူမှာ မယ်အေးကြီးဖြစ်သောကြောင့်တည်း။

မယ်အေးကြီးသည် အုန်းပင်စုရွာ၏ မောင်းဖြစ်သည်။ မောင်းတို့၏ ထုံးစံအတိုင်း မုန်ညင်းစေ့ကို အုန်းသီးရွယ်။ အုန်းသီးခန့်ကို စကြဝဠာ တင်းတောင်းဟု ချဲ့ကားမြဲဖြစ်ရာ "ရွာကို လာဖူးသွားတဲ့ အညာသားက ကနောင်ကို မယ်မင်းဘော်ရောက်တဲ့အခိုက် ပွေ့ဖက်နေသဟာ သူ့အမေနဲ့ တိုးလို့ ကတိုက်ကရိုက်ပြန်ပြေးလာကြရဆိုသကော" လျှောက်ပြောတော့ သည်။

ပွေ့ပိုက်ခြင်းမဟုတ်သော ပွေ့ပိုက်ခြင်းကို မယ်မင်းဘော် သာယာ နေသည်လည်း အမှန်ဖြစ်၏။ စွဲလန်းနေသည်လည်း မှန်သည်သာပင်။ မှန်သော်ငြား၊ လူမသိ သူမသိသာ ဖြစ်၏။ ငေးငေးမောမောသာ ရှိ၏။

အမြောက်ယူရန် ငမိုးကောင်းတို့ ရောက်မလာလျှင် ပြီးပြီးပျောက် ပျောက် ဖြစ်မည်။ အမြောက်ယူသော ရဲမက်စုတွင် ငမိုးကောင်း ပါလာသော အခါ မယ်မင်းဘော် မျှော်ငေးပြီ။ သူ့ထံ လာတန်ရာ၏ဟု ပန်းပန်သည်။ နံ့သာကျံသည်။ ငမိုးကောင်းကား၊ မယ်မင်းဘော်ထက် ယမ်းမှုန့်နှင့် အမြောက်ဆန်က အရေးကြီးနေသည်။

"သွေးသောက်ကြီး ဦးမိုးကောင်း ငှက်မိကျန်ခဲ့သတဲ့"

မယ်မင်းဘော်မှာ ပြေး၍မေးရန် မဝံ့ပေ။ သို့သော် ဝဲလင်းဆောင်တွင် ထိုင်ပြီး ငိုင်သည်။ ကြိတ်ပြီး ငိုသည်။ သူ့ကို သတိရစေရန် ငါးခြောက်ဖုတ် ပို့ငြား၊ ငမိုးကောင်း ရောက်မလာ။ မယ်မင်းဘော် မကြဲတတ်။ ရွာထဲတွင် ကား "ရှင်မင်းဘော်ခမျာ မျက်ရည်သုတ်နေရပါပြီကော" သတင်းပြန့်ပြီ။

မယ်မင်းဘော် ရှက်လည်းရှက်၊ လွမ်းလည်းလွမ်း၏။ ဒေါ်အေးလှ သည် ဒေါ်ပန်းအိအား ရန်တွေ့၏။ သည်အတိုင်း ကြည့်နေရသလော စသည်ဖြင့် ရန်တွေ့ခြင်းဖြစ်၏။ ထိုအခါတွင်မှ ဒေါ်ပန်းအိသည် သမီးကို မေးမြန်းရန် သတိရသည်။

သမီးနှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ ရွာ၏ အတင်း အဖျင်းစကားကို ချေဖျက်ရတော့မည်။ သမီးကပါ တမ်းတတွယ်တာ နေပါ သည် ဆိုလာချိန်၌ကား ဒေါ်ပန်းအိသည် ဒေါ်အေးလှကိုခေါ်ပြီး ငမိုးကောင်း ထံ လာခဲ့ခြင်းဖြစ်သည်။

သို့လျှင် ဒေါ်ပန်းအိ အပျော်ဆုံး ဖြစ်နေသည်နှင့်အမျှ မပျော်ရွှင်သူ ရှိ၏။ အလွန်ဒေါသ ထွက်နေသူတစ်ယောက်လည်း ရှိ၏။ မပျော်ရွှင်သူမှာ ငမိုးကောင်း။ ဒေါသထွက်နေသူမှာ ငအိပ်။

ငမိုးကောင်းသည် ချစ်ဇနီး၏ ပြည့်ဝန်းသော မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်လျက် အချစ်သွေးများ ဖြန်းဖြန်းထနေစဉ် အိပ်ရာမှ လန့်နိုး သူအလား ဖျပ်ခနဲဖြစ်သွားတတ်သည်။

ပုဂံစာအုပ်တိုက်

'ငါက သည်မှာမယားနဲ့ ပျော်ရွှင်ကြည်နူးနေတုန်း၊ ငါ့ရဲမက်တွေမှာ ကျွတ်ပေါ်တဲ့တောထဲများ အိပ်နေကြရှာလေသလား။ တာပွန်ကို ပြန်ပြီးမှ သိမ်းနိုင်ပါစ"

ချစ်မယား၏ သာယာသော စကားချိုကလေးများကို နှလုံးသားဖြင့်နားဆင်နေဆဲတွင်လည်း ကျိန်စာမိသူအလား ငမိုးကောင်း ထိတ်ခနဲဖြစ်၏။

'ကြည့်စမ်း။ ငါကတော့ မယားရဲ့အသံကလေး နားအာရုံခံပြီး ပျော်ရွှင်နေလိုက်သာ။ ငါ့ရဲ့ရဲမက်တွေမှာတော့ အမြောက်သံ သေနတ်သံတွေအောက်မှာ တပင်တပန်း တိုက်နေကြရမှာပါကလား'

ထိုခံစားချက်သည် ရင်တွင်းမှာချည်း မနေပေ။ များလွန်းသည့်အတွက် အမှတ်မဲ့ အန်ထွက်သည်။

"နှမရယ်၊ မောင်ကြီးမှာဖြင့် ထမင်းစားသဟာ လက်ဆေးရေနဲ့ ဆေးလို့။ ခွက်ယောက်နဲ့ထည့်လို့။ ငါ့ရဲမက်တွေမှာဖြင့် မနပ်သဲ့ထမင်းသော်မှ နပ်မှန်အောင် စားကြရပါစ"

"မောင်ကြီး။ သဟာတွေ အသားထား။ ငါးပိရည်ကလေး ဆမ်းပါဘိ"

မွှေးသင်းသော ငါးပိရည်ကျိုသည် အညာသားသွေးသောက်ကြီးအား မိန်းမ၏ လိမ်မာမှုနှင့် ပူးပေါင်းဖမ်းစား၏။

ငမိုးကောင်းသည် ရင်နှင့်မမျှအောင် ဆယ်ခါခံစားရမှ။ တစ်ခါသာ ယောင်ယမ်းပြီး အသံထွက်၏။ အသံထွက်ဖန်များသောအခါ မယ်မင်းဘော် ရိပ်မိသည်။ သူ့လင် တွေခနဲဖြစ်သွားလျှင် ငေးနေလျှင် ယုယ ထွေးပိုက်ခြင်းဖြင့်ဖျောက်ဖျက်တော့သည်။ သို့သော် ငမိုးကောင်းမပျော်ပိုက်။ သူ့ရဲမက်တွေအား သစ္စာဖောက်မိနေပြီလော ဟူသည့် သံသယသည် အထက်မတက် အောက်မစုန်သော လည်ချောင်းထဲက အရိုးသို့ တနင်နင်ရှိလေ၏။

## ပုဂံစာအုပ်တိုက်

ငအိပ်ကား မယ်မင်းဘော်ကို ငမိုးကောင်း ယူသွားသောကြောင့် ဒေါသအမျက်ထွက်နေလေသည်။ သူသည် မယ်မင်းဘော်အား မေတ္တာရှိနေခဲ့၏။ ထိုသို့သူမေတ္တာရှိနေကြောင်းကို မယ်မင်းဘော်သိစေရန် မယ်မင်းဘော်တို့အိမ်ရှေ့တွင် လမ်းသလား၏။မယ်အေးကြီးမှတစ်ဆင့် စကားလှမ်း၏။

ဣန္ဒြေကြီးသော မယ်မင်းဘော်သည် မယ်အေးကြီး၏စကားကို အရာမသွင်းခဲ့ပေ။ သို့ဖြင့် ငအိပ်၏ မေတ္တာသည် အရာမထင်ခဲ့လေ။

ဥယျာဉ်သို့ မယ်မင်းဘော်အသွားတွင် ငအိပ်လိုက်လာ၏။

“မင်း.... မင်းဘော်ကို ဇ.... ဇ.... စကားတစ်ခွန်း ပြော.... ပြောချင်လို့”

ပတ်ဝန်းကျင်တွင် အထင်သေးဖွယ် မိန်းမ၊ ပစ်တောင်းစကား မိန်းမ၊ မိန်းမပေါ့ မိန်းမရှုင်တို့ ရှားပါးသောအခါ မိန်းမနတ်သည် တန်ခိုးကြီး၏။ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားစင်စစ်မှာ စကားဖြောင့်အောင် မပြောနိုင်။

ကြိုးစားပမ်းစား ဖျစ်ညှစ်ပြောသော စကားတစ်ခွန်းကို မယ်မင်းဘော် အရေးမယူ။ သူ့လမ်းကို သူဆက်သွားသည်။ ငအိပ်ပြောစရာ စကားစရှာမရသေးမီ လူတစ်ယောက်ကို လှမ်းမြင်ရသည်။

ရည်ငံလိုစိတ်ဖြင့် လိုက်လံစကားဆိုငြား၊ ထိုမိန်းမအား သူ တစ်ပါးအထင်မသေးစေလိုသော နှမချင်းစာနာစိတ်၊ အစ်မချင်း စာနာစိတ်ဖြင့် ငအိပ် ရှောင်ခွာသည်၊ ပြေးပုန်းသည်။

ငအိပ် အကြိမ်ကြိမ် ကြိုးစားပါလျက် မယ်မင်းဘော်ထံမှ စကားတစ်ခွန်း မကြားခဲ့ရပေ။ မိန်းမတို့၏မျက်နှာနှင့် အတွင်းစိတ်ကို ယှဉ်တွဲခန့်မှန်း၍ မရဟူသော လူပြောသူပြော သျှတ္တရကို အားကိုးလျက် ငအိပ်ဆက်လက်ကြိုးစားသည်။ ဤသို့ရှိစဉ်တွင် မယ်အေးကြီးထုသော မောင်းသံရွာလုံးကျွတ်ညံသောအခါ ငအိပ် မခံမရပ်နိုင်ဖြစ်ရ၏။ ဒေါသအမျက် ပြင်း

စွာ ထွက်၏။ "မျိုးရိုးဗီဇ ခေတ်ယာယီမသိတဲ့ သူစိမ်းသူရှမ်းနဲ့မှ ဖြစ်ရပါ့ဘိ မင်းဘော်လေး" ဟု နာကျည်းစွာ ညည်းတွားခဲ့၏။

ယခု သူသည် တောက်တခေါက်ခေါက်ဖြင့် ဒေါသဖြစ်နေရလေပြီ။ အပျိုအိမ်သို့ပို့ပေးခဲ့သော ကာလသားခေါင်းကို ဒေါသထွက်၊ မယ်မင်းဘော် အမေ့ကို စိတ်ဆိုး၊ ကာယကံရှင် မယ်မင်းဘော်ကိုသာမက ထိမ်းမြားပွဲတွင် ဆင်နွှဲရှင်မြူးသော တစ်ရွာလုံးကိုပါ ဒေါသထွက်နေရတော့၏။

အောက်မိုးအောက်လေ ပိသသောမိုးသည် ငမိုးကောင်း၊ မယ်မင်း ဘော်တို့၏ ထိမ်းမြားမင်္ဂလာပွဲရက်မှစတင်ပြီး ဖြိုင်ဖြိုင်ကျတော့သည်။ ပထမရက်သော် ငမိုးကောင်း မပျော်သယောင် ပျော်သယောင်ရှိခဲ့ငြား၊ ဒုတိယရက်မှစတင်ပြီး ပျော်လိုစိတ် လျော့ပါးတော့သည်။

သို့သော် ပျော်သည်ဖြစ်စေ မပျော်သည်ဖြစ်စေ၊ အိမ်ထောင်ရှင် ယောကျ်ားအဖြစ်ကို ငမိုးကောင်း လျစ်လျူရှု၍မရတော့ပြီ။ ယောက္ခမလက်ဖွဲ့ သော နွားတစ်ရှဉ်းကိုဆွဲလျက် လယ်ထဲသို့ဆင်းရပြီ။

လယ်မြေများကို လုယူမည့် တိုင်းတစ်ပါးသားများ မြန်မာပြည်တွင်း သို့ နွားအုပ်ကြီးနင်းသကဲ့သို့ ဆင်းမလာသေးမီကာလ၊ ငွေတိုးချေးခြင်းဖြင့် မြန်မာတို့၏ လယ်ယာများကို စီးနင်းသိမ်းပိုက်မည့် ကုလားနက်များလည်း ရောက်မလာသေးသည့်ကာလဖြစ်ရကား လယ်မြေ မရှားပါးပေ။

ဝမ်းစာသာသာရမည့် လယ်မြေဆယ်ကေသည် အသင့်ရှိ၏။ စစ် မြေကျန် ရဲမက်များအား လွမ်းတစိတ်ဖြင့် ငမိုးကောင်း ထွန်ယက်ရပြီ။

တစ်နေ့တခြား သန်ထွားလာသော ပျိုးခင်းကို တစိမ့်စိမ့်ကြည့်ရင်း ငမိုးကောင်း တမန်းပြန်နေသော နေ့တစ်နေ့တွင် မိုးရွာကြီးထဲသို့ ဂဒူး ဆောင်းထားသည့် လူတစ်ယောက် ရောက်လာ၏။ ထိုသူသည် မယ်မင်း ဘော် တကုပ်ကုပ် ချက်ပြုတ်နေသောတဲထဲသို့ စောင်းငဲ့ကြည့်ရုံမျှ ကြည့်ပြီး ငမိုးကောင်းထံသို့လာ၏။ ခေါင်းငုံ့ ခါးကုန်းလျက် ကံသင်းပေါင်ပေါ်တွင်

ရပ်နေသည်။

ငမိုးကောင်း အမှတ်မဲ့ထွန်နေသည်။ ဖြုန်းခနဲ မိုးတိတ်သွားသည့် အခါတွင်မှ သတိထားမိသည်။ ထွန်ကို ရပ်ထားခဲ့ပြီး ဂဒူးဆောင်းထားသူထံ လျှောက်လာ၏။ ထိုသူသည် ဂဒူးကို နောက်စေ့ဘက်သို့ ဆွဲလှန်ပြီး မျက်နှာ မော့လိုက်၏။

ဦးခေါင်းတွင် အဝတ်စုတ်ဖြင့် ပတ်စည်းထားပြီး၊ ပါးနှင့်မေးစေ့တွင် ဆေးဖက်ဝင်သစ်ရွက်များ ကြိတ်အုံထားသော အကြပ် ငကျွဲ။

"ဟာ ငကျွဲ"

ငမိုးကောင်း အော်ပြီး ပြေးဖက်သည်။ ငကျွဲကလည်း "သွေးသောက်ကြီး" ဟု အော်လျက် တစ်အားပြန်ဖက်၏။ သူသည် ငမိုးကောင်း၏ ပခုံးပေါ်တွင် မေးတင်လျက် ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

"ဗိုလ်ချုပ်ဦးမြတ်ထွန်း၊ ဦးခေါင်းကြီး၊ ဦးခေါင်းလေးတို့ ကျန်းခန့်သာလို့ မာကြပါစ ငကျွဲ"

"မာ မာကြပါရဲ့ သွေး သွေးသောက်ကြီး"

"နင် ယောက်ျားကောင်း မဟုတ်ဖူးလား။ ဘာဇာကြောင့် ငိုရသတုန်း"

"ငမဲကြီးနဲ့ စံလှတို့ ကျသွားပြီ"

ငမိုးကောင်းမှာ ရင်ဝကို ချွန်ထက်လေးလံသောအရာဖြင့် ဆောင့်ထိုးခံရဘိသို့ စူးခနဲနင့်၏။ သို့ရာတွင် ငမိုးကောင်းသည် အံကြိတ်၏။ ယောက်ျားကောင်းတို့၏ သချိုင်းသည် စစ်မြေပြင် မဟုတ်သလောဟု အားတင်း၏။

"စစ်သားပဲကွာ။ ရန်သူ ကုလားဖြူ ကုလားနက်ကိုတိုက်ရင်း သေရသာ မွန်မြတ်ပါသကွာ"

ထိုသို့ ပြောပြီးမှ မတ်တတ်ကြီးပါကလားဟု သတိရသဖြင့် "လာဟေ့ တဲထဲကိုသွားရအောင်" ဟု ပြောပြောဆိုဆို လက်ကိုဆွဲသည်။

"ထိုင်ခွင့်မရှိဘူး သွေးသောက်ကြီး။ ဗိုလ်ချုပ် အမိန့်ရှိလိုက်တာက

သွေးသောက်ကြီး သေပြီးလား။ ကျန်းကျန်းမာမာပဲလား ကြည့်ချေတဲ့။ အခု သွေးသောက်ကြီးကို တွေ့ပြီးတဲ့နောက် အကျွန် ချက်ချင်း ပြန်ရမှာပါ"

"မထိုင်ချင်သပါ တဲထဲကို ခဏဝင်ပါဦး"

ငမိုးကောင်းသည် သူ၏အကြပ်ကို လက်မောင်းမှကိုင်လျက် တဲဘက်သို့ဆွဲခေါ်လာရင်း စကားဆက်သည်။

"ငါတို့ရဲ့ စစ်ရေး ပသို့ ရှိသတုန်း ငကျွဲရ"

ငကျွဲသည် မိမိတို့ ဦးတည်သွားနေသည့် လယ်တဲဘက်သို့ ငေးမောနေ၏။ မိုးတိတ်သခိုက် နေရောင်ကလေး မပြူ့တပြူတွင် တဲအမိုးတစ်ခုလုံးမှာ အခိုးတွေဝေနေ၏။ သည်ဝေနေသောအခိုးထဲတွင် ကျီးနှင့် စာများ ပျံသန်းနေကြ၏။

"ဟဲ့ ငကျွဲ ငါမေးနေသကော"

ငမိုးကောင်း ခပ်ငေါက်ငေါက်မေးသဖြင့် ငကျွဲ လှုပ်လှုပ်ရှားရှား ဖြစ်၏။

"ဦးခေါင်းကြီးနဲ့ ဦးမြွတ်ထွန်းကို ဆုငွေနှစ်ထောင်၊ ဦးခေါင်းကလေးကို ဆုငွေတစ်ထောင် ထုတ်ထားသပါ"

"ငါတို့ကကော ကုလားဖြူခေါင်းတစ်လုံးရရင် ပဲ၀ကံ၊ ကုလားနက်ခေါင်းတစ်လုံးရရင် တစ်ခြင်ရွေးလို့ ပသို့ကြောင့် ဆုငွေမထုတ်သတုန်း"

ငမိုးကောင်း၏ ရယ်သံစွက်သော သရော်စကားကို ငကျွဲက မပြုံးချင် ပြုံးချင်အပြုံးဖြင့် တုံ့ပြန်ရာက "အသုံးမကျလို့ ဖြစ်မှာပါ" ဟုဖြေပြီးမှ မူရင်းစကားကို ဆက်သည်။

"အကျွန်ရို့ လက်ထဲမှာ တစ်မြို့မှ မရှိတော့ကော သွေးသောက်ကြီး။ သို့သော် တာပွန်မှာ အကျွန်ရို့လက်ထဲရောက်လိုက်၊ ကုလားလက်ထဲရောက်လိုက် ဖြစ်နေသပါ"

"အေးကွာ။ လယ်လုပ်မယ့်လူ ရှာလို့ရရချင်း ငါလိုက်ခဲ့မယ်။ တာပွန်

ကိုပဲ လိုက်ခဲ့မယ်ပါ့"

"အကျွန့်ရင်ထဲမှာ အေးမြရပါဘိ သွေးသောက်ကြီး။ အခုလို မိုးရာသီမှာ အကျွန့်ရို့ ယမ်းချက်ဖို့ခက်၊ သေနတ်ပစ်ဖို့ခက်သပါ့။ ရဲမက်တွေလည်း ကျသူကျ ဖျားနာဒဏ်ရာရလို့ နေရပ်ပြန်သူပြန်နဲ့ တစ်နေ့တခြား အင်အားလျော့ပါးနေချိန်မှာ သွေးသောက်ကြီးပြန်လာရင် မိုလ်ချုပ်လည်း ဝမ်းသာမှာပါ့"

တဲရှေ့ ဘူးစင်အစပ်အရောက်တွင် ငမိုးကောင်း ရပ်ပြီးမေး၏။

"အယုတ်တမာ လဲဗျီးတွေ သေမကုန်သေးဖူးလား"

ငကျွဲသည် ခေါင်းကို သွက်သွက်ယမ်း၏။

"ဒင်းရို့က တစ်မှောင့်ပါ့ သွေးသောက်ကြီး။ အကျွန်ရို့ ကရင်၊ ဗမာ၊ မွန်ထဲက ဖောက်ထွက်တဲ့ လောက်တွေက အလွန်ဆိုးသပါ့။ ကိုယ့်လူယောင်ဆောင်ပြီး ဝင်ဝင်လာသကော။ ပစ်ခတ် သတ်ဖြတ်သကော"

ငမိုးကောင်း ဟင်းချမိသည်။

"သို့ပေမယ့် သွေးသောက်ကြီး။ ကုလားဖြူ ကုလားနက်ကို အကျွန်ရို့ချည်း တိုက်နေသဟာ မဟုတ်သကော"

ဘူးစင်အောက်သို့ဝင်မည့် ငမိုးကောင်း၏ ခြေလှမ်းတန့်၏။ အနည်းငယ် စဉ်းစားလိုက်ပြီးမှ "ဟုတ်သပါ့" ငါရို့ ကရင်၊ တောင်သူ၊ ဗမာ၊ မွန်၊ ရခိုင်တွေ နေရာအနှံ့မှာ ကုလားကို မောင်းထုတ်နေကြမှာပါ့။ အသူတွေ ပသို့ရှိသယ် အလှမ်းအကမ်း ဝေးလို့နေမှာပါ့" ပြော၏။

"ဟုတ်သပါ့ သွေးသောက်ကြီး။ ကေတုမတီဘက်တစ်လွှားမှာ 'မင်းထင်မင်းလှ ပဗ္ဗတသိဟန်ဘွား' ဘွဲ့မည်တော်ရတဲ့ စော်ဘွားကြီးအိုင်သထောင်နဲ့ မိုလ်ကျော်၊ မိုလ်လှိုင်၊ မိုလ်ရွှတ်တို့ ရိုးမပေါ်က ဆင်းဆင်းလာပြီးတိုက်တာ ကုလားတွေ အတော်သေတယ်ဆိုသကော"

ငမိုးကောင်းသည် လေကို လက်ဝါးဖြင့်ပုတ်သည်။ "ကောင်းလိုက်

လေကွယ်ရို့” ဆိုသည်။ ထို့နောက် မေးခွန်းထုတ်သည်။

“သည်သတင်းကို နင်ဘယ်ကကြားသတုန်း”

“စော်ဘွားကြီး အိုင်သထောင်ဆီက သွေးသောက်တစ်ယောက် အုပ်ချုပ်တဲ့ တပ်တစ်တပ် မကြာမီက လာသွားသကော”

ငမိုးကောင်း၏ နေလောင်လေစားထားသည့် မျက်နှာမည်းမည်းကြီးမှာ အပြုံးပန်းဖြင့် ဝင်းလက်နေသည်။ သူသည် မိုးသားများကို မော့ကြည့်ပြီး ငကျွဲကို တဲတွင်းသို့ဆွဲခေါ်ခဲ့ရာက “ရှင်မရေ၊ ရတတ်သရွေ့နဲ့ ထမင်းပြင်ပေတော့။ ထမင်းထုပ်တစ်ထုပ်လည်း ထုပ်ပေးပါ” လှမ်းပြော အပြီး၌ “ဆက်စမ်းပါဦး ဆက်စမ်းပါဦး”ဟု ငကျွဲအားပြောရင်း ဝါးကွပ်ပျစ်ပေါ်ဝင်ထိုင်၏။

“သူရို့ တောင်ပေါ်ကရင်တွေနည်းတူ အကျွန်ရို့ ကွင်းကရင်တွေလည်း ကုလားကို တိုက်နေတဲ့သတင်း ကြားတဲ့အတွက် စော်ဘွားကြီးရဲ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ လာပို့သကော သွေးသောက်ကြီး”

မယ်မင်းဘော်သည် ဗျပ်ခွက်တစ်ခုဖြင့် အငွေ့ထောင်းထောင်း ထနေသော ထမင်းပွဲကို ယူလာသည်။ ငမိုးကောင်းသည် ဝမ်းသာအားရ လှမ်းယူပြီး ငကျွဲ၏ရှေ့တွင်ချ၏။

“စားလကွ။ စားရင်း ဆက်ပြော”

★

## ၂၀

ကုလားဖြူ ကုလားမည်း လုယက်ဖျက်ဆီးရေးတပ်များသည် ရန်ကုန်မြို
ကျချိန်နှင့် မရှေးမနှောင်းမှာပင် တောင်ငူကြောင်းချီ မြန်မာ့တပ်မတော်ကြီ
နှင့် တိုက်ခိုက်ကြသည်။ ဂေခိုး ဂေဘာ၊ နတ်စားနှင့် ဗုဒ္ဓဘာသာ ကရင်များ
သည် ထိုအချိန်ကတည်းကပင် အရှေ့ရိုးမမှ ဆင်းလာပြီး မြန်မာ့တပ်မတော
ဘက်မှ ဝင်ရောက်ကာ ကုလားကို တိုက်ခိုက်ခဲ့ကြ၏။

မင်းထင်မင်းလှ ပဗ္ဗတသိုဟန်စော်ဘွားဘွဲ့ခံ စော်ဘွားကြီးအိုင်ဘ
ထောင်သည် မြေပြန့်တွင် တိုက်ခိုက်နေဆဲမှာပင် ရဲမက်အချို့အား တော
ပေါ်သို့ ပြန်လွှတ်သည်။ မိမိတို့နေရာသို့ ရန်သူများ ချဉ်းနင်းဝင်ရောက်လ
ခဲ့သည်ရှိသော် တားဟန့်ဆီးပြီးသား အသင့်ဖြစ်ရန် ခုခံချေမှုန်းရေးအတွင
အသင့်ရှိစေရန် အပြင်ဆင်ခိုင်းခြင်း ဖြစ်ပေတော့သည်။

ရန်သူကုလားဖြူ ကုလားမည်းများသည် တောင်ငူနှင့် ဝန်းကျင်ရှိ ရွာကြ
များ မြို့များကို သိမ်းပိုက်ပြီးနောက် သွေးမည်းသည့် သစ္စာဖောက်များင
အုပ်ချုပ်ရေးအရာရှိအဖြစ် ခန့်အပ်သည်။ ကင်းဂတ်များ အခြေစိုက်သည်

တောင်ပေါ်သို့ စော်ဘွားကြီး ပြန်တက်လာချိန်တွင်ဝယ် အပြင်

အထန် ပြင်ဆင်နေသော ဗိုလ်ရင်ထွန်းကို တွေ့ရသည်။ ဗိုလ်ရင်ထွန်းသည် ဝင်ရောက်လာသော မိစ္ဆာဒိဋ္ဌိချေမှုန်းရေး တပ်သားများကို ကိုယ်ခံပညာနှင့် သေနတ်ပစ်နည်း၊ ဓားခုတ်လှံထိုး အတတ်များကို နေ့မနားညမအား သင်ကြားပေးနေ၏။

စော်ဘွားကြီးတွင် အခြား လက်ရုံးဗိုလ် နှစ်ဦးရှိသေး၏။

သူတို့မှာ ဗိုလ်ရွတ်နှင့် ဗိုလ်လှိုင် ဖြစ်သည်။

သူတို့သည် သူလျှိုများ ဖြစ်ကြသည်။ မြို့လှနှင့် ရဲကုန်းရွာရှိ ရန်သူ့ အခြေအနေကို ထောက်လှမ်းသည်။ ဘက်တော်သားများ စုဆောင်းသည်။ တောင်ငူ၊ ရေတာရှည်၊ ဆွာ၊ သာဂရဘက်မှ ပေးပို့သော သတင်းများကို လက်ခံသည်။ ရရှိသောသတင်းနှင့် လူသူများကို မောင်ကျော်ရွာရှိ ဗိုလ်ကျော် ထံ ပို့ပေးသည်။ ဗိုလ်ကျော်က ဗိုလ်ရင်ထွန်းထံ ပို့ပေးသည်။

ရန်သူသည် ပိတူးရွာနှင့် ကရင်ချောင်းရွာမှာပါ ကင်းဂိတ်ဖွင့်ရုံမက မြတ်ထင်ရွာသို့လာနိုင်ရန် လမ်းဖောက်သည်။ ကရင်၊ ဗမာ၊ ရှမ်းများကို ဖမ်းဆီးကာ အဓမ္မစေခိုင်းခြင်း ဖြစ်သည်။

သည်သတင်းကို ကြားလျှင်ကြားချင်း စော်ဘွားကြီးသည် ရန်သူထံ ရာဇသံပေးပို့၏။ ရပ်သူရွာသားများထံ အမိန့်ထုတ်ပြန်၏။

ရာဇသံမှာ "မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားမည်းတွေ၊ ကိုယ့်ဒေသကို အမြန်ပြန်ကြ" ဟူ၍ ဖြစ်သည်။

အမိန့်မှာ "ငါတို့ကရင်တွေ၊ ကုလားဖြူကို မကူညီရ" ဖြစ်သည်။

ကုလားသည် မျက်နှာချင်းဆိုင်ပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ နှင်ထုတ်ဦးတော့၊ ရက်ရမှန်းသိသူများ မဟုတ်ရကား၊ ပေကပ်နေမည်သာ ဖြစ်၏။ ယခုကဲ့သို့သော ရာဇသံဖြင့်ကား အဘယ်မှာ သွားပါမည်နည်း။

သို့အတွက် ကရင်ချောင်းမှ ၁၂ တိုင်ဝေးသော မြတ်ထင်ရွာသို့ လမ်းပေါက်ချိန်ဝယ် ကရင်၊ ရှမ်း၊ ဗမာတပ်ကြီးသည် တောင်ပေါ်မှ လိမ့်ဆင်းလာ

တော့သည်။ကုလားသည် မြန်မာတို့အား အထင်သေးမိသဖြင့် ဤ မြတ်ထင်ရွာတိုက်ပွဲတွင် ကောင်းစွာ အဆုံးအမ ခံလိုက်ရသည်။ အကျအဆုံးဖြင့် တောင်ငူသို့ ပြန်လည် ဆုတ်ခွာသွားရသည်။

ကရင်၊ ဗမာ၊ ရှမ်း ရဲမက်များသည် မြတ်ထင်ရွာတွင် အနိုင်ရလိုက်သည့်အတွက် မြို့လှနှင့် ရေနီကိုပါ ထိပါးလာသည်။ စစ်တောင်းမြစ်အတွင်း သွားလာနေသည့် ကုလားလှေသမ္ဗန် ကတ္တူများကိုလည်း “ဒါ ငါတို့မြစ်။ ကုလားသွားဖို့မဟုတ်”ဟု ရာဇသံပေးသည်။ ရာဇသံကို အလေးမမူသောအခါ မြစ်ကျဉ်းရာနေရာများမှ ညှပ်ပိတ်တိုက်ခိုက်သည်။ သစ်ပင်ကြီးများကို ကမ်းပါးမှဖြိုချကာ ကြိုးဖြင့်ဆိုင်းထားပြီး မြစ်ကျဉ်းနေရာသို့ ကုလား ရေယာဉ် ရောက်လာမှ ကြိုးဖြတ်ချ၏။ ကုလားသည် နေ့ရှိသရွေ့ တဖွဲဖွဲသေနေသောအခါ သွေးမည်းသစ္စာဖောက်များမှတစ်ဆင့် စုံစမ်းသည်။ မကြာမီ ခေါင်းဆောင်ကြီး အိုင်သထောင်၏ အလယ်ချောင်းရွာသို့ ဦးတည်လျက် စစ်ကြောင်း သုံးကြောင်း ချီတက်လာတော့သည်။

ပထမစစ်ကြောင်းသည် ရဲကုန်းနှင့် မြို့လှမှ ကုလားများဖြစ်ကာ တပ်တောင်ရွာသို့ ဦးတည်လာ၏။ ဒုတိယ ကုလားစစ်ကြောင်းကား မြတ်ထင်ရွာနှင့် ကရင်ချောင်းရွာကို ဦးတည်လျက် ရေတာရှည်မှလာ၏။ တတိယစစ်ကြောင်းသည် တောင်ငူမှတစ်ဆင့်လာသည်။ကွမ်းပင်လိပ်သိုနှင့် ကဆောပလိုရွာ၊ ရာဒိုရွာများကို လုယက်ဖျက်ဆီးရန် ဖြစ်သည်။

သို့သော် တတိယစစ်ကြောင်းသည် အထွက်နောက်ကျ၏။

သို့ဖြစ်သဖြင့် မိုလ်ချုပ်အိုင်သထောင်ဦးဆောင်သော ကရင်၊ ဗမာ၊ ရှမ်း ရဲမက်များသည် ပထမနှင့် ဒုတိယစစ်ကြောင်းကို သဲသဲမဲမဲ ခုခံတိုက်ခိုက်ကြသည်။ ထိုကဲ့သို့ တစ်နေရာတွင် မဲနေသဖြင့် တတိယစစ်ကြောင်း၏ အလစ်ဝင်တိုက်ခိုက်မှုကို မိုလ်ကျော်၏ရွာမှာ အချိန်မီ မဆီးဆို့နိုင်ချေ။ “ကုလား....ကုလား”ဟု ကင်းသမားအော်ချိန်တွင် ရဲမက်များအသင့်မရှိချေ။

## ပုဂံစာအုပ်တိုက်

ဗိုလ်ကျော်မှာ စော်ဘွားကြီး၏ လက်ရုံးကြီးဖြစ်ရာ မောင်ကျော်ရွာမှာလည်း ဒေါင်ဒေါင်မြည် သံမဏိရွာဖြစ်သည်။ ယောက်ျားတွေ အနည်းအပါးသာရှိငြား၊ မိန်းမသားတွေက ဓားလှံကောက်ကိုင်ပြီး တိုက်ခိုက်ကြသည်။ ကုလားသည် တွေ့သမျှ ကလေးလူကြီး၊ ယောက်ျား မိန်းမ မကျန်အကုန်သတ်သည်။ စားနပ်ရိက္ခာများကို လုယူပြီးနောက် ရွာလုံးကျွတ် မီးရှို့ပစ်လိုက်ကြသည်။

အလယ်ချောင်းရွာကို စစ်ကြောင်းသုံးခု ညှပ်မိတော့မည်။ ဗိုလ်လှိုင်နှင့် ဗိုလ်ရွှတ်၏တပ်များသည် ကုလားများအား နောက်ပိုးသိပ်သည်။ သို့ရာတွင် ကုလားသည် စော်ဘွားကြီးရှိသည့် အလယ်ချောင်းရွာကိုသာ မဲသည်။ အိတ်သွန်ဖာမှောက် ခုခံကြသောအခါ ကုလားတပ် ရှေ့မတိုးနိုင်။ ကရင်၊ ဗမာ၊ ရှမ်း ရဲမက်တွေ အကျအဆုံးများ၏။ ကုလားဖြူ ကုလားနက်လည်း အကျအဆုံး ထိခိုက်ရှုန မနည်းလှ။ တိုက်ပွဲသည် ရက်ရှည်လာပြီ။

ကုလားသည် အမြောက်နှစ်လက်ကို ခက်ခက်ခဲခဲဖြင့် တောင်ပေါ်သို့တင်သည်။ ဗိုလ်ရွှတ်၏ ဓားရဲခုတ်တပ်သားများ အတင်းဝင်ခုတ်ငြား၊ ကုလားမတန့်။ ဗိုလ်လှိုင်၏တပ်များ သေနတ်ဖြင့်ပစ်လိုက်၊ လေးဖြင့်ပစ်လိုက် အမှည့်ခြွေ ခြွေသည်။ သည်ကြားမှပင် ကုလား၏အမြောက်သည် နေရာချပြီးသား ဖြစ်သွားလေ၏။

စော်ဘွားကြီးအိုင်သထောင်သည် အားမတန်၍ အလယ်ချောင်းရွာကို မီးတောက်မီးလျှံကြား၌ ထားခဲ့ရငြား၊ မာန်မလျှော့ချေ။ ကုလားဖြူ ကုလားမည်းတို့ကို ဆက်လက်ပြီး အမှည့်ခြွေ ခြွေနေနိုင်ငြား၊ အားမရ။ မျက်နှာချင်းဆိုင် တိုက်ခိုက်ကာ ကင်းဂတ်များကို စီးနင်းချင်သည်။ မြို့ရွာများမှ ကုလားကို မောင်းထုတ်လိုသည်။ သို့အတွက် ဗိုလ်ချုပ် ဦးခေါင်းကြီးထံသို့ လွှတ်လိုက်သောတပ်သည် ဝမ်းမြောက်သဝဏ်လွှာအပြင် အလိုဆန္ဒတစ်ခုကိုလည်း သယ်ယူလာခဲ့သည်။

## ပုဂံစာအုပ်တိုက်

ဗိုလ်ချုပ်အိုင်သထောင်၏ ဆန္ဒမှာ ကျည်ဝင် အလတ်စားရှိသော အမြောက်နှစ်လက်ရရှိရေး ဖြစ်သည်။

"အမြောက်ဆိုလို့ မေးရဦး။ နင်တို့ သည်ရွာကသယ်သွားသဲ့ အမြောက်နှစ်လက် ပသို့ရှိသတုန်း"

"တစ်လုံးက ကနောင်တိုက်ပွဲမှာ ကွဲသွားသကော"

အမြောက်ကွဲပြီ ဆိုကတည်းက လူသေမည်မှာ သေချာ၏။ သားမယားမျိုးနှင့် အိုးအိမ်ရပ်ရွာကိုပစ်ပြီး နိုင်ငံအတွက် အသက်ပေးထားသော မျိုးချစ် ရဲမက်များအတွက် သေခြင်းတရားသည် အရေးအရာမဟုတ်။ သို့ကြောင့် ငမိုးကောင်း အရေးတကြီး မေးမနေပေ။

"ကျန်သဲ့တစ်လုံးကော ရှိသေးသပ"

"ရှိပေမယ့်၊ ကျည်မရှိလို့ တောင်ခေါင်းထဲမှာ ဝှက်ထားရသကော"

"အဲသဟာကို စော်ဘွားကြီးကျေနပ်အောင် လက်ဆောင်ပါးလိုက်ကြပါဘိ"

"ဗိုလ်ချုပ်စော်ဘွားကြီး အလိုရှိသဟာက ကျည်ဝငေါ်ဆယ်သားပဲရှိသပ"

ငကျွဲသည် ထမင်းပုံဘေးတွင် ပြန့်ကြဲနေသော ထမင်းစေ့များကို ရှင်းလင်းပြီး အစသပ်လိုက်၏။

"စားပါဦး ရောင်းရင်းရ။ နင်အစားနည်းပါဘိ"

"မနည်းပါဘူး သွေးသောက်ကြီး၊ ဝပါပြီ"

ငကျွဲသည် ပြောပြောဆိုဆို ဗျပ်ခွက်မှ နောက်ဆုတ်ကာ လက်ဆေးသည်။ ငမိုးကောင်း လှမ်းပေးသည့် ပုဆိုးဖြင့် လက်သုတ်သည်။

"ဗိုလ်ချုပ်ကို သံတော်ဦးတင်လိုက်ပါဘိ။ လယ်လုပ်ဖို့ လူစားရှာရရင် ချက်ချင်း လိုက်လာခဲ့မယ် ပြောသယ်လို့ ဟုတ်စ"

ပြောပြောဆိုဆို ထမင်းထုပ်ကို လှမ်းယူသည်။ "တောကဲကြီး အိမ်ဝင်ခဲ့ပြီးပြီလား" မေးရင်း "လမ်းမှာစားဖို့" ဆိုကာ ထမင်းထုပ်ကို လှမ်းပေးသည်။

“ဝင်ခဲ့ပြီးပြီ သွေးသောက်ကြီး။ သူရို့ လမ်းညွှန်လို့ အကျွန် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသပ်။ သွေးသောက်ကြီးလာတဲ့အခါ လူသူလက်နက်လည်း စုဆောင်းခဲ့ပါဘိ”

သူတို့သည် တဲထဲမှ ထွက်လာကြ၏။

ငမိုးကောင်းသည် သူ့ရောင်းရင်းကြီးအား အတန်လှမ်းလှမ်းထိ လိုက်ပို့မည်စိတ်ကူးငြား၊ မြင်ကွင်းထဲတွင် ထွန်တန်းလန်းနှင့် နွားတစ်ရှည်းကို ထင်းခနဲမြင်ရ၏။သို့ကြောင့် ရှေ့မှသွားရာက တန့်ရပ်သည်။ “စိတ်ချ ရောင်းရင်း၊ပါရစေ့မယ်၊သွားပေတော့” ဆိုကာ ငကျွဲအားလမ်းပေးလိုက်သည်။

သူသည် တဲရှေ့ကန်သင်းပေါ်တွင် ရပ်လျက် ကျန်ခဲ့ငြား၊ စိတ်မူ ငကျွဲနောက်သို့ပါသွား၏။ လူသူစုဆောင်းရေးကို တောကဲကြီးထံတွင် မတိုင်ပင်သလော တွေးနေမိသည်။ ထိုအခါ လူသူစုဆောင်း၍ မရသောကြောင့် ပြောမသွားခြင်းပေလော အတွေးဆက်မိပြီး ရင်ပူရသည်။

ဂဒူးကြီးသည် တဖြည်းဖြည်း ဝေးကွာသွားသည်။ ထိုဂဒူးကြီး မြင်ကွင်းထဲမှ ပျောက်ကွယ်သည်။ ငမိုးကောင်း ဟင်းချမိသည်။

‘မိန်းမတစ်ယောက်ကို မက်မောနေမိလို့ ငါ့ရဲမက်တွေနဲ့ ကွေကွင်းရသာ။ အို.... သည်လိုလည်း ဟုတ်သေးပါဘူး။ သူ့ခမျာမှာ....’

ငမိုးကောင်းမှာ ထွန်ကိုင်းနောက်တွင်ရပ်လျက် ကန်ကြိုးကိုကိုင်မိသည် အတွေးစိတ်ထွေနေသည်။ အတွေးသည် ယောက်ယက်ခတ်နေသည်။

‘ဟုတ်သယ်။ မိမင်းဘော်နဲ့သာ မထိမ်းမြားရရင် ငါ့ရဲမက်တွေနဲ့ ငါနဲ့ သေအတူရှင်မကွာ ရှိကြမှာပ်။ ငါမရှိလို့ ငါ့အကြပ်တွေ ငါ့အိုးစားတွေ ရဲမက်တွေဆုံးပါးရသကော ငါသာ သူတို့နဲ့ အတူရှိနေရင်....’

နွားနစ်ကောင်သည် ရေထဲတွင် ကြာမြင့်စွာ ရပ်နေခဲ့ရသဖြင့် ညောင်းညာကိုက်ခဲလာဟန် ရှိ၏။ ကြိုးလျှော့လျှင် လျှော့ချင်း ထယ်ခဲများထဲသို့ တရွေ့ရွေ့နှင်သည်။ ငမိုးကောင်းလည်း အလိုက်သင့် လိုက်ပါလာရာ

က နှင်တံကို ဓားအမှတ်ဖြင့် ခုတ်ချလိုက်ရာ ရေပြင်ကို ဖြန်းခနဲရိုက်မိသည်။

စွေစောင်းတက်လာသော ရေပန်းနှစ်လွှာကိုကြည့်ပြီး ငမိုးကောင်း ရယ်မောသည်။ "လက်စသတ်တော့ ငါ့လက်ထဲက နှင်တံကို ဓားမှတ်နေ သာပါကလား"ပြောကာ ရယ်ပြန်သည်။

'မဖြစ်ဘူး၊ မဖြစ်ဘူး။ အာရုံမပြန့်အောင် လုပ်မှ'

ထိုသတိဖြင့် နွားနှစ်ကောင်ကို နှင်တံမြှောက်ကာမြှောက်ကာ သွက်သွက် မောင်းနှင်သည်။ မောင်းနှင်ရင်းက အလှည့်နွား၏ အပြင်ဘက် နောက်ခြေ၌ သွေးယိုနေသည်ကို မြင်သဖြင့် ထွန်ကိုရပ်သည်။ စုတ်သပ် အသံပေးကာ သွေးစီးကြောင်းကို စမ်းကြည့်သည်။ ရွှံ့ရောင်နှင့် မသဲမကွဲ ဖြစ်နေသောမျှော့။

နွားတွင် မျှော့တွယ်နေသည်ကိုမြင်မှ သူ့ကိုယ်ကို စစ်ဆေးရန် သတိ ရသည်။ သူ့ခြေသလုံးတွင်လည်း နွားနှင့်ထပ်တူ သွေးစီးကြောင်းကြီး။

မျှော့သည် သွေးဝပါလျက် ခွာချမသွား။ လောဘတကြီး ဆက်လက် သွေးစုတ်နေရာ ဖင်မှ သွေးတောက်တောက် ယိုလာသည်အထိပင်။ နွား ခြေထောက်မှ မျှော့ကို ခွာ၍ရငြား၊ သူ့ခြေထောက်မှ အကောင်ကိုကား ငမိုးကောင်း မခွာနိုင်။ မျှော့သည် ဆွဲခါမှ တိုသွား၏။

တစ်ခုခုနှင့် ထိုးမိရမိဟန်တူသော ဒဏ်ရာထဲသို့ မျှော့က တိုးဝင် နေ၏။ သွေးကြောထဲသို့ ရောက်သွားချေမည်လော ကြံကြံဖန်ဖန် တွေးကာ ထိတ်လန့်မိ၏။ နောက်မှ ခါးပိုက်ထဲရှိ ဆေးရွက်ကြီးကို သတိရသည်။ လက်သုံးလုံးခန့် ဖဲ့ပြီး ပါးစပ်ထဲငုံသည်။ ညိုညစ်သော ဆေးရွက်ရည်ဖြင့် မျှော့ကိုထွေးသည်။ ထိုအခါတွင်ကား ချွေးပျံအောင် ဆွဲပါလျက်နှင့် အနာထဲ မှ ထွက်မလာသော မျှော့သည် ဖတ်ခနဲ ကွာကျသွားလေ၏။

ငမိုးကောင်းသည် တလန်းလန်းဖြင့် ခေါင်းထောင်လျက်ပြေးလာ သော မျှော့ကိုမြင်တိုင်း တံတွေးဖြင့် ထွေးကာ ဆက်လက်ထွန်သည်မှာ

ကန်သင်းပေါ်မှ မယ်မင်းဘော်၏အသံကို ကြားရသည်အထိ ဖြစ်၏။

"မောင်ကြီးရေ၊ မွန်းတိမ်းပြီ ထွန်ဖြုတ်တော့။ စနေထောင့်က မိုး တစ်လုံးလည်း လာနေပြီကော"

တိမ်မည်းညိုပြါးပါးသည် နေလုံးကို လွှားထားသဖြင့် မွန်းတိမ်းခဲ့ပြီ ဖြစ်ကြောင်း မြင်သာ၏။

"နှစ်ခါက်တည်းပါ့ နှမသယ်၊ နှစ်ခါက်တည်း"

စပ်ရန် နှစ်ခါက်စာသာ လိုတော့သဖြင့် ငမိုးကောင်း သွက်သွက် မောင်းသည်။ စနေထောင့်မှ ခဲသားရောင် မျက်နှာပြင်ကြီးသည် နိမ့်နိမ့် ကလေး ပျံ့ဝဲလျက် ပြေးလာနေသည်။ ထွန်လက်စ ထွန်ရေး စပ်လျှင်စပ်ချင်း နွားနှစ်ကောင်ကို ငမိုးကောင်း ဖြုတ်ပေးလိုက်သည်။ စောစောက တစ်မိုး စိုထားသဖြင့် ထပ်မံ မိုးမမိချင်၍ ဖြစ်သည်။

"နွားက မိုးပါးတဲ့ အမောင်တို့အရပ်နဲ့ သင့်မြတ်သပါ့။ မိုးများတဲ့ ငါတို့အောက်အရပ်မှာကျတော့ မိုးဒဏ်လေဒဏ်ကို ကျွဲကမှ ခံနိုင်သပါ့"

ယောက္ခမကြီး ဦးရဲတင်း၏ အမှာစကား ရှိထားသဖြင့် ငမိုးကောင်း အပြေးအလွှား ဖြုတ်လွှတ်ခြင်းဖြစ်သည်။ မိုးသည် အော်ဟစ်ပြေးလွှားလာ ရာက ငမိုးကောင်း၏ ကျောပြောင်ကြီးပေါ်သို့ ကျောက်စရစ်ခဲတွေဖြင့် ကြဲ ပေါက်သည့်အလား ပြင်းထန်စွာ ရွာချလေ၏။

ငမိုးကောင်းသည် တဲတံစက်မြိတ်အောက် အရောက်တွင် စိမ်ပြေ နပြေရပ်ပြီး ကြေးညှော်များကို ပွတ်သပ်၏။ အရှေ့ဘက်သို့ မျှော်ကြည့်၏။ ထိုဘက်တွင်လည်း မည်းမှောင်နေသည်သာပင်။ လျှပ်ထောင်တစ်ချက် သည် ရွှေရောင်သစ်ကိုင်းခြောက်ကို ခဲသားပြင်ပေါ်၌ ရေးခြစ်သွား၏။

နောက်ထပ် ပေါ်လာဦးမည်လား ငမိုးကောင်း ငေးနေစဉ် မယ်မင်း ဘော်က " အအေးမိတော့မှာပါ့မောင်ကြီး" ပြောသံနှင့်အတူ နံငယ်ပိုင်း တစ်ထည် လှမ်းပေး၏။ ငမိုးကောင်း ငေးမောနေခွင့် မသာတော့ပါ။ အဝတ်

လဲပြီး တဲထဲသို့ ဝင်ခဲ့ရတော့၏။

တဲထဲတွင်ကား ထမင်းပွဲသည် အသင့်။ ဟင်းချိုဟင်းနံ့သည် မောနွမ်းနေသူအား သွားရည်ကျစေရန် ဆီးကြိုလင့်သည်။ ဆိတ်ဆွပြီး ဟင်းခတ်အဖြစ် ထည့်ထားသော ပုစွန်ဆိတ် အပိုင်းအစများက ငါးပိရည်ထဲ၌ ငရုတ်သီးစိမ်း မကျေ့တကျေ အဖတ်များနှင့်အတူ ပေါလောမျောနေ၏။

ငမိုးကောင်းသည် ထမင်းပွဲထိပ်၌ တင်ပျဉ်ခွေထိုင်သည်။ ထမင်းပုံပေါ်သို့ ငါးပိရည်ဆမ်းပြီး သုံးလေးလုတ် အပြေးအလွှားမျိုချသည်။ ပူလောင်နေသော ဝမ်းထဲတွင် နေသာထိုင်သာ ရှိသွားတော့မှ ဟင်းချိုကို သောက်ရန် သတိရသည်။ ဟင်းရွက်ဖတ်ကို ထမင်းထဲမြှုပ်ရင်းက မယ်မင်းဘော်ကို လှမ်းကြည့်သည်။

အိမ်ရှင်မသည် ထမင်းပွဲထဲ မဝင်။ ကျုံ့ကျုံ့ပုံ့ပုံ့ကလေးထိုင်ကာ ယပ်တောင်ဖြင့် ယပ်ခတ်ပေးနေ၏။

"တစ်လက်စတည်း နမသယ်ပါ စားပါဘိ"

"မောင်ကြီး ထမင်းတစ်ကြိမ် ထပ်ထည့်ပြီးမှ ဝင်ပါရစေ။ မောင်ကြီးစားပါ"

လင်မယားဖြစ်ငြား၊ မယ်မင်းဘော်သည် မိန်းမတို့ထုံးစံအရ ဣန္ဒြေရှိ၏။ လင့်မျက်နှာကို မကြည့်။ ရင်ဘတ်နေရာလောက်အထိသာ မျက်လွှာပင့်လျက် ယပ်တခတ်ခတ်ဖြင့် ဖြေသည်။

ငမိုးကောင်းသည် ကန်စွန်းရွက်တွေချိုးဖွဲ့ကာ ငါးပိရည်နှင့်တို့လိုက်၊ ဟင်းရွက်ဖက်တွေ မြှုပ်စားလိုက်၊ဟင်းချိုသောက်လိုက်ဖြင့် လက်နှင့် ပါးစပ်အလုပ်များနေသည်နှင့်အမျှ စိတ်လည်း လှုပ်ရှားနေ၏။ သူ့မျက်လုံးသည် မယ်မင်းဘော်ထံမှမခွာ။ စကားကို မည်သို့စရပါမည်နည်း အစရှာနေ၏။

ဆံပင်အုပ်လုံးထဲသို့ မဝင်သေးသော ဆံနုဆံစ လေးငါးဆယ်မျှင်သည် မယ်မင်းဘော်၏ နားသယ်ဆံစပ်၌ လွင့်လူနေ၏။ တစ်ခေါင်းလုံးသည် ကျီးနက်တောင်ပံ၊ ပိတုန်းပျံဘိသို့ ရွှန်းစိုနက်မှောင်နေငြား၊ သည်ဆံ

စတွေမှာ မတောက်ပ၊ မနက်မှောင်။ သွေ့ခြောက်သယောင် ရှိ၏။

တစ်မျက်နှာလုံး ပြည့်တင်းနေပါလျက် ဆံစပ်ရှိ နားထင်သည် ချိုင့်နေသယောင်ရှိ၏။ သို့သော် သည်မျှဖြင့်ကား၊ အချစ်သွေး အချစ်ရည်တက်ကာ စိုပြည်ဝင်းအိနေသည့်အလှကို မဖျက်နိုင်ချေ။ ထိုအခါတွင် ငမိုးကောင်းမှာ သည်မျှ မြတ်နိုးဖွယ်မိန်းမကို ထားပစ်ခဲ့ရန် ဝန်လေး၏။ ပြောရန်လည်း စကားလုံးပျောက်၏။

သို့တစေ 'မဟုတ်ပါဘူး။ မိန်းမတစ်ယောက်ကြောင့် ငါ့ရဲ့ရဲမက်တွေကို သလိုပဲ ငါပစ်ထားရတော့မလား' အတွေးဝင်လာ၏။

'ငါက အငွေ့တထောင်းထောင်းနဲ့ ထမင်းပူပူဟင်းပူကို လေမိုးလုံသဲ့နေရာမှာ စားနေတုန်းမှာ ငါ့ရောင်းရင်းများမတော့ ထမင်းအသိုးမှ စားစရာရှိပါ့မလား။ ထမင်းခြောက်တောင်မှ အာသာပြေအောင် ဝါးကြရပါ့မလား'

သွေးအလူးလူး ရွံ့ညွန်အလိမ်းလိမ်းရှိမည့် ရဲမက်များထံ အာရုံရောက်သွားသည့်ခဏ၌ ငမိုးကောင်း၏ နှာခေါင်းပေါက်တွင်း ဝင်ရောက်ထိုးလျှိုနေသော နဖားကြိုးသည် ထောင်းခနဲ ပြတ်၏။

"မောင်ကြီး ထမင်းဖြည့်ပါဘိ"

ကြင်နာသော လက်ချောင်းသွယ်သွယ်များသည် ဖြူအိသော ထမင်းစေ့များကို ဆုပ်ကာဆုပ်ကာ ဖြည့်တင်းပေး၏။ ထိုလက်ကလေးများကပင် မြကန်စွန်းညွန့်များကို ဖြတ်တောက်ပြီး ထမင်းပုံဘေး၌ ပုံပေး၏။

မယ်မင်းဘော်သည် သေသေသပ်သပ်ထိုင်လျက် ထမင်းဝင်စားပြီ။ စားသော်ငြား၊ ငါးပိရည်ကို အရည်ချည်းခပ်ယူသည်။ ပုစွန်ဆိတ် အကျိုးအပဲ့ပါလာလျှင် ငမိုးကောင်း၏ ထမင်းပုံပေါ်သို့ တင်ပေး၏။ ငရုတ်သီးဖတ်ပါလာလျှင်ကား ပြန်ထည့်ပြီးမှ အရည်ချည်းယူ၏။

ငမိုးကောင်း၏ မောင်းတင်ပြီး ဟသောပါးစပ် ပြန်ပိတ်ချေသည်။

'သူ့ခမျာမယ်၊ အခုမှ ထမင်းသုံးလုတ်ပဲ ခွဲ့ရပါသေးကလား။ ငါ

ပြောလိုက်လို့ ထမင်းဆက်မစားနိုင်ရင်....'

မယ်မင်းဘော်၏ အပြောမပါသော ကြင်နာညှာတာပုံကြောင့် ငမိုးကောင်း ပြောမထွက်ဘဲရှိသည်။ မပြောရက်အောင် ဖြစ်သည်။

'အို သည်လိုသာ မပြောဘဲနေရင် ဘယ်တော့ ပြောပြမတုန်း'

ငမိုးကောင်း အားတင်းသည်။

"နှမသယ်၊ ဆိတ်စာ နားထောင်ပါဘိ"

မယ်မင်းဘော် ညင်သာစွာ မော့ကြည့်သည်။ ကြည်လင်သော မျက်လုံးအစုံ၏ ရွှန်းလဲ့အကြည့်ကြောင့် ငမိုးကောင်း ရင်ထဲ၌ သိမ့်သိမ့်ခါသည်။ ပြောမည့်စကား ပျောက်သွားသည်။ မနည်း ပြန်စဉ်းစားရသည်။

"အကျွန် နားထောင်နေသကော မောင်ကြီး"

"သည်ပုစွန်ဆိတ်ကလေးတွေ နှမလည်းစားပါဘိ။ မောင်ကြီးအထဲချည်း ထည့်နေရှာ့သကိုး"

ထမင်းပုံထိပ်တွင် စုပြုံနေသည့် ပုစွန်ဆိတ် အပိုင်းအစအများကို မယ်မင်းဘော်၏ ထမင်းပုံပေါ်သို့ တင်ပေးမိသည်။ ထိုသို့လုပ်မိပြီးမှ ကိုယ့်ကိုယ်ကို လက်သီးဖြင့် ထိုးချင်မိတော့သည်။

'မိန်းမတစ်ယောက်ရဲ့ သမုဒယကြိုးကို မဖြတ်နိုင်သာနဲ့ပဲ မယားကျွန်ဘဝနဲ့ ဘဝဆုံးတော့မှာ ထင်ပါရဲ့'

ငမိုးကောင်း ယူကျုံးမရ တွေးမိသောအခါ ရင်တွင်း၌ ဆို့လာသည်။ စားသောထမင်း၏ မြိန်ရှက်ရသာလည်း ပြယ်ချေသည်။

"မောင်ကြီး ထမင်း ဖြည့်ပါဘိ"

ထမင်းစေ့များ ဆုပ်ယူဝဲပျံလာသည့် အကြင်နာလက်ကို ငမိုးကောင်း ဆီးဟန့်ရင်း "တော်ပြီနှမ" ဟုဆိုရာက အားတင်းပြီးပြောချ၏။

"ခုနတုန်းက မောင်ကြီးပြောမယ့်စကားက မောင်ကြီးရဲ့ ရောင်းရင်းတွေ ကသီလင်တ ဖြစ်နေကြလို့ ခဏလိုက်သွားပါရစေ ခွင့်ပန်မလို့

ဖြစ်သပ၊ နမသယ်"

မယ်မင်းဘော် တုံ့နေးစွာမော့ကြည့်သည်။ ချစ်တုန်းခင်တုန်းအချိန်တွင် သည်စကားကို ပြောရက်သူမှာ သူ့လင်မှ ဟုတ်ပါလေစ စူးစမ်းရန်ဖြစ်သည်။ ဖြစ်သော်ငြား သနားစရာကောင်းသော၊ ချစ်စရာကောင်းသော မျက်လုံးရွဲကြီးတွေကို ရှောင်တိမ်းသောအားဖြင့် ငမိုးကောင်းသည် တဲပြင်သို့ ငေးမောနေ၏။

ငေးမောနေငြား တုံ့နေးစွာ တုံ့ပြန်သော အသံကိုကား၊ သေချာစွာ ကြားနေရ၏။

"စစ်မှာ မောင်ကြီးပျော်သဟာ အကျွန် သိသပ၊။ မောင်ကြီး သွားလိုသပ၊ဆိုရင် အကျွန် မျက် မျက်နှာ မြင်မြင်ပြီးမှ...."

ငမိုးကောင်း ကြွမြောက်သွားမတတ် တုန်လှုပ်၏။ "ဘဇာ ပြောသပ၊ နမသယ်၊ ဘဇာဆိုသဟာ" ဟု လှုပ်လှုပ်ရှားရှား မေး၏။ မေးသော်ငြား၊ သူသည် မယ်မင်းဘော်၏ နမ်းမဝသော နဖူးပြင်ကိုသာ မြင်ရ၏။

"အကျွန့်.... အကျွန့်မှာ၊ အခု သား.... သားသမီး ရှိ.... ရှိ"

နားရွက်၊ နဖူး ပါးနှစ်ဖက်ပါ နီရဲတက်လာပြီး မယ်မင်းဘော်မှာ ပိုပြီး ခေါင်းငုံ့သွားတော့သည်။ စကားကိုလည်း ငမိုးကောင်း ဆုံးအောင် မကြားရ၊ တိမ်ပြီး ဝင်၏။

"သားသမီး ရှိနေပြီ၊ ဟုတ်စ"

ငုံ့သော ဦးခေါင်းသည် ဆတ်ခနဲညိတ်ပြီးနောက် ပို၍ငုံ့သွား၏။ နီရဲတက်လာသည့် နဖူးကို ငမိုးကောင်း မမြင်ရပြီ။ ရဲတွက်နေသော နားရွက်ကသာ သည်စကားအတွက် ဣန္ဒြေကြီးသော သိက္ခာရှိသော မိန်းမသား တစ်ယောက် အဘယ်မျှရှက်နေကြောင်း ဖော်ပြလျက် ရှိပေ၏။

'သား' ဟူသော အသိသည် ငမိုးကောင်း၏ နှလုံးအိမ်တွင်းတိုင်း ပျံ့နှံ့၏။ 'သမီး' ဟူသည့် အသိသည် ငမိုးကောင်း၏ ရိုးတွင်းချဉ်ဆီအထိ

တိုးဝင်ပျံ့နှံ့၏။ သို့ကြောင့် မေးကြောကြီးတွေ အထောင်ပြေကာ၊ ဟီးဟီး ဟားဟား ပလုံးပထွေးရယ်မောသံများ မပီမသ ဖြစ်ပေါ်လာသည်။

"ငါ သားအဖေ၊ သမီးအဖေ ဖြစ်တော့မှာပါကလား။ ဝမ်းသာလိုက်သာ"

ပါးစပ်မှ ထုတ်ဖော်ရေရွတ်မိသည်။

"သေသေချာချာ ပြောပါဘိ နုမသယ်"

မယ်မင်းဘော်၏ မေးဖျားကလေးကိုဆွဲပြီး မျက်နှာကို အမော့ခိုင်း၏။ ကြည့်စမ်း၊ မော့လာသောမျက်နှာသည် မျက်လွှာချထားပြား၊ တိမ်နီ တောက်နေသော အသွေးကို မပယ်ဖျက်နိုင်။ လင်နှင့်မယား ဖြစ်စေကာမူ မယ်မင်းဘော်၏ နှုတ်ခမ်းလွှာကလေးတွေမှာ တဆတ်ဆတ်တုန်နေ၏။

"နုမသယ်၊ ဘဇာ ဘဇာ"

အရှက်အကြောက်တရားကြောင့် စကားမပီသသူအား မေးမြန်းသူမှာလည်း ဝမ်းသာလွန်းသဖြင့် စကားအူချာပေါက်၏။ ငမိုးကောင်းမှာ ရှက်သွေးဖြာနေသည့် မျက်နှာလေးကို တစိမ့်စိမ့် တမြတ်တနိုး ကြည့်ရင်းကမှ သတိထားမိသည်။

"ဟုတ်သားကပဲ။ ဆံလျှဉ်ခြောက်၊ နားထင်ဟောက်နေသာပါကလား။ သလိုဆို.... သလိုဆို သုံးလ ဟုတ်စ"

စကားခင်းပေးသူရှိမှ မယ်မင်းဘော် ခေါင်းညိတ်တတ်သည်။ ငမိုးကောင်း၏ လက်အား လျော့သွားလျှင်သွားချင်း ဦးခေါင်းသည် ပြန်လည်ငုံ့သွားသည်။ ထိုအချိန်ဝယ် ငမိုးကောင်း၏အာရုံ၌ ခြေကလန် လက်ကလန် ဖြစ်နေသော ကလေးတစ်ယောက်၏ မပီမပြင် ပုံလွှာသာလျှင် မင်းမူနေတော့သည်။

★

နေမင်းတစ်ထောင်

ပထမတွဲပြီး၏။

ပုဂံစာအုပ်တိုက်



# ရေမင်းတစ်ထောင်

[ပထမတွဲ]

ဆင်ဖြူကျွန်းအောင်သိန်း